


RICH DAD'S

# WHO TOOK MY MONEY?

ROBERT T. KIYOSAKI

# ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားလဲ

နှေးကွေးသော ရင်းနှီးမြှုပ်နှံသူတို့ ရှုံးကြပြီး ငွေကို
သွက်သွက်လှည့်နိုင်သူတို့က အနိုင်ရသည်မှာ အဘယ်ကြောင့်နည်း။

ယူရီပိုင်-မြန်မာပြန်



# WHY SLOW INVESTORS LOSE AND FAST MONEY WINS



# WHO TOOK MY MONEY?

## ROBERT T. KIYOSAKI

ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ သန်းချီသောသူများသည် ထရီလီယံချီသော အမေရိကန်ဒေါ်လာတို့ကို ဆုံးရှုံးသွားကြရသည်မှာ သူတို့၏ ငွေကို မည်သည့် နေရာတွင် ရင်းနှီးမြှုပ်နှံရမည်နည်းဆိုသည့် မေးခွန်းအတွက် ခပ်လွယ်လွယ်အဖြေကို ရှာကြသော ကြောင့် ဖြစ် သည်။ လူအများအပြားတို့တွင် ခပ်လွယ်လွယ်အဖြေများကို ပေးဖို့ အဆင်သင့် ရှိထားပြီးသား ဖြစ်သည်။

- ငွေကို စုဆောင်းပါ
- အမျိုးမျိုးခက်ဖြာပြီး ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ
- အကြွေးဝယ်ကတ် သုံးစွဲခြင်းကို ရပ်ပါ။ အကြွေးနွံထဲမှ ထွက်ပါ

ဤစာအုပ်သည် ခပ်လွယ်လွယ် အဖြေများကို လိုချင်သည့်သူများအတွက် ရေးသားထားခြင်း မဟုတ်ပါ။ သင်သည် လူအများစုတို့က သဘောတူလက်ခံဖို့ ပါပါ လာလာ ရှိကြမည့် အလွန်အကျွံ လွယ်ကူရှင်းလင်းသော ငွေရေးကြေးရေး အဖြေများကို နှစ်သက်သူ ဖြစ်ပါက ဤစာအုပ်သည် သင့်အတွက် ဟုတ်မည် မထင်ပါ။ ကျွန်ုပ်၏ အဖြေများသည် လူအများစုတို့အဖို့ ခက်ခဲလွန်းနေမည် ဖြစ်သည်။

ဤစာအုပ်သည် မိမိ၏ ငွေအပေါ် ထိန်းကျောင်းမှု ပိုမိုရှိလိုသော သူများအတွက်သာ ရေးသားထားခြင်း ဖြစ်သည်။ မိမိ၏ ငွေဖြင့် ငွေ အမြောက်အမြား ပိုရအောင် လုပ်လိုသူများ အတွက်သာ ဖြစ်သည်။ ဤသည်ကို သင် စိတ်ဝင်စားသည်ဆိုပါက ဆက်လက်ဖတ်ရှုပါ။

DJS0038

3,500.00 KS

# မာတိကာ


– **မိတ်ဆက်**

တစ်ဆယ်နှစ်အတွင်း ဒေါ်လာ ၁၀,၀၀၀ ကို
ဒေါ်လာ ၁၀ သန်းဖြစ်အောင် မည်သို့လုပ်ပေးနိုင်သနည်း (က)

**အပိုင်း (၁)။ ဘာကို ရင်းနှီးမြှုပ်နှံရမလဲ**

၁။ အရောင်းသမားတစ်ဦးကို မေးပါ ၃

၂။ မွေးမြူရေးခြံ လုပ်ကိုင်သူတစ်ဦးကို မေးပါ၊
ပြီးရင် နို့စားနွား မွေးသူ လယ်သမားတစ်ဦးကို မေးပါ ၃၅

၃။ သင်၏ ဘဏ်သမားကို မေးပါ ၆၁

၄။ သင်၏ အာမခံကိုယ်စားလှယ်ကို မေးမြန်းပါ ၈၃

၅။ အခွန်သမားကို မေးကြည့်ပါ ၉၇

၆။ စာနယ်ဇင်းသမားများကို မေးကြည့်ပါ ၁၀၈

၇။ လောင်းကစားသမားကို မေးပါ ၁၄၂

၈။ နယူတန်ကို မေးပါ ၁၆၁

၉။ အချိန် ဖခင်ကို မေးပါ ၁၈၁

အပိုင်း (၂)။ ရင်းနှီးမြှုပ်နှံသူကို မေးပါ


| | | |
|---|---|---|
| ၁၀။ | အချို့သောသူများ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူအဖြစ်သို့ ရောက်မလာကြသည့် အကြောင်း လေးချက် | ၂၁၇ |
| ၁၁။ | အစွမ်းထက်သော ရင်းနှီးမြှုပ်နှံမှု၏ အစွမ်းသတ္တိ | ၂၃၀ |
| ၁၂။ | ရင်းနှီးမြှုပ်နှံခြင်းအစား လောင်းကစားခြင်း | ၂၅၁ |
| ၁၃။ | ရင်းနှီးမြှုပ်နှံခြင်း အကောင်းစားကို မည်သို့ ရှာဖွေမည်နည်း | ၂၆၃ |
| ၁၄။ | တော်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး မည်သို့ဖြစ်နိုင်မည်နည်း | ၂၈၈ |
| ၁၅။ | နိုင်သူလား၊ ရှုံးသူလား | ၃၀၁ |


မိတ်ဆက်

## ၁၀ နှစ်အတွင်း ဒေါ်လာ ၁၀,၀၀၀ ကို ဒေါ်လာ ၁၀ သန်းဖြစ်အောင် မည်သို့လုပ်ပေးနိုင်သနည်း

အမေရိကန်တို့၏ အကြောက်ဆုံး ကြောက်ခြင်းမှာ အငြိမ်းစားယူချိန်တွင် ငွေပြတ်လပ်မည့်အရေးဖြစ်သည်။

***USA Today* သတင်းစာ စစ်တမ်း**

လူအများတို့ ငွေရေးကြေးရေး ရုန်းကန်လှုပ်ရှားကြရသည်မှာ သူတို့သည် ညံ့ဖျင်းသောသူများနှင့် အရောင်းသမားများ၏ ငွေကြေးဆိုင်ရာ အကြံပေးချက်များကို သူတို့လိုက်နာဆောင်ရွက်ကြသောကြောင့်ဖြစ်သည်။

**သူဌေးဖေဖေ**

အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ်၊ ဖီးနစ်မြို့မှ မြို့ခံသတင်းစာ တစ်စောင်က ကျွန်ုပ်ရေးသားသည့် စာအုပ်ဖြစ်သော *Rich Dad's Prophecy* အကြောင်း ဆောင်းပါး ဖော်ပြသည်။ မှုမှုတတဖြင့် ရေးသား ထားသော ဆောင်းပါးဖြစ်သော်ငြားလည်း ရေးသားသူက လက်တန်း မှတ်ချက်ပြုကာ နိဂုံးချုပ်ပေးထားသည်ကို ကျွန်ုပ် စိတ်အနှောင့်အယှက် ဖြစ်မိရသည်။ သူ့ မှတ်ချက်မှာ ကျွန်ုပ်၏ နောက်ဆုံး ရင်းနှီးမြှုပ်နှံမှုထံမှ ၃၇ ရာခိုင်နှုန်း အမြတ်အစွန်းပေါ်သည့်အကြောင်း ဖြစ်သည်။ သူ့မှတ်ချက်တွင် ကျွန်ုပ်သည် လိမ်ညာခြင်းဖြစ်ဖြစ်၊ တကယ်ထက် ပိုမိုချဲ့ကားပြီးဖြစ်ဖြစ် ပြောထားသည်

ဟူ၍ စောင်းမြောင်းရေးသားထားသည်ဟု ကျွန်ုပ် ခံစားမိသည်။

ကျွန်ုပ်တို့အားလုံးနီးပါးသည် လေလုံးထွားခြင်းဖြစ်စေ၊ တကယ်ထက် ပို ချဲ့ကားပြီးဖြစ်စေ ပြောဆိုခြင်းကို မနှစ်မြို့ကြချေ။ သူ့မှတ်ချက်အပေါ် ကျွန်ုပ် ဖြစ်နေသည့် ပြဿနာမှာ ကျွန်ုပ်သည် လေလုံးထွားခြင်းလည်း မပြု၊ ချဲ့ကားခြင်းလည်း မပြုခြင်း ဖြစ်သည်။ အကယ်မင်စစ် ၎င်း၏ ဆန့်ကျင်ဘက်ကိုသာ အတိအကျပြုခဲ့ခြင်း ဖြစ်သည်။ ကျွန်ုပ်၏ အမြတ်အစွန်းကို ကျွန်ုပ် အမှန်အတိုင်း နားလည်သည်။ တစ်နည်းဆိုရသော် ကျွန်ုပ်ရရှိသည့် အမြတ်သည် စာရွက်ပေါ်မှာမျှသာ မဟုတ်ချေ။ ရင်းငွေနှင့်မြတ်ငွေအချိုး အမြတ်အစွန်းသည် ကျွန်ုပ်၏ အိတ်ထောင်ထဲမှာရှိသည့် တကယ့်ငွေသားဖြင့် တိုင်းတာ ထားခြင်းဖြစ်ပြီး အမြတ်အစွန်းသည် ၃၉ ရာခိုင်နှုန်းထက် များစွာပိုခဲ့ပါသည်။

(စကားချပ်။ ။ ရင်းငွေမြတ်ငွေ အချိုး (cash-on-cash return) သည် တစ်နှစ်တာတွင် အခွန်မဆောင်ခင် စီးဝင်သည့် ငွေသားပမာဏနှင့် ငွေသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးတို့၏ အချိုးဖြစ်ပြီး ရာခိုင် နှုန်းဖြင့် ဖော်ပြသည်။ ဝင်ငွေရရှိစေသော တန်ဖိုးရှိ ပိုင်ဆိုင်မှုထံမှ ငွေစီးဆင်းမှုကို အကဲဖြတ်ရန် များသောအားဖြင့် သုံးစွဲသည်)

သူ့မှတ်ချက်ကြောင့် ကျွန်ုပ်၏ စိတ်ထဲ ရက်အတန်ကြာသည်အထိ အနှောက်အယှက် ဖြစ်နေခဲ့သည်။ နောက်ဆုံး၌ သူ့ထံ ကျွန်ုပ် ဖုန်းဆက်ပြီး တွေ့ဆုံဖို့ ချိန်းဆိုသည်။ သို့မှသာ ကျွန်ုပ်သည် အမှန်အတိုင်း သိသွားအောင် ပြုပေးနိုင်မည်ဖြစ်သည်။ ကျွန်ုပ် အကြောင်း သူ ထပ်မံရေးသားခြင်းကို ဘာတစ်ခုမျှ ကျွန်ုပ် မမျှော်လင့်ထားကြောင်း၊ သူရေးသားခဲ့သည်ကို ပြန်ရုပ်သိမ်းကြောင်း ရေးသားဖို့ကိုလည်း မမျှော်လင့်ပါကြောင်း သူ့ကို ကျွန်ုပ်က ပြောပြ သည်။ ကျွန်ုပ် တောင်းဆိုလိုသည်ဟူ၍ သူ့ရုံးခန်းသို့ ကျွန်ုပ်၏ ငွေစာရင်းကိုင်နှင့်အတူ လာရောက်လိုသည်။ ကျွန်ုပ်၏ မှတ်တမ်းမှတ်ရာများကို ပြသ လိုသည်။ ၃၉ ရာခိုင်နှုန်း မည်သို့ရရှိခဲ့ကြောင်း ရှင်းပြလိုသည်။ သူက ဖော်ရွေပျူငှာစွာ ပြန်ပြောသည်။ ကျွန်ုပ်တို့ တွေ့ဆုံကြဖို့ ချိန်းဆိုလိုက်ကြသည်။

၃၉ ရာခိုင်နှုန်း မည်သို့ရခဲ့သည်ကို ကျွန်ုပ်နှင့် ကျွန်ုပ်၏ ငွေစာရင်းကိုင်တို့က သူ့ကို ရှင်းလင်းတင်ပြသည်။ အမြတ်အစွန်းကို အမှန်အတိုင်း မည်သို့ နားလည် သည်ကိုလည်း ပြောပြသည်။ ထိုအခါ သူက မှတ်ချက်ပြုသည်။ "ဟုတ်ပါပြီ။ ခင်ဗျား လုပ်တာမျိုးကို သာမန် သူလို ငါလို ရင်းနှီးမြှုပ်နှံသူတွေ မလုပ်နိုင်ကြဘူး"

သူ့မှတ်ချက်ကို ကျွန်ုပ်က ဖြေရှင်းသည်။ "သူတို့ လုပ်နိုင်ပါတယ်လို့ ကျွန်တော်ဘယ်တုန်း



ကမျှ မပြောခဲ့ပါဘူး"

သူက ပြန်ပြောသည်။ "ခင်ဗျား လုပ်ပုံက အတော်အန္တရာယ်ကြီးတယ်"

ထိုစကားကို ကျွန်ုပ်က တုံ့ပြန်သည်။ "ပြီးခဲ့တဲ့ ငါးနှစ်တာမှာ သန်းချီတဲ့ ရင်းနှီးမြှုပ်နှံသူတွေ ထရီလီယံချီတဲ့ ဒေါ်လာတွေ ဆုံးရှုံးခဲ့ကြတယ်။ အများစုက ခင်ဗျား ထောက်ခံ ရေးသားထားတဲ့ စတော့နဲ့ ပေါင်းစုရန်ပုံငွေတွေမှာ ရှုံးကုန်ကြတာဖြစ်ပါတယ်။ ပေါင်းစုရန်ပုံငွေတွေမှာ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံကြတာမှာ ငွေကြေးဆုံးရှုံးခဲ့ကြတဲ့ သူ အများအပြားတို့ဟာ အဲဒီရင်းနှီးမြှုပ်နှံမှုမှ ရမယ့် အမြတ်နဲ့ နေထိုင်ပြီး အငြိမ်းစားယူဖို့ ဘယ်တော့မျှ ဖြစ်လာတော့မှာ မဟုတ်ဘူး။ အဲဒါ ဆုံးရှုံးတဲ့အရေး မများဘူးလား"

"အင်း . . .။ အဲဒါ ကော်ပိုရိတ်တွေမှာ မသမာမှုတွေ များလွန်းလို့ပါ"ဟု သူက ခုခံကာကွယ်ပြောဆိုသည်။

"အဲဒါ တစ်စိတ်တစ်ပိုင်းအားဖြင့်တော့ မှန်ပါတယ်။ ဒါပေမဲ့ ဘဏ္ဍာရေးအစီအစဉ် ရေးဆွဲပေးသူတွေ၊ စတော့ပွဲစားတွေ၊ ငွေရေး ကြေးရေး အကြံပေး ရေးသားတဲ့ စာနယ်ဇင်းသမားတွေရဲ့ အကြံပေးချက် အညံ့စားတွေကြောင့် ဆုံးရှုံးရသူတွေ ဘယ်လောက်တောင်များနေသလဲ။ တကယ်လို့ ပေါင်းစုရန်ပုံငွေမှာ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံတာဟာ ကောင်းတဲ့စိတ်ကူးဆိုရင် ဘာလို့ လူတွေအများကြီးက ငွေတွေ အများကြီး ဆုံးရှုံးကုန်ကြရတာလဲ"

သူက ပြန်ပြောသည်။ "ကျွန်တော်ပေးတဲ့ အကြံပေးချက်မှာ ကျွန်တော်ရပ်တည် ပါတယ်။ ပေါင်းစုရန်ပုံငွေများ(mutual funds)ရဲ့ ရင်းနှီးမြှုပ်နှံမှုအစုစုတစ်ခုမှာ ရင်းနှီးမြှုပ်နှံမှု အမျိုးမျိုးတို့မှာ ဖြန့်ကြက်ပြီး ရင်းနှီးငွေ ထည့်ဝင်ထားတဲ့အတွက် ရေရှည်အတွက်ဆိုရင် ပေါင်းစု ရန်ပုံငွေမှာ ရင်းနှီးမြှုပ်နှံတာဟာ သာမန်ရင်းနှီးမြှုပ်နှံသူတွေ အဖို့တော့ အကောင်းဆုံးပဲဆိုတဲ့ အကြံပေးချက်ကို ကျွန်တော် ဆက်ပြောနေဦး မှာပဲ"

"ကျွန်တော်သဘောတူပါတယ်။ ခင်ဗျားပေးတဲ့ အကြံက သာမန် ရင်းနှီးမြှုပ်နှံသူ တွေအတွက် ဖြစ်နေတယ်။ ကျွန်တော့အတွက်တော့ မဟုတ်ဘူး"

ကျွန်ုပ်၏ ငွေစာရင်းကိုင်က ဝင်ပြောသည်။ "စူးစိုက်တာကို နည်းနည်းလေး ရွှေ့ပေးပြီး ကွဲပြားတဲ့ အနာဂတ်စီးပွားရေး အကျိုးအမြတ် ရရှိခြင်းကို သုံးလိုက်မယ်ဆိုရင် သာမန်ရင်းနှီးမြှုပ်နှံသူတစ်ဦးဟာ ပြန်ရတဲ့အမြတ် ပိုမြင့်မားသွားမယ်။ ဆုံးရှုံးမယ့်အရေး ကလည်း ပိုနည်းပါးမယ်။ ဈေးကွက်မှာ အတက်အကျတွေ ဖြစ်နေတာကို ထိုင်ကြည့် နေမဲ့အစား၊ ငွေကြေးဆရာကြီးတွေက နောက်တစ်ချီကျရင် ဝယ်ယူ သင့်တဲ့ စတော့ကို

ကြိုးစားပြီး ဟောကိန်းထုတ်တာတွေကို နားထောင်နေမဲ့အစား ရောဘတ်ရဲ့ 'သူဌေးဖေဖေ' အစီအစဉ်ကို ကျင့်သုံး လိုက်သင့်တယ်။ အဲဒီလိုဆိုရင် စျေးကွက်မှာ စျေးကျတိုင်း ဆောက်တည်ရာမရ ဖြစ်နေဖို့ မလိုတော့ဘူး။ နောက်တစ်ချီကျရင် ဘယ်ကဏ္ဍက မြင့်တက်မှာလဲဆိုတာကိုလည်း ပူပန်နေဖို့ မလိုတော့ဘူး။ ရင်းနှီး မြှုပ်နှံသူက ပြန်ရငွေ ပိုမြင့်မားရုံတင်မကဘူး။ ရင်းနှီးရတဲ့ ငွေပမာဏကလည်း ပိုနည်းတယ်။ ဆုံးရှုံး မယ့်အရေးကလည်း ပိုနည်းတယ်။ ဒါပေမဲ့ ငွေတွေက မော်ပညာနဲ့ လုပ်ပေးထားတဲ့အတိုင်း အလိုလို ဝင်လာနေမယ်။ တကယ်တော့ အဲဒီ မဟာဗျူဟာကို ကျွန်တော်က မော်ပိုက်ဆံလို့ မကြာခဏ ခေါ်လေ့ရှိပါတယ်"

၃၉ ရာခိုင်နှုန်း အမြတ်ငွေ ပြန်ရရေး စိတ်ကူးအကြံနှင့် ယခု မော်ပိုက်ဆံတို့သည် ယခုလို အချိန်တိုတိုတောင်းတောင်း တွေ့ဆုံပြောဆိုခြင်းတွင် ပြောပြစရာများ များပြားလွန်းနေသည်။ သို့ဖြစ်ရာ မော်ပိုက်ဆံအကြောင်း ပြောဆိုပြီးချိန်တွင် တွေ့ဆုံခြင်း အဆုံးသတ်ခဲ့ကြသည်။

ကျွန်ုပ် ဆိုခဲ့သည့်အတိုင်း စာနယ်ဇင်းသမားသည် ဖော်ရွေပျူငှာသည်။ အမြင် ကျယ်သည်။ သီတင်းပတ်အနည်းငယ် ကြာပြီးချိန်တွင် ကျွန်ုပ်အကြောင်းကို သူက ဆောင်းပါး နောက်ထပ်တစ်ပုဒ် ထပ်ရေးသည်။ ထိုသို့ ရေးပေးရန်အတွက် ကျွန်ုပ်က တောင်းဆိုခဲ့ခြင်း မရှိပါ။ သူက ရေးသားထားရာတွင် အမြတ်မြင့်မြင့်မားမား မည်သို့ ကျွန်ုပ် ရရှိသည့်အကြောင်းနှင့် မော်ပိုက်ဆံတို့အကြောင်း မပါချေ။

ထို့အတွက်ကြောင့် ယခုစာအုပ်ကို ရေးသားဖို့ ကျွန်ုပ် စိတ်ကူးရရှိခဲ့သည်။ ထို့အတွက် သူ့ကို ကျွန်ုပ် ကျေးဇူးတင်ရပေသည်။ ဤစာအုပ်သည် သာမန် ရင်းနှီး မြှုပ်နှံသူများအတွက် မဟုတ်ချေ။

(စကားချပ်။ ။ ပေါင်းစုရန်ပုံငွေများ(Mutual Funds)သည် အများ သူငါတို့ ထည့်ဝင်သည့် ငွေလုံးငွေရင်းများကို ပေါင်းစုကာ ရန်ပုံငွေ ထူထောင်ပြီး ရင်းနှီးမြှုပ်နှံမှု ပြုခြင်းဖြစ်သည်။ ထို့အတွက် ပေါင်းစု ရန်ပုံငွေများလုပ်ငန်း တစ်ခုခုက တာဝန်ယူ ဆောင်ရွက်ခြင်းပြုရာ၌ များသောအားဖြင့် သာမန်ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလေ့ရှိသည်)



**အမေးများသည့် မေးခွန်းများ**

၎င်းစာနယ်ဇင်းသမားနှင့် တွေ့ဆုံခဲ့ပြီးသည့်နောက်တွင် အသေးစား ရင်းနှီးမြှုပ်နှံမှု တစ်ခုကို အလွန်မြင့်မားသော အမြတ်ပြန်ရခြင်းဖြစ်ဖို့အတွက် သူဌေးဖေဖေ၏ ပုံသေနည်း ကားကို ကျွန်ုပ် ရှင်းပြဖို့ အချိန်အခါသင့်ပြီဟု ကျွန်ုပ် ဆုံးဖြတ်ခဲ့သည်။ ဤစာအုပ်သည် အမေးများသည့် မေးခွန်းအချို့တို့ကို ဖြေကြားပေးဖို့အတွက် ကျွန်ုပ်ကို အခွင့်သာစေ စေသည်။ ထိုမေးခွန်းများကို များသောအားဖြင့် အဖြေပေးဖို့ ကျွန်ုပ် ရှောင်လွှဲလေ့ရှိသည်။

- ဒေါ်လာ တစ်သောင်းရှိတာ ဘယ်မှာ ရင်းနှီးမြှုပ်နှံရမလဲ
- ဘယ်လို ရင်းနှီးမြှုပ်နှံမှုမျိုးကို ခင်ဗျား ထောက်ခံချက် ပေးမလဲ
- ဘယ်နေရာကနေ ဘယ်လို စရမလဲ

ထိုသို့သော မေးခွန်းမျိုးတို့ကို အဖြေပေးဖို့ ကျွန်ုပ်ဝန်လေးရသည့် အဓိက အကြောင်းတရားမှာ မှန်ကန်သည့်အဖြေသည် "ခင်ဗျားအပေါ်မှာ မူတည်ပါတယ်။ ကျွန်တော် လုပ်နေတာတွေဟာ များသောအားဖြင့် ခင်ဗျား လုပ်သင့်တာနဲ့ ကွဲလွဲနေပါ တယ်" ဟူ၍ ဖြစ်သည်။

ထိုသို့သော မေးခွန်းမျိုးတို့ကို အဖြေပေးဖို့ ကျွန်ုပ်ဝန်လေးရသည့် နောက်ထပ် အကြောင်းတရားမှာ ထိုသို့သော မေးခွန်းမျိုးတို့ကို ကျွန်ုပ် အဖြေပေးပြီးသည့်အခါ ကျွန်ုပ် ဘာလုပ်သည်နှင့် မြင့်မားသော အမြတ်ကို နည်းပါးသောငွေ၊ နည်းပါးသော ဆုံးရှုံးမည့်အရေးတို့ဖြင့် ကျွန်ုပ် မည်သို့ရရှိသည်တို့ကို လူအများတို့ကို ရှင်းပြသည်။ ထိုအခါ တုံ့ပြန်ပြောဆိုလေ့ရှိကြသည်တို့မှာ

- အဲဒါမျိုးကို ဒီမှာ လုပ်လို့မရဘူး။
- ကျွန်တော် မတတ်နိုင်ဘူး။
- အဲဒီထက် ပိုလွယ်တဲ့နည်း မရှိတော့ဘူးလား။

**အဘယ်ကြောင့် လူအများအပြားတို့ ဆုံးရှုံးကြရသနည်း**

ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ သန်းချီသောသူများသည် ထရီလီယံချီသော အမေရိကန်ဒေါ်လာတို့ကို ဆုံးရှုံးသွားကြရသည်မှာ သူတို့၏ ငွေကို မည်သည့် နေရာတွင်

ရင်းနှီးမြှုပ်နှံရမည်နည်းဆိုသည့် မေးခွန်းအတွက် ခပ်လွယ်လွယ်အဖြေကို ရှာကြသောကြောင့် ဖြစ် သည်။ လူအများအပြားတို့တွင် ခပ်လွယ်လွယ်အဖြေများကို ပေးဖို့ အဆင်သင့်ရှိထားပြီးသား ဖြစ်သည်။

- ငွေကို စုဆောင်းပါ
- အမျိုးမျိုးခက်ဖြာပြီး ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ
- အကြွေးဝယ်ကတ် သုံးစွဲခြင်းကို ရပ်ပါ။ အကြွေးနွံထဲမှ ထွက်ပါ

ဤစာအုပ်သည် ခပ်လွယ်လွယ် အဖြေများကို လိုချင်သည့်သူများအတွက် ရေးသားထားခြင်း မဟုတ်ပါ။ သင်သည် လူအများစုတို့က သဘောတူလက်ခံဖို့ ပါပါလာလာ ရှိကြမည့် အလွန်အကျွံ လွယ်ကူရှင်းလင်းသော ငွေရေးကြေးရေး အဖြေများကို နှစ်သက်သူ ဖြစ်ပါက ဤစာအုပ်သည် သင့်အတွက် ဟုတ်မည် မထင်ပါ။ ကျွန်ုပ်၏ အဖြေများသည် လူအများစုတို့အဖို့ ခက်ခဲလွန်းနေမည် ဖြစ်သည်။

ဤစာအုပ်သည် မိမိ၏ ငွေအပေါ် ထိန်းကျောင်းမှု ပိုမိုရှိလိုသော သူများအတွက်သာ ရေးသားထားခြင်း ဖြစ်သည်။ မိမိ၏ ငွေဖြင့် ငွေ အမြောက်အမြား ပိုရအောင် လုပ်လိုသူများအတွက်သာ ဖြစ်သည်။ ဤသည်ကို သင် စိတ်ဝင်စားသည်ဆိုပါက ဆက်လက်ဖတ်ရှုပါ။

**ချမ်းသာဖို့အတွက် အဆိုးဝါးဆုံး နည်းလမ်း**

စာနယ်ဇင်းသမားက သူပေးသည့် အကြံပေးချက်သည် သူလိုငါလို ဖြစ်သော သာမန်ရင်းနှီးမြှုပ်နှံသူများအတွက် ဖြစ်သည်ဟု ဆိုသော စကားသည် မှန်ကန်ပါသည်။ သို့သော် အဖြစ်မှန်မှာ သူ့အကြံပေးချက်သည် ချမ်းသာဖို့အတွက် အခက်ခဲဆုံး နည်းလမ်းဖြစ်နေသည်။ အလုပ်အကိုင်ရှိသောသူများသည် အငြိမ်းစား အစီအစဉ်အတွက် သူတို့၏ ငွေကို ထည့်ဝင်ကြသည်။ ထိုအစီအစဉ်သည် ပေါင်းစုရန်ပုံငွေ များထဲသို့ စုပေါင်းစပ်ပေါင်း ထည့်ဝင်ကြခြင်း ဖြစ်သည်။ ၎င်းသည် ဘဝတွင် နှေးကွေးသော ဘတ်စ်ကားကို တက်စီးခြင်းဖြစ်သည်။ ထိုဘတ်စ်ကား သည် အင်ဂျင်ကျနေပြီ ဖြစ်သည်။ မြန်မြန်မသွားနိုင်တော့ချေ။ ငွေရေးကြေးရေး အမြတ်ပြန်ရခြင်းများ အထွတ်အထိပ်သို့ မရောက်နိုင်ချေ။ ထိုဘတ်စ်ကားသည် ဘရိတ်လည်း မကောင်းတော့ချေ။ သို့ဖြစ်ပေရာ ကုန်းဆင်းတွင် အလွန်ကြောက်စရာကောင်းသည်။



ရေရှည်အတွက် အငြိမ်းစားအစီအစဉ်တစ်ခုထဲသို့ ငွေထည့်ဝင်ခြင်းသည် သာမန်ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းသောအကြံ ဖြစ်သော်လည်း ကျွန်ုပ်အဖို့မှာမူ ၎င်းသည် နှေးကွေးသည့်၊ ဆုံးရှုံးမည့်အရေး များပြားသည့် ထိထိရောက်ရောက် အကျိုးရှိခြင်း ကင်းသည့်၊ အခွန်မြင့်မားသည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်သည်။

**ပိုကောင်းသည့် ရင်းနှီးမြှုပ်နှံမှုများ ရှိနေပါသည်**

တန်ဖိုးရှိ ပိုင်ဆိုင်မှု လေးမျိုး ရှိသည်။ စီးပွားရှာလုပ်ငန်း၊ အိမ်ခြံ မြေ၊ တန်ဖိုးရှိ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများနှင့် ကုန်စည်များ ဖြစ်သည်။ ရိုးရှင်းသော ရင်းနှီးမြှုပ်နှံမှုသည် ငွေကြေးကို ငွေလုံးငွေရင်း ကြီးမားသည့် ထိပ်ပိုင်း ၅၀၀ စာရင်းဝင် ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံ ခြင်း ဖြစ်သည်။ ပေါင်းစုရန်ပုံငွေ မန်နေဂျာအများစုတို့အတွက် ထိပ်ပိုင်း ၅၀၀ စာရင်းပါ ကုမ္ပဏီတို့ကို စံထားပြီး ၎င်းထက်သာအောင် ရင်းနှီးမြှုပ်နှံမှုကို ပြုကြသည်။ ကံဆိုးသည်မှာ ပိုသာအောင် လုပ်နိုင်သူ အတော်နည်းပါးပါသည်။

ထိုသို့သော ရင်းနှီးမြှုပ်နှံခြင်းမျိုးအတွက် မေးခွန်းထွက်ပေါ်သည်။ "ထိပ်ပိုင်း ၅၀၀ ထက် ပိုသာအောင် လုပ်နိုင်တဲ့သူ မဆိုစလောက်ပဲ ရှိတယ်ဆိုရင် ရန်ပုံငွေကို စီမံခန့်ခွဲဖို့ မန်နေဂျာတစ်ယောက်ထားတာ ဘာထူးမှာလဲ။ အဲဒီ ထိပ်ပိုင်း ၅၀၀ စာရင်းဝင်လုပ်ငန်းမှာ ကိုယ့်ဘာ သာကိုယ် ရင်းနှီးမြှုပ်နှံလိုက်ရင် ပြီးနေတာပဲ"

ကျွန်ုပ်က အဖြေပေးသည်မှာ "ကျွန်တော်လည်း ထိုနည်းလည်းကောင်း မေးခွန်းကို မေးပါတယ်။ ခင်ဗျားက ဒေါ်လာတစ်သောင်းကို အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံလိုက်ရင် ဘဏ်ကနေ ခင်ဗျားက ချေးငွေယူ လို့ ရသွားတယ်။ စုစုပေါင်းတန်ဖိုးရဲ့ ၉ ဆအထိ အဲဒီအိမ်ခြံမြေကို အပေါင်ထားပြီး ချေးယူလို့ရတယ်။ ဒီတော့ ဘဏ်ဆီကနေ ခင်ဗျားရမှာ ဒေါ်လာ ကိုးသောင်း ဖြစ်ပါတယ်။ ထိပ်ပိုင်း ၅၀၀ မှာ ရင်းနှီးမြှုပ်နှံရင် ဆယ်စုနှစ်တစ်ခုမှာ ပုံမှန်အားဖြင့် ကြီးထွားနှုန်းအရဆိုရင် အဲဒီဒေါ်လာ တစ်သောင်းဟာ တစ်သောင်းရှစ်ထောင်ဝန်းကျင်လောက်အထိ တိုး တယ်။ အိမ်ခြံမြေမှာ ခင်ဗျားရဲ့ ဒေါ်လာ တစ်သောင်းရယ်၊ ဘဏ်ရဲ့ငွေ ကိုးသောင်းရယ် ရင်းနှီးမြှုပ်နှံထားရင် ဆယ်စုနှစ်တစ်ခုမှာ ဒေါ်လာ ၁၅၈,၀၀၀ ဝန်းကျင်အထိ တိုးတယ်"

လူအများတို့ကို မေးနေကျ မေးခွန်းတစ်ခုကို ကျွန်ုပ် ကြိမ်ဖန်များစွာ ကြားရသည်။ "အဲဒီလိုဆိုရင် လူတွေက ဘာလို့ အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံတာကို ဘာလို့ ပိုမလုပ်ကြတာလဲ"

ကျွန်ုပ် ပြန်ဖြေလေ့ရှိသည်မှာ "အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံဖို့ဆိုတာ ခင်ဗျားအနေဖြင့် ပိုတော်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်မှ လုပ်လို့ရမယ်။ အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံမှု အောင်အောင်မြင်မြင်ဖြစ်ဖို့ဆိုတာ ငွေကြေးစီမံမှုအပိုင်းမှာလည်း တတ်ကျွမ်းမှုတွေ ပိုရှိဖို့ လိုအပ်ပါတယ်။ ပြီးတော့ ငွေလုံးငွေရင်းကလည်း ပိုကြီးမားပါတယ်။ စီမံခန့်ခွဲတာကိုလည်း ပိုဂရုစိုက်ပေးရတယ်။ ဒီတော့ ပေါင်းစု ရန်ပုံငွေလိုမျိုး ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းတွေမှာ ရင်းနှီးမြှုပ်နှံရတာက ပိုလွယ်တယ်။ စျေးလည်း မကြီးဘူး။ စီမံခန့်ခွဲဖို့ကလည်း နည်းနည်းပါးပါးပဲ လုပ်ရတယ်။ ဒီတော့ လူအများစုတို့က အဲဒီလိုဟာမျိုးတွေမှာ ရင်းနှီးမြှုပ်နှံမှုကို ပိုလုပ်ဖြစ်ကြပါတယ်"

(စကားချပ်။ ။ ထိပ်ပိုင်း ၅၀၀ လုပ်ငန်းစာရင်းကို အမေရိကန်နိုင်ငံတွင် အက်စ်အင်ပီ ၅၀၀ အညွှန်းကိန်း(S&P 500 Index)ဖြင့် ဖော်ပြသည်။ အမေရိကမှ ငွေလုံးငွေရင်း အလွန်ကြီးမားသော ထိပ်တန်း လုပ်ငန်းကြီးများအတွက် အညွှန်းကိန်း ဖြစ်သည်။ ထိုအညွှန်းကိန်းကို အမြဲမပြတ် ပြုစုပေးနေသည့် လုပ်ငန်းအမည်မှာ Standard & Poor ဖြစ်သဖြင့် S&P ဟု အတိုကောက် ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ အညွှန်းကိန်းသည် ကုမ္ပဏီခုရေ ၅၀၀ တွင် စာရင်းသတ်ထားသဖြင့် S&P 500 Index ဟု ခေါ်ဝေါ်ကြသည်။)

## အစွမ်းအထက်ဆုံး တန်ဖိုးရှိပိုင်ဆိုင်မှု

အမေရိကန်မှ အက်စ်အင်ပီ ၅၀၀ အညွှန်းပါ လုပ်ငန်းများသည် နိုင်ငံတကာ စျေးကွက်တစ်ခု ဖြစ်သည်။ အိမ်ခြံမြေသည် ပြည်တွင်း သက်သက် စျေးကွက်ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ သင်သည် နပ်နောသော ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ပါက အိမ်ခြံမြေတွင် ရင်းနှီး မြှုပ်နှံခြင်းသည် ပိုမြင့်မားသော အမြတ်ပြန်ရခြင်းကို ဖြစ်ထွန်းမည် ဖြစ်သည်။ သင်၏ ဒေါ်လာ တစ်သောင်းကို အက်စ်အင်ပီ ၅၀၀ တွင် ထည့်ဝင်ပါက အများနည်းတူသာ အမြတ်ပြန်ရမည် ဖြစ်ပြီး အိမ်ခြံမြေ တွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ဒေါ်လာ ၁၅၈,၀၀၀ ဖြစ်စေ၊ များများစားစား ပိုများ၍ ဖြစ်စေ၊ ၎င်းထက် လျော့နည်း၍ဖြစ်စေ အမြတ်ပြန်ရမည် ဖြစ်သည်။ အကယ်၍ သင်သည် ဆိုးဝါးသော အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံသူ တစ်ဦး ဖြစ်နေလျှင် သင်၏ ဒေါ်လာတစ်သောင်း အကုန်လုံး ဆုံးရှုံးလိမ့်မည်။ ထို့ထက်မက ဆုံးရှုံးသွားနိုင်ပြီး ဘဏ်မှ ချေးငွေများ သင့်မှာ အကြွေးတင်နေလိမ့်မည်။ အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံခြင်း အောင်မြင်မှုသည် သင်က ရင်းနှီးမြှုပ်နှံသူ တစ်ဦးအဖြစ် လုပ်ကိုင်ခြင်းအပေါ်မှာ မူတည်နေသည်။ အက်စ်အင်ပီတွင် အောင်မြင်မှုသည် အက်စ်အင်ပီ



၅၀၀ စာရင်းဝင် ကုမ္ပဏီများအပေါ်၌သာ မူတည်ပေသည်။

"ဒေါ်လာ တစ်သောင်းရင်းပြီး ဒေါ်လာ ၁၅၈,၀၀၀ ထက် ပိုရအောင် လုပ်လို့ရသလား" ဟူသည့် မေးခွန်းအတွက် အဖြေမှာ "ရပါတယ်။ ဒါပေမဲ့ အဲဒီလို အမြတ်ပြန်ရတာမျိုးကို ရဖို့အတွက် ရင်းနှီးမြှုပ်နှံသူက စီးပွားရှာလုပ်ငန်းရဲ့ ပါဝါကို များသောအားဖြင့် သုံးစွဲပေးဖို့ လိုတယ်" တန်ဖိုးရှိ ပိုင်ဆိုင်မှု လေးမျိုး ရှိနေရာ၌ စီးပွားရှာလုပ်ငန်းသည် တန်ဖိုးရှိ ပိုင်ဆိုင်မှုအားလုံးတွင် အစွမ်းအထက်ဆုံး ဖြစ်သည်။ သို့သော် စတင်လုပ်ကိုင်ဖို့၊ တည်ဆောက်ဖို့နှင့် စီမံဖို့တို့အတွက် တတ်ကျွမ်းမှုများ အမြင့်မားဆုံး ဖြစ်နေဖို့ လိုအပ်သည်။ စီးပွားရှာလုပ်ငန်းကို တည်ဆောက်ရာတွင် တော်သောသူသည် အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုများတွင်လည်း တော်ကြပြီး အလွန်တရာမြင့်မားသော အမြတ်ပြန်ရခြင်းများ ရဖို့ ဖြစ်နိုင်ခြေ ရှိသည်။

## အလွန်တရာမြင့်မားသော အမြတ်ပြန်ရခြင်းများ ရရှိအောင် မည်သို့ လုပ်ကိုင်ပေးရမည်နည်း

ဤစာအုပ်ပါ ဖော်ပြချက်တချို့တို့သည် ကျွန်ုပ် ရေးသားထားသည့် အခြား 'သူဌေးဖေဖေ'စာအုပ်များတွင် ဖော်ပြပေးထားပါသည်။ ဤစာအုပ်သည် မြင့်မားသော အမြတ်ပြန်ရခြင်းများ ရရှိစေမည့် ရင်းနှီး မြှုပ်နှံမှုကို မည်သို့ပြုရမည်ဆိုသည့် အကြောင်း အရာထဲသို့ ယခင်က ကျွန်ုပ်ရေးသားခဲ့သမျှတို့ထက် ထဲထဲဝင်ဝင် ပိုရောက်အောင် ရေးသားထားသည်။ ကျွန်ုပ်၏ သူဌေးဖေဖေက ကျွန်ုပ်ကို သင်ပြပေးခဲ့သော ငွေကြေး အရှိန်တင်ခြင်းများကို မိတ်ဆက်ပေးထားသည်။

ဤစာအုပ်တွင် အမျိုးမျိုး ခက်ဖြာပြီး ရေရှည်အတွက် ရင်းနှီးမြှုပ်နှံခြင်းများသည် များသောအားဖြင့် အကောင်းဆုံးအကြံပေးချက် အဘယ်ကြောင့် မဖြစ်ရသည်ကို သင် တွေ့ရှိမည်။ ထိုအကြံပြုချက်အတိုင်း စျေးကွက်နောက်သို့ လိုက်ကြသော လူအများအပြား တို့ အဘယ်ကြောင့် ဆုံးရှုံးကြရသည်ကိုလည်း သင် တွေ့ရှိပါလိမ့်မည်။

အောင်မြင်သော ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ အကောင်းဆုံး လျှို့ဝှက်ထားသည့် သော့ချက်မှာ အမျိုးမျိုးခက်ဖြာပြီး ရင်းနှီးမြှုပ်နှံခြင်းမျိုး မဟုတ်ဘဲ ပေါင်းစည်းပြီး ရင်းနှီးမြှုပ်နှံခြင်းမျိုးကို ပြုခြင်းဖြစ်သည်။ တန်ဖိုးရှိ ပိုင်ဆိုင်မှုတစ်ခုတည်းမှာ ရင်းနှီးမြှုပ်နှံခြင်း မဟုတ်ဘဲ အောင်မြင်သော ရင်းနှီးမြှုပ်နှံသူများသည် တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားများ နှစ်ခုသုံးခုကို ပေါင်းစည်းပြီးနောက် ထိုပိုင်ဆိုင်မှုများမှ တစ်ဆင့်

အရှိန်တင်သည်။ အားထပ်ဖြည့်တင်းသည်။ ငွေစီးဝင်ခြင်းကို ကာကွယ်သည်။ သာဓကတစ်ခုမှာ မိုက်ခရိုဆော့ဖ် ထူထောင်သူ ဘီလ်ဂိတ်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်လာသည်မှာ စီးပွားရှာလုပ်ငန်း၏ စွမ်းပကားနှင့် တန်ဖိုးရှိ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများ၏ စွမ်းပကားတို့ကို ပေါင်းစပ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သူသည် အရဲစွန့် လုပ်ကိုင်သည့် လုပ်ငန်းရှင်တစ်ဦး၏ အိပ်မက်များ အများအပြား၊ စီးပွားရှာလုပ်ငန်းတစ်ခု တည်ဆောက်ခြင်း၏ အိပ်မက်များ အများအပြားတို့ကို ထမြောက်အောင်မြင်ခဲ့ပြီး စီးပွားရှာလုပ်ငန်းကို စတော့ဈေးကွက်မှတစ်ဆင့် လူထုထံသို့ ခေါ်သွားခဲ့သည်။ တစ်နည်းဆိုရသော် သူ၏ စီးပွားရှာလုပ်ငန်း၏ အပိုင်းတစ်ခုကို တန်ဖိုးရှိပိုင်ဆိုင်မှုပြ စာရွက်စာတမ်းအဖြစ်သို့ ပြောင်းပေးခဲ့သည်။ ထိုစာရွက်စာတမ်းကို အစုရှယ်ယာဟု ခေါ်ဝေါ်ကြသည်။ အကယ်၍ ဘီလ်ဂိတ်သည် သူ့ကုမ္ပဏီကို လူထုထံသို့ ခေါ်မသွားခဲ့လျှင် သူသည် ချမ်းသာသူတစ်ဦး ဆက်ဖြစ်နေဦးမည်။ သို့သော် အသက်မကြီးခင်မှာ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ်သို့ သူ ရောက်ရှိမည် မဟုတ်ချေ။ ရှင်းရှင်းလေး တင်ပြရလျှင် တန်ဖိုးရှိ ပိုင်ဆိုင်မှု အတန်းအစား နှစ်မျိုးကို ပေါင်းစပ်ပြီး သူ၏ ကြွယ်ဝမှုကို အရှိန်တင်ပေးခဲ့ခြင်း ဖြစ်သည်။ သူသည် မိုက်ခရိုဆော့ဖ်၏ ဝန်ထမ်းတစ်ဦးအဖြစ် ရသောလစာကို ပေါင်းစု ရန်ပုံငွေများတွင် အမျိုးမျိုးခက်ဖြာပြီး ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြင့် သူသည် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့ခြင်း မဟုတ်ချေ။ ဒေါနယ်ထရန့်သည် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံခြင်းများပြုသော စီးပွားရှာလုပ်ငန်းကို ပိုင်ဆိုင်ခြင်းဖြင့် သူ့ငွေကြေးအပေါ် ပိုကြီးမားသော အမြတ်ပြန်ရခြင်းများကို ရရှိခြင်းဖြစ်သည်။ ဝါရန်ဘဖ်ဖစ်တ်သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူ ဖြစ်သည်။ သူသည် အခြားစီးပွားရှာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုသော စီးပွားရှာလုပ်ငန်းတစ်ခုကို ပိုင်ဆိုင်ထားခြင်းဖြင့် အလွန်မြင့်မားလွန်းသော အမြတ် ပြန်ရခြင်းများကို ရရှိနေသည်။

## ကြီးသော စီးပွားရှာလုပ်ငန်း၊ ငယ်သော စီးပွားရှာလုပ်ငန်း

သင်၏ စီးပွားရှာလုပ်ငန်းသည် ကြီးကိုကြီးရမည် သို့မဟုတ် အိမ်ခြံမြေလုပ်ငန်းတွင် လုပ်ကိုင်နေရမည်ဟု မဆိုလိုပေ။ ဆိုလိုချက်မှာ ရင်းနှီးမြှုပ်နှံသူသည် စီးပွားရှာလုပ်ငန်းငယ်တစ်ခုကို ပိုင်ဆိုင်ထားပြီး အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံထားသူ ဖြစ်နိုင်သည်။ သက်မွေး အလုပ်နှစ်မျိုးတို့ လက်ဝယ်ရှိနေပြီး တစ်မျိုးက လူပုဂ္ဂိုလ်အတွက်ဖြစ်ပြီး



နောက်တစ်မျိုးမှာ ငွေအတွက် ဖြစ်သည်။ ဥပမာအားဖြင့် ကျွန်ုပ်ကို စာရေးဆရာတစ်ဦးဟု အသိများကြသည်။ ၎င်းသည် ကျွန်ုပ်၏ သက်မွေးအလုပ် ဖြစ်သည်ဟု ဆိုပါစို့။ ကျွန်ုပ်၏ ငွေအတွက် သက်မွေးအလုပ်မှာ အိမ်ခြံမြေ ဖြစ်သည်။ ဤနေရာ၌လည်း အရေးကြီးသည့်အချက်မှာ တန်ဖိုးရှိပိုင်ဆိုင်မှု အမျိုးအစားတစ်ခုအထဲတွင် ခက်ဖြာခြင်းကို မပြုဘဲ တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစား နှစ်မျိုးသုံးမျိုးတို့ကို ပေါင်းစည်းရန် ဖြစ်သည်။ သင်သည် စီးပွားရှာလုပ်ငန်းငယ်ပိုင်ရှင်တစ်ဦးမျှသာ ဖြစ်နေလျှင်လည်း စီးပွားရှာလုပ်ငန်းကြီးတစ်ခုနည်းတူ ငွေကြေးဆိုင်ရာ အားသာချက်များကို ယူဖို့ အခွင့်သာနေပေသည်။ ကြီးမားသော စီးပွားရှာလုပ်ငန်းကြီးတစ်ခုနှင့် စတော့ဈေးကွက်တို့က ဘီလ်ဂိတ်ကို အမေရိကန်ဒေါ်လာ ဘီလျံများစွာ ချမ်းသာသူတစ်ဦးဖြစ်အောင် လုပ်ပေးခဲ့သည့်နည်းတူ စီးပွားရှာလုပ်ငန်းငယ်တစ်ခု၊ အိမ်ခြံမြေနှင့် တန်ဖိုးရှိ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများက သင့်ကို အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ချမ်းသာသည့် သူအဖြစ်သို့ တစ်ဆယ်နှစ် မပြည့်ခင်မှာပင် ရောက်ရှိစေနိုင်သည်။ မေးခွန်းမှာ ကွဲပြားသော တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစား အနည်းဆုံး နှစ်မျိုးတွင် ရင်းနှီးမြှုပ်နှံမှု ပြုရန်အတွက် အလွန်တော်သောသူ တစ်ဦး ဖြစ်လာနိုင်သလား။ ဖြစ်လာနိုင်ပါသည် ဆိုလျှင် ငွေကြေးဆိုင်ရာ မော်အစွမ်း ဖြစ်ပေါ်နိုင်ပေသည်။

## စုပေါင်းညှိနှိုင်းဆောင်ရွက်မှုနှင့် အထွေထွေအပြားပြား

အလွန်တရာမြင့်မားသော အမြတ်ပြန်ရခြင်းများအတွက် သူဌေး ဖေဖေ၏ ပုံသေနည်းကားအကြောင်းကို ဤစာအုပ်တွင် သင် လေ့လာ သင်ယူနိုင်မည်ဖြစ်သည်။ သူဌေးဖေဖေက သူ့သားနှင့် ကျွန်ုပ်တို့ကို သွန်သင်ခဲ့သည်မှာ ထက်သန်သော အကြံပေးများ မိမိမှာ ရှိအောင် လုပ် ထားရမည်။ ထို့နောက် ငွေကြေးဆိုင်ရာအားများ၏ စွမ်းပကားကို ပေါင်းစည်းခြင်းနှင့် အရှိန်တင်ခြင်းတို့ ပြုရမည်။

ငွေကြေးဆိုင်ရာ အားများမှာ –

- စီးပွားရှာလုပ်ငန်း
- အိမ်ခြံမြေ
- တန်ဖိုးရှိ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်း
- သင့်ကို ငွေချေးသည့် ဘဏ်လုပ်ငန်းမှ ချေးငွေ

- အခွန်ဥပဒေများ
- ကော်ပိုရိတ်ဥပဒေများ

ပေါင်းစည်းခြင်းသည် ပေါင်းစပ်ပြီး အတူတကွ လည်ပတ်လုပ်ကိုင်ခြင်းကို ဆိုလိုသည်။ ခွဲဖြာခြင်းသည် ခွဲခြားပြီး တသီးတခြား လည်ပတ်လုပ်ကိုင်ခြင်းကို ဆိုလိုသည်။

အကယ်၍ ဤအား ခြောက်မျိုးစလုံးကို ပေါင်းစည်းပြီး အရှိန်တင်ပေးနိုင်သူသည် ငွေအနည်းငယ်မျှဖြင့် စတင်ပြီး အလွန်တရာ မြင့်မားသော အမြတ်ပြန်ရခြင်းများကို ရရှိမည်။ ဤအားခြောက်မျိုးစလုံးကို ထူးကဲစွာဖြင့် ပေါင်းစည်းသောအလုပ်ကို လုပ်ကိုင်ပါက မှော်ပိုက်ဆံ သို့မဟုတ် ငွေကြေးဆိုင်ရာ စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ် ဖြစ်ပွားမည်။

**စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ် ဆိုသည်မှာ အဘယ်နည်း**

စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်၏ ဆိုလိုရင်းကို အဓိပ္ပာယ်သတ်မှတ်ပုံမှာ တစ်ခုလုံးသည် အပိုင်းအားလုံးစုစုပေါင်းထက် ပိုကြီးမားသည်ဟူ၍ ဖြစ်သည်။ ရိုးရှင်းစွာ ဆိုရလျှင် ၁+၁=၄ ဟု ဆိုလိုသည်။ ဤနမူနာတွင် ပေါင်းလဒ်သည် ၄ ဖြစ်သည်။ ၎င်းသည် အစိတ်အပိုင်းများဖြစ်သည့် ၁ နှင့် ၁ တို့ကို ပေါင်းလျှင် ၁+၁=၂ ရရှိခြင်း ထက် ပိုကြီးမားသည်။

စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်၏ နမူနာ နောက်တစ်ခု ကို တင်ပြရလျှင် သင်သည် ဖရုံစေ့များနှင့် မြေဆွေးတစ်ပုံကို ယူသည် ဆိုပါစို့။ မြေဆွေးချည်းသက်သက်သည် အစေ့ကို အပင်အဖြစ်သို့ ကြီး ထွားအောင် ပြုပေးနိုင်ခြင်း မရှိချေ။ ဖရုံစေ့ပေါ်တွင် မြေဆွေးများ ထပ်ထည့်ပြီး ပုံပေးလျှင်လည်း အစေ့မှ အပင်အဖြစ် ကြီးထွားမည် မဟုတ်ချေ။ နေရောင်ခြည်နှင့် ရေတို့ကို ဖြည့်ထည့်ပြီး မြေဆွေးတွင် ဟန်ကျပန်ကျ ပေါင်းစပ်ပေးလိုက်မည်ဆိုပါက အစေ့မှ ရုတ်တရက်အပင် ပေါက်လာမည်။ စတင်ကြီးထွားမည်။ ဤသည်မှာ မြေဆွေး၊ နေနှင့် ရေတို့အကြားတွင် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ် ထွက်ပေါ် ခြင်းဖြစ်ပြီး အစေ့တွင် ထူးထူးခြားခြား ဖြစ်ပွားသွားဖို့အကြောင်းတရားများကို ဖန်တီးပေးလိုက်ခြင်း ဖြစ်သည်။

ငွေကြေးတွင်လည်း အလားတူပင် ဖြစ်ပွားသည်။ မှန်ကန်သင့်မြတ်သော



အစိတ်အပိုင်းများနှင့်အတူ သင်၏ ငွေကြေးသည် ထူးထူးခြားခြား ကြီးထွားသွားနိုင်သည်။ အကယ်၍ သင်၏ ငွေကြေးသည် အမျိုးမျိုး ခွဲဖြာထားသော မြေဆွေးပုံ၏ အောက်တွင် မြှုပ်နှံထား မည်ဆိုလျှင် မိုတက်ဖို့သာ ရှိလိမ့်မည်။ မှော်ပိုက်ဆံအဖြစ်သို့ ရောက်ရှိတော့မည် မဟုတ်ပေ။

**စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်၏ စွမ်းပကား**

ဤစာအုပ်သည် သင်၏ ငွေကြေးကို မည်သို့ ကကြိုးဆင်ပြီး ထိန်းချုပ်ရမည် ဆိုသည့်အကြောင်းကို ဖော်ပြပေးထားသည်။ ထို့အတွက် ကွဲပြားသည့် ငွေကြေးဆိုင်ရာ အားများကို အသုံးပြုပြီး ငွေကြေးဆိုင်ရာ စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်ကို ဖန်တီးမည်ဖြစ်သည်။ ထို့နောက် မှော်ပိုက်ဆံအဖြစ်သို့ ရောက်စေမည်ဖြစ်သည်။

သိသာနေသည်မှာ ဤစာအုပ်သည် သူလိုငါလို ရင်းနှီးမြှုပ်နှံသူတို့အတွက် မဟုတ်ခြင်း ဖြစ်သည်။ စာနယ်ဇင်းသမားကို ကျွန်ုပ်က အမြတ်ပြန်ရခြင်း ၃၉ ရာခိုင်နှုန်း မည်သို့ရအောင် လုပ်သည်ကို ရှင်းပြ သည့်အခါ သူက ကျွန်ုပ်ကို ပြောခဲ့သည့်စကားကို ပြန်တင်ပြရလျှင် "ခင်ဗျား လုပ်တာမျိုးကို သာမန် သူလိုငါလို ရင်းနှီးမြှုပ်နှံသူတွေ မလုပ်နိုင်ကြဘူး"

ထပ်ပြောလိုသည်မှာ ကျွန်ုပ်က ထိုစကားကို တုံ့ပြန်ပြောဆိုခဲ့ သည်မှာ "သူတို့ လုပ်နိုင်ပါတယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မပြော ခဲ့ပါဘူး" ဟူ၍ ဖြစ်သည်။ ဤစာအုပ်သည် မိမိ၏ ငွေကြေးကို သူစိမ်းလက်ထဲအပ်နှံလိုခြင်း မရှိသူများအတွက်ဖြစ်ပြီး ထိုသို့အပ်နှံပြီးသော အခါ နောင်တစ်ချိန် မိမိ လိုအပ်သည့်အခါ အပ်နှံထားသည့်ဆီတွင် မိမိ၏ ပိုက်ဆံများ ရှိနေပါစေဟု ဆုတောင်းနေရသည့်အဖြစ်ကို မလိုလားသူများအတွက် ဖြစ်သည်။ ဤစာအုပ်သည် မိမိ၏ ငွေကြေးအပေါ် ထိန်းချုပ်မှု ပိုရှိလိုသူများအတွက် ဖြစ်ပြီး သူလိုငါလို ရင်းနှီးမြှုပ်သူတို့ ရရှိသည့် သူလိုငါလို အမြတ်ပြန်ရခြင်းများထက် ပိုသာလိုသူများအတွက် ဖြစ်သည်။ ဤစာအုပ်သည် သင် ဘာလုပ်ရမည်ကို ခရေစေ့တွင်းကျ ပြောပြပေးမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သင် ချမ်းသာလာဖို့ သင် ဘာလုပ်မည်၊ မည်သို့ လုပ်မည်ဆိုသည်တို့ သည် အမှန်စင်စစ် သင်နှင့်သာ သက်ဆိုင်သောကြောင့် ဖြစ်သည်။ သို့သော် ဤစာအုပ်က အချို့သော ရင်းနှီးမြှုပ်နှံသူများသည် သူလိုငါလို ရင်းနှီး မြှုပ်နှံသူများထက် အချိန်ကာလ ပိုတိုတောင်းပြီး ဆုံးရှုံးမည့်အရေး ပိုနည်းပါးသည့်အပြင် ရင်းနှီးမြှုပ်နှံရသည် ငွေပမာဏကလည်း ပိုနည်းနေပါလျက်

အဘယ်ကြောင့် ပြန်ရသည့် အမြတ်များသည် ပိုများနေရသည်ကို သင် သဘောပေါက်စေဖို့ သွန်သင်ပေးမည် ဖြစ်သည်။

**စတော့ဈေးကွက်ထဲတွင် အမေရိကန်ဒေါ်လာ တစ်သောင်း ရင်းနှီးမြှုပ်နှံခြင်းဖြင့် အမေရိကန်ဒေါ်လာ တစ်ဆယ်သန်းရအောင် လုပ်နိုင်မည်လော**

ဤစာအုပ်ကို ဖတ်ရှုပြီးသောအခါ သင့်မှာ ရှိသည့် အမေရိကန် ဒေါ်လာ တစ်သောင်းဖြင့် အလားတူရလဒ်များကို သင် လုပ်ကိုင်နိုင်မည် လောဆိုသည်မှာ သင့်အပေါ်၌သာ မူတည်ပါသည်။

ပိုအရေးပါသည့် မေးခွန်းမှာ "အမေရိကန်ဒေါ်လာ တစ်သောင်းကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် တစ်ဆယ်နှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ တစ်ဆယ် သန်း ဖြစ်အောင် လုပ်ဖို့ဆိုသည်မှာ စတော့ဈေးကွက်၌သာ လုပ်ကိုင်နိုင်ခြင်းလော" ဟူ၍ ဖြစ်သည်။ အလားတူ မေးခွန်းကို အိမ်ခြံမြေတစ်မျိုးတည်းတွင်သာ ရင်းနှီးမြှုပ်နှံသူတို့ကိုလည်း မေးမြန်းရမည်။ ဖြစ်ရပ်အများစုအတွက် အဖြေမှာ ဟင့်အင်း ဖြစ်သည်။ အလွန်တရာ မြင့်မားသော အမြတ်ပြန်ရခြင်းကို တန်ဖိုးရှိ ပိုင်ဆိုင်မှု အတန်းအစား တစ်မျိုးတည်းဖြင့် ရဖို့ အလွန်ခဲယဉ်းသည်။ သို့သော် ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုမျိုးကို လူအများတို့ ပြုကြစမြဲဖြစ်နေသည်။ သူတို့က ကွဲပြားသော တန်ဖိုးရှိ ပိုင်ဆိုင်မှု အတန်းအစားများတွင် ရင်းနှီး မြှုပ်နှံခြင်း မပြုကြချေ။ ကွဲပြားသော တန်ဖိုးရှိပိုင်ဆိုင်မှုများတွင် သူတို့ ရင်းနှီးမြှုပ်နှံပြီး ကွဲပြားသော အရှိန်တင်ပေးခြင်းများ၏ စွမ်းပကားကို ပေါင်းစပ်ပေးမည်ဆိုပါက သူတို့သည် ရင်းနှီးမြှုပ်နှံမှု စုပေါင်းညှိနှိုင်း ဆောင်ရွက်မှု အကျိုးရလဒ်ကို သူတို့ ဖန်တီးနိုင်ကြမည်။ ထိုအခါ အလွန်တရာမြင့်မားသော အမြတ်ပြန်ရခြင်းများကို ရရှိဖို့ ဖြစ်နိုင်သွားမည်။

**အမေရိကန်တို့၏ နံပါတ်(၁)အကြောက်**

ကျွန်ုပ်ဟောပြောနေစဉ် အမျိုးသမီးတစ်ဦးက လက်တစ်ဖက်မြှောက်ပြပြီး မေးခွန်းမေးမြန်းခွင့် တောင်းကာ မေးမြန်းသည်။ "အလွန်တရာမြင့်မားတဲ့ အမြတ်ပြန်ရခြင်းများက ဘာလို့ အရေးကြီးတာလဲ။ ဖြည်းဖြည်းချင်း ချမ်းသာလာတာ ဘာဖြစ်နေလို့လဲ။ ပိုက်ဆံက ဘာ အကြောင်းကြောင့် အတော် အရေးကြီးနေရတာလဲ။ ပျော်ရွှင်မှုရှိဖို့က ပိုအရေး မကြီးဘူးလား"



ပိုက်ဆံအကြောင်းနှင့် သူဌေးဖြစ်ဖို့အတွက် ကျွန်တော် ဟောပြောသည့်အခါတိုင်း ပရိသတ်ထဲမှ တစ်ယောက်ယောက်က ထော့လုံး ငေါ့လုံးဖြင့် ပိုက်ဆံအရေးမကြီးသည့် သဘောထားကို ထပြောလေ့ ရှိသည်။ ဤတစ်ကြိမ်တွင် ကျွန်တော်က အသင့်ပြင်ဆင်လာသည်။ ယူအက်စ်အေ တူဒေးသတင်းစာထဲမှ ဆောင်းပါးတစ်ပုဒ်ကို ဝေပေးလိုက်သည်။ ၎င်းသတင်းစာက စစ်တမ်းကောက်ယူခဲ့ပြီးသောအခါ၌ အမေရိကန်တို့၏ နံပါတ်(၁) အကြောက်သည် ပိုက်ဆံမရှိတော့မည့်အရေး ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ သူတို့၏ နံပါတ်(၁)အကြောက်သည် ကင်ဆာ မဟုတ်ချေ။ ရာဇဝတ်မှု မဟုတ်ချေ။ နျူးကလီယားစစ်ပွဲ မဟုတ်ချေ။ နံပါတ်(၁)အကြောက်သစ်သည် သူတို့ အိုမင်းသည့်အခါ ငွေမရှိသည့်အဖြစ်ကို ကြုံရမှာ ကြောက်ကြခြင်း ဖြစ်သည်။ အကြောက် သစ်သည် ငွေမရှိဘဲ အသက်ရှည်ရှည် နေရမည့်အရေး ဖြစ်သည်။ သူတို့ အိုမင်းသည့်အခါ လူမှုဖူလုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့သည် သူတို့ကို ကူညီပေးဖို့ အနားသို့ လာကြမည် မဟုတ်ကြောင်း သူတို့ သိထားကြသည်။

မေးခွန်းမေးသည့် အမျိုးသမီးကို ၎င်းဆောင်းပါးအား ပရိသတ် ကြားသိအောင် ကျွန်ုပ်က ဖတ်ပြနိုင်းလိုက်သည်။ ထို့နောက် သင်ပုန်း ပေါ်တွင် "ပိုက်ဆံ၏ ဂိမ်း" ဟု ခေါင်းစဉ်ကို ရေးသားလိုက်သည်။ ထိုခေါင်းစဉ်၏အောက်တွင် ဇယားကွက်ပုံ ရေးဆွဲပြလိုက်သည်။

| ပိုက်ဆံဂိမ်း | |
|---|---|
| **အသက်** | **ကာလအပိုင်းအခြား** |
| ၂၅-၃၅ | ပထမကွာတား |
| ၂၅-၃၅ | ဒုတိယကွာတား |
| **ထက်ဝက်အချိန်ခါ (ဘဝတစ်သက်တာ ထက်ဝက်အချိုးအကွေ့)** | |
| ၄၅-၅၅ | တတိယကွာတား |
| ၅၅-၆၅ | စတုတ္ထကွာတား |
| **အချိန်ပို(အငြိမ်းစားယူဖို့ မတတ်နိုင်ခြင်း)** | |
| **အခါနှောင်းခြင်း (အစုဘာလဲ)** | |

အမျိုးသမီးက ဆောင်းပါးကို ဖတ်ရှုပြီးသောအခါ ကျွန်ုပ်က "၂၀၁၀ ခုနှစ်မှာ အမေရိကန်လူဦးရေ ၇၈ သန်းတို့ဟာ အသက် ၆၅ နှစ်နဲ့ အထက်မှာ ရောက်ရှိနေကြမယ်ဆိုတာ ခင်ဗျား သိသလား။ ပြီးတော့ သုံးဦးမှာ တစ်ဦးက အငြိမ်းစားယူပြီး နေထိုင်ဖို့အတွက် အစီ အစဉ် မရှိကြဘူး"

"ကျွန်မ ကြားသိပြီးပါပြီ။ ဒါပေမဲ့ ဘာလို့ ရှင်က ဂိမ်းလို့ ခေါ်ဝေါ် တာလဲ"

"ဂိမ်းတွေဟာ များသောအားဖြင့် လေးပိုင်းခွဲထားတယ်။ တစ်နာရီရဲ့ လေးပုံ တစ်ပုံဖြစ်တဲ့ ၁၅ မိနစ်စီ ခွဲထားလေ့ရှိတယ်။ အသက် ၂၅ နှစ် ဝန်းကျင်မှာ ကျွန်တော်တို့ ကျောင်းပြီးသွားကြတယ်။ ၆၅ နှစ်မှာ အငြိမ်းစားယူဖို့ အစီအစဉ်လုပ်ထားကြတယ်။ ဒီတော့ ပိုက်ဆံဂိမ်းကို ကျွတော်တို့ နှစ် ၄၀ ကစားကြတယ်။ ဒီတော့ လေးပုံတစ်ပုံဟာ ၁၀ နှစ် ကြာတယ်။ အဲဒီ နှစ် ၄၀ အတွင်းမှာ ကျွန်တော်တို့က အငြိမ်းစားယူရင် ငွေရှိ နေစေဖို့အတွက် တစ်ခါတလေမှာ ငွေတချို့ကို ဘေးဖယ်ပြီး စုထားကြတယ်။ ကျွန်တော်က ဂိမ်းထဲကနေ ဒုတိယ ကွာတား ပြီးဆုံးခဲ့ပြီးတဲ့နောက် ၄၇ နှစ်ကျမှ အပြင်ထွက်နိုင်ခဲ့တယ်။ ကျွန်တော့ဇနီး ကင်မ်က သူ့ဂိမ်းကို အသက် ၃၇ နှစ်မှာ နိုင်အောင် လုပ်နိုင်ခဲ့တယ်။ သူ့ရဲ့ ပထမကွာတား ပြီးခဲ့ပြီး သိပ်မကြာခင်မှာ ဖြစ်ပါတယ်။ ဂိမ်းအကြောင်း ကျွန်တော် ပြောပြနေတာကို ခင်ဗျား သဘောပေါက်ပြီလား"

ငယ်ရွယ်သူ အမျိုးသမီးက ခေါင်းညိတ်ပြသည်။ သူက လက်ထဲတွင် ယူအက်စ်အေ တူဒေး ဆောင်းပါးစာရွက်ကို ဆုပ်ကိုင်ထားဆဲ ဖြစ်သည်။ "တကယ်လို့ သူတို့မှာ ငွေ အလုံအလောက်မရှိတာကြောင့် အသက် ၆၅ နှစ်ကျော်တဲ့အထိ အလုပ်လုပ်နေရမယ်ဆိုရင် အဲဒါကို အချိန်ပိုလို့ ခေါ်တယ်"ဟု ပြောရာ ကျွန်ုပ်က "အဲဒါ အမှန်ပဲ။ အလုပ်လုပ်တာကြောင့် ကျန်းကျန်းမာမာ ဖြစ်နေတာမို့ ကောင်းတယ်လို့ ဆိုနိုင်ပေမဲ့ မတတ်သာလို့ လုပ်နေရတာနဲ့ လုပ်ချင်စိတ်ရှိလို့ လုပ်နေရတာ မတူပါဘူး"ဟု ရှင်းပြလိုက်သည်။

"အခါနှောင်းခြင်းဆိုတာကတော့ ခင်ဗျားက အသက်ရှင်နိုးကြွ နေဆဲဖြစ်ပေမဲ့ ကိုယ်ခန္ဓာက ဆက်လက်လုပ်ကိုင်ဖို့ မစွမ်းသာတော့ဘူး"

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်သည်။ "အမှန်ပဲ" ထို့နောက် ကျွန်ုပ်က မေးမြန်းသည်။ "ခင်ဗျားက အမျိုးသမီးတစ်ဦးဖြစ်နေလို့ အသက်ကို မမေးတော့ပါဘူး။ ခင်ဗျားရဲ့ အသက်ကို မပြောဘဲ ခင်ဗျားက ပိုက်ဆံဂိမ်းမှာ ဘယ်ကွာတားကို ရောက်နေပြီဆိုတာ ပြောပြပေးပါလား။ ဂိမ်းထဲမှာပဲ ရှိနေတုန်းလား၊ ဂိမ်းကို အနိုင်ပိုင်းပြီးပြီလား"

"ကျွန်မ အသက်ဘယ်လောက်ရှိပြီဆိုတာ ပြောပြဖို့ ဝန်မလေးပါဘူး။ ကျွန်မ ၃၂ နှစ်



ရှိပြီ။ ရှင်ပြောတဲ့ ပိုက်ဆံဂိမ်းရဲ့ ပထမကွာတားမှာ ကျွန်မ ရောက်နေပါတယ်။ ကျွန်မ ဂိမ်းကို နိုင်ဖို့ အဝေးကြီးလိုနေပါသေးတယ်။ ကျောင်းပညာသင်စရိတ် ချေးငွေအကြွေးထဲ နစ်နေပါတယ်။ ပြီးတော့ အိမ်ဝယ်ထားတာ အရစ်ကျ ဆပ်နေရတယ်။ ကားဝယ် ထားတာလည်း အရစ်ကျ ဆပ်နေရတယ်။ အခွန်တွေ အမျိုးမျိုးကိုလည်း ဆောင်ရတယ်။ ကျွန်မ ရသမျှ အကုန်ကုန်တာပဲ။ တစ်နေ့တစ်နေ့ အလျဉ်မီအောင် မနည်းသုံးနေရတယ်"

ကျွန်ုပ်က သူမ ပြောပြသည်တို့ အခန်းထဲ ပွဲတင်ထပ် ပျံ့နှံ့ရန် အချိန်ပေးသည့်အနေဖြင့် ခပ်ကြာကြာ အသံတိတ်ပြီး နေလိုက်သည်။ ပြီးမှ စကားစလိုက်သည်။ "ရိုးသားတာအတွက် ကျေးဇူးတင်ပါတယ်။ ခင်ဗျားက ဘဝရဲ့ စတုတ္ထကွာတားကို စတင်ချိန်မှာ အသက်က ၅၅ နှစ်။ တကယ်လို့ စတော့ချေးကွက်မှာ ငွေတွေ အတော်များများ ရှုံးထားတယ် ဆိုရင် ရေရှည်အတွက် ခင်ဗျား ရင်းနှီးမြှုပ်နှံနိုင်ဦးမှာလား။ နောက်ထပ် ဈေးကျချိန်တွေကို ခင်ဗျား တောင့်ခံပေးနိုင်မှာလား။ ခင်ဗျား ရှာတဲ့ငွေတွေရဲ့ တန်ဖိုးက နှစ်စဉ် ၁၀ ရာခိုင်နှုန်း ကျနေတာကို အသာစောင့်ကြည့်ရင်း အလုပ်လုပ်နေမှာလား"

"ဟင့်အင်း"

"ငွေအလုံအလောက် ရှိနေဖို့ အရေးကြီးတယ်ဆိုတာ အခု ခင်ဗျား သဘောပေါက်ပြီ ထင်တယ်။ ပြီးတော့ ခင်ဗျားရဲ့ ငွေရေးကြေးရေးဆိုင်ရာ ဉာဏ်ပညာကို တိုးမြှင့်ပေးပြီး အချိန်ပိုတိုတိုအတွင်းမှာ နစ်နာဆုံးရှုံးမှု ပိုနည်းနည်းဖြင့် ပိုမြင့်မားတဲ့ အမြတ်ပြန်ရခြင်းတွေ ဖန်တီးဖို့ အရေးကြီး တယ် ဆိုဘာလည်း ခင်ဗျားသဘောပေါက်ပြီ ထင်ပါတယ်"

သူမက ခေါင်းညိတ်ပြသည်။

ကျွန်ုပ်တင်ပြသည့်အချက်ကို အားဖြည့်တင်းသည့်အနေဖြင့် ကျွန်ုပ် က "ခင်ဗျားရဲ့ ငွေကြေးအနာဂတ်ကို တက်လိုက်ကျလိုက် ဖြစ်နေတဲ့ စတော့ဈေးကွက်အပေါ် လောင်းကြေး ထပ်ထားတာဟာ အဓိပ္ပာယ်မရှိသလောက် ဖြစ်နေတယ်ဆိုတာကိုလည်း အခု ခင်ဗျား သဘောပေါက်နိုင်ပြီ ထင်ပါတယ်။ ဘယ်စတော့တွေက အလားအလာကောင်းနေပြီး ဘယ် စတော့တွေက အေးစက်နေမလဲ ဆိုတာကို မှန်းဆပြီး လုပ်ကိုင်တဲ့ သူစိမ်းတွေရဲ့ လက်ထဲကို ခင်ဗျားရဲ့ ငွေတွေ အပ်နှံထားတာဟာ ဟန်မကျပါလား ဆိုတာကိုလည်း ခင်ဗျား အခု သဘောပေါက်ပြီ ထင်ပါတယ်။ ခင်ဗျားအသက်ကြီးလာတဲ့အခါ အလုပ် လုပ်ရတာ ပိုပင်ပန်းလာတယ်။ အခွန်တွေကို ပိုပေးဆောင် ရတယ်။ ပြီးတော့ တစ်သက်လုံး ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့တာတွေအတွက် ပြသစရာ ခင်ဗျားမှာ ဘာမှ မရှိပါလားဆိုတာ သိလာမယ်"

ပိုမြင့်မားသည့် အမြတ်ပြန်ရခြင်းများအတွက် ပိုက်ဆံကို ထိန်းချုပ်ထားခြင်းသည် အဘယ်ကြောင့် အရေးပါသည်ကို ယခုအခါ သူမ သဘောပေါက်သွားပြီ ဖြစ်သည်။ ကျွန်ုပ်က ဆက်လက်ဖြည့်စွက် ပြော ကြားလိုက်သည်။ "အိုမင်းချိန်မှာ လက်ထဲ ငွေမရှိမယ့်အရေးဟာ အမေရိကန်တွေအတွက် အကြီးမားဆုံးအကြောက် ဖြစ်နေရတာကို အခုဆိုရင် ခင်ဗျား သဘောပေါက်ပြီ ထင်ပါတယ်"

"ဟုတ်ကဲ့။ ဖေဖေနဲ့ မေမေတို့က လာမယ့်နှစ်ပိုင်းအတွင်းမှာ ကျွန်မနဲ့အတူ လာနေကြရတော့မယ့်အရေးအတွက် သူတို့ စိုးရိမ်ပူပန်နေကြ တယ်။ ကျွန်မလည်း စိုးရိမ်ပူပန်မိပါတယ်။ သူတို့ကို ကျွန်မ အရမ်းချစ်ပါတယ်။ သူတို့မှာ သားသမီးဆိုလို့ ကျွန်မတစ်ယောက်ပဲ ရှိပါတယ်။ ကျွန်မမှာ ယောကျ်ားနဲ့ ကလေးသုံးယောက် ရှိတယ်။ ကျွန်မယောကျ်ားနဲ့ ကျွန်မတို့က အိမ်က ကလေးတွေရဲ့ ပညာရေး၊ အိုမင်းနေတဲ့ မိဘနှစ်ပါး၊ ပြီးတော့ ကျွန်မတို့ အသက်ကြီးတဲ့အခါ အငြိမ်းစားယူပြီးရင် ငွေရှိနေဖို့၊ အဲဒါတွေ အကုန်လုံးကို ဘယ်လိုလုပ်ပြီး တစ်ပြိုင်တည်း လုပ်ပေးဖို့ ငွေကြေးတတ်နိုင်မှာလဲ"

**သားကောင်တစ်ဦး မဖြစ်စေနှင့်**

အခန်းထဲတွင် တိတ်ဆိတ်သွားပြန်သည်။ အခြားသူများသည်လည်း အလားတူ ငွေကြေး ဆိုင်ရာ ပြဿနာများ ရှိနေသည်ကို ကျွန်ုပ် သိနေသည်။ ကျွန်တော်က လေသံအေးအေးဖြင့် ပြောလိုက်သည်။ "ဒေါ်လာ ၁၀ သန်းက အရေးသိပ်မကြီးလှပါဘူး။ အရေးကြီးတာ ခင်ဗျားတို့ရဲ့ ငွေကြေးဆိုင်ရာ အနာဂတ်ကို ထိန်းချုပ်ထားနိုင်ဖို့ ဖြစ်ပါတယ်။ ခင်ဗျားရဲ့ ပိုက်ဆံဂိမ်းကို ခင်ဗျားကိုယ်တိုင် ကစားတတ်အောင် သင်ရမယ်။ ခင်ဗျားရဲ့ ပိုက်ဆံတွေကို တခြားသူတစ်ဦးက ယူပြီး ခင်ဗျားအတွက် ပိုက်ဆံဂိမ်းကို ကစားပေးတာ မဖြစ်စေရဘူး။ ခင်ဗျား မြန်မြန်ဆန်ဆန် ချမ်းသာသွားဖို့ကို ကျွန်တော် ပြောနေတာ မဟုတ်ဘူး။ ချမ်းသာတဲ့သူတွေက ဘာလို့ ပိုချမ်းသာသွားကြတာလဲ ဆိုတာကို သဘောပေါက်ဖို့ ပြောနေတာပါ။ ပြီးတော့ ပိုက်ဆံဂိမ်းမှာ ခင်ဗျားက သားကောင်အဖြစ်ကို မရောက်ဖို့ ပြောနေတာပါ။ ပိုက်ဆံဂိမ်းကို ကစားနေကြသူတွေရဲ့ သားကောင် တစ်ဦးအဖြစ်ကို ခင်ဗျားတို့ ရောက်သွားမှာကို ကျွန်တော်မလိုလားပါဘူး။ ဂိမ်းကို သဘောပေါက်ထားရင် ခင်ဗျား ပိုထိန်းချုပ်လို့ ရသွားမယ်။ ကိုယ့်ပိုက်ဆံအပေါ်မှာ တာဝန်ပိုယူနိုင်လာမယ်။ ခင်ဗျားရဲ့ ငွေကြေးအနာဂတ်ကို ခင်ဗျား ပိုထိန်းကျောင်းပေးနိုင်လာမယ်"



**အခါမနှောင်းသေးပါ**

အမျိုးသမီးက "ကျွန်မ ဂိမ်းကို နိုင်ဖို့ ဖြစ်နိုင်သလား" ဟု မေးသည်။ ကျွန်ုပ်က ပြန်ဖြေလိုက်သည်။ "သေချာတာပေါ့။ သဘောထား အမြင် ပြောင်းလဲတာနဲ့ စတင်ရမယ်။ သဘောထားအမြင် ပြောင်းလဲပြီးရင် တစ်ဆယ်နှစ် အစီအစဉ်ကို ရေးသားရမယ်။ ကျွန်တော် ထပ်ပြောပါမယ်။ အဲဒါက မြန်မြန်ဆန်ဆန် ချမ်းသာဖို့အတွက် မဟုတ်ဘူး။ အဲဒါက ဂိမ်းကို သင်ယူဖို့နဲ့ ဂိမ်းကို ကစားဖို့ ဖြစ်ပါတယ်။ ဂိမ်းကို ကစားတတ်သွားတဲ့အခါ ဂိမ်းက ပျော်စရာပိုကောင်းလာမယ်။ နှစ်တွေကြာလာတဲ့အခါ လူအများစုက ပြောကြမယ်။ အရင်တုန်းက ငါဘာလို့ ဒီဟာကို မလုပ်ခဲ့ရတာလဲ။ ဒီဟာက ဂိမ်းကောင်း တစ်ခုပဲလို့ သူတို့ ပြောကြမယ်"

"တကယ်လို့ ကျွန်မက မပြောင်းလဲဘူးဆိုရင် ဂိမ်းကို နိုင်ဖို့ ခဲယဉ်းနေမယ်။ အဲဒါ ဟုတ်လား"

"ကျွန်တော့်မှာ အနာဂတ်ကို ကြည့်တဲ့ ဓာတ်ဖန်လုံး မရှိဘူး။ ဒါပေမဲ့ ကလေးက သုံးယောက်၊ အသက်ကြီးကုန်ပြီဖြစ်တဲ့ မိဘနှစ်ပါး၊ ခင်ပွန်းသည်တို့အတွက် ငွေကြေးလိုအပ်ချက်တွေ ရှိနေတာကြောင့် ကျွန်တော်ပြောချင်တာကတော့ ဂိမ်းက အခုကတည်းက အနိုင်ရနေပြီ။ ခင်ဗျားက အနိုင်ရတာ မဟုတ်ဘူး။ စလိုက်ဖို့အတွက် နောက်ကျတယ်ရယ်လို့ မရှိ ပါဘူး။ ဒီတော့ စောနိုင်သမျှ စောစော စတင်လိုက်ပါ။ ခင်ဗျားမှာ ရှိတဲ့ ပိုက်ဆံတွေ၊ ခွန်အားတွေ အကုန်လုံး ကုန်တော့မှ ထလုပ်တာမျိုး မလုပ်ဖို့ ကျွန်တော်ပြောချင်ပါတယ်။ ငွေကြေးနဲ့ ပတ်သက်လို့ ဆိုးဝါးတဲ့ အကြံပြုချက်တွေ ယူပြီး ရေရှည်အတွက် ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ကိုင်မယ်ဆိုရင် ခင်ဗျား မနည်းရှာထားရတဲ့ပိုက်ဆံတွေ ထည့်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုထံမှ ခင်ဗျား မျှော်လင့်ထားသလို ရမှာ မဟုတ်ဘူး။ အလုပ်ကို ပိုကြိုးစား လုပ်ကိုင်ပြီး ရှိနေတဲ့ ငွေကြေးပြဿနာတွေ ပျောက်သွားမယ်လို့ မျှော်လင့်ထားရင်လည်း ထင်ထားသလို ဖြစ်လာမှာ မဟုတ်ဘူး။ ပိုတောင် ဆိုးသွား နိုင်တယ်။ အလုပ်လုပ်တာကို ဘယ်တော့မှ ရပ်လိုက်လို့ မရဘူးဆိုတာ သိလာလိမ့်မယ်။ တစ်မနက်မှာ အိပ်ရာကထတော့ "*ငါ့ငွေတွေ ဘယ်သူယူသွားသလဲ*" လို့ မေးတဲ့ လူသန်းပေါင်းများစွာလို ခင်ဗျားမလုပ်ပါနဲ့"

အမျိုးသမီးက ခေါင်းညိတ်ပြသည်။ ထိုင်ခုံမှာ ပြန်ထိုင်သည်။ သူမသည် စဉ်းစား တွေးတောစရာများ များပြားနေပြီ ဖြစ်သည်။ သူမ၏ ပိုက်ဆံများကို ထိန်းချုပ်မည် သို့မဟုတ် အလွယ်နည်းဖြစ်သော သူမထက် ငွေကြေးကိစ္စတွင် ပိုတော်သည်ဟု သူမ

မျှော်လင့်ထားသူ၏ လက်ထဲသို့ သူမ၏ ပိုက်ဆံများထည့်ပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုနိုင်းမည် ဆိုသည်ကို သူမ စဉ်းစားဆုံးဖြတ်ရမည်။ ထိုရွေးချယ်မှုကို သူမ ကိုယ်တိုင်သာ ပြုပေးနိုင်ပါသည်။

ထို့အတွက် ဤစာအုပ်က ပြောပြထားသည်။ ဤစာအုပ်သည် ပိုက်ဆံဂိမ်းအကြောင်း ဖြစ်သည်။ သင့်ငွေကြေးအပေါ် သင်၏ ထိန်းချုပ် မှုကို သူတစ်ပါး လက်ထဲသို့ ထည့်ပြီး ဂိမ်းကို ကစားနိုင်းမည် သို့မဟုတ် ကိုယ့်ပိုက်ဆံကို ကိုယ်ကိုယ်တိုင် ထိန်းချုပ်ပြီး သင့်အနာဂတ်နှင့် ဂိမ်းကို ထိန်းချုပ်မည်ဆိုသည်ကို ရွေးချယ်ရမည့်အကြောင်း ဖြစ်သည်။ ကျွန်ုပ်၏ သူဌေးဖေဖေက ပြောသည်မှာ "မင်းရဲ့ ပိုက်ဆံကို မင်း ထိန်းချုပ်မှု ရယူထားတယ်ဆိုရင် မင်းဘဝကို မင်းကိုယ်တိုင် ထိန်းချုပ်ထားတယ်" ဟူ၍ ဖြစ်သည်။ ထို့အပြင် သူက ပြောပြသည်မှာ "မင်းရဲ့ ပိုက်ဆံတွေကို သူစိမ်းလက်ထဲ အပ်နှံထားလိုက်တယ်ဆိုရင် မင်းရဲ့ ပိုက်ဆံတွေက အဲဒီသူစိမ်းအတွက် အရင် အလုပ်လုပ်ပေးလိမ့်မယ်။ ပြီးမှ မင်းအလှည့်လာမယ်"

အပိုင်း [ ၁ ]

## ဘာကို ရင်းနှီးမြှုပ်နှံရမလဲ

သင့်ရဲ့ ရင်းနှီးမြှုပ်နှံမှုပညာပိုင်း ပိုကောင်းလာတာနဲ့မျှ ပိုကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှု အကြံပေးချက်ကို သင် ရရှိပါလိမ့်မယ်။

သူဌေးဖေဖေ

အခန်း (၁)

## အရောင်းသမားတစ်ဦးကို မေးပါ

တကယ်လို့ ခင်ဗျားက ပိုတော်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်ချင်တယ်ဆိုရင် အရောင်းဆွယ်စကားနဲ့ ကြောင်းကျိုး ခိုင်လုံတဲ့ ရင်းနှီးမြှုပ်နှံမှု အကြံပေးချက်တို့အကြား ကွဲကွဲပြားပြား သိအောင် သင်ယူထားပါ။

*သူဌေးဖေဖေ*

"ကျွန်တော့်မှာ ဒေါ်လာတစ်သောင်းရှိတယ်။ ဘာကို ရင်းနှီးမြှုပ်နှံရင် ကောင်းမလဲ" မိတ်ဆက်စကားတွင် တင်ပြခဲ့သည့်အတိုင်း ရိုးရှင်းသောမေးခွန်းအား မည်သို့ အဖြေပေးရမည်ဆိုသည်ကို နှစ်ပေါင်းအတန်ကြာသည်အထိ ကျွန်ုပ် မသိခဲ့ချေ။ အစောပိုင်းတွင် ဤမေးခွန်းအတွက် ကျွန်ုပ် ပြန်လည်ပြောကြားခဲ့သည်တို့မှာ ကိုးရိုးကားရားနိုင်လှသည်။ ဝေ့လည်ကြောင်ပတ် ဖြစ်နေခဲ့သည်။ မရေမရာ ဖြစ်နေခဲ့သည်။ ကျွန်ုပ် အဖြေပေးဖို့ မစွမ်းသာ ဖြစ်နေခဲ့ရသည့်အကြောင်းမှာ ထိုသို့ ရိုးရှင်းသည့် မေးခွန်းတစ်ခုသည် ရိုးရှင်းနေသော်ငြားလည်း ဆီလျော်သည့်အဖြေမှာ ထိုသို့ ရိုးရှင်းခြင်းမဖြစ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကွာခြားကြသည်။

ကျွန်ုပ်တို့သည် ကွဲပြားသော ဘဝလမ်းကြောင်းများမှ လာကြသည်။ စိတ်ကူးသော အိပ်မက်များမှာလည်း မတူကြချေ။ စိတ်လှုပ်ရှားခံစားမှုများအရ တွယ်နှောင်ကြ

သည်မှာလည်း ကျွန်ုပ်တို့ ကွဲပြားခြားနားနေသည်။ ကျွန်ုပ်တို့၏ ငွေကြေး ကျောထောက်နောက်ခံများသည်လည်း မတူကြချေ။ ငွေကြေးဆုံးရှုံးမှုဒဏ်ကို ခံနိုင်ရည်ရှိပုံချင်းလည်း မတူကြချေ။ တစ်နည်းဆိုရသော် ကျွန်ုပ်က ဒေါ်လာ တစ်သောင်းဖြင့် လုပ်ကိုင်မည့် အရာသည် သင်က သင့်၏ ဒေါ်လာ တစ်သောင်းဖြင့် လုပ်ကိုင်မည့်အရာနှင့် မတူနိုင်ချေ။ ထို့အပြင် လွန်ခဲ့သည့် တစ်ဆယ်နှစ်တုန်းက ဒေါ်လာ တစ်သောင်းဖြင့် ကျွန်ုပ်လုပ်ကိုင်မည့်အရာသည် ယခုအခါ ဒေါ်လာတစ်သောင်းဖြင့် လုပ်ကိုင်မည့်အရာနှင့် မတူချေ။ အိုင်းစတိုင်းက ဆိုထားသည်။ **"အရာတိုင်းသည် နှိုင်းယှဉ်နှီးနွှယ်နေကြသည်"**

ထိုမေးခွန်းကို အချိန်အတော်ကြာ မေးမြန်းခံနေခဲ့ရပြီး နောက်ဆုံး၌ ကျွန်ုပ်အနေဖြင့် ဆီလျော်သည်ဟု ယူဆသော အဖြေတစ်ခုကို ကျွန်ုပ် ရရှိခဲ့ပါသည်။ ယခုအခါ ၎င်း မေးခွန်းကို မေးမြန်းခံရသည့်အခါ ကျွန်ုပ် ပြန်ဖြေသည်မှာ "တကယ်လို့ ခင်ဗျားရဲ့ ပိုက်ဆံတွေနဲ့ ခင်ဗျား ဘာလုပ် ရမလဲဆိုတာ မသိဘူးဆိုရင် ဘဏ်ထဲမှာ ထည့်ထားလိုက်ပါ။ ပြီးတဲ့ အခါမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် ခင်ဗျားမှာ ငွေရှိတဲ့အကြောင်း ဘယ်သူ့ ကိုမှ မပြောပါနဲ့" ထိုသို့ ကျွန်ုပ်ပြောရသည့်အကြောင်းမှာ အကယ်၍ သင်သည် သင့်၏ ပိုက်ဆံများဖြင့်မည်သို့လုပ်ကိုင်ရမည်ကို မသိပါက မည်သို့လုပ်ကိုင်ရမည်ဟု စကားအဖြစ် သိကြသူများ သန်းချီသော ဦးရေဖြင့် ရှိနေသည်။ ပိုက်ဆံကိစ္စဆိုလျှင် လူတိုင်းမှာ ထင်မြင်ယူဆချက်နှင့် အကြံများ ရှိနေကြသည်။ သို့ဖြစ်ရာ သင့်လက်ထဲမှ ပိုက်ဆံများ အတွက်လည်း သူတို့မှာ အကြံများ ရှိနေသည်။

## အကြံပေးချက်၏ ပြဿနာ

ပြဿနာမှာ အကြံများအားလုံးတို့သည် ပိုကောင်းသော အကြံများချည်း မဟုတ်ကြခြင်းဖြစ်သည်။ စတော့ဈေးကွက်ပြိုလဲခဲ့သည်။ သန်းချီသောဦးရေရှိသည့် လူအများတို့သည် ထရီလီယံချီသော ဒေါ်လာများ ဆုံးရှုံးကုန်သည်။ ထိုအထဲတွင် လူအများအပြားတို့သည် ငွေကြေး ကျွမ်းကျင်သူများဟု ခေါ်ဝေါ်ခံရသူများ၏ အကြံပေးချက်များကို လိုက်နာခဲ့ကြသောကြောင့် ဆုံးရှုံးကြရခြင်း ဖြစ်သည်။ ဖောက်တိဖောက်ထိုးဖြစ်နေသည်မှာ အဆိုပါ ငွေကြေးကျွမ်းကျင်သူများတွင် အားလုံးနီးပါးတို့သည် ယနေ့အထိ အကြံများ ပေးနေကြခြင်းဖြစ်သည်။ လူအများတို့ကလည်း စိတ်ပါလက်ပါဖြင့် လိုက်နာနေကြသည်။

ကမ္ဘာ့သမိုင်း၏ စတော့ဈေးကွက် အဆိုးဝါးဆုံး ပြိုလဲခြင်းများတွင် ငွေကြေး



ကျွမ်းကျင်သူများသည် လူအများတို့အား သူတို့၏ ငွေများကို ဈေးကွက်ထဲတွင် ဆက်လက်ထားရှိဖို့ ပြောဆိုကြသည်။ ရောင်းထုတ် ပစ်ရမည့်အစား ငွေကြေး ကျွမ်းကျင်သူတို့က ဝယ်ကြဖို့ ပြောဆိုသည်။ လူအများအပြားတို့က စကားကို နားထောင်ပြီး ဝယ်ယူကြသည်။ အောက်ဆုံးသို့ ရောက်သည်အထိ ဝယ်ကောင်းတုန်း ဖြစ်သည်။

ဆိုရိုးစကားဟောင်း ရှိသည်။ "တက္ကဆီယာဉ်မောင်းတို့က ကျွန်ုပ်တို့၏ စတော့များ အတွက် အကြံပေးစကား ပြောဆိုကြလျှင် ရောင်းရ မည့်အချိန် ဖြစ်သည်" ထိုဆိုရိုးစကား သည် ငွေကြေးကျွမ်းကျင်သူများကိုလည်း ထည့်သွင်းပြီး အကျုံးဝင်စေသင့်သည်။

## ဆင်ခြင်တုံတရား၏ အသံများ

၁၉၉၅ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်အစောပိုင်းတို့ ကြားကာလတွင် စီးပွားပွင့်လန်းခြင်း များ အရှူးအမူး ဖြစ်ပေါ်နေခဲ့စဉ် ပြည်ထောင်စု အရန်ငွေ၏ ဥက္ကဋ္ဌ အလန်ဂရင်းစပန်နှင့် ကမ္ဘာ့အကြီးကျယ်ဆုံး ရင်းနှီးမြှုပ်နှံသူ ဝါရန်ဘတ်ဖ်ဖစ်တ်တို့ထံမှ စကားသံတစ်ခုစီ ထွက်ပေါ်ခဲ့သည်။ မစ္စတာ ဂရင်း စပန်က မကောင်းမကန်းများ အလျှံပယ်ဖြစ်နေသည် ဟု ဆိုသည်။ ဝါရန်ဘတ်ဖ်ဖစ်တ်က စတော့ဈေးကွက်ကို လက်ရှောင်ထားဖို့ ပြောသည်။ စီးပွားရေး စန်းထခဲ့ပြီး ပူဖောင်း ပေါက်သွားသည်။ လိမ္မာပါးနပ်သော ရင်းနှီးမြှုပ်နှံမှု အကြောင်းကို ပြောဆိုကြရာတွင် ဝါရန် ဘတ်ဖ်ဖစ်တ်ကို ကြိမ်ဖန်များစွာ ရည်ညွှန်းကြသည်။ ငွေကြေးအတိုင်ပင်ခံများက သူ့အမည်ကို သြဇာတိက္ကမရှိသူအဖြစ် အသုံးပြုပြီး စတော့ ဈေးကွက်ထဲသို့ လူတစ်ဦး အဘယ်ကြောင့် ဝင်သင့်သည်ကို ပြောပြကြသည်။ ငွေကြေး အတိုင်ပင်ခံများသည် ဝါရန်ဘတ်ဖ်ဖစ်တ်က ဤသို့ ဆိုထားသည်၊ ဝါရန်ဘတ်ဖ်ဖစ်တ်က ထိုသို့ ဆိုထားသည်ဟု ရည်ညွှန်းပြောဆိုကြသည်။ ဝါရန်ဘတ်ဖ်ဖစ်တ်၏ အမည်ကို သုံးလိုက်သောအခါ လူအများတို့သည် စတော့ဈေးကွက်ထဲသို့ ငွေများ ပိုထည့်ဖြစ် သွားသည်။ မိမိတို့အပေါ် ယုံကြည်အားကိုးသူများကို အတိုင်ပင်ခံတို့က ပြောမပြသည့် အချက်မှာ ဝါရန်ဘတ်ဖ်ဖစ်တ်သည် စတော့ဈေးကွက်ထဲ၌ မရှိခြင်း ဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် ဖော်ကျွန်းမဂ္ဂဇင်းက ဝါရန်ဘတ်ဖ်ဖစ်တ်နှင့် အင်တာဗျူးကို *'အရာရာကို အတတ်ဟောနိုင်သူ'* ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။ ဘတ်ဖ်ဖစ်တ်က ပြောပြသည်မှာ "လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ တုန်းက ကျွန်တော့်ရဲ့ ပထမဆုံး စတော့ကို ကျွန်တော် ဝယ်ခဲ့ပါတယ်။ နှစ်ပေါင်း ၅၀ မှာ သူလိုငါလို စတော့တွေကို ဝယ်ယူဖို့ ဆွဲဆောင်မှုရှိခဲ့တယ်။ အဲဒါမျိုး ကျွန်တော် မတွေ့ရတော့တာ ၁၀ နှစ်လောက်ရှိပြီ"

စတော့ဝယ်ယူခြင်းကို သူ ရပ်ပစ်လိုက်သည့် အကြောင်းတစ်ချက်မှာ ရိုးရှင်းသည်။ ၂၀၀၂ ခုနှစ်အထိ ၁၀ နှစ်တာအတွင်းတွင် စတော့များသည် ဈေးကြီးလွန်းနေသည်။ ကမ္ဘာ့အကြီးကျယ်ဆုံး ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံစရာ ဘာတစ်ခုမှ မတွေ့သော်လည်း သန်းချီသော ဦးရေ ရှိသည့် ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံသူများနှင့် အတိုင်ပင်ခံများက တွေ့ကြခြင်းအတွက် ကျွန်ုပ် စိတ်ဝင်စားမိသည်။

## ကမ္ဘာ့အကြီးကျယ်ဆုံး ရင်းနှီးမြှုပ်နှံသူကို ဝေဖန်ခြင်း

ထိုအင်တာဗျူးတွင် စီးပွားရေးစန်းထမှု အထွတ်အထိပ်ရောက်ရှိနေစဉ် လေးစားရသော ငွေကြေးကျွမ်းကျင်သူများ အများအပြားနှင့် ပုံနှိပ်ထုတ်ဝေမှုများ အများအပြားတို့တွင် ဝါရန် ဘတ်ဖ်ဖစ်တ်ကို စတော့ ဈေးကွက်ထဲ၌ သူရှိမနေခြင်းအတွက် ဝေဖန်ကြသည်။ ကျွမ်းကျင်သူ တစ်ဦးဖြစ်သည့် ဟယ်ရီနျူတန်သည် နည်းပညာရင်းနှီးမြှုပ်နှံသူမဂ္ဂဇင်းထုတ်ဝေသူဖြစ်သည်။ သူက ရေးသားခဲ့သည်မှာ "ဝါရန်ဘတ်ဖ်ဖစ်တ်က ငါ မှားသွားတယ်ဟု ပြောသင့်သည်။ သူက ဆီလီကွန်၊ ဝါယာလက်စ်၊ ဒီအက်စ်အိုင်၊ ကေဘဲနှင့် ဇီဝနည်းပညာ တော်လှန်ရေးများကို ဘယ်လို လွတ်သွားခဲ့သလဲ"

တစ်လအကြာတွင် နည်းပညာဈေးကွက် ပြိုလဲသွားသည်။ ရင်းနှီး မြှုပ်နှံသူတို့၏ ငွေများ ဒေါ်လာဘီလီယံချီပြီး ပါသွားသည်။ ငါမှားသွားတယ်ဟု ယခုအခါ မည်သူက ပြောသင့်သနည်း။

## ကျွန်ုပ်၏ စံချိန်များ

ကျွန်ုပ်သည် ငွေကြေးကျွမ်းကျင်သူဟု ဆိုကြသူများနှင့် မကြာခဏ ရောနှောရသူဖြစ်သည့်အားလျော်စွာ ကျွန်ုပ်၏ စံချိန်များကို သတိမူမိဖို့ အရေးကြီးသည်။ ဘောလ်တီမိုးမြို့နေ စတော့ပွဲစားတစ်ဦးထံမှ ဖုန်းခေါ်သည်ကို ကျွန်ုပ် လက်ခံခဲ့ရာ သူက "ခင်ဗျားရဲ့ တတိယမြောက် စာအုပ် ရင်းနှီးမြှုပ်နှံမှုအတွက် သူဌေးဖေဖေရဲ့ လမ်းပြချက်ကို ကျွန်တော် အခုပဲ ဖတ်လို့ ပြီးသွားတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ပြိုလဲမယ်လို့ ခင်ဗျားဟောကိန်း ထုတ်ခဲ့တာအတွက် ခင်ဗျားကို ကျွန်တော် ချီးကျူးပါတယ်။ ဈေးကွက် ထိုးမကျခင်မှာ ကျွန်တော့်ထံ ငွေအပ်နှံထားသူတွေကို အဲဒီစာအုပ် ပေးဖတ်နိုင်ခဲ့ရင် ကောင်းမယ်လို့ ကျွန်တော် တွေးမိတယ်" ယခုအခါ ထိုပြိုလဲခြင်းကို ကျွန်ုပ် ဟောကိန်း ထုတ်ခဲ့သည်ဟု ကျွန်ုပ် မယူဆတော့ချေ။ ကျွန်ုပ်က သတိပေးခဲ့ခြင်းသာ ဖြစ်သည်။



ကျွန်ုပ်၏ စံချိန်အတွက် အကောင်းဆုံး သက်သေခံကို ကျွန်ုပ်၏ မှတ်တမ်းများတွင် မတွေ့ရချေ။ သို့သော် သူဌေးဖေဖေ၏ အောင်မြင်မှု ဇာတ်ကြောင်းများထဲမှ မှတ်တမ်းမှတ်ရာများထဲတွင် တွေ့ရသည်မှာ ကျွန်ုပ်၏ စာဖတ်ပရိသတ်၏ စံချိန်များ ဖြစ်သည်။ ထိုစာအုပ်သည် စတော့ဈေးကွက်ထဲတွင် သန်းချီသောဦးရေ ရှိသူတို့သည် ထရီလီယံချီသော ဒေါ်လာများ ဆုံးရှုံးနေကြစဉ် ငွေကြေးဆိုင်ရာများ အခြေအနေ ကောင်းမွန်နေသော နေ့စဉ်တွေ့နေကျ လူအများတို့ဖြစ်သော ကျွန်ုပ်၏ စာဖတ်ပရိသတ်များ၏ တစ်ကိုယ်ရေဆိုင်ရာ အောင်မြင်မှုဇာတ်ကြောင်းများ ရေးသားထားသည်။ သို့ဖြစ်ရာ ကိုယ်ရည်သွေးပြီး မိမိ၏ ငွေကြေးဆိုင်ရာ အောင်မြင်မှုများကို စတော့ဈေးကွက်ပြိုလဲနေစဉ် ရရှိနေခြင်းအကြောင်း အမွှမ်းတင်ခြင်းထက် ကျွန်ုပ်အဖို့ အရေးအပါဆုံးရလဒ်များ ဖြစ်သည့် ကျွန်ုပ်၏ စာဖတ်ပရိသတ်များ၏ ရရှိသော အောင်မြင်မှုအား တိုင်းတာပြခြင်းကိုသာ ရေးသားခဲ့ပါသည်။

## မေးခွန်းကို ဖြေဆိုခြင်း

ငွေကြေးဆိုင်ရာ အောင်မြင်မှုအတွက် ကောင်းမွန်သော အကြံပေးချက်သည် အလွန်အမင်း အရေးပါသည်။ "ကျွန်တော့်မှာ ဒေါ်လာ တစ်သောင်း ရှိတယ်။ ဘာကို ရင်းနှီးမြှုပ်နှံရင် ကောင်းမလဲ" ဟူသည့် မေးခွန်းအတွက် ကျွန်ုပ်မှာ အဖြေအဆင်သင့် ရှိနေစေလိုသည့် အချိန်အခါများ အကြိမ်များစွာ ရှိခဲ့ဖူးသည်။ နှစ်ပေါင်းအတော်ကြာအောင် ကျွန်ုပ် ဖြေဆိုခြင်း မပြုခဲ့သည့် မေးခွန်းအတွက် ဤစာအုပ် *ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားသလဲ* တွင် အဖြေပေးဖို့ ကျွန်ုပ် ဆုံးဖြတ်ခဲ့သည်။ ရိုးရှင်းသော မေးခွန်းကို အဖြေပေးရန်အတွက် ဤစာအုပ်ကို ရေးဖို့ ကျွန်ုပ် ဆုံးဖြတ်ရသည်မှာ ထိုမေးခွန်းသည် အလွန်အရေးကြီးသော မေးခွန်းတစ်ခု ဖြစ်နေသောကြောင့် ဖြစ်သည်။

## ဆိုးဝါးသော အကြံပေးချက်အတွက် ပေးဆပ်ရခြင်း

လွန်ခဲ့သည့် နှစ်အနည်းက ကျွန်ုပ်သည် လေဆိပ်သို့ တက္ကစီဖြင့် သွားနေစဉ် ရေဒီယိုမှ ငွေကြေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ရင်းနှီးမြှုပ်နှံမှုအတွက် အကြံအချို့ကို ပြောပြနေသည်။ "အခုအခါ စတော့ ဈေးကွက်ထဲကို ပြန်သွားဖို့ အချိန်အခါ ကျရောက်ပါပြီ" ဟု သူကပြောရာ အသံလွှင့်ဌာနမှ မေးမြန်းသူက "အဲဒါ ဘာကို ဆိုလိုပါသလဲ" ဟု မေးသည်။

"အကုန်လုံး မီးစိမ်းပြနေပြီ။ ဒီဈေးကွက်က တန်းတန်းမတ်မတ် ထောင်တက်တော့မယ်" ဟု ငွေကြေးကျွမ်းကျင်သူက ဖြေကြားသည်။ ထို့နောက် သူက စတော့ဈေးကွက်အကြောင်း ရှင်းပြပြောဆိုလျှင်သုံးစွဲ သည့် လုပ်ငန်းသုံး ဝေါဟာရများဖြင့် တစ်ဖျစ်တောက်တောက် ပြောပြ နေသည်။ စတော့ဈေးကွက် မပြိုလဲခင်က ကျွန်ုပ်တို့ ထပ်ဖန်တလဲလဲ ကြားခဲ့ရသော စကားများကို သူပြောနေခြင်း ဖြစ်သည်။ ထိုစကားမျိုးတို့ ကို ဈေးကွက်ပြိုလဲနေစဉ်၌လည်း အကြိမ်ကြိမ် ကြားခဲ့ကြသည်။ ယခု ဈေးကွက်ပြိုလဲပြီးချိန်တွင်လည်း ကြားရပြန်သည်။ ကားပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ငေးကြည့်နေစဉ် မေးမြန်း သူက သူ့အလှည့်ကို ပြန်ယူလိုက်သဖြင့် ငွေကြေးကျွမ်းကျင်သူက စကား ကို ဖြတ်လိုက်ရသည်။ "ကောင်းပြီ။ ဖုန်းလိုင်းကို ဖွင့်ထားလိုက်ပြီ။ မေးခွန်း မေးချင်တဲ့သူရှိရင် ဖုန်းဆက်ပြီး မေးမြန်းလို့ ရပါပြီ"

အရင်ဆုံး ဖုန်းဝင်သွားသူက "ကျွန်တော်၇၈ နှစ် ရှိပြီ။ ကျွန်တော့် မိန်းမက ၇၅ နှစ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက ကျွန်တော်တို့မှာ စိတ်ချရတဲ့ ရင်းနှီးမြှုပ်နှံမှု အစုစု ကောင်းကောင်းကို ရထားတယ်လို့ ထင်ခဲ့ကြတယ်။ ပေါင်းစုရန်ပုံငွေများမှာ ကျွန်တော်တို့ ဒေါ်လာတစ်သန်းလောက် ရှိတယ်"

မေးမြန်းသူက "ကောင်းတာပေါ့" ဟု စကားဝင်ထောက်ပေးသည်။

"ဟုတ်တယ်။ ဒါပေမဲ့ အဲဒါက လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းကပါ"

ငွေကြေးကျွမ်းကျင်သူက "အခု ခင်ဗျားတို့မှာ ဘယ်လောက်ရှိသလဲ"

"အဲဒါ ပြဿနာပဲ။ ဈေးကွက် စပြိုလဲတော့ ကျွန်တော့်ရဲ့ ငွေကြေးအစီအစဉ် ရေးဆွဲသူဆီကို ကျွန်တော်ဖုန်းခေါ်ပြီး အကြံတောင်းတယ်"

မေးမြန်းသူက "သူက ဘာပြောလဲ" ဟု မေးလိုက်သည်။

"သူက ခင်ဗျား တွေ့ဆုံမေးမြန်းနေတဲ့သူက ပြောတဲ့အတိုင်း အကြံပေးပါတယ်။ ဈေးကွက်က ပြန်ကန်တက်ခါနီးပြီလို့ သူက ပြောတယ်။ အမြတ်ယူတာ နည်းနည်း ပါးပါးကြောင့် ပြန်ချိန်ညှိတာ အသေးစားလေးတွေ ဖြစ်ပေါ်နေတာတဲ့။ သူက ဈေးကွက် ပြိုလဲတယ်လို့ ကျွန်တော်တို့ကို ဘယ်တော့မျှ မပြောပါဘူး။ တကယ်အဖြစ်မှန်က ဘာလဲဆိုတော့ ဈေးကွက်ကျဆင်းနိုင်တယ်ဆိုတာကို သူက ဘယ်တော့မှ မပြောပြဘူး။ ပေါင်းစုရန်ပုံငွေများဟာ စိတ်မချရဘူးဆိုတာကိုလည်း သူက ဘယ်တော့မှ မပြောပြဘူး။ အဲဒါအစား သူက ကျွန်တော်တို့ကို ရေရှည် ဆက်လက်ရင်းနှီးမြှုပ်နှံဖို့ကိုပဲ အမြဲပြောတယ်။ ဝယ်ပါ။ ကိုင်ထားပါ။ အမျိုးမျိုး ခက်ဖြာပါလို့ သူက အကြံပေးတယ်"



မေးမြန်းသူက "ဒီတော့ ရှင်က ဘာဆက်လုပ်သလဲ"ဟု မေးသည်။

"ကျွန်တော်တို့ ငြိမ်ငြိမ်လေး ထိုင်နေလိုက်တယ်။ သူပြောတဲ့အတိုင်း ကျွန်တော်တို့ လုပ်တယ်။ ဆက်ကိုင်ထားရင်း ဈေးကွက် ဆက်လက် ကျဆင်းနေတာကို စောင့်ကြည့်တယ်။ ဈေးတွေက ထပ်နိမ့်ကျသွားတဲ့ အခါမှာ သူက ကျွန်တော်တို့ဆီကို ဖုန်းဆက်ပြီး ဈေးတွေ ကျနေတုန်း ထပ်ဝယ်ထားဖို့ ပြောတယ်"

"ဒီတော့ ထပ်ဝယ်လိုက်လား"

"သေချာတာပေါ့။ ထပ်ဝယ်လိုက်ကြတယ်။ ဒါပေမဲ့ စတော့ဈေးကွက်က ဆက်လက်ကျဆင်းနေတယ်။ သူ့ဆီကို ကျွန်တော်တို့ ဖုန်းအဆက်အသွယ်တွေ လုပ်တယ်။ လအနည်းငယ် ကြာပြီးတဲ့အခါ ကျွန်တော်တို့ ဖုန်းခေါ်တာကို သူက မဖြေတော့ဘူး။ နောက်တော့ သိရတာက သူက အဲဒီလုပ်ငန်းက အလုပ်ထွက်သွားတယ်။ ကျွန်တော်တို့ကို တခြားတစ်ယောက်ဆီ လက်လွှဲပေးခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းက ပို့လိုက်တဲ့ စာအိတ်ကို ဖွင့်ရတာ ကျွန်တော်တို့ ရွံ့မုန်းနေပြီ။ ကျွန်တော်တို့ တစ်သက်လုံး ကြိုးစားပမ်းစား ရှာဖွေထားတာသမျှတွေ အကုန်လုံး ဈေးကွက်ပြိုလဲချိန်မှာ ပျောက်ဆုံး သွားခဲ့ပြီ။ ကျွန်တော်တို့ အသက်အရွယ်အိုမင်းလို့ အလုပ်မလုပ်နိုင်ကြတော့ဘူး။ အခု ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုတာ ဦးနှောက်ခြောက်နေကြတယ်"

မေးမြန်းသူက " အခု ငွေဘယ်လောက် ကျန်သေးလဲ" ဟု မေးလိုက်သည်။

"ကျွန်တော်တို့ ဖုန်းခေါ်တာကို မဖြေတော့တဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ လုပ်စရာရှိတာတွေ လုပ်လိုက်ကြတယ်။ ပေါင်းစုရန်ပုံငွေများမှာ ထည့်ထားတာတွေကို ကျွန်တော်တို့ ရောင်းလိုက်တယ်။ အဲဒါ ဒေါ်လာသုံးသိန်းခွဲလောက် ပြန်ရလိုက်တယ်။ ဘဏ်မှာ ကျွန်တော်တို့ စုထား လိုက်တယ်"

မေးမြန်းသူက "ကောင်းတာပေါ့။ အနည်းဆုံးအနေဖြင့် လက်ထဲမှာ ငွေရှိနေ သေးတယ်။ ဒေါ်လာသုံးသိန်းခွဲဆိုတာ နည်းနည်းနောနောမှ မဟုတ်တာ" ဟု ပြောလိုက် သည်။

"ဟုတ်ပါတယ်။ ဒါပေမဲ့ ပြဿနာက စုဆောင်းငွေအတွက် ဘဏ်တိုး က တစ်နှစ်ကို တစ်ရာခိုင်နှုန်းပဲ ပေးတယ်။ ကျွန်တော်တို့ လက်ရှိ စုထား တာ သုံးသိန်းခွဲဆိုတော့ တစ်နှစ်ကို သုံးထောင့်ငါးရာပဲ ရတယ်။ လူမှု ဖူလုံရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတို့ ရထားတာတောင်မှ အဲဒီ လောက်ငွေလေးနဲ့ တစ်နှစ်လုံး နေထိုင်ဖို့ဆိုတာ အတော်ခက် ပါတယ်။ ဒီတော့ ကျွန်တော်တို့ စုဆောင်းငွေထဲကနေ ထုတ်သုံးကြရလိမ့်မယ်။ အဲဒီလို

လုပ်ရင် ငွေရေးကြေးရေးက ပိုဆိုးသွားလိမ့်မယ်။ အဲဒါ ဘယ်လို အကြံပေးချင်ပါသလဲ" ငွေကြေးအတိုင်ပင်ခံက မေးသည်။ "ခင်ဗျားတို့မှာ အိမ်ပိုင် ရှိလား"

"အင်း . . .။ ရှိတယ်။ ဒါပေမဲ့ ရောင်းဖို့ကိုတော့ မပြောပါနဲ့။ ကျွန်တော်တို့မှာ အဲဒါလေးပဲ ကျန်တော့တယ်။ ပြီးတော့ တန်ဖိုးက ဒေါ်လာ တစ်သိန်းနှစ်သောင်းပဲ တန်တယ်။ အဲဒါကို အပေါင်ထားပြီး ကျွန်တော်တို့ ဒေါ်လာ ရှစ်သောင်းချေးထားတယ်။ ဘာလို့ များများစားစား ချေးထားရတာလဲဆိုတော့ ဘဏ်တိုးနှုန်းတွေ ကျသွားတော့ ငွေပြန်ဖြည့်ဖို့အတွက် အိမ်ပိုင်ဆိုင်မှုထဲကနေ ဖဲ့ယူပြီး ဖြည့်တင်းခဲ့ရတယ်"

မေးမြန်းသူက "အိမ်ပေါင်ပြီး ချေးထားတဲ့ငွေကို ရှင်တို့ ဘာလုပ်ထားသလဲ"

"မရှိတော့ဘူး။ အဲဒီငွေနဲ့ ကျွန်တော်တို့ နေထိုင်ရတာလေ။ ဒါကြောင့် အခုလို ဖုန်းခေါ်ပြီး အကြံတောင်းခံရတာပါ"

မေးမြန်းသူက ငွေကြေးကျွမ်းကျင်သူကို မေးမြန်းသည်။ "ဒီလင်မယားကို ဘယ်လို အကြံမျိုးပေးချင်ပါသလဲ"

"ပထမတစ်ချက်က ခင်ဗျားတို့ရဲ့ ရှယ်ယာတွေကို မရောင်းချသင့်ဘူး။ ရောင်းပစ်လိုက်တာ မှားတယ်။ ကျွန်တော် ပြောတဲ့အတိုင်း ဈေးကွက်က ပြန်လာမှာ"

"ဒါပေမဲ့ ဈေးကျပြီးရင်း ကျနေတာ နှစ်အတော်ကြာနေပြီ။ ကျွန်တော်တို့လို အသက်အရွယ်မျိုးမှာ အများကြီး ဆုံးရှုံးသွားမှာကို အရမ်း ကြောက်ကြပါတယ်"

"ဟုတ်ပါတယ်။ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောတာကို နားထောင်ပါ။ ခင်ဗျားတို့ အမြဲတစေ ရေရှည်ရင်းနှီးမြှုပ်နှံမှုကိုပဲ လုပ်ရမယ်။ ဝယ်ပြီးရင် ဆက်ကိုင်ထားရမယ်။ အမျိုးမျိုး ခက်ဖြာထား ရမယ်။ ဈေးကွက်က ကျဆင်းသွားမယ်။ ဒါပေမဲ့ အခုလိုပဲ ဈေးကွက်က ပြန်ကောင်းလာစမြဲပါ"

မေးမြန်းသူက "ဒါဆို သူတို့လင်မယားက အခု ဘာလုပ်ကြရမလဲ" ဟု မေးမြန်းရာ ငွေကြေးကျွမ်းကျင်သူက ဖြေကြားသည်။

"ပြန်ဝင်ဖို့ အချိန်အခါ ဖြစ်ပါတယ်။ ကျွန်တော်ပြောပြခဲ့တဲ့အတိုင်း ဈေးကွက်က ပြန်လာနေပြီ။ အမြဲမှတ်ထားရမှာက ပြီးခဲ့တဲ့နှစ်ပေါင်း ၄၀ မှာ စတော့ဈေးကွက်က ပျမ်းမျှအားဖြင့် နှစ်စဉ်ကိုးရာခိုင်နှုန်း တက်ခဲ့ပါတယ်"

မေးမြန်းသူက "စတော့ဈေးကွက်ထဲကို ပြန်ဝင်ဖို့ အချိန်အခါရောက်နေပြီလို့ ရှင် ယုံကြည်ပါသလား" ဟု မေးသည်။

"ဟုတ်တယ်။ နောက်ထပ် ပွဲကြီးပွဲကောင်းကို လွတ်မသွားခင်မှာ ဈေးကွက်ထဲကို



ပြန်ဝင်ရမယ်"

မေးမြန်းသူက ဖုန်းဆက်သူကို ပြောသည်။ "ကောင်းတဲ့အကြံပေးချက်ပါ။ နောက်တစ်ယောက် အလှည့်ရောက်ပြီ။ မေးချင်တဲ့သူ နောက်တစ်ယောက် ဖုန်းခေါ်လိုက်ပါ" တက္ကဆီသည် လေယာဉ်ကွင်းသို့ ချဉ်းကပ်နေပြီ ဖြစ်သည်။ ကျွန်ုပ်သည် သွေးဆူနေပြီ ဖြစ်သည်။ "သူတို့က အကြံဟောင်းကိုပဲ ထပ်ကာ ထပ်ကာပေးနေပြီး အဲဒီအတွက် အခကြေးငွေ ရယူနေကြတယ်။ သူတို့ ညဘက်မှာ ဘယ်လိုလုပ်ပြီး အိပ်ပျော်နိုင်ကြသလဲ မသိဘူး" ကျွန်ုပ် တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။ ကျွန်ုပ် ဝင်ပေါက်ဝဆီသို့ သွားသည်။ လေယာဉ်ပေါ်တက်ဖို့ တန်းစီစောင့်ဆိုင်းနေစဉ် စွန့်ပစ်ထားသော သတင်းစာတစ်စောင်တွင် ခေါင်းစဉ်ရေးသားထားသည်ကို ဖတ်ရှုမိသည်။ "ရင်းနှီးမြှုပ်နှံသူများက အိမ်ခြံမြေထဲသို့ ငွေများ သွန်ထည့်" ကျွန်ုပ် ခေါင်းခါမိသည်။ ကိုယ့်ကိုယ်ကိုယ် ပြောလိုက်သည်။ "တစ်ခု စန်းထပြီး ပူဖောင်းပေါက်ပြီးသွားတော့ နောက်တစ်ခု စန်းထပြီး ပူဖောင်းပေါက်ဦးမယ်"

**ယခင်အတိုင်း အကြံပေးချက်အဟောင်း**

လေယာဉ် စတင်ရွေ့လျားသောအခါ ကျွန်ုပ် ပထမဆုံး ရင်းနှီးမြှုပ်နှံသူ ဖြစ်ခဲ့ပုံကို ပြန်အမှတ်ရမိသည်။ ထိုစဉ်က ရင်းနှီးမြှုပ်နှံမှု အကြောင်း သိထားသည်မှာ အလွန်နည်းပါးသည်။ ကျွန်ုပ်၏ အတွေးသည် ၁၉၆၅ ခုနှစ်သို့ ပြန်ရောက်သွားသည်။ ထိုစဉ်က ကျွန်ုပ်၏ အသက်မှာ ၁၈ နှစ် ဖြစ်သည်။ ကျွန်ုပ်အဖို့ ပထမဆုံးဖြစ်သော ပေါင်းစုရန်ပုံငွေ ရှယ်ယာများကို ကျွန်ုပ် ဝယ်ယူခဲ့သည်။ ရှယ်ယာများကို ကျွန်ုပ် ဝယ်ယူလိုက်သော်လည်း ပေါင်းစုရန်ပုံငွေဆိုသည်မှာ ဘာမှန်း ကျွန်ုပ် တကယ်မသိချေ။ ကျွန်ုပ်သိထားသည်ဟူ၍ ပေါင်းစုရန်ပုံငွေသည် ဝေါလ်စထရီနှင့် ချိတ်ဆက်ထားသည်ဆိုသည့်အချက်သာ ရှိသည်။ ထိုသို့ ဝေါလ်စထရီတွင် ရင်းနှီးမြှုပ်နှံ မှုပြုခြင်းသည် ထိုစဉ်က အလန်းစားစိတ်ကူးဟု ထင်မြင်ရပေသည်။

ကျွန်ုပ်သည် နယူးယောက်မြို့ရှိ အမေရိကန်ပြည်ထောင်စု ကုန်သည် ရေကြောင်းအကယ်ဒမီတွင် ပညာဆည်းပူးနေသူ ဖြစ်သည်။ ထိုသင်တန်း ကျောင်းကို ပြည်ထောင်စုအစိုးရမှ ဖွင့်လှစ်ပေးထားပြီး ကုန်တင်သင်္ဘောများ၊ ဆီတင်သင်္ဘောများ၊ ခရီးသည်တင်သင်္ဘောများတွင် ရေကြောင်းအရာရှိအဖြစ် လုပ်ကိုင်နိုင်ရန် သင်တန်းများ ပို့ချသည်။ စစ်တပ်မှ အကယ်ဒမီတစ်ခု ဖြစ်ပေရာ ကျွန်ုပ်တို့သည် စစ်ဝတ်စုံကို ဝတ်ဆင်ရသည်။

ရှူးဖိနပ်များကို ပြောင်နေအောင် တိုက်ရသည်။ အတန်းဆီသို့ ချီတက်ရသည်။ ထို ဘဝနေထိုင်ပုံအသစ်နှင့် အဆင်ပြေအောင် ကျွန်ုပ် ချိန်ညှိရသည်မှာ အခက်အခဲ ကြီးမားသည်။ ကျွန်ုပ်သည် ဟာဝါအီမှ လာသူ ဖြစ်ပြီး ဟာဝါအီတွင် ဘောင်းဘီတိုနှင့် တီရှပ်တို့ကိုသာ ဝတ်ဆင်ကြလေ့ ရှိသည်။ အချိန်မှာ ဆောင်းဦး ဖြစ်ပေရာ သစ်ရွက်တို့ လှပသောအရောင်သို့ ပြောင်းပြီး ကြွေကျကြသည်။ ထိုဆောင်းဦးကို အတွေ့အကြုံယူရန် ကျွန်ုပ် အသင့်ပြင်ထားသည်။

တစ်ခုသော မွန်းလွဲပိုင်း၌ မစ္စတာကာလင်းက ကျွန်ုပ်ကို တွေ့ဆုံလိုကြောင်း အကြောင်းကြားစာကို ရရှိသည်။ မစ္စတာကာလင်းသည် မည်သူ မည်ဝါဖြစ်ကြောင်း ကျွန်ုပ်မသိချေ။ သို့သော် သင်သည် လူသစ်တန်းမှ ဖြစ်ပါက စေခိုင်းသည်ကို လုပ်နိုင်ဖို့ လေ့လာသင်ယူရသည်။ ချက်ချင်း လုပ်ရသည်။ ခိုင်းသည့်အလုပ်အတွက် တောင်တောင်အီအီ အတွန့်တက်ခြင်း မပြုရချေ။ သို့ဖြစ်ရာ စုံစမ်းမေးမြန်းပြီး မစ္စတာကာလင်းကို ကျွန်ုပ် သွားတွေ့သည်။

သူက ပြုံးထားရင်းမှ "မင်း အသက်ငယ်တုန်းမှာ ရင်းနှီးမြှုပ်နှံမှုကို စလုပ်ပါ" ဟု သူက ပြောသည်။ သူက ကျွန်ုပ်၏ ရှေ့တွင် ရှိနေသော စားပွဲ၏ ဟိုမှာဘက်၌ ရှိသော ကုလားထိုင်တွင် ထိုင်နေသည်။ "ပြီးတော့ အမြဲမှတ်ထားရမှာက တော်ကြတဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ လျှို့ဝှက်ချက်ပဲ။ လျှို့ဝှက်ချက်က ဝယ်ပြီးရင် ကိုင်ထားရမယ်။ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံရမယ်။ မင်းရဲ့ ပိုက်ဆံတွေ ပွားခွင့်ပေးထားရမယ်။ ပြီးတော့ လိမ္မာပါးနပ်ဖို့ရယ်၊ အမျိုးမျိုး ခက်ဖြာဖို့ရယ်ကို အမြဲတစေ သတိရ ရမယ်"

သူပေးသည့်အကြံကို ကျွန်ုပ်က ခေါင်းညိတ်ပြသည်။ အကယ်စင်စစ် သူ ဘာကို ဆိုလိုကြောင်း ကျွန်ုပ် မသိချေ။ သို့သော် ကျွန်ုပ်က "ဟုတ်ကဲ့ ဆရာ" ဟု ပြောလိုက်သည်။ ကျွန်ုပ်သည် အကယ်ဒမီတွင် လေးလရှိပြီ ဖြစ်ပေရာ ထိုင်လျှင်ဖြစ်စေ၊ မတ်တတ်ရပ်လျှင်ဖြစ်စေ ကျောရိုးကို မတ်ထားပြီး ဖြောင့်တန်းနေအောင်ထားရန်၊ "ဟုတ်ကဲ့ ဆရာ" ဟု ပြောရန်တို့ကို ကောင်းကောင်း လေ့ကျင့်ပေးထားပြီးသား ဖြစ်သည်။

မစ္စတာကောလင်းသည် အကယ်ဒမီ၏ ကျောင်းသားဟောင်းတစ်ဦး ဖြစ်သည်။ သူက သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်ခြင်းကို ရပ်လိုက်သည်။ ထို့နောက် ငွေကြေးရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို အကောင် အထည်ဖော်သည်။ သူက လူသစ်တန်းကျောင်းသားတို့ ဖြတ်သန်းရသည့် ဒုက္ခများကို သိသည်။ သူကိုယ်တိုင်လည်း ဖြတ်သန်းခဲ့ဖူးသည်။ ကျွန်ုပ်က ထုံးစံအတိုင်း "ဟုတ်ကဲ့ဆရာ"ဟု ပြောပြီးသည့်အခါ



သူ့ကို ကျွန်ုပ်က မေးမြန်းစပ်စုသင့်သည်မှာ သူသည် ကျောင်းသားတစ်ဦးလည်း မဟုတ်တော့ချေ၊ ကုန်သွယ်ရေကြောင်းတွင်လည်း လုပ်ကိုင်ခြင်း မရှိတော့ချေ။ သို့ပါလျက် အဘယ်ကြောင့် ဤကျောင်းဝင်းထဲ ရောက်နေရသနည်း။ သူက ကျွန်ုပ်၏အမည်ကို မည်သို့သိခဲ့သည်ကိုလည်း ကျွန်ုပ် သိလိုပေသည်။ ကျွန်ုပ်သိရသမျှ အကုန်လုံးမှာ သူက ကျွန်ုပ်ကို ဆက်သွယ်ခဲ့ပြီး ကျွန်ုပ်နှင့် စကားပြောဆိုရန် စာသင်ခန်းမထဲ တွေ့ဆုံဖို့ ချိန်းဆိုသည်။ သူက အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။ စစ်ဝတ်စုံကို ဝတ်ဆင်ထားခြင်း မရှိချေ။ သို့သော် ဩဇာရှိသူမှန်း သိသာနေသဖြင့် ကျွန်ုပ်က ထုံးစံအတိုင်း ဟုတ်ကဲ့ဆရာဟု ပြောရပေသည်။

ကျွန်ုပ်က မေးလိုက်သည်။

"ကျွန်တော် ဘယ်လောက် ရင်းနှီးမြှုပ်နှံရမလဲ"

သူက ပြုံးနေသော မျက်နှာဖြင့် အဖြေပေးသည်။

"တစ်လ ၁၅ ဒေါ်လာဆိုရင် ရပြီ"

"၁၅ ဒေါ်လာ. . .။ အဲဒီ ပိုက်ဆံကို ကျွန်တော်ဘယ်ကနေ ရနိုင်မလဲ။ ကျွန်တော်က ကျောင်းကို အချိန်ပြည့်တက်နေတဲ့သူဆိုတာ ဆရာ သိမှာပါ"

၁၉၆၅ ခုနှစ်တုန်းက ကောလိပ်ကျောင်းသားတစ်ဦးအဖို့ ၁၅ ဒေါ်လာသည် အလွန်များပြားသော ပမာဏ ဖြစ်သည်။

"စိတ်ဓာတ် မာစမ်းပါ။ ဒီအကယ်ဒမီက မင်းကို စည်းကမ်းကောင်းဖို့ သင်ပေးလိမ့်မယ်။ အဲဒီ စည်းကမ်းကောင်းတာနဲ့အတူ လစဉ် ငွေနည်းနည်းကို ဘေးဖယ်ပြီး အုထား၊ မကြာခင်မှာ အတန်အသင့်ရှိတဲ့ ငွေကို အနာဂတ်အတွက် စုမိဆောင်းမိသွားမယ်။ မမေ့ဖို့က ရင်းနှီးမြှုပ်နှံမှုပြုရင် အမြဲတမ်း ရေရှည်အတွက် လုပ်ပါ" သူပြောသမျှတို့ကို ကျွန်ုပ် သဘောတူ ခဲ့သည်။ သူက အမြဲတမ်းဆိုသည်ကို အသားပေးပြီး ပြောကြားခဲ့သည်ကို ယခုအထိ ကျွန်ုပ် ကောင်းကောင်းမှတ်မိနေဆဲဖြစ်သည်။ ထိုစကားလုံးနှင့် သူပြောပုံဆိုပုံတို့သည် ကျွန်ုပ်စိတ်ထဲ အနည်းငယ် စိတ်တထင့်ထင့်ဖြစ်သည့် ခံစားမှု ရရှိစေသည်။ အချိန်သည် အဖိုးတန်သည်။ စာသင်ခန်းထဲ ပြန်ဖို့လိုသဖြင့် ကျွန်ုပ်က သူပြောသမျှ အကုန်လုံးကို သဘောတူလိုက်ပြီး မြန်မြန်ပြီးပြတ်စေခဲ့ သည်။ သူက ထောက်ခံချက်ပေးသော ပေါင်းစုရန်ပုံငွေများ ကုမ္ပဏီကို ရွေးချယ်ဖို့ သဘောတူလိုက်ပြီး သဘောတူစာချုပ်ကို တောင်းယူကာ လက်မှတ်ရေးထိုးလိုက်သည်။ ထိုစာချုပ်အရ ကျွန်ုပ်သည်ကုမ္ပဏီထံသို့ ချက်လက်မှတ် လစဉ် ပို့ပေးရမည်။ ကုမ္ပဏီက ထိုငွေဖြင့် ကျွန်ုပ်အတွက် လစဉ်ရှယ်ယာများ

ဝယ်ပေးမည်။ စာရွက်စာတမ်းကိစ္စ ပြီးပြတ်သည့် အခါ စာသင်ခန်းသို့ ကျွန်ုပ် ပြန်သည်။ ရင်းနှီးမြုပ်နှံမှု အစီအစဉ်ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။ ထိုနှစ် နိုဝင်ဘာလမှစ၍ တစ်လ တစ်ကြိမ် ချက်လက်မှတ်တစ်စောင်ကို ကျွန်ုပ် ပေးပို့ခဲ့သည်။

## ခရစ္စမတ် အားလပ်ရက်

အကယ်ဒမီတွင် ပထမခြောက်လသည် ခက်ခဲသည်။ ထိုကာလသည် ကျွန်ုပ်၏ ဘဝတွင် အခက်ခဲဆုံး နေ့ရက်များ ဖြစ်သည်။ ကျွန်ုပ်သည် အိမ်မှ အဝေးတစ်နေရာတွင် ပထမဆုံးအကြိမ် သွားရောက်နေထိုင်ခြင်း နှင့် နယူးယောက်မြို့တွင် ပထမဆုံးအကြိမ် နေဖူးခြင်း ဖြစ်နေသည့်အတွက် ချိန်ညှိရသည်။ ကျွန်ုပ်ကို ခေါင်းတုံး တုံးထားသည်။ စာသင်ရသည့် ဝန်ထုပ်ဝန်ပိုးမှာ အတော်လေးလံသည်။ ထိုအရာတို့၏ အထက်တွင် ရှိနေသည်မှာ လူသစ်များသည် ကျေးဇူးတော်နေ့နှင့် ခရစ်စမတ်တို့မှအပ ကျန်ရက်များတွင် အကယ်ဒမီကျောင်းဝင်းအပြင်သို့ ထွက်ခွင့် မရှိခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ခရစ်စမတ်ရောက်မည့် လက်ကျန်ရက်ကို ရေတွက်နေမိသည်။ ဆောင်းရာသီ၏ အေးစက်စက်လေက တသုန်သုန် တိုက်နေသည်။ ကျွန်ုပ်နေထိုင်ခဲ့သော ဟာဝါအီတွင် ယခုလို အအေးဒဏ် ပြင်းထန်သည့် ဆောင်းရာသီမျိုး မရှိသဖြင့် ယခုမှ ပထမဆုံးအကြိမ် ကြုံဖူးခြင်းဖြစ်သည်။

အိမ်ပြန်ရန် ခရီးစရိတ်အတွက် ချွေတာစုဆောင်းထားရာ စစ်သည်တို့အတွက် သတ်မှတ်ပေးထားသည့် လျှော့ဈေးဖြင့် လက်မှတ်ကို ဝယ်နိုင်ခဲ့သည်။ ကျွန်ုပ်သည် နွေးထွေးသော ရာသီဥတု ရှိသည့် ဟာဝါအီသို့ ပြန်ရောက်သွားသည်။ ပထမဆုံး ကျွန်ုပ် လုပ်ကိုင်သည်မှာ ကျောင်းနေဘက်သူငယ်ချင်းများနှင့် ပူးပေါင်းခြင်း ဖြစ်သည်။ မနက် စောစောမှစ၍ လှိုင်းစီးကြသည်မှာ ညဘက်ရောက်သည်အထိဖြစ်သည်။ ကျွန်ုပ်၏ ဦးခေါင်းတွင် ဆံပင်မရှိဘဲ ခေါင်းတုံးဖြစ်နေခြင်းကို ကြည့်ပြီး သူငယ်ချင်းတို့က ရယ်မောကြသည်။ သူတို့နှင့် ပျော်ပျော်ပါးပါး နေရသည်ကို ကျွန်ုပ် ကျေနပ်မိပါသည်။ အရေပြားနေလောင်ခံသည်။ သို့သော် မကြာခင်မှာပင် နဂိုအရောင် ပြန်ပြောင်းသွားသည်။ အားလပ်ရက်များထဲမှ တစ်ရက်တွင် သူငယ်ချင်းနှင့်အတူ သူ့ဖခင်၏ ရုံးခန်းသို့ အတူသွားသည်။ သူငယ်ချင်း၏ အမည်မှာ မိုက်ဟု ခေါ်သည်။ သူနှင့် ကျွန်ုပ်တို့ လှိုင်းအတူစီးကြသည်။ သူ့ဖခင်က ကျွန်ုပ်ကို တွေ့လိုကြောင်း သူက ပြောသဖြင့် ယခုလို ရုံးခန်းတွင် သွားတွေ့ခြင်း ဖြစ်သည်။ သူ့ဖခင်သည် ကျွန်ုပ်အဖို့ သူဌေးဖေဖေ ဖြစ်သည်။



ရုံးခန်းတွင် တွေ့ဆုံကြသောအခါ ရောက်တတ်ရာရာ ပြောဆို ကြရင်း ကျွန်ုပ်က ကျွန်ုပ်အဖို့ ပထမဦးဆုံးဖြစ်သော ရင်းနှီးမြှုပ်နှံမှုကို ပြုထားကြောင်း ပြောပြသည်။ အကယ်စင်စစ် စကားမရှိ စကားရှာပြီး ပြောဆိုလိုက်ခြင်းသာ ဖြစ်သည်။ ကျွန်ုပ်အဖို့ ပေါင်းစု ရန်ပုံငွေများတွင် ရှယ်ယာဝယ်ယူခြင်းသည် အထွေအထူး မဖြစ်မိချေ။ သို့သော် သူဌေးဖေဖေက သာမန်စကားမျှဟု သဘောမထားချေ။

"မင်းက ဘာရှယ်ယာဝယ်တာလဲ"

"ပေါင်းစုရန်ပုံငွေ တစ်ခုမှာ ကျွန်တော် ရင်းနှီးမြှုပ်နှံထားတာပါ"

"ဘာလို့လဲ"

သူက ကျွန်ုပ် မည်သည့်ပေါင်းစုရန်ပုံငွေတွင် ငွေထည့်ထားသည်ကို မမေးမြန်းချေ။ သူက ဘာကြောင့်ဆိုသည်ကိုသာ သိလိုနေသည်။ အဖြေပေးဖို့ကို ပေးရမည့်အစား ကျွန်ုပ်သည် ကြောင်းကျိုးညီညွတ်သောအဖြေကို စိတ်ထဲ အပြေးအလွှားစဉ်းစားရသည်။ စကားကို ဖြောင့်အောင်မပြော နိုင်တော့ချေ။ သူက ထပ်မေးသည်။

"အဲဒီရှယ်ယာတွေကို ဘယ်သူ့ဆီကနေ မင်း ဝယ်တာလဲ"

ကျွန်တော်က အဖြေမပေးခင်မှာ သူက ထပ်ပြောသည်။

"သူ့ကို မင်းက သိလား"

"သိပါတယ်" ဟု ကျွန်ုပ်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစွာဖြင့် ကာကွယ် ပြောဆိုလိုက်သည်။ "သူက အကယ်ဒမီကနေ ဘွဲ့ရခဲ့သူတစ်ဦးပါ။ ကျောင်းသား ဟောင်းတစ်ဦးပါ။ ၅၈ ခုနှစ် အသုတ်မှာ တက်ခဲ့သူပါ။ ကျောင်းဝင်းထဲကိုလာပြီး ရင်းနှီးမြှုပ်နှံမှုတွေ ရောင်းချခွင့်ကို သူရထားလို့ ရေကြောင်းအရာရှိလောင်းတွေကို ရှယ်ယာတွေ သူ ရောင်းပါတယ်"

"သူက မင်းရဲ့ အမည်ကို ဘယ်လိုလုပ်ပြီး သိတာလဲ"

"အဲဒါတော့ ကျွန်တော်မသိဘူး။ ကျောင်းကနေ အမည်စာရင်းပေးတာ ဖြစ်နိုင် တယ်"

သူဌေးဖေဖေက လှောင်ပြုံးတစ်ချက် ပြုံးသည်။ သူက စကားမပြော တော့ဘဲ အလုပ်စားပွဲတွင် ရှိနေသည့် ကုလားထိုင်တွင် သွားထိုင်သည်။ ခြေထောက်များကို ရှေ့သို့ ဆန့်ထုတ်ထားသည်။ လက်နှစ်ဖက်ကို ပူးပြီး လက်အုပ်ချီကာ မေးစေ့အောက်တွင် ထားရင်း သူပြောလိုသည့်စကား အတွက် စကားလုံးများ စဉ်းစားနေဟန်တူသည်။

တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေခဲ့ပြီး ကျွန်ုပ်က စကားစလိုက်သည်။ "ကျွန်တော်

လုပ်တာ မှားနေလို့လား" သူက အဖြေကို ချက်ချင်းမပေး။ တစ်ဆယ်စက္ကန့်သာသာ တိတ်ဆိတ်နေပြီးမှ သူက စကားပြန်သည်။

"ဟင့်အင်း။ အရင်ဆုံး ပြောချင်တာက အခုလို ရင်းနှီးမြှုပ်နှံမှုကို စတင်လိုက်တာအတွက် ငါ ထောက်ခံတယ်။ လူအများအပြားတို့ဟာ အခါနှောင်းတဲ့အထိ စောင့်နေကြပြီးမှ ရင်းနှီးမြှုပ်နှံမှုတွေကို စတင်လုပ် ကိုင်ကြတယ်။ တချို့ဆိုရင် သူတို့ရဲ့ အနာဂတ်အတွက် ဘယ်တော့မှ ရင်းနှီးမြှုပ်နှံမှုတွေကို မလုပ်ဖြစ်ကြဘူး။ လူအများအပြားတို့က သူတို့ရ တဲ့ငွေတွေ အကုန်လုံးကို သုံးပစ်လိုက်ကြတယ်။ အလုပ်မလုပ်နိုင်တဲ့ အသက်အရွယ်ရောက်တဲ့အခါ ကုမ္ပဏီကဖြစ်ဖြစ်၊ အစိုးရကဖြစ်ဖြစ် သူတို့ကို ဂရုစိုက်ပေးဖို့အတွက် စီစဉ်ပေးမယ်လို့ မျှော်လင့်ကြတယ်။ ဘာပဲဖြစ်ဖြစ် မင်းက စလုပ်ဖြစ်သွားပြီ။ ကိုယ့်ပိုက်ဆံတွေနဲ့ ရင်းနှီး မြှုပ်နှံမှု ပြုနေပြီ"

"ဒါပေမဲ့ ကျွန်တော် လုပ်ပုံလုပ်နည်းက မှားနေလား"

"ဟင့်အင်း။ မင်းလုပ်တာက တကယ်တော့ မမှားပါဘူး"

"အဲဒါဆို ဘာကြောင့် ကြောင့်ကြရတာလဲ။ အခုထက် ပိုကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးတွေ ရှိလား"

"အင်းနဲ့ ဟင့်အင်း။ ပိုကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အမြဲရှိနေတယ်။ ပိုဆိုးတဲ့ ရင်းနှီးမြှုပ်နှံတွေလည်း အမြဲ ရှိနေတယ်။ အဲဒါက မင်းအနေဖြင့် ဘယ်မှာ ရင်းနှီးမြှုပ်နှံတာလဲဆိုတာအတွက် ငါ ပူပန်တာ မဟုတ်ဘူး။ အခုအချိန်မှာ မင်းအတွက်သာ ငါက ပူပန်တာ"

"ကျွန်တော့်အတွက် ဟုတ်လား။ ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"မင်းက ဘယ်မှာ ရင်းနှီးမြှုပ်နှံထားသလဲဆိုတာထက် မင်းက ဘယ်လို ရင်းနှီးမြှုပ်နှံသူမျိုး ဖြစ်လာမလဲဆိုတာကို ငါက ပိုပြီးတော့အရေးလုပ်တယ်"

**ရင်းနှီးမြှုပ်နှံမှု ပညာပေးဝေခြင်း မဟုတ်**
**အရောင်းဆွယ်လုံးသာ ဖြစ်သည်**

"ကျွန်တော်က ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံသူ မဟုတ်ဘူးလား"

"ဟင့်အင်း။ အဲဒါကို ပြောချင်တာ မဟုတ်ဘူး။ အဲဒီလူက မင်းကို ရေရှည်အတွက် ရင်းနှီးမြှုပ်နှံဖို့ ပြောတယ်။ ဝယ်ပါ၊ ကိုင်ထားပါ၊ အမျိုးမျိုးခက်ဖြာပါလို့ ပြောတယ်။ အဲဒါဟုတ်လား"



"ဟုတ်ပါတယ်"

"ပြဿနာက ဘာလဲဆိုတော့ အဲဒီအကြံပေးချက်က အရောင်းဆွယ်လုံး ဖြစ်နေတာပဲ။ အဲဒါက ရင်းနှီးမြှုပ်နှံခြင်း နည်းလမ်းကို ပညာပေးဝေတာ မဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှုကို အခုထက် ပိုပြီး မတတ်ဖို့ဘဲ ရှိလိမ့်မယ်။ လိမ္မာပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာဖို့အတွက် လိုအပ်တဲ့ပညာကို ရယူတာမှာ အဲဒီလို အကြံပေးတာဟာ ကောင်းတဲ့နည်းလမ်း မဟုတ်ဘူး"

ကျွန်ုပ်က စိတ်ထဲ မရှင်းမလင်းဖြစ်ရသဖြင့် မေးမြန်းလိုက်သည်။ "ဘာလို့ အရောင်းသမားရဲ့ ဆွယ်လုံးလို့ ပြောရတာလဲ"

"အဲဒါကို စဉ်းစားကြည့်ကြမယ်။ မင်းက လတိုင်း ချက်လက်မှတ်တစ်စောင်ပေးပို့တာအတွက် ရင်းနှီးမြှုပ်နှံမှုအကြောင်း ဘာတွေများ ပိုတတ်သွားသလဲ"

ကျွန်ုပ်က အဖြေမပေးနိုင်သဖြင့် ခဏကြာ စဉ်းစားကြည့်သည်။ ပြီးမှ ဝန်ခံလိုက်သည်။ "ဘာမှ သိပ်မသိပါဘူး။ ဒါပေမဲ့ ဘာလို့ အရောင်း ဆွယ်လုံး ဖြစ်ရတာလဲ"

သူဌေးဖေဖေက ပြုံးသည်။ "မင်း စဉ်းစားကြည့်လေ။ ရေရှည် အတွက် ရင်းနှီးမြှုပ်နှံပါ။ ဝယ်ပါ။ ကိုင်ထားပါ၊ ခက်ဖြာပါဆိုတဲ့ ပြောစကားကို မင်း စဉ်းစားကြည့်ပါ။ မင်းဘာသာမင်း စဉ်းစားကြည့်ပါ"

"အန်ကယ်က ကျွန်တော့်ကို ပြောမပြဘူးလား"

"ဟင့်အင်း။ အခုအခါမှာ ဘယ်နည်းနဲ့မှ မပြောပြဘူး။ မင်းက အသက် ၁၈ နှစ်ပဲ ရှိသေးတယ်။ တကယ့်လောကအကြောင်း မင်းမှာ သင်ယူစရာတွေ တစ်ပုံကြီး ကျန်နေသေးတယ်။ အခုအခါမှာ မင်းက ဘဝအတွက် အရေးအပါဆုံး သင်ခန်းစာတွေထဲက တစ်ခုကို သင်ဖို့ အခွင့်သာနေတယ်။ ဒီတော့ အဲဒါကို စဉ်းစားကြည့်ပါ။ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ။ ဝယ်ပါ။ ကိုင်ထားပါ၊ ခက်ဖြာပါ ဆိုတဲ့စကားက ရင်းနှီးမြှုပ်နှံမှုအတွက် ပညာပေးဝေတာ မဟုတ်ဘဲ အရောင်းဆွယ်လုံး ဘာလို့ ဖြစ်နေရသလဲဆိုတာ မင်းသဘောပေါက်ပြီလို့ မင်းထင်မြင်ယူဆတဲ့အခါ ငါ့ကို ပြောပြပါ။ အဲဒါကြောင့် လူနည်းနည်းပဲ ချမ်းသာကြတာ။ အဲဒါကြောင့် လူအများအပြားတို့ ရင်းနှီးမြှုပ်နှံသူအဖြစ် လုပ်ကိုင် ကြတာမှာ ငွေကြေးဆုံးရှုံးကြရတာဟာ ဘာကြောင့်လဲဆိုတော့ အရောင်းဆွယ်လုံးနဲ့ ရင်းနှီးမြှုပ်နှံမှု ပညာပေးတာတို့ကို ကွဲကွဲပြားပြား မသိကြလို့ပဲ။ ဒီတော့ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ။ ဝယ်ပါ။ ကိုင်ထားပါ၊ ခက်ဖြာပါ ဆိုတဲ့စကားကို သူတို့က ရင်းနှီးမြှုပ်နှံမှုအတွက် ပညာပေးတယ်လို့ပဲ ထင်ကြတယ်။ အဲဒီလိုလုပ်ရင်

ဟန်ကျတယ်လို့ သူတို့ တကယ် ယုံကြည်ကြတယ်။ တကယ့် ပညာပေးဝေခြင်းနဲ့ အရောင်းဆွယ်လုံးတို့အကြားမှာ ကြီးမားတဲ့ကွာခြားချက် ရှိနေတယ်"

သူ့ငွေးဖေဖေက ပြောဆိုနေစဉ် ကျွန်ုပ် စိတ်ထဲ၌ အရောင်းသမား သည် အမြဲတစေ ဆိုသည့်စကားလုံးကို အဘယ်ကြောင့် အလေးပေးပြီး ပြောကြားကြောင်းကို စတင် သဘောပေါက်လာသည်။

## သန်းချီသောသူများ ထရီလီယံချီပြီး ရှုံးကုန်သည်

ရှေ့၌ တင်ပြခဲ့သည့်အတိုင်း သန်းချီသော ဦးရေရှိသည့် လူအများတို့သည် စတော့ဈေးကွက် ပြိုလဲသည့်အခါ ဒေါ်လာထရီလီယံချီပြီး ဆုံးရှုံးကုန်ကြသည်။ ထိုဆုံးရှုံးမှုများတွင် ဆုံးရှုံးမှုများနှင့် အတူတွဲပြီး ပါလာသော အလုပ်အကိုင် ဆုံးရှုံးခြင်းများ၊ စိတ်ဝေဒနာခံစားရခြင်းများ ထည့်တွက်ထားခြင်း မရှိချေ။ အဘယ်ကြောင့် လူအများ အပြားတို့သည် များပြားလှသော ငွေများကို ဆုံးရှုံးခဲ့ကြရသနည်း။ အကြောင်းပြချက်များ အမျိုးမျိုး အများအပြား ရှိနေသည်။ စီးပွားရေးတစ်ရပ်လုံးအနေဖြင့် ချည့်နဲ့သွားခြင်း၊ အကြမ်းဖက်ခြင်း၊ အကျင့်ပျက်ခြစားခြင်း။ ဆိုးဝါးသော ဆန်းသစ်သုံးသပ်ချက် အစီရင်ခံစာများ၊ မသမာမှုများ၊ ဈေးကွက် စီးကြောင်း အလားအလာ၊ အခြားသတိမမူမိခဲ့ကြသော အကြောင်းအချက်များ စသဖြင့် အကြောင်းပြချက် အမျိုးမျိုး ရှိနေသည်။ သို့သော် လူသိနည်းပြီး အောက်ခံအလွှာတစ်ခုအဖြစ် ရှိနေသည့် အကြောင်းပြချက်တစ်ချက်မှာ လုပ်ငန်းနယ်ပယ်၏ လူသုံးများသော အရောင်းဆွယ်လုံးကို ဟန်ကျသော ငွေကြေး ပညာပေးချက်ဟု အယူမှားကြသောကြောင့် ဖြစ် သည်။ ဝယ်ဖို့အတွက် ချက်လက်မှတ် အမြဲတစေ ပေးပို့သူများ အများအပြား ရှိနေပြီး သူတို့သည် ပြန်ရောင်းထုတ်ခြင်းကို မပြုကြချေ။ သူတို့က ရင်းနှီးမြှုပ်နှံထားသည်ကို ဆက်လက်ကိုင်စွဲထားကြသည်။ ရေရှည်အတွက် ရည်ရွယ်ချက်ထားသည်။ စတော့ဈေးကွက် ပြိုကျလာနေသည့်တိုင် အောင် ထုတ်မရောင်းကြချေ။

## ပိုက်ဆံသည် ဆုံးရှုံးသွားခြင်းမဟုတ်

မိုက်ကယ်လူးဝစ်သည် ရောင်းအကောင်းဆုံးစာအုပ်များ ဖြစ်သည့် ***Liar's Poker, Moneyball, The Big Short*** နှင့် ***Boomerang*** တို့ကို ရေးသားခဲ့သူ ဖြစ်သည်။ သူသည် လူအများတို့က တလေးတစား ဖြစ်ကြရသည့် ငွေကြေး ဆိုင်ရာစာများ ရေးသားသူ



ဖြစ်သည်။ နယူးယောက်တိုင်းမ်မဂ္ဂဇင်းအတွက် သူရေးပေးသော ဆောင်းပါးတစ်ပုဒ်တွင် လူးဝစ်က "စတော့ဈေးကွက် ဆုံးရှုံးခြင်းသည် လူ့ဘောင်အဖို့ ဆုံးရှုံးခြင်း မမည်ပေ။ ကြွယ်ဝမှုကို လူ တစ်ဦးထံမှ တစ်ဦးထံသို့ ရွှေ့ပြောင်းပေးခြင်းသာ ဖြစ်သည်" ဟုရေးသား ထားသည်။

သူက ဆက်လက်တင်ပြထားရာ၌ ဈေးကွက်ထဲ၌ သူ့ကိုယ်တွေ့ အတွေ့အကြုံကို ပြောပြထားသည်။ "အင်တာနက်စတော့က အရောင်းတစ်ခုဖြစ်လာချိန် အတိအကျမှာ အဝယ်တစ်ခု ဖြစ်သွားတဲ့ အခိုက်အတန့်လို့ ကျွန်တော်နားလည်သင့်တယ်။ ကျွန်တော်က အိပ်စိုဒတ်ကွန်မြူနီကေးရှင်းရဲ့ စတော့ကို ဝယ်လိုက်တယ်။ ရှယ်ယာတစ်စုကို ဒေါ်လာ ၁၆၀ ပေးရတယ်။ ဈေးနည်းနည်း ထပ်တက်သွားတာကို စောင့်ကြည့်တယ်။ နောက်တော့ ပြိုကျသွားတယ်။ ကျွန်တော့် ပိုက်ဆံတွေ ဘာဖြစ်သွားသလဲ။ ဒီလိုလေး ရုတ်ခြည်း ပျောက်သွားတာတော့ မဟုတ်ဘူး။ အဲဒီပိုက်ဆံတွေကို ရသွားတဲ့သူ ရှိတယ်။ ကျွန်တော့်ကို အဲဒီရှယ်ယာတွေ ရောင်းတဲ့သူရဲ့ အိတ်ထောင်ထဲကို ရောက်သွားတယ်။ အဲဒီလူလို့ သံသယရှိရတဲ့သူတွေကတော့ –

၁။ အိပ်စိုဒတ်မှာ လုပ်ကိုင်နေတဲ့ ဝန်ထမ်းတွေ

၂။ အိပ်စိုဒတ်လုပ်ငန်းရဲ့ ရှယ်ယာတွေ လူထုကို ပထမဆုံးအကြိမ် ကနဦး ရောင်းချစဉ်၌ အချိတ်အဆက် ကောင်းကောင်းလုပ်ထားလို့ ဆောလျင်စွာ ဈေးသက်သက်သာသာဖြင့် ဝယ်ခဲ့တဲ့ပေါင်းစု ရန်ပုံငွေ

၃။ တစ်နေ့တည်းမှာ အရောင်းအဝယ်ကို အပြီးအပြတ်လုပ်ပြီး ဝယ်ရတဲ့ စနစ်ဖြင့် ဒေါ်လာ ၁၅၀ ပေးပြီး ဝယ်ခဲ့တဲ့သူ"

တစ်နည်းဆိုရသော် စုစုပေါင်းပမာဏ ထရီလီယံချီသော ဒေါ်လာများသည် ပျောက်ဆုံးသွားခြင်း မဟုတ်ချေ။ ရင်းနှီးမြှုပ်နှံသူတစ်ဦးထံမှ နောက်တစ်ဦးထံသို့ လွှဲပြောင်းပေးလိုက်ခြင်းသာ ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူ အချို့တို့ ပိုချမ်းသာသွားကြသည်။ အခြားရင်းနှီးမြှုပ်နှံသူအများအပြားတို့မှာ ပိုဆင်းရဲသွားကြသည်။ ထို့ကြောင့်လည်း သူ့ငွေးဖေဖေက ကျွန်ုပ်မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံသည်ကို ပူပန်ခြင်းမဟုတ်ဘဲ ကျွန်ုပ်ကို ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေဖြင့်သာ ပူပန်ခြင်းဖြစ်သည်။

**ဘယ်အချိန်မှာ ရောင်းထုတ်ရမလဲ**

၁၉၆၅ ခုနှစ်တွင် သူဌေးဖေဖေက ကျွန်ုပ်၏ ရင်းနှီးမြှုပ်နှံမှုကို မပျော်ပိုက်ကြောင်း သိရပြီးသည့်နောက်တွင် ကျွန်ုပ်က မေးမြန်းသည်။ "အဲဒီ ပေါင်းစုရန်ပုံငွေ ရှယ်ယာတွေကို ကျွန်တော် ရောင်းလိုက်ရမလား"

သူက သွားပေါ်အောင် ပြုံးပြီး ဖြေသည်။ "ဟင့်အင်း။ ရောင်းရုံသက်သက်တော့ မလုပ်ရဘူး။ မင်းက အမှားတစ်ခု ပြုခဲ့မိတာ ဖြစ်ချင် ဖြစ်မယ်။ ဒါပေမဲ့ ယူရမယ့် သင်ခန်းစာကို မင်း မသင်ယူရသေးဘူး။ ခပ်ကြာကြာလေး ဆက်ထားလိုက်ပါဦး။ လစဉ်ရနေတဲ့ အမြတ်ငွေတွေကို သိမ်းထားပြီး မင်း သင်ယူဖို့ လိုအပ်တာတွေကို အရင် သင်ယူလိုက်ဦး။ သင်ပြီးတော့မှ ရောင်းချင် ရောင်းလိုက်ပေါ့။ အဲဒီလို လုပ်မယ်ဆိုရင် တန်ဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာကို မင်း ရရှိမယ်။ အဲဒီ ဖြစ်ရပ်ကနေ မင်း သင်ယူတယ်ဆိုရင် ငွေထက် ပိုအရေးပါတဲ့ဟာကို မင်း အမြတ်ရ လိုက်တာပဲ။ ပိုတော်တဲ့ ရင်းနှီးမြှုပ်နှံသူအဖြစ်သို့ ရောက်ရှိသွားမယ့် လမ်းပေါ်မှာ မင်း ရောက်ရှိသွားမယ်။ ပိုတော်တဲ့ ရင်းနှီးမြှုပ်နှံသူ တစ်ဦး ဖြစ်စေဖို့ မင်း အရင်ဆုံး သင်ယူရမယ့်ဟာက အရောင်းဆွယ်လုံးနဲ့ ရင်းနှီးမြှုပ်နှံမှု အတွက် ပြည့်စုံကောင်းမွန်တဲ့ အကြံပေးချက်တို့အကြား ကွာခြားနေတာကို သိအောင် လုပ်ဖို့ပဲ"

**ရေရှည်အတွက် ရင်းနှီးမြှုပ်နှံခြင်း**

ခရစ်စမတ် အားလပ်ရက်များ ကုန်ဆုံးသွားသည့်အခါ ကျွန်ုပ်သည် နယူးယောက်မြို့ရှိ အကယ်ဒမီသို့ ပြန်လာရသည်။ ဟာဝါအီ၏ နွေးထွေးသော ပင်လယ်ကမ်းခြေသဲသောင်ပြင်များကို ခွဲခွာပြီး နယူးယောက်၏ အအေးဆုံး ဆောင်းကာလထဲသို့ ဝင်ရသည်မှာ ဆိုးဝါးလှပေသည်။ ကျွန်ုပ်သည် ခိုက်ခိုက်တုန်အောင် ချမ်းနေတော့သည်။

သူဌေးဖေဖေ၏ အကြံပေးချက်ကို လိုက်နာသောအားဖြင့် လစဉ် ပေးပို့နေကျ ချက်လက်မှတ်ကို ကျွန်ုပ် မပျက်မကွက် ဆက်လက်ပေးပို့သည်။ ကျွန်ုပ်မှာ ငွေပိုငွေလျှံ ရှိခဲ့လှသည်။ အိမ်မှ ထောက်ပံ့ပေးသည့် ငွေမှာလည်း အတော်နည်းသည်။ ကျွန်ုပ်မှာ အသုံးစရိတ်များ ရှိနေသည်။ လူမှုရေးအရ သုံးစွဲရသည်များလည်း ရှိသည်။ သို့ဖြစ်ရာ လိုငွေကို ဖြည့် တင်းရန် စနေနေ့၌ အနီးအနားတစ်ဝိုက်တွင် ရရာအလုပ်များကို တစ်နာရီလျှင် လုပ်ခ နှစ်ဒေါ်လာဖြင့် ကျွန်ုပ် လုပ်ကိုင်ရသည်။ တစ်လလျှင် စနေနေ့ နှစ်ရက် လုပ်ကိုင်ပါက ပေါင်းစုရန်ပုံငွေ ကုမ္ပဏီထံသို့ ပေးပို့ရမည့်ချက်အတွက် ပေးနိုင်သည့်အပြင်



ဘဝ၏ လိုအပ်ချက်များအတွက် လည်း ပေးနိုင်သွားသည်။ ထို့ပြင် အပျော်အရွှင်အတွက် သုံးစွဲရန်လည်း ငွေအကုန်ခံနိုင်သွားသည်။

ရံဖန်ရံခါ၌ ကျွန်ုပ်သည် သတင်းစာထဲတွင် ပါသည့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ စာမျက်နှာများကို ဖတ်ရှုသည်။ ကျွန်ုပ်၏ ရန်ပုံငွေ မည်သို့ ရှိသည်ကို လေ့လာသည်။ ရန်ပုံငွေသည် ဟုတ်တိပတ်တိ မဖြစ်ထွန်းချေ။ ဈေးနှုန်းတစ်ခုသို့ ရောက်ရှိနေပြီး ၎င်းဈေးနှုန်းတွင် ငြိမ်နေသည်။ အိပ်ပျော်နေသည့် ခွေးအိုတစ်ကောင်နှယ် မလှုပ်မယှက် ဖြစ်နေသည်။ ၎င်းရန်ပုံငွေကုမ္ပဏီထံမှ သုံးလပတ်အစီရင်ခံစာကို ထည့်ပို့လိုက်သည့် စာအိတ်ကို သုံးလတစ်ကြိမ် မှန်မှန်လက်ခံရရှိသည်။ ကြာလာသည့်အခါ ၎င်းစာအိတ်ကို ဖွင့်ရတိုင်း ပူပန်မိသည်။ အကြောင်းမှာ ရန်ပုံငွေ၏ ဖြစ်ထွန်းမှုသည် အထင်တကြီး ဖြစ်လောက်အောင် မရရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ် ပိုင်ဆိုင်သည့် ရှယ်ယာများမှာ တိုးလာနေသည်။ သို့သော် ရှယ်ယာတစ်စု၏ ဈေးနှုန်းသည် ယခင်အတိုင်း အတူတူနီးပါး ဖြစ်နေသည်။ အမှန်ကို ဆိုရလျှင် ကျွန်ုပ်သည် ထိုသို့သော ဖြစ်ထွန်းမှုနိမ့်ကျသော ရင်းနှီးမြှုပ်နှံမှုများကို ဝယ်မိသည်မှာ တုံး၍ ဖြစ်မည်ဟု စိတ်ထဲ ခံစားမိသည်။

ခြောက်လကြာပြီးချိန်တွင် ဟာဝါအီသို့ တစ်ခေါက်ပြန်ရောက်သည်။ ဤတစ်ကြိမ်မှာ နွေရာသီ အားလပ်ရက်ရှည် ပိတ်ခြင်း ဖြစ်သည်။ သူဌေး ဖေဖေ၏ ရုံးခန်းသို့ ကျွန်ုပ်သွားရောက်ပြီး နှုတ်ဆက်သည်။ သူက ခပ်စောစော နေ့လယ်စာ အတူစားလိုက်ကြဖို့ ဖိတ်ခေါ်သည်။ စားသောက်ဆိုင်မှာ ထိုင်ကြပြီးသောအခါ သူက မေးသည်။

"မင်းရဲ့ ပေါင်းစုရန်ပုံငွေ အခြေအနေ ဘယ်လိုလဲ"

"ကျွန်တော် ခြောက်လအတွင်းမှာ ဒေါ်လာ ၁၀၀ နီးပါး ထည့်လိုက်တယ်။ ဒါပေမဲ့ ရန်ပုံငွေက ဘာမှ အလုပ်မဖြစ်ဘူး။ ရှယ်ယာဈေးက ကျွန်တော် ရင်းနှီးမြှုပ်နှံမှုစတဲ့ အချိန်တုန်းက ၁၂ ဒေါ်လာလောက် ရှိတယ်။ အခုလည်း ၁၂ ဒေါ်လာပဲ"

သူဌေးဖေဖေက တခစ်ခစ် ရယ်သည်။ "စိတ်မရှည်တော့ဘူးလား"

"နည်းနည်းတော့ လှုပ်လှုပ်ရှားရှားလေးဖြစ်တာကို ကျွန်တော် မြင်ချင်တယ်"

"စိတ်မရှည်တာ မကောင်းဘူး။ ရင်းနှီးမြှုပ်နှံမှုမှာ စိတ်ရှည်ဖို့ အရေးကြီးတယ်"

"ဒါပေမဲ့ ရန်ပုံငွေက ဘာမှ အလုပ်မဖြစ်ဘူး ဖြစ်နေတယ်"

ကျွန်ုပ်၏ မှတ်ချက်ကို သူဌေးဖေဖေက သဘောကျသဖြင့် အားပါးတရ ရယ်သည်။ သူ့အဖို့ ရယ်စရာကောင်းနေသည်။ "ငါက ရန်ပုံငွေအကြောင်းကို ပြောနေတာ မဟုတ်ဘူး။ မင်းရဲ့ အကြောင်းကို ပြောနေတာ။ စိတ်ရှည်တတ်အောင် မင်း သင်ယူရမယ်။ ဒါမှ

ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်နိုင်မယ်"

"ဒါပေမဲ့ ကျွန်တော် စိတ်ရှည်ခဲ့ပါတယ်။ အခုဆိုရင် ကျွန်တော့် ပိုက်ဆံတွေ အဲဒီမှာ ရောက်နေတာ တစ်ဆယ်လလောက် ရှိပြီ။ ရှယ်ယာ တစ်စုရဲ့ ဈေးနှုန်းက ဒီအတိုင်းပဲ ဖြစ်နေတယ်။ မပြောင်းလဲဘူး"

"အဲဒါ မင်းက စိတ်မရှည်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်နေခဲ့ရင် အဲဒီလို ဖြစ်နေမှာပဲ" သူကလေသံမာမာဖြင့် ဆက်ပြောသည်။ "စိတ်မရှည်တဲ့ ရင်းနှီးမြှုပ်နှံသူတွေက အလျင်စလို ရင်းနှီးမြှုပ်နှံမှု ပြုကြတယ်။ သူတို့ရဲ့ စိတ်မရှည်ခြင်းက သူတို့ကို ဖြစ်ထွန်းမှုနိမ့်ကျတဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ရင်းနှီးမြှုပ်နှံမိစေတယ်"

"ဖြစ်ထွန်းမှု နိမ့်ကျတဲ့ ရင်းနှီးမြှုပ်နှံမှု ဖြစ်နေရတာ ကျွန်တော်က စိတ်မရှည်ဘဲ ရင်းနှီးမြှုပ်နှံမိလို့လား"

သူဌေးဖေဖေက ခေါင်းညိတ်ပြသည်။ "မင်းက ရင်းနှီးမြှုပ်နှံဖို့အတွက် ဆုံးဖြတ်ချက် မချခင်မှာ ပေါင်းစုရန်ပုံငွေ အရောင်းသမားနဲ့ မင်းက ဘယ်လောက်ကြာကြာ မေးမြန်း ပြောဆိုခဲ့သလဲ"

"ကျွန်တော်တို့ စကားပြောကြတာ တစ်နာရီလောက် ကြာတယ်။ သူက ကျွန်တော့် ဘဝရဲ့ ရည်မှန်းချက် ပန်းတိုင်တွေကို မေးတယ်။ သူက ဒေါင်းဂျုံးလုပ်ငန်းပျမ်းမျှ ပုံကားချပ်အချို့ကို ပြသပြီး ဘယ်လို တက်ပြီး ရင်းတက်နေတယ် ဆိုတာကို ရှင်းပြတယ်။ ရေရှည်ကာလတစ်လျှောက် ငွေကလေး နည်းနည်းပါးပါးကို ရင်းနှီးမြှုပ်နှံတဲ့အတွက် တန်ဖိုးရှိပုံကို လည်း သူက ရှင်းပြတယ်"

(စကားချပ်။ ။ ဒေါင်းဂျုံးလုပ်ငန်းပျမ်းမျှ (Dow Jones Industrial Average) တန်ဖိုးသည် အမေရိကန်နိုင်ငံမှ ရှေ့ဆောင်စတော့ ၃၀ တို့၏ ဈေးနှုန်းများကို ရိုးရိုး ရှင်းရှင်းဖြင့် သင်္ချာနည်းအရ ပျမ်းမျှအားဖြင့် ဖော်ပြပေးထားသည်။ နယူးယောက် စတော့အိပ်ချိန်း ရောင်းဝယ်နေသည့် အလုပ်ချိန်တစ်လျှောက် မိနစ်တိုင်း အချိန်နှင့် တစ်ပြေးညီ တွက်ချက်ဖော် ပြပေးလျက်ရှိသည်။ တွက်ချက်မှုတွင် ပါဝင်သည့် ကုမ္ပဏီ များသည် စတော့ဈေးနှုန်း အထူးတလည် မြင့်မားကြသည့် လုပ်ငန်းကြီးများ ဖြစ်သည်) သူဌေးဖေဖေက ပြုံးပြီး ပြောသည်။ "မင်းက စိတ်ဆုံးဖြတ်လိုက်ပြီး ရှယ်ယာတွေကို ဝယ်လိုက်တယ်"

"ဟုတ်ပါတယ်"

"အဲဒါမျိုးကို ငါက စိတ်မရှည်ဘူးလို့ ခေါ်တယ်။ မင်းက စိတ်မရှည်စွာဖြင့်



ရင်းနှီးမြှုပ်နှံခဲ့တယ်။ အခု မင်းရဲ့ ရင်းနှီးမြှုပ်နှံမှုက ဘာမျှအလုပ်မဖြစ်ဘူး ဖြစ်နေတာကို မင်းက စိတ်မရှည်စွာဖြင့် စောင့်ကြည့်နေတယ်။ တကယ်လို့ မင်းက အကောင်းစား ရင်းနှီးမြှုပ်နှံမှုမျိုးဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာကို မင်းက လုံးလုံးမသိဘဲ ဘယ်လို လုပ်ပြီး အကောင်းစား ရင်းနှီးမြှုပ်နှံမှုမျိုးကို မင်းတွေ့ဖို့ မျှော်လင့်နိုင်မလဲ။ အဲဒီ အကောင်းစား ရင်းနှီးမြှုပ်နှံမှုမျိုးကို ရှာဖို့အတွက် အချိန်ကို ရင်းနှီးမြှုပ်နှံပေးဖို့ကိုလည်း မင်းက ဆန္ဒမရှိဘူးဆိုရင် အဲဒါမျိုးကို ဘယ်လိုလုပ်ပြီး တွေ့နိုင်မလဲ။ မင်းပေးတာအတွက်ပဲ မင်းပြန်ရမှာပဲ။ မင်းရဲ့ စိတ်မရှည်ခြင်းက မင်းကို ပိုစိတ်မရှည်ချင်စရာကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးကိုပဲ ရှာတွေ့ဖို့ အကြောင်းဖန်နေတယ်။ ဒီတော့ မင်း မြဲမြဲမှတ်ထားရာ မှာက အဆိုးဝါးဆုံး ရင်းနှီးမြှုပ်နှံမှုတွေဟာ စိတ်မရှည်တဲ့ ရင်းနှီးမြှုပ်နှံသူတွေဆီကို သွားတယ်။ အဲဒီသင်ခန်းစာကို မင်း ရပြီလား"

"ဟုတ်ကဲ့။ ရပါပြီ" ဟု ကျွန်ုပ်က စိတ်မရှည်သည့်လေသံဖြင့် ပြော လိုက်သည်။ ကျွန်ုပ်က "ဒါဆို ကျွန်တော့်ပိုက်ဆံတွေ အလဟဿ ဖြစ်ကုန်အောင် ကျွန်တော် လုပ်နေ တာလား"ဟု မေးလိုက်သည်။

"မဟုတ်ဘူး" သူဌေးဖေဖေက အခိုင်အမာ ပြောသည်။ "အခုအခါမှာ မင်းက ငွေ ရအောင်လုပ်သလား၊ မလုပ်ဘူးလားဆိုတာ မပူပါနဲ့။ အခု အခါမှာ မင်းက တန်ဖိုးမဖြတ် နိုင်တဲ့ သင်ခန်းစာကို သင်ယူနေတယ်။ စိတ်မရှည်ခြင်းဆိုတာရဲ့ သင်ခန်းစာကို ရင်းနှီးမြှုပ်နှံသူတွေ အားလုံး နီးပါးတို့က ဘယ်တော့မှ မသင်ယူကြဘူး။ အဲဒီ သင်ခန်းစာကို မင်း သင်ယူဖို့ အချိန်ယူပါ"

"ကောင်းပါပြီ။ ဒီသင်ခန်းစာကို သင်ဖို့ ကျွန်တော် အချိန်ယူပါ့မယ်။ နောက် တစ်ကြိမ် ကျွန်တော် ရင်းနှီးမြှုပ်နှံမှုပြုရင် ကျွန်တော် ပိုစိတ်ရှည်ပါ့မယ်"

"တော်တယ်။ ရင်းနှီးမြှုပ်နှံသူ အများစုက ကိုယ့်ကိုယ်ကိုယ် အပြစ်မမြင်ကြဘူး။ ရင်းနှီးမြှုပ်နှံမှုအပေါ်ကိုပဲ အပြစ်ပုံချကြတယ်။ တကယ့်အမှန်က ရင်းနှီးမြှုပ်နှံသူကသာ တကယ့်ပြဿနာ ဖြစ်နေတာ။ ရင်းနှီးမြှုပ်နှံမှုက ပြဿနာမဟုတ်ဘူး။ အခုအခါမှာ မင်း စိတ်မရှည်တာအတွက် ပေးဆပ်ရတာကို မင်း သင်ယူနေတယ်။ ဒီသင်ခန်းစာကို မင်းက သင်ယူနိုင်ခဲ့မယ်ဆိုရင် ဒီသင်ခန်းစာဟာ စလုံးရေစအတွက် အတော်ကောင်းတဲ့ သင်ခန်းစာပဲ"

"ဒါပေမဲ့ ကျွန်တော်က အချိန်ပြည့် ကျောင်းသားတစ်ယောက်ဖြစ်နေတယ်။ ဒီတော့ ကျောင်းစာအပေါ် ကျွန်တော် အာရုံစိုက်ရမယ်။ ကျွန်တော် ထပ်သင်ဖို့အတွက်

အချိန်မပေးနိုင်ဘူး။ သုတေသနလုပ်ဖို့ အတွက်လည်း အချိန်မရနိုင်ဘူး"

"မကြာခင်မှာ မင်း ဘွဲ့ရမယ်။ ကျောင်းကို ကျောခိုင်းမယ်။ အချိန်ပြည့်ဝန်ထမ်းအဖြစ် အလုပ်လုပ်မယ်။ မင်း အိမ်ထောင်ကျချင် ကျမယ်။ အိမ်တစ်လုံး ဝယ်မယ်။ မိသားစုတစ်ခု ထူထောင်မယ်။ အဲဒီလို ဖြစ်လာခဲ့မယ်ဆိုရင် ကုန်ကျစရိတ်တွေ ပိုများလာမယ်။ မင်းရဲ့ အချိန်တွေကို တောင်းယူတာလည်း ပိုများသွားမယ်။ ကျောင်းသားတစ်ဦးဖြစ်နေလို့ အချိန်အအားမရဘူးဆိုပြီး မင်းထင်နေရင် မင်းက အလုပ်လုပ်၊အိမ်ထောင်ကျ၊ သားသမီး တွေရတဲ့အထိ အချိန်ပေးနိုင်မှာ မဟုတ်ဘူး။ တကယ်လို့ ပိုတော်တဲ့ ရင်းနှီးမြှုပ်နှံသူ တစ်ဦးဖြစ်လာအောင် မင်း သင်ယူဖို့ အခုအခါမှာ အချိန်မပေးနိုင်ဘူးဆိုရင် နောင် တစ်ချိန်ကျရင်လည်း မင်းက အခုလိုပဲ အချိန်မရှိဘူးလို့ ပြောဦးမှာပဲ။ မင်းက ကျွန်တော် ထပ်သင်ဖို့၊ သုတေသန ပိုလုပ်ဖို့ အချိန်မရှိဘူးလို့ မင်းက ပြောဦးမှာပဲ။ ဘာလို့လဲဆို တော့ မင်းက စိတ်မရှည်တဲ့သူ ဖြစ်နေလို့ပဲ။ မင်းက လုပ်ဖို့ ပျင်းနေတာကြောင့် လက်ခံ နိုင်စရာ အကြောင်းမရှိတဲ့ ဆင်ခြေတွေပေးပြီး အချိန်အလုံအလောက်မရဘူးလို့ ပြောနေ မှာပဲ။ နောင်တစ်ချိန်ကျရင်လည်း အခုလုပ်သလိုမျိုး လုံးဝ သူစိမ်းတစ်ယောက်ရဲ့ လက်ထဲ မင်းရဲ့ပိုက်ဆံတွေ ထည့်ပေးတာမျိုးကို မင်း လုပ်နေဦးမှာပဲ။ မင်းရဲ့ ပိုက်ဆံတွေနဲ့ သူတို့ ဘာတွေလုပ်နေသလဲ မင်းဘာမှ မသိရဘူး"

ကျွန်ုပ်သည် နှုတ်ဆိတ်၍ ထိုင်နေရင်း သူဌေးဖေဖေ သွန်သင်သည့်စကားများကို တွေးနေမိသည်။ စိတ်ထဲ တဖြည်းဖြည်းချင်း သဘောပေါက်သွားသည်။ သူပြောသည့် စကားကို ကျွန်ုပ် မနှစ်သက်ပေ။ စိတ်ထဲ မကျေမချမ်း ဖြစ်မိသည်။ ရေတပ် အကယ်ဒမီ ကျောင်းကို တက်ရသည်မှာ မည်မျှ ခက်ခဲပင်ပန်းသည်ကို သူသိခဲ့မည်ဆိုလျှင်၊ ပညာရေး ဝန်ထုပ် ဝန်ပိုးကို အပြည့်ထမ်းထားရသည်ကို သူသိခဲ့မည်ဆိုလျှင် အားကစားများ ကစားရခြင်း၊ လူမှုဘဝတစ်ခု ရရှိဖို့ ကြိုးစားရခြင်းတို့ကို သူသိခဲ့မည်ဆိုလျှင် ကျွန်ုပ်က အချိန်မပေးနိုင်ခြင်းကို သူ နားလည်ပေးနိုင်မည်ဖြစ်သည်။

သူဌေးဖေဖေက "မင်းရဲ့ စိတ်မရှည်ခြင်းကို ဝန်ခံလိုက်ရုံပါပဲ။ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်အောင် သင်ယူဖို့အတွက် မင်းက စိတ်မပါတာကြောင့် အချိန်ကို ရင်းနှီးမြှုပ်နှံမှု မပြုနိုင်အောင် အလုပ်တွေက များလွန်းနေတယ်လို့ ပြောနေတယ်ဆိုတာ ဝန်ခံလိုက်စမ်းပါ။ အင်မတန် ကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ရှာတွေ့ဖို့အတွက် လုံလုံလောက်လောက် စိတ်ရှည်ပေးနိုင်ခြင်း မင်းမှာ မရှိဘူးဆိုတာကိုလည်း ဝန်ခံ လိုက်စမ်းပါ"ဟု ပြောသည်။

"ကျွန်တော်က အဲဒီလို ဝန်ခံလိုက်ရင် ကျွန်တော့် ရင်းနှီးမြှုပ်နှံမှုက ဖြစ်ထွန်းမှု မကောင်း



တာနဲ့ပတ်သက်လို့ မကျေမနပ် ပြောနေတာဟာ အပိုပဲဖြစ်နေလိမ့်မယ်"

"မင်းရဲ့ ရင်းနှီးမြှုပ်နှံမှုမှာ ပိုက်ဆံတွေ ဆုံးရှုံးသွားရင်လည်း မကျေမနပ် ပြောနေလို့ အပိုပဲ ဖြစ်နေမှာ" ဟု သူက သူ၏ မှုပိုင် လျှောင် ပြုံးကို ပြုံးပြီး ပြောလိုက်သည်။

"ပေါင်းစုရန်ပုံငွေမှာ ကျွန်တော့်ရဲ့ ပိုက်ဆံတွေ ဆုံးရှုံးနိုင်တယ်ဆိုတာ တကယ် လား"

"ဘယ်မှာပဲဖြစ်ဖြစ် မင်းရဲ့ ပိုက်ဆံတွေ ဆုံးရှုံးသွားနိုင်တယ်။ ဒါပေမဲ့ ပိုက်ဆံဆုံးရှုံး တာထက် ဘာက ပိုဆိုးသလဲဆိုတာ မင်းသိပါတယ်"

"ဟင့်အင်း။ ကျွန်တော်မသိဘူး။ ဘယ်ဟာက ပိုဆိုးတာလဲ"

"ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်အောင် မသင်ယူခြင်းမှာ အဆိုးဝါးဆုံးက ဘာလဲဆိုတော့ အင်မတန်ကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးတွေကို မင်း ဘယ်တော့မှ တွေ့မှာမဟုတ်တာပဲ။ ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်လာအောင် သင်ယူဖို့ ဘယ်တော့မှ အချိန်ကို ရင်းနှီးမြှုပ်နှံမှု မလုပ်ရင် ရင်းနှီး မြှုပ်နှံခြင်းရဲ့ အကြောက်တရားနဲ့အတူ မင်း နေရလိမ့်မယ်။ ရင်းနှီးမြှုပ်နှံမှု ဟာ ဆုံးရှုံးမယ့် အန္တရာယ်ရှိတယ်ဆိုတဲ့စကားကို အမြဲမပြတ် ပြောနေလိမ့်မယ်။ ရင်းနှီး မြှုပ်နှံမှုဟာ ဆုံးရှုံးမယ့်အန္တရာယ်ရှိတယ်လို့ ယုံကြည်သွားရင် မင်းက ရင်းနှီးမြှုပ်နှံမှုကို ရှောင်မယ်။ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံမှုကို ပညာသားပါပါဖြင့် လုပ်ကိုင်တတ်တယ်လို့ ယူဆတဲ့ သူတွေရဲ့ လက်ထဲကို မင်းရဲ့ ပိုက်ဆံတွေကို အပ်နှံလိမ့်မယ်။ ဒါပေမဲ့ အဆိုးဝါးဆုံး က ဘာလဲဆိုတော့ မင်းက ရင်းနှီးမြှုပ်နှံမှုကို ရှောင်လွှဲနေချိန်မှာ ကမ္ဘာပေါ်မှာ စန်းအထဆုံး အရောင်းအဝယ်တွေကို မင်းလွတ်သွားတာ ဖြစ်ပါတယ်။ အလွန်ကောင်းတဲ့ အရောင်း အဝယ်တွေကို ရှာဖွေတာတွေ၊ တွေ့ရှိတာတွေ ကြောင့် စိတ်လှုပ်ရှားတက်ကြွမိတာတွေနဲ့ အတူ နေထိုင်တာအစား မင်းက အကြောက်နဲ့အတူ နေထိုင်နေရလိမ့်မယ်။ မင်းက ဆုံးရှုံးမှာကိုကြောက်တာနဲ့အတူ နေထိုင်ရင်း သေချာဖို့ကိုပဲ ကစားရင် အနိုင်ရလို့ စိတ်ပျော်မြူး တက်ကြွတာမျိုး မင်းမှာ ရှိတော့မှာ မဟုတ်ဘူး။ ပိုချမ်းသာလာတဲ့အတွက် စိတ်ပျော်ရွှင်တက်ကြွတာလည်း မင်းမှာ ရှိမှာ မဟုတ်ဘူး။ အဲဒါဟာ စိတ်မရှည်ခြင်းရဲ့ အဆိုးဝါးဆုံးအရာပဲ။ တကယ့်ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာဖို့ အချိန်ကို ရင်းနှီးမြှုပ်နှံခြင်း မပြုတာဟာ အဆိုးဝါဆုံးအရာပဲ"

တစ်ခဏ စဉ်းစားလိုက်ပြီး သူဌေးဖေဖေ၏ စကားများကို ဖြည်းဖြည်းချင်း သဘောပေါက်သွားသည်။ ကျွန်ုပ်ကို ပေါင်းစုရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ရောင်းချခဲ့သော ငွေကြေးဆိုင်ရာ အကြံပေးသူ၏ အရောင်းဆွယ်လုံးကို ကျွန်ုပ်

ပြန်အမှတ်ရမိသည်။

ကျွန်ုပ်၏ စိတ်ကို ဖတ်နေသည့်နှယ် သူဌေးဖေဖေက မေးလိုက်သည်။ "စတော့ဈေးကွက်ဟာ ပျမ်းမျှအားဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်း မြင့်တက်တယ်လို့ မင်းရဲ့ မိတ်ဆွေ အရောင်းသမားက ပြောပြတယ်မဟုတ်လား။ အဲဒါ စံနမူနာအဖြစ် ကြိုတင်ကျက်မှတ်ထားတဲ့ အရောင်းဆွယ်လုံးတစ်ခုပဲ။ အဲဒီလုပ်ငန်းနယ်ပယ်မှ အရောင်းသမားတွေအားလုံးနီးပါး အဲဒါကို သုံးကြတယ်။ အဲဒီလိုမျိုး မင်းကို ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ အဲဒီလိုမျိုး သူပြောပြခဲ့ပါတယ်"

သူဌေးဖေဖေက ကျယ်ကျယ်လောင်လောင် ရယ်မောလိုက်သည်။ "သူက အဲဒါဟာကြီးမားတဲ့ အမြတ်ပြန်ရခြင်းလို့ ထင်နေပုံရတယ်။ တကယ်တော့ ၁၀ ရာခိုင်နှုန်း အမြတ်ပြန်ရတယ်ဆိုတာ ပိစိကွေးလေးပါ။ အဲဒါအပြင် သူ့ကို မေးရမှာက အဲဒီလောက် ပိစိကွေးအမြတ်ကိုရဖို့ သေချာတာကို အာမခံနိုင်ရဲ့လား ဆိုတာပဲ။ သူက အာမခံမှာ မဟုတ်ပါဘူး။ သူက မင်းဆီကို မွေးနေ့ဆုတောင်းကတ် တစ်နှစ်တစ်ကြိမ်ပို့ပေးပြီး စီးပွားရေးအတူလုပ်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောလိမ့်မယ်။ သူက နိုင်တယ်။ မင်းက ရှုံးတယ်။ ဒါပေမဲ့ မင်းအတွက် အကြီးမားဆုံးအရှုံးက မင်း ဘယ်တော့မှ ရင်းနှီးမြှုပ်နှံမှု အကောင်းစားတွေကို မတွေ့တော့တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မင်းက သူပေးတဲ့အကြံဖြစ်တဲ့ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံ၊ ဝယ်ပါ၊ ကိုင်ထား၊ ခက်ဖြာပါဆိုတာကို လိုက်လုပ်နေတော့ မင်းက တော်တဲ့ရင်းနှီးမြှုပ်နှံသူတစ်ဦး ဘယ်တော့မှ ဖြစ်လာတော့မှာ မဟုတ်လို့ပဲ။ အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုတွေက ပညာသားအရှိဆုံး ရင်းနှီးမြှုပ်နှံသူတွေဆီကို ရောက်တယ်။ ဆိုးဝါးပြီး ဆုံးရှုံးမှု အဖြစ်နိုင်ဆုံး ရင်းနှီးမြှုပ်နှံမှုတွေကတော့ ငွေရေးကြေးရေး ပညာသားမရှိဆုံး ရင်းနှီးမြှုပ်နှံသူတွေထံကို ရောက်တယ်"

"ခင်ဗျားဆိုလိုချင်တာက ပေါင်းစုရန်ပုံငွေတွေဟာ ရင်းနှီးမြှုပ်နှံမှုတွေ အားလုံးထဲမှာ ဆုံးရှုံးမယ့်အရေး အများဆုံးလား"

"မဟုတ်ဘူး။ ငါက အဲဒီလို ပြောချင်တာ မဟုတ်ဘူး" သူဌေးဖေဖေက စိတ်တိုနေသည့်လေသံဖြင့် ပြောသည်။ "ငါပြောတာကို နားထောင်။ ငါ ထပ်ပြောပြမယ်။ ငါက ရင်းနှီးမြှုပ်နှံမှုကို ပြောနေတာ မဟုတ်ဘူး။ ငါက ရင်းနှီးမြှုပ်နှံသူအကြောင်းကို ပြောနေတာ။ ရင်းနှီးမြှုပ်နှံသူက ပညာမရှိရင် သူ ရင်းနှီးမြှုပ်နှံသမျှဟာ ဆုံးရှုံးမယ့်အရေးတွေ များနေတယ်။ သူတို့ ကံကောင်းနေတဲ့ အချိန်အခါတွေ ရှိမယ်။ ဒါပေမဲ့ ရေရှည်မှာတော့ ယေဘုယျအားဖြင့် သူတို့ ရထားတဲ့ပိုက်ဆံတွေကို ဈေးကွက်ထဲ ပြန်ပေးလိုက်ရလို့



ကုန်သွားတာနဲ့ အဆုံးသတ်ကြတယ်။ တကယ်ကောင်းတဲ့ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုတစ်ခုမှာ ပညာနည်းတဲ့သူတစ်ယောက်က ရင်းနှီးမြှုပ်နှံတာကို ငါ တွေ့ဖူးတယ်။ နောက်တော့ အိမ်ပေါင်ပြီး ချေးငွေယူထားတာ ပြန်မဆပ်နိုင်တဲ့အပြင် အပေါင်ဆုံးမှာမို့ မပြုမပြင်ဘဲထားလို့ ပျက်စီးနေတဲ့ အိမ်ပျက်တစ်လုံးမှာ ရင်းနှီးမြှုပ်နှံမိတာနဲ့ အဆုံးသတ်သွားတယ်။ စီးပွားတက်နေတဲ့ လုပ်ငန်းတစ်ခုမှာ ပညာနည်းတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးက ရင်းနှီးမြှုပ်နှံတာကိုလည်း ငါကြုံဖူးတယ်။ အမြတ်တွေရနိုင်တဲ့ အဲဒီလုပ်ငန်းက ဒေဝါလီ ခံရတဲ့အဖြစ်ကို ရောက်သွားတယ်။ ကုမ္ပဏီကြီးတစ်ခုမှာ ပညာနည်းတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးက စတော့ရှယ်ယာတွေ ဝယ်တယ်။ စတော့ တန်ဖိုးတွေ တက်နေတာကို သူ အသာစောင့်ကြည့်နေတယ်။ ဈေးအမြင့်ဆုံး ရောက်နေချိန်မှာ ထုတ်မရောင်းဘဲ ဆက်ကိုင်ထားတယ်။ နောက်တော့ ဈေးပြန်ကျသွားတာ သူဝယ်ခဲ့တဲ့ဈေးရဲ့ အောက်ကို အတော်ရောက် သွားတယ်။ ဒီတော့ ရင်းနှီးမြှုပ်နှံမှုဟာ ဆုံးရှုံးမယ့်အရေး ကြီးမားနေတာ မဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံသူ အသုံးမကျတာကြောင့်သာ ဆုံးရှုံးရတာပါ"

သူဌေးဖေဖေ ပြောဆိုနေသည်တို့ကို ကျွန်ုပ် သဘောပေါက်စ ပြုလာသည်။ သူက လူအနည်းအကျဉ်းတို့သာ မြင်ကြသည့် လောကကို ကျွန်ုပ် မြင်စေဖို့အတွက် အတတ်နိုင်ဆုံး ကြိုးစားပြီး ပြောပြနေခြင်း ဖြစ်သည်။ ထိုလောကသည် တကယ့် ရင်းနှီးမြှုပ်နှံမှုလောက ဖြစ်သည်။

သူဌေးဖေဖေက အသက်ရှူနေလိုက်ပြီးမှ စကားကို ဆက်သည်။ "ပညာရင့်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးက ခပ်ညံ့ညံ့ရင်းနှီးမြှုပ်နှံသူတစ်ဦးကြောင့် ပျက်စီးသွားတဲ့ လုပ်ငန်းတစ်ခုကို ဝယ်ယူလိုက်တာကို ငါ ကြုံဖူးတယ်။ သူက ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုအဖြစ်သို့ ရောက် အောင် ပြောင်းလဲပေးနိုင်ခဲ့တယ်။ ဒီတော့ ခပ်ညံ့ညံ့ ရင်းနှီးမြှုပ်နှံသူက ငွေတွေ ဆုံးရှုံးသွားတယ်။ လိမ္မာပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူက ငွေတွေ ထပ်ရသွားတယ်"

"လိမ္မာပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူတွေက ဘယ်တော့မှ ငွေမဆုံးရှုံးဘူးလို့ ခင်ဗျားပြောချင်တာလား"

"အဲဒီလိုမျိုး မဟုတ်ဘူး။ ငါတို့အားလုံး ဟိုတစ်ကြိမ်မှာ ဒီတစ်ကြိမ်မှာဆိုသလို ရှုံးကြတာတွေ ရှိစမြဲပဲ။ ငါပြောချင်တဲ့အချက်က လိမ္မာပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးဟာ လိမ္မာပါးနပ်မှု ပိုရှိလာနေတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ဖို့ တစ်ခုတည်းကိုပဲ အာရုံစိုက်တယ်။ သူလို ငါလို ရင်းနှီးမြှုပ်နှံသူတွေကတော့ ပိုက်ဆံရဖို့ကိုပဲ အာရုံစိုက်တယ်။ ဒီနေရာမှာ

ငါက မင်းကို မင်းရဲ့ဘဝ ဘယ်လို လုပ်ကိုင်ရမယ်ဆိုတာကို ပြောပြနေတာ မဟုတ်ဘူး။ အခုချက်ချင်း မင်းလုပ်နေတာတွေကို ရပ် လိုက်စေချင်တယ်။ အချိန်နည်းနည်းယူပြီး အခု မင်းဘာတွေကို သင်ယူ ရရှိသလဲဆိုတာ စဉ်းစားကြည့်ပါ။ မင်း ပိုက်ဆံတွေ ဘယ်လောက်များ များရအောင် လုပ်နိုင်သလဲ၊ မလုပ်နိုင်ဘူးလဲ ဆိုတာကို မစဉ်းစားပါနဲ့။ ပိုက်ဆံကို အာရုံမစိုက်ပါနဲ့။ ပိုတော်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာအောင် သင်ယူတာကိုပဲ အာရုံစိုက်ပါ"

"ချက်လက်မှတ်တစ်စောင်ကို ရေး၊ စာအိတ်ထဲထည့်ပြီး စာအိတ်ကို ပိတ်၊ တံဆိပ်ခေါင်းကပ်၊ စာတိုက်ပုံးထဲကိုထည့်။ ကျွန်တော် လုပ်နေတဲ့ ရေရှည် ရင်းနှီးမြှုပ်နှံမှုအတွက် ကျွန်တော် လုပ်သမျှ အဲဒါအကုန်လုံးပဲ။ ဒီတော့ ရင်းနှီးမြှုပ်နှံမှုအကြောင်း ဘာမှ မသင်ယူရဘူး။ ဒီတော့ ဘာမှ မတတ်ဘူး"

"အဲဒါ ငါပြောချင်တာ အတိအကျပဲ။ မင်းက ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာဖို့အတွက် သင်ယူခြင်း မရှိဘူး။ မင်းက ငွေကို ချွေတာသုံးဖို့ရယ်၊ စာအိတ်မှာ တံဆိပ်ခေါင်းကို လျှာနဲ့လျက်ပြီး တံတွေးဆွတ် ကပ်ဖို့ရယ် အဲဒါတွေပဲ တတ်မယ်"

သူဌေးဖေဖေက မတ်တတ်ထရပ်ပြီး အကြောဆန့်လိုက်သည်။ ရိုးရှင်းသော်လည်း အရေးပါသည့် သင်ခန်းစာကို သူက ကျွန်ုပ်၏ ခေါင်းထဲ စည်ဖြောတီးသကဲ့သို့ တဖြုန်းဖြန်း ထည့်ရသဖြင့် ပင်ပန်း သွားဟန်တူသည်။ သူက ကျွန်ုပ်ကို ကြည့်ပြီး မေးသည်။ "ဒီတော့ မင်းရဲ့ ပေါင်းစုရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုတွေရယ်၊ မင်းအကြောင်းရယ် ဘာတွေ သင်ယူခဲ့သလဲ"

"ကျွန်တော်ဟာ စိတ်မရှည်တဲ့သူဆိုတာ သိပါပြီ။ ပြီးတော့ ရင်းနှီး မြှုပ်နှံတတ်အောင် သင်ယူဖို့အတွက် အချိန်မရယူတာကို ကျွန်တော်ဆင်ခြေတွေပေးနေတယ်ဆိုတာကိုလည်း သိပါပြီ"

"အဲဒါကြောင့် ဘာတွေဖြစ်သလဲ"

"အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုကို အမြဲရတဲ့သူအဖြစ်ကို ကျွန်တော် မရဘူး။ စိတ်လှုပ်ရှားတက်ကြွရတဲ့ လောကနဲ့ ကျွန်တော် မဆုံဆည်းရဘူး။ အဲဒီလောကကို မြင်တဲ့တွေ့တဲ့သူဦးရေက မဆိုစလောက်ပဲ ရှိတယ်။ ပြီးတော့ တကယ်လို့ ကျွန်တော်က အပြောင်းအလဲတချို့ကို မလုပ်ဘူးဆိုရင် ကျွန်တော်ဟာ ရင်းနှီးမြှုပ်နှံတဲ့သူတစ်ဦးဆိုတာထက် လောင်းကြေးထည့်တဲ့ လောင်းကစားသမားပဲ ဖြစ်နေလိမ့်မယ်"

"အင်မတန်ကောင်းတဲ့ ထိုးထွင်းသိမြင်မှုပဲ။ နောက်ထပ် ဘာရှိ သေးလဲ" ဟု သူဌေးဖေဖေက



ကျေနပ်သည့်အပြုံးကို ပြုံးရင်း မေးသည်။ကျွန်ုပ် ခဏတာ စဉ်းစားသည်။ နောက်ထပ်ပေးစရာအဖြေများကိုစဉ်းစား ၍ မရချေ။ "တခြားဘာရှိသေးလဲဆိုတာတော့ ကျွန်တော် မသိဘူး"

"လုံးဝသူစိမ်းဖြစ်တဲ့သူရဲ့ လက်ထဲကို မင်းရဲ့ ပိုက်ဆံတွေ ပေးထားတာကို စဉ်းစားကြည့်လေ။ အဲဒီသူစိမ်းက မင်းရဲ့ ပိုက်ဆံတွေကို ဘာလုပ်သလဲဆိုတာကို မင်းဘာဆိုဘာမှ မသိရဘူး။ အဲဒီ သူစိမ်းက ဘယ်လိုလဲဆိုတာကိုလည်း မင်း မသိဘူး။ သူက မင်းရဲ့ ပိုက်ဆံတွေ ထဲကနေ အခကြေးငွေ ဘယ်လောက်စားသလဲ။ မင်း ပေးနေတဲ့ ငွေတွေ ထဲမှ ဘယ်လောက်ကို သူက ရင်းနှီးမြှုပ်နှံမှု တကယ်ပြုသလဲ။ မင်းရဲ့ ပိုက်ဆံတွေကို စီမံခန့်ခွဲပေးတဲ့သူတွေရဲ့ အိတ်တွေထဲ မင်းရဲ့ပိုက်ဆံတွေ ဘယ်လောက်အထိ ရောက်ကုန်သလဲ။ မင်းရဲ့ အိတ်ထဲကို ပြန်ရောက် လာတဲ့ငွေ ရှိလား။ သူတို့ကြောင့် မင်းရဲ့ ငွေတွေ ဆုံးရှုံးသွားရင် ဘာဖြစ်မလဲ။ မင်းမှာ တခြား အရင်းအမြစ် ရှိလား။ အဲဒီ မေးခွန်းတွေအတွက် အဖြေတွေမှာ မင်းသိတဲ့ အဖြေရှိသလား"

ကျွန်ုပ်က ခေါင်းခါပြလိုက်သည်။ အားလျော့သည့်လေသံဖြင့် "ဟင့်အင်း" ဟု ကျွန်ုပ် ဖြေလိုက်သည်။

"မင်းကို အဲဒီ ပေါင်းစုရန်ပုံငွေ လာရောင်းတဲ့သူကို သူ့ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှုတွေဆီမှ ရတဲ့ဝင်ငွေတွေနဲ့ နေထိုင်တာလားလို့ မင်း မေးကြည့်လား။ မင်းက သူ့ကို ပေးတဲ့ ပိုက်ဆံအပေါ်မှာ သူရတဲ့ ပွဲခနဲ့ သူနေ ထိုင်တာလား။ အဲဒါကို မင်း မေးကြည့်လား"

"ဟင့်အင်း။ ကျွန်တော်တစ်ခါမျှ မေးမကြည့်ဖူးဘူး"

## ကိုယ်ကျိုးရှာခြင်းနှင့် သက်မွေးအလုပ်

ကျွန်ုပ်သည် အမှားတစ်ခု ပြုမိခဲ့ခြင်း ဖြစ်နေနိုင်သည်ဟု ကျွန်ုပ် သတိမူမိသည်။ ထို့အတွက် မစ္စတာကာလင်းကို အပြစ်တင်လိုသည်။ သို့သော် ကျွန်ုပ် ထို့ထက်ပိုသိသည်။ ကျွန်ုပ်သည် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်သည်။ ကျွန်ုပ်က ရင်းနှီးမြှုပ်နှံမှုအကြောင်းကို ပြည့်ပြည့်စုံစုံ ဆန်းစစ် အကဲဖြတ်ခြင်း လုံလုံလောက်လောက် မလုပ်ဘဲ ပေါင်းစုရန်ပုံငွေတွင် ရင်းနှီးမြှုပ်နှံဖို့ ရွေးချယ်ခဲ့သည်။

ငွေရေးကြေးရေး အစီအစဉ်ရေးဆွဲပေးသူတို့သည် ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရောင်းစရာများကို ရောင်းချပေး ခြင်းဆီမှ ပွဲခ ရယူကြသည်။ ကျွန်ုပ်တို့သည် မှန်ကန်သင့်မြတ်သော မေးခွန်းကို မည်သို့ မေးမြန်းရမည်ဆိုသည်ကို

သင်ယူထားကြရမည်။

- ဤပေါင်းစုရန်ပုံငွေအတွက် ပေးရမည့် အခကြေးငွေများမှာ အဘယ်နည်း။
- ယခု ရောင်းချခြင်းအတွက် သင် မည်မျှ ပွဲခ ရသနည်း။

သူဌေးဖေဖေက ကျွန်ုပ်ကို သိစေလိုသည်မှာ ကျွန်ုပ်၏ ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုလုပ်ပိုင်ခွင့်ကို အခြားတစ်ယောက်အား မပေးရဟူ၍ ဖြစ်သည်။

## မပြင်းထန်သော ပြစ်ဒဏ်

၂၀၀၂ ခုနှစ်တွင် ဝေါလ်စထရိမှ အကြီးမားဆုံး ကုမ္ပဏီတချို့တို့ကို နယူးယောက်ရှေ့နေချုပ်က ဒဏ်ကြေး ဒေါ်လာ ၁.၄ ဘီလျံ စီရင်ခဲ့သည်။ အကြောင်းမှာ ၎င်းကုမ္ပဏီတို့သည် စာရင်းလိမ်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်း တို့ကြောင့် ဖြစ်သည်။ သတင်းစာရှင်းလင်းပွဲတွင် ရှေ့နေချုပ်က "ရင်းနှီးမြှုပ်နှံသူတိုင်းသည် ဈေးကွက်တွင် ဆုံးရှုံးနစ်နာမည့်အရေးရှိကြောင်း သိထားကြသည်။ သို့သော် ရင်းနှီးမြှုပ်နှံသူတိုင်းအဖို့ မျှော်လင့် ထားသည်နှင့် ထိုက်တန်သည်မှာ ရိုးဖြောင့်သောသဘောရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေးချက်ဖြစ်သည်။ ကိုယ်ကျိုးရှာခြင်းကင်းသော အကြံပေးချက်နှင့် ဆန်းစစ်ချက်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူတို့ အမေရိကန်ဒေါ်လာ ၇ မှ ၉ ထရီလီယံဒေါ်လာအထိ ဆုံးရှုံးကြရခြင်းအတွက် ဒဏ်ကြေး ၁.၄ ဘီလျံဒေါ်လာ ပေးဆောင် စေခြင်းသည် ဒေါ်လာခုနစ်ထောင်မှ ကိုးထောင်အထိ ပျက်စီးသွားသဖြင့် လျော်ကြေး တစ်ဒေါ်လာနှင့် ဆင့်လေးဆယ် ပေးဆောင်စေခြင်းနှင့်အချိုး အစားတူသည်။ သို့ဖြစ်ရာ လက်ကောက်ဝတ်ကို လက်ဝါးဖြင့် ရိုက်သည့် ပြစ်ဒဏ်မျှလောက်သာ ဖြစ်သည်။ မပြင်းထန်သော ပြစ်ဒဏ်ဖြစ်နေသည်။ ငွေဆုံးရှုံးသွားသော ရင်းနှီးမြှုပ်နှံသူတို့ထံမှ ၎င်း ကုမ္ပဏီကြီးများက တရားဝင် ရယူသော ပွဲခထက်ပင် နည်းနေသေးသည်။

၁.၄ ဘီလျံဒေါ်လာနှင့်အတူ ပြုပြင်ပြောင်းလဲမှုအဖြစ် စည်းမျဉ်းများ ပြဋ္ဌာန်းဖို့ သဘောတူညီခဲ့ကြသည်။ ထိုစည်းမျဉ်းများသည် ဝေါလ်စထရိ သုတေသနအုပ်စုများနှင့် စတော့ကမ်းလှမ်းသည့် အုပ်စုများအကြား ကိုယ်ကျိုးရှာခြင်းများကို ဖယ်ရှားပေး



မည်ဖြစ်သည်။ လုပ်ငန်းများ၏ စတော့ဆန်းစစ်ချက်များအတွက် လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုဘဏ်လက် တံများမှ စတော့သုတေသနအတွက် ငွေပေးပြီး စေခိုင်းခြင်းကို ပိတ်ပင် ထားမည်ဖြစ်သည်။

## အလုပ်ကောင်းစွာ ပြီးမြောက်ခြင်းအတွက် ဆုကြေး

စာရင်းလိမ်သည့်အတွက် သက်သက်ညှာညှာ ပြစ်ဒဏ်ပေးပြီးသောအခါ ဝေါစထရိဂျာနယ်က 'မေရေးလင့်ချ်က အရာရှိများကို ကြီးမားသော ဆုကြေးများ ချီးမြှင့်' ဆိုသည့်ခေါင်းစဉ်ဖြင့် ဆောင်းပါး ဖော်ပြခဲ့သည်။

ထိုဆောင်းပါးကို နောက်တစ်နည်းဖြင့် ပြောပြရလျှင် မေရေးလင့်ချ်အင် ကုမ္ပဏီ (Merrill Lynch & Co.)သည် ၎င်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်တို့ကို ဆုကြေး ဒေါ်လာ ၇ သန်း ချီးမြှင့်သည်။ ထိုအချိန်တွင် လုပ်ငန်းသည် စတော့ဈေးကွက်တွင် ခွက်ခွက်လန်အောင် အရှုံးပြနေသည်။ လုပ်ငန်း၏ အခရာလုပ်ကိုင်မှုများတွင်လည်း ခွက်ခွက်လန်အောင် အရှုံးပြနေသည်။

ထိုဆောင်းပါးတွင် ဆက်လက်ဖော်ပြထားသည်မှာ ၂၀၀၂ ခုနှစ် တွင် မေရေးသည် ဝန်ထမ်းဦးရေကို ၆,၅၀၀ ဦးသို့ လျှော့ချလိုက်ရာ ဝန်ထမ်း ၂၁,၇၀၀ ဦး အလုပ်ပြုတ်သွားကြသည်။

ကျွန်ုပ်က ဝေါစထရိဂျာနယ်သတင်းစာကို ပြန်ချထားလိုက်ပြီးသောအခါ ကုမ္ပဏီသည် စာရင်းလိမ်ပြသည့်အတွက် အရေးယူခံနေပြီး ၎င်းထံ၌ ရင်းနှီးမြှုပ်နှံထားသူများသည် ဒေါ်လာ ထရီလီယံချီပြီး ဆုံးရှုံးနေသည့်အပြင် ဝန်ထမ်း ၂၁,၇၀၀ ဦး အလုပ်ဖြုတ်ခံရချိန်တွင် ကုမ္ပဏီ၏ ထိပ်ပိုင်းတွင် ရှိသူများကို အဘယ်ကဲ့သို့ ဒေါ်လာ သန်းချီသော ဆုကြေး များ ပေးနေနိုင်သည်ကို မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်ရပြီး အဖြေကို စဉ်းစား၍ မရနိုင်အောင် ဖြစ်ရပေသည်။

မျှမျှတတ ရှိစေရန်အလို့ငှာ ကျွန်ုပ်သည် မေရေးလင့်ချ် တစ်ခုတည်းကိုသာ ရွေးပြီး ဖော်ပြမည်မဟုတ်ဘဲ ဝါလ်စထရိဂျာနယ်သတင်းစာပါ ၎င်းဆောင်းပါးတွင် အခြားငွေကြေးလုပ်ငန်း အဖွဲ့အစည်းများ၏ စီအီးအိုများကို ပေးနေသည့် နှစ်စဉ် ဆုကြေးစာရင်းကိုလည်း ဖော်ပြပါသည်။

| | |
|---|---|
| မော်ဂင် စတန်လီ | ဒေါ်လာ ၁၁.၀ သန်း |
| ဂိုးလ်မင်း စာစ် | ဒေါ်လာ ၁၂.၁ သန်း |
| လီမန်း ဘရားသား | ဒေါ်လာ ၁၂.၅ သန်း |
| ဘဲ စတန်းစ် | ဒေါ်လာ ၁၉.၆ သန်း |

ဤကုမ္ပဏီများတွင် အချို့တို့သည် ငွေစာရင်းလိမ်ပြသည့်အတွက် နယူးယောက် အာဏာပိုင်တို့က ဒဏ်ကြေးစီရင်ခံရသည့် အဖွဲ့ထဲတွင် ပါဝင်ကြသည်။

**တရားစွဲဆိုမှုများ ဆက်လက်ဖြစ်ပွား**

၂၀၀၃ ခုနှစ်၌ အငယ်စားရင်းနှီးမြှုပ်နှံသူများက အုပ်စုဖွဲ့၍ စုစည်း လိုက်ကြပြီး မေရေးလင့်ချ်ကို တရားစွဲဆိုကြသည်။ လွဲမှားစွာ စာရင်း တင်ပြခြင်းများ ဖြစ်ပွားခဲ့ကြောင်း အထောက်အထား အများအပြားတို့ကို တင်ပြနိုင်ခဲ့ကြသော်ငြားလည်း အဆိုပါ ရင်းနှီးမြှုပ်နှံသူအငယ်စားတို့ အမှုရှုံးသွားကြသည်။ အငယ်စားရင်းနှီးမြှုပ်နှံသူတို့ အမှုရှုံးကြရသည်ကို ကျွန်ုပ်အနေဖြင့် မကြိုက်သော်လည်း တရားသူကြီး၏ စီရင်ဆုံးဖြတ်ချက်ကို ကျွန်ုပ် သဘောတူသည်။ ရင်းနှီးမြှုပ်နှံသူတိုင်း သတိမူကြဖို့ လိုအပ်သည်မှာ ရင်းနှီးမြှုပ်နှံမှု လောကထဲသို့ ဝင်ရောက်လာသည့်အခါ "ကံခေခြင်း" ရှိနေသည့်အချက် ဖြစ်သည်။

**ပေါင်းစုရန်ပုံငွေ စာရင်းလိမ်ပြခြင်း**

နယူးယောက် ရှေ့နေချုပ်သည် ပေါင်းစုရန်ပုံငွေများကို ၂၀၀၃ ခုနှစ် အစောပိုင်းတွင် စတင်အာရုံစိုက်ခဲ့သည်။ ပေါင်းစုရန်ပုံငွေများ ပါဝင်ပတ်သက်သော ငွေပြောင်းငွေလွှဲများတွင် ငွေကြေးဆိုင်ရာမဖွင့်ဟသော ကိုယ်ကျိုးရှာခြင်း ရှိနေသည်ဟု ၎င်းက ပြောသည်။ ရန်ပုံငွေထဲမှ တိတ်တုဆိတ် ယူထားသော အခကြေးငွေများကို သူက ကြည့်သည်။ ရန်ပုံငွေ များကို ရောင်းချရာ၌ ကိုယ်ကျိုးရှာခြင်းများ ကိုလည်း သူက ကြည့်သည်။ သူက အနှောင်းပိုင်းရောင်းဝယ်ခြင်းနှင့် ဈေးကွက်အချိန်ကိုက်ခြင်းဟူသည့် လုပ်ထုံးလုပ်နည်းနှစ်ခုကိုလည်း သူက စုံစမ်းစစ်ဆေးသည်။

အနှောင်းပိုင်းရောင်းဝယ်ခြင်းသည် ပေါင်းစုရန်ပုံငွေ ရှယ်ယာများကို မွန်းလွဲပိုင်း ၄ နာရီတွင် ဝယ်ယူခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် ဈေးကွက်ပိတ်လိုက်ပြီးသည့် နောက်တွင် ဖြစ်ပေါ်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ပေါင်းစုရန်ပုံငွေ၏ ရှယ်ယာများ ဈေးပိတ်ချိန် ဖြစ်ပေါ်သည့် ဈေးနှုန်း မဟုတ်ချေ။

ဈေးကွက် အချိန်ကိုက် ရောင်းဝယ်ခြင်းသည် ပေါင်းစုရန်ပုံငွေ ရှယ်ယာများကို ကာလတို ရောင်းဝယ်ကြခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ရန်ပုံငွေ၏ ရေရှည် ရှယ်ယာပိုင်ရှင်များအပေါ် ထိခိုက်နစ်နာစေသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်သည်။ ပင်ကိုအားဖြင့် ကိုယ်ကျိုးရှာ ခြင်းများ၊ အတွင်းသတင်းဖြင့် ရောင်းဝယ်ခြင်းများသည် သာမန်ရင်းနှီး မြှုပ်နှံသူများ၏ ယုံကြည်စိတ်ချခြင်းကို လှုပ်ခါသည်။

**တတ်သိသောရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာရန်မှာ**

ရင်းနှီးမြှုပ်နှံမှုလောကထဲတွင် ငွေကြေးဆုံးရှုံးခြင်း မရှိချေ။ လက်ပြောင်းသွားခြင်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း မိမိမှာ ရှိနေသည့် ဒေါ်လာတစ်သောင်းကို မည်သည့်တွင် ရင်းနှီးမြှုပ်နှံမည်နည်းဟုမေးလာ သည်ကို ကျွန်ုပ် အဖြေပေးဖို့ ဝန်လေးမိခြင်း ဖြစ်သည်။ မိမိ၏ ပိုက်ဆံကို မည်သို့ လုပ်ရမည် မသိသောသူတစ်ဦးသည် ရင်းနှီးမြှုပ်နှံခြင်း မပြုခင် မိမိ၏ အချိန်ကို ရင်းနှီးမြှုပ်နှံပြီး ငွေရေးကြေးရေးပညာခန်းကို သင်ယူသင့်သည်။ ကျွန်ုပ်၏ ယူဆချက်မှာ သန်းချီသော ဦးရေရှိသည့် ရင်းနှီးမြှုပ်နှံသူများသည် ထရီလီယံချီသော ဒေါ်လာများ ဆုံးရှုံးကြရသည်မှာ သူတို့သည် သူတို့၏ ပိုက်ဆံကို ရင်းနှီးမြှုပ်နှံကြသော်လည်း သူတို့၏ အချိန်ကို ရင်းနှီးမြှုပ်နှံဖို့ စိတ်မပါကြသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ "ငါ့မှာ ဒေါ်လာ တစ်သောင်းရှိတယ်။ ဘယ်မှာ ရင်းနှီးမြှုပ်နှံရမလဲ" ဟူသည့်မေးခွန်းအတွက် ကျွန်ုပ်၏အဖြေမှာ မိမိ၏ ပိုက်ဆံ ကို ရင်းနှီးမြှုပ်နှံခြင်းမပြုခင် မိမိ၏ အချိန်ကို ဦးစွာပထမ ရင်းနှီးမြှုပ်နှံပြီး ပိုတော်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာအောင် သင်ယူပါ။ သို့မှသာ သင် မျှော်လင့်ဆုတောင်းသည့် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုမျိုးကို သင် တွေ့ရှိမည် ဖြစ်သည်။ အမြဲသတိရဖို့ လိုသည်မှာ လွန်ခဲ့သည့် နှစ်အတန်ကြာက ကျွန်ုပ်၏ သူဌေးဖေဖေက ကျွန်ုပ်ကို ပြောခဲ့သည့်စကား ဖြစ်သည်။ "ငွေရေးကြေးရေးမှာ များများစားစား တတ်သိခြင်း မရှိကြတဲ့သူတွေဟာ များသောအားဖြင့် အရောင်းဆွယ်လုံးမှာ ကျသွားကြတယ်။ သူတို့က အရောင်းဆွယ်လုံးကို အကြံပေးချက်လို့ ထင်မှတ်မှားကြတယ်"

ဤစာအုပ်သည် ကျွန်ုပ်၏ သူဌေးဖေဖေက ကျွန်ုပ်ကို သွန်သင်ခဲ့သောအချက်

ဖြစ်သည့် ကျွန်ုပ်အတွက် အရေးကြီးသည်မှာ ကျွန်ုပ်၏ အချိန်ကို ရင်းနှီးမြှုပ်နှံဖို့ဖြစ်ပြီး တကယ့်အစစ်အမှန် ရင်းနှီးမြှုပ်နှံမှုပညာ ကို ရှာဖွေရန်အတွက် သုံးရမည့်အကြောင်းကို တင်ပြထားသည်။ ထိုသို့ သင်ယူပြီးမှ သင့်ပိုက်ဆံကို ရင်းနှီးမြှုပ်နှံမှု ပြုရမည်ဖြစ်သည်။ သူဌေး ဖေဖေက ပြောသည်မှာ "ရင်းနှီးမြှုပ်နှံမှု ပညာခန်းကို ပိုသိ ပိုတတ်လာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုကောင်းတဲ့အကြံပေးချက်ကို မင်း လက်ခံရရှိလိမ့်မယ်" ဟူ၍ ဖြစ်သည်။

အခန်း (၂)

# မွေးမြူရေးခြံလုပ်ကိုင်သူတစ်ဦးကို မေးပါ၊ ပြီးရင် နို့စားနွားမွေးသူ လယ်သမားတစ်ဦးကို မေးပါ

စတော့တစ်ခုကို ကိုင်ထားဖို့ ကျွန်တော်အနှစ်သက်ဆုံး အချိန် ဘောင်က အစဉ်ထာဝရ ဖြစ်ပါတယ်

*ဝါရန်ဘတ်ဖ်ဖက်တ်*

ကျွန်ုပ်က ပေါင်းစုရန်ပုံငွေများ ရင်းနှီးမြှုပ်နှံမှုထဲသို့ အလောတကြီး ခုန်ဝင်ခဲ့ခြင်းကို တည့်မတ်မှန်ကန်အောင် သူဌေးဖေဖေက ပြောပြပေးပြီးသောအခါ သူ၏ ရင်းနှီးမြှုပ်နှံပုံ နည်းလမ်းကို ကျွန်ုပ်အားပြောပြသည်။ သူက အသားစားနွား မွေးမြူရေးခြံလုပ်ကိုင်သူတစ်ဦးနှင့် နို့စားနွား မွေးမြူသည့် လယ်သမားတစ်ဦးတို့အကြား ကွာခြားပုံအပေါ် ငွေရေးကြေးရေးသင်ခန်းစာကို သူက ပြန်ပြောပြသည်။

## လှပသည့် ကျွန်းကြီး

ဟာဝါအီ ကျွန်းကြီးပေါ်တွင် ကျွန်ုပ် ကြီးပြင်းခဲ့သည်။ ထိုကျွန်းပေါ်တွင် ပတ်ကား မွေးမြူရေးခြံ ရှိသည်။ ကျွန်ုပ် အထက်တန်းကျောင်းတက်နေစဉ်တွင် ပတ်ကား မွေးမြူရေးခြံသည် အမေရိကန်နိုင်ငံ၌ အကြီးမားဆုံး ပုဂ္ဂလိကပိုင် မွေးမြူရေးခြံ ဖြစ်သည်။ ကျွန်ုပ် အသက် ၁၆ နှစ်တွင် သူဌေးဖေဖေက သူ့သားနှင့် ကျွန်ုပ်တို့ကို ပတ်ကားမွေးမြူရေးခြံသို့

ခေါ် သွားသည်။ အဆိုပါ အသားစားနွား မွေးမြူရေးခြံကြီးသည် သွားရောက် လည်ပတ်ရန်အတွက် သာသာလှပသည်။ လူများလွန်းလှသည့် ဝိုင်ကီကီ ပင်လယ်ကမ်းစပ်သောင်ပြင်နှင့် ဝေးကွာသောနေရာတွင် မွေးမြူရေးခြံကြီးတည်ရှိပြီး တောင်အမြင့်များ ဝန်းရံထားသည်။ တောင်ကုန်းစိမ်းစိမ်းများ အစီအရီရှိနေကြပြီး တစ်ခွင်တစ်ပြင် ကျယ်ပြန့်သော ပြင်ကျယ်အဆုံးမှာ ခမ်းနားကြီးကျယ်သော ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ပြာပြာ ရှိနေသည်။ မွေးမြူရေးခြံ၏ အချက်အချာနေရာတွင် တည်ရှိနေသော ကမ္ဘာလာမြို့ငယ်ကလေးသည် ကျွန်ုပ် အသက်ကြီး၍ လှုပ်လှုပ် ရှားရှားလုပ်ကိုင်မှုများ လျော့ကျနေးကွေးသွားသည့်အခါ နေထိုင်ရန် ဆန္ဒရှိသည့်နေရာတစ်ခု ဖြစ်သည်။

အသားစား မွေးမြူရေးခြံသို့ အလည်အပတ် သွားရောက်ခဲ့စဉ် နွားကျောင်းသားတို့က နွားအုပ်ကို စားကျက်မြက်ခင်းဆီမှ သားသတ်ရုံသို့ မောင်းသွားကြသည်ကို တွေ့ရသည်။ သူဌေးဖေဖေက ကျွန်ုပ်တို့ကို နွားများ သတ်ဖြတ်သည်ကို မမြင်နိုင်ခင်မှာ အခြားနေရာသို့ ခေါ်ပြီး ရှောင်လွှဲခဲ့သော်လည်း ကျွန်ုပ်တို့သည် မည်သို့ ဖြစ်ပျက်တော့မည်ကို သိနေကြသည်။ နွားများကလည်း သိနေကြသည်။ ထိုသို့ တွေ့ကြုံခံစားခဲ့ သည်ကို ကျွန်ုပ်မည်သည့်အခါမျှ မေ့မည် မဟုတ်ချေ။

လအတန်ကြာပြီးသောအခါ သူဌေးဖေဖေက ကျွန်ုပ်တို့ကို နို့စားနွားမွေးမြူရေးခြံသို့ ခေါ်သွားသည်။ နံနက်ဖက်စောစောတွင် ခြံလုပ်သားတို့က နွားမများကို နို့ညှစ်ရန် နွားတင်းကုပ်ရုံသို့ မောင်းသွားကြသည်ကို ကျွန်ုပ်တို့ တွေ့ကြရသည်။ နွားမများသည် အေးအေးလူလူဖြင့် သွားကြသည်ကို တွေ့ရသည်။

သူဌေးဖေဖေက ကျွန်ုပ်တို့ကို သင်ယူစေလိုသည့် ငွေရေးကြေးရေး သင်ခန်းစာ တစ်ခုမှာ နွားခြံနှစ်ခုစလုံးတွင် နွားများကို တန်ဖိုးရှိ ပိုင်ဆိုင်မှု အဖြစ် သတ်မှတ်ထားသည်။ သို့သော် အဆိုပါပိုင်ဆိုင်မှုအပေါ် ပြုမူပုံမှာ ကွာခြားနေသည်။ လုပ်ကိုင်နေသည့် စီးပွားရှာပုံစံများမှာလည်း ကွာခြားသည်။

အသားစားနွား မွေးမြူရေးခြံနှင့် နို့စားနွားမ မွေးမြူရေးခြံတို့သည် အလွန် အရေးပါသော ကွာခြားမှုကို အဓိပ္ပာယ်ထင်ရှားစေသည်။ ၎င်း ကွာခြားမှုမှာ –

- အဝယ်အရောင်းမှ အမြတ်များရခြင်း
  နှင့်
- ငွေသားစီးဆင်းခြင်း



ရှင်းရှင်းလေး ဖော်ပြရသော် အသားစားနွားခြံသည် အဝယ်အရောင်းမှ အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုပြုသူတစ်ဦးနှင့် အလားသဏ္ဍာန် တူသည်။ နို့စားနွားခြံသည် ငွေသားစီးဆင်းမှုအတွက် ရင်းနှီးမြှုပ်နှံမှု ပြုထားသောသူတစ်ဦးနှင့် အလားသဏ္ဍာန် တူသည်။ လူအများအပြားတို့ ရင်းနှီးမြှုပ်နှံမှုတွင် ထည့်ဝင်သည့် ငွေကြေးများ ဆုံးရှုံးကြရခြင်း၊ ရင်းနှီးမြှုပ်နှံမှုသည် ဆုံးရှုံးမည့်အရေး ကြီးမားသည်ဟု ထင်မြင်ကြခြင်းတို့အတွက် အကြောင်းရင်းတစ်ခုမှာ သူတို့သည် အသားစားနွားခြံနှင့် အလားသဏ္ဍာန်တူသော ရင်းနှီးမြှုပ်နှံမှုကို ပြုကြသောကြောင့် ဖြစ်သည်။ သူတို့သည် နို့ရဖို့ မဟုတ်ဘဲ သားသတ်ဖို့ ရင်းနှီးမြှုပ်နှံကြခြင်း ဖြစ်နေသည်။

**အဝယ်အရောင်းမှ အမြတ်ရခြင်းများအတွက်**
**ရင်းနှီးမြှုပ်နှံသူ၏ ပြောဆိုခြင်းများ**

စကားထဲက ဖာတိပြဆိုသည့်အတိုင်း ပြောဆိုသောစကားနှင့်သုံးနှုန်းသော စကားလုံးများအရ ထိုသူသည် အဝယ်အရောင်းမှ အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ကြောင်း သိနိုင်သည်။

- ကျွန်တော့ဥစ္စာရဲ့ အသားတင်တန်ဖိုး မြင့်တက်သွားပြီ
- ကျွန်တော့ အိမ်တန်ဖိုးက တော်တော်တန်နေပြီ
- ရှယ်ယာတစ်စုကို ကျွန်တော် တစ်ဆယ်ဒေါ်လာပေးပြီး ဝယ်ခဲ့တယ်။ အဲဒီ ရှယ်ယာတွေ ၁၅ ဒေါ်လာ ဖြစ်သွားတော့ ကျွန်တော် ရောင်းလိုက်တယ်
- အိမ်တစ်လုံး ကျွန်တော် ဝယ်ပြီး ပြင်တယ်။ ပြန်ရောင်းထုတ်လိုက်တယ်။ အမြတ် ဒေါ်လာ ၂၃,ဝဝဝ ရတယ်။
- ကုမ္ပဏီရဲ့ ဝင်ငွေတွေ တိုးနေတယ်။ ဒီတော့ ကုမ္ပဏီရဲ့ ရှယ်ယာဈေးတွေလည်း လိုက်တက်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားပါတယ်

**ငွေသားစီးဆင်းခြင်း ရင်းနှီးမြှုပ်နှံသူ၏ ပြောဆိုခြင်းများ**

စကားထဲက ဖာတိပြဆိုသည့်အတိုင်း ပြောဆိုသောစကားနှင့် သုံးနှုန်းသော စကားလုံးများအရ ထိုသူသည် ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ကြောင်း သိနိုင်သည်။

- ပိုင်ဆိုင်မှုထံမှ ကျွန်တော့်ရဲ့ ငွေပေါ်ငွေပြန်ရတာ ဘယ်လောက်ရှိသလဲ
- စတော့က အမြတ်ဝေစု တစ်ရှယ်ယာကို ၅၆ ဆင့် ပေးတယ်
- ခင်ဗျားရဲ့ ဝင်ငွေမှာ ပစ္စည်းများ အိုဟောင်းခြင်းကြောင့် တန်ဖိုးလျော့တာကို ထည့်တွက်ထားသလား
- အဲဒီဟာက မြူနီစပယ် ငွေချေးစာချုပ်။ အခွန်ကင်းလွတ်တယ်။ အတိုးက ၇ ရာခိုင်နှုန်း ပေးတယ်။
- ကျွန်တော်ဝယ်ထားတဲ့ အခွန်သိမ်းလက်မှတ်( tax lien certificate) ထံမှ အတိုး ၁၆ ရာခိုင်နှုန်း ရတယ်။

(စကားချပ်။ ။ lienသည် ပိုင်ဆိုင်မှုတစ်ရပ်ကို ဥပဒေကြောင်းအရ လက်ကိုင်ထားခွင့်ဖြစ်သည်။ ပေးသင့်ပေးထိုက်သည်ကို မပေးသေးသဖြင့် အကြွေးတင်ရှိနေသောကြောင့် လက်ကိုင်ထားခွင့် လက်မှတ်ထုတ်ပြီး ပိုင်ဆိုင်မှုအတွက် လုပ်ကိုင်ခွင့်များကို သိမ်းယူထားခြင်းဖြစ်သည်။ ထိုသို့ လက်ကိုင်ထားခွင့် တွဲထားသော ပိုင်ဆိုင်မှုကို အကြွေးမကျေသေးသရွေ့ ရောင်းချခွင့် မရှိ။ အပေါင်ထားပြီး ငွေချေးခွင့်လည်း မရှိချေ။ ပေးဆောင်ရမည့် အခွန်များ ပေးဆောင်ပြီးချိန်ကျမှ လက်ကိုင်ထားခွင့်ကို ရုပ်သိမ်းပေးမည်ဖြစ်သည်။ သို့သော် လက်ကိုင်ထားခွင့် လက်မှတ်ကို ရောင်းနိုင်ဝယ်နိုင်ကြသည်။ လက်ဝယ်ထားခွင့် လက်မှတ်ဝယ်ယူထားသူကို ပိုင်ဆိုင်မှုပိုင်ရှင်က အတိုးပေးဆောင်ရသည်။ ထို့ ကြောင့် လက်ဝယ်ထားခွင့် လက်မှတ်ကို ရင်းနှီးမြှုပ်နှံမှုတစ်မျိုးအဖြစ်ဝယ်ယူကြသည်)

**ငွေကြေးအကြံပေး၏ ပြောဆိုခြင်းများ**

ငွေကြေးအကြံပေး အားလုံးနီးပါးတို့က သင့်ကို ပြောမည်။

"ခင်ဗျား အသက်ငယ်တုန်းမှာ ကြီးထွားနှုန်း ကြမ်းတဲ့ ရန်ပုံငွေမျိုး မှာ ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော် အကြံပေးလိုပါတယ်။ ခင်ဗျား အသက် ကြီးလို့ အငြိမ်းစားယူတဲ့အခါ ဝင်ငွေမှန်တဲ့ ရန်ပုံငွေမျိုးကို ပြောင်းပြီး ရင်းနှီးမြှုပ်နှံပေးရမယ်"

ငွေကြေးအကြံပေး၏ အကြံပေးချက်ကို အဓိပ္ပာယ်ပြန်ဆိုရလျှင် "ခင်ဗျား အသက်ငယ်တုန်းမှာ အဝယ်အရောင်းမှ အမြတ်ရခြင်းမှာ ရင်းနှီးမြှုပ်နှံပါ။ ခင်ဗျား အသက်ကြီးတဲ့အခါ ငွေသားစီးဆင်းခြင်းမှာ ရင်းနှီးမြှုပ်နှံပါ"



**အင်မတန် အနံ့ဆုံး လူနံ့၏ ပြောဆိုခြင်းများ**

လောဘနှင့် မသမာမှုတို့အပြင် လူအများတို့ ရင်းနှီးမြှုပ်နှံမှုပြုသော ငွေအများအပြားဆုံးရှုံးကြရသည့် အကြောင်းတစ်ချက်မှာ သူတို့သည် အဝယ်အရောင်းမှ အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံကြသောကြောင့် ဖြစ်သည်။ နည်းပညာလုပ်ငန်းနယ်ပယ်၌ ရင်းနှီးမြှုပ်နှံမှုများ တစ်ဟုန်ထိုး ကြီးထွားခဲ့ပြီး ပူစီဖောင်းနှယ် ဖောင်းကားနေခဲ့ရာမှ ပူစီဖောင်း ပေါက်ချိန်တွင် လူအများတို့သည် အမြတ်များလည်း မရ၊ ဝင်ငွေလည်း မရှာနိုင်သော ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံထားကြသည်။ အချို့ကုမ္ပဏီတို့မှပေးသည့် အမြတ်ဝေစုမှာလည်း နည်းပါးလွန်းသည်။ သူတို့သည် ရင်းနှီးမြှုပ်နှံမှုများကို အနံ့ဆုံးနည်းလမ်းဖြင့် ပြုခဲ့ကြခြင်း ဖြစ်သည်။ သူတို့ထက် ပိုနုံသူများ ရှိလိမ့်ဦးမည်ဟူသော မျှော်လင့်ချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုကို ပြုခဲ့ကြခြင်း ဖြစ်သည်။ ပူစီဖောင်း အဖောင်းဆုံးအချိန်တွင် ငွေသွက်များ အပြင်သို့ ရွေ့ထွက်သွားသည်။ အနံ့ဆုံးဖြစ်သူများ ပေါ်ထွက်လာသည်။ ထိုအတိုင်း ယခုလည်း ဖြစ်နေပါသလားဟု မေးလျှင် အဖြေမှာ ထိုအတိုင်းဖြစ်နေဆဲဖြစ်ကြောင်း လုံးဝသေချာပါသည်ဟူ၍ ဖြစ်သည်။

**နိုင်ငံတစ်လွှား ရုပ်မြင်သံကြား**

နယူးယောက်တွင် ကျွန်ုပ် ရောက်ရှိနေစဉ် တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်သော ရုပ်မြင်သံကြားဌာနတစ်ခု၏ တွေ့ဆုံမေးမြန်းခန်း ရိုက်ကူးသည်ကို ကျွန်ုပ် ပါဝင်ခဲ့သည်။ ကျော်ကြားသောသူတစ်ဦးဖြစ်သည့် ငွေရေးကြေးရေး မျက်မှောက်ရေးရာ ပြောဆိုသူတစ်ဦး ကျွန်ုပ်အား ကျွန်ုပ်၏ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာကို မေးသည်။ သူက လှောင်ပြုံးပြုံးပြလိုက်ပြီးလျှင် "ဒေါင်းဂျုံးက ၅၀ ရာခိုင်နှုန်းနီးပါး တက်တယ်။ အဲဒါနဲ့ ပတ်သက်လို့ ခင်ဗျား ဘာများ ပြောပြချင်ပါသလဲ"ဟု မေးမြန်းသည်။ ဆိုလိုသည်မှာ စတော့များ ၅၀ ရာခိုင်နှုန်း ဈေးတက်သွားခြင်း ဖြစ်သည်။

သူက ရန်စလိုသည့်သဘောကို ပြသနေသဖြင့် ကျွန်ုပ်က "အဲဒီလို တက်တော့ ဘာဖြစ်လဲ" ဟု ပြောလိုက်သည်။ သူသည် အဝယ်အရောင်းမှ အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ကြောင်း သိသာနေသည်။ ကျွန်ုပ်သည် ငွေစီးဆင်းခြင်း ရင်းနှီးမြှုပ်နှံသူ ဖြစ်သည်။ သူက အသားစားနွား မွေးမြူသူကဲ့သို့ ရင်းနှီးမြှုပ်နှံသူ ဖြစ်သည်။ ကျွန်ုပ်သည် နို့စားနွား မွေးမြူသူကဲ့သို့ ရင်းနှီးမြှုပ်နှံသူ ဖြစ်သည်။ သို့ဖြစ်ပေရာ တွေ့ဆုံမေးမြန်းခန်းသည် အဆင်မချောကြောင်း တင်ပြဖို့လိုမည် မထင်ပေ။

## အလွန်အရေးကြီးသော ခြားနားကွဲပြားချက်

တစ်ယောက်ယောက်က "ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ"ဟု ပြောသည်ကို ကျွန်ုပ်ကြားရသည့်အခါတိုင်း များသောအားဖြင့် ကျွန်ုပ်က မေးသည်မှာ "ခင်ဗျား ဘာအတွက် ရင်းနှီးမြှုပ်နှံထားတာလဲ။ ခင်ဗျားက အဝယ်အရောင်းထံမှ အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံတာလား၊ ငွေ သားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံတာလား။ တကယ်လို့ ကျွန်တော် က ငွေသားစီးဝင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံတယ်ဆိုရင် ဈေးနှုန်းကို ကျွန်တော် တကယ်ဂရုမစိုက်ဘူး။ ကျွန်တော့်အတွက် ငွေသားစီးဆင်းခြင်း ရမယ်ဆိုရင် တောင်းတဲ့ ဈေးနှုန်းအတိုင်း ကျွန်တော် ပေးရမှာပဲ။ ကျွန်တော့်ငွေအတွက် အမြတ်ပြန်ရမယ်။ အခု ပြန်ရမယ်။ မနက်ဖြန်ကျမှရမှာ မဟုတ်ဘူး။ ရေရှည်ကျမှရမှာ မဟုတ်ဘူး။ တစ်နည်း ပြောရင် ပိုက်ဆံတွေ ကျွန်တော့်ကို အခုပြပါလို့ ပြောရမယ်"

## အဓိပ္ပာယ်မရှိသည့် နမူနာ

မေးခွန်းမှာ အကယ်၍ သင်က ကျွန်ုပ်ကို ယခုနေ့တွင် ၁၀ ဒေါ်လာ ပေးထားမည်ဆိုပါက တစ်လလျှင် တစ်ဒေါ်လာကို ယခုမှစ၍ လာမည့်နှစ်များတွင် ကျွန်ုပ်က ပေးမည်။ ထိုရင်းနှီးမြှုပ်နှံမှုသည် ကောင်းသည်ဟု ယူဆပါသလား။ ကောင်းသည်ဟု သင်ယူဆပါလိမ့်မည်။ တစ်နည်းဆိုရသော် ၁၀ လပြည့်ပြီးချိန်တွင် သင်သည် ၁၀ ဒေါ်လာကို ပြန်ရနေပြီ ဖြစ်သည်။ ထို့နောက်ပိုင်းတွင် ထပ်မံရရှိသမျှတို့သည် အချောင်ရသည့်ငွေများ ဖြစ်သည်။

ရင်းနှီးမြှုပ်နှံကြသူ အများအပြားတို့သည် ငွေအများအပြားကို ဆုံးရှုံးကြရသည်မှာ သူတို့သည် နှစ် ၄၀ ကြာ ရန်ပုံငွေသို့ တစ်လလျှင် ၁၀ ဒေါ်လာ အလီလီစိတ်ပြီး ထည့်ဝင်ကြသောကြောင့် ဖြစ်သည်။ နောက် ထပ် နှစ်ပေါင်း ၄၀ ကြာပြီးချိန်တွင် ထိုရန်ပုံငွေကို လုပ်ကိုင်နေသည့် လုပ်ငန်း မည်သို့ရှိမည်ကို မည်သူကမျှ မသိနိုင်ပေ။ ထိုသို့ ထည့်ဝင်ခြင်းအတွက် များသောအားဖြင့် တစ်စုံတစ်ရာ ပြန်ရလေ့ရှိသည်။ သို့သော် မည်မျှ ပြန်ရမည်နည်း။ လုံလုံလောက်လောက် ရရှိမည်လော။

အချို့က ဆိုကြသည်ကို ကျွန်ုပ် ကြားသိရသည်။ "၁၀ ဒေါ်လာ ထည့်ပြီး တစ်လ တစ်ဒေါ်လာ ပြန်ရတဲ့ ရင်းနှီးမြှုပ်နှံမှု နမူနာဆိုတာ အဓိပ္ပာယ်မရှိတဲ့ ဥပမာ ဖြစ်နေတယ်" သင် သေချာစွာ ယုံကြည်စေရန် ကျွန်ုပ် ပြောပြမည်။ ထိုနမူနာသည် အဓိပ္ပာယ်မရှိသော ဥပမာ မဟုတ်ချေ။ လူအများစုတို့သည် အရင်းငွေ အမြတ်ရခြင်းကိုသာ လေ့လာသင်ယူ



ထားကြသဖြင့် ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံမှု၏ စွမ်းပကားကို များသောအားဖြင့် သူတို့ မမြင်နိုင်ကြတော့ချေ။

## သားသတ်ရုံ စိတ်နေသဘောထား

ကျွန်ုပ်အတွက် သူဌေးဖေဖေ စိတ်မချမ်းသာ ဖြစ်ရသည့်အကြောင်း တစ်ချက်မှာ ပေါင်းစုရန်ပုံငွေတွင် ကျွန်ုပ် ရင်းနှီးမြှုပ်နှံသည့်အခါ၌ အရင်းငွေထံမှ အမြတ်ရခြင်းကို ရင်းနှီးမြှုပ်နှံမှုပြုရန် သွေးဆောင်ဖြားယောင်းခံရခြင်းကြောင့် ဖြစ်သည်။ အသားစားနွားခြံနှင့် နို့စားနွားခြံများ သို့ သူသည် ကျွန်ုပ်တို့ကို အလည်အပတ်ခေါ်သွားခဲ့ခြင်းသည်မှာ သူက ကျွန်ုပ်တို့ကို သားသတ်ခြင်းနှင့် နို့ညှစ်ခြင်းတို့အကြား ကွာခြားမှုကို သွန်သင်လိုသောကြောင့် ဖြစ်သည်။ သူက မကြာခဏ ပြောလေ့ရှိ သည်မှာ "တစ်ယောက်ယောက်က သူတို့ ဈေးကွက်ထဲမှာ တစ်ချက်သတ်လိုက်တယ်လို့ ပြောရင် အဲဒါ သူတို့ တကယ်လုပ်လိုက်တာ။ ညံ့ဖျင်းတဲ့ ရင်းနှီးမြှုပ်နှံသူတချို့ အသတ်ခံရတယ်။ နှေးတဲ့ ရင်းနှီးမြှုပ်နှံသူတွေ ဆုံးရှုံးကြတယ်။ သွက်တဲ့ငွေတွေကတော့ လွတ်သွားတယ်။ အဲဒါတွေ အားလုံးဟာ ဈေးကွက်အမျိုးမျိုး အကုန်လုံးမှာ အမြဲဖြစ်ပေါ်နေတယ်။ စတော့ဈေးကွက်တစ်မျိုးတည်းမှာ ဖြစ်နေတာမဟုတ်ဘူး"

## နို့ညှစ်တင်းကုပ် စိတ်နေသဘောထား

ဤစာအုပ်ကို သင် ဆက်လက်ဖတ်ရှုသွားသည့်အခါ ၁၀ ဒေါ်လာ ရင်းနှီးမြှုပ်နှံမှုကို ယခုပြုလိုက်ပြီး နှစ်များကြာအောင် လစဉ် ၁ ဒေါ်လာ ရသည့် နမူနာသည် မည်သို့ မည်ပုံဖြစ်နိုင်ကြောင်းကို သင် သိသွားမည်။ သို့သော် သင်သည် နို့ညှစ်သူကဲ့သို့ တွေးရမည်ဖြစ်ပြီး သားသတ်သူ ကဲ့သို့ မတွေးရပေ။

ဤစာအုပ်ကို ဖတ်ရှုသွားစဉ် ဝါရန် ဘတ်ဖ်ဖစ်တ်က "စတော့တစ်ခုကို ကိုင်ထားဖို့ ကျွန်တော်အနှစ်သက်ဆုံး အချိန်ဘောင်က ထာဝရပဲ"ဟု အဘယ်ကြောင့် ဆိုရသည်ကို သင် စတင်သဘောပေါက်လာလိမ့်မည်။

ဝါရန် ဘတ်ဖ်ဖစ်တ်သည် နို့ညှစ်သူကဲ့သို့ တွေးသည်။ နို့ညှစ်သူကဲ့သို့ ရင်းနှီးမြှုပ်နှံမှု ပြုသည်။ ကျွန်ုပ်၏ သူဌေးဖေဖေသည်လည်း ၎င်းအတိုင်း ပြုကြောင်း ကျွန်ုပ်သိထားသည်။ မည်သည့်တန်ဖိုးရှိ ပိုင်ဆိုင်မှုမျိုးမဆို ရင်းနှီးမြှုပ်နှံမှု ပြုသည့်အခါ ထိုနည်းလည်းကောင်း လုပ်ကိုင်သည်။ ရင်းနှီးမြှုပ်နှံသူ အများစုတို့သည် စီးပွားရှာ

လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံပြီးသောအခါ ဝဖြိုးစေပြီးလျှင် သားသတ်လိုက်ကြပြီး နောက်တစ်ဦးထံသို့ ရောင်းချလိုက်သည်။ အိမ်ခြံမြေတွင်လည်း အလားတူပင် ဖြစ်ပွားနေသည်။ တန်ဖိုးရှိ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများတွင်လည်း အလားတူပင် ဖြစ်ပွားနေသည်။ ဤစာအုပ်မှ အသိပေးချက်ကို အကောင်းဆုံး နားလည်သဘောပေါက်ရန်မှာ သားသတ်ရုံ စိတ်နေစိတ်ထားကို နို့ညှစ်တင်းကုပ် စိတ်နေသဘောထားဖြင့် အစားထိုးနေရာယူစေဖို့ လိုသည်။

**သားသတ်ခြင်း ဆက်လက်ဖြစ်ပွား**

ပေါင်းစုရန်ပုံငွေများကို ကျွန်ုပ် မနှစ်သက်ရသည့် အကြောင်းတစ်ချက်မှာ ၎င်းတို့သည် ကျွန်ုပ်ကို အစာကျွေးသည့် စားကျက်ကို ပြန်သတိရစေသည်။ နွားများကို သတ်မည့် အချိန်အခါမရောက်ခင် စားကျက်ထဲ အစားကျွေးပြီး ဝဖြိုးအောင် လုပ်ဖို့အတွက် ရှင်သန်ခွင့် ပေးထားခြင်းဖြစ် သည်။ ကွာခြားသည်မှာ ပေါင်းစုရန်ပုံငွေကို စားကျက်ထဲ အစာကျွေး ထားပြီး ရင်းနှီးမြှုပ်နှံသူ အသေးစားများဖြင့် ဖြည့်တင်းသည်။ သူတို့သည် ခက်ဖြာထားသော ရင်းနှီးမြှုပ်နှံမှုအစုစုတို့၏ တန်ဖိုးတက်ခြင်းဖြင့် ဝဖြိုးနေခြင်း ဖြစ်သည်။ ထို့နောက် နွားကျောင်းသားများ ဝင်လာပြီး သူတို့၏ ငွေများကို ယူသွားတော့သည်။

**မျှမျှတတ ဖြစ်ရန်နှင့် နှစ်ဖက်ညီမျှရန်**

ကျွန်ုပ်ကို စတော့ဈေးကွက်ဆန့်ကျင်သူတစ်ဦးဟု ထင်မြင်ကြသူ အများအပြား ရှိသည်။ ထိုထင်မြင်ချက် မမှန်ကန်ပေ။ ကျွန်ုပ်သည် နွံ ခြင်း၊ လောဘကြီးလွန်းခြင်း၊ တုံးခြင်းတို့ကိုသာ ဆန့်ကျင်နေခြင်းဖြစ် သည်။ ရင်းနှီးမြှုပ်နှံသူ အသေးစားတို့ကို ဝဖြိုးစေသည့် လုပ်ရပ်သည် မည်သည့်ဈေးကွက်တွင်မဆို၊ ဈေးကွက်တိုင်းတွင် ဖြစ်ပွားနေသည်။ အိမ်ခြံမြေ ဈေးကွက်ထဲတွင်လည်း နေ့တိုင်း ကျွန်ုပ် တွေ့မြင်နေရသည်။ အိမ်ကို ဈေးငွေဖြင့် ဝယ်ယူထားပြီး ပြန်ဆပ်ရမည့်ပမာဏများ တိုးမြှင့် လိုက်သောအခါ လူအများအပြားတို့သည် သူတို့၏ အိမ်များ ဆုံးရှုံးသွား ကြသည်။ ဈေးငွေ အတိုးနှုန်း တက်သွားသောအခါ နွံအသူများသည် အိမ်ခြံမြေ ပိုင်ဆိုင်မှု ဈေးကွက်ထဲတွင် သားသတ်ခံဖို့ ခေါ်ဆောင်သွားခြင်း ခံရသည်။

ကျွန်ုပ်က တီဗွီအစီအစဉ်တွင် မေးမြန်းသူကို "အဲဒီလိုတက်တော့ ဘာဖြစ်လဲ" ဟု ပြောရသည့်အကြောင်းအချက်မှာ ကျွန်ုပ်ကို သားသတ်ဖို့အတွက် ခေါ်ဆောင်



သွားသည်ကို ကျွန်ုပ် မလိုလားသောကြောင့်ဖြစ်သည်။ ရှယ်ယာဈေးနှုန်းတက်သည်ကို အကြောင်းပြုပြီး ဈေးကွက်တစ်ခုထဲသို့ ကျွန်ုပ်စုပ်သွင်းခံရမည်ကို ကျွန်ုပ် မလိုလားချေ။ အိမ်ခြံမြေ ဈေးတက်ခြင်း ကြောင့် ဈေးကွက်တစ်ခုထဲသို့ ကျွန်ုပ်စုပ်သွင်းခံရမည်ကိုလည်း ကျွန်ုပ် မလိုလားချေ။ အတိုးနှုန်း ကျဆင်းခြင်းကြောင့် ဈေးကွက်တစ်ခုထဲသို့ ကျွန်ုပ် စုပ်သွင်းခံရမည်ကိုလည်း ကျွန်ုပ် မလိုလားချေ။

**သတင်းများ**

စတော့ဈေးကွက် ဤသို့ သွားသည်ကို ကျွန်ုပ် ကြားသိခဲ့သည်။

တစ်နေ့။ "ယနေ့ စတော့ဈေးကွက် ဈေးတက်တယ်။ ပွဲကြီးပွဲကောင်း ဖြစ်ပုံရတယ်"

နောက်တစ်နေ့။ "ယနေ့ စတော့ဈေးကွက် ဈေးကျတယ်။ မနေ့တုန်းက ပွဲကြီး ပွဲကောင်းမှာ ရင်းနှီးမြှုပ်နှံသူတွေက အမြတ်တွေ ယူသွားကြပုံရတယ်"

နောက်တစ်နေ့။ "ယနေ့ စတော့ဈေးကွက် ဈေးတက်တယ်။ ကျွန်တော်တို့ စောင့်မျှော်နေကြတဲ့ ပွဲကြီးပွဲကောင်း လာတော့မယ် ထင်တယ်"

နောက်တစ်နေ့။ "ယနေ့ စတော့ဈေးကွက် ဈေးကျတယ်။ အတွင်းလူတွေက ထုတ်ရောင်းနေကြတယ်လို့ သတင်းထွက်ပေါ်တယ်"

နောက်တစ်နေ့။ "ယနေ့ စတော့ဈေးကွက် ဈေးတက်တယ်။ ဝင်ငွေမြင့်မားတဲ့ သတင်းတွေ ထွက်ပေါ်နေတာကြောင့် ဖြစ်ပါတယ်"

နောက်တစ်နေ့။ "ယနေ့ စတော့ဈေးကွက် ဈေးတွေကျကုန်တယ်။ ပြည်ထောင်စု အရန်ရန်ပုံငွေဘဏ်က အတိုးနှုန်းမြှင့်မယ်လို့ သတင်းတွေ ထွက်ပေါ်နေလို့ ဖြစ်ပါတယ်"

**လက်တွေ့အမှန်သည်ကား . . .**

သတင်းများက ကျွန်ုပ်တို့ကို အမှန်တကယ် ပြောပြနေသည်မှာ နေးသော ရင်းနှီးမြှုပ်နှံသူတို့သည် ထည့်ဝင်လက်စရှိသည်ကို ဆက်ထည့်ပေးနေရမည်။ ငွေအိပ်ထားခြင်း ဆက်လုပ်နေရမည်။ သူတို့၏ ငွေများကို စတော့ဈေးကွက်ထဲသို့ ဆက်ထည့်ပေးနေရမည်။ ဈေးနှုန်းမြင့်တက်မည် ဟု မျှော်လင့်ထားရမည်။ လက်တွေ့တွင် ဈေးနှုန်းမြင့်တက်ပါက အသွက်ငွေသမားတို့က အနှေးသမားများ၏ ငွေများကို ဈေးကွက်အပြင် ဘက်သို့ ယူသွားကြသည်ချည်း ဖြစ်သည်။

(စကားချပ်။ ။ ပတ်ကင်း (parking) သည် စတော့ရောင်းဝယ်ပုံ တစ်မျိုးဖြစ်သည်။ ရှယ်ယာများကို လက်လွှဲရောင်းချရာတွင် မူရင်းပိုင်ရှင် သည် ကာလတိုတစ်ခု ပြီးချိန်တွင် ပြန်လည်ဝယ်ယူမည်ဖြစ်သည်ဟု နားလည်မှုတစ်ခု ရှိထားသည်။ လူအများက စုပေါင်းစပ်ပေါင်း ထည့်ဝင် ထားသည့် ပေါင်းစုရန်ပုံငွေများ လုပ်ကိုင်သည့်လုပ်ငန်းများသည် ငွေပို ငွေလျှံ ချန်ထားသည့်ငွေများအတွက် ယာယီအားဖြင့် ရင်းနှီးမြှုပ်နှံရန် ပတ်ကင်းနေရာ ပေးလေ့ရှိသည်။ တစ်နည်းဆိုသော် ပေါင်းစုရန်ပုံငွေ၏ ရှယ်ယာများကို နောင်တစ်ချိန်တွင် ပြန်ဝယ်မည်ဟု အာမခံချက်ဖြင့် ယာယီအားဖြင့် ရောင်းပေးခြင်း ဖြစ်သည်)

**ဝယ်ရောင်း အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံခြင်းသည်**
**လောင်းကစားခြင်း ဖြစ်သည်**

အနာဂတ်တွင် တစ်ခုခု ဖြစ်ပွားလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် သင်က ရင်းနှီးမြှုပ်နှံမှုကို ပြုသည်ဆိုပါက သင်သည် လောင်းကစားခြင်း ဖြစ်သည်။ ဝယ်ရောင်း အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်၌ ဖြစ်ပွားမည်ကို မျှော်ကိုးပြီး ရင်းနှီးမြှုပ်နှံခြင်း ဖြစ်ပေရာ လောင်းကစားခြင်း မည်ပေသည်။ ထို့အတွက် မမှားချေ။ အရေးကြီး သည်မှာ မိမိ၏ ရင်းနှီးမြှုပ်နှံမှု ပန်းတိုင်များကို အသိအမှတ်ပြုထားရမည်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ထင်ယောင်ထင်မှားဖြစ်အောင် မလှည့် ဖြားရန် ဖြစ်သည်။

**ပွဲကြီးပွဲကောင်းကို လောင်းခြင်း**

ဝယ်ရောင်း အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် ဘောလုံး ပွဲရာသီအစတွင် လောင်းကစားသည်နှင့် အလားသဏ္ဍာန်တူသည်။ အကယ်စင်စစ် ဘောလုံးပွဲရာသီမစခင်



လောင်းသည်က ဝယ်ရောင်းခြင်းမှ အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံရခြင်းထက် ဆုံးရှုံးမည့်အရေး ပိုနည်းပါးသည်။ အကြောင်းမှာ ဘောလုံးပွဲစဉ်များတွင် ပါဝင်မည့် ဘောလုံးအသင်းသည် အနည်းငယ်သာ ရှိသည်။ ဈေးကွက်ထဲတွင် လောင်းကြေးထပ်ဖို့ ရွေးယူရမည့် စတော့အမျိုးမျိုး ထောင်ချီပြီး ရှိနေသည်။ ပေါင်းစု ရန်ပုံငွေများလည်း ထောင်ချီပြီး ရှိနေသည်။

**ဦးစားပေးများ အရေးကိစ္စ**

ကျွန်ုပ်သည် အရင်းငွေ အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံသည်။ ရုံဖန်ရံခါ၌ ကျွန်ုပ် လောင်းကစားသည်။ ရုံဖန်ရံခါ၌ တာစားနေသည့် ထင်မြင်ချက်တစ်ခုအပေါ် ရင်းနှီးမြှုပ်နှံမှု ပြုသည်။ ကွာခြားသည်မှာ ဦးစားပေးများ ဖြစ်သည်။ ဤစာအုပ်တွင် သင်သည် သူဌေးဖေဖေ၏ ရင်းနှီးမြှုပ်နှံသည့် နည်းလမ်းသည် အောက်ပါ ဦးစားပေး အစီအစဉ် အတိုင်းဖြစ်ကြောင်း တွေ့ရမည်။

၁။ ငွေသား စီးဆင်းခြင်း
၂။ ဈေးငွေ ငွေလုံးငွေရင်း
၃။ အခွန် အားသာချက်များ
၄။ ဝယ်ရောင်း အမြတ်ရခြင်း

ရင်းနှီးမြှုပ်နှံသူ အများစုသည် ဝယ်ရောင်း အမြတ်ပြန်ရခြင်းကိုသာ ရင်းနှီးမြှုပ်နှံကြသည်။ အငြိမ်းစားငွေစာရင်းများတွင် သာမန်ရင်းနှီးမြှုပ်နှံသူများသည် ငွေသား စီးဆင်းခြင်းနှင့် မပတ်သက်ကြချေ။ ဈေးငွေ ငွေလုံးငွေရင်း မရှိသလောက် ဖြစ်နေသည်။ အခွန်အားသာချက်များအရ ရင်းနှီးမြှုပ်နှံခြင်းလည်း အတော်နည်းပါးသည်။ သူတို့၏ ပိုက်ဆံများသည် စားကျက်မြေထဲတွင် ငုတ်တုတ်မေ့နေပြီး ဝဖြိုးလာနေသည်။ဈေးကွက် ရပ်တည်ပုံ ပြောင်းလဲသည်နှင့် တစ်ပြိုင်နက် နွားကျောင်းသားများ ရောက်လာပြီး ငွေအသွက်များ အပြင်ထွက်သည်။ အငြိမ်းစား အစီအစဉ်ထားရှိသည့် ငွေစာရင်းများသည် အကြီးမားဆုံး ဆုံးရှုံးမှုများကို ရယူကြသည်။

**ဝေလမင်းသားသည်ပင်လျှင် ဆောလျင်စွာ ထွက်သည်**

တစ်ချိန်တစ်ခါတုန်းက ဆစ်ဒနီ မောနင်း ဟာရယ် သတင်းစာတွင် သတင်းခေါင်းစဉ် ဖော်ပြထားသည်။

*(ဝေလမင်းသားက အိမ်ခြံမြေသို့ ချင့်မြော်ရာရောက်သော အရွေ့တွင် တိတ်တဆိတ် အသေသတ်)*

အသေသတ်ခြင်းနှင့် တိတ်တဆိတ် စကားလုံးတို့သည် သူက ရွေ့ မပြီးခင်တွင် မည်သူ့ကိုမှ မပြောပြကြောင်း ညွှန်ပြနေသည်။ ထိုဆောင်းပါးတွင် ဆိုထားသည်မှာ–

လန်ဒန်။ ။ လာမည့်လတွင် ဝေလမင်းသားသည် သူ၏ နှစ် ၇၀၀ သက်တမ်းရှိ အမွေဥစ္စာအတွက် အမြတ်များကို ထုတ်ပြန်မည်။ သူက အချိန်ကိုက်ပြီး ရှယ်ယာများကို လက်ပြောင်းလက်လွှဲလုပ်ကာ အိမ်ခြံမြေဈေးကွက်ထဲသို့ ပြောင်းရွှေ့ခဲ့ပြီးချိန်တွင် ယခုလိုထုတ်ပြန် ကြေညာရန် စီစဉ်ခြင်း ဖြစ်သည်။

မင်းသား၏ အိမ်ခြံမြေဘုရင်ဟူသည့် ဂုဏ်အဆင့်အတန်းသည် သူ၏ အမွေဥစ္စာ အဆောက်အဦထံမှ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် စံချိန်တင်ဝင်ငွေ ရရှိခဲ့ရာ အမေရိကန် ဒေါ်လာ ၂၅ သန်းနီးပါးအမြတ် ရရှိခဲ့သည်။

ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်း ပိုတိုးသွားခြင်း ဖြစ်သည်။ စီးပွားရေး အကျ ဘက်သို့ ရောက်ရှိနေသဖြင့် စီးပွားရာလုပ်ငန်းများ အများအပြားတို့သည် နှစ်ချုပ်အမြတ် စံချိန်တင် ကျဆင်းနေချိန် တွင် ယခုလို အမြတ်ပမာဏကို မင်းသားက ရရှိခဲ့ခြင်း ဖြစ်သည်။

ဤဆောင်းပါးက သရုပ်ပြနေသည့် အကြောင်းအချက်မှာ အဘယ်ကြောင့် ချမ်းသာသည့်သူများ ပိုချမ်းသာကြသည်ဆိုသည့်အချက် ဖြစ် သည်။ ချမ်းသာသူတို့က သူတို့၏ ပိုက်ဆံများကို တိတ်တဆိတ် ပြောင်းရွှေ့နေကြစဉ် အသေးစား ရင်းနှီးမြှုပ်နှံ သူများသည် စားကျက်ထဲတွင် သားသတ်ရုံသို့ ခေါ်မည့်အချိန်ကို စောင့်နေကြသည်။ စားကျက်ထဲတွင် ဝဖြိုးစေခြင်းတွင် ဘာမျှ မမှားချေ။ သို့သော် နွား ကျောင်းသားများ ရောက်မလာခင် အပြင်ထွက်ဖို့ကို သတိရရမည်ဖြစ် သည်။



**ငွေသားစီးဆင်းခြင်း၏ စွမ်းပကား**

ကျွန်ုပ်၏ ပိုင်ဆိုင်မှုများကို အသတ်ခံရခြင်းအစား သူဌေးဖေဖေက ကျွန်ုပ်ကို သွန်သင်ခဲ့သည်မှာ ငွေသားစီးဆင်းခြင်းကို အသုံးပြုပြီးကျွန်ုပ်၏ နွားအုပ်အရွယ်အစားကို တိုးမြှင့်ပေးခြင်းဖြင့် ကျွန်ုပ်၏ တန်ဖိုးရှိပိုင်ဆိုင်မှုများကို ကြီးထွားအောင် လုပ်ရန် ဖြစ်သည်။ နွားများကို ဈေးကွက် သို့ ခေါ်သွားမည့်အစား နှစ်တိုင်း နွားများ သားပေါက်ခြင်း ပိုများစေပြီး ငွေသားစီးဆင်းမှု တိုးစေရမည်ဖြစ်သည်။ ငွေသားစီးဆင်းခြင်းအတွက် ပုံးဖြင့် အမြဲတမ်း ရေငင်နေမည့်အစား ပိုက်လိုင်းတည်ဆောက်ပြီး ရေ သွယ်ယူရမည် ဖြစ်ကြောင်း ကျွန်ုပ် ရေးသားခဲ့ဖူးပေသည်။ ဤသို့ တင်စားပြီး ပြောဆိုခြင်းတွင် ပိုက်လိုင်း တည်ဆောက်ခြင်းသည် ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံမှု ပြုပေးခြင်းဖြစ်သည်။ ရေပုံးဖြင့် ရေငင်ခြင်းသည် ငွေအရင်းထံမှ အမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုပြုခြင်း ဖြစ်သည်။

ကျွန်ုပ် မကြာခဏ တွေ့ရတတ်သော လူစားမျိုးက ပြောလေ့ရှိသည်မှာ "ကျွန်တော် အိမ်ကောင်းကောင်းတစ်လုံး တွေ့တယ်။ ဝယ်လိုက်တယ်။ ပြင်ဆင်မွမ်းမံလိုက်တယ်။ ပြန်ရောင်းလိုက်တယ်။ ကျွန်တော် ဒေါ်လာ နှစ်သောင်းခွဲ မြတ်တယ်" ထိုသူသည် သူ့လုပ်ရပ်အတွက် ဂုဏ်ယူနေသည်။ ကျွန်ုပ်အဖို့မှာ ပင်ပန်းသည့်အလုပ် ဖြစ်နေသည်။ သူသည် ရေပုံးဖြင့် ရေငင်နေခြင်း ဖြစ်သည်။ ပိုက်လိုင်း သွယ်တန်းခြင်း မဟုတ်ချေ။ ကျွန်ုပ် မည်သို့ သိသနည်း။ ကျွန်ုပ်သိရသည့်အကြောင်းမှာ ကျွန်ုပ် သည်လည်း အလားတူ လုပ်ကိုင်သောကြောင့် ဖြစ်သည်။ ထိုသူသည် ဝယ်ရောင်းအမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုပြုခြင်း၏ အခြေခံစည်း မျဉ်းများကို လိုက်နာပြီး လုပ်ကိုင်ရာ၌ ငွေသား စီးဆင်းခြင်းတွင် ရင်းနှီး မြှုပ်နှံရန်အတွက် ရှယ်ယာပိုင်ဆိုင်မှုများကို တည်ဆောက်ရန် ဦးတည်ချက် ထားပါက သူဌေးဖေဖေ၏ သွန်သင်မှု နှင့် ပိုမိုကိုက်ညီမည်ဖြစ်သည်။

**ပိုက်လိုင်း တည်ဆောက်ခြင်း**

ဤစာအုပ်သည် ပိုက်လိုင်းတည်ဆောက်ပုံအကြောင်း ဖြစ်ပေရာ ငွေသားသည် စီးဆင်းနိုင်သည်။ သင်သည် လွတ်လပ်မှုကို ရရှိနေမည်။ ဤစာအုပ်သည် သင့်ပိုက်လိုင်း၏ အချင်းကို ပိုချဲ့ပေးသည့်အကြောင်း လည်း ဖြစ်သည်။ ကျွန်ုပ် စီးပွားရေး စတင်သောအခါ များသောအားဖြင့် ငွေသားစီးဆင်းခြင်းဟူ၍ ကျွန်ုပ်၏ ပိုက်ဆံအိတ်ထဲမှ ငွေသားစီးဆင်း ခြင်းသာ ရှိသည်။ နောက်ပိုင်းတွင် ပန်းပင်ရေလောင်းသည့်ပိုက် အရွယ်အစားရှိသော

ပိုက်လိုင်းထံမှ ငွေသားစီးဆင်းခြင်း တစ်စက်တစ်စက်ကျသည့်အဖြစ်သို့ ရောက်ရှိလာသည်။ အချိန်ကြာလာသည်နှင့်အမျှ စီးပွားရေးသမားတစ်ဦးအဖြစ် ကျွန်ုပ် လုပ်ကိုင်ခြင်းသည် ပိုက်၏ အချင်းကို ပိုတိုးချဲ့ပေးသည်။ ကျွန်ုပ်၏ အလုပ်မှာ စီးပွားရေးလုပ်ငန်း၊ အိမ်ခြံမြေ ပိုင်ဆိုင်မှု၊ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းတို့ကို သတ်ပြီး အသစ်တစ်ခုအဖြစ် စီးပွားရေးလုပ်ငန်း၊ အိမ်ခြံမြေပိုင်ဆိုင်မှု၊ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းကို ရှာဖွေရန် မဟုတ်ချေ။ ထိုသို့ ပြုခြင်းသည် ရေပုံးဖြင့် ရေငင်ခြင်းသာ ဖြစ်သည်။ ပိုက်လိုင်းတည်ဆောက်ခြင်း မဟုတ်ချေ။

ငွေသား စတင်စီးဆင်းသည်အခါ နောက်ထပ် တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားဆီသို့ စီးဝင်သည်။ ထို့နောက် တတိယမြောက် အတန်းအစားဆီသို့ စီးဝင်သည်။ ဝယ်ခြင်း ရောင်းခြင်း၊ ဈေးကွက်အနာဂတ်ကို မှန်းဆခြင်းများအစား ကျွန်ုပ်၏ အလုပ်သည် ပိုက်လိုင်းကို တည်ဆောက်ခြင်းသာဖြစ်ပြီး ၎င်းပိုက်လိုင်း၏ အချင်းကို အဆက်မပြတ် ချဲ့ထွင်ပေးနေခြင်း ဖြစ်သည်။

## လူသိအများဆုံး နမူနာ

မက်ဒေါနယ်သည် လူသိအများဆုံး တန်ဖိုးရှိပိုင်ဆိုင်မှုသုံးရပ် ပုံသေနည်း နမူနာတစ်ခု ဖြစ်သည်။ ပိုက်လိုင်းများကို ဆက်သွယ်ပေးထားသည်။ ရေးခရော့သည် စီးပွားရှာ အစီအစဉ်တစ်ခုဖြင့် စတင်ခဲ့ရာ၌ ဟမ်ဘာဂါလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကောင်းဆုံး အဆောက်အဦ တချို့ကို ဝယ်ယူခဲ့သည်။ ထိုသို့ လူသူစည်ကားသည့် လမ်းဆုံထောင့်များ တွင် အဆောက်အဦများ ကမ္ဘာတစ်လွှား ဝယ်ယူပြီးသောအခါ လုပ်ငန်းကို စတော့ဈေးကွက်တင်ပြီး အများပိုင်ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲလိုက်သည်။

မက်ဒေါနယ်ဆိုင်များသည် လူသူစည်းကားသည့် လမ်းဆုံထောင့် များတွင် ရှိနေကြသည်။ ကမ္ဘာတစ်လွှားတွင် ဟမ်ဘာဂါလုပ်ငန်းကို လုပ်ကိုင်ရင်း ကမ္ဘာတစ်လွှားတွင် လမ်းဆုံထောင့်များ၌ ဆိုင်ခန်းများ ဝယ်ယူနေပြီး ကမ္ဘာတစ်လွှားတွင် သန်းချီသော အစုရှယ်ယာများ (တန် ဖိုးရှိပိုင်ဆိုင်မှုပြ စာရွက်စာတမ်း)ကို ရောင်းချထားသည်။ ဤသည်မှာ သူဌေးတို့ ရင်းနှီးမြှုပ်နှံပုံ နည်းလမ်းအစစ် ဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် ရေးခရော့၏ ဇနီးဖြစ်သူ ဂျုံး ကွယ်လွန်သည်။ သူတို့လင်မယား ထူထောင်ခဲ့သော စီးပွားရေးလုပ်ငန်းသည် ကမ္ဘာတစ်လွှား ဖြန့်ကျက်ထားသည်။ သန်းချီသော အလုပ်အကိုင်များပေးထားသည်။ လူအများအပြားတို့ကို ချမ်းသာ



သွားစေခဲ့သည်။ ချမ်းသာစေခြင်းအပြင် ဂျုံးသည် ရက်ရောသူတစ်ဦးဟု လူသိများသည်။ သူမသည် အကျိုးရှိပြီး ထိုက်တန်သော ဦးတည်ချက်များဖြင့် လုပ်ကိုင်သော အလုပ်များနှင့် လူမှုကူညီမှုအဖွဲ့များကို အမေရိကန်ဒေါ်လာ ဘီလျံချီသည်အထိ လှူဒါန်းခဲ့သည်။ သူဌေးတို့သည် ဆိုးဝါးသည်၊ လောဘကြီးသည်ဟု လူအများတို့ ပြောဆိုကြသည်ကို ကျွန်ုပ်ကြားရလျှင် ထိုသူတို့ကို မက်ဒေါနယ်အကြောင်း လေ့လာဖတ်ရှုဖို့ ကျွန်ုပ် တိုက်တွန်းလေ့ရှိသည်။

## အလွယ်လမ်းတော့ မဟုတ်ချေ

ရင်းနှီးမြှုပ်နှံဖို့ အလွယ်ကူဆုံးနည်းလမ်း ရှိပါသလားဟု မေးလျှင် အဖြေမှာ မရှိပါဟူ၍ ဖြစ်သည်။ အမြတ်အများဆုံး ရရှိစေမည့် ရင်းနှီးမြှုပ်နှံသည့်နည်းလမ်း ရှိပါသလားဟူ၍ မေးလျှင် အဖြေမှာ ရှိပါသည်ဟူ၍ ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် ၎င်းခရီးလမ်းကို အသက် ၂၅ နှစ်တွင် အလွန်အလေးအနက်ထားပြီး စတင်ခဲ့သည်။ စိတ်မချမ်းမြေ့စရာ ကျရှုံးခြင်းများကို အသက် ၃၅ နှစ်အထိ ကြုံခဲ့ရသည်။ သို့သော် ၃၅ နှစ် နောက်ပိုင်းတွင် တန်ဖိုးရှိပိုင်ဆိုင်မှုများအကြား ပိုက်လိုင်းများ တည်ဆောက်ခြင်းသည် ပိုမိုလွယ်ကူသွားပြီ ပျော်စရာလည်း ပိုကောင်းလာသည်။ ယခုအခါ ကျွန်ုပ်၏ ပိုက်ဆံဂိမ်း၌ စတုတ္ထကွာတားသို့ ဝင်ရောက ပြီဖြစ်ပေရာ ပိုက်လိုင်းများသည် တောင့်တင်းနေပြီဖြစ်သည်။ အရွယ်အစားလည်း ပိုကြီးလာနေပြီ ဖြစ်သည်။ ငွေသားစီးဆင်းမှုများလည်း ပိုမိုများပြားနေပြီ ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်အဖို့ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံခြင်း မည်ပေသည်။ သူဌေးဖေဖေက ပြောသည်။ "ပိုက်ဆံ ပြဿနာ နှစ်မျိုးနှစ်စားရှိတယ်။ ပြဿနာတစ်ခုက ငွေမလုံလောက်တာ။ နောက်တစ်ခုက ငွေတွေ သိပ်များနေတာ" ထိုနှစ်ခုတွင် မည်သည့်ပြဿနာမျိုးကို သင်လိုချင်ပါသနည်း။

ဝါရင် ဘတ်ဖ်ဖစ်တ်က ပြောသည်။ "လူအများတို့က ဖြည်းဖြည်းချင်း ချမ်းသာသွားမယ့် အခွင့်အလမ်းကို ပေးဖို့ထက် နောက်တစ်ကြိမ် ထီဖွင့်တဲ့အခါ ပေါက်မယ့် ထီလက်မှတ်ကို ပေးမယ်လို့ ကတိပေးခံကြရတယ်"

## အဘယ်ကြောင့် ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံသူ ပိုမများရသနည်း

ကျွန်ုပ်၏ ဆွေးနွေးပွဲများတွင် ကျွန်ုပ်ကို မေးမြန်းလေ့ရှိသည်မှာ "လူအများတို့ ဘာလို့ ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုကို ပိုမလုပ်ကြတာလဲ" အဖြေအများအပြား ရှိနေသည်မှာ သေချာသည်။ သို့ သော် အဓိကကျသည့် အကြောင်းပြချက်တစ်ခု ရှိနေသည်။ ထိုက်ထိုက် တန်တန် ဈေးနှုန်းကောင်းတစ်ခုဖြင့် ငွေသားစီးဆင်းခြင်းကောင်းကောင်းကို တွေ့ဖို့ ခဲယဉ်းသည်။

ရင်းနှီးမြှုပ်နှံမှု အကြံပေးများ အများစုကို သင် မေးမြန်းကြည့်မည်ဆိုပါက သူတို့သည် စီးပွားရှာလုပ်ငန်းများကိုဖြစ်စေ၊ အိမ်ခြံမြေကိုဖြစ်စေ၊ ပိုင်ဆိုင်မှုပြစာရွက်စာတမ်းများကိုဖြစ်စေ ရောင်းချသူများ ဖြစ်နေပါသော်လည်း ထိုသို့သောအဖြစ်ကို မရနိုင်ဟု ဖြေဆိုကြလိမ့်မည်။ လုပ်ဖို့ မဖြစ်နိုင်ဟု သူတို့ ဆိုကြခြင်းမှာ သူတို့ မလုပ်တတ်ကြသောကြောင့် ဖြစ်သည်။ သူတို့ လုပ်နိုင်သည်ဆိုပါက သူတို့ လုပ်ကြလိမ့်မည်။ သူတို့၏ အလုပ်သည် ရင်းနှီးမြှုပ်နှံရန် မဟုတ်ချေ။ ရောင်းရန်သည်သာ သူတို့၏ အလုပ်ဖြစ်သည်။ သို့မှသာ သူတို့ နေထိုင်စားသောက်နိုင်ကြမည်။ သူတို့အတွက် အဖိုးအခများသည် တန်ဖိုးရှိ ပိုင်ဆိုင်မှုများ ဝယ်ခြင်း ရောင်းခြင်းအပေါ် မူတည်နေသည်။ သူတို့သည် တန်ဖိုးရှိပိုင်ဆိုင်မှုဖြင့် စီးပွားရှာသော လုပ်ငန်းမျိုးတို့တွင် လုပ်ကိုင်နေကြပြီး ဝယ်ရောင်းခြင်းမှ အမြတ်ရခြင်းများ ဖြစ်ထွန်းစေမည့် တန်ဖိုးရှိပိုင်ဆိုင်မှုမျိုးတို့ကိုသာ လုပ်ကိုင်ကြသည်။ ငွေသားစီးဆင်းခြင်း ဖြစ်ထွန်းစေမည့် တန်ဖိုးရှိပိုင်ဆိုင်မှုမျိုးတို့ကို လုပ်ကိုင်ကြခြင်း မဟုတ်ချေ။ အကယ်စင်စစ် တန်ဖိုးရှိ ပိုင်ဆိုင်မှုကို ရောင်းချရာ၌ ရင်းနှီးမြှုပ်နှံသူ အရင်းငွေ အရှုံးပေါ်နေသော်လည်း သူတို့အတွက် ပွဲခကို မပျက်မကွက် ရယူကြသူများ ဖြစ်သည်။

ကျွန်ုပ်၏ အသိမိတ်ဆွေတစ်ဦးက ပေါင်းစုရန်ပုံငွေ အရှုပ်တော်ပုံများအကြောင်း ကျွန်ုပ်ကို ပြောပြသည်။ "ပေါင်းစုရန်ပုံငွေ လုပ်ငန်းနယ်ပယ်က မလိုင်ခပ်စားနေတာကြာပြီ။ သာမန်ရင်းနှီးမြှုပ်နှံသူတွေက သတိမပြု မိကြဘူး။ အခုလို အရှုပ်တော်ပုံတွေ လူသိသူသိ ဖြစ်ကုန်တာအတွက် ကျွန်တော် ဝမ်းသာတယ်" မလိုင်ခပ်စားသည်ဟု ပြောဆိုခြင်းသည် နည်းနည်းကြမ်းတမ်းသည်။ အခကြေးငွေများကို ရန်ပုံငွေထဲမှ နုတ်ယူရာ၌ ဈေးကွက်ထဲတွင် တန်ဖိုးတက်သည်ဖြစ်စေ၊ ကျနေသည်ဖြစ်စေ နုတ်ယူသည်။ စတော့ရှယ်ယာ၊ ငွေချေးစာချုပ်နှင့် အိပ်ချိန်း ကော်မရှင် အာဏာပိုင် အဖွဲ့အစည်းက



ပေါင်းစုရန်ပုံငွေများထံမှ အခကြေးငွေ ရယူ နေပုံများအား အတိအလင်း ထုတ်ဖော်ပြောပြရန် ညွှန်ကြားခဲ့သည်။ အခကြေးငွေအမျိုးမျိုး ရယူနေပုံများအား စာရင်းဇယားဖြင့် ရှင်းလင်းစွာဖော်ပြနိုင်းပြီး ရန်ပုံငွေအတွက် လမ်းညွှန်စာအုပ် ပြုစုခိုင်းသည်။ သို့သော် လိုက်နာသည့် လုပ်ငန်းများ အတော်နည်းပါးသည်။

ပွဲစားတစ်ဦးမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုပြုသည်ဆိုလျှင် ပွဲစားသည် ပွဲခကို မုချ ရယူမည်ဖြစ်သည်။ ထည့်ဝင်သည့်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဝယ်ယူပေးရသည့် အတွက်လည်း အခကြေးငွေ ကောက်ခံရယူသည်။ ထိုသို့ နုတ်ပယ်ပြီး ကျန်ရှိသည့် ငွေပမာဏဖြင့်သာ ရင်းနှီးမြှုပ်နှံမှုကို ပြုပေးမည်ဖြစ်ပေရာ အစကတည်းက အမြီးနုတ် ခေါင်းနုတ် နုတ်ယူထား လိုက်ပြီးပြီ ဖြစ်သည်။ ဝယ်ယူထားသော ပေါင်းစုရန်ပုံငွေ ရှယ်ယာများကို ပြန်ရောင်းချသည့်အခါ၌လည်း အခကြေးငွေကို သတ်မှတ်ရာခိုင်နှုန်းများ အရ နုတ်ယူပြန်ဦးမည် ဖြစ်သည်။ သင် ထည့်ဝင်ထားသည် ငွေကြေးကို စီမံပေးရသည့်အတွက်လည်း အခကြေးငွေ နုတ်ယူသည်။ ထို့အတွက် ထည့်ဝင်ငွေပမာဏ စုစုပေါင်း၏ ၁ မှ ၁.၅ ရာခိုင်နှုန်းအထိ နှစ်စဉ်နှစ်တိုင်း နုတ်ယူမည်ဖြစ်သည်။ ထို့ပြင် အကြံပေးခကိုလည်း ယူဦးမည် ဖြစ်သည်။ ထိုအခကြေးငွေများသည် ကြိုတင် အသိပေးထားသည့် အခကြေးငွေဇယားထဲတွင် ဖော်ပြထားခြင်း မရှိချေ။

### ပေါင်းစုရန်ပုံငွေ အခကြေးငွေများ

လက်ပြောင်းလက်လွှဲပြုခြင်း အမျိုးမျိုးတို့အတွက် ရှယ်ယာပိုင်ရှင်မှ ပေးဆောင်ရမည့် ဝန်ဆောင်ခများသည် ရှယ်ယာပိုင်ရှင်ဖြစ်သည့် ရင်းနှီးမြှုပ်နှံသူထံမှ တိုက်ရိုက် ကောက်ခံသည်။

- အများဆုံး အရောင်း ကျသင့်ငွေသည် ပေါင်းစုရန်ပုံငွေလုပ်ငန်းက ဈေးကွက်ထဲမှ ရှယ်ယာကို ဝယ်ယူသည့်အခါ ကောက်ခံသည်။
- အများဆုံး ရွှေ့ပြောင်းကျသင့်ငွေသည် ရှယ်ယာများကို ရောင်းချခြင်းဖြစ်စေ၊ ငွေပြန်အမ်းခိုင်းပြီး ရှယ်ယာများ ပြန်အပ်ခိုင်းခြင်းဖြစ်စေ ပြုသည့်အခါ ကောက်ခံသည်။
- အမြတ်ငွေဝေစုကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း အများဆုံး အရောင်းကျသင့်ငွေသည် ရရှိလာသည့် အမြတ်ဝေစုကို ပြန်လည်ရင်းနှီးမြှုပ်နှံခိုင်းသည့်အခါ၌ ပေါင်းစုရန်ပုံငွေလုပ်ငန်း က ဈေးကွက်ထဲမှ ရှယ်ယာကို ထပ်မံဝယ်ယူပေးရ

သည့်အတွက် ဝန်ဆောင်ခ ကောက်ခံခြင်းဖြစ်သည်။

- ပြန်နုတ်ယူခြင်း အခကြေးငွေသည် ပေါင်းစုရန်ပုံငွေ ရှယ်ယာများကို ငွေသားပြန်အပ်ပြီး ငွေအမ်းခိုင်းလျှင် ကောက်ခံသည်။
- ဖလှယ်ခြင်း အခကြေးငွေသည် ပေါင်းစုရန်ပုံငွေ၏ ရန်ပုံငွေများထဲတွင် ရန်ပုံငွေတစ်ခုမှ အခြားရန်ပုံငွေတစ်ခုသို့ ရင်းနှီးမြှုပ်နှံသူက သူ့ပိုက်ဆံများကို ရွှေ့ပြောင်းပြီး ရင်းနှီးမြှုပ်နှံမှု ပြုသည့်အခါ ကောက်ခံသည်။

နှစ်စဉ်ကြေးအဖြစ် ရန်ပုံငွေ လုပ်ကိုင်ပေးရသည့် စရိတ်စကများကို ရန်ပုံငွေ တန်ဖိုးရှိပိုင်ဆိုင်မှု ပမာဏထဲမှ နုတ်ယူသည်။ ရရှိလာသည့် ဝင်ငွေအား ရင်းနှီးမြှုပ်နှံသူများကို ဖြန့်ဝေပေးခြင်း မပြုခင်မှာ နုတ်ယူခြင်းဖြစ်သည်။

- စီမံမှုအခကြေးငွေသည် ရန်ပုံငွေကို စီမံပေးရသည့်အတွက် ရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှု အကြံပေးက ကောက်ခံသည်။
- ဖြန့်ဝေမှု အခကြေးငွေသည် ဈေးကွက်တင်ရခြင်း၊ ကြော်ငြာစရိတ်၊ အရောင်းသမားများ ထားရှိရခြင်းတို့အတွက်ကောက်ခံခြင်း ဖြစ်သည်။ ဥပဒေအရ ဤခေါင်းစဉ်အောက်တွင် ရယူသော အခကြေးငွေသည် ရန်ပုံငွေ၏ တစ်နှစ်တာပျမ်းမျှ အသားတင်တန်ဖိုးရှိပိုင်ဆိုင်မှု၏ ၁ ရာခိုင်နှုန်းထက် မကျော်ရချေ။ ရင်းနှီးမြှုပ်နှံသူ၏ ငွေစာရင်း ဝန်ဆောင်မှုအတွက် အရောင်းသမားများကို ပေးအပ်သည့် ငွေပမာဏဖြစ်သော တစ်နှစ်တာပျမ်းမျှ အသားတင် တန်ဖိုးရှိပိုင်ဆိုင်မှု၏ .၂၅ ရာခိုင်နှုန်းအထိ ပါပြီးသား ဖြစ်ကောင်း ဖြစ်နိုင်သည်။
- အခြားကုန်ကျစရိတ်များသည် ဖုန်း အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ရန် စီစဉ်ထားခြင်း၊ ကိုယ်စားလှယ်ကြေး၊ ဝက်ဘ်ဆိုက်ထားရှိခြင်း၊ စာရင်းမှတ်တမ်းများ ထားရှိခြင်း၊ ပုံနှိပ်ခ၊ စာပို့ခ အစရှိသည်တို့ကို ဆိုလိုသည်။
- ရန်ပုံငွေ လုပ်ကိုင်ပေးခြင်း ကုန်ကျစရိတ် နှစ်စဉ်ကြေးစုစုပေါင်းကို ကုန်ကျစရိတ်အချိုးဟုလည်း ခေါ်ဝေါ်ကြပြီး ရန်ပုံငွေအတွက် တစ်နှစ်တာ လုပ်ကိုင်မှုများအတွက် ကုန်ကျစရိတ်များ အကုန်လုံး၏ စုစုပေါင်းကို ပျမ်းမျှအသားတင် တန်ဖိုးရှိပိုင်ဆိုင်မှုများ၏ ရာခိုင်နှုန်းဖြင့် ဖော်ပြ ကောက်ခံသည်။



## အရင်းငွေ အမြတ်ရခြင်းသည် အဘယ်ကြောင့် ရောင်းဖို့ လွယ်ကူရသနည်း

ကျွန်တော်အား မကြာခဏ မေးခံရသည့် နောက်ထပ်မေးခွန်း တစ်ခုမှာ "အရင်းငွေ အမြတ်ရခြင်းဟာ ဆုံးရှုံးမယ့်အရေး များပြားတယ် ဆိုရင် ဘာလို့ ရောင်းဖို့ လွယ်ရတာလဲ" ကျွန်ုပ်၏ အဖြေမှာ "အိပ်မက်တစ်ခုကို ရောင်းရတာ လွယ်လို့ပါ" ဟူ၍ ဖြစ်သည်။ သူဌေးဖေဖေက မကြာခဏ ပြောလေ့ရှိသည်မှာ "အိပ်မက်တွေရဲ့ ပြဿနာက လက်တွေ့ အမှန်တရားပဲ"

ဝါရန် ဘတ်ဖ်ဖစ်တ်က ပြောသည်မှာ "ဝင်ကြေး သေးငယ်ပြီး မျှော်မှန်းနိုင်သည့်ဆုကြီးများနေလျှင် လောင်းကစား အထုံပါခြင်းသည် အမြဲတစေ တိုးများသွားသည်။ ဖြစ်နိုင်ခြေမည်မျှပင် နည်းပါးလွန်းနေသည်မှာ အကြောင်း မဟုတ်ချေ" ထို့ကြောင့်လည်း လောင်းကစားမြို့တော် လပ်စ်ဗေးဂပ်မှ ကာစီနိုလုပ်ငန်းများသည် အကြွေစေ့ထည့်ပြီး ဆုကြီးရနိုင်သည့် ဂျက်ပေါ့စက်များဖြင့် ကြော်ငြာကြခြင်း ဖြစ်သည်။ ပြည်နယ်ထီများကလည်း ဆုကြီးများကိုသာ ခေါင်းစီးတပ်ပြီး ဖော်ပြကြသည်။

## ဤစာအုပ်သည် မည်သို့ ထူးခြားနေသနည်း

ဤစာအုပ်သည် တစ်မူထူးခြားနေသည်။ အကြောင်းမှာ ငွေသား စီးဆင်းခြင်း အမြန်နှုန်းကို အဓိကအားဖြင့် စူးစိုက်ထားသည်။ သူဌေး ဖေဖေထံမှ ကျွန်ုပ်သင်ယူခဲ့သည့် အရေးအပါဆုံး သင်ခန်းစာတစ်ခုမှာ ကျွန်ုပ်၏ ငွေများကို ဘဏ်ထဲတွင် အိပ်ခိုင်းထားခြင်း မပြုရန်နှင့် စားကျက်ထဲတွင် နှစ်ကြာမြင့်စွာ မထားရန်ဟူ၍ ဖြစ်သည်။ ကျွန်ုပ်၏ ပိုက်ဆံ ထမ်းဆောင်ရမည့်တာဝန်မှာ ကျွန်ုပ်အတွက် အလုပ်ကြိုးစားပေး ရန်ဖြစ်ပြီး တန်ဖိုးရှိပိုင်ဆိုင်မှုများ ပိုမိုရရှိလာစေရန် ဖြစ်သည်။

ငွေအမြန်နှုန်းကို အရှိန်တင်ရန်အလို့ငှာ ကွဲပြားသည့် တန်ဖိုးရှိ ပိုင်ဆိုင်မှုများမှတစ်ဆင့် လုပ်ဆောင်ပေးရမည်ဖြစ်ပြီး အောက်ဖော်ပြပါတို့၏ စွမ်းပကားများကို ရင်းနှီးမြှုပ်နှံသူက သဘောပေါက်ထားဖို့ လိုအပ်သည်။

- အိုပီအမ် (OPM Other People Money)
- သီးခြားရပ်တည်မှု ရွေးချယ်ခြင်း
- အခွန်ဥပဒေများ

ထိုအခြင်းအရာတို့ကို ဤစာအုပ်တွင် အကျယ်တဝင့် ဖော်ပြပေးထားမည် ဖြစ်သည်။ ထိုစမ်းပကားများသည် သင့်ပိုက်ဆံ၏ အမြန်နှုန်းကို မြင့်တင်ပေးသည့်အပြင် ကာကွယ်ရေးကိုလည်း ပေးသည်။

## အမြန်နှုန်း အဘယ်ကြောင့် အရေးကြီးရသနည်း

ပိုက်ဆံ၏အလျင် အရေးပါရသည့် အကြောင်းတစ်ချက်မှာ အကယ် ၍ ပိုက်ဆံသည် မြန်မြန်ဆန်ဆန် မရွေ့လျှင် သရဲမရဲစီးနေသော အခွန်များက တိုက်ခိုက်ခြင်းကို ခံရလိမ့်မည်။ အခြားသူများ၏ ပိုက်ဆံများဖြင့် အကျိုးအရှိဆုံးဖြစ်အောင်လုပ်ဖို့ အခွင့်သာခြင်း လျော့ပါးသွားလိမ့်မည်။ သူခိုးများ၏ပစ်မှတ် ဖြစ်လာလိမ့်မည်။ အငြိမ်းစားအစီအစဉ်၏ ငွေစာရင်းထဲတွင် နှစ်အတန်ကြာအောင် ပိုက်ဆံများရှိနေသူတို့၏ ပိုက်ဆံသည် အလျင်မဆိုစလောက်သာ ရှိသည်။ သို့ဖြစ်ရာ သူတို့သည် အခွန်များ အလွန်အကျွံပေးဆောင်နေကြရသည်။ သူခိုးများ၏လက်ထဲ သူတို့၏ ပိုက်ဆံများ ရောက်မည့်အရေးကိုလည်း ပူပန်ကြရသည်။ ထို့အပြင် ဈေးကွက်၏ အားများ၊ ပိုမြန်ဆန်သော ရင်းနှီးမြှုပ်နှံသူများက ယူသွားမည့်အရေးလည်း ရှိနေပြန်သည်။

သို့ဖြစ်ရာ ဤစာအုပ်သည် အဘယ်ကြောင့် တစ်မူထူးခြားနေသနည်း။ ဤစာအုပ် တစ်မူထူးခြားနေသည်မှာ သင့်ပိုက်ဆံ၏ အမြန်နှုန်းအကြောင်းကို ရေးသားထားပြီး သင် ရင်းနှီးမြှုပ်နှံထားသည့် တန်ဖိုးရှိ ပိုင်ဆိုင်မှုထက် ပိုကောင်းသည်။

## ဤစာအုပ်၏ အသိပေးချက်ကို ပိုမိုသဘောပေါက်စေရန်

ဤစာအုပ်တွင် သင် သဘောပေါက်ဖို့ လိုသည်မှာ ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် ဝယ်ရောင်းအမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံခြင်းနှင့် ကွာခြားကြောင်း ဖြစ်သည်။

ဝယ်ရောင်းအမြတ်ရခြင်းအတွက် ရင်းနှီးမြှုပ်နှံသူ၏ စိတ်နေသဘောထားသည် ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံသူ၏ စိတ်နေသဘောထားနှင့် အလွန်ကွာခြားသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေး နယ်ပယ်တွင် အရင်းငွေ အမြတ်ရခြင်းအတွက်ကိုသာ လူထုအားလုပ်ကိုင် ခိုင်းမည်ဖြစ်သည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူအားလုံးနီးပါးတို့ကရင်းနှီး မြှုပ်နှံမှုတွင် ဆုံးရှုံးမည့်အရေး ကြီးမားနေသည်ဟု ထင်ကြခြင်းဖြစ်သည်။



## တတ်ကျွမ်းမှုနှင့် ကံကောင်းထောက်မခြင်း

အရင်းငွေ အမြတ်ရခြင်း ရင်းနှီးမြှုပ်နှံသူများတွင် အလွန်အမင်းတတ်ကျွမ်းသူများ အများအပြား ရှိနေသော်လည်း ဝယ်ရောင်းအမြတ်ရခြင်း ရင်းနှီးမြှုပ်နှံသူများ အားလုံးနီးပါးတို့သည် ကံကောင်းထောက်မခြင်းကိုသာ ထည့်တွက်ကြပြီး တတ်ကျွမ်းမှုကို ထည့်မစဉ်းစားကြချေ။ ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တတ်ကျွမ်းမှု အလွန်အမင်းလိုအပ်သည့်အပြင် အသိပညာဗဟုသုတလည်း များစွာကြွယ်ဝဖို့ လိုသည်။ ငွေသားစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံခြင်းကို စတင်လိုက်သည်နှင့် ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှု အားလုံးနီးပါးတို့တွင် ငွေသားစီးဆင်းခြင်း မရှိကြောင်း တွေ့ရှိရမည် ဖြစ်သည်။ တွေ့လျှင်လည်း ပေးရသည့်ဈေးနှုန်းအတွက် ထိုက်ထိုက်တန်တန်မရှိ ဖြစ်နေမည်။ ငွေ သားစီးဆင်းခြင်းကို လိုက်လံရှာဖွေသောအခါ ရင်းနှီးမြှုပ်နှံမှု အများစုသည် ညံ့ဖျင်းသော ရင်းနှီးမြှုပ်နှံခြင်းများ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ် သည်။

သို့ဖြစ်ရာ ငွေရေးကြေးရေးအစီအစဉ် ရေးဆွဲစီမံပေးသည့်လုပ်ငန်း၏ ရုံးခန်းသို့ သွားရောက်ပြီး အမျိုးမျိုးခက်ဖြာပေးထားသော ရင်းနှီးမြှုပ်နှံမှု အစုစုတို့ကို ဝယ်ယူလိုက်သည်က များစွာလွယ်ကူနေသည်။ ထို့အတွက် ပိုက်ဆံပိုပေးရမည်။ အိမ်ခြံမြေတစ်ခုကို ဝယ်ဖို့လည်း လွယ်ကူသည်။ ပိုက်ဆံဆုံးရှုံးသွားဖို့လည်း လွယ်ကူသည်။ စီးပွားရှာလုပ်ငန်းတစ်ခုကို စတင်ဖို့နှင့် ဆုံးရှုံးသွားဖို့အတွက် ပညာတတ်ကြီးတစ်ဦး ဖြစ်ဖို့ မလိုပေ။ တကယ့်ရင်းနှီးမြှုပ်နှံသူ၏ တကယ့်တတ်ကျွမ်းမှုသည် ငွေသားစီးဆင်းမှုရှိသော တန်ဖိုးရှိပိုင်ဆိုင်မှုကို ရရှိဖို့အတွက် ဖြစ်ပြီး ပိုက်ဆံကို ကိုယ့်အိတ်ထဲ ထည့်ဖို့ ဖြစ်သည်။ ကိုယ့်အိတ်ထဲမှ ပိုက်ဆံကို ထုတ်ပေးဖို့ မဟုတ်ချေ။

ငွေသားစီးဆင်းမှုရှိသည့် တန်ဖိုးရှိပိုင်ဆိုင်မှုကို လက်ဝယ်ရရှိဖို့သည် တတ်ကျွမ်းမှုရှိရမည့်အပြင် ကံလည်း အနည်းငယ်ကောင်းဖို့ လိုသည်။ ကံကောင်းထောက်မသည်ကို ကျွန်ုပ် လိုလားသည်မှာ မှန်သော်လည်း ကျွန်ုပ်သည် မိမိ၏ ငွေရေးကြေးရေး တတ်ကျွမ်းမှုများကိုသာ မိမိ၏ ငွေရေးကြေးရေး အနာဂတ်အတွက် ထည့်စဉ်းစားခြင်း ပြုသည်။

## ကံကောင်းအောင် ပြုခြင်း

လူအများစုတို့က မိမိသည် ကံကောင်းသူတစ်ဦးဟု ထင်ကြသည်မှာ ကံမကောင်းသည်ကို ကြုံရသည့်အချိန်အထိ ဖြစ်သည်။ လူအများစုတို့ ယုံဖို့ အားသန်ကြသည်မှာ

"အဲဒီလို အဖြစ်ဆိုးမျိုးကို တခြားတစ်ယောက် ယောက်မှာ ဖြစ်ချင်ဖြစ်မယ်။ ငါ့မှာတော့ ဖြစ်မှာ မဟုတ်ဘူး" ဟူ၍ ဖြစ် သည်။

ကျွန်ုပ်သည် ဘဝဟုခေါ်သည့် လက်ဆောင်ကို ရရှိထားခြင်းအတွက် ကံကောင်းသည်ဟု ခံစားမိသည်။ သို့သော် ကျွန်ုပ်၏ ငွေရေးကြေးရေး ဖူလုံမှု၊ ငွေရေးကြေးရေး လွတ်လပ်မှုတို့အတွက် ဆိုလျှင် ကံကို ကျွန်ုပ် ထည့်မစဉ်းစားချေ။ လာမည့်အခန်း အပိုင်း(၁)တွင် သင်၏ ငွေသား စီးဆင်းကို တိုးစေခြင်းနှင့် ကာကွယ်ခြင်းတို့ မည်သို့ ပြုရမည်ကို ဖတ်ရှုရမည်။ လိမ္မာပါးနပ်မှုရှိခြင်းဖြင့် ကံကောင်းနေအောင် မည်သို့ ပြုရမည်ကိုလည်း ဖတ်ရှုရမည်ဖြစ်သည်။ မှန်ကန်သော အကြံပေးများထံမှမှန်ကန်သော အကြံပေးချက်များ ရရှိဖို့ လုပ်ဆောင်သည့်အခါ သင်သည် လိမ္မာပါးနပ်သူဖြစ်နေဖို့ စတင်လိုအပ်လာမည် ဖြစ်သည်။

**မှန်ကန်သော အကြံပေးများထံမှ မှန်ကန်သော အကြံပေးချက်များ**

ကျွန်ုပ်သည် တီဗွီအစီအစဉ်တစ်ခုကို ကြည့်ရှုသည်။ စင်မြင့်ပေါ်မှ အမျိုးသမီးတစ်ဦးက "ကျွန်မက အမျိုးအစား မှားနေတဲ့ အမျိုးသားတွေကို ဆွဲဆောင်နေပုံရတယ်" ဟု ပြောသည်။ အစီအစဉ်မှူး အမျိုးသမီးက လှောင်ပြုံးကို ပြုံးသည်။ "အမျိုးသားတွေကို ဆွဲဆောင်တာ ကောင်းပါ တယ်။ ရှင့်ရဲ ပြဿနာက အမျိုးအစား မှားနေတဲ့ အမျိုးသားတွေကို ရှင့်ရဲ့ ဖုန်းနံပါတ်ပေးတာ ဖြစ်ပါတယ်"ဟု သူမက ပြောသည်။

သူဌေးဖေဖေက ပြောသည်မှာ "လူတစ်ယောက်မှာ ငွေရေးကြေးရေး ကော်ပိုရေးရှင်းကြီးတစ်ခုရဲ့ စီးပွားရေးလုပ်ငန်းလိပ်စာ ကတ်ပြားတစ်ခု ရှိနေတာမှာ ဖော်ပြထားတဲ့ ရာထူးက ကြီးမားနေပေမဲ့ သူဟာ ရင်းနှီး မြှုပ်နှံမှုမှာ အစစအရာရာ သိတဲ့သူလို့ မဆိုလိုဘူး။ လူအများအပြားတို့က လွဲမှားနေတဲ့သူဆီကို ဖုန်းခေါ်မေးမြန်းပြီး မိမိရဲ့ ဖုန်းနံပါတ်ကို ဖုန်းပြန်ဆက်ဖို့ ပေးထားလိုက်ကြတယ်"

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ ငွေဆုံးရှုံးသွားသူ မည်သူ့ကိုမှအပြစ် တင်ရန် မဟုတ်ပေ။ တစ်ကိုယ်ရည် ဆုံးရှုံးမှုများအတွက် လူတစ်ဦးကို ဖြစ်စေ၊ အုပ်စုတစ်ခုကိုဖြစ်စေ အပြစ်တင်နေမည့်အစား ကျွန်ုပ်တို့တွင် ဖြစ်ပျက်ခဲ့သမျှတို့အတွက် မိမိကိုယ်တိုင် တာဝန်ယူသည်က ပိုကောင်း သည်။ ကျွန်ုပ်တို့၏ အမှားများထံမှ သင်ခန်းစာများ ယူရမည်။ မှန်ကန်သော အကြံပေးများထံမှ မှန်ကန်သော အကြံပေးချက်များကို ယူရမည်။ ဤသည်မှာ ကျွန်ုပ်သည် ပေါင်းစုရန်ပုံငွေတွင် ရင်းနှီးမြှုပ်နှံပြီးချိန်တွင် သူဌေးဖေဖေက



လုပ်ပေးခဲ့သည့်အတိုင်း ဖြစ်သည်။ သူကကျွန်ုပ်ကို မှန်ကန်သည့် အကြံပေးများထံသို့ ခေါ်သွားသည်။ သို့သော် အကြံပေး တိုင်းတွင် ကိုယ်ပိုင်အမြင်နှင့် အယူအဆ အသီးသီး ရှိနေကြောင်း သူက ကျွန်ုပ်ကို သွန်သင်ထားသည်။ သို့ဖြစ်ရာ မည်သည့်အကြံပေးချက်သည် ကျွန်ုပ်အတွက် ဆီလျော်သင့်မြတ်သည်ကို မိမိဘာသာ ဖော်ထုတ်သတ် မှတ်နိုင်အောင် ကျွန်ုပ်သင်ယူထားဖို့ လိုအပ်သည်။

**အားပေးသည့် စကားလုံး**

လူအများစုတို့သည် အလုပ်ကြိုးစားကြသည်။ သူတို့၏ ပိုက်ဆံကို ငွေကြေးမန်နေဂျာ လက်ထဲတွင် အပ်နှံထားလိုက်သည်။ ထိုမန်နေဂျာသည် ပါးနပ်ချက်ချာသော ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်ပါစေဟု ဆုတောင်းမျှော် လင့်သည်။ ထိုနည်းလမ်းသည် ရင်းနှီးမြှုပ်နှံသူအများစုအတွက် မှန်ကန် သော လုပ်ရပ်ဖြစ်ကြောင်း ကျွန်ုပ် အသိအမှတ်ပြုပါသည်။ ထိုသူတို့သည် အသိပညာ ရယူဖို့ စိတ်မပါကြချေ။ မိမိဘာသာ ငွေရေးကြေးရေး လုပ် ကိုင်ဖို့လည်း စိတ်မပါကြချေ။ ကျွန်ုပ်အနေဖြင့် ထိုနည်းလမ်းသည်ဆုံးရှုံးမည့်အရေးကြီးမားရုံမျှမက ပျော်စရာမကောင်းသည့်အပြင် အမြတ်လည်း များများစားစား မရဟု ယူဆသည်။

ရှေ့မဆက်ခင် ကျွန်ုပ်က တိုက်တွန်းအားပေးသည့် စကားတချို့ကို ပြောလိုပါသည်။ ကျွန်ုပ် စတင်ခဲ့စဉ်က ကျွန်ုပ်သည် မြန်မြန်ဆန်ဆန် ချမ်းသာမည် မဟုတ်သည့်အပြင် ကျွန်ုပ်သည် တန်ဖိုးရှိ ပိုင်ဆိုင်မှုများကို စတင်တည်ဆောက်ခြင်း၊ စတင်ဝယ်ယူခြင်းများကို ပြုရပေရာ ကျွန်ုပ်သည် စိတ်ဓာတ်ကျမိသည်။ သို့ဖြစ်ရာ သင်တို့အနေဖြင့်လည်း ယခုအခါ တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစား နှစ်မျိုးသုံးမျိုးတို့ကို တည်ဆောက်ရန် စဉ်းစားကြည့်သောအခါ စိတ်ဓာတ်ကျမိမည်။ အထူးသဖြင့် တန်ဖိုးရှိ ပိုင်ဆိုင်မှုတစ်ခုမှ လက်ထဲ မရှိသေးလျှင် ပိုဆိုးသည်။

ကျွန်ုပ် အားပေးလိုသည့် စကားများမှာ ဤသို့ဖြစ်သည်။

တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစား နှစ်မျိုးသုံးမျိုးကို တည်ဆောက်ရန် နှင့် လက်ဝယ်ရရှိရန် စဉ်းစားပါ။ ကွာခြားသည့် ကစားပွဲ နှစ်မျိုးသုံးမျိုးကို သင်ယူဖို့ အချိန်ယူပါ။ ဥပမာ သင်က သင့်ကိုသင် ပြောရမည်မှာ "ငါ တစ်ဆယ်နှစ် လုပ်ကိုင်ပြီး တင်းနစ်၊ ဂေါက်နှင့် ကြက်တောင်တို့ကို ဘယ်လို ကစားရသလဲဆိုတာ သင်ယူမယ်" ယခုအခါ သင်သည် ၎င်း အားကစားများတွင် တစ်ခုမှ မကစားတတ်သေးသော်လည်း တစ်ဆယ်နှစ်အတွင်း

သင်သည် သုံးမျိုးစလုံးတွင် တော်သည့်သူအဖြစ်သို့ ရောက်ရှိ သွားမည်။ သင့်သူငယ်ချင်းများထက် သင်က အများကြီး ပိုသာသွားမည်။ အထူးသဖြင့် သူတို့သည် အဆိုပါအားကစားတို့ကို တစ်ဆယ်နှစ်အတွင်း မည်သည့်အခါမှ လေ့ကျင့်ခြင်း၊ ကစားခြင်း မရှိပါက သင်က သူတို့ထက် အပြတ်အသတ် သာသွားမည်ဖြစ်သည်။

ပိုက်ဆံနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင်လည်း အလားတူအဖြစ်ကို ရရှိမည်ဖြစ်သည်။ နှစ်အတန်ကြာအောင် ကျွန်ုပ် ကြိုးစားရုန်းကန်ခဲ့ရသည်။ တစ်ဆယ်နှစ်ကြာပြီးချိန်တွင် ကျွန်ုပ်သည် ကစားပွဲ၌ ကျွန်ုပ် ရရှိသည့် ရမှတ်များသည် သိပ်မကောင်းလှသော်ငြားလည်း အတော် ကောင်းသည့် သူအဖြစ်သို့ ရောက်ရှိသည်။ နှစ်ပေါင်း ၂၀ ကြာပြီးချိန်တွင် ကျွန်ုပ်သည် ကစားပွဲများတွင် ပိုကောင်းလာပြီး ရမှတ်များက သက်သေတည်ပေးနေကြသည်။ တစ်နည်းဆိုရသော် ကျွန်ုပ်၏ မိတ်ဆွေများထက် ကျွန်ုပ်က ပိုသာနေသည်။ သူတို့ထက် ကျွန်ုပ်က ငွေပိုရနေသည်။ တစ်ချိန်တုန်းက သူတို့သည် ကျွန်ုပ်ထက် ငွေပိုရအောင် လုပ်နိုင်ခဲ့ကြသူများ ဖြစ်သည်။

ထိုသို့ ပါးရည်နပ်ရည်ရှိသူမဟုတ်ဟု ကိုယ့်ကိုယ်ကိုယ်ထင်ကြသည်။ ကျွန်ုပ်သည်လည်း ပါးရည်နပ်ရည် မရှိခဲ့ချေ။ သို့သော် ကျွန်ုပ်က ကြိုးစားပမ်းစား လေ့လာသင်ယူသည်။ ဖြည်းဖြည်းချင်း သင်ယူသွားသည်။ ပါးရည်နပ်ရည်ရှိသူများ အနားတွင် ရှိနေအောင်လည်း ကျွန်ုပ် လုပ်ကိုင်ထားသည်။ စတင်လိုက်ဖို့ ကြောက်နေကြသူများကို ပြောလိုသည်မှာ ကျွန်ုပ်သည်လည်း စတင်ဖို့ ကြောက်နေခဲ့ဖူးသည်။ ကျွန်ုပ် စတင်ဖြစ်သွားအောင် ကူညီပေးသည့် မိတ်ဆွေများကို ကျွန်ုပ် ရှာဖွေတွေ့ရှိခဲ့သည်။

ကျွန်ုပ်သည် အကောင်းဆုံးမိတ်ဆွေများဖြစ်သည့် လာရီ၊ ကင်မ်တို့ နှင့်အတူ ထိုင်ပြီး လာမည့် တစ်ဆယ်နှစ်အတွက် ကျွန်ုပ်တို့၏ ဘဝကို စီမံရန် အစီအစဉ်များကို ချမှတ်ခဲ့ကြသည်။ တစ်ဆယ်နှစ် ကြာပြီးချိန်တွင် ကျွန်ုပ်တို့ သုံးဦးစလုံးသည် ငွေရေးကြေးရေးအရ လွတ်လပ်မှုကို ရရှိနေကြပြီဖြစ်သည်။

သူဌေးဖေဖေက ပြောသည်။ "တကယ်လို့ မင်းရဲ့ အချိန်တွေကို မင်းအတွက် အလုံအလောက် ပေးမယ်ဆိုရင် အရာတိုင်း ဖြစ်နိုင်တယ်"

**သင့်အတွက် မည်သည်က အဓိပ္ပာယ် ရှိစေမည်နည်း**

လူအများတို့က ပြောကြသည်။ "ခင်ဗျား ထောက်ခံချက်ပေးထားတာက ဆုံးရှုံးမယ့်အရေး ကြီးမားတယ်"



ကျွန်ုပ်က တုံ့ပြန်ပြောဆိုသည်။ "ကျွန်တော် ထောက်ခံချက် မပေးပါဘူး။ ကျွန်တော်က ချမ်းသာတဲ့သူတွေ ဘာကြောင့် ပိုချမ်းသာကြတယ်ဆိုတာကိုသာ ရှင်းပြတာပါ"

ထိုအခါ သူတို့က ပြောကြသည်။ "လူအများစုအဖို့ ခင်ဗျား ရေးထားတာတွေက မဖြစ်နိုင်တာတွေချည်းပဲ"

ထို့အတွက် ကျွန်ုပ်က တုံ့ပြန်ပြောကြားသည်။ "မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။ ဖြစ်နိုင်ဖွယ် မရှိတာပါ။ ကျွန်တော် ရေးတာတွေကို လူတွေ လုပ်ကြတယ်။ ကျွန်တော်လည်း လုပ်တယ်။ အလွန်ချမ်းသာတဲ့သူတွေလည်း လုပ်ကြတယ်။ ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာက တစ်ဦး တစ်ယောက်ချင်းအရ ဆုံးဖြတ်ရမှာပါ။ ကျွန်တော် စလုပ်ခါစတုန်းကလည်း မဖြစ်နိုင်ဘူးလို့ ကျွန်တော် ထင်ခဲ့ပါတယ်။ နှစ်အတန်ကြာ ကျွန်တော် ကြိုးစားရုန်းကန်ခဲ့ရတယ်။ ဒါပေမဲ့ အခုအခါမှာတော့ လူအများစု တစ်သက်တာမှာ ရှာလို့ရတဲ့ငွေထက် ကျွန်တော် တစ်နေ့တာ ရှာလို့ရတဲ့ငွေက ပိုများနေပါပြီ။ ဒါက တစ်ကိုယ်ရေ ရွေးချယ်မှုပါ။ ကျွန်တော်တို့ က လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ နိုင်ငံတစ်ခုမှာ နေထိုင်ကြသူတွေပါ"

သင့်အဖို့ မည်သည်က အဓိပ္ပာယ် ရှိမည်နည်း။ ကျွန်ုပ် ဘာလုပ်သည်ကို ကျွန်ုပ်သိသည်။ ကျွန်ုပ် ရေးသားထားသည်တို့မှာ လွယ်ကူသောလမ်းတစ်ခု မဟုတ်ပေ။ ကျွန်ုပ်သည် ခက်ခဲသည့်လမ်းကို ရွေးချယ် သည်။ အကြောင်းမှာ လွယ်ကူသောလမ်းသည် ကျွန်ုပ်အဖို့ အဓိပ္ပာယ် မရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်အဖို့ အဓိပ္ပာယ်မရှိသည်တို့မှာ–

အလုပ်အကိုင်တစ်ခု ရယူပြီး ကျွန်ုပ် မည်သည့်အခါမှ ပိုင်ဆိုင်မည့် အရာမဟုတ်၊ မည်သည့်အခါမှ ရောင်းချ၍ ရမည့်အရာလည်း မဟုတ် သည်ကို အလုပ်သမားအဖြစ် ကြိုးစားပမ်းစား လုပ်ကိုင်နေခြင်းဖြစ်သည်။ အကယ်၍ ကျွန်ုပ် ရပ်လိုက်လျှင် ငွေစီးဆင်းမှုလည်း ရပ်သွားလိမ့်မည်။

အသက် ၂၅ နှစ်တွင် အငြိမ်းစားအစီအစဉ်ထဲသို့ ပိုက်ဆံ စထည့်သည်။ ထည့်ပြီးရင်း ထည့်နေသည်မှာ ၎င်းပိုက်ဆံတို့ကို အသက် ၆၅ နှစ်အထိ ပြန်မမြင်ရတော့ချေ။ ကျွန်ုပ်၏ ပိုက်ဆံများကို ငါးနှစ် မပြည့်ခင်မှာ ပြန်ရလိုပြီး တန်ဖိုးရှိ ပိုင်ဆိုင်မှုကို ကျွန်ုပ် ဆက်လက်ပိုင်ဆိုင်ထားလိုသည်။ ကျွန်ုပ်၏ ပိုက်ဆံများ ပြန်ရဖို့အတွက် တန်ဖိုးရှိပိုင်ဆိုင်မှုကို သားသတ်ရုံသို့ မပို့လိုပေ။

ကျွန်ုပ်၏ ပိုက်ဆံများကို စားကျက်ထဲ နှစ်ပေါင်း ၄၀ ထားရှိပြီး နွားကျောင်းသားတို့

ပြုသမျှ နေရမည်။ လူညစ်တို့၏ လက်ခုပ်ထဲကရေ ဖြစ်နေမည်။ ဈေးကွက် နှောင့်ယှက်သည့်ဒဏ်ကိုလည်း ခံရမည်။ ထို့မျှမကသေး။ ရန်ပုံငွေကို စီမံပေးရသည့်အတွက် ဝန်ဆောင်ခအဖြစ် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၁.၅ ရာခိုင်နှုန်း ပေးရသည်။ သူတို့က မယူပါဟုဆိုသော် လည်း ယူကြသည်သာ ဖြစ်သည်။ နှစ်ပေါင်း ၄၀ ပေါင်းလိုက်သောအခါ စုစုပေါင်းသည် မနည်းမနော ပမာဏဖြစ်သည်။ ရန်ပုံငွေမှာ အမြတ်ရသည်ဖြစ်စေ မရသည်ဖြစ်စေ ပေးရခြင်းဖြစ်သည်။

သင့်အတွက် အဓိပ္ပာယ်ရှိသည်ဆိုသည်မှာ ဘဝတွင် သင်၏ရွေးချယ်မှုများဖြစ်သည်။ ကျွန်ုပ်အဖို့ အဓိပ္ပာယ်ရှိသည်မှာ မှန်ကန်သော အကြံပေးတို့ထံမှ မှန်ကန်သော အကြံပေးချက်များ ရအောင် လုပ်ဆောင် ခြင်းဖြစ်သည်။ အရောင်းသမားများ၏ ပြောစကား အကြံပေးချက်များကို ကျွန်ုပ် မရှာပေ။ ကျွန်ုပ်အဖို့ အဓိပ္ပာယ်ရှိသည်မှာ ကိုယ်ပိုင်တန်ဖိုးရှိ ပိုင်ဆိုင်မှုများကို တည်ဆောက်မည်။ ၎င်းတန်ဖိုးရှိ ပိုင်ဆိုင်မှုများအကြား ပိုက်လိုင်းသွယ်မည်။ ငွေသားစီးဆင်းမှုကို တိုးချဲ့မည်။ ကျွန်ုပ်၏ ပိုက်ဆံများကို အလျင်တိုးအောင် လုပ်မည်။

ဤစာအုပ်တွင် ဖော်ပြထားသည်တို့မှာ ကျွန်ုပ် အသက် ၂၅ နှစ်တွင် ကျွန်ုပ်အတွက် အဓိပ္ပာယ်ရှိသောအရာများ ဖြစ်သည်။ ကျွန်ုပ် ရေးသား ထားသည်တို့တွင် တချို့တဝက်သည် သင့်အတွက်လည်း အဓိပ္ပာယ်ရှိမည်၊ သင့်အနာဂတ်အတွက်လည်း အဓိပ္ပာယ်ရှိမည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။

အခန်း (၃)

## သင်၏ဘဏ်သမားကို မေးပါ

လူအများစုတို့က သူတို့ရဲ့ ဘဏ်လုပ်ငန်းကို သူတို့ ပိုဆင်းရဲသွားအောင် သုံးဖို့ပဲ လုပ်ကြတယ်။ မင်း ပိုချမ်းသာဖို့ မင်းရဲ့ ဘဏ်လုပ်ငန်းက ကူညီပေးအောင် ဘယ်လိုလုပ်ရမလဲဆိုတာ သင်ယူပါ။

သူဌေးဖေဖေ

ကျွန်ုပ်သည် မေးခွန်းတစ်ခုအတွက် အဖြေကို ရှာဖွေနေသည်။ အရောင်းဆွယ်လုံးတစ်ခုနှင့် ငွေရေးကြေးရေး အသိပညာပေးခြင်းတို့ အကြား ဘာကွာခြားသနည်း။ ကျွန်ုပ်အိမ်သို့ အလည်အပတ် ပြန်နေဖြစ်သည့်ရက်များ၌ သီတင်းပတ် ကုန်ဆုံးရက်များမှအပ ကြားရက်တစ်ရက် ရက်တွင် သူဌေးဖေဖေက ကျွန်ုပ်ကို သူ့ဘဏ်သို့ ခေါ်သွားသည်။ သူ အနှစ်သက်ဆုံး ချေးငွေအရာရှိတစ်ဦးနှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးသည်။ ချေးငွေအရာရှိ၏ အလုပ်စားပွဲရှေ့တွင် ထိုင်လိုက်ပြီး သူဌေးဖေဖေက ညွှန်ကြားထားသည့်အတိုင်း ကျွန်ုပ် လုပ်ကိုင်သည်။ ကျွန်ုပ်က ချေးငွေအရာရှိဖြစ်သူ ဘဏ်ဝန်ထမ်းကို မေးမြန်းသည်။ ကျွန်ုပ်သည် အငြိမ်းစား အစီအစဉ်အဖြစ် ပေါင်းစုရန်ပုံငွေများတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် ဘဏ်မှ ကျွန်ုပ်အား ငွေချေးနိုင်မလားဟု မေးမြန်းသည်။

ဘဏ်ဝန်ထမ်းက မေးခွန်းကို ကြားသိရသောအခါ အပြုံးဖြင့် ကြည့်သည်။

"ခင်ဗျားက ဒီလူငယ်ကို သင်ခန်းစာတစ်ခု သင်ပေးနေတာမဟုတ်လား"ဟု ဘဏ်ဝန်ထမ်းက သူဌေးဖေဖေကို တစ်ချက်လှည့်ကြည့်ပြီး မေးမြန်းလိုက်သည်။ သူဌေးဖေဖေက ခေါင်းညိတ်ပြသည်။ "ဟုတ်တယ်။ မူလပင်ရင်းထံမှ အဖြေတွေကို တိုက်ရိုက်ရတာဟာ ဒီလူငယ်အတွက် အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်"

ချေးငွေအရာရှိ ဘဏ်ဝန်ထမ်း၏ အမည်မှာ ဂျင်မ် ဟူ၍ ဖြစ်သည်။ သူက တစ်ချက်ပြုံးလိုက်ပြီး ကျွန်ုပ်ဘက်သို့ လှည့်ကြည့်ကာ မေးမြန်းသည်။ "ခင်ဗျားက အဲဒီ ပေါင်းစုရန်ပုံငွေတွေနဲ့ ဘာလုပ်မလို့လဲ"

သူဌေးဖေဖေက ကျွန်ုပ်အား ဘာလုပ်ရမည်ကို ညွှန်ကြားပေးပြီး လမ်းကြောင်းပေးထားသည့်အတိုင်း အဖြေကို ပြောပြလိုက်သည်။ ကျွန်ုပ်က "ကျွန်တော်က ရေရှည်အတွက် ရင်းနှီးမြှုပ်နှံမလို့ပါ။ ဝယ်မယ်။ ကိုင်ထားမယ်။ အဲဒီရန်ပုံငွေတွေကို အမျိုးမျိုး အဖုံဖုံမှာ ခက်ဖြာပြီး ထည့် ဝင်ပေးထားလိုက်မယ်"ဟု ပြောလိုက်သည်။

ဘဏ်ဝန်ထမ်းက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ပြုံးသည်။ "ခင်ဗျားက ရင်းနှီးမြှုပ်နှံမှု သက်မွေးလမ်းကြောင်းကို စောစောစီးစီး စတင်တာကို တွေ့ရလို့ ကျွန်တော် ဝမ်းသာပါတယ်"

ကျွန်ုပ်က မေးလိုက်သည်။ "ဒါဆို ကျွန်တော့်ကို ပိုက်ဆံချေးမှာလား"

ဂျင်မ်က ညင်သာသောလေသံဖြင့် ငြင်းသည်။ "အဲဒီလို မဆိုလို ပါဘူး။ မှတ်ဝါဒအရ ကျွန်တော်တို့ ပေါင်းစုရန်ပုံငွေတွေအတွက် ငွေချေးတာ အင်မတန် ရှားပါတယ်။ ခင်ဗျားမှာ အလုပ်အကိုင်တစ်ခု ရှိနေမယ်။ ယုံကြည်စိတ်ချရဖို့ အလွန်ကောင်းနေတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့ ငွေတချို့ကို ချေးကောင်းချေးပါလိမ့်မယ်။ တစ်ကိုယ်ရေအရ ချေးငွေ ပေးပါလိမ့်မယ်။ အဲဒီချေးငွေဖြင့် ပေါင်းစုရန်ပုံငွေတွေမှာ ခင်ဗျား ရင်းနှီးမြှုပ်နှံလို့ ရနိုင်ပါတယ်။ ဒါမှမဟုတ် တခြားသုံးချင်တဲ့ဆီမှာလည်း ခင်ဗျား သုံးစွဲလို့ရပါတယ်" ကျွန်ုပ်က မေးကြည့်သည်။ "တကယ်လို့ အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံ ချင်လို့ ခင်ဗျားဘဏ်မှာ ကျွန်တော်ငွေလာချေးရင် ခင်ဗျားက ဟင့်အင်း လို့ မငြင်းခင် ကျွန်တော်လုပ်ကိုင်မယ့် ရင်းနှီးမြှုပ်နှံမှုကို အရင်ကြည့်မှာလား"

"ဟုတ်တယ်။ အဲဒါအတွက်ဆိုရင်တော့ ကျွန်တော်စဉ်းစားပေးဖို့ စိတ်ပါလက်ပါ ပိုဖြစ်မိမှာ သေချာတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ ဘဏ္ဍာရေး အခြေအနေတွေကိုတော့ ကျွန်တော်ကြည့်မယ်။ အရင်က ခင်ဗျားအကြွေး ယူဖူးတာတွေကိုလည်း ကျွန်တော် ကြည့်မယ်။ ချေးမယ့် ပိုက်ဆံကို ဘယ်အတွက်သုံးသုံး ကျွန်တော်တို့ရဲ့ ပိုက်ဆံတွေကို



ဘယ်သူ့ဆီ ချေးလိုက်တာလဲဆိုတာ ကျွန်တော်တို့ အမြဲသိချင်ပါတယ်"

"ဘာလို့ ပေါင်းစုရန်ပုံငွေထက် အိမ်ခြံမြေကို ပိုအလေးထားတာလဲ"

"အကြောင်းအမျိုးမျိုးကြောင့်ပေါ့"

"ပေါင်းစုရန်ပုံငွေက အိမ်ခြံမြေထက် ဆုံးရှုံးမယ့်အရေး ပိုများနေလို့လား"

"သေချာတာပေါ့။ အဲဒါက အကြောင်းအချက်တွေထဲမှ အချက်တစ်ချက်ပေါ့။ ဒါပေမဲ့ ခုနက ကျွန်တော်ပြောတဲ့အတိုင်း စဉ်းစားရမယ့် တခြားအကြောင်းအချက်တွေလည်း ရှိပါတယ်"

ကျွန်ုပ်က မေးခွန်းထုတ်ပြန်သည်။ "ခင်ဗျားရဲ့ ဘဏ်က ပေါင်းစု ရန်ပုံငွေများ အတွက်ဆိုရင် ငွေမချေးဘူး။ ဒါပေမဲ့ လူအများက ပေါင်းစု ရန်ပုံငွေများမှာ ရင်းနှီးမြှုပ်နှံနေကြတာ ဘာလို့လဲ"

"ကောင်းလိုက်တဲ့ မေးခွန်းပါပဲ။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် အဲဒီ မေးခွန်း ပြန်ပေးသင့်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်ကလည်း ပေါင်းစုရန်ပုံငွေများမှာ ရင်းနှီးမြှုပ်နှံထားတယ်"

"ခင်ဗျားက အိမ်ခြံမြေမှာရော ရင်းနှီးမြှုပ်နှံထားသေးလား"

"ဟင့်အင်း။ ကျွန်တော့အိမ်ကို ကျွန်တော်ပိုင်တယ်။ ဒါပေမဲ့ ဘဏ်မှာ ပေါင်ထားလို့ ဘဏ်က ပိုင်တယ်လို့ ပြောရမယ်။ အိမ်ခြံမြေ ပိုင်ဆိုင်မှုမှာ ကျွန်တော်ရင်းနှီးမြှုပ်နှံထားတာ မရှိပါဘူး"

"ဘာလို့ မလုပ်တာလဲ" ကျွန်ုပ်သည် စိတ်ထဲ ပဟေဠိဖြစ်နေမိသည်။ "ခင်ဗျားရဲ့ ဘဏ်က အိမ်ခြံမြေအတွက်ဆိုရင် ငွေချေးတယ်။ ပေါင်းစုရန်ပုံ ငွေအတွက်ဆိုရင် ငွေမချေးဘူး။ အဲဒါဆိုရင် ဘဏ်က ခင်ဗျား ချေးလို့ရတဲ့ ငွေကို ဘာလို့ အိမ်ခြံမြေပိုင်ဆိုင်မှုမှာ ရင်းနှီးမြှုပ်နှံမှု မပြုရတာလဲ"

ဘဏ်ဝန်ထမ်း ဂျင်မ်သည် ယခုအခါ တည်တည်ငြိမ်ငြိမ် မဖြစ်တော့ချေ။ သူသည် ငွေလာချေးသူတို့ကို သူကသာ မေးခွန်းများ မေးနေကျဖြစ်သည်။ ယခုလို စစ်စစ်ပေါက်ပေါက် မေးမြန်းခံရခြင်းမျိုးကို ကြုံရလေ့မရှိသူ ဖြစ်သည်။ သူက သိမ်သိမ်မွေ့မွေ့ဖြင့် ရှောင်ထွက်သည်။ "ကျွန်တော့်မှာ တခြားတွေ့ရမယ့်သူတွေ ရှိနေသေးတယ်။ ဘဏ်ကို ကိစ္စရှိလို့ လာကြတဲ့သူတွေပေါ့။ သူတို့ စောင့်နေကြရတယ်" သူက သူဌေးဖေဖေကို ညွှန်ပြလိုက်ပြီး "သူက အိမ်ခြံမြေပိုင်ဆိုင်မှုတွေ အများကြီး ရင်းနှီးမြှုပ်နှံထားတယ်။ အဲဒီ မေးခွန်းတွေ သူ့ကို မေးကြည့်ပါလား"

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်သည်။ "မေးမယ်။ သူ့ကို မေးမှာ"

သူဌေးဖေဖေနှင့်အတူ အပြင်သို့ ထွက်လိုက်ကြသည်။ ကားရှိရာသို့ သွားကြသည်။ စကားမပြောဖြစ်ကြချေ။ ပိုတော်သည့် ရင်းနှီးမြှုပ်နှံသူ တစ်ဦး ဖြစ်လာစေဖို့ သင်ခန်းစာများ သင်ယူခြင်းသည် အတော်ခရီး ရောက်နေပြီဟု ကျွန်ုပ်စိတ်ထဲ တွေးဆမိသည်။ ကျွန်ုပ်က စကားစပြော လိုက်သည်။ "သူက တကယ်တော့ ရင်းနှီးမြှုပ်နှံသူတစ်ဦး မဟုတ်ဘူး"

ကားပေါ်တက်ထိုင်လိုက်ကြပြီး ကားတံခါးကို ပိတ်လိုက်ကြပြီးချိန်တွင် သူဌေးဖေဖေက "သူက ဘဏ်လုပ်ငန်းက ပညာရှင်တစ်ဦးပါ။ သူ့ တစ်သက်လုံး ဘဏ်မှာပဲ လုပ်ကိုင်ရင်း အဆုံးသတ်လိမ့်မယ် ထင်ပါတယ်။ သူက တက်တက်ကြွကြွနဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး မဟုတ်ပေမဲ့ မင်းရဲ့ ရင်းနှီးမြှုပ်နှံမှု ပညာရေးအတွက် အလွန်တရာ အရေးပါပြီးအလွန် တရာ အရေးကြီးတဲ့ သော့ချက်ကို သူ ကိုင်ထားတယ်"ဟု ပြောသည်။ ကားကို စက်နှိုးပြီး မောင်းထွက်လိုက်သည်။ "မင်းက ချမ်းသာပြီး အောင်မြင်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာဖို့အတွက် ရင်းနှီးမြှုပ်နှံမှုလောကကို ဘဏ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးရဲ့ ရှုထောင့်အမြင်နဲ့ သဘောပေါက်ဖို့ ပညာစယူရမယ်။ ဘဏ်သမား တွေက သူတို့ရဲ့ ပိုက်ဆံကို ထုတ်ချေးတော့မယ်ဆိုရင် သတိထားတယ်။ ဂရုစိုက်တယ်။ ငွေမချေးခင်မှာ မင်းက ဘယ်သူလဲဆိုတာကို သူ အရင်သိထားချင်တယ်။ သူတို့က ဘယ်သူဘယ်ဝါမှန်း မသိရတဲ့သူကို ဘယ်တော့မှ ငွေမချေးဘူး။ မင်း လည်း အဲဒီအတိုင်း လုပ်သင့်တယ်"

**အခမဲ့နေ့လယ်စာဟူ၍ မရှိ**

ကျွန်ုပ်တို့ ကော်ဖီဆိုင်ငယ်တစ်ခုသို့ သွားသည်။ နေ့လယ်စာ စားဖို့ စောလွန်း နေသည်။ သို့ဖြစ်ရာ ပေါ့ပေါ့ပါးပါး စားစရာတို့ကိုသာ စားဖြစ်ကြသည်။ စားပွဲငယ် တစ်ခုတွင် အတူထိုင်ကြရင်း ကျွန်ုပ်၏ ပညာရေးကို ဆက်သည်။ "မင်းကို ငါ ပြောပြတာ အကြိမ်ပေါင်း မနည်းဘူး။လက်တွေ့ လောကမှာ အောင်မြင်ဖို့အတွက် ပညာရေး သုံးမျိုး ရှိနေတယ်။ အဲဒီ ပညာရေး သုံးမျိုးက ဘာတွေလဲ"

"သုံးမျိုးက ကျောင်းပညာရေး၊ သက်မွေးပညာရေး၊ ငွေရေးကြေးရေး ပညာရေး"

"အရမ်းတော်တယ်" သူဌေးဖေဖေက စာရွက်အပိုင်းတစ်ခုပေါ်တွင် ၎င်းပညာရေး သုံးမျိုးကို ရေးသားလိုက်သည်။



- ကျောင်းပညာရေး
- သက်မွေးပညာရေး
- ငွေရေးကြေးရေး ပညာရေး

ထို့နောက် သူက မေးမြန်းသည်။ "အခု မင်းက ဘယ်ပညာရေးကို ဆည်းပူးနေသလဲ" ကျွန်ုပ်က ချက်ချင်း အဖြေပေးလိုက်သည်။ "သက်မွေးပညာရေး။ အကယ်ဒမီမှာ လေးနှစ် တက်ပြီးရင် ကျွန်တော်သိပ္ပံဘွဲ့ ရမယ်။ တတိယ ကုန်းပတ်အရာရှိလက်မှတ်လည်း ရမယ်။ ကမ္ဘာတစ်လွှားက ကုန်သွယ် ရေကြောင်းသင်္ဘောတွေမှာ လုပ်ခွင့်ရှိတဲ့လက်မှတ်ကို ရမယ်"

"သူတို့က မင်းကို ငွေရေးကြေးရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအကြောင်းတွေ သင်ပေးသလား"

"မသင်ပေးသေးပါဘူး"

"အငြိမ်းစား အစီအစဉ်အကြောင်း မင်းကို ဘာတွေ ပြောပြထားသလဲ"

"အခုအထိတော့ ယေဘုယျအားဖြင့် တင်မြင်ချက် ရှိကြတာကတော့ ကျွန်တော် တို့ ဘွဲ့ရပြီးတဲ့အခါမှာ သင်္ဘောကုမ္ပဏီကြီးတွေမှာ အလုပ် ဝင်လုပ်ကြမယ်။ ကုမ္ပဏီက ကျွန်တော်တို့ အသက်ကြီးတဲ့အခါ အငြိမ်းစားယူရင် အဆင်ပြေစေဖို့ ရန်ပုံငွေတွေ ထားရှိပေးထားတယ်"

"ကုမ္ပဏီလူဟောင်း ခံစားခွင့် ဖြစ်မယ်ထင်တယ်"

သူဌေးဖေဖေ ပြောသည်ကို ကျွန်ုပ်က ကောင်းကောင်းနားမလည် သဖြင့် မေးလိုက်သည်။ "ဘာကို ပြောချင်တာလဲ"

"ဘာမှ မဟုတ်ပါဘူး။ နောင်တစ်ချိန်ကျ မင်း သဘောပေါက်သွား မှာပါ။ အဲဒါက ငါ့ရဲ့ သဘောထား ထင်မြင်ချက် သက်သက်ပါ။ ကျွန်တော့်ကို စောင့်ရှောက်ပေးပါဆိုတဲ့ စိတ်သဘောထား လူအများမှာ ရှိနေကြတယ်။ အဲဒါကို ငါ သဘောမတွေ့ဘူး။ ကုမ္ပဏီကဖြစ်စေ၊ အစိုးရကဖြစ်စေ သူတို့ အလုပ်မလုပ်နိုင်တဲ့အခါမှာ စောင့်ရှောက်ပေး ရမယ်လို့ လူအများအပြားတို့က မျှော်လင့်ထားကြတယ်။ အဲဒါ လူမှုဖူလုံ ရေးထောက်ပံ့ မှုကို မျှော်ကိုးတဲ့ စိတ်ထားပါ။ အဲဒီလို လူစားတွေက ပြောလေ့ရှိတယ်။ ငါတို့ လုပ်နိုင် တုန်းက လုပ်ပေးခဲ့ပြီးပြီ။ ငါတို့ မလုပ်နိုင်တော့တဲ့အခါ ငါတို့ကို ပြန်ကြည့်ရမယ်တဲ့။ ရေရှည်လူမှုဖူလုံရေးကို လုပ် ပေးရမယ်တဲ့။ ဒါပေမဲ့ သူတို့က လူမှုဖူလုံရေး ထောက်ပံ့မှုလို့ မသုံးနှုန်းကြဘဲ ခံစားပိုင်ခွင့်၊ ထောက်ပံ့ကြေးလို့ သုံးနှုန်းကြတယ်။ ငါ ကြိုတင် ဟောကိန်း ထုတ်တာက ငါ့အသက်အရွယ်ကို မင်းရောက်တဲ့ အချိန်အခါကျရင် များပြားလွန်းလှတဲ့

လူအများအပြားတို့က စောင့်ရှောက်မှု ခံယူလို နေကြတာကို ဖြည့်ဆည်းဖို့ ဘဏ္ဍာရေး ချို့တဲ့နေလိမ့်မယ်။ ကုမ္ပဏီတွေကလည်း မတတ်နိုင်ကြဘူး။ အစိုးရကလည်း မတတ်နိုင်ဘူး။ ကုမ္ပဏီတွေ နဲ့ အစိုးရအဆက်ဆက်တို့က နောင်တစ်ချိန်ကျ သူတို့ လုပ်မပေးနိုင်တာကို အခုအခါမှာ ကတိကဝတ်တွေ ပေးနေကြတယ်"

"ဒီပြဿနာက ဘယ်လိုက ဘယ်လို စတင်ခဲ့တာလဲ"

"၁၉၃၅ ခုနှစ်ဝန်းကျင် ငါလူငယ်ဘဝတုန်းက အခုအခါမှာ လူမှုဖူလုံရေးလို့ ခေါ်ဝေါ်ကြတဲ့ ပြည်ထောင်စုအစီအစဉ်ကို ကျင့်သုံးခဲ့တယ်။ အဲဒီတုန်းက အမေရိကန်နိုင်ငံမှာ စီးပွားပျက်ကပ်ကြီး ဆိုက်နေတယ်။ ဒါပေမဲ့ အစိုးရက အာမခံတဲ့ ပင်စင်စိတ်ကူးကို အကြံကောင်းတစ်ခုအဖြစ် ထောက်ခံကြတဲ့သူတွေ အများအပြား ရှိနေတယ်။ လူနည်းစုကတော့ ဆိုးဝါးတဲ့စိတ်ကူးလို့ ယူဆကြတယ်။ ကံမကောင်းချင်တော့ မင်းသိတဲ့အတိုင်း ယခုအခါမှာ လူမှုဖူလုံရေးဟာ လူကြိုက်များတဲ့ အစိုးရ အစီအမံတစ်ခု ဖြစ်နေတယ်။ အဲဒီအစီအစဉ်က ငါတို့တိုင်းပြည်ရဲ့ စီးပွားရေးကို တစ်နေ့နေ့မှာ အကြီးအကျယ် ထိခိုက်လိမ့်မယ်။ ဒီတော့ လူမှုဖူလုံရေး ထောက်ပံ့မှုဟာ ဆိုးဝါးတဲ့ စိတ်ကူးလို့ ယူဆတဲ့ လူနည်းစုက ဆန့်ကျင်ကြတယ်။ အသည်းအသန် ကန့်ကွက်ကြတယ်။ ဒါပေမဲ့ လိုလားတဲ့ဘက်က မဲနိုင်သွားတယ်။ အခုဆိုရင် လူမှုဖူလုံရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတို့ဟာ အစိုးရရဲ့ သတ္တဝါဆိုးကြီးအဖြစ်ကို ရောက်နေပြီ။ အဲဒီ လူမှုဖူလုံရေးကို အစိုးရက တာဝန်ယူပြီး ထောက်ပံ့တာကို ခံစားပိုင်ခွင့်များ၊ ထောက်ပံကြေးများလို့ လူအများက သိနေကြတဲ့အဖြစ်ကို ရောက်နေပြီ"

"ဘာလို့ အခေါ်အဝေါ်တွေ အမျိုးမျိုး ဖြစ်နေတာကို အရေးလုပ်ပြီး အလေးပေးပြောဆိုရတာလဲ။ လူမှုဖူလုံရေး၊ ခံစားပိုင်ခွင့်များနဲ့ ထောက်ပံ့ကြေးများ ဆိုတာတွေမှာ ဘာများ ကြီးကြီးမားမား ကွာခြားနေလို့လဲ"

"ဘာလို့လဲဆိုတော့ အဲဒီအစီအစဉ်ကို လူမှုဖူလုံရေးလို့ တင်ပြတဲ့အခါ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီး လေးစားကြတဲ့သူတွေက ပယ်ချခဲ့ကြတယ်။ လူမှုဖူလုံရေးထောက်ပံ့ပေးတာဟာ ဆင်းရဲသားတွေ၊ ကိုယ့်ဘဝအတွက် ကိုယ့်ဘာသာ မရှာဖွေနိုင်တဲ့သူတွေအတွက်သာ ဖြစ်တယ်လို့ လူအများစုက ယူဆထားကြတယ်။ ဒါပေမဲ့ အဲဒီထောက်ပံ့ရေးအစီအစဉ်တွေကိုပဲ နာမည်ပြောင်းပေးပြီး လူထုကို ပြန်တင်ပြတဲ့အခါ ခံစားပိုင်ခွင့်များ၊ ကျေးဇူးဆပ်တဲ့ ထောက်ပံ့ခြင်းများဆိုပြီး သုံးနှုန်းလိုက်တော့ လူထုက လက်ခံသဘောတူဖို့ ဆန္ဒပိုရှိသွားကြတယ်။ အဲဒါ စကားလုံးတွေရဲ့ သြဇာပဲ။



တကယ်တော့ လူမှုဖူလုံရေးပုံစံတွေပါပဲ။ မတူကွဲပြားတဲ့အမည် ခေါင်းစဉ်တွေ တပ်ပေးထားတာပါ"

"ဒီတော့ လူမှုဖူလုံရေးဟာ ဆင်းရဲသားတွေအတွက်ဖြစ်ပြီး ခံစားပိုင်ခွင့်နဲ့ ထောက်ပံ့ကြေးတွေဟာ လူလတ်တန်းစား လုပ်သားပြည်သူတွေအတွက်လို့ ဆိုရမယ်" သူဌေးဖေဖေက ခေါင်းညိတ်ပြသည်။ "ချမ်းသာတဲ့သူတွေလည်း ပါတယ်။ တကယ်တော့ သူဌေးအများအပြားတို့မှာ လူမှုဖူလုံရေးပုံစံ နောက်တစ်မျိုး ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ကော်ပိုရိတ် လူမှုဘဝ ဖူလုံရေး"

ကျွန်ုပ်က ခေါင်းခါပြလိုက်သည်။ ကျွန်ုပ် နားလည်နိုင်စွမ်းရှိသည်ထက် ကျော်လွန်ပြီး ခေါင်းရှုပ်သွားပြီဖြစ်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ် နားလည်နိုင်သော အဆင့်သို့ ပြန်သွားပြီး ကျွန်ုပ်က မေးမြန်းလိုက်သည်။ "လူမှုဖူလုံရေးဟာ ဆိုးဝါးတဲ့စိတ်ကူးလို့ ဘာလို့ ယူဆရတာလဲ"

"၁၉၃၀ ခုနှစ်ကျော်မှာ လူအများအပြားတို့က ဆိုးဝါးတဲ့စိတ်ကူးလို့ ယူဆခဲ့ကြတယ်။ ကန့်ကွက်ခဲ့ကြတယ်။ သူတို့က ပြောတယ်။ လူမှုဖူလုံ ရေးက အသုံးအဖြုန်းကြီးတဲ့နိုင်ငံ ဖြစ်သွားအောင် ဖန်တီးလိမ့်မယ်တဲ့"

"အဲဒီလို တကယ်ဖြစ်လာသလား"

"ငါ့ထင်မြင်ချက်အရ ပြောရရင် တကယ်ဖြစ်သွားတယ်။ ငါ့မျိုးဆက်မှာ လူအများအပြားတို့ဟာ ဒုတိယကမ္ဘာစစ်မှ ပြန်ရောက်လာကြတဲ့အခါ သူတို့ အငြိမ်းစားယူတဲ့အခါ ငွေရှိနေအောင် စုဆောင်းဖို့အတွက် သိပ် မပူပန်ကြရတော့ဘူး။ အခုဆိုရင် ငါတို့မှာ အစိုးရရဲ့ ပင်စင်၊ လူမှုဖူလုံရေးတွေ ရှိနေတဲ့အပြင် အများစုမှာ ကုမ္ပဏီကပေးတဲ့ ပင်စင်တွေလည်း ရှိနေကြ တယ်။ ဒီတော့ ရင်းနှီးမြှုပ်နှံမှုကို သင်ယူကြမယ့်အစား၊ ငါတို့ အငြိမ်းစား ယူတဲ့အခါ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ဖို့ ပြင်ဆင်ထားရမယ့်အစား ငါတို့တိုင်းပြည်မှာ မနက်ဖြန်ဆိုတာ မရှိတဲ့အတိုင်း သုံးဖြုန်းနေကြတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် အဲဒါဟာ ကောင်းချက် ဖြစ်နေတယ်။ အဲဒီလို သုံးစွဲကြတာကြောင့် တိုင်းပြည်စီးပွားရေး မြန်မြန်ဆန်ဆန် အကြီးအကျယ် ကြီးထွားသွားတယ်။ ဒါပေမဲ့ ငါတို့တိုင်းပြည်က အသုံး အဖြုန်းကြီးတဲ့နိုင်ငံ ဖြစ်သွားတယ်။ သုံးစွဲကြတာတွေ ပိုဆိုးလာတယ်။ လူမှုဖူလုံရေး၊ ခံစားပိုင်ခွင့်များ၊ ထောက်ပံ့ကြေးများကြောင့် ဖြစ်ပေါ်လာတဲ့ လူမှုဖူလုံရေးယဉ်ကျေးမှု တိုင်းပြည်မှာ ရှိလာတာဟာ အကြီးမားဆုံး ပြဿနာတော့ မဟုတ်ဘူး"

"ဒါဆို လူမှုဖူလုံရေး ယဉ်ကျေးမှုထက် ပိုဆိုးဝါးတာက ဘာလဲ"

"သူတို့ကို တစ်ယောက်ယောက်က စောင့်ရှောက်ပေးမယ်လို့ လူ အများစုက မျှော်လင့်ထားတဲ့ တိုင်းပြည်အဖြစ်ကို ဖန်တီးလိုက်တာဟာ ပိုဆိုးပါတယ်"

"အဲဒါ ဆိုးဝါးတဲ့ စိတ်ကူးလား"

"အရာတိုင်းမှာ အကောင်းနဲ့ အဆိုး ရှိနေတယ်။ သူတို့ရဲ့ နေ့လယ်စာကို အခမဲ့ ရချင်တဲ့သူတွေ၊ သူတို့အတွက် တစ်ယောက်ယောက်က ပေးချေပေးလိမ့်မယ်လို့ မျှော်လင့်ထားတဲ့သူတွေ အမြဲရှိနေလိမ့်မယ်။ ပိုဆိုးတာက နေ့လယ်စာ အလကား စားရဖို့ မျှော်လင့်ထားသူတွေ ပိုများ လာနေတာပဲ။ တစ်နေ့နေ့မှာ၊ မင်းရဲ့ ဘဝတစ်သက်တာရဲ့ တစ်နေ့နေ့မှာ အခုငါတို့ မျိုးဆက် အခမဲ့ စားနေကြတဲ့ နေ့လယ်စာတွေအတွက် မင်းတို့ မျိုးဆက်က ပေးဆပ်ကြရလိမ့်မယ်။ ၂၀၁၂ ခုနှစ်နဲ့ နောက်ပိုင်းမှာ အမေ ရိကန်သမ္မတ ဖြစ်ရတာဟာ မုန်းစရာ ကောင်းနေလိမ့်မယ်"

"ဘာလို့ ၂၀၁၂ ခုနှစ်လို့ ပြောတာလဲ"

"ဘာလို့လဲ ဆိုတော့ အဲဒီနှစ်မှာ မင်းတို့ မျိုးဆက်က အငြိမ်းစား စယူကြမယ်။ နှစ်ပေါင်းအတော်ကြာ ကျေးဇူးပြုပေးခဲ့တာတွေအတွက် ငွေတွေကို ပြန်တောင်းခံ ရယူကြမယ်"

"အဲဒါ ဘာမှားလို့လဲ"

"ပိုက်ဆံတွေက မရှိတော့ဘူး။ အမေရိကန်ပြည်ထောင်စုဟာ အကြွေးတွေ တင်နေမယ်။ ငါတို့က အသုံးအဖြုန်းကြီးတဲ့ တိုင်းပြည်တစ်ခု ဖြစ်လာတဲ့အတွက်ကြောင့် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံအဖြစ်မှ ကမ္ဘာ့ကြွေး အထူဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိသွားမယ်။ ငါ ထင်တာကို ပြောရရင် မင်းရဲ့ မျိုးဆက်ဟာ မင်းတို့ ကျေးဇူးပြုပေးထားတဲ့ ပိုက်ဆံတွေ ကုန်နေတာကို တွေ့ကြရလိမ့်မယ်။ မင်းတို့ရဲ့ ပိုက်ဆံတွေကို သုံးထားပြီးနေပြီ။ အဲဒီ ပိုက်ဆံတွေအတွက် မင်းတို့မှာ ရပိုင်ခွင့်ရှိတယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်က သုံးပြီးသား ဖြစ်နေတာ တွေ့ကြရ လိမ့်မယ်။ အရင်မျိုးဆက်မှာ လူမှုဖူလုံရေးစနစ်ထဲကို ငွေတွေ အပြည့်အဝ ဖြည့်သွင်းပေးခဲ့ရလို့ ပိုက်ဆံတွေ မရှိတော့တာကို အစိုးရက ဘယ်လိုရှင်း ပြရမလဲဆိုတာ ပြဿနာကြီးတစ်ခု ဖြစ်နေမယ်"

"ဒါဆို အဲဒီပြဿနာကို ဘယ်လို ဖြေရှင်းမလဲ"

"ငါပြောခဲ့တဲ့အတိုင်း အဲဒါက မင်းတို့ မျိုးဆက်ဖြေရှင်းရမယ့်ကိစ္စ။ ငါတို့ မျိုးဆက် မဟုတ်ဘူး"



**ဘဏ်သမား ရှုထောင့်မှ အမြင်**

ကျွန်ုပ်တို့ စားသောက်ဆိုင်တွင် စားသောက်နေကြစဉ် သူဌေးဖေဖေက ရင်းနှီးမြှုပ်နှံမှု အသိပညာပိုင်းအတွက် သူ့အမြင်ကို ဆက်လက်ရှင်းပြသည်။ "ဘဏ်သမားတစ်ဦးရဲ့ တွေးပုံနဲ့ မင်းရဲ့ ပေါင်းစုရန်ပုံငွေ အရောင်း သမား တွေးပုံတို့အကြား ကွာခြားနေတာတချို့ကို ငါပြောပြမယ်"

"ပြောပြပါဦး"

"ပထမဆုံးအချက်က ငွေရေးကြေးရေးအသိပညာမှာ ဘာတွေ ပါဝင် ပတ်သက်နေသလဲဆိုတာကို ငါ ရှင်းပြမယ်" ဟု သူဌေးဖေဖေက ပြော လိုက်ပြီး မှတ်စုစာရွက်ဝါပေါ်တွင် အချက်အလက်များကို ရေးပြသည်။

၁။ ဝင်ငွေရှာ/ ဖန်တီး

၂။ စီမံ

၃။ အားဖြည့်တင်း

၄။ ကာကွယ်

၅။ ထွက်ခွာ

ရေးပြီးသွားသောအခါ သူက ကျွန်ုပ်ကို ကြည့်ပြီး ပြောသည်။ "လူ အများစုက ကျောင်းတက်ပြီး ငွေကို ဘယ်လိုရှာမလဲ၊ ဘယ်လိုဖန်တီးမလဲ ဆိုတာကို သင်ယူကြတယ်။ ပြဿနာက အဲဒီမှာပဲ သူတို့ရဲ့ ပညာပိုင်းက အဆုံးသတ်သွားတယ်" သူက စာရွက်ပေါ်တွင် နောက်ထပ်အချက်အလက်များကို ရေးသားသည်။

| **ကျောင်းပညာရေး၊ သက်မွေးပညာရေး** | **ငွေရေးကြေးရေးပညာရေး** |
|---|---|
| ဝင်ငွေရှာ/ ဖန်တီး | ၁။ ဝင်ငွေရှာ/ ဖန်တီး |
| | ၂။ စီမံ |
| | ၃။ အားဖြည့်တင်း |
| | ၄။ ကာကွယ် |
| | ၅။ ထွက်ခွာ |

သူက ဝင်ငွေရှာ/ ဖန်တီး စားလုံးကို ထောက်ပြပြီး "အခု မင်းက သက်မွေးပညာ သင်ယူနေတယ်။ လစာမြင့်မားတဲ့ သက်မွေးအလုပ် တစ်ခုဖြစ်တဲ့ သင်္ဘောအရာရှိတစ်ဦး

ဖြစ်လာအောင် မင်း သင်ယူနေတယ်"

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်သည်။ "ယခုအခါမှာ လစာအမြင့်မား ဆုံးတွေအထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ပြဿနာက အလုပ်နေရာတွေက တစ်နေ့တခြား ပိုနည်းလာနေတယ်"

သူဌေးဖေဖေက စကားကို ဆက်သည်။ "တကယ်လို့ မင်းက ချမ်းသာချင်တယ်။ ပြီးတော့ မင်းတို့ မျိုးဆက်ဦးတည်ထားတဲ့ လှိုင်းထန်တဲ့ ငွေရေးကြေးရေး ပင်လယ်တွေအတွက် အသင့်ပြင်ဆင်ထားချင်တယ်ဆို ရင် ငွေရေးကြေးရေး အသိပညာရဲ့ အဲဒီ အပိုင်းတွေကို မင်း သင်ယူထားဖို့ လိုအပ်မယ်"

သူက စီမံဆိုသည့် စကားလုံးကို ထောက်ပြပြီးလျှင် "စီမံဆိုတာက လူအများစုတို့က သူတို့ရဲ့ အလုပ်ကနေ ဝင်ငွေ ရရှိကြပေမဲ့ ငွေရေးကြေးရေးမှာ ရုန်းကန်နေကြရတယ်။ သူတို့ရတဲ့ ဝင်ငွေက ဘယ်လောက်များများ မလောက်ဘူး။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ ပိုက်ဆံကို ဘယ်လို စီမံရမလဲ ဆိုတာကို သူတို့ ဘယ်တုန်းကမှ မသင်ယူခဲ့ကြဘူး။ လူအများစုတို့က ငွေရအောင် လုပ်ကိုင်တာမှာ ပါးနပ်ကြတယ်။ ဒါပေမဲ့ သုံးစွဲတဲ့နေရာမှာတော့ ညံ့ဖျင်းကြတယ်။ အဲဒီကို မင်းသဘောပေါက်လား"

"ဟုတ်ကဲ့။ ကျွန်တော်သဘောပေါက်ပါတယ်။ ဦးလေးက မိုက်နဲ့ ကျွန်တော်တို့ကို ဦးလေးရဲ့ အချိန်တွေ အများကြီး သုံးစွဲပြီး သင်ပေးတယ်။ ဘဏ္ဍာရေး အခြေအနေ ကြေညာချက်ကို ဘယ်လို ဖတ်ရမယ်။ တန်ဖိုးရှိ ပိုင်ဆိုင်မှုများ၊ ပေးဆပ်ရန်တာဝန်ရှိခြင်းများ၊ ဝင်ငွေ၊ အသုံးစရိတ်များ စတာတွေရဲ့ ကွာခြားချက်တွေကို သင်ပေးလို့ ကျွန်တော် သိနေပါပြီ"

ကျွန်ုပ်က စာရွက်ပေါ်တွင် ပုံဆွဲပြလိုက်သည်။

"ကျွန်တော်အထက်တန်းကျောင်း တက်နေတုန်းမှာ ဦးလေးက ကျွန်တော့်ကို ပြောပြခဲ့တာ အခုထိ မှတ်မိပါသေးတယ်။ ငါ့ရဲ့ ဘဏ်သမားက ငါ့ကျောင်းမှာ ရခဲ့တဲ့ အမှတ်စာရင်းကို ဘယ်တော့မှ တောင်းမကြည့်ဘူး။ ငါ့ရဲ့ ဘဏ်သမားက ငါ့ရဲ့ ငွေရေးကြေးရေး ကြေညာလွှာကိုပဲ ကြည့်ချင်တယ်။ ဘဏ်သမားတွေက ကျောင်းမှာ ရမှတ်တွေ ကောင်း၊ မကောင်း ဆိုတာ အရေးမလုပ်ဘူး။ ငါ ဘယ်ကျောင်းမှာ တက်ခဲ့သလဲ ဆိုတာလည်း စိတ်မဝင်စားဘူး။ ငါ့ပိုက်ဆံနဲ့ ပတ်သက်လာရင် ငါက ဘယ်လောက်ပါးနပ်သလဲဆိုတာကိုပဲ ဘဏ်သမားက စိတ်ဝင်စားတယ်။ ငါ့ပိုက်ဆံကို ဘယ်လောက်ကောင်းကောင်း ငါ စီမံသလဲဆိုတာကိုပဲ သူက စိတ်ဝင်စားတယ်"



## ဝင်ငွေကြေညာလွှာ

| |
|---|
| ဝင်ငွေ |
| အသုံးစရိတ် |

## လက်ကျန်ရှင်းတမ်း

| | |
|---|---|
| တန်ဖိုးရှိ ပိုင်ဆိုင်မှု | ပေးရန်ကျန်များ |

**အားဖြည့်တင်းခြင်း၏ စွမ်းပကား**

သူဌေးဖေဖေက "တော်တယ်" ဟု ပြောပြီး စာရွက်ပေါ်မှ အားဖြည့်တင်း စာလုံးကို ထောက်ပြသည်။ "အားဖြည့်ခြင်းဟာ နောက်တစ်ဆင့် ထပ်တက်တာ။ မင်းရဲ့ ငွေရေးကြေးရေးအသိပညာမှာ မင်းရဲ့ ပိုက်ဆံကို ဘယ်လိုစီမံရမလဲဆိုတာ သင်ယူပြီးတဲ့အခါ မင်းရဲ့ ပိုက်ဆံကို ဘယ်လို အားဖြည့်ရမလဲဆိုတာကို သင်ယူရမယ်"

"ကျွန်တော့်ရဲ့ ပိုက်ဆံတွေနဲ့ ပိုက်ဆံတွေရအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကို ကျွန်တော့် သင်ယူဖို့ လိုတယ်လို့ ဆိုလိုတာလား။ ကျွန်တော့်ပိုက်ဆံတွေက ကျွန်တော့်ထက် အလုပ် ပိုကြိုးစားလုပ်ကိုင်အောင် ကျွန်တော်သင်ယူရမယ်လို့ ပြောချင်တာလား"

"မင်းရဲ့ ပိုက်ဆံတွေနဲ့တင် မပြီးဘူး။ မင်းရဲ့ ဘဏ်သမားဆီမှ မင်း ရယူပြီး အားဖြည့်တင်းထားတဲ့ ပိုက်ဆံတွေကလည်း မင်းအတွက် အလုပ်ကြိုးစားကြအောင်လည်း မင်းလုပ်ကိုင်ရမယ်"

"ဘဏ်သမားရဲ့ ပိုက်ဆံနဲ့ ကျွန်တော်ရင်းနှီးမြှုပ်နှံရမှာလား"

သူဌေးဖေဖေက ခေါင်းညိတ်ပြသည်။ "ကိုယ့်ပိုက်ဆံကို ကောင်းကောင်း စီမံတတ်ကြတဲ့သူတွေ အများကြီးပဲ။ ဒါပေမဲ့ သူတို့ အရမ်း ချမ်းသာတဲ့အဖြစ်ကို ရောက်မလာ

ကြဘူး။ ဘာလို့လဲဆိုတော့ သူတို့က ငွေရေးကြေးရေး အားဖြည့်တင်းပေးတာကို ကကြိုးတန်ဆာ ဆင်ပေးဖို့ ဘယ်တော့မှ မသင်ယူကြလို့ပဲ။ လူအများစုက အားဖြည့်တင်းဖို့ ငွေဖြည့်တင်းတဲ့အခါ ကိုယ်ပိုင်စုဆောင်းထားတဲ့ ငွေတွေကိုပဲ သုံးစွဲကြတယ်။ အကြွေး ကင်းတဲ့သူအဖြစ်ကို ရဖို့ပဲ ကြိုးစားကြတယ်။ ရိုးရှင်းတဲ့ အားဖြည့်တင်းတဲ့ ပုံစံတွေလို့ ဆိုနိုင်ပေမဲ့ တကယ်တော့ အစွမ်းထက်တဲ့ အား ဖြည့်တင်းပုံတွေ မဟုတ်ကြဘူး"

"ဦးလေးက ကျွန်တော့်ကို ဘဏ်သမားဆီကို ခေါ်သွားတာဟာ ဘဏ်သမားဟာ အားဖြည့်တင်းဖို့အတွက် အရင်းအမြစ်တစ်ခု ဖြစ်နေလို့လား"

သူဌေးဖေဖေက ခေါင်းညိတ်ပြသည်။ "မင်းက ပေါင်းစုရန်ပုံငွေတွေမှာ ရင်းနှီး မြှုပ်နှံတဲ့အခါ ဘယ်သူ့ရဲ့ ပိုက်ဆံကို မင်း အသုံးပြုသလဲ"

"ကျွန်တော့် ကိုယ်ပိုင်ပိုက်ဆံနဲ့ ရင်းနှီးမြှုပ်နှံပါတယ်"

"အားထပ်ဖြည့်ထည့်ပြီး ရင်းနှီးမြှုပ်နှံတာကို အမှန်အတိုင်း နားလည် ချင်တယ်ဆိုရင် ဘဏ်သမားလို တခြားသူတစ်ဦးဦးရဲ့ ပိုက်ဆံနဲ့ ဘယ်လို ရင်းနှီးမြှုပ်နှံရမလဲဆိုတာကို သင်ဖို့ လိုမယ်"

"ဒါပေမဲ့ ဦးလေးရဲ့ ဘဏ်သမားက ကျွန်တော့်ကို ပေါင်းစုရန်ပုံငွေများမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် ငွေမချေးဘူးတဲ့"

"အဲဒါကြောင့် မင်းကို သူနဲ့ စကားပြောကြည့်စေချင်တာ။ ထူးချွန်တဲ့ ရင်းနှီး မြှုပ်နှံသူတစ်ဦး ဖြစ်ချင်တယ်ဆိုရင် ငွေကြေးလောကကို ဘဏ်သမားရဲ့ မျက်လုံးတွေကနေတစ်ဆင့် မင်း မြင်ကြည့်ဖို့ လိုအပ်တယ်။ မင်းကို ပေါင်းစုရန်ပုံငွေ လာရောင်းတဲ့ အရောင်းသမားကို သူက မင်းကို ရောင်းမယ့် ပေါင်းစုရန်ပုံငွေထဲမှာ ငွေထည့်ဖို့ သူ့ဆီကနေ ငွေချေးလို့ ရမလားလို့ မင်းမေးကြည့်သေးလား"

"ဟင့်အင်း။ ကျွန်တော်မမေးဘူး"

"ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ အမြဲတမ်း အားဖြည့်တင်း နေနိုင်ဖို့ ပုံစံတစ်ချို့ကို အမြဲရှာဖွေတယ်။ နည်းလမ်းတစ်ခုကတော့ သူများတကာရဲ့ ငွေ (OPM-Other People's Money)ကို သုံးစွဲတာပဲ။ အဲဒါကြောင့် ငွေကြေးလောကကို ဘဏ်သမားရဲ့ မျက်လုံးတွေကနေ တစ်ဆင့် ကြည့်တတ်အောင် မင်းကို သင်ယူစေလိုတာပဲ။ ဘဏ်သမား တစ်ဦးဟာ ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ ဆုံးရှုံးနစ်နာမယ့်အရေးတွေ၊ အမြတ် ပြန်ရနိုင်တာ တွေကို ဘယ်လို အကဲဖြတ်ရမလဲဆိုတာနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ကြွယ်ဝကြတယ်။ လူအများစုက ဘဏ်ကို သွားပြီး ငွေစုတယ်။ ငွေချေးတယ်။ မဆို



စလောက် အရေအတွက်သာ ရှိတဲ့သူတွေက ဘဏ်သမားဆီမှာ ဘဏ်ရဲ့ ပိုက်ဆံတွေကို အားဖြည့်တင်းတဲ့ငွေအဖြစ် သုံးစွဲပြီး သူဌေးဖြစ်အောင်လုပ်ဖို့ မေးမြန်းစုံစမ်းကြတယ်"

"အဲဒါကြောင့် ဆိုးတဲ့အကြွေးနဲ့ ကောင်းတဲ့အကြွေး နှစ်မျိုးအကြား ကွာခြားပုံကို ကျွန်တော်သိဖို့ လိုတယ်လို့ ဦးလေးက ပြောတာလား။ လူအများစုက ဘဏ်သမားကို ဆိုးတဲ့အကြွေးအတွက် သွားတွေ့ကြတယ်။ အဲဒီအကြွေးက ငွေချေးတဲ့သူကို ပိုဆင်းရဲ သွားအောင် လုပ်လိမ့်မယ်"

"အားဖြည့်တင်းခြင်းနဲ့ ရင်းနှီးမြှုပ်နှံမှုတို့ရဲ့ အရေးပါပုံ သင်ခန်းစာကို မင်း တတ်သွားပြီ မဟုတ်လား"

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်သည်။ အသက်ကို ဝဝရှူလိုက်သည်။ သူရေးပြ ထားသည့် စာရွက်ကို ကြည့်သည်။ ထိုအကြောင်းတို့ကို နှစ်အတော်ကြာအောင် ကျွန်ုပ် နားကြားရသည်။ သူ့ဘဏ်သမားနှင့် သူ ဆွေး နွေးညှိနှိုင်းလုပ်ကိုင်ပုံကို ကျွန်ုပ် စောင့်ကြည့် လေ့လာခဲ့သည်။ သူက ပမာဏကြီးကြီးမားမားဖြင့် ချေးငွေများ ရယူသည်။ ယခု ကျွန်ုပ် အသက် ပိုကြီးခဲ့ပြီဖြစ်သဖြင့် ကျွန်ုပ်အဖို့ အဓိပ္ပာယ်အသစ်ဖြင့် နားလည်နေပြီ ဖြစ်သည်။ ကျွန်ုပ်က ပြောပြသည်။ "လူတွေ ငွေရေးကြေးရေး ရုန်းကန်နေရတာအတွက် ပထမ အကြောင်းအချက်က သူတို့ရဲ့ငွေတွေကို သူတို့ စီမံတာ လွဲချော်နေလို့ပဲ။ ဒုတိယ အကြောင်းအချက်က သူတို့ရဲ့ ငွေကို အား ဖြည့်တင်းဖို့ သူတို့ ပျက်ကွက်တာ ဖြစ်ပါတယ်"

သူဌေးဖေဖေက ခေါင်းညိတ်ပြသည်။ သူက ပြောသည်။ "အဲဒီ အဆင့်နှစ်ဆင့်နဲ့တင် ချမ်းသာတဲ့သူက တကယ်ကို ချမ်းသာလာတယ်။ တခြားသူတွေက ကြိုးစားလုပ်ကိုင်ရင်း ငွေရေးကြေးရေးကို ရုန်းကန်နေ ကြရတယ်။ အဲဒါကြောင့် ငါက မင်းကို မင်းရဲ့ ပိုက်ဆံတွေ စီမံခန့်ခွဲပုံအကြောင်း ပိုလေ့လာစေချင်တာ။ မင်းရဲ့ ပိုက်ဆံတွေကို အားဖြည့်တင်း တာကို ပိုသင်ယူစေချင်တာ။ အဆင့်တိုင်းဟာ လေ့လာရမယ့်ဟာ ဖြစ်နေတယ်"

"အဲဒီ နှစ်ဆင့်အကြောင်းကို ကျွန်တော်ဘယ်လို ဆက်လက်လေ့လာ သင်ယူရမလဲ"

"မင်းကို ကူညီချင်တဲ့ မင်းရဲ့ ဘဏ်သမားဆီက သင်ယူရမယ်။ ဘယ်သူ့ဆီကနေ ငါတတ်ခဲ့တာလို့ မင်းထင်သလဲ။ မင်း အသက်ကြီးလာတာနဲ့အမျှ မင်းရဲ့ ဘဏ်သမားနဲ့ စကားပြောတဲ့အကျင့်ကို လုပ်ရ မယ်။ သူ့ကို နေ့လယ်စာ ခေါ်ကျွေးပြီး ပြောဆိုလို့ရတယ်။ သူ့ကို ဦးနှောက်ဖောက်စားရမယ်။ သူ ဘယ်လိုတွေးသလဲဆိုတာ မင်းသိအောင် လုပ်ရမယ်။ သူက ဘယ်လိုတွေးသလဲဆိုတာ အရေးကြီးတယ်။ တချို့လူတွေကို သူက အင်းလို့ သဘောတူတာ ဘာကြောင့်လဲဆိုတာ အရေးကြီး တယ်။ တချို့သူတွေကို သူက

ဟင့်အင်းလို့ ငြင်းဆန်တာ ဘာကြောင့်လဲ ဆိုတာကလည်း အရေးကြီးတယ်"

**အကာအကွယ်**

ယခုအခိုက်အတန့်များ၌ ကျွန်ုပ်သည် ဘာတစ်ခုမျှ လုပ်ကိုင်နိုင်ခြင်း မရှိချေ။ နှစ်အတန်ကြာကာလအတွင်း သူဌေးဖေဖေက သူ့ဘဏ်သမားနှင့် အကြံပေးများကို နေ့လယ်စာ ဖိတ်ကြားပြီး အတူစားသောက်ရင်း ပြောဆိုကြသည်ကို ကျွန်ုပ်က နားထောင်သူအဖြစ် လေ့လာခဲ့သည်။ သူက မေးခွန်းများ မေးသည်။ မေးခံရသူတို့က သူတို့သိထားသမျှတို့ကို ပါပါ လာလာဖြင့် ပြန်ပြောပြကြသည်။ နေ့လယ်စာ စားကြရင်း အသိပညာများ တိုးသည်။ သူဌေးဖေဖေသည် ပညာရေးကို ကျကျနန သင်ယူခဲ့ရသူ မဟုတ်ချေ။ သို့သော် သူက ပညာယူခြင်းကို အတောမသတ်ချေ။ သူ့ပတ် ပတ်လည်တွင် သက်မွေးမှု နယ်ပယ်အသီးသီးမှ လိမ္မာပါးနပ်သူများ ရှိနေစေသည်။ သူတို့နှင့် ပြောဆိုသည့်အခါ သူက နည်းနည်းပြောပြီး များများနားထောင်သည်။ သူ့မှာ ရှိနေသည့် ငွေကြေးပြဿနာများကို လည်း သူက ပြောပြသည်။ ကြုံနေရသည့် အခက်အခဲများကိုလည်း ပြောပြသည်။ သူက မကွယ်မဝှက် ပွင့်ပွင့်လင်းလင်း ပြောပြအသိပေးသည်။ မည်သို့ ရင်ဆိုင်ဖြေရှင်းသင့်ကြောင်းကို ထင်မြင်ချက်များ တောင်းခံရယူသည်။ ဤနည်းဖြင့် သူ သင်ယူသည်။ ပညာတိုးသည်။ ငွေရေးကြေးရေးတွင် ရှေ့သို့ရောက် နေစေသည်။ သူသည် နေ့လယ်စာစားရင်း ပိုမိုလိမ္မာ တတ်သိသွားသည်။ ပိုချမ်းသာသွားသည်။

ကျွန်ုပ်က စာရွက်ပေါ် ရေးပြထားသည့် အချက်များအနက် နံပါတ်(၄) အချက်ဖြစ်သည့် ကာကွယ်ကို ထိုးညွှန်ပြပြီး မေးမြန်းလိုက်သည်။

"ကာကွယ်ဆိုတာက ဘာအကြောင်းလဲ"

"အဲဒါက အတော်ကြီးမားတဲ့ အခြင်းအရာတစ်ခု ဖြစ်နေပေမဲ့ ငါ အတတ်နိုင်ဆုံး ရိုးရှင်းအောင် လုပ်ပြီး မင်းကို ပြောပြမယ်။ မင်းက အာမခံမထားဘဲ ကားကို မောင်းသလား"

ကျွန်ုပ်က ခေါင်းခါပြလိုက်သည်။ "ဟင့်အင်း"

"အိမ်ပိုင်တဲ့ဟာ အာမခံမထားဘဲ နေသလား"

ကျွန်ုပ်က ခေါင်းခါပြသည်။ "ဟင့်အင်း။ အာမခံမထားလည်း ရတာကြောင့် မထားဘဲ နေလိုက်ရင် မိုက်မဲရာ ရောက်မယ်"

"ဒါဆိုရင် လူတွေ အများအပြားတို့ဟာ အာမခံ မထားဘဲ ရင်းနှီးမြှုပ်နှံမှုတွေကို



ဘာလို ပြုကြတာလဲ"

"အဲဒါတော့ ကျွန်တော်မသိဘူး။ ရင်းနှီးမြှုပ်နှံမှုတွေအတွက် အာမခံ ဝယ်ထားလို့ ရမယ် မထင်ဘူး"

"ရတယ်။ ဝယ်လို့ရတယ်။ ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတွေက အာမခံထားပြီး ရင်းနှီးမြှုပ်နှံကြတယ်။ ပညာရှင်မပီသသူတွေကတော့ မထားကြဘူး။ ဒါကြောင့်လည်း သူတို့က ပြောလေ့ရှိတယ်။ ရင်းနှီးမြှုပ် နှံမှုလုပ်တာဟာ ဆုံးရှုံးမယ့်အန္တရာယ် ရှိတယ်တဲ့။ မင်းကို ပေါင်းစု ရန်ပုံငွေ လာရောင်းတဲ့ အရောင်းသမားက မင်းရဲ့ ပေါင်းစုရန်ပုံငွေအတွက် အာမခံထားဖို့ ပြောပြသေးလား"

"ဟင့်အင်း။ မပြောဘူး"

"ဝယ်ပါ။ ကိုင်ထားပါ။ ခက်ဖြာပါလို့ အကြံပေးတဲ့အပြင် စတော့ ဈေးကွက်ဆိုတာ အတက်ရှိသလို အကျလည်း ရှိတယ်ဆိုတာကိုရော မင်းကို သူက ပြောပြသေးလား"

"ဟင့်အင်း။ သူက ပြောတယ်။ စတော့ဈေးကွက်က တစ်နှစ်ကို ပျမ်းမျှအားဖြင့် ၉၉ ရာခိုင်နှုန်း မြင့်တက်တယ်တဲ့"

"အဲဒီအတွက် သူက အာမခံချက် ပေးမှာလား"

"မသိဘူး။ ကျွန်တော်မမေးမိဘူး။ သူက ကျွန်တော့်ကို အမြတ် ၉၉ ရာခိုင်နှုန်း ပြန်ပေးပါမယ်လို့ အာမခံနိုင်းရမှာလား"

သူဌေးဖေဖေက ခေါင်းခါပြသည်။ ရှုံ့ရှာသည့် မျက်နှာအမူအရာကို တွေ့ရသည်။

"မင်းက အရောင်းသမားရဲ့ ဆွယ်စကားပေါ် အခြေခံပြီး ရင်းနှီးမြှုပ်နှံဖို့ ဆုံးဖြတ်ခဲ့တယ်။ မင်းမှာ ရင်းနှီးမြှုပ်နှံသူ အသိပညာ ကောင်းကောင်း မရှိဘူး။ အဲဒါကို မင်း သဘောပေါက်လား"

"ကျွန်တော်စတင်သင်ယူနေပါပြီ" ကျွန်ုပ်က စကားမဆက်သေးဘဲ ခဏစဉ်းစားလိုက်ပြီးမှ မေးခွန်းထုတ်လိုက်သည်။ "ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတွေက **အာမခံထားပြီးတော့** ရင်းနှီးမြှုပ်နှံကြတယ်လို့ ဦးလေးက ပြောချင်တာလား"

"အဲဒီ မေးခွန်းက အင်မတန်ကောင်းတယ်။ ဘဏ်သမား **ဂျင်မ်ကို မေးသင့်**တယ်။ အာမခံမထားဘဲ မင်းကို ငွေချေးပေးမလားဆိုတာ သူ့ကို မေးကြည့်ရမယ်။ အိမ်ပေါင် ထားပြီး အာမခံတာ၊ မီးအာမခံထားတာ၊ ပိုင်ဆိုင်မှုအာမခံ**ထားတာ စသဖြင့် ရှိနေ**တယ်။ အဲဒါကြောင့် ရင်းနှီးမြှုပ် **နှံမှု**လောကကို ဘဏ်သမားရဲ့ မျက်လုံး**တွေကနေ** မြင်တဲ့ အမြင်နဲ့ မင်းကို ကြည့်စေချင်တာပဲ။ ဘဏ်သမားတွေက များသောအားဖြင့် သတိထား

တာ လွန်လွန်းတယ်။ ဒါပေမဲ့ အဲဒါက သူတို့အလုပ် ဖြစ်နေတယ်။ နောက်ဆုံးမှာတော့ သူတို့ရဲ့ အလုပ်က ဘဏ်ရဲ့ ပိုက်ဆံတွေကို ကာကွယ်ပေးဖို့ပဲ။ ဒါကြောင့်လည်း သူတို့က ဘဏ္ဍာရေးအခြေအနေ ထုတ်ပြန်ချက်ကို မေးတယ်။ ကြွေးမြီအစီရင်ခံစာတွေ၊ အလုပ်ခန့်ထားတဲ့ မှတ်တမ်းတွေ၊ လစာပေးတဲ့ဖြတ်ပိုင်းတွေကို တောင်းယူပြီး ကြည့်ရှု စစ်ဆေးတယ်။ သူတို့က သူတို့ရဲ့ ပိုက်ဆံတွေကို မင်းလုပ်သလိုမျိုး သူစိမ်းတွေရဲ့ လက်ထဲကို ထည့်တာမျိုးကို မလုပ်ကြဘူး။ မင်း ဘယ်သူလဲဆိုတာ သူတို့ သိရအောင် လုပ်တယ်။ မင်းရဲ့ ငွေရေးကြေးရေး လိမ္မာတတ်သိမှု ဘယ်လောက်ရှိသလဲဆိုတာ သူတို့ သိရအောင်လုပ်တယ်။ သူတို့က မင်း ဘယ်ကျောင်းမှာ တက်ခဲ့သလဲဆိုတာ စိတ်မဝင်စားဘူး။ စာမေးပွဲတွေမှာ ရမှတ် ဘယ်လောက်ရသလဲဆိုတာလည်း သူတို့ မမေးဘူး။ ဒီတော့ မင်းမှာ တိကျပြီး သပ်ရပ်တဲ့ ငွေကြေးမှတ်တမ်းတွေ ရှိနေအောင် လုပ်ထားရမယ်။ လူအများစုမှ မရှိကြဘူး။ အဲဒါကြောင့်လည်း လူအများစုတို့ဟာ ငွေရေးကြေးရေးမှာ ရုန်းကန်နေကြရတယ်"

သူဌေးဖေဖေက စကားကို ဆက်သည်။ "သူတို့က မင်းအပေါ်မှာ ဘယ်လောက်ပဲ ယုံကြည်စိတ်ချပါစေ၊ သူတို့က အာမခံထားဖို့ ပြောလိမ့်မယ်။ ဆုံးရှုံးမှုတွေအတွက် အကာအကွယ် ရှိနေအောင် လုပ်ခိုင်းလိမ့်မယ်။ မင်းက ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာတဲ့အခါကျ မင်းလည်း အဲဒီနည်းတူ လုပ်ကိုင်လိမ့်မယ်။ အဲဒါကြောင့် မင်းကို ဘဏ်သမား ဆီကို ငါခေါ်သွားတာ။ ဘဏ်သမားတွေဟာ မင်း အတွက် အကောင်းဆုံး ဆရာတွေပဲ။ ပိုက်ဆံဂိမ်းကို သူတို့ သင်ပေးတယ်။ ရင်းနှီးမြှုပ်နှံမှု ကို ဘယ်လို တကယ်ကစားရမယ် ဆိုတာလည်း သင်ပေးတယ်။ မင်းကို ပေါင်းစုရန်ပုံငွေ ရောင်းဖို့သက်သက်အတွက် ငွေရေးကြေးရေး အကြံပေးတဲ့သူလို မဟုတ်ဘူး။ ပေါင်းစု ရန်ပုံငွေမှာ ထည့်ဖို့အတွက်လို့ အကြောင်းပြရင် ဘဏ်သမားက မင်းကို ငွေထုတ်ချေးမှာ မဟုတ်ဘူး"

"ဟုတ်ပါပြီ။ ကျွန်တော်သိပါပြီ"

သူဌေးဖေဖေက ပြုံးသည်။ သူက ပြောသည်။ "ရင်းနှီးမြှုပ်နှံမှုပြုတာဟာ ဆုံးရှုံးမယ့်အရေး ရှိတယ်လို့ လူအများက ပြောကြတာ ဘာလို့လဲဆိုတော့ သူတို့က တန်ဖိုးရှိပိုင်ဆိုင်မှု ကာကွယ်ရေးကို နည်းနည်းပါးပါးလောက်ပဲ သိကြတယ်။ လုံးဝ မသိတဲ့သူတွေလည်း အများကြီးပဲ။ ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးဟာ သူ့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အခွန်က မနှိပ်စက်အောင်၊ တရားစွဲတာ မခံရအောင်၊ ဈေးကွက်



အတက်အကျကြောင့် အထိ မနာရအောင် ဘယ်လို ကာကွယ်ပေးထားရမလဲ ဆိုတာကို သင်ယူထားဖို့ လိုအပ်တယ်"

"ဒါဆို ဝယ်ပြီး ကိုင်ထား၊ ဆုတောင်း ဆိုတာလောက်နဲ့တော့ မရဘူးပေါ့"

သူဌေးဖေဖေက ပြုံးသည်။ "ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးအဖို့ အာမခံနဲ့ အကာအကွယ်တို့ဟာ အလွန်အရေးကြီးတဲ့အခြင်းအရာတွေ ဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့ ပိုင်ဆိုင်မှုကို မင်းက မကာကွယ်တတ်ဘူးဆိုရင် မဝယ်တာ ကောင်းတယ်။ ငါပြောဖူး တဲ့အတိုင်း အာမခံမထားဘဲ ကားကို မင်း မမောင်းဘူး။ အာမခံမထားဘဲ အိမ်ကို မဝယ်ရဘူး။ ဘာအာမခံမှ မထားဘဲ ရင်းနှီးမြှုပ်နှံမှုကို မပြုရဘူး"

အခြင်းအရာတစ်ခုချင်းတွင် သင်ယူရမည့်အရာများ အများအပြားရှိနေသဖြင့် စိတ်မရှည် ဖြစ်မိသည်။ ကျွန်ုပ်က "နံပါတ်(၅) ထွက်ခွာကို ပြောပြပါဦး"

## ထွက်ခွာ

"ဝယ်မယ်။ ကိုင်ထားမယ်၊ ဆုတောင်းမယ် ဆိုတာအပြင် မင်းမှာ ဘယ်လို ပြန်ထွက်မလဲဆိုတာ မဟာဗျူဟာ ရှိရမယ်။ မင်းက ဘာလို့ ပေါင်းစုရန်ပုံငွေကို ဝယ် တာလဲ။ ပြန်ထွက်ချင်ရင် ထွက်လို့ရဖို့ မင်းမှာ ထွက်ခွာမဟာဗျူဟာ ရှိသလား"

"ဟင့်အင်း။ မရှိပါဘူး။ စာရွက်စာတမ်းတွေကို လက်မှတ်ထိုးပေးပြီး စာသင်ခန်းထဲ ပြန်ဖို့ပဲ စိတ်လောနေခဲ့ပါတယ်"

"ငါ နားလည်ပါတယ်။ ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးအဖို့ ထွက်ခွာ ခြင်းဟာ လေ့လာထားရမယ့် အလွန်အရေးပါတဲ့ကိစ္စပဲ။ ပညာမပါတဲ့ ရင်းနှီးမြှုပ်နှံသူ အများစုအဖို့ ဝယ်ဖို့ပဲ သိကြပြီး ထွက်ခွာဖို့ကို စဉ်းစားထားဖို့ မေ့နေကြတယ်။ ထွက်ခွာခြင်းတွေကို ကောင်းကောင်း သူတို့ မသိကြတဲ့အတွက်ကြောင့် ရေရှည် ရင်းနှီးမြှုပ်နှံပါဆိုတဲ့စကားက သူတို့အဖို့ အဆင်ပြေနေစေတယ်။ အနာဂတ်ကို လှမ်းစဉ်းစားဖို့ မလို ဘူး။ အချိန်ရွှေ့ဆိုင်းထားလို့ ရနေတယ်။ အဲဒီလို စဉ်းစားရတာဟာ လူ အများစုအတွက် အင်မတန်ခက်ခဲတဲ့အလုပ်တစ်မျိုး ဖြစ်နေတယ်။ လူ အများစုက ခဏတာကိုပဲ စဉ်းစားကြတယ်။ ဒီနေ့ကိုပဲ စဉ်းစားတယ်။ မနက်ဖြန်ကို မစဉ်းစားကြဘူး။ ရုတ်တရက် သူတို့ လန့်နိုးသွားကြတယ်။ အဲဒီအခါမှာ သူတို့အသက်က ၅၀ နှစ်ကို ကျော်နေပြီ။ အရဏ်ဦးကို သူတို့ စတွေ့တယ်။ သူတို့နေရမယ့်ရက်တွေက များများစားစား မကျန် တော့ဘူး။ ဒီအခါမှာ သူတို့က နောင်တစကားကို ပြောကြတယ်။ စောစော

စီးစီးကတည်းက လုပ်ထားလိုက်ရကောင်းသားလို့ ပြောကြမယ်"

နေ့လယ်စာ ပြီးဆုံးသွားပြီ။ အချိန်သိပ်မကျန်တော့သဖြင့် ကျွန်ုပ်က မေးခွန်းတစ်ခုကို အချိန်လုပြီး မေးလိုက်သည်။ "ထွက်ခွာခြင်း နမူနာ တစ်ခုလောက် ကျွန်တော့်ကို ပြောပြပေးပါလား"

"တကယ်လို့ ငါက ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ရောင်းချပြီး နည်းလမ်းတစ်ခုဖြင့် ထွက်ခွာမယ် ဆိုပါတော့။ ငါ အခွန်တွေ ပေးဆောင်ရမယ်။ ငါက တခြားနည်းလမ်းတစ်မျိုးဖြင့် ရောင်းမယ်ဆိုပါတော့။ ဘာအခွန်မှ ငါပေးစရာ မလိုဘူး။ အဲဒါဟာ ထွက်ခွာခြင်းအမျိုးမျိုးထဲမှ နမူနာတစ်ခုပဲ။ မင်းကို ပေါင်းစုရန်ပုံငွေ လာရောင်းတဲ့သူက ပေါင်းစုရန်ပုံငွေ မင်းကို မရောင်းခင်မှာ တကယ်လို့ မင်းက ထွက်ခွာချင်တယ်ဆိုရင် ထွက်ခွာဖို့ နည်းလမ်းတွေကို မင်းသိအောင် ပြောပြလား"

"ဟင့်အင်း။ သူက ငွေစာရင်းထဲကို ပိုက်ဆံမှန်မှန်ပို့ဖို့ ပြောတယ်။ ငွေထည့်လိုက်တိုင်း တန်ဖိုးတိုးသွားတာကို ကြည့်ဖို့ ပြောတယ်"

"ဒီတော့ မင်းဆီက ချက်လက်မှတ်ကို သူယူတယ်။ ထွက်ခွာခြင်းကိုတော့ ဘယ်တော့မှ မပြောဘူး။ ကာကွယ်ဖို့၊ အားဖြည့်တင်းဖို့၊ စီမံဖို့ ဆိုတာတွေလည်း သူက ရှင်းမပြဘူး"

"သူ ရှင်းပြခဲ့ရင်လည်း ကျွန်တော်မှတ်နိုင်မှာ မဟုတ်ဘူး"

**ကွာခြားချက်**

သူဌေးဖေဖေက စားပွဲထိုးအမျိုးသမီးထံမှ ပြေစာကို ယူကြည့်ပြီး ကျသင့်ငွေကို ရှင်းပေးလိုက်သည်။ ထို့နောက် သူက မှတ်စု စာရွက်ငယ်ပေါ်တွင် အောက်ပါအတိုင်း ရေးသားသည်။

| **အရောင်းသမား** | **ရင်းနှီးမြှုပ်နှံသူ/ဘဏ်သမား** |
|---|---|
| ငွေဝင်ရေး | ငွေဝင်ရေး |
| | စီမံ |
| | အားဖြည့်တင်း |
| | ကာကွယ် |
| | ထွက်ခွာ |



"မင်းက အရောင်းသမားဆီကို သွားပြီး ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်တောင်းခံရင် သူတို့အများစုက မင်း ဘယ်လောက်အထိ တတ်နိုင်သလဲဆိုတာကိုပဲ သိချင်ကြတယ်။ အဲဒါ အရောင်းသမားတိုင်း အဲဒီလိုချည်းပဲ။ ပေါင်းစုရန်ပုံငွေကို ရောင်းတဲ့သူ၊ ကားအသစ်ရောင်းတဲ့သူ၊ အိမ်ရောင်းတဲ့သူ အားလုံး အတူတူပဲ။ ဒီတော့ အရောင်းသမား ခေါင်းစဉ်အောက်မှာ ငွေဝင်ရေးလို့ တစ်ကြောင်းတည်း ငါရေးထားတာဟာ အဲဒါ အပြင် တခြားဘာမှ မရှိလို့ပဲ။ ဒါပေမဲ့ ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ဖြစ် ဘဏ်သမားဖြစ်ဖြစ် သူ့အောက်မှာ ငွေဝင်ရေးအပြင် စီမံ၊ အားဖြည့်တင်း၊ ကာကွယ်နဲ့ ထွက်ခွာတို့ ရှိနေတယ်။ ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူနဲ့ ဘဏ်သမားတို့ဟာ မင်းရဲ့ ပိုက်ဆံတွေ စီမံတာနဲ့ပတ်သက်လို့ မင်းဘယ်လောက် တတ်သိထားသလဲဆိုတာကို အရေးလုပ်တယ်။ အားဖြည့်တင်းတာ ဘယ်လောက်အထိ မင်းယူသုံးထားသလဲ၊ မင်းရဲ့ကာကွယ် ရေးမဟာဗျူဟာ၊ မင်းရဲ့ ထွက်ခွာခြင်းတို့ကို သူတို့ သိချင်ကြတယ်။ မင်း ကို လာရောင်းတဲ့ အရောင်းသမားက မင်းကို ပြောတာဆိုလို့ ဝယ်ပါ၊ ကိုင်ထားပါ၊ ခက်ဖြာပါဆိုတာပဲ ပြောတယ်။ မင်းကလည်း ဝယ်တယ်၊ ကိုင်ထားတယ်၊ ခက်ဖြာထားတယ်၊ နှစ်ကာလရှည်ကြာလာပေမဲ့ မင်း ဘာများ ပိုတတ်သွားမှာလဲ။ သူစိမ်းတွေရဲ့ လက်ထဲကို မင်းရဲ့ ပိုက်ဆံတွေ ထည့်တာပဲ လုပ်နေရင် မင်း ဘယ်လိုရင်းနှီးမြှုပ်နှံသူမျိုး ဖြစ်လာမှာလဲ။ သူတို့အားလုံးက တစ်သံတည်း ထွက်နေကြတယ်။ ဝယ်ပါ၊ ကိုင်ထား၊ ခက်ဖြာပါဆိုပြီး ပြောကြမယ်။ မင်းကလည်း နှစ်ကြာတဲ့အထိ ချက်လက်မှတ်ကို စာအိတ်ထဲထည့်၊ တံဆိပ်ခေါင်းကပ်ပြီး ပို့တာကလွဲလို့ ဘာမှ တတ်မှာမဟုတ်ဘူး"

ကျွန်ုပ်အနေဖြင့် ဆိုစရာစကား မရှိချေ။ ကျွန်ုပ် နှုတ်ဆိတ်ရင်းစဉ်းစား နေလိုက်သည်။

**သက်မွေးပညာရှင် နှစ်မျိုး**

သူဌေးဖေဖေက ထိုင်ရာမှ ထလိုက်ပြီး ရပ်ထားသည့်ကားဆီသို့ သွားသည်။ သူက ကျွန်ုပ်ကို ပြောသည်။ "လက်တွေ့လောကထဲမှာ မင်း အောင်မြင်ချင်တယ်ဆိုရင် မင်းနဲ့ မင်းရဲ့ မျိုးဆက်တို့ဟာ ကျောင်းပညာနဲ့ သက်မွေးပညာ သင်ယူရုံမျှဖြင့် မလုံလောက်ဘူး။ မင်းတို့ မျိုးဆက်ဟာ ရှေ့မှာ အလွန်ခက်ခဲကြမ်းတမ်းတဲ့ ငွေရေးကြေးရေး အချိန်အခါတွေ ရှိနေတယ်။ ငါတို့ မျိုးဆက်ဖြတ်သန်းခဲ့ကြရတဲ့ စီးပွားပျက်ကပ်ထက်တောင် ပိုကြမ်းနိုင်တယ်။ မင်းအခုတက်နေတဲ့ ရေကြောင်းပညာသင်တန်းဟာ

ငွေရေးကြေးရေးနဲ့ ပတ်သက်လို့ ဘာတစ်ခုမှ သင်မပေးဘူးဆိုတာ မင်းသိရလိမ့်မယ်။ ဒီတော့ ငွေရေး ကြေးရေးပညာပိုင်းကို မင်းဘာသာမင်း သင်ယူမှ ရနိုင်မယ်။ အဲဒီ ပညာရေးက ငွေကြေးလောကကို ဘဏ်သမားရဲ့ အမြင်ဖြင့် ကြည့်ရှုတာမှာ အစပြုတယ်။ ဘဏ်သမားတွေဟာ ရင်းနှီးမြှုပ်နှံမှု တော်တဲ့သူတွေ ဖြစ်ဖို့ မလိုအပ်ပါဘူး။ သူတို့ မတော်ကြဘူးဆိုတာ မင်း သိရပါလိမ့်မယ်။ ဒါပေမဲ့ လူတစ်ယောက်ဟာ ငွေကြေးစီမံမှု တော်တဲ့ သူလား၊ ညံ့တဲ့သူလားဆိုတာကို သူတို့က ပြောပြနိုင်ကြတယ်။ သူတို့က အမြဲ သေချာအောင် လုပ်တယ်။ အာမခံချက် ရှိနေအောင်လည်း အမြဲလုပ်တယ်။ မင်းလည်း အလားတူ လုပ်ရမယ်"

"ဒါဆို မတူကွဲပြားတဲ့ သက်မွေးပညာရှင်တွေ အများအပြား ရှိနေကြတာကို ကျွန်တော်သိဖို့ လိုမယ်"

"အဲဒီ သက်မွေးပညာတွေကို မင်း သင်ယူဖို့ မလိုပါဘူး။ ဒါပေမဲ့ မင်းအနေဖြင့် လိုအပ်မယ့် သက်မွေးပညာတွေကို တတ်သိထားတဲ့ မိတ်ဆွေတွေ မင်းမှာ ရှိနေအောင် လုပ်ထားရမယ်။ ဒီတော့ ဘယ်သူတွေက မင်းရဲ့ မိတ်ဆွေတွေ ဖြစ်ရမယ်။ ပြီးတော့ ဘယ်သူနဲ့အတူ နေ့လည်စာ စားမယ်ဆိုတာတွေဟာ အလွန်အရေးကြီးတယ်။ လူအများစုက ကိုယ်နဲ့ သက်မွေးပညာ တူတဲ့သူတွေနဲ့ပဲ နေ့လယ်စာ အတူစားကြတယ်။ သွေးတူမွေးတူတွေချင်း နေ့လယ်စာ အတူစားကြတယ်။ ငါကတော့ တစ်ခါတလေမှာ ဘဏ်သမားနဲ့ အတူစားတယ်။ ငွေစာရင်းကိုင်၊ ရှေ့နေ၊ ငွေရေးကြေးရေး အစီအစဉ် ရေးဆွဲသူ၊ အာမခံပွဲစား၊ အိမ်ခြံမြေ ပွဲစား၊ စတော့ရှယ်ယာပွဲစား စတဲ့သူတွေနဲ့အတူ နေ့လည်စာ စားတယ်။ ငါ လုပ်ပေးရတာဆိုလို့ နေ့လယ်စာအတွက် ကုန်ကျစရိတ်ပဲ ရှိတယ်။ ငါ ဘာရသလဲဆိုတော့ ကမ္ဘာပေါ်မှာ အကောင်းဆုံး ငွေရေး ကြေးရေးပညာကို ရတယ်။ တကယ့်ငွေရေးကြေးရေးလောကထဲက ငွေရေးကြေးရေးပညာကို ငါရတယ်။ ကျောင်းမှာသင်တဲ့ ငွေရေးကြေးရေးလောက မဟုတ်ဘူး"

ရပ်ထားသည့် ကားဆီသို့ ဆိုက်ရောက်ကြသည်။ စတီယာရင် နောက်တွင် ဝင်ထိုင်လိုက်ပြီးသောအခါ သူက ပြောသည်။ "မင်းတို့ရဲ့ မျိုးဆက်နဲ့ နောက်မျိုးဆက်တွေဟာ အနည်းဆုံး သက်မွေးပညာနှစ်မျိုး တတ်ထားရမယ်။ တစ်ခုက မင်းအတွက်၊ နောက်တစ်ခုက မင်းရဲ့ ပိုက်ဆံ အတွက်။ မင်း အသက်ကြီးလာတဲ့အခါ မင်းရဲ့ ပိုက်ဆံက မင်းအတွက် အလုပ်ပိုကြိုးစားတာကို မင်း လိုချင်လာလိမ့်မယ်။ ငါ့သက်မွေးအလုပ်က စီးပွားရေးသမား။ ငါ့ငွေကြေးရဲ့ သက်မွေးအလုပ်က အိမ်ခြံမြေ။ အဲဒီမှာ ငါရဲ့ ပိုက်ဆံ



တွေကို ထည့်ထားတယ်။ ငါရဲ့ ပိုက်ဆံတွေကို အားဖြည့်တင်းပေးထားတယ်။ စိတ်ချရတယ်။ ငါ့ပိုက်ဆံတွေနဲ့ ငါ့ဘဏ်သမားတို့ရဲ့ ပိုက်ဆံတွေက အလွန်စိတ်ချရတယ်။ ဘာလို့လဲဆိုတော့ ငါကိုယ်တိုင်က စောင့်ကြည့်နေတယ်။ သူစိမ်းတွေက စောင့်ကြည့်ပေးနေတာ မဟုတ်ဘူး"

"သက်မွေးပညာ အလုပ်နှစ်မျိုး"ဟု ကျွန်ုပ်က ပဟေဠိဖြစ်ရင်း ရေရွတ်မိသည်။ စိတ်ထဲတွင် ပြောမိသည်မှာ "ငါက အဲဒီ ပထမ အသက်မွေးပညာကိုရဖို့ ပြဿနာ တက်နေတယ်"

သူဌေးဖေဖေက ကားကို စက်နှိုးလိုက်သည်။ "ငါတို့ မျိုးဆက်က လူမှုဖူလုံရေး ဆိုတဲ့ စိတ်ကူးကို ဆောင်ယူခဲ့ကြတယ်။ အခုအခါမှာတော့ ခံစားခွင့်များနဲ့ ရပိုင်ခွင့်များဆိုပြီး ပြောနေကြတယ်။ အခမဲ့နေ့လယ်စာ ရမယ်လို ထင်ထားတဲ့သူတွေ အများကြီး ရှိနေတယ်။ သူတို့ အလုပ်လုပ်ကိုင်တဲ့ နေ့ရက်တွေ ကျော်လွန်သွားလို့ အငြိမ်းစားယူလိုက်ကြတဲ့ အခါ သူတို့ရဲ့ ဘဝဖူလုံရေးကို တစ်ယောက်ယောက်က တာဝန်ယူပေးရမယ်လို့ ယူဆထားသူတွေလည်း အများအပြား ရှိနေတယ်။ ပြဿနာက အဲဒီလို တွေးထင် ထားတဲ့သူတွေ ဒီနိုင်ငံမှာ သန်းချီတဲ့ လူဦးရေဖြင့် ရှိနေကြတယ်။ ပြီးတော့ ပိုများ လာနေတယ်။ မင်းတို့ရဲ့ မျိုးဆက်ဟာ အမှန် တကယ်မှာတော့ အလကားမရတဲ့ အဲဒီ အခမဲ့နေ့လယ်စာဆိုတာကို အဟုတ်မှတ်နေကြတဲ့သူတွေ ဖြစ်ပြီးသား ဖြစ်နေပြီ။ အဲဒါကြောင့် ငါတို့မျိုးဆက်ရဲ့ ခြေလှမ်းတွေနောက်ကို မင်း မလိုက်ဖို့ ငါ အကြံပေးပါ တယ်။ စိတ်ချရတဲ့အလုပ်အကိုင်၊ ပင်စင်နဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေး စတာတွေကို တစ်ယောက်ယောက်က မင်းအတွက် တာဝန်ယူပေးရမယ်လို့ မမျှော်လင့် ပါနဲ့။ အဲဒီ ခံစားခွင့်တွေ၊ ရပိုင်ခွင့်တွေက ဈေးကြီးလွန်းပါတယ်။ ဒီတော့ မကြာခင်မှာ အစိုးရနဲ့ ကုမ္ပဏီတွေဟာ အဲဒါတွေ စီစဉ်ပေးဖို့ တတ်နိုင်ကြတော့မှာ မဟုတ်ဘူး။ ဒီတော့ ကိုယ်ထူကိုယ်ထ စောင့်ရှောက်တတ်အောင် သင်ယူပါ။ မင်းတို့မျိုးဆက် အငြိမ်း စားယူကြတဲ့ အသက်အရွယ်မှာ အမေရိကန်နိုင်ငံ စီးပွားရေးဟာ နံရံနဲ့ ဆောင့်မိလိမ့်မယ်လို့ ငါ ကြိုတင်ခန့်မှန်းထားတယ်။ တကယ်လို့ အဲဒီ အတိုင်း ဖြစ်လာခဲ့ရင် မင်းတို့ မျိုးဆက်က မေးမယ်။ ငါတို့ရဲ့ ပိုက်ဆံတွေ ဘယ်သူ ယူသွားသလဲ။ အဲဒီအတွက် မင်းမှာ သက်မွေး ပညာနှစ်မျိုး ရှိနေဖို့ လိုအပ်တယ်။ တစ်ခုက မင်းအတွက်။ နောက်တစ်ခုက မင်းရဲ့ ပိုက်ဆံအတွက်"

**ပိုတော်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာရန်**

သူဌေးဖေဖေက ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်ပြီးသောအခါ ကားမောင်းပြီး ထွက်သွားသည်။ ကျွန်ုပ်က လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်သည်။ ကုမ္ပဏီတစ်ခု သို့မဟုတ် အစိုးရကို မှီခိုအားထားရခြင်းအစား ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ဖို့ စိတ်ကူးသည် လက်ခံသဘောတူဖို့ လွယ်ကူသည်။ လူတစ်ယောက်ယောက်၊ အဖွဲ့ အစည်းတစ်ခုခုအပေါ် မည်သည့်နည်းနှင့်မျှ ကျွန်ုပ်မှီခိုလိုခြင်း မရှိချေ။

သူဌေးဖေဖေက မည်သည့်တန်ဖိုးရှိပိုင်ဆိုင်မှု အဆင့်အတန်းနှင့် အမျိုးအစားကိုမှ ဆန့်ကျင်ပြောဆိုနေခြင်း မဟုတ်ချေ။ သူက တစ်ပြားသားမှ မလျှော့သည်မှာ ကျွန်ုပ်ကို ပိုတော်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာအောင် သင်ယူစေလိုခြင်း ဖြစ်သည်။ သူ့အဖို့ ပိုတော်သည့်ရင်းနှီး မြှုပ်နှံသူတစ်ဦး ဖြစ်ဖို့သည် ကျွန်ုပ်က မည်သည့် ရင်းနှီးမြှုပ်နှံမှု အတန်းအစားတွင် ရင်းနှီးမြှုပ်နှံထားသလဲ ဆိုသည့်အချက်ထက် ပိုအရေးပါနေသည်။

အားလုံးထဲတွင် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုသည် ပိုတော်သည့် ရင်းနှီးမြှုပ်နှံသူ တစ်ဦး ဖြစ်လာအောင် သင်ယူခြင်းဖြစ်ကြောင်း ကျွန်ုပ် စတင်သဘောပေါက်လာသည်။ ကျွန်ုပ်၏ ဘဏ်သမားထံမှ ပညာယူရမည်။ အဘယ်ကြောင့် သူ့ထံမှ သင်ယူရမည်နည်း။ အကြောင်းမှာ ကျွန်ုပ်၏ ဘဏ်သမားထံမှ ငွေကြေးကို သုံးစွဲပြီး ကျွန်ုပ် ရင်းနှီးမြှုပ်နှံမှု ပြုမည် ဆိုပါက ကျွန်ုပ်သည် ငွေကြေးစီမံခြင်း၊ အားဖြည့်တင်းခြင်း၊ ကာကွယ်ခြင်းနှင့် ထွက်ခွာခြင်းတို့ကို သင်ယူရမည့်ကျောင်းသားတစ်ဦး ဖြစ်နေသည်။ ဤသည်တို့မှာ ကောင်းမွန်ပြည့်စုံသော ငွေရေးကြေးရေး ပညာပိုင်း၏ အခြေခံများ ဖြစ်ပေသည်။

အခန်း (၄)

## သင်၏အာမခံကိုယ်စားလှယ်ကို မေးမြန်းပါ

လူအများတို့က ရင်းနှီးမြှုပ်နှံခြင်းသည် ဆုံးရှုံးမည့်အရေး ရှိသည်ဟု ထင်ကြသည်။ ရင်းနှီးမြှုပ်နှံခြင်းသည် ဆုံးရှုံးမည့်အရေး ရှိနေခြင်း မဟုတ်ချေ။ အာမခံ မထားရှိသော ရင်းနှီးမြှုပ်နှံခြင်းသည် သာလျှင် ဆုံးရှုံးမည့်အရေး ရှိနေခြင်းဖြစ်သည်။

သူဌေးဖေဖေ

၁၉၆၆ ခုနှစ် နွေရာသီ အားလပ်ရက်များ လျင်မြန်စွာ အဆုံးသတ်သည်။ ကျွန်ုပ်သည် သူဌေးဖေဖေနှင့် မတွေ့ဆုံဖြစ်သည်မှာ နှစ်ပတ်ရှိပြီ ဖြစ်သဖြင့် ကျွန်ုပ်၏ ငွေရေးကြေးရေး ပညာရေးကို ဆက်လက်သင်ယူ လိုသောကြောင့် သူ့ကို ဖုန်းခေါ်လိုက်သည်။ "ကောင်းပြီ။ ငါတို့ ဘိရှော့လမ်းမှာ ဆုံမယ်။ ငါ့ရဲ့ အာမခံ ကိုယ်စားလှယ်နဲ့ နေ့လယ်စာ အတူစားကြတာမှာ မင်း လိုက်ခဲ့ပါ။ သူနဲ့ ချိန်းထားပြီးသားမို့ မင်းလည်း ငါတို့နဲ့ အတူ စားပေါ့"

ဤတစ်ကြိမ်တွင် ဟိုနိုလူလူ မြို့လယ်ပိုင်းရှိ စားသောက်ဆိုင်တွင် နေ့လယ်စာ စားကြသည်။ ထိုဆိုင်တွင် စီးပွားရေးသမားများ မကြာခဏ လာစားကြလေ့ရှိသည်။ အရောင်းအဝယ်များ လုပ်ကြကိုင်ကြပြီး မြတ်သူ ရှုံးသူများ ရှိစမြဲ ဖြစ်သည်။ သူဌေးဖေဖေက ဆိုင်မှာ ရောက်နေနှင့်သည်။ သူ၏ အာမခံကိုယ်စားလှယ်နှင့် လုပ်ကိုင်စရာရှိသည်တို့ကို

ကျွန်ုပ်ရောက် မလာခင်မှာ လုပ်ထားပြီးပြီဖြစ်သည်။ ကျွန်ုပ် ရောက်ရှိချိန်တွင် နေ့လယ်စာစားဖို့ အသင့်ဖြစ်နေကြပြီဖြစ်သည်။ သူဌေးဖေဖေက ထိုင်ရာမှ ထရပ်လိုက်ပြီး ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်သည်။ သူက "သူက ဒမ်။ ငါ့ရဲ့ ပိုင်ဆိုင်မှုတွေအတွက် ထားရှိတဲ့ အာမခံတွေ အကုန်လုံးကို ဒမ်က ကိုင်တွယ်ပေးတယ်" ဟု ပြောပြပြီး ကျွန်ုပ်ကို ဒမ်နှင့် မိတ်ဆက်ပေးသည်။

ဒမ်သည် အရပ်ရှည်သည်။ ကျကျနန ဝတ်စားထားသည်။ ဥပဓိရုပ် ကောင်းသည်။ သူဌေးဖေဖေထက် အသက်အနည်းငယ် ပိုကြီးသည်။ ဒမ်က "တွေ့ရတာ ဝမ်းသာပါတယ်" ဟု ပဋိသန္ဓာရစကားကို ဆိုသည်။ သူက ထိုင်ရာမှ ထရပ်လိုက်ပြီး ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်သည်။

သူဌေးဖေဖေက "ရောဘတ်က နယူးယောက်မှာ ကျောင်းတက်နေတယ်။ အခု ကျောင်းပိတ်ရက်မှာ အိမ်ကို ခဏပြန်လာတယ်။ သူ့ကို ကျွတော်က သူ့ရဲ့ ငွေရေးကြေးရေး ပညာပိုင်းအတွက် ကူညီပေးနေတယ်"ဟု ပြောပြသည်။

ဒမ်က "ကောင်းတာပေ့ါ။ ပိုက်ဆံအကြောင်း ပိုစောစောသင်လေ ပိုကောင်းလေပဲ။ ခင်ဗျားက သူ့ကို ဘာတွေ သွန်သင်ပေးနေသလဲ" ဟု သူဌေးဖေဖေကို မေးသည်။

"အင်း . . .။ ဒီနေ့တော့ သူ့ကို ကျွန်တော်မသင်ပေးဘူး။ ခင်ဗျားက သူ့ကို သင်ပေးရလိမ့်မယ်။ အဲဒီအတွက်ကြောင့် ခင်ဗျားတို့ နှစ်ယောက် နဲ့အတူ နေ့လယ်စာစားဖို့ ကျွန်တော်စီစဉ်ထားတာပါ"

"သူ့ကို ဘာတွေ သင်ပေးစေချင်တာလဲ"

"လူသစ်တစ်ယောက်အတွက်ဆိုရင် အာမခံအလုပ် ပညာပိုင်းအဖို့ ပထမဆုံး စည်းမျဉ်းက ဘာလဲ"

ဒမ်က ပြုံးသည်။ "ဟုတ်ပြီ။ အဲဒီကနေ စလိုက်ကြရအောင်" ထို့နောက် သူက ခဏစဉ်းစားနေသည်။ ပြီးမှ ပြောပြသည်။ "အာမခံအတွက် ပထမဆုံးစည်းမျဉ်းက ဘာလဲဆိုတော့ ခင်ဗျား လိုအပ်တဲ့ အချိန်အခါမှာ ခင်ဗျား အာမခံကို ဝယ်လို့ မရနိုင်ဘူး"

ကျွန်ုပ်က "ဒါဆို ဘယ်အချိန်မှာ ဝယ်ရမလဲ" ဟု ပြောသည်။

"လိုအပ်မယ့် အချိန်မတိုင်ခင်မှာ ဝယ်ရမယ်"ဟု သူဌေးဖေဖေနှင့် ဒမ်တို့က ပြိုင်တူဖြေလိုက်ကြပြီး ထိုသို့ သံပြိုင်ပြောမိကြသည့်အတွက် သဘောကျပြီး အားပါးတရ ရယ်မောကြသည်။

ဒမ်က ရှင်းပြသည်။ "တကယ်တော့ ကျွန်တော်မရယ်သင့်ဘူး။ ဘာလို့လဲဆိုတော့



အဲဒါဟာ တကယ့်ကို အဖြစ်ဆိုး ဖြစ်နေတယ်။ သူတို့ လိုအပ်ချိန်ကို လွန်ပြီး အခါနှောင်းတော့မှ ကျွန်တော့်ကို လာတွေ့ကြတဲ့သူတွေ ဘယ်လောက်များသလဲ သိလား။ ဥပမာ ပြောပြမယ်။ မင်းရဲ့ကားက တိုက်မိလို့ ကြေမွသွားပြီးချိန်ကျမှ ယာဉ်အာမခံကို ဝယ်ဖို့ ခက်မယ်။ အိမ်က မီးလောင်လို့ ပြာကျပြီးကာမှ မီးအာမခံကို အဲဒီအိမ်အတွက် ဝယ်ဖို့ ခက်မယ်။ ဝမ်းနည်းစရာကောင်းတာက ဘာလဲဆိုတော့ လူတစ်ယောက်က အာမခံထားဖို့ တကယ့်ကို လိုအပ်ပြီ ဆိုကာမှ အာမခံကို လာဝယ်ရင် များသောအားဖြင့် ငါ ကူညီပေးလို့ မရတာပဲ"

"ဒီတော့ အာမခံကို တကယ်လိုအပ်လာချိန် မရောက်ခင်ကတည်းက ဝယ်ထားရမှာလား"

"ဟုတ်တယ်။ မင်း လိုအပ်တဲ့အချိန် မတိုင်ခင်ကတည်းက ဝယ်ထားရမယ်" သူဌေးဖေဖေက ဝင်ပြောသည်။ "မင်းအနေဖြင့် တော်တဲ့ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်ချင်တယ်ဆိုရင် မင်း ဘာကိုပဲ ရင်းနှီးမြှုပ်နှံတာ ဖြစ်နေပါစေ၊ အာမခံကို မင်း နားလည်ထားဖို့ လိုတယ်။ ဆုံးရှုံးမှုအတွက် အကာအကွယ်ထားရှိပုံကို မင်း နားလည်ထားဖို့ လိုတယ်။ အာမခံ ထားထား မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုကြောင့် ဆုံးရှုံးရတာ အတော်နည်းသွားမယ်"

"ဒါဆို ရင်းနှီးမြှုပ်နှံမှုဟာ ဆုံးရှုံးမယ့်အန္တရာယ်ရှိတယ်လို့ ပြောကြတဲ့သူတွေ အများအပြားဟာ များသောအားဖြင့် အာမခံ မထားရှိကြဘူး။ အဲဒါ ဟုတ်လား"

"ဟုတ်တယ်။ မင်းကို ငါ ပြောဖူးတာ အကြိမ်ကြိမ်ပဲ။ လူတွေက လုံးဝသူစိမ်းတွေရဲ့ လက်ထဲကို သူတို့ရဲ့ ပိုက်ဆံတွေ ထည့်လိုက်ကြတယ်။ အဲဒီ သူစိမ်းတွေက ပြောဆိုတာကို ယုံကြတယ်။ ရေရှည် ရင်းနှီးမြှုပ်နှံပါ။ ဝယ်ပါ။ ကိုင်ထားပါ။ ခက်ဖြာပါ ဆိုတာတွေကို ယုံကြတယ်။ အဖြစ်ဆိုး တွေက ဖြစ်နေကျဆိုတော့ အဖြစ်ဆိုးတစ်ခု ဖြစ်လာတဲ့အခါ သူတို့ရဲ့ ပိုက်ဆံတွေ ဆုံးရှုံးကုန်တယ်။ အဲဒီအခါကျမှ အာမခံထားဖို့ လုပ်ကြတယ်။ အဲဒါဟာ ဆုံးရှုံးမယ့်အန္တရာယ်ရှိတာတင် မဟုတ်ဘူး။ ရယ်စရာကောင်းနေတဲ့ အဓိပ္ပာယ် မရှိတာဖြစ်နေတယ်"

သူဌေးဖေဖေ၏ စကားကို ဒမ်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြ သည်။ သူက ပြုံးလည်း ပြုံးသည်။ ကျွန်ုပ်က ဒမ်ကို မေးမြန်းသည်။

"ပေါင်းစုရန်ပုံငွေများအတွက် အာမခံ ထားလို့ ရသလား"

"ဟင့်အင်း"

"စတော့တွေ၊ အစိုးရငွေချေးအာမခံစာချုပ်တွေအတွက် အာမခံထားလို့ ရသလား"

"ဟင့်အင်း"

"ဒါဆို ဘယ်ဟာဆိုရင် အာမခံထားလို့ရမလဲ"

"စီးပွားရာတဲ့လောက၊ ရင်းနှီးမြှုပ်နှံမှုလောကတွေမှာ ကျွန်တော်က လူတွေကို အာမခံ ထားပေးပါတယ်။ သူ့လို အခရာကျတဲ့ စီးပွားရေး သမားတွေပေါ့"

"အခရာကျတဲ့သူ ဆိုတာ ဘာကိုပြောတာလဲ"

"စီးပွားရာလုပ်ငန်းမှာ စီမံခန့်ခွဲတဲ့အဖွဲ့အတွက် အလွန်အရေးပါတဲ့ သူမျိုးကို ပြောတာပါ။ အခရာကျတဲ့သူကို အာမခံ ထားပေးထားတယ်။ သူ တစ်ခုခုဖြစ်ခဲ့ရင် သူ့လုပ်ငန်းက သူ့လိုလူမျိုး နောက်တစ်ယောက်ကို ငှားရမ်းခန့်ထားဖို့အတွက် အာမခံ လုပ်ငန်းထံမှ ငွေရယူပြီး ဆောင်ရွက်လို့ရတယ်။ တခြား အာမခံအမျိုးအစားတွေလည်း အများကြီး ရှိပါသေးတယ်။ အသက်အာမခံ၊ မစွမ်းမသန် အာမခံ စသဖြင့် လူတွေအတွက် ထားပေးတဲ့ အာမခံတွေရှိတယ်"

"တခြားဘာတွေ အာမခံ ပေးသေးလဲ"

"အိမ်ခြံမြေ၊ တခြားတန်ဖိုးရှိပိုင်ဆိုင်မှုတွေဖြစ်တဲ့ ကားတွေ၊ သင်္ဘော တွေ၊ လေယာဉ်တွေ၊ စက်ကိရိယာတွေ စတာတွေကို အာမခံထားလို့ရပါတယ်"

"ဒါပေမဲ့ ပေါင်းစုရန်ပုံငွေနဲ့ စတော့တွေကိုတော့ အာမခံမရနိုင်ဘူး"

"ကျွန်တော်တို့ဆီမှာတော့ မရဘူး။ ရတဲ့သူတွေ ရှိပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါ တွေအတွက် အာမခံပေးတဲ့သူကို ကျွန်တော်မသိဘူး။ လူတွေက မေးကြတယ်။ ကျွန်တော် တို့က ခင်ဗျားကို ပြောပြတဲ့အတိုင်း သူတို့ကို ပြောပြပါတယ်"

"ဘာလို့ ပေါင်းစုရန်ပုံငွေကို အာမခံ မထားပေးတာလဲ"

"ဆုံးရှုံးမည့်အရေး ကြီးမားလို့ပါ။ ဒါပေမဲ့ ခုနက ကျွန်တော်ပြောတဲ့အတိုင်း ပေါင်းစုရန်ပုံငွေတွေ၊ စတော့တွေ၊ ငွေချေး အာမခံစာချုပ်တွေကို ဈေးကွက်မှာ ဆုံးရှုံး မယ့်အရေးအတွက် အာမခံထားပေးတဲ့သူတွေ ရှိပါတယ်။ ဒါပေမဲ့ သူတို့ကို ကျွန်တော်မသိတာပါ။ ဘာ့အတွက်ပဲဖြစ်ဖြစ် အာမခံတွေ အမြဲရှိပါတယ်။ သူတို့ တောင်းတဲ့ဈေးကို ခင်ဗျား ပေးဖို့ ဆန္ဒရှိဖို့တော့ လိုမယ်"

"ဒါဆို ခင်ဗျားက ပင်စင်အတွက်လည်း အာမခံ မပေးဘူးလား"

"ဟင့်အင်း။ မရဘူး။ တကယ်လို့ ခင်ဗျားက အာမခံ ထားချင်တယ်ဆိုရင်တော့ ကျွန်တော်ရှာပေးပါမယ်။ အဲဒီအတွက် ကုမ္ပဏီတစ်ခုခုတော့ ရှိမှာပါ။ ဒါပေမဲ့ ကျွန်တော် ထင်တာကတော့ အတော်ဈေးကြီးမယ့်အာမခံ ဖြစ်လိမ့်မယ်"



ကျွန်ုပ်က သူဌေးဖေဖေကို မေးမြန်းသည်။ "ဦးလေးရဲ့ စီးပွားရေး လုပ်ငန်းနဲ့ အိမ်ခြံတွေကို အဖြစ်ဆိုးကြုံရရင် ဆုံးရှုံးမှုကို ကာမိစေဖို့ အာမခံတွေ ထားထားသလား"

"အင်း။ ထားထားတယ်"

"ဒါပေမဲ့ ကျွန်တော့် ပေါင်းစုရန်ပုံငွေကျတော့ အာမခံ လက်မခံဘူး"

ဒမ်နှင့် သူဌေးဖေဖေတို့က ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြသည်။

"လိမ္မာတတ်သိတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးဟာ ဆုံးရှုံးမယ့်အရေးအတွက် အကာအကွယ်နဲ့ အာမခံကို ဆုံးရှုံးမှု မကြုံရခင်ကတည်းက ကြိုပြီးလုပ်ထားတယ်" ဟု သူဌေးဖေဖေက ပြောပြသည်။

## အကာအကွယ်မဲ့ ရင်းနှီးမြှုပ်နှံသူ

အဘယ်ကြောင့် လူဦးရေသန်းချီသော ရင်းနှီးမြှုပ်နှံသူတို့သည် ဘီလီယံ ထောင်ချီသော အမေရိကန်ဒေါ်လာတို့ ဆုံးရှုံးကုန်ကြရသနည်း။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံသူ အများအပြားတို့သည် အဖြစ်ဆိုးကြုံရလျှင် ဆုံးရှုံးမည့်အရေးအတွက် ထေမိအောင် အာမခံမထားရှိကြသောကြောင့် ဖြစ်သည်။ ပေးဆပ်ရသည့်တန်ဖိုးမှာ ကန်ဒေါ်လာဘီလျံ ထောင်ချီသည်။ ဤသည်မှာ တကယ့်ရင်းနှီးမြှုပ်နှံသူထံမှ အကြံဉာဏ် ရယူခြင်း မပြုကြဘဲ ရင်းနှီးမြှုပ်နှံရန် အရောင်းသမားများထံမှ အကြံဉာဏ်များ ရယူ ကြသောကြောင့် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူ အချို့တို့သည် အာမခံ ထားရှိပါသလား။ ထားရှိကြသည်မှာ လုံးဝသေချာပါသည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများ၏ လောကတွင် အလျော်ရ အောင် စီမံထားကြသည်။ လျော်ကြေးဖြင့် ကာမိအောင် လုပ်ထားကြသည်။ ကာထား ကြသည်ဟု သုံးနှုန်းကြသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးက သူ့အနေအထားကို ကာထားသည်၊ ကြိုကန် ထားသည် စသဖြင့် ပြောဆိုကြခြင်းသည် ဈေးကွက်အခြေအနေများ ပြောင်းလဲ ခြင်းကြောင့် နစ်နာမည့်အရေးကို ကာကွယ်ထားခြင်းဖြစ်သည်။ သူက မိမိမှာ "လုံးတီး" ဖြစ်နေသည်ဟု ပြောဆိုခြင်းသည် ကာထားခြင်း၊ ကြိုကန်ထားခြင်းမရှိကြောင်း ပြောပြ ခြင်း ဖြစ်သည်။ အာမခံ မထား ထားခြင်းကို ဆိုလိုသည်။ ပညာရှင်ပီသသော ရင်းနှီး မြှုပ်နှံသူတို့သည် မိမိ လုံးတီးဖြစ်နေလျှင် အလွန်သတိမူမိသည်။ အိမ်ခြံမြေတွင် ရင်းနှီး မြှုပ်နှံမည့်သူကို ငွေထုတ်ချေးရန်အတွက် ဘဏ်သမားတစ်ဦးက အာမခံချက်အမျိုးမျိုးကို ထားရှိဖို့ ငွေချေးသူကို ညွှန်ကြားမည်ဖြစ်သည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူ

တစ်ဦးသည် စတော့ဈေးကွက်ထဲတွင် ရင်းနှီးမြှုပ်နှံသည့်အခါ အာမခံ မဖြစ်မနေ ထားရှိမည်ဖြစ်သည်။ သင်ခန်းစာမှာ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတို့သည် အကာအကွယ် ယူထားကြပြီး ပညာရှင်မပီသသော ရင်းနှီးမြှုပ်နှံသူတို့သည် လုံးတီးဖြစ်နေကြသည်။

## စုန်းပြူး သုတ်သင်ရေး စတင်ခြင်း

သူဌေးဖေဖေ၏ အာမခံပွဲစား ဒမ်က "အာမခံကို လိုအပ်ချိန်ကျမှ ဝယ်လို့ မရနိုင်ဘူး" ဟု ပြောပြခဲ့သည်။ စတော့ဈေးကွက် ပြိုလဲပြီးချိန်တွင် ရင်းနှီးမြှုပ်နှံသူ အများအပြားတို့သည် ဈေးကွက်ပျက်ခြင်းအတွက် သူတို့မှာ အာမခံ မထားရှိခဲ့ကြကြောင်း သဘောပေါက်သင့်ကြသည်။ "အာမခံ ထားခဲ့ရင် ကောင်းသား" ဟု နောင်တရသင့်သည်။ ထိုအစား သူတို့က အပြစ်တင်ဖို့၊ အပြစ်ပုံချဖို့ အပြစ်တင်စရာလူများကို လိုက်ရှာကြသည်။ သမိုင်းကြောင်းအရ ဆိုရလျှင် ဈေးကွက်ပျက်သည့်အခါ လူလိမ် လူညစ်များ ပေါ်လောပေါ်လာသည်။ စိတ်ဆိုးနေသော ရင်းနှီးမြှုပ်နှံသူများက လူလိမ်လူညစ်များကို လိုက်ရှာသည်။ အပြစ်ဖို့စရာလူများကို လိုက်ရှာသည်။ စုန်းပြူးများကို ဖော်ထုတ်ကြသည်။

အစိုးရငွေဈေးစာချုပ်များ၊ အိမ်ခြံမြေများ လုပ်ကိုင်သည့်သူများ အကြား စုန်းပြူးများကို ရှာဖွေဖော်ထုတ်သည်။ စတော့များ၊ ပေါင်းစု ရန်ပုံငွေများ လုပ်ကိုင်နေကြသည့်သူများအကြားတွင်လည်း စုန်းပြူးများကို ရှာဖွေဖော်ထုတ်ကြသည်။

ပေါင်းစုရန်ပုံငွေများကို အပြင်းအထန် စုံစမ်းစစ်ဆေးကြသည်။ အတွင်းလူတို့ ဈေးကစားပြီး အရောင်းအဝယ် ပြုကြခြင်းများကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးခြင်းကို ကြပ်မတ်သူတို့က လုပ်ဆောင်ကြသည်။ စိတ်ဆိုးနေသော ရင်းနှီးမြှုပ်နှံသူများသည် အပြစ်တင်ရမည့်သူများကို လိုက်လံရှာဖွေနေကြသည်။

အမေရိကန်သမ္မတ ဂျင်မီကာတာ လက်ထက်တွင် စတော့ရှယ်ယာများ၊ ငွေဈေးစာချုပ်များနှင့် စတော့အိပ်ချိန်း ကော်မရှင် (Securities and Exchange Commission) ၏ အကြီးအကဲဖြစ်ပြီး ထိုတာဝန်ကို ရှစ်နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့သူ အာသာလီဗစ်က *Take on the Street* အမည်ရှိ စာအုပ်ကို ရေးသားခဲ့သည်။ သူက ဝေါစထရီ အမှန်တကယ် လုပ်ကိုင်ပုံ တို့ကို ရှင်းလင်းတင်ပြသည်။ စတော့ဈေးကွက်တွင် အနိုင်ယူနိုင်သည့် အသေးစား ရင်းနှီးမြှုပ်နှံသူဦးရေသည် အဘယ်ကြောင့် အနည်းငယ်သာ ရှိရသည်ကိုလည်း ရှင်းပြထားသည်။ သူက ဤသို့ ပြောပြထားသည်။

- တရားဝင်နှင့် တရားမဝင် အတွင်းလူရောင်းဝယ်မှု မည်သို့မည်ပုံ အမှန်တကယ် အလုပ်လုပ်ပုံ
- အတွင်းလူရောင်းဝယ်မှုကို သူမည်သို့ တိုက်ဖျက်ခဲ့ပုံနှင့် ထိုသူတို့က သူ့ကို တန်ပြန်တိုက်ခိုက်ပုံ

ဦးဆောင်နေရာရှိ နိုင်ငံရေးသမားများ၊ ဘဏ်သမားများ၊ ပွဲစားလုပ်ငန်း အကြီးအကဲများ၊ ပေါင်းစုရန်ပုံငွေများနှင့် ပင်စင်ရန်ပုံငွေများ လုပ်ကိုင်လျက်ရှိသည့် ကြီးမားသော ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကြီးမားသည့် ငွေစာရင်းလုပ်ငန်းများက သူ့ကို တန်ပြန်တိုက်ခိုက်ခဲ့ကြပုံများကို နောက်ကွယ်မှ ကြိုးကိုင်ကာ လက်ရှိ လုပ်ကိုင်နေဆဲဖြစ်သောသူအချို့၏ အမည်များနှင့်တကွ သူက ရဲရဲဝံ့ဝံ့ဖြင့် ထုတ်ဖော်ရေးသားခဲ့သည်။ ထိုသူတို့သည် ငွေအမြောက်အမြားကို ကဲ့ယူကြသည်။ သို့သော် ရာဇဝတ်ကြောင်းအရ အရေးယူခံရခြင်း မရှိချေ။

- ပေါင်းစုရန်ပုံငွေ ကုမ္ပဏီများက လိမ်ညာပြောဆိုပုံများ။

သေးငယ်သော ရင်းနှီးမြှုပ်နှံသူများသည် အတွင်းမှာ နေရာယူပြီး ကစားပွဲကို ထိန်းချုပ်ထားသည့် အကြီးစားရင်းနှီးမြှုပ်နှံသူများကို မည်သို့မည်ပုံ အနိုင်ယူ၍ ရနေဆဲဖြစ်ကြောင်းကိုလည်း သူက တင်ပြထားသည်။

ဆိုလိုသည်မှာ သင်သည် စတော့များနှင့် ပေါင်းစုရန်ပုံငွေများတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက သူရေးထားသည့် ၎င်းစာအုပ်ကို မဖြစ်မနေ ဖတ်ရှုရမည်။ အင်မတန်ချမ်းသာသော သူစိမ်းတို့၏ လက်ထဲသို့ သင့်၏ ပိုက်ဆံများကို နှံအအပြင့်ပေးခြင်း၊ မိမိပေးလိုက်သော ပိုက်ဆံများကို သူတို့ ဘာတွေ လုပ်ကိုင်နေသည်ကို မိမိမှ မသိရခြင်းတို့သည် စဉ်းစား ဉာဏ်မပါသည့် မိုက်မဲသောလုပ်ရပ်ဖြစ်သည်။ ဝေါစထရီ အမည်ရှိ ရုပ်ရှင်ထဲတွင် မင်းသား မိုက်ကယ်ဒေါက်ဂလပ်စ်က ဂေါ်ဒွန်ဂီကိုအဖြစ် သရုပ်ဆောင်ခဲ့ရာ၌ အင်မတန်ကောင်းသော စကားကို ဆိုထားသည်။

"ခင်ဗျားက အတွင်းမှာ မဟုတ်ဘူးဆိုရင် ခင်ဗျားက အပြင်မှာ ဖြစ်နေတယ်"

အာသာလီဗစ်၏ စာအုပ်က အတွင်းပိုင်းကို လှစ်ဟပြသထားခြင်း ဖြစ်ပြီး အတွင်းပိုင်း၏ အမှောင်ပိုင်းကို ပြသထားခြင်း ဖြစ်သည်။

ကျွန်ုပ်အဖို့ အာသာလီဗစ်၏ စာအုပ်တွင် စိတ်ဝင်စားစရာအပိုင်းမှာ လီဗစ်သည် တော့ရှယ်ယာများ၊ ငွေချေးစာချုပ်များနှင့် စတော့အိပ်ချိန်း ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေစဉ် သင့်မြတ်စွာ ထုတ်ဖော်ပြသရန် စည်းမျဉ်းဖြစ်သည့် Regualtion Fair Disclosure ကို ဥပဒေတစ်ရပ်အဖြစ်သို့ ရောက်ရှိအောင် သူ တိုက်ပွဲဝင်ခဲ့သည်။ အတိုကောက်အားဖြင့် Reg FD ဟု ခေါ်ဝေါ်သည့် ၎င်းစည်းမျဉ်းသည် အတွင်းသတင်းများအရ ရောင်းဝယ်ကာ အမြတ်ထုတ်ခြင်းများကို ရပ်တန့်စေရန် ဖြစ်သည်။ ကျွန်ုပ် စိတ်ဝင်တစား ဖြစ်မိသည်မှာ ချမ်းသာအောင်မြင်ပြီး သြဇာကြီးသူတို့တွင် အများအပြားတို့သည် လူထုကို စတော့ဈေးကွက် အတွင်းပိုင်း၌ မည်သို့ အမှန်တကယ် လုပ်ကိုင်လျက်ရှိကြသည်ကို အသိ မပေးလိုကြချေ။ ရှင်းရှင်းပြောရလျှင် ချမ်းသာပြီး ကျော်ကြားသူများ အများအပြားတို့သည် အတွင်းသတင်းများကို အသေးစားရင်းနှီးမြှုပ်နှံသူတို့ထက် များစွာစောပြီး သိထားနှင့်ကြသည်။ တစ်နည်းဆိုရသော် တရားမျှတစွာဖြင့် အသိပေးခြင်းမျိုး မရှိချေ။ သို့ဖြစ်ရာ အတွင်းလူရောင်းဝယ်မှု များသည် ချမ်းသာသူများ၊ သြဇာကြီးသူများအတွက် တရားဝင်လုပ်ကိုင် နေကြခြင်းဖြစ်နေသည်။ အသေးစားရင်းနှီးမြှုပ်နှံသူများသည် ငွေရှာရန်အတွက် တရားမျှတသည့် အခွင့်အလမ်းကို မည်သည့်အခါမှ မရရှိချေ။ သူတို့ ငွေဖြစ်အောင် လုပ်နိုင်ခဲ့သည်ဆိုပါကလည်း ချမ်းသာသူများနှင့် သြဇာကြီးသူများ ငွေရအောင် လုပ်ပြီးချိန်ကျမှ လုပ်နိုင်ခြင်း ဖြစ်သည်။

စတော့ဈေးကွက် စပျက်သောအခါ အကြီးစားရင်းနှီးမြှုပ်နှံသူတို့သည် ဈေးကွက်အပြင်ဘက်သို့ ထွက်လိုက်ကြသည်။ အသေးစား ရင်းနှီး မြှုပ်နှံသူများကို ငွေကြေးအကြံပေးများနှင့် စာနယ်ဇင်းမီဒီယာများ ပါဝင် သည့် ကွန်ရက်မှတစ်ဆင့် ဈေးကွက်ထဲဆက်နေရန်၊ ရင်းနှီးမြှုပ်နှံမှု ထပ်တိုးထည့်ရန်၊ ရေရှည်လုပ်ကိုင်ရန်၊ စတော့များထပ်ဝယ်ရန်တို့ တိုက်တွန်းပြောဆိုပေးသည်။ တစ်နည်းဆိုရသော် အသေးစား ရင်းနှီးမြှုပ်နှံသူများသည် ရှယ်ယာများ ဝယ်ကြဖို့ အကြံပေး တိုက်တွန်းခံကြရပြီး ၎င်းရှယ်ယာများသည် ဈေးကွက်ပျက်ခါနီးပြီ ဖြစ်နေသဖြင့် အပြင်သို့ထွက်မည့် အကြီးစား ရင်းနှီးမြှုပ်နှံသူများက ရောင်းထုတ်ပစ်နေသည့် ရှယ်ယာများ ဖြစ်သည်။ ထိုသို့ ပြုခြင်းသည် ဥပဒေချိုးဖောက်ခြင်း မမည်ပေ။ သို့သော် လိမ်ညာလှည့်ဖျား၊ ကျင့်ဝတ် စည်းမစောင့် လုပ်ကိုင် ခြင်းဖြစ်သည်။



တိုက်ပွဲဝင်ပြီးသောအခါ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ၂၃ ရက်တွင် Reg FD ကို ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပေးလိုက်ရသည်။ ထိုရက်စွဲသည် ၂၀၀၀ ပြည့်နှစ်၌ စတော့ဈေးကွက် စပျက်သည့်နေ့ ဖြစ်နေသည်မှာ တိုက်ဆိုင်မှုတစ်ခု ဖြစ်သည်။ ဈေးဖောင်းပွမြင့်တက် နေသော ပူစီဖောင်း ပေါက်သွားသည့်အတွက် အကြောင်းပြချက်များ အများအပြား ရှိနေသည်။ ဈေးကွက် ခပ်ကြမ်းကြမ်း ပြိုလဲခြင်းအတွက် လူသိနည်းသည့် အကြောင်းအချက်တစ်ချက်မှာ အတွင်းသတင်းများဖြင့် ရောင်းဝယ်ကာ အမြတ်ရှာကြသူများသည် အသေးစားရင်းနှီးမြှုပ်နှံသူများ မသိအောင် သတင်းများ ထိမ်ချန်ထားခွင့်ကို ဥပဒေသစ်ကြောင့် ပြုမရ တော့ခြင်းဖြစ်သည်။ ထိုအခါ အကြီးစားရင်းနှီးမြှုပ်နှံသူများသည် လက်ထဲရှိနေသည့် ရှယ်ယာအများအပြားတို့ကို ထုတ်ရောင်းပစ်လိုက်ကြ သည်။ ထိုအချိန်တွင် အသေးစားရင်းနှီးမြှုပ်နှံသူများသည် ဝယ်ပါ၊ ကိုင်ထားပါ၊ ရေရှည်ကြည့်ပါ၊ ခက်ဖြာပါဟူသည့် အကြံပေးချက်များကို လိုက်နာလျက် ရှိကြသဖြင့် ထုတ်ရောင်းပစ်သည့် ရှယ်ယာများကို ဝယ်ယူပြီး ကိုင်ထားကြသည်မှာ ဈေးကွက်ပြိုလဲချိန်တွင် ၎င်းရှယ်ယာများ လက်ထဲမိနေခြင်းဖြင့် အဆုံးသတ်ကာ ဆုံးရှုံးနစ်နာကြရပေသည်။

**တကယ့်အတွင်းလူများ**

စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များနှင့် စတော့အိပ်ချိန်း ကော်မရှင် ဥက္ကဋ္ဌဟောင်း အာသာလီဗစ်က အမေရိကန်နိုင်ငံ အာရီဇိုးနားပြည် နယ်၊ ဖီးနစ်မြို့တွင် တည်ရှိသည့် ဖီးနစ်ကန်ထရီကလပ်တွင် ဟောပြောပွဲ ကျင်းပရာ ကျွန်ုပ် တက်ရောက်နားထောင်ခွင့် ရရှိခဲ့သည်။

ဖိတ်ကြားထားသူ ၂၀၀ ဦးရှိပြီး တက်ရောက်သူတိုင်းကို သူ့လက်မှတ် ရေးထိုးထားသည့် စာအုပ်တစ်အုပ်စီ လက်ဆောင်ပေးသည်။ ကျွန်ုပ်သည် သူ့စာအုပ်ကို ဖတ်ရှုထားသည်။ သူဟောပြောသည်ကိုလည်း နားစိုက်ထောင်သည်။ သို့ဖြစ်ရာ သူပြောပြသည့် အသိပေးချက်သည် ကျွန်ုပ်အပေါ် သက်ရောက်မှု စူးဝင်ခဲ့သည်။ စတော့ဈေးကွက်ထဲ၌ သူဌေးများကို အသာရစေဖို့ ဖဲချိုးဖဲဆင်ပေးကြသူများသည် ဝေါစထရီ ရုပ်ရှင်ထဲမှာ ပါသည့် ဂေါ်ဒွန်ဂီကိုကဲ့သို့သော ဟန်တစ်လုံးပန်တစ်လုံးဖြင့် ဟိတ်ဟန်များသူမျိုး မဟုတ်ကြကြောင်း လီဗစ်က ပြောပြသည်။ သူတို့သည်  လူမသိ သူမသိ ဖြစ်သူများ ဖြစ်ကြသည်။ သူတို့သည် သူဌေးများနှင့် သြဇာ ရှိသူများ၏ ဆန္ဒများ ဖြည့်ဆည်းပေးရေးကို အဓိကအလုပ်အဖြစ် လုပ်ကိုင်ကြသည်။ ထိုသို့ လုပ်ကိုင်ပေးနေကြောင်း မည်သူကမှ

မတွေးမိကြသော ပညာရှင်များ ဖြစ်သည်။

လီဗစ်က "အသေးစားရင်းနှီးမြှုပ်နှံသူတွေအတွက် တရားမျှတမှု ပိုရှိစေမယ့် စည်းမျဉ်း အပြောင်းအလဲတွေကို ကြီးမားတဲ့ စာရင်းအင်းလုပ်ငန်းကြီးတွေက စဉ်ဆက်မပြတ် ဆန့်ကျင်တိုက်ခိုက်နေကြတယ်" ဟု ပြောပြသည်။ တစ်နည်းဆိုသော် ကြီးမားသည့် ငွေစာရင်းကိုင်လုပ်ငန်းကြီးများ သည် ကြီးမားသော ကော်ပိုရေးရှင်းကြီးများအတွက် လုပ်ကိုင်ပေးနေကြ ခြင်းသာဖြစ်ပြီး အသေးစားရင်းနှီးမြှုပ်နှံသူများနှင့် မပတ်သက်ချေ။ လူ အများစုတို့က ရှေ့နေများသည် ဘက်လိုက်သည်၊ မတရားဟု ထင်ကြသည်။ စာရင်း ကိုင်များ ဘက်လိုက်သည်၊ မတရားဟု မမြင်ကြချေ။

လီဗစ်သည် ရဲရဲဝံ့ဝံ့ဖြင့် သူ့စာအုပ်ထဲတွင် နာမည်များကို အတိအကျ ဖော်ပြ ပေးထားသည်။ နာမည်အများအပြား ဖော်ပြထားရာ၌ အမေရိကန်နိုင်ငံ၏ အဓိက ပါတီကြီးနှစ်ခုမှ အထင်ကရဖြစ်သော ဒီမို ကရက်တစ်များ၊ ရီပတ်ပလီကင်များ၊ သူ့ မိတ်ဆွေဟောင်းများ၊ စီးပွားရေး လက်တွဲဖော်များ၏ အမည်များ ပါဝင်သည်။ မည်သူ တို့သည် သူဌေးတို့ ဘက်မှာ ရပ်တည်ပေးကြပြီး မည်သူတို့က အသေးစား ရင်းနှီး မြှုပ်နှံသူများဘက်မှာ ရပ်တည်ကြောင်း သူသေချာစွာ ယုံကြည်သည့်အတိုင်း ဖော်ပြ ထားသည်။

တကယ့် ရင်းနှီးမြှုပ်နှံမှုလောကထဲတွင် တစ်ခါတစ်ရံ၌ မိမိဘက်မှာ ရပ်တည်ပေး ထားသည်ဟု သင်ယူဆသော သူများထံမှ အကာအကွယ် အာမခံချက်ကို တောင်းခံရယူဖို့ လိုအပ်ပေသည်။

**အာမခံ တစ်မျိုးမကထားရှိခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်လာလျှင် အာမခံများ တစ်မျိုးမက ရှိနေသည်။ လူအများအတွက်နှင့် ပိုင်ဆိုင်မှုများအတွက် အာမခံအမျိုးမျိုး ရှိသည်။ ဈေးကွက် အတက်အကျ စက်ဝန်းများအတွက်လည်း အာမခံများ ရှိသည်။ အမှားအယွင်းများ၊ မိမိ မသိရသည့် မြှုပ်ကွက်များ၊ တရားစွဲဆိုခြင်းများအတွက်လည်း အာမခံအမျိုးမျိုး ရှိနေ သည်။ သူဌေးဖေဖေက ကျွန်ုပ်ရယူစေလိုသည့် သင်ခန်းစာမှာ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံ သူသည် အကာအကွယ်အတွက် အမြဲအရေးတယူရှိခြင်းဖြစ်သည်။ သင့် မှာရှိသည့် ပိုက်ဆံများကို ငွေရေးကြေးရေး ကျွမ်းကျင်သူထံ အပ်နှံလိုက်သောအခါ အလွန်အရေးပါသည့် မေးခွန်းတစ်ခုမှာ "ငါ့ပိုက်ဆံအတွက် ဘယ်လောက်အထိ



စိတ်ချရသလဲ" ဟူ၍ ဖြစ်သည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူသည် ရေရှည် အတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ဝယ်ခြင်း၊ ကိုင် ထားခြင်း၊ ခက်ဖြာခြင်းနှင့် ဆုတောင်း ခြင်းတို့မျှသာ ပြုသူမျိုး မဟုတ်ချေ။

ချမ်းသာသူများသည်လည်း တရားဝင် ပိုင်ခွင့်များကို အာမခံ ပုံစံ တစ်မျိုးအဖြစ်ဖြင့် အသုံးပြုသည်။ ကျွန်ုပ်၏ ဖခင်သည် သူ့အိမ်၊ သူ့ကားနှင့် သူပိုင်ဆိုင်သည့် အခြား ဥစ္စာများကို သူ့နာမည်ဖြင့် ထားရှိသည်ကို အလွန်ဂုဏ်ယူသည်။ သူဌေးဖေဖေသည် သူ၏ တန်ဖိုးရှိသော ပိုင်ဆိုင်မှုများ အားလုံးနီးပါးတို့ကို သူ့နာမည်ဖြင့် မထားချေ။ တရားဝင်ပိုင်ခွင့်များကိုသာ ရယူထားသည်။ ကော်ပိုရေးရှင်းများ၊ အကန့်အသတ်ဖြင့် စီးပွား ဖက်ပြုထားခြင်းများ၊ ပူးပေါင်းလုပ်ကိုင်ကြသည့် အဖွဲ့များတွင်တရားဝင် ပိုင်ခွင့်များကို ရယူထားသည်။ သူဌေးဖေဖေသည် သူ့ကိုယ်ပိုင်အနေဖြင့် ပိုင်ဆိုင်မှုကို ဖြစ်နိုင် သရွေ့ နည်းပါးအောင် ပြုထားသည်။ ကျွန်ုပ်တို့သည် တရားဥပဒေများ ပြဋ္ဌာန်း ထားသည့် လူ့အဖွဲ့အစည်းတွင် နေထိုင်ကြပေရာ တရားဝင် ပိုင်ခွင့်သည် သူ့အဖို့ အာမခံတစ်မျိုး ဖြစ်သည်။ ယခုအခါ ပိုင်ခွင့်များ၏ အမျိုးအစားများ ပိုများလာနေသည်။ တန်ဖိုးရှိပိုင်ဆိုင်မှု အမျိုးအစား ကွာခြားလျှင် ပိုင်ခွင့်အမျိုးအစားလည်း ကွာခြားမည်။

**အာမခံ နှစ်မျိုး**

ဤစာအုပ် ဒုတိယပိုင်းတွင် အာမခံ အမျိုးအစား အမျိုးမျိုးတို့ကို ကျွန်ုပ် တင်ပြ သွားမည် ဖြစ်သည်။ ၎င်းတို့ကို ရင်းနှီးမြှုပ်နှံသူက စဉ်းစားဆုံးဖြတ်ရမည် ဖြစ်သည်။ ယခု အာမခံအမျိုးမျိုးတို့ကို ကွဲပြားသည့် နှစ်မျိုးနှစ်စားအဖြစ် ခွဲခြားနိုင်ပုံကို ကျွန်ုပ် တင်ပြပါမည်။

**၁။ ဝယ်၍ရသော အာမခံ**

စီးပွားရေးလုပ်ငန်းသုံး အဆောက်အဦကို ဝယ်ယူသည့်အခါ အာမခံရဖို့ လွယ်ကူ သည်။ အာမခံကြေး ပေးသွင်းလိုက်ရုံသာ ဖြစ်သည်။ ကားအတွက် အာမခံထားခြင်း၊ အသက်အာမခံထားခြင်းတို့နှင့် အတူတူပင် ဖြစ်သည်။ အာမခံအရောင်းကိုယ်စားလှယ်ကို ရှာဖွေပြီး ဆီလျော်သည့် အာမခံအမျိုးအစားများကို ဝယ်ယူလိုက်ရုံသာ ဖြစ်သည်။

**၂။ အာမခံရဖို့အတွက် သင်ယူဖို့ လိုအပ်သော အာမခံ**

ဥပဒေကြောင်းအရ ပိုင်ခွင့်မှန်မှန်ကန်ကန်ကို ရွေးချယ်ဖို့ လိုသည်။ ပညာရှင်ပီသသောရင်းနှီးမြှုပ်နှံသူအဖို့ အလွန်အရေးကြီးသည့် အာမခံမျိုး ဖြစ်သည်။ ဥပဒေအကြံပေး၊ အခွန်အကြံပေးတို့ကို မေးမြန်းပြီး မိမိ၏ ရင်းနှီးမြှုပ်နှံမှုများအတွက် အမြင့်မားဆုံး အကာအကွယ် ရရှိစေရမည်။

ဒုတိယ အမျိုးအစား အာမခံအတွက် ပြဿနာမှာ ထိုအာမခံ အမျိုးအစားများ မည်သို့ သုံးစွဲရမည် ဆိုသည်ကို သိအောင် သင်ယူဖို့ အချိန်ပေးရခြင်းဖြစ်သည်။ ထိုကိစ္စမျိုးတို့တွင် ကျွမ်းကျင်သောသူများကို ရှာဖွေတွေ့ဆုံပြီး မေးမြန်းကာ သင်ယူရသည်။

ဉာဏ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်ခွင့်ကို ကျွန်ုပ်က အာမခံတစ်မျိုးအဖြစ် အသုံးပြုသည်။ ကျွန်ုပ် ရေးသားထားသည်တို့ကို ၎င်းပိုင်ဆိုင်ခွင့်အရ ကာကွယ်ပေးထားသည်။ ကျွန်ုပ်ထံမှ ခွင့်ပြုချက် မရရှိဘဲ အခြားသူတို့ သုံးစွဲခွင့် မရှိပေ။ ကျွန်ုပ်တို့၏ ဉာဏ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်ခွင့်များဖြစ်သည့် ကုန်စည်အမှတ်အသား၊ မူပိုင်ခွင့်၊ မှတ်ပုံတင်မူပိုင်အစရှိသည်တို့သည် အကာအကွယ်များ ဖြစ်သည်။

စတော့ဈေးကွက်ထဲတွင် ရင်းနှီးမြှုပ်နှံသည့်အခါ ကျွန်ုပ်သည် အာမခံများကို လေ့လာသင်ယူရသည်။ ဥပမာအားဖြင့် ကျွန်ုပ်သည် ရောင်းရန် လုပ်ပိုင်ခွင့်၊ ဝယ်ရန် လုပ်ပိုင်ခွင့်ပေးပုံများကို သင်ယူရသည်။ တစ်ဆက်တည်းမှာ အရောင်းအော့ပရှင်း၊ အဝယ်အော့ပရှင်းများကို သင်ရသည်။ ရောင်းပိုင်ခွင့် ရယူထားခြင်း၊ ဝယ်ပိုင်ခွင့် ရယူထားခြင်းဖြင့် သူတစ်ပါး၏ ငွေကြေးကို ရယူသုံးစွဲခွင့် ရရှိထားပေရာ အာမခံချက်ရှိသည့်အပြင် အားဖြည့်တင်းခြင်းအဖြစ်လည်း အသုံးပြုခြင်း ဖြစ်သည်။

လူအများစုတို့သည် အဆိုပါ လုပ်ပိုင်ခွင့်များ ရောင်းခြင်း ဝယ်ခြင်းတို့အား သင်ယူဖို့အတွက် အချိန်ပေးလိုခြင်း မရှိကြချေ။ ကြိုရောင်း ကြိုဝယ် စာချုပ်ခြင်း၊ အခြားစတော့ဈေးကွက် အာမခံချက် ပုံစံအမျိုးမျိုး စသည်တို့ လုပ်ကိုင်တတ်အောင် သင်ယူဖို့အတွက်လည်း အချိန်မပေးလိုကြချေ။ သို့ဖြစ်ရာ အိမ်ခြံမြေတွင် ၎င်းတို့ ရင်းနှီးမြှုပ်နှံခြင်းသည် ပိုစိတ်ချရသည်ဟု ဆိုရမည်။ အကြောင်းမှာ အိမ်ခြံမြေတို့တွင် အာမခံ အကာအကွယ် ရှိထားပြီးသား ဖြစ်နေသောကြောင့် ဖြစ်သည်။



**ဘီ လေးပိုင်းစိတ်ကို တည်ဆောက်ခြင်း**

ဝင်ငွေ စီးဝင်နေရန် အလို့ငှာ စီးပွားရှာကြပုံများကို လေးပိုင်း ပိုင်းခြားပြီး ကြည့်နိုင်သည်။ အီး လေးပိုင်းစိတ်မှ E သည် employeeအလုပ်သမား ဖြစ်သည်။ ဘီ လေးပိုင်းစိတ်မှ B သည် Big Business ကြီးမားသော စီးပွားရှာလုပ်ငန်း ဖြစ်သည်။ အက်စ် လေးပိုင်းစိတ်မှ S သည် Small Business အသေးစား စီးပွားရှာလုပ်ငန်း ဖြစ်သည်။ အိုင် လေးပိုင်းစိတ်မှ I သည် Investor ရင်းနှီးမြှုပ်နှံသူ ဖြစ်သည်။ ဘီ လေးပိုင်းစိတ်တွင် တည် ဆောက်ရန်အတွက် အချိန်ပေးပြီး လုပ်ကိုင်သူ မဆိုစလောက်သာရှိသည်။ အကယ်၍ သင်သည် အချိန်ပေးပြီး ဘီ လေးပိုင်းစိတ်တွင် တည်ဆောက် ခဲ့ရာ၌ ဘီ လေးပိုင်းစိတ်ထဲတွင် ပိုင်ခွင့်ကို အောင်အောင်မြင်မြင်ဖြင့် တည်ဆောက်နိုင်မည်ဆိုပါက အကာအကွယ် ကောင်းကောင်း ရရှိနေမည်။ ထို့ပြင် အားဖြည့်တင်းခြင်းလည်း ရရှိနေမည်ဖြစ်သည်။




ဘီလေးပိုင်းစိတ်တွင် ကိုယ်ပိုင်စီးပွားကို စတင်မည်ဆိုပါက ကျွန်ုပ် အကြံပေးလိုသည်မှာ နေ့ဘက်၌ လုပ်ကိုင်လျက်ရှိသည့် အလုပ်ကို နေမြဲအတိုင်း ဆက်လက်လုပ်ကိုင်ရင်း ဘီလေးပိုင်းစိတ် စီးပွားကို အချိန်ပိုင်း လုပ်ကိုင်ခြင်းဖြင့် စတင်သင့်သည်။ ထိုသို့ လုပ်ကိုင်ရန် စိတ်ဝင်စားသည်ဆိုပါက ကွန်ရက်ဖွဲ့ ဈေးကွက်ဖော်ဆောင်သည့် လုပ်ငန်း တစ်မျိုးမျိုးကို လုပ်ကိုင်သင့်သည်။ ထိုလုပ်ငန်းတို့သည် လူသစ်များအတွက် အလွန်ကောင်းမွန်သော သင်တန်းများ ပို့ချပေးသည်။ သို့ဖြစ်ရာ သင်သည် ဘီလေးပိုင်းစိတ်တွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ရန် သင်တန်းတက်ပြီးသား ဖြစ်သွားမည်။

## ကျွန်ုပ် မသင်လိုသည်များနှင့် မတည်ဆောက်လိုသော စီးပွားများ

သင်သည် ကြိုရောင်းကြိုဝယ်ခြင်းဖြင့် အာမခံချက်ရယူခြင်းကို ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများကဲ့သို့ ကျွမ်းကျင်ပိုင်နိုင်အောင် သင်ယူလိုခြင်းမရှိ၊ ဘီလေးပိုင်း စိတ်တွင်လည်း စီးပွားတည်ဆောက်လိုခြင်း မရှိပါက မပူပါနှင့်။ ဤစာအုပ်ကို ဆက်လက်ဖတ်ရှုပါ။ သင် ဘာ လုပ်လို့ရသည်ကို သင် တွေ့မည်။ မည်သို့သော ရင်းနှီးမြှုပ်နှံမှုမျိုးတို့သည် သင့်အတွက် အကောင်းဆုံးဖြစ်မည်ကို သင် သိသွားမည်။ ရင်းနှီးမြှုပ်နှံမှုပြုရန် နည်းလမ်းများ အမြောက်အမြား ရှိနေသည်။ ရင်းနှီးမြှုပ်နှံစရာ ရင်းနှီးမြှုပ်နှံမှု အမျိုးအမည်များလည်း အများအပြား ရှိနေသည်။ ကျွန်ုပ်သည် အမြင့်မားဆုံး အားဖြည့်တင်းခြင်းဖြင့် ရိုးရိုးကလေး စတင်ခဲ့ပါသည်။ ကျွန်ုပ် သိသမျှထဲတွင် အကာအကွယ်အရှိဆုံး ရင်းနှီးမြှုပ်နှံမှု ပုံစံတစ်မျိုး ဖြစ်သည်။

ဘီ လေးပိုင်းစိတ်စီးပွား မည်သို့ တည်ဆောက်ရမည်ကို ကျွန်ုပ်အချိန် ပေးပြီး သင်ယူခဲ့သည်မှာ ကျွန်ုပ်အဖို့ အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု ဖြစ်ခဲ့ပေသည်။ ထိုသို့ တည်ဆောက်ရန် လူတိုင်းကို ကျွန်ုပ် မတိုက် တွန်းပါ။ သို့သော် ကိုယ့်စီးပွားကို ကိုယ်ပိုင်ဆိုင်လုပ်ကိုင်နေခြင်းသည် ရင်းနှီးမြှုပ်နှံမှုများ အကုန်လုံးတွင် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

### သတင်းကောင်း

သင် မည်သို့ ဆုံးဖြတ်သည်ဖြစ်စေ၊ ဤအခန်းအတွက် သင်ခန်းစာမှာ ပညာရှင်ဆန်သော ရင်းနှီးမြှုပ်နှံသူများသည် တန်ဖိုးရှိပိုင်ဆိုင်မှု ကာကွယ်ရေးနှင့် ပတ်သက်လာလျှင် ဖြစ်လာမှ ထလုပ်သည့် လူစားမျိုး မဟုတ်ကြချေ။ မဖြစ်ခင်ကတည်းက ကြိုတင်စီမံထားပြီးသား ဖြစ်သည်။ အာမခံထားခြင်းအတွက် ပထမစည်းမျဉ်းဖြစ်သည့် "သင် လိုအပ်သည့် အချိန်ကျမှ အာမခံကို သင် ဝယ်ယူ၍ မရပါ" ဆိုသည်ကို အစဉ်အမြဲ သတိရပါ။ သန်းချီသော ရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်ဒေါ်လာ ထရီလီယံချီသော ငွေများ ဆုံးရှုံးကုန်သည်။ သူတို့မှာ အာမခံ ထားရှိဖို့ လိုအပ်ပေသည်။ သို့သော် တစ်ဦးတစ်ယောက်မျှ အာမခံ မထားကြချေ။

အခန်း (၅)

# အခွန်သမားကို မေးကြည့်ပါ

အခွန်ဥပဒေများသည် စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ရေးဆွဲထားခြင်း ဖြစ်သည်။

သူဌေးဖေဖေ

သင်သည် ဝင်ငွေရခြင်း၊ ငွေဝင်လမ်း ဖန်တီးခြင်း ပြုပြီးသောအခါ သင့်ပိုက်ဆံကို စီမံခြင်း၊ အားဖြည့်တင်းခြင်း၊ ကာကွယ်ခြင်းတို့အတွက် အရေးအကြီးဆုံး လိုအပ်ချက်များတွင် တစ်ခုမှာ သင်ရနိုင်မည့် အခွန်လျှော့ပေါ့ခြင်းများ၊ ဆိုင်းငံ့ခြင်းများကို အပြည့်အဝ အကျိုးရှိအောင် ရယူရန်အတွက် အခွန်ဥပဒေများကို နားလည်ရန် ဖြစ်သည်။ ဤအခွန်အကျိုး ပြုချက်များသည် သင့်ဝင်ငွေကို အရှိန်တင်ရန် ပြုပေးကြသည်။ ငွေစီးဆင်းမှုကို ရွေ့လျားနေစေရန်နှင့် တိုးများစေရန် သင့်ကို ကူညီပေးသည်။

ကျွန်ုပ်တို့သည် အခွန်ဥပဒေအောက်တွင် တန်းတူဖန်တီးပေးထားခြင်း မဟုတ်ချေ။ အခွန်များသည် ကျွန်ုပ်တို့အတွက် အကြီးမားဆုံးနှင့် တစ်ခုတည်းဖြစ်သော ကုန်ကျစရိတ်ဖြစ်သည်။ ဝန်ထမ်းများသည် ဥပဒေအရ အခွန်အတွက် နုတ်ခံရခြင်း အနည်းဆုံးဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ကျင့်သုံးသော အခွန်ထမ်း လွတ်လပ်ရေးနေ့ကို သင် ကြားဖူးပေ လိမ့်မည်။ ၎င်းသည် နှစ်စဉ် မေလလယ်တွင် ကျရောက်သည်။ ဇန်နဝါရီလ ၁ ရက်မှ မေလလယ်အထိ ဝင်ထားသမျှ ပိုက်ဆံမှ တစ်နှစ်စာ ဝင်ငွေ ခွန် စည်းကြပ်ခံရန်

ပေးအပ်ရသည်။ သင့်အတွက် ဝင်ငွေ စတင်ရရှိခြင်း မရှိသေးခင်မှာ ပေးဆောင်ရခြင်း ဖြစ်သည်။ လုပ်ငန်းရှင်များသည် အလုပ်အကိုင်များ ဖန်တီးပေးသည်။ သို့ဖြစ်ရာ အစိုးရက အခွန်မက်လုံးများကို လုပ်ငန်းရှင်များအား ကမ်းလှမ်းသည်။ ဝန်ထမ်းများကို ကမ်းလှမ်းခြင်း မရှိချေ။ ဝင်ငွေစီးဆင်းခြင်း လေးပိုင်းစိတ်ကို သင် ဆန်းစစ်ကြည့်မည် ဆိုပါက အခွန်ဥပဒေများတွင် ကွဲပြားမှု ရှိနေသည် အမှန်ပင်ဖြစ်ကြောင်း ပိုမိုထင်ရှား ပြတ်သားမည် ဖြစ်သည်။




ရှေ့၌ ဖော်ပြခဲ့ပြီးဖြစ်သည့် လေးပိုင်းစိတ်တွင် E သည် employee အလုပ်သမား B သည် Big Business ကြီးမားသော စီးပွားရှာလုပ်ငန်း၊ S သည် Small Business အသေးစား စီးပွားရှာလုပ်ငန်း၊ I သည် Investor ရင်းနှီးမြှုပ်နှံသူ ဖြစ်သည်။ ထိုလေးပိုင်း စိတ် အသီးသီးတို့တွင် ရောက်ရှိ နေသူများ၏ စိတ်ပိုင်း၊ စိတ်လှုပ်ရှားခံစားမှု၊ နည်းပညာပိုင်းတို့သည် လေးပိုင်းစိတ်တစ်ခုနှင့်တစ်ခု ကွာခြားနေသည်။

ဝဲဘက်ခြမ်း အီး–အက်စ်နှင့် ယာဘက်ခြမ်း ဘီ–အိုင်တို့အရ ကြည့်မည်ဆိုလျှင် ဝဲဘက်ခြမ်းတွင် ရှိနေသူတို့သည် ဝင်ငွေရဖို့ တစ်ဦးချင်း ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရသည်။ ယာဘက်ခြမ်းတွင် ရှိနေသူတို့တွင် ဘီသည် အဖွဲ့ဖြင့် လုပ်ကိုင်ခြင်းဖြစ်ပြီး အိုင်သည် ပိုက်ဆံက အလုပ်လုပ် ပေးနေသည်။ သင့်ပိုက်ဆံက သင့်အတွက် လုပ်ကိုင် ပေးနေမည်ဖြစ်သည်။ ရည်မှန်းချက်မှာ ယာဘက်ခြမ်း လေးပိုင်းစိတ်ထံမှ သင်၏ ဝင်ငွေ ဝင်လာခြင်းကို များနိုင်သမျှ များများဖြစ်အောင်လုပ်ရန်ဖြစ်သည်။ ထိုအခြမ်းတွင် သင့်ပိုက်ဆံက သင့်အတွက် အလုပ်လုပ်ပေးနေသည်။



| **အီး–အက်စ်အခြမ်း** | **ဘီ–အိုင်အခြမ်း** |
|---|---|
| တစ်ဦးချင်း | အဖွဲ့ |
| လုံခြုံစိတ်ချခြင်း အရေးကြီး | လွတ်လပ်မှု အရေးကြီး |
| ကျောင်းမှ သင်ပေး | အတွေ့အကြုံမှ သင်ပေး |
| သင်ကိုယ်တိုင် အလုပ်လုပ် | အခြားသူများ၏ အချိန်နှင့် ပိုက်ဆံ အလုပ်လုပ် |
| အောင်မြင်မှုက သင့်ကို အလုပ်ရှုပ်စေ | အောင်မြင်မှုက သင့်ကို အချိန်အပို များပေး |
| အကျိုးအမြတ် အရေးကြီး | ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရငွေ အရေးကြီး |
| ဝင်ငွေ ကန့်သတ်ချက်ရ | ဝင်ငွေအကန့်အသတ်မရှိ |
| အခွန် အကျိုးခံစားခွင့် နည်းပါး | အခွန် အကျိုးခံစားခွင့် များပြား |

ကျွန်ုပ်တို့ မကြာခဏ မေးမြန်းသည့် မေးခွန်းမှာ အက်စ် လေးပိုင်းစိတ်မှ စီးပွားရေးသမားနှင့် ဘီလေးပိုင်းစိတ်မှ စီးပွားရေးသမား ဘာကွာခြားသနည်း။ ကွာခြားပုံမှာ ကြီးမားသည်။ များပြားသည်။ တစ်ခုမှာ အကယ်၍ အက်စ်လေးပိုင်းစိတ်မှ စီးပွားရေးသမား လုပ်ငန်းရှင်သည် အလုပ်ရပ်လိုက်မည်ဆိုပါက သူတို့၏ ဝင်ငွေသည် များသောအားဖြင့် ရပ်သွားသည်။ ဥပမာအားဖြင့် ပိုက်ပြင်ဆရာသည် အလုပ်ရပ်လိုက်မည် ဆိုပါက သူ့ဝင်ငွေ ဝင်ခြင်း ရပ်သွားမည်ဖြစ်သည်။ ဘီ လေးပိုင်းစိတ် စီးပွားရေးသည် Forbes မဂ္ဂဇင်းမှ ဝန်ထမ်း ၅၀၀ ဦး အထက်ရှိသည့် လုပ်ငန်းဟု သတ်မှတ်ပေးထားသော လုပ်ငန်းမျိုးဖြစ်သည်။

နောက်ထပ် ကွာခြားချက်မှာ ဘီလေးပိုင်းစိတ် စီးပွားရေးသည်နေရာ တစ်ခုမကဘဲ တစ်ချိန်တည်းမှာ လုပ်ကိုင်၍ ရသည်။ ဥပမာအားဖြင့် မက်ဒေါနယ်၏ စားသောက်ဆိုင်များနှင့် လမ်းဘေးတွင် ရောင်းသည့် ဟမ်ဘာဂါဆိုင်တို့ကို နှိုင်းယှဉ်ကြည့်နိုင်သည်။ လမ်းဘေးဆိုင်သည် တစ်နေရာတည်းမှာသာ ရောင်းချနေရသည်။ မက်ဒေါနယ်သည်

ကမ္ဘာတစ်လွှားတွင် ရောင်းသည်။

ဝန်ထမ်းတို့သည် စီးပွားရေးလုပ်ငန်းရှင်တို့ကို ကမ်းလှမ်းထားသည့် အခွန်လျှော့ပေါ့ခြင်း၏ အကျိုးကို ရယူရန် အချိန်ပိုင်း စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရန် ကျွန်ုပ် အကြံပြုပါသည်။ အက်စ်လေးပိုင်းစိတ် စီးပွား ရေးလုပ်ငန်းသည် များသောအားဖြင့် ဘီလေးပိုင်းစိတ် စီးပွားရေးလုပ်ငန်း ဖန်တီးရန် ပထမအဆင့် ဖြစ်နေတတ်ပေသည်။

**ကွဲပြားသော လေးပိုင်းစိတ်များအတွက်**
**ကွဲပြားသော အခွန်ဥပဒေများ**

လေးပိုင်းစိတ်အသီးသီးအတွက် အခွန်ဥပဒေများ သိသိသာသာ ကွဲပြားသည်။ ကွဲပြားသော အခွန်ဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းထားရာ၌ ဝဲဘက်ခြမ်းရှိ လေးပိုင်းစိတ်များအပေါ် သက်ရောက်မှု သိသိသာသာ ကြီးမားသည်။ လစာမြင့်မားသော ဝန်ထမ်းများနှင့် ကိုယ့်ကိုယ်ကိုယ် အလုပ်ခန့်ပြီး ကိုယ်ပိုင်လုပ်ငန်းမှာ လုပ်ကိုင်ကြသူများအား သူတို့၏ ဝင်ငွေရင်းမြစ်အရ အခြေခံပြီး အခွန်စည်းကြပ်သည်မှာ ဒုက္ခပေးနေသည့်နှယ် ဖြစ်နေသည်။

ဝန်ထမ်းလစာအပေါ် အခြေခံပြီး တွက်ချက်သော ကြိုတင်ခွန်ကို ပေးဆောင်ကြရသည်။ လစဉ်ပေးဆောင်ရပေရာ တစ်နှစ်စာ ပေါင်းလိုက်သည့်အခါ တုန်လှုပ်စရာ ဖြစ်သွားရသည်။ ဝန်ထမ်းအနေဖြင့် နုတ်ပယ်ပြီးသည့်နောက် အသားတင်လစာကိုသာ ရရှိခြင်း ဖြစ်သည်။ အစိုးရသည် ဝန်ထမ်းများထံမှ ၎င်းအတွက် ဝေစုကို အရင်ဦးစွာ ရယူပြီး သေချာအောင် လုပ်ထားသည်။

အခွန်နုတ်ပယ်ပြီး လက်ကျန်ငွေကိုသာ ဝန်ထမ်းသည် သုံးစွဲနိုင်မည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ပြုနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ရွေးချယ်စရာများအတွက် ကြီးမားသော အကန့်အသတ် ရှိနေစေပေသည်။ အခွန်လျှော့ပေါ့ခွင့် ရရှိမည့်အချက်များမှာလည်း ဝန်ထမ်းများအဖို့ အနည်းငယ်သာ ရှိသည်။

အက်စ် လေးပိုင်းစိတ်မှ ဝင်ငွေမြင့်မားသူများသည်လည်း လစာများသည့်အလျောက် ဝင်ငွေခွန်က ပိုများသည်။ လစာနည်းသူတို့အတွက် သက်ညှာထားခြင်းများကို ခံစားခွင့် မရရှိတော့ချေ။ ပိုရလေ ပိုစည်းကြပ်ခံရလေ ဖြစ်သည်။

ဘီနှင့် အိုင် လေးပိုင်းစိတ်တို့တွင် လုပ်ကိုင်နေသူများမှာ အခွန်သက်သာရန် အခွင့်အလမ်းများ ရှိနေသည်။ သို့ဖြစ်ရာ အီးနှင့် အက်စ် လေးပိုင်းစိတ်များတွင်



လုပ်ကိုင်နေကြသူတို့သည် အချိန်ပြည့်အလုပ်အပြင် အချိန်ပိုင်းအလုပ်ကို ယာဘက်ခြမ်းတွင် လုပ်ကိုင်သင့်ကြောင်း ကျွန်ုပ် အကြံပြု တိုက်တွန်းရခြင်း ဖြစ်သည်။ စီးပွားရာလုပ်ငန်း တန်ဖိုး ရှိပိုင်ဆိုင်မှုများကို စတင်တည်ဆောက်နိုင်မည်။ အခွန်ဥပဒေများမှအကျိုး ခံစားခွင့်များကိုလည်း ရယူနိုင်မည်။ ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းရှင်များ ရယူနေသည့် သက်သာမှုများကို ရယူနိုင်မည်ဖြစ်သည်။

အခွန်သက်သာမှု ရရှိထားသည်ကို ပညာပိုင်း ကျကျနန သင်ယူတတ်မြောက်ထားခြင်း မရှိပါက ဝယ်ယူသုံးစွဲခြင်းဖြင့် ပိုက်ဆံကို ကုန်စေမည်ဖြစ်ပြီး တန်ဖိုးရှိပိုင်ဆိုင်မှု ဝယ်ယူခြင်းနှင့် တည်ဆောက်ခြင်းတို့ကို ပြုဖြစ်မည် မဟုတ်ချေ။

**အခွန်သက်သာမှုသည် မည်သူ့အတွက်နည်း**

ရင်းနှီးမြှုပ်နှံမှုများ ပြုကြရန် အခွန်မက်လုံးအဖြစ် အခွန်သက်သာ ခွင့်များပေးသည်။ ဝင်ငွေခွန်ကို လျှော့ပေါ့ပေးသည်။ အခွန်ဆိုင်းငံ့ပေး သည်။ ငွေလုံးငွေရင်းတိုးများခြင်းအပေါ် စည်းကြပ်သည့် အခွန်ကိုလည်း လျှော့ပေါ့ပေးသည်။

အခွန်ကို ပြဋ္ဌာန်းကြသည့်အခါ နှစ်ထပ်ကွမ်း အခွန်ပေးဆောင်ရခြင်း မဖြစ်အောင် စဉ်းစားကိုင်တွယ်ပေးသည်များ ရှိတတ်သည်။ ဥပမာ ခွဲဝေပေးသည့် အမြတ်ဝေစု၏ အခွန်နှုန်းထားကို လျှော့ပေါ့ပေးခြင်းသည် ကော်ပိုရေးရှင်းအဆင့်၌ ဝင်ငွေကို အခွန်စည်းကြပ်ထားသဖြင့် အစုရှယ်ယာရှင်တို့အား ခွဲဝေသည့် အမြတ်ဝေစုတွင် အခွန်စည်းကြပ်ခြင်း လျှော့ပေါ့ပေးသည်။

ဘီလေးပိုင်းစိတ်တွင် ရှိနေသည့် စီးပွားရေးလုပ်ငန်းများသည် တစ်နှစ်တာဝင်ငွေများအတွက် ဂရုတစိုက်ဖြင့် အစီအစဉ် ရေးဆွဲထားခြင်း ဖြင့် အခွန်နှစ်ထပ်မပေးဆောင်ရအောင် စီမံကြသည်။ သို့ဖြစ်ရာ စီပွား ရာလုပ်ငန်းဖြစ်စေ၊ အိမ်ခြံမြေဖြစ်စေ ရင်းနှီးမြှုပ်နှံမှု ပြုသောအခါ စည်းစနစ်တကျ လုပ်ဆောင်ခြင်းဖြင့် သင်၏ ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးထားနိုင်မည်ဖြစ်သည်။

အကြံပြုလိုသည်မှာ တစ်ဦးတည်းပိုင်အဖြစ် လုပ်ကိုင်ခြင်း၊ တာဝန်ယူရခြင်း အကန့်အသတ် မထားရှိသည့် စီးပွားဖက် ပြုခြင်းများသည် သင်၏ ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ် အနည်းဆုံးဖြစ်နေစေသည်။ သို့ဖြစ်ရာ အန္တရာယ်များသည့် ရင်းနှီးမြှုပ်နှံမှုမျိုး ဖြစ်သည်။ လုပ်ငန်းဆုံးရှုံးမှု ဖြစ်ပေါ်ပါက မိမိ၏ ပိုင်ဆိုင်မှုများဖြင့် ပေးလျော်ရာ၌ အကန့်အသတ် မရှိချေ။

**တန်ဖိုးရှိ ပိုင်ဆိုင်မှုများအတွက် ကွဲပြားသော အခွန်ဥပဒေများ**

တန်ဖိုးရှိပိုင်ဆိုင်မှုများကို အမျိုးအစား ခွဲခြားသတ်မှတ်ပြီး သက်ဆိုင်သည့် အခွန်ဥပဒေများအရ ဆန်းစစ်ရမည် ဖြစ်သည်။

| တန်ဖိုးရှိပိုင်ဆိုင်မှု | အကျိုးခံစားခွင့် |
|---|---|
| စီးပွားရှာလုပ်ငန်း | ကုန်ကျစရိတ်များ နုတ်ပယ်ခြင်း<br>စီးပွားရေး အရှုံးပေါ်သည်ကို<br>နုတ်ပယ်ခြင်း |
| အိမ်ခြံမြေ | ဟောင်းနွမ်းမှုကြောင့်<br>တန်ဖိုးလျော့ခြင်း။ ငွေလဲနှုန်း |
| စာရွက်စာတမ်း<br>(အခွန်ကင်းလွတ် သည့်<br>အစိုးရ ငွေချေးစာချုပ်များ) | ငွေလုံးငွေရင်း တိုးများခြင်း<br>အခွန်နှုန်းထားများ<br>အမြတ်ဝေစု အခွန်နှုန်းထားများ |

**စီးပွားရေးသမားအဖြစ် လေ့ကျင့်ပေးမည့်**
**အချိန်ပိုင်းအလုပ်ကို စဉ်းစားခြင်း**

ကွန်ရက်ဈေးကွက်စီးပွားရေးလုပ်ငန်း၌ စတင်လုပ်ကိုင်ရန် ကျွန်ုပ်က အကြံပြုခြင်းအတွက် အကြောင်းတစ်ချက်မှာ ကျွန်ုပ်သည် ကွန်ရက်ဈေးကွက်တွင် လုပ်ကိုင်ခြင်း မရှိသော်လည်း ၎င်းစီးပွားရေးသည် ငွေကြေးတတ်နိုင်မှု နည်းပါးသူတစ်ဦးကို ဘီလေးပိုင်းစိတ်တွင် တည်ဆောက်မှုပြုရန် အခွင့်သာစေသောကြောင့် ဖြစ်သည်။ ကွန်ရက်စီးပွားရေးလုပ်ငန်းထံမှ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ရယူပြီး မိမိမှ ပြန်လည်ရောင်းချပေးခြင်းဖြင့် ကော်မရှင်ပွဲခကို ရရှိသည်။ သို့ဖြစ်ရာ ထိုစနစ်သည် အကန့်အသတ်မရှိ တိုးချဲ့၍ ရသည်။

သင်သည် အက်စ် လေးပိုင်းစိတ်ဖြင့် စတင်နိုင်သည်။ သို့သော် ကွန်ရက်ဈေးကွက်လုပ်ငန်းမှ လမ်းညွှန်မှု၊ သွန်သင်မှုနှင့် စနစ်များကြောင့် သင်သည် ဘီလေးပိုင်းစိတ်တွင် လုပ်ကိုင်တတ်သွားမည် ဖြစ်သည်။ သို့သော် သတိပြုရမည်မှာ



ကွန်ရက်ဈေးကွက် စီးပွားရေးလုပ်ငန်းအသွင် ခံယူထားသော MLM (Multi Level Marketing) လုပ်ငန်းများ ရှိနေခြင်း ဖြစ်သည်။

အကယ်၍ ကွန်ရက်ဈေးကွက် စီးပွားရေးလုပ်ငန်းသည် ကောင်းမွန်သည်ဆိုပါက စိတ်ဓာတ်ရေးရာအရ ထောက်ခံမှုကို ရရှိမည့်အပြင် စီးပွားရေးလုပ်ကိုင်ရန် တတ်ကျွမ်းမှုများကိုပါ လုပ်ငန်းခွင်သင်တန်းပေး မည် ဖြစ်သည်။ ထိုလုပ်ငန်းခွင်သင်တန်းမျိုးကို ကျောင်းများတွင် သင်ပြ ခြင်း မရှိချေ။ သို့သော် လက်တွေ့ စီးပွားရေးလောကတွင် အောင်မြင်မှုရရှိရန်အတွက် လိုအပ်လှပေသည်။ သို့ဖြစ်ရာ မိမိ၏ ငွေရေးကြေးရေး အောင်မြင်မှုနှင့် သူတစ်ပါး အားကိုးရခြင်းမှ ကင်းခြင်းတို့ကို အလေးအနက်ထားသူများအား ကွန်ရက်ဈေးကွက် စီးပွားရေးလုပ်ငန်းကောင်းကောင်းတစ်ခုတွင် လုပ်ကိုင်ဖို့ ကျွန်ုပ် မကြာခဏ အကြံပြုရခြင်း ဖြစ်သည်။ ထိုကြောင့်လည်း သင်လုပ်ကိုင်နိုင်သော အကောင်းဆုံးရင်းနှီးမြှုပ် နှံမှုသည် သင့်ကိုယ်ပိုင် ဘီ လေးပိုင်းစိတ်စီးပွားရေးထဲသို့ ရင်းနှီးမြှုပ်နှံမှု ပြုခြင်းဖြစ်ကြောင်း ကျွန်ုပ် မကြာခဏ ပြောဆိုခြင်းဖြစ်သည်။ မသေချာ မရေရာသည့် စီးပွားရေးလောကထဲတွင် များသောအားဖြင့် သင့်ကို အကာအကွယ် အရဆုံးဖြစ်အောင် ပြုပေးသည်။ ဘီလေးပိုင်းစိတ်တွင် စီးပွားရေး စတင်ခြင်းသည် ဆုံးရှုံးမည့်အရေး ရှိပါသလား။ အဖြေမှာ ရှိပါတယ်ဟူ၍ ဖြစ်သည်။ သို့သော် သေချာသည်မှာ အီးနှင့် အက်စ် လေးပိုင်းစိတ်တို့တွင် ရှိနေသူများသည် အကာအကွယ် အနည်းအကျဉ်းမျှသာရရှိကြခြင်း ဖြစ်သည်။ ဘီလေးပိုင်းစိတ်တွင် လုပ်ကိုင်သူတို့၏ ဆုံးရှုံးမှုများသည် မရေရာခြင်း မဟုတ်ချေ။ သူတို့၏ ဆုံးရှုံးမှုများအတွက် အာမခံချက် ရှိသည်။

**ကောင်းသော ဆုံးရှုံးမှုများနှင့် ဆိုးသော ဆုံးရှုံးမှုများ**

ရင်းနှီးမြှုပ်နှံမှုပြုရန် လူအများတို့ ကြောက်ရွံ့ကြရခြင်းအတွက် အကြောင်းတစ်ချက်မှာ သူတို့၏ ပိုက်ဆံများ ဆုံးရှုံးမည်ကို စိုးရိမ်ခြင်း ဖြစ်သည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုများ အားလုံးသည် ဆုံးရှုံးမှု တူညီခြင်း မဟုတ်ချေ။ ကောင်းသောအကြွေးနှင့် ဆိုးသောအကြွေး ရှိသည့် နည်းတူ၊ ကောင်းငွေဝင်ငွေနှင့် ဆိုးသောဝင်ငွေ ရှိသည့် နည်းတူ ကောင်းသောဆုံးရှုံးမှု နှင့် ဆိုးသောဆုံးရှုံးမှုတို့ ရှိနေပေသည်။

ကျွန်ုပ်၏ အသိမိတ်ဆွေတစ်ဦးသည် ဆရာဝန် ဖြစ်သည်။ သူက စတော့ဈေးကွက်ထဲတွင် ကန်ဒေါ်လာ တစ်သန်းကျော် ဆုံးရှုံးခဲ့သည်။ ထို့သို့ ငွေဆုံးရှုံး ရ

သည့်အတွက် စိတ်မှာ ဆိုးဆိုးဝါးဝါး ခံစားရသော်လည်း သူက ဆုံးရှုံးမှုကို ကာမိအောင် အခွန်ပေးဆောင်ရာ၌ ဝင်ငွေကို လျှော့ပြနိုင်မည့် နည်းလမ်းကို ရှာဖွေနိုင်မည်ဟု ထင်သည်။ တစ်နည်းဆိုရသော် ဆုံးရှုံးမှုများကို အကျိုးခံစားခွင့်တစ်မျိုးအဖြစ်သို့ ပြောင်းလဲပေးလိုက်ခြင်း ဖြစ်သည်။

သူ၏ အခွန်ငွေစာရင်းကိုင်ထံမှ ပြန်လာသောအခါ သူက ကျွန်ုပ်ကို ဖုန်းဆက်သည်။ "ခင်ဗျား သိလား။ ကျွန်တော့် ဝင်ငွေမှာ တစ်နှစ်တာအတွက် လျှော့လို့ရတာ ကန်ဒေါ်လာ ၃,၀၀၀ အထိပဲ အရှုံးပြလို့ရတယ်" ထိုနှုန်းအရဆိုလျှင် ကန်ဒေါ်လာတစ်သန်းကို လျှော့ပြရန်အတွက် နှစ် ပေါင်း ၃၀၀ ကြာမည်ဟုလည်း သူက ပြောသည်။ ကျွန်ုပ်၏ မိတ်ဆွေအဖို့ စတော့ဈေးကွက်တွင် ဆုံးရှုံးခဲ့ခြင်းသည် ဆိုးသော ဆုံးရှုံးမှုဖြစ်ပေသည်။ သူက ငွေဆုံးရှုံးသည်။ ထိုဆုံးရှုံးမှု အားလုံးကို ကာမိအောင် အခွန်သက် သာခွင့်အား သူ့ကို ခွင့်မပြုချေ။

## ဆုံးရှုံးမှုများအားလုံးထဲတွင် အကြီးမားဆုံး ဆုံးရှုံးမှု

ဝမ်းအနည်းရဆုံး ဆုံးရှုံးမှုများအားလုံးထဲတွင် ပါဝင်သည်မှာအငြိမ်း စားအစီအစဉ်ဖြင့် ရင်းနှီးမြှုပ်နှံထားသည့် သာမန် ရင်းနှီးမြှုပ်နှံသူများ၏ ဆုံးရှုံးမှု ဖြစ်သည်။ ထိုအစီအစဉ်မျိုးတွင် ဆုံးရှုံးမှု ဖြစ်ပေါ်ပါက အခွန် သက်သာခွင့် မရရှိကြချေ။ ကန်ဒေါ်လာ တစ်သန်း ဆုံးရှုံးသွားခဲ့သည့် ဆရာဝန်သည် တစ်နှစ်လျှင် ကန်ဒေါ်လာ ၃,၀၀၀ လျှော့ပေါ့ခွင့် ရှိသေး သည်။ အငြိမ်းစားအစီအစဉ်တွင် ပိုက်ဆံဆုံးရှုံးကြသူများသည် အခွန် သက်သာခွင့် လုံးဝ မရရှိကြချေ။

ထိုသို့ သက်သာခွင့် မရရှိသည်မှာ အငြိမ်းစားအစီအစဉ်မျိုးတို့တွင် ထည့်သွင်းသော ပိုက်ဆံတို့သည် နဂိုကတည်းက အခွန်စည်းကြပ်ခြင်း မရှိသဖြင့် ဆုံးရှုံးသွားသည့်အခါတွင်လည်း အခွန်သက်သာခွင့် မရရှိနိုင် ချေ။ သို့သော် သူတို့အဖို့ ဆုံးရှုံးမှုကို တကယ်ကြုံကြရခြင်း ဖြစ်သည်။

## အိမ်ခြံမြေနှင့် စီးပွားရေးလုပ်ငန်းတို့တွင် ဆုံးရှုံးခြင်းများသည် ကောင်းသောဆုံးရှုံးခြင်းများ ဖြစ်သည်

စိတ်ဝင်စားစရာမှာ အိမ်ခြံမြေတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်း တည်ဆောက်ရာတွင် ဖြစ်စေ ရင်းနှီးမြှုပ်နှံထားသူတစ်ဦးသည် ဆုံးရှုံးမှုဖြစ်ပေါ် ပါက အခွန်ခံစားခွင့်



များကို ရရှိကြသည်။ ဥပမာအားဖြင့် လုပ်ငန်းရှင် တစ်ဦးသည် ကန်ဒေါ်လာသန်းအနည်းငယ် ဆုံးရှုံးခဲ့သည် ဆိုပါစို့။ ထိုဆုံးရှုံးမှုကို ၎င်း၏ ဝင်ငွေမှ နုတ်ပယ်၍ ရသည်။ စီးပွားရှာလုပ်ငန်းသည် အသားတင်အရှုံးပြနေပါက လုပ်ငန်းရှင်သည် အဆိုပါလုပ်ငန်းကို ဝယ်ယူလိုသူထံ ရောင်းချ၍ ရသည်။ သို့သော် တင်းကျပ်သည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရသည်။

စီးပွားရှာလုပ်ငန်း တည်ဆောက်ရသည်မှာ ဆုံးရှုံးမည့်အရေး ရှိနေသည်ဟု ပြောဆိုကြသည်ကို ကျွန်ုပ် မကြာခဏ ကြားရသည်။ အခွန်ဝန်ထမ်း၏ ရှုထောင့်မှ တန်ဖိုးရှိပိုင်ဆိုင်မှုကို ကြည့်မည်ဆိုပါက စတော့နှင့် ပေါင်းစုရန်ပုံငွေတို့တွင် ရင်းနှီးမြှုပ်နှံသည်က ဆုံးရှုံးမည့်အန္တရာယ် ပိုကြီးမားသည်။ ကျွန်ုပ်သည် စီးပွားရှာလုပ်ငန်းတစ်ခု တည်ဆောက်ရာ၌ ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါက ဝင်ငွေတွင် နုတ်ပယ်ခြင်းဖြင့် အခွန်ပေးဆောင်ရမည့်ပမာဏ သက်သာမှုရမည်ဖြစ်သည်။ အရှုံးထဲမှ အမြတ်ထုတ်နိုင်သည်။ တန်ဖိုးရှိပိုင်ဆိုင်မှုသည်စာရွက် စာတမ်းသက်သက် ပိုင်ဆိုင်ထားခြင်း ဖြစ်နေပါက ဆုံးရှုံးမှုသည်တကယ့် ဆုံးရှုံးမှု ဖြစ်သည်။ အခွန်သက်သာရာ သက်သာကြောင်း မရရှိနိုင်ပေ။

အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံသူများသည် ဟောင်းနွမ်းသွားခြင်းကြောင့် တန်ဖိုးလျှော့လျာထားချက်အရ တန်ဖိုးလျှော့ပြ၍ ရသည်။ ငွေစာရင်းရှင်းတမ်းတွင် ၎င်းတန်ဖိုးလျှော့သွားခြင်းသည် ဆုံးရှုံးမှုတစ်ခုအဖြစ် ပြသထားသည်။ အကယ်စင်စစ် တကယ်ဆုံးရှုံးသွားခြင်း မဟုတ်ချေ။ စာရွက်ပေါ် တွက်ချက်ပြီး ဆုံးရှုံးခြင်းသာ ဖြစ်သည်။ ကောင်းမွန်သော အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုသည် သင့်အတွက် ငွေစီးဆင်းမှုကို ထုတ်လုပ်ပေးမည် ဖြစ်သည်။ အိမ်ငှားရမ်းခ ဝင်ငွေကို အဆောက်အဦ ဟောင်းနွမ်းခြင်းကြောင့် တန်ဖိုးကျခြင်းနှင့် ထေလိုက်ပြီးသောအခါ ဝင်ငွေ မကျန်ရှိတော့သဖြင့် ဝင်ငွေခွန် ပေးဆောင်ရန် မလိုအပ်တော့ချေ။

ကျွန်ုပ်သည် ရင်းနှီးမြှုပ်နှံသူတစ်ဦးအဖြစ် စတင်သည့်အခါ ထိုသို့ သက်သာခွင့်ရရှိခြင်းသည် ကျွန်ုပ်အဖို့ အဓိပ္ပာယ် အနည်းငယ်သာရှိခဲ့သည်။ ယနေ့အထိလည်း နားလည်နိုင်ဖို့အတွက် ဦးနှောက်စားနေရဆဲ ဖြစ်သည်။ သို့သော် ကျွန်ုပ် ရင်းနှီးမြှုပ်နှံထားသည့် ဒေါ်လာများအတွက် မြင့်မားသည့် အမြတ်ငွေများ ပြန်လည်ရရှိရာ၌ ယခုလို တန်ဖိုးလျှော့လျာ ထားခြင်းကို နုတ်ပယ်ခြင်းကြောင့် ရရှိသော ဆုလာဘ်သည် အကြောင်းတစ်ချက် ဖြစ်သည်။

## စာရွက်စာတမ်း တန်ဖိုးရှိ ပိုင်ဆိုင်မှုများအတွက် မဟာဗျူဟာ

အခွန်ဥပဒေသည် စာရွက်စာတမ်း တန်ဖိုးရှိ ပိုင်ဆိုင်မှု အများစုတွင် ရေရှည် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါက သက်ညှာမှုများ ရှိနေသည်။ ရေရှည် ငွေလုံးငွေရင်း တိုးများခြင်းနှင့် အမြတ်ဝေစုများအတွက် အခွန်နှုန်းထားများကို လျှော့ပေါ့ထားသည်။ ဝန်ထမ်းတို့အဖို့ အငြိမ်းစား အစီအစဉ်တွင် ငွေထည့်ဝင်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုပြုခြင်းဟု ယူဆကြသော်လည်း သူဌေးဖေဖေက ရင်းနှီးမြှုပ်နှံမှု မဟုတ်၊ စုဆောင်းငွေသာ ဖြစ်သည်ဟု ယူဆသည်။ ငွေကို အိပ်ခိုင်းထားခြင်းသာ ဖြစ်နေပြီး အရှိန်တင်ခြင်း မဟုတ်သောကြောင့် ဖြစ်သည်။

သူဌေးဖေဖေ၏ အစီအစဉ်၌ စီးပွားရှာလုပ်ငန်းများ တည်ဆောက်ခြင်း၊ အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် စာရွက်စာတမ်း တန်ဖိုးရှိ ပိုင်ဆိုင်မှုတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ ပါဝင်သည်။ ခြုံငုံထားသော မဟာ ဗျူဟာတွင် ငွေစီးဆင်းမှုကို ထည့်စဉ်းစားထားခြင်း၊ အခွန်များနှင့်အကာ အကွယ်များ ပါဝင်သည်။

အာမခံငွေချေးစာချုပ်များ၊ စတော့များတွင် ရင်းနှီးမြှုပ်နှံသူကို အီဘစ်ဒါ (EBITDA)ဟု ခေါ်ဝေါ်ကြသည်။ Earning Before Interest, Taxes, Depreciation and Amortization ကို အတိုကောက် ပြုထားခြင်း ဖြစ်သည်။ ရရှိသော ဝင်ငွေအချိုးကို ချင့်ချိန်ရာ၌ P/Eကို သုံးသည်။ Price/Earning ကို ဆိုလိုသည်။ ဝယ်ယူသည့် ဈေးနှုန်းကို ပြန်ရသည့် ဝင်ငွေနှင့် အချိုးချခြင်း ဖြစ်သည်။ ထိုသို့ အသုံးပြုခြင်း များပြားသော်လည်း ရင်းနှီးမြှုပ်နှံမှုပြုရန် ဆုံးဖြတ်ချက်အတွက် လိုအပ်သော သိသင့် သိထိုက်သည်တို့ကို တကယ်ပြောပြအသိပေးခြင်း မရှိချေ။

## အကျဉ်းချုပ်

အခွန်ဥပဒေအကြောင်း အရေးပါသည် အချက်အချို့ကို တင်ပြအပ်ပါသည်။

- သင်၏ တန်ဖိုးရှိ ပိုင်ဆိုင်မှုများ အကာအကွယ် အများဆုံး ရရှိနေစေပြီး ပေးဆောင်ရသည့်အခွန်ကို အနည်းဆုံးဖြစ်အောင်လုပ်ဆောင်ရမည်။ ထို့အတွက် ဆီလျော်သော ပိုင်ခွင့်ဖြင့် သင်၏ တန်ဖိုးရှိပိုင်ဆိုင်မှုများကို ချုပ်ကိုင်ထားရမည်။
- အခွန်အစီအစဉ် အချိန်ဇယားကို ကျကျနန ရေးဆွဲပြီး သင်၏ အခွန်များကို လျှော့ချရမည်။



- အခွန်ဥပဒေ အပြောင်းအလဲများ ရှိလာပါက နားလည်တတ်ကျွမ်းသူနှင့် တိုင်ပင်ရမည်။ မိမိ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် မည်သို့သော သက်ရောက်မှု ရှိမည်ကို ဆန်းစစ်ရမည်။ မိမိအပေါ် မည်သို့ သက်ရောက်မှုရှိမည်ဆိုသည်ကိုလည်း ဆန်းစစ်ရမည်။
- အချိန်ပိုင်း စီးပွားရှာလုပ်ကိုင်ခြင်းကို မစတင်ရသေးပါက စတင်ဖို့ စဉ်းစားဆုံးဖြတ်ပါ။
- တစ်ကိုယ်ရေ အသုံးစရိတ်များကို သုံးသပ်ပြီး လုပ်ငန်းအသုံးစရိတ် များအဖြစ် စာရင်းပြ၍ ရမရ ဆန်းစစ်ပါ။
- ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သော ဝေါဟာရများ၊ အသုံးအနှုန်းများကို လေ့လာသင်ယူပါ။
- ငွေစီးဆင်းမှု အများဆုံး ဖြစ်အောင် လုပ်ဆောင်ပါ။ အခွန်ပေးဆောင်ရခြင်း အနည်းဆုံး ဖြစ်အောင် လုပ်ဆောင်ပါ။ ထို့အချက်နှစ်ချက်အတွက် သင်၏ ရင်းနှီးမြှုပ်နှံမှုများ မဟာဗျူဟာကို ကျကျနန အစီအစဉ် ရေးဆွဲပါ။
- အခွန်သက်သာမှု ရရှိသမျှတို့ကို ပြန်လည်ရင်းနှီးမြှုပ်နှံမှု ပြုပါ။ တန်ဖိုးရှိ ပိုင်ဆိုင်မှုများ ဝယ်ယူခြင်း၊ ဖန်တီးခြင်းတို့ ပြုလုပ်ပါ။

အခန်း (၆)

# စာနယ်ဇင်းသမားများကို မေးကြည့်ပါ

မင်းရဲ့ စိတ်ဆီ ဝင်တဲ့ တံခါးကို စောင့်ကြပ်ပါ။

သူငွေးလေ

## လွတ်လပ်စွာ လိမ်ညာခွင့်

အကယ်ဒမီတွင် ကျွန်ုပ် လေးနှစ်တိုင်တိုင် ပညာသင်ယူစဉ်သင်ကြားရသည့် စာများတွင် စီးပွားရေးဥပဒေ၊ နိုင်ငံတကာ ဥပဒေ၊ ပင်လယ်ပြင် ဥပဒေဖြစ်သည့် ရေတပ်မတော်ဥပဒေတို့ကို သင်ယူဖို့ လိုအပ်သည်။ ကျွန်ုပ်တို့သည် ရှေ့နေဖြစ်ဖို့ သင်ယူနေကြခြင်း မဟုတ်ဘဲ ကမ္ဘာတစ်လွှားရှိ ဆိပ်ကမ်းများသို့ ကုန်စည်ပို့ဆောင်သော ကုန်တင်သင်္ဘော၏ ရေကြောင်းအရာရှိဖြစ်ဖို့ သင်ယူနေကြခြင်းဖြစ်ပေရာ ကျွန်ုပ်တို့၏ သက်မွေးအလုပ်အတွက် သင်တန်းပို့ချရာ၌ ကွဲပြားခြားနားသော ဥပဒေအမျိုးမျိုးတို့ကို သိထားဖို့သည် မဖြစ်မနေ လိုအပ်ချက်ဖြစ်သည်။

ကျွန်ုပ်တို့ကို နိုင်ငံတကာဥပဒေ သင်ပြပေးသူမှာ အမေရိကန်ပြည်ထောင်စု အခြေခံဥပဒေကို အယူသန်သူတစ်ဦး ဖြစ်သည်။ သူက အခွင့်သာတိုင်း ဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်း တစ်ခုခုကို ပြောဆို သည်။ အထူးသဖြင့် ကျွန်ုပ်တို့ နိုင်ငံ၏ ဥပဒေများကို အခြားနိုင်ငံတို့၏ ဥပဒေများနှင့် နှိုင်းယှဉ်ပြောဆိုသည့်အခါမျိုးတွင်



ဖြစ်သည်။ သူက အထူးတလည် စိတ်အားထက်သန်သည်မှာ ပထမပြင်ဆင်ချက် ဖြစ်သည်။ ၎င်းသည် လွတ်လပ်စွာ ပြောဆိုခွင့်၊ သတင်းလွတ်လပ်ခွင့်တို့ကို ကာကွယ်ပေးထားသည်။ သူ့အဖို့ ဤသို့ အာမခံထားသည့် ရပိုင်ခွင့်များက အမေရိကကို ထူးကဲပြောင်မြောက်နေစေသည်။ သူက မကြာခဏ ပြောလေ့ရှိသည်မှာ "ကမ္ဘာပေါ်မှာ တခြားနိုင်ငံတွေကို ကြည့်ရင် သတင်းစာလွတ်လပ်ခွင့် မရှိဘူး။ လွတ်လပ်စွာ ပြောခွင့်မရှိဘူး။ အမေရိကမှာ မင်းတို့ ပြောချင်တာကို ပြောဖို့ အခွင့်ရှိကြောင်း အာမခံချက်ပေးထားတယ်။ အဲဒါဟာ အမေရိကရဲ့ ထူးကဲပြောင်မြောက်ခြင်းပဲ"

ငယ်ရွယ်သူဖြစ်ပြီး အတွေ့အကြုံနုသည့်အပြင် အတွေးအမြင်ပဓာန ဖြစ်နေသူဖြစ်သော ကျွန်ုပ်သည် သင်ပြသူက ကျွန်ုပ်တို့၏ ရှေးလူကြီးများ ထူးချွန်ပုံကို ပြောပြသည့်အတိုင်း ကြည်ညိုလေးစားမိသည်။ သူတို့သည် မြေ၏ ဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသူများ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားသည့် စံများ သည် မည်မျှအထိ တော်လှန်ပြောင်းလဲထားကြောင်း သင်ပြသူက သူ့အတန်းကို သတိပြုမိအောင် အစွမ်းကုန် ကြိုးစားပြီးပြောပြသည်။ ကျောင်းပြီးသွားသည့်နောက် တကယ့်လောကထဲသို့ ကျွန်ုပ် ဝင်ရောက်သောအခါ၌ ဖွဲ့စည်းပုံအခြေခံဥပဒေက စာရွက်ပေါ်မှာ အာမခံထားသော စံများသည် လက်တွေ့လောကတွင် များသောအားဖြင့် စံထက်လျော့နည်း နေကြောင်း ကျွန်ုပ် သဘောပေါက်ခဲ့သည်။

ငယ်ရွယ်သူဖြစ်ပြီး အတွေ့အကြုံမရှိသဖြင့် ပြောတိုင်းယုံသော ကျွန်ုပ်က လွတ်လပ်စွာ ပြောဆိုခွင့်ဆိုသည်မှာ ကျွန်ုပ်တို့ အမှန်အတိုင်း ပြောဆိုခွင့်ကို ဆိုလိုသည်ဟု တကယ်ယူဆခဲ့သည်။ နှစ်အတန်ကြာပြီး ချိန်ကျမှ ကျွန်ုပ်သည် နောက်ဆုံး၌ သဘောပေါက်သွားခဲ့သည်မှာ လွတ်လပ်စွာ ပြောဆိုခွင့်သည် လိမ်ညာပြောခွင့်ကို ကာကွယ်ပေးခြင်း ဖြစ်ပြီး လိုလားအပ်သော ဆက်သွယ်ပြောဆိုခြင်း မဟုတ်သော ပြောဆိုမှုများကိုလည်း အကာအကွယ် ပေးသည်။

## နိုင်ငံရေးသမားများ လိမ်ညာသလား

လတ်တလော သမိုင်းနှင့် ကျွန်ုပ်တစ်သက်တာတွင် အမေရိကန်သမ္မတ အနည်းဆုံး သုံးဦးတို့သည် ပြောကြားချက် တစ်ခုတည်းစီအတွက်ကြောင့် မှတ်မိနေကြမည် ဖြစ်သည်။

ကျွန်တော်က ကလိမ်ကကျစ် မဟုတ်ဘူး (သမ္မတ ရစ်ချတ်နစ်ဆင်)

ကျွန်တော် ပြောတာ သေသေချာချာ နားထောင်။ ဘာအခွန်အသစ်မှ မရှိဘူး။ (သမ္မတ ဂျော့အိပ်ချ်ဒဗလျူ ဘွတ်ရှ်)

အဲဒီအမျိုးသမီးနဲ့ ကျွန်တော် လိင်မဆက်ဆံခဲ့ပါဘူး။ (သမ္မတ ဘီလ်ကလင်တန်)

## လိမ်ညာခြင်းအပေါ် သုတေသန စီမံကိန်း

ဗြိတိန်နိုင်ငံရှိ University of Strathclyde မှ နိုင်ငံရေးသိပ္ပံပညာရှင်များသည် ပြင်းထန်သော သုတေသန စီမံကိန်းတစ်ခုကို လုပ်ဆောင်ခဲ့ကြပြီးသည့်အခါ နိုင်ငံရေးသမားများ လိမ်ညာသည်ဟု ကောက်ချက်ချခဲ့ကြသည်။ နိုင်ငံရေးသိပ္ပံပညာရှင် ဂလင်နယူးဝေး၏ တွေ့ရှိချက်များ ကို အစိုးရမှ ထောက်ပံ့သည့် စီးပွားရေးနှင့် လူမှုရေး သုတေသနကောင်စီ မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ "နိုင်ငံရေးသမားများသည် လိမ်ညာခြင်းအကြောင်းကို ပိုမိုရိုးသားဖို့ လိုအပ်သည်" ဟု ၎င်းက ရေးသားထားသည်။

အင်္ဂလိပ်အစိုးရသည် ထိုကဲ့သို့သော တန်ဖိုးရှိပြီး အသိတိုးစေသည့် သုတေသန စီမံကိန်းမျိုးတို့ကို အခွန်ထမ်းတို့၏ ငွေကို သုံးစွဲပြီး အားပေး မြှင့်တင်ပေးသည့်အတွက် အမေရိကန်နိုင်ငံမှ အခွန်ထမ်းတစ်ဦးအနေဖြင့် ကျွန်ုပ် ပျော်ရွှင်အားတက်မိသည်။ နိုင်ငံရေးသမားတို့အပေါ် နောက်ဆုံး၌ အမှန်အတိုင်း သိရခြင်းသည် ကောင်းချက်ဖြစ်သည်။ ကျွန်ုပ်သည် နိုင်ငံရေးသမားများ လိမ်ညာနေသလား၊ အမှန်ကို ပြောသလား ဆိုသည်ကို အမြဲ သို့လောသို့လော ဖြစ်နေခဲ့သည်။ ယခု ကျွန်ုပ် သိရပေပြီ။

## လွတ်လပ်စွာ လိမ်ညာခွင့်၊ လှည့်ဖြားခွင့်၊ ထိခိုက်နစ်နာအောင် ပြုခွင့်

ယခုအခါ ကျွန်ုပ်သည် အသက်ပိုကြီးနေပြီဖြစ်ပြီး အနည်းငယ် ပိုမိုလိမ္မာပါးနပ်သူလည်း ဖြစ်နေပြီ ဖြစ်ပေရာ လွတ်လပ်စွာ ပြောဆို ခွင့်နှင့် သတင်းလွတ်လပ်ခွင့်တို့၏ စံများသည် မည်မျှ ကြီးမားပြီး တခဲနက် ဖြစ်သည်ကို သဘောပေါက်စ ပြုသည်။ ကျွန်ုပ်၏ တည်ငြိမ် အေးဆေးသော အခိုက်အတန့်များတွင် ကျွန်ုပ်သည် များသောအားဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ရင်း ကျွန်ုပ်တို့၏ ရဲရင့်ပြီး ထူးချွန်ပြောင်မြောက်သည့် ရှေးလူကြီးများသည် တိုင်းပြည်၏ လူအများ အားလုံးတို့ကို ထိုသို့သော စံကို အာမခံချက်ပေးရန် ခွင့်ပြုခဲ့ခြင်းအပေါ် သတိမူမိခြင်းကို တိုးချဲ့ရန် ကျွန်ုပ် အစွမ်းကုန် လုပ်ကိုင်သည်။ ထိုသို့သော လွတ်လပ်ခွင့်များမှ ခွင့်ပြုထားသည့် အကောင်းနှင့် အဆိုးတို့ကို ကျွန်ုပ် ပိုမို သတိမူမိ သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ ဖတ်ရှုသမျှ၊ မြင်သမျှ၊ ကြားသမျှ



တို့ကို လူတိုင်း ပိုမိုနီးနီးကြားကြား သတိရှိဖို့ အဘယ်ကြောင့် လိုအပ်နေရသည်ကိုလည်း ကျွန်ုပ် သဘောပေါက်သွားခဲ့သည်။

အင်တာနက် World Wide Web ပေါ်ထွန်းမှုနှင့်အတူ လူထုတစ်ရပ် ဖြစ်သော ကျွန်ုပ်တို့နှင့် ကမ္ဘာ့အသိုင်းအဝိုင်းသည် စည်းမျဉ်းစည်းကမ်း ကင်းမဲ့နေသော၊ စည်းမျဉ်းစည်းကမ်းရှိသော်လည်း စိုးမိုးသက်ရောက်မှု ကင်းမဲ့နေသော နယ်နိမိတ်မဲ့ကမ္ဘာနှင့်အတူ ပိုများနေသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ အင်တာနက်သည် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် သတင်းလွတ်လပ်ခွင့်တို့ကို လုံးလုံးလျားလျား အသစ်ဖြစ်သော အတိုင်းအတာများဆီသို့ ယူဆောင်သွားသည်။ ပိုကြီးမားသော တစ်ကိုယ်ရေ တာဝန်ယူခြင်း၊ ကွဲပြားသော ဥပဒေများ၊ ကျင့်ဝတ်တရားများ၊ အကျင့်စာရိတ္တများ၊ ကြင်နာခြင်းများကို လေးစားခြင်းအတွက် အချိန်အခါတစ်ခု ရှိသည်ဆိုပါက ၎င်းအချိန်အခါသည် ယခုအချိန်အခါ ဖြစ်သည်။ လိမ်ညာခြင်း၊ လှည့်ဖြားခြင်း၊ ထိခိုက်နစ်နာစေခြင်းတို့ကို အမြဲရွေးချယ်သူများ ရှိနေစဉ် လူဖြစ်စေ၊ အီလက်ထရွန်နစ်အရ ဖြစ်စေ ယခုအခါ ပိုမိုအရေးကြီးသည်မှာ ထိုသို့သော လူစားမျိုး ကျွန်ုပ်တို့ဖြစ်လို လျှင်တောင် မဖြစ်အောင် စောင့်ထိန်းရန် သတိရှိဖို့ ဖြစ်သည်။

## သတင်းအချက်အလက်များ စီမံခြင်း

ကြွယ်ဝမှုကို တည်ဆောက်ရန်အတွက် စံပုံစံတွင် စီမံဟူသည့် စကားလုံးသည် စာရင်းတွင် နံပါတ်နှစ်နေရာ၌ ရှိနေသည်။

၁။ ဝင်ငွေရှာ/ ဖန်တီး

၂။ စီမံ

၃။ အားဖြည့်တင်း

၄။ ကာကွယ်

၅။ ထွက်ခွာ

ကျွန်ုပ် သင်တန်းပို့ချသည့်အခါ၌ ကျွန်ုပ်က စီမံမှုကို ရည်ညွှန်းပြောဆိုသည့်အခါ လူအများအပြားတို့သည် ငွေကြေးစီမံမှုကိုသာ ရည်ညွှန်း ပြောဆိုသည်ဟု ထင်ကြသည်။ တကယ့်လက်တွေ့တွင် စီမံမှုသည် အလွန်ကြီးမားသည့် စကားလုံးဖြစ်သည်။ ငွေကြေး၊ အချိန်၊ လူများ၊ အရင်းအမြစ်များ အကျုံးဝင်သည့် စီမံခြင်းဖြစ်ပြီး အထူးသဖြင့် သတင်း

အချက်အလက် စိမ့်မှုလည်း အကျုံးဝင်သည်။

သန်းချီသော ဦးရေရှိသည့် ရင်းနှီးမြှုပ်နှံသူများသည် ထရီလီယံ ချီသော ကန်ဒေါ်လာများ ဆုံးရှုံးခဲ့ကြခြင်းအတွက် အကြောင်းတစ်ခုမှာ သူတို့သည် အရည်အသွေး ညံ့ဖျင်းသော ငွေရေးကြေးရေးသတင်းအချက် အလက်များကိုသာ ရရှိခဲ့ကြပြီး ၎င်း အချက်အလက်များသည် များသောအားဖြင့် ဘက်လိုက်ထားပြီး ရိုးသားမှု မရှိချေ။ ဥပမာ ရင်းနှီးမြှုပ်နှံမှု အကြံပေးရာ၌ "ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ။ ဝယ်ပါ။ ကိုင်ထားပါ။ ခက်ဖြာပါ" ဆိုသည်။ ထိုသို့သော ငွေရေးကြေးရေး အကြံပေးခြင်းသည် စားသောက်ဆိုင် အညံ့စား၌ စားသောက်ဖို့ အကြံပေးသည်နှင့် အတူတူပင် ဖြစ်သည်။ ထိုဆိုင်တွင် စားသောက်ခြင်းသည် ဆိုင်ရှင်အတွက် ကောင်းသော်လည်း သင့်အတွက် မကောင်းနိုင်ပေ။ အရည်အသွေးညံ့ဖျင်းသော အစားအစာများသည် ကျန်းမာရေးကို ထိခိုက်သည်။ အရည်အသွေး ညံ့ဖျင်းသော သတင်းအချက်အလက်များသည် လူတစ်ဦး၏ ကြွယ်ဝမှုကို ထိခိုက်စေသည်။

## အမှန်တရားနှင့် ပိုက်ဆံ

ပိုက်ဆံအကြောင်း ပြောဆိုကြသည့်အခါ လွတ်လပ်စွာ ပြောဆိုခွင့်သည် မည်သူမဆို မိမိ ပြောလိုရာကို ပြော၍ ရနေသည်။ မမှန်စကားကိုပင်လျှင် ပြောဆို၍ ရနေစေသည်။

ကျွန်ုပ်တို့သည် ကတိမတည်နိုင်သည်ကို ကတိစကား ဆို၍ ရသည်။

ကောလာဟလများနှင့် တစ်ဦးတစ်ယောက် ဂုဏ်သရေ ညှိုးနွမ်း အောင် ကျွန်ုပ်တို့ စကားဖြန့်၍ ရသည်။

ကျွန်ုပ်တို့ နကန်းတစ်လုံးမှ မသိသည့် အခြင်းအရာများကို ကျွမ်းကျင်သူတစ်ဦးနှယ် ဟန်ဆောင်ပြီး ပြောဆို၍ ရသည်။

ကျွန်ုပ်တို့ ဝေဖန်၍ ရသည်။

ကျွန်ုပ်တို့ လှည့်ဖြား၍ ရသည်။

ကျွန်ုပ်တို့ ထိခိုက်အောင် ပြော၍ ရသည်။

ကျွန်ုပ်တို့သည် ဖုံးကွယ်ထားသော အစီအစဉ် ထားရှိနိုင်ပြီး ဖွင့် မပြောဘဲ နေ၍ ရသည်။

ကျွန်ုပ်တို့ ပုံကြီးချဲ့၍ ရသည်။



ကျွန်ုပ်သည် "မင်းကို ငါချစ်တယ်" ဟု ပြော၍ ရသည်။ စိတ်မကောင်းပါဘူးဟု ပြော၍ ရသည်။ ထိုသို့ ပြောဆိုသော်လည်း အကယ်စင်စစ် ကျွန်ုပ်တို့မှာ ချစ်သည့် ခံစားမှု လုံးဝမရှိချေ။ စိတ်ထဲ လုံးဝ ဝမ်းမနည်းချေ။

ကျွန်ုပ်တို့သည် အဖြစ်မှန်ကို မုသားသုံး၍ ပြောဆိုနိုင်နေသည်။

## ကျွန်တော် စိတ်မကောင်းပါဘူး ဟု ပြောဖို့မလို

ငွေရေးကြေးရေး စာနယ်ဇင်းသမားများ အများအပြား ရှိကြသည်။ သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဝက်ဘ်၊ ရေဒီယို၊ ရုပ်မြင်သံကြား အစရှိသည်တို့တွင်လည်း အလွန်ဆိုးဝါးသော ငွေရေးကြေးရေး အကြံပေးချက်များ လက်ကမ်းပေးနေသူများ ရှိနေသည်။ ထို့အတွက်ကြောင့် သန်းချီ သော ဦးရေရှိသာသူများသည် ထရီလီယံချီသော ကန်ဒေါ်လာများ ဆုံးရှုံး စေပေသည်။ ထိုသို့ ပြောဆိုရေးသားကြသူများ အများအပြား ရှိနေသော်လည်း "ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် မှားသွားတယ်"ဟု ပြောသည်ကို တစ်ကြိမ်တစ်ခါမျှပင်လျှင် ကျွန်ုပ် မကြားဖူးပေ။ သူတို့ ပြောဆိုနေသည့်အကြောင်းကို သူတို့ဘာမှ မသိပါကြောင်း ဝန်ခံသည်ကို လည်း ကျွန်ုပ် မကြားဖူးပေ။ ထိုသို့ ပြောဆိုခွင့် ရကြသည်မှာ လွတ်လပ် စွာပြောဆိုခွင့် အာမခံချက် ရှိနေသောကြောင့် ဖြစ်သည်။

မိုက်ကယ် လူးဝစ်က ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် နယူးယောက်တိုင်းမ် မဂ္ဂဇင်းတွင် ဆောင်းပါးတစ်ပုဒ်ရေးသည်။ *စီးပွားရေး ကောင်းခြင်း၏ ကာကွယ်ရေး* ဟု အမည်ပေးထားသည်။

အခြားသတင်းစာများနည်းတူ ဝေါလ်စထရိဂျာနယ်သည်လည်း အလွန်ကောင်းသော အောင်မြင်မှုကိုသာ အဓိကအားဖြင့် စိတ် ဝင်စားခဲ့ဖူးပြီး မီးရှိန်တက်အောင် ဝိုင်းပြီး မီးထိုးပေးသည့် ၎င်း၏ ဝေစုကို အင်တာနက် ခေတ်ထခြင်းတွင် ပေါင်းထည့်ပေးခဲ့သည်။ ယခု အခြားသတင်းစာများနည်းတူ ၎င်းဂျာနယ်သည် ကျဆုံးခြင်းကိုသာ အဓိကအားဖြင့် စိတ်ဝင်စားလျက် ရှိသည်။ ကျဆုံးခြင်း သည် စီလီကွန်ဗဲလီး၌ပင်လျှင် အကျင့်ပျက်မှု အသွင်တစ်ခုအဖြစ် သို့ ရုတ်တရက် ရောက်ရှိသည်။

သတင်းစာ၏ စွမ်းပကားကို လျှော့မတွက်ရပေ။ ငွေရေးကြေးရေး သတင်းအချက် အလက်များကို အရည်အချင်းရှိသည်ဟု ယူဆရသော ရင်းမြစ်ထံမှ ရယူရန်အတွက် ဂရုစိုက်ဖို့ အရေးကြီးသည်။

## တစ်နာရီ ဝိုင်ကျွမ်းကျင်သူ

အရည်းအချင်းပြည့်ဝသည့် ရင်းမြစ်များဟု ဆိုရာ၌ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ စပျစ်စိုင်ခင်းများဖြင့် ဝိုင်အကြီးအကျယ် ထုတ်လုပ်သည့် နေရာတစ်ခု ဖြစ်သော နာပ ဗဲလီးတွင် စပျစ်စိုက်ခင်းတစ်ခုကို ပိုင်ဆိုင်သူ ဖြစ်သည်။ ထိုသို့ ပိုင်ဆိုင်သည်မှာ မျိုးရိုးစဉ်ဆက် သုံးဆက်ရှိပြီ ဖြစ်သည်။ အလည် လာသူတို့ ဝိုင်မြည်းသည့် အခန်းထဲသို့ ရောက်ရှိပြီးသောအခါ ဝိုင်ကျွမ်းကျင်သူ တစ်ဦးသဖွယ် ဟန်ဆောင်ကြသည်မှာ ရယ်စရာကောင်းနေပုံများကို သူက ကျွန်ုပ်ကို ပြောပြလေ့ရှိသည်။ ဝိုင်အကြောင်း သိထားသမျှတို့ဖြင့် သူနှင့် သူ့လုပ်သားများက အထင်တကြီးဖြစ်အောင် ဟန်လုပ်ကြ သည်။ သူက ပြောပြသည်။ "ယခုအခါ လူ အများ အပြားတို့က ဝိုင် ကျွမ်းကျင်သူတစ်ဦး ဖြစ်နေဖို့ အရေးကြီးတယ်လို့ ယူဆကြတယ်။ ကောင်း ချက်က ဘာလဲဆိုတော့ သူ့ကိုယ်သူ ဝိုင်ကျွမ်းကျင်သူတစ်ဦး ဖြစ်နေမှ အရေးပါ တဲ့သူ ဖြစ်မယ်လို့ ပိုယူဆလေ သူ့ကို ပိုဈေးကြီးတဲ့ဝိုင်ကို ရောင်းဖို့ ပိုလွယ်လေပဲ။ တကယ်တော့ ကျွန်တော့်ဆီမှာ ဈေးနည်းတဲ့ဝိုင်တွေနဲ့ ဈေးကြီးတဲ့ဝိုင်တွေအကြား ကွာခြားချက် များများစားစား မရှိပါဘူး"

ကျွန်ုပ်က ဝိုင်တစ်မျိုးနှင့်တစ်မျိုး များများစားစား ကွာခြားချက် ရှိ၊ မရှိ သူ့ကို မေးမြန်းကြည့်ရာ သူက ရှင်းပြသည်။ "ကွာတယ်။ ဒါပေမဲ့ လူအားလုံးနီးပါးတို့ အနေဖြင့် ကွာခြားတာကို တကယ်ပြောနိုင်ကြခြင်း မရှိပါဘူး။ ဝိုင်နဲ့ ပတ်သက်လာရင် လူတွေက အယောင်ဆောင်ကြတယ်။ သူတို့မှာ သိထားတာတွေ ရှိနေပြီး ကျွမ်းကျင်တဲ့ဝိုင်တစ်ဦးအဖြစ် ဟန်ဆောင်ကြတယ်။ အဲဒီလို ဟန်ဆောင်တာကို ဂရုတစိုက်ဖြင့် ဝိုင်တိုက်ပေးပြီး စပျစ်စိုက်ခင်းတွေက ငွေတွေ အများကြီး ရနေကြတယ်။ နောက်ကျေပုံ အတုအယောင် ဟန်ဆောင်မှုကို အလိုက်သင့် ဝင်ကစားပေးပြီး ငွေကို ချူယူကြတယ်။ သူတို့ကို တတ်သိပြီး နောက်ကျတဲ့သူလို့ ခံစားမိအောင် ကျွန်တော်တို့ လုပ်ပေးလိုက်ရင် သူတို့က ဈေးကြီးတဲ့ ဝိုင်အကောင်းစားမှ သောက်တဲ့သူလို့ ဟန်ဆောင်တာမို့ ဈေးကြီးတဲ့ ဝိုင်တွေကို ဝယ်ဖို့ အားသန်ကြတယ်။ တကယ်တော့ ဝိုင်ထုတ်လုပ်တဲ့နှစ် တစ်ခုနဲ့တစ်ခု သိပ်မကွာပါဘူး။ သူတို့ရဲ့ အတ္တမာနတွေကို ကျွန်တော်တို့က ပိုဂရုပြုပေးလေ ဝိုင်တွေကို ပိုမြင့်တဲ့ဈေးနဲ့ ရောင်းလို့ ရလေပါပဲ။ အပျော်တမ်း ဝိုင်အရသာ နားလည်ကျွမ်းကျင်သူတွေရဲ့ အဓိက လုပ်ချင်ကြတာ ဘာလဲဆိုတော့ သူတို့က ဝိုင်ကျွမ်းကျင်သူအဖြစ်ကို တကယ်ရောက် လိုကြတာ မဟုတ်ဘူး။ သူတို့ နောက်တစ်ကြိမ်လုပ်မယ့် ညစာစားပွဲမှာ တက်ရောက်



လာသူတွေက သူတို့ကို အထင်တကြီး ဖြစ်စေလိုတာပါ"

"ဒါဆို ကောင်းတဲ့ဝိုင်နဲ့ မကောင်းတဲ့ဝိုင် ခင်ဗျား ဘယ်လိုခွဲခြားပြီး သိသလဲ"

"ဝိုင်ကို ဝယ်ဖို့ အကောင်းဆုံးနည်းက မြည်းကြည့်လို့ ကြိုက်တယ်။ ဈေးနှုန်းကိုလည်း ကျေနပ်တယ်ဆိုရင် ဝယ်လိုက်ပါ။ ကျွန်တော်တစ်သက်လုံး ဝိုင်လောကထဲ ကျင်လည် နေခဲ့သူဖြစ်ပေမဲ့ ကျွန်တော်ဟာ ဝိုင်ကျွမ်းကျင်သူတစ်ဦးလို့ ဘယ်တော့မှ ဟန်မဆောင် ပါဘူး။ ဝိုင်နဲ့ ပတ်သက်လာရင် တကယ်ထူးချွန်တဲ့ ဝိုင်ကျွမ်းကျင်သူ မဆိုစလောက်ပဲ ရှိပါတယ်။ ဒါပေမဲ့ ဝိုင်ကျွမ်းကျင်သူအဖြစ် အယောင်ဆောင်ပြီး ဝိုင်ရောင်းချနေတဲ့ သူတွေ အများကြီး ရှိနေပြီး သူတို့က ဝိုင်ကျွမ်းကျင်သူလို့ ဟန်ဆောင်သူ အများအပြား ကို ဝိုင်တွေ ရောင်းနေကြတယ်"

ကျွန်ုပ်က "ရင်းနှီးမြှုပ်နှံမှုလိုပါပဲလား" ဟု ပြောလိုက်သည်။

## လူညံ့တို့က သင့်ကို ချမ်းသာဖို့ သင်ပေးကြသည်

သူဌေးဖေဖေက မကြာခဏ ပြောလေ့ရှိသည်မှာ "ပိုက်ဆံနဲ့ပတ်သက် လာရင် ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲဆိုတာ မင်းကို ပြောပြမယ့် လူညံ့တွေ တစ်ပုံကြီး ရှိနေတယ်"

ဩစတေးလျသို့ ခရီးသွားခဲ့စဉ် ဒေသခံသတင်းစာအတွက် ကော်လံစားဖြင့် ငွေရေးကြေးရေး ရေးသားသော စာရေးဆရာတစ်ဦးက ကျွန်ုပ်ကို တွေ့ဆုံမေးမြန်းခဲ့သည်။ သူက "အကြွေးနွံထဲက ထွက်ဖို့ အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုမျိုးကို ခင်ဗျား လုပ်ရမယ်" ဟု ပြောသည်။

မယုတ်မလွန်ဖြင့် ကျွန်ုပ်က ထိန်းထိန်းသိမ်းသိမ်း ပြန်ပြောလိုက်သည်။ "တစ်ခါတလေမှာတော့ အကြွေးထဲကနေ ထွက်ဖို့ဆိုတာ အဓိပ္ပာယ်ရှိပါတယ်။ တခြား အချိန်တွေမှာတော့ အကြွေးရှိတာ ကောင်းတယ်။ အကျိုးအမြတ်တွေတောင် ရနိုင်တယ်"

သူက ဒေါသတကြီးဖြင့် တုံ့ပြန်သည်။ "ခင်ဗျား ရူးနေသလား။ ကိုယ်ပြောတဲ့စကား ကိုယ်နားမလည်တဲ့သူ။ အကြွေးတိုင်းဟာ ဆိုးဝါး တာချည်းပဲ။ ကျွန်တော့် စာဖတ် ပရိသတ်အားလုံးကို အကြွေးထဲက ထွက်ဖို့ ကျွန်တော် ပြောပြတယ်။ အကြွေးတွေ အကြေဆပ်ပြီးတဲ့အခါကျမှ ရင်းနှီးမြှုပ်နှံမှုကို ပြုကြရမယ်။ စီမံခန့်ခွဲပေးနေတဲ့ ရန်ပုံငွေ တစ်မျိုးမျိုးမှာ ခက်ဖြာပြီး ရင်းနှီးမြှုပ်နှံမှုအစုစုကို သူတို့ ရင်းနှီးမြှုပ်နှံ ကြရမယ်"

"ကောင်းပါပြီ။ ခင်ဗျား မှန်တယ်လို့ ထင်တာကို ခင်ဗျား ရေးတယ်"

"ဟုတ်တယ်။ ရေးတယ်"

"ဒါပေမဲ့ ခင်ဗျားရဲ့ စာဖတ်ပရိသတ်အနေဖြင့် ကောင်းသော အကြွေးနဲ့ ဆိုးသော အကြွေးတို့အကြား ကွာခြားမှုအကြောင်းကို သိချင် ကြလိမ့်မယ်လို့ ခင်ဗျား မယူဆဘူး"

"အဲဒီလိုမျိုး ကောင်းတာဆိုးတာ မရှိပါဘူး။ ခင်ဗျားက အဓိပ္ပာယ် မရှိတာတွေကို ပြောနေတယ်။ ခင်ဗျား ချမ်းသာချင်တယ်ဆိုရင် ပထမဆုံး ခင်ဗျားလုပ်ရမှာက ပေးစရာ ရှိတာတွေကို စာရင်းရှင်းရမယ်။ အကြွေးထဲ ကနေ ထွက်ရမယ်။ ပြီးမှ ငွေစုရမယ်"

ကျွန်ုပ်က စာနယ်ဇင်းသမားကို မေးလိုက်သည်။ "ခင်ဗျားရဲ့ ဝင်ငွေကို စာနယ်ဇင်းသမားတစ်ဦးအဖြစ် ရတာလား၊ ရင်းနှီးမြှုပ်နှံသူ တစ်ဦးအဖြစ် ရတာလား"

"အဲဒါ ခင်ဗျားကိစ္စ မဟုတ်ပါဘူး"

တွေ့ဆုံမေးမြန်းခြင်း အဆုံးသတ်သည်။ အကြွေးကို အသုံးပြုပြီး ချမ်းသာအောင် လုပ်ရန် ကျွန်ုပ်၏ ရှုထောင့်အမြင်ကို မည်သည့်အခါမှ ပုံနှိပ်ဖော်ပြခြင်း မပြုချေ။

## ဉာဏ်ပညာ အဓိပ္ပာယ် သတ်မှတ်ချက်

သူဌေးဖေဖေက မကြာခဏ ပြောလေ့ရှိသည်။ "ဉာဏ်ပညာရဲ့ အဓိပ္ပာယ် သတ်မှတ်ချက်က တကယ်လို့ မင်းက ငါနဲ့ သဘောထား တိုက်ဆိုင်မယ်ဆိုရင် မင်းဟာ ဉာဏ်ပညာရှိတဲ့သူ ဖြစ်မယ်။ တကယ်လို့ ငါနဲ့ သဘောထား မတိုက်ဆိုင်ဘူးဆိုရင် မင်းဟာ ငတုံးတစ်ယောက်ဆိုတာ သိသာနေတယ်"

## သင်၏ ငွေရေးကြေးရေး အကြံပေးကို မေးမြန်းပါ

သင်၏ ငွေရေးကြေးရေး သိသင့်သိထိုက်သည်တို့ကို စီမံနည်းတစ်ခုမှာ သင်၏ ငွေကြေးအကြံပေးကို သြစတေးလျှ၌ စာနယ်ဇင်းသမားကို ကျွန်ုပ် မေးမြန်းခဲ့သည့် မေးခွန်းကို မေးမြန်းပါ။ ငွေကြေးအကြံပေးတိုင်းအား သင် မေးမြန်းနိုင်သည့် မေးခွန်းမှာ "ခင်ဗျားရဲ့ ဝင်ငွေကို ငွေကြေးအကြံပေးတစ်ဦး အနေဖြင့် ရရှိတာလား၊ ရင်းနှီးမြှုပ်နှံသူ တစ်ဦးအနေဖြင့် ရရှိတာလား" သင် အံ့သြရမည်မှာ ငွေကြေးအကြံပေး အများအပြားတို့သည် စာနယ်ဇင်းသမားက တုံ့ပြန်ပြောဆိုခဲ့သည့်အတိုင်း တထေရာတည်း သင့်ကို ပြောဆိုကြလိမ့်မည်။

ငွေရေးကြေးရေး စာနယ်ဇင်းသမား၏ ပြဿနာမှာ သင်သည် စာဖတ်သူ ဖြစ်သဖြင့် သူ့ကို ၎င်းမေးခွန်းအား မေးမြန်းဖို့ မဖြစ်နိုင်ခြင်း ဖြစ်သည်။ အကယ်၍ သင်



မေးမြန်းမည်ဆိုပါကလည်း သူတို့၏အဖြေကို အမှန်အတိုင်း ပုံနှိပ်ဖော်ပြမည်လော။

## လိုင်စင်ရ အကြံပေးတစ်ဦးဖြစ်ရန် မည်မျှကြာမြင့်သနည်း

ညံ့ဖျင်းသော ငွေကြေးအကြံပေးများ အများအပြားရှိနေရသည့် အကြောင်း တစ်ချက်မှာ လိုင်စင်ရ ငွေကြေးအကြံပေးတစ်ဦး ဖြစ်လာရန် သင်တန်းနှင့် ပညာရေး များများစားစား မလိုအပ်ခြင်းဖြစ်သည်။ အကယ်စင်စစ် နေရာအများအပြားတို့တွင် အနှိပ်သမားအဖြစ် ကုသပေးသူလိုင်စင် ရရန်သည် ငွေကြေးအကြံပေးသူ လိုင်စင်ရရန် ထက် အချိန်ပိုကြာမြင့်သည်။

## သင် အာမခံနိုင်သလား

ခရီးလှည့်လည် ဟောပြောစဉ် ကျွန်ုပ်သည် ရေဒီယိုမှာ သူ့ အစီအစဉ် တင်ဆက် သည့် ငွေကြေးအကြံပေးတစ်ဦးနှင့် စိတ်အားပြင်းထန်သော အချေအတင် ပြောဆို ကြခြင်းတစ်ခုထဲသို့ ရောက်ရှိသွားခဲ့သည်။ ကျွန်ုပ်တို့နှစ်ဦး ပြောဆိုကြသည်ကို တိုက်ရိုက်ထုတ်လွှင့်နေသည်။ ဈေးကွက်ကို နားလည်ပြီး မျိုးဆက်ကို ရှေ့ဆောင် နိုင်သူများအဖို့ ကိုယ်ပိုင်ရေဒီယို အစီအစဉ် ရှိထားခြင်းသည် အလုပ်အပ်နှံသူအသစ်များ ကို ရဖို့ အလွန်ကောင်းမွန်သော နည်းလမ်းတစ်သွယ် ဖြစ်သည်။ ၎င်းငွေကြေးအကြံပေး သည် ငွေကြေးအစီအစဉ် ရေးဆွဲပေးသူလည်း ဖြစ်သည်။ သူက ပြော သည်။ "ခင်ဗျား စာအုပ်က မှားနေတယ်။ စတော့ဈေးကွက်က မွကြေသွားမှာ မဟုတ်ပါဘူး"

"ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲ"

"ပြောပြမယ်။ ကလေးတွေ မွေးကြတာ ရေပန်းစားတဲ့ကာလမှာမွေးဖွားခဲ့ကြသူ တွေဟာ သူတို့ အငြိမ်းစား ယူကြတဲ့အခါ သူတို့ရဲ့ ပိုက်ဆံတွေကို စတော့ဈေးကွက်ထဲကနေ ဆွဲယူကြမှာ မဟုတ်ဘူး။ ခင်ဗျားက ပြန်ထုတ်ယူကြမယ်လို့ ဆိုထားတယ်။ အဲဒီလို ဖြစ်မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ မိဘတွေထံမှ မကြာခင်မှာ သန်းချီတဲ့ ကန်ဒေါ်လာတွေကို သူတို့ အမွေဆက်ခံကြလိမ့်မယ်။ ပြီးတော့ တရုတ်နိုင်ငံကလည်း အမေရိကန်ပြည်ထောင်စု စတော့ဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုနေပြီ။ ဒီတော့ ဈေးကွက်စန်းထမယ်။ အဲဒီလိုဖြစ်ဖို့ လုံးဝသေချာပါတယ်"

(စကားချပ်။ ကလေးအမွေးများသည့်ကာလ၌ မွေးဖွားသူများသည် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးသည့်နောက် ၁၉၄၆ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ကာလကို ဆိုလို

သည်။ ထိုကာလမွေးဖွားသူ လူဦးရေသည် ကမ္ဘာ့လူဦးရေတွင် ကြီးမားသော အစိတ်အပိုင်းဖြင့် ပါဝင်နေပြီး အထူး သဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဖြစ်သည်။ သာဓကမှာ အမေရိကန်နိုင်ငံ တွင် ၎င်းလူဦးရေသည် တိုင်းပြည်လူဦးရေ စုစုပေါင်း၏ ၂၀% နီးပါး ရှိသည်)

"ကြားရ နားဝ ချမ်းသာတယ်။ အဲဒီလို ဖြစ်မှာ သေချာတယ်ဆိုတာ ခင်ဗျား အာမခံချက် ပေးနိုင်သလား"

"အဲဒါကို အာမခံချက် ပေးရမယ်၊ ဟုတ်လား။ ပေးလို့ ဘယ်ရမလဲ။ အဲဒီလိုဟာမျိုးကို ဘယ်သူက အာမခံလို့ ရနိုင်မှာလဲ။ ဟင့်အင်း၊ ကျွန်တော် အာမ မခံနိုင်ဘူး" ငွေကြေးအကြံပေးက လျှောင်ပြောင်သည့် လေသံဖြင့် ပြောသည်။ ကြားကြရသူတို့အဖို့ ဉာဏ်ပညာ သိပ်ရှိပုံမရဟု အထင်သေးမိကြရပေသည်။

**ကျွန်တော် အာမခံချက် ပေးနိုင်သလား**

ငွေကြေး အကြံပေးက နောက်ဆုံး၌ သူ့အနေအထားကို ပြန်ထိန်း၍ ရသွားသည်။ ကျွန်ုပ်က "ခင်ဗျား အာမခံချက် ပေးနိုင်သလား" ဟု မေး လိုက်ခြင်းသည် သူ့အဖို့ မမျှော်လင့်ထားသည့်အရာ ဖြစ်နေသည်။ သူ့၏ လှည့်ဖြားပြောဆိုနေခြင်းကို ဖမ်းမိသွားခြင်း ဖြစ်နေသည်။ သူက ကျွန်ုပ် ကို မေးမြန်းသည်။ "ခင်ဗျားပြောတာကို ခင်ဗျား အာမခံ နိုင်သလား။ စတော့ဈေးကွက် ပြိုလဲမှုကြေမယ်ဆိုတာကို အာမခံချက် ပေးနိုင်သလား"

"လုံးဝ ပေးနိုင်ပါတယ်"

"ဒါဆို ခင်ဗျား ပေးမှာလား"

"ပေးမှာ သေချာတာပေါ့"

"ဘယ်လိုလုပ်ပြီး ပေးမှာလဲ"

"လွယ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတိုင်းက ဈေးကွက် တက်တယ် ကျတယ်ဆိုတာကို သိထားကြပါတယ်။ ဈေးကွက်တစ်ခု ပြိုလဲကြေမွသွား မယ်ဆိုတာ နှင်းတွေ အမြဲကျနေကျဖြစ်တဲ့ အလက်စကာပြည်နယ်မှာ လာမယ့် ဆောင်းရာသီကျရင် နှင်းကျလိမ့်မယ်လို့ အာမခံတာနဲ့ အတူတူ ပါပဲ။ ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတိုင်း ဈေးကွက်သံသရာစက်ဝန်းအရ အမြဲတစေ ပြောင်းလဲနေတာကို သိကြပါတယ်။ မိုးလေဝသ ပြောင်းလဲ



သလိုမျိုး ပြောင်းလဲနေတယ်။ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူတွေ၊ ကလေးအမွေးများတဲ့ ကာလမှာ မွေးဖွားခဲ့ကြသူတွေက ဈေးကွက် ပြိုလဲ ကြေမွ မသွားအောင် ကာကွယ်တားဆီးပေးထားနိုင်တယ်လို့ ယူဆယုံ ကြည်တာ ရူးလို့ဖြစ်မယ်။ ပြီးတော့ ရင်းနှီးမြှုပ်နှံမှုလောကမှာ အမြဲတစေ ဖြစ်ပျက်နေကျ ဖြစ်ကြောင်း သေချာတာတွေ ရှိနေတယ်။ ဈေးကွက်ပြိုလဲ ကြေမွတာဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော် အာမခံပါတယ်။ အဲဒါကြောင့် ကျွန်တော့် စာအုပ်မှာပါတဲ့ အဆိုဟာ မှန်ကန်တိကျကြောင်း ကျွန်တော် သိတာ ဖြစ်ပါတယ်။ ဈေးကွက်ပြိုလဲ မယ့်နေ့ရက်ကတော့ အတိအကျ ဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် ပြောတာကို ယုံပါ။ နောက်တစ်ကြိမ် ဈေးကွက်ပြိုလဲခြင်း လာနေပါပြီ။ ဈေးကွက် ပြိုလဲပြီးရင် ဈေးကွက် စန်းထတာ နောက်မှာ ပါလာစမြဲ ဖြစ်ပါတယ်။ ဘယ်ဈေးကွက်မှ အစဉ်ထာဝရ အတက်ချည်း ဖြစ်မနေနိုင်ပါဘူး။ အဲဒီလို အတက်ချည်း ရှိမယ်လို့ ယူဆတာဟာ သဘာဝတရားကို ဆန့်ကျင်နေပါတယ်။ ရင်းနှီးမြှုပ်နှံသူ တစ်ဦးအနေနဲ့ ကျွန်တော် သဘာဝတရားအပေါ်မှာ လောင်းကြေးထပ်ပါတယ်။ တရုတ် နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူတွေ၊ ကလေးအမွေးများတဲ့ ကာလမှာ မွေးဖွားခဲ့ကြ သူတွေက သူတို့ရရှိတဲ့ အမွေတွေကို ဈေးကွက်ထည့်ကြမယ်ဆိုတဲ့အပေါ်မှာ လောင်းကြေး မထပ်ပါဘူး"

"ဒါဆို ခင်ဗျား အိမ်ခြံမြေကို ထောက်ခံချက် ပေးတာလား"

ငွေကြေးအကြံပေးက စကားလမ်းကြောင်းလွှဲရန် ကျွန်ုပ်ကို မေးခွန်းထုတ်သည်။

"ဟင့်အင်း။ အိမ်ခြံမြေမှာလည်း သံသရာစက်ဝန်းတွေ ရှိပါတယ်။ ခင်ဗျားကို နားထောင်ကြတဲ့သူတွေ ငွေကြေးဉာဏ်ပညာ တိုးကြဖို့ ကျွန်တော် အကြံပေး တိုက်တွန်းပါတယ်။ လျင်တဲ့ ရင်းနှီးမြှုပ်နှံသူတွေက ဈေးကွက် သံသရာစက်ဝန်းတွေ အမြဲရှိတယ်ဆိုတာကို သိထားကြ တယ်။ အဲဒါကြောင့်လည်း ကျွန်တော်က ဈေးကွက်သံသရာစက်ဝန်းတွေအပေါ် လောင်းကြေးထပ်တယ်။ ကလေးအမွေးများတဲ့ ကာလမှာ မွေးဖွားခဲ့ကြပြီး အမွေရမယ့်သူတွေ၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူတွေက ဈေးကွက်မပြိုလဲအောင် ကာကွယ်ပေးနိုင်မယ်လို့ ယုံစားပြီး လောင်းကြေး မထပ်ပါဘူး"

"ကျွန်တော်တို့ အချိန်စေ့နေပြီ။ အခုလို ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ငွေကြေးအတိုင်ပင်ခံက ယဉ်ယဉ်ကျေးကျေး ပြောဆိုပြီး ဆွေးနွေးမှုကို အဆုံးသတ်လိုက်သည်။

ရေဒီယိုနှင့် ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းများကို တိုက်ရိုက် ထုတ်

လွှင့်ခြင်းအပေါ် ကျွန်ုပ် ကြိုက်မိသည့်တစ်ချက်မှာ ကျွန်ုပ် ပြောဆိုသည်တို့ကို ပြင်၍ မရခြင်း ဖြစ်သည်။ နားထောင်နေသည့် ပရိသတ်က ကျွန်တော်ပြောဆိုသည့်အတိုင်း တစ်လုံးမလွဲ ကြားကြရသည်။ ကျွန်ုပ် ပြောဆိုသမျှတို့အား ကြိုက်သည် မကြိုက်သည်ကို သူတို့ဘာသာသူတို့ ဆုံးဖြတ်နိုင်ကြသည်။ ပုံနှိပ်ဖော်ပြခြင်းတွင် သတင်းစာများ၊ မဂ္ဂဇင်းများ၊ အင်တာနက်တွင် ရေးသားကြသူများသည် ကျွန်ုပ်ပြောဆိုသည်ကို ရယူပြီးသောအခါ ပြောင်းပစ်၍ ရနေသည်။ သွေလွှဲအောင် ပြု၍ရသည်။ လိမ်ညာ၍လည်း ရသည်။ ကျွန်ုပ်ကို အပြုသဘောဆောင်သော သတင်းစာများသည် ၉၅ % ရှိသည်။ ကျန်သည့် ၅%သည် အပြုသဘော အမြဲတစေ မဆောင်ချေ။ ကျွန်ုပ် အမြဲတစေ အကြောက်ဆုံး စာနယ်ဇင်းသမားများမှာ စာရေးသူများ ဖြစ်သည်။ ထိုသူတို့သည် သင် မပြောသည့်စကားကို သင် ပြောဆိုသည်ဟု ရေးသားရန် အခွင့်အာဏာ ရထားကြသူများ ဖြစ်သည်။

## တန်ခိုးရှိသည့် စကား

သူဌေးဖေဖေက ကျွန်ုပ်ကို သွန်သင်ခဲ့သည့် တစ်ချက်မှာ တစ်ဦး တစ်ယောက်က လုံးဝဥသုံ ဩဇာအာဏာ ရှိသည့်နှယ် ပြောဆိုသည်ကို ကျွန်ုပ် ကြားရသည့်အခါတိုင်း "ခင်ဗျား အာမခံနိုင်သလား"ဟု ဆိုသည့် စကားကို အသုံးပြုရန် ဖြစ်သည်။ ထို တန်ခိုးရှိသည့်စကားကို ကျွန်ုပ် ကြိမ်ရေ မည်မျှသုံးစွဲပြီး ကျွမ်းကျင်သူတစ်ဦးက ကိုယ့်ကိုယ်ကိုယ် ပုံကြီးချဲ့ ပြောဆိုသည့်အခါနှင့် တစ်ခါတစ်ရံမှာ လိမ်ညာပြောဆိုသည့်အခါ သူ့ကို ၎င်းစကားဖြင့် အမိဖမ်းနိုင်ခဲ့ပုံတို့ကို သင် သိရပါက အံ့ဩမိလိမ့်မည်။

သူဌေးဖေဖေက ပြောသည်။ "လိမ်ညာခြင်းနဲ့ အမှန်အတိုင်း ပြောဆို ခြင်းတို့ အကြား သိမ်မွေ့တဲ့စည်းဟာ တစ်ကိုယ်ရေ စောင့်စည်းရမည့် စည်းဖြစ်တယ်" တစ်ဦး တစ်ယောက်၏ ပြောဆိုချက်ကို အာမခံနိုင်သလားဟု မေးမြန်းသည့်အခါ ထိုသူသည် စည်း၏ မည်သည့်ဘက်တွင် ရှိနေသည်ကို သင် စတင်တွေ့ရှိမည် ဖြစ်သည်။ သင့်ဘက် တွင် ရှိနေ ခြင်းလော၊ သူ့ဘက်တွင် ရှိနေခြင်းလောဆိုသည်ကို သိရမည် ဖြစ်သည်။

## ကွဲလွဲဆန့်ကျင်နေခြင်း

သိပ်သေချာလွန်းသည့်နှယ်၊ အဖြေအကုန်လုံးကို မိမိသိထားသည့်နှယ် ပြောဆိုသူများကို သင် သတိမူမိဖို့ ရှေ့၌ ကျွန်ုပ် ပြောဆိုခဲ့သည်။ ကျွန်ုပ်က ဈေးကွက်ပြိုလဲမည်ဟု



အာမခံချက် ပေးသည့်စကားကို ပြောချိန်တွင် ကျွန်ုပ်သည် အလွန်သေချာသူတစ်ဦးအဖြစ် ပြောဆိုနေသည်ကို သတိမူမိသည်။ ထိုသို့ ပြောဆိုသောသူမျိုးကို သင် သတိထားသင့်သည်။ ထိုသို့ သိသာသော ကွဲလွဲဆန့်ကျင်နေခြင်းထံမှ သင်ခန်းစာ တစ်ခုကို ရယူနိုင်သည်။ ၎င်းသင်ခန်းစာမှာ လူတစ်ဦးသည်

- အချက်အလက်များ
- ထင်မြင်ယူဆချက်များ
- အခြေခံနိယာမများ

အကြောင်းကို သေချာနေသည့်အခါ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် သတိမူမိပြီး ဆန်းစစ်ပေးရမည်။

ငွေကြေး အစီအစဉ်ရေးဆွဲသော ငွေကြေးအတိုင်ပင်ခံသည် ၎င်း၏ ရေဒီယို အစီအစဉ်မှ သူ့ပရိသတ်ကို အခိုင်အမာ ပြောဆိုနေသည်မှာ ဈေးကွက် ပြိုလဲမည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် တရုတ်များနှင့် ကလေးအမွေးများသည့် ကာလတွင် မွေးဖွားခဲ့သူများက ဘေးကင်းအောင် ပြုပေးထားမည် ဖြစ်သောကြောင့် ဖြစ်သည်။ ဤသည်မှာ သူ၏ ထင်မြင်ယူဆချက်ကို သေချာနေခြင်း ဖြစ်သည်။

ကျွန်ုပ်က "ဈေးကွက် ပြိုလဲလိမ့်မယ်" ဟု ပြောဆိုသည့်အခါ ကျွန်ုပ်သည် အခြေခံ နိယာမများကို သေချာနေခြင်း ဖြစ်သည်။

သူဌေးဖေဖေက ပြောသည်မှာ "သတင်းအချက်အလက်ကို စီမံတဲ့အခါ အချက် အလက်များ၊ ထင်မြင်ယူဆချက်များနဲ့ အခြေခံနိယာမများအကြား ကွဲကွဲပြားပြား မင်းသိရမယ်" သန်းချီသောဦးရေရှိသည့် ရင်းနှီးမြှုပ်နှံသူများသည် ထရီလီယံချီသော ကန်ဒေါ်လာများ ဆုံးရှုံးကုန်ကြရသည်မှာ ရင်းနှီးမြှုပ်နှံသူ အများစုတို့သည် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက် များကို ထင်မြင်ယူဆချက်များအပေါ် အခြေပြုခဲ့ကြသောကြောင့်ဖြစ် သည်။ အချက်အလက်များနှင့် အခြေခံနိယာမများကို အခြေပြုခဲ့ခြင်း မရှိ ကြချေ။

ကိုယ့်ကိုယ်ကိုယ် ဤသို့ မေးမြန်းပါ။ ရင်းနှီးမြှုပ်နှံမှု အရောင်းဆွယ် စကား "ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ။ ဝယ်ပါ။ ကိုင်ထားပါ၊ ခက်ဖြာ ပါ" သည် အချက်အလက်၊ ထင်မြင်ယူဆချက်၊ အခြေခံနိယာမ သုံးမျိုးအနက် မည်သည့်အမျိုးအစား ဖြစ်သနည်း။ ကျွန်ုပ်၏အဖြေမှာ ထင်မြင်ယူဆချက် ဖြစ်သည်။ အချက်အလက် ကင်းမဲ့နေသည်။ အခြေခံနိယာမ မဟုတ်သည်မှာ လုံးဝသေချာသည်။ ထင်မြင်ယူဆချက်တစ်ခုအပေါ်မှာ မူတည်ပြီး ရင်းနှီးမြှုပ်နှံမှုပြုသော ရင်းနှီးမြှုပ်နှံသူ မှန်သမျှတို့သည် အချက်အလက်

သို့မဟုတ် အခြေခံနိယာမနှင့် ရောထွေးနေသူများ ဖြစ်သည်။ အမြင်မှောက်မှားနေသဖြင့် များသောအားဖြင့် သူတို့၏ ပိုက်ဆံ ဆုံးရှုံးကုန်ကြရသည်။

**ငွေရေးကြေးရေး အောင်မြင်မှုကို တိုးမြှင့်ခြင်း**

သမ္မာကျမ်းသစ်မှ ဖော်ပြချက်ကို ကျွန်ုပ် မကြာခဏ အလေးပေး ပြောဆိုသည်။ "စကားလုံးသည် အသားဖြစ်လာသည်" ဟူ၍ ဖြစ်ပြီး တစ်နည်းဆိုသော် "သင်သည် သင်ပြောသည့်စကား ဖြစ်သည်" ဟူ၍ ဖြစ်သည်။ ကျွန်ုပ်သည် ပေါင်းစုရန်ပုံငွေများတွင် ရင်းနှီးမြှုပ်နှံပြီးသည့် နောက်တွင် သူဌေးဖေဖေက တစ်ပြားသားမှ မလျှော့ပေးသည်မှာ ကျွန်ုပ် သည် ထင်မြင်ယူဆချက်များ၊ အချက်အလက်များနှင့် အခြေခံနိယာမများအကြား ခြားနားချက်အား သိကို သိရမည်ဟူ၍ ဖြစ်သည်။ ထို့အတွက် ကျွန်ုပ်၏ အဓိပ္ပာယ် သတ်မှတ်ချက်များမှာ

- အချက်အလက်။ ။ အထောက်အထားမှတစ်ဆင့် သက်သေတည်နိုင်သော အခြင်းအရာ
- ထင်မြင်ယူချက်။ ။ အချက်အလက်အပေါ် အခြေခံထားခြင်း ဟုတ်သည် သို့မဟုတ် မဟုတ်ပါ ဖြစ်နိုင်သည့် အခြင်းအရာ

ဟုတ်သည် သို့မဟုတ် မဟုတ်ပါ ဖြစ်နိုင်သည်ဟု ကျွန်ုပ် ဆိုထားခြင်းသည် အချက်အလက် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ကျွန်ုပ်မှ အတည်ပြုချက် ရယူပြီးသာ တပ်အပ်သေချာ ပြောနိုင်မည် ဖြစ်သည်။ ထိုသို့ မပြုရသေးသရွေ့ ၎င်းသည် ထင်မြင်ယူဆချက်သာ ဖြစ်သည်။ ဥပမာအားဖြင့် တစ်ယောက်ယောက်က ပြောမည်။ "ကျွန်မမှာ ခွေး ဆယ်ကောင် ရှိတယ်" ထိုစကားကို ကျွန်ုပ်က မှန်ကန်ပါကြောင်း အတည်ပြုနိုင်ခြင်း မရှိသေးသရွေ့ ၎င်းစကားသည် ထင်မြင်ယူဆချက်သာ ဖြစ်မည်။ ဤရှုမြင်တွေးတောမှု နည်းလမ်းကို ဘဏ်သမားတို့ လိုက် နာကြသည်ကို သင် သတိပြုမိချင် ပြုမိမည်။ သင်က ငွေချေးရန်လျှောက် လွှာတင်သည့်အခါ သင့်မှာ စုဆောင်းငွေ ကန်ဒေါ်လာ ၂၅,၀၀၀ ရှိသည် ဆိုပါစို့။ ဘဏ်သမားက သင်သည် ရိုးဖြောင့်သူဟု ထင်မြင်သော်ငြားလည်း ဟုတ်မဟုတ်ကို မှန်ကန်ကြောင်း အတည်ပြုချက် ရယူမည်ဖြစ်သည်။

အခြေခံမှုများ။ ။ ကိစ္စအားလုံးတွင် မှန်ကန်နေသောအရာ ဖြစ် သည်။ ဥပမာ ခြင်းချက်



မရှိချေ။ အခြေခံနိယာမ နမူနာတစ်ခုမှာ နောက်ဆက်တွဲ ဂယက်ဖြစ်ပေါ်ခြင်းနိယာမ ဖြစ်သည်။ သင်သည် ခဲတစ်လုံးကို ရေပြင် ပေါ်သို့ ပစ်လိုက်ပါက ခဲကျသည့်ရေပြင်နေရာတွင် လှိုင်းများ အမြဲထသည်။ ဈေးကွက်ပြိုလဲမည်ကို ကျွန်ုပ် ကျိန်းသေပြောနိုင်သည်မှာ နောက်ဆက်တွဲ ဂယက်ဖြစ်ပေါ်ခြင်း နိယာမကို သေချာနေခြင်းကြောင့် ဖြစ်သည်။

ဆိုချင်သည့်အချက်မှာ လူတစ်ယောက်ယောက်သည် ထင်မြင်ယူဆ ချက်တစ်ခုကို သေချာနေသည်ဆိုပါက ထိုသူကို အလွန်သတိထားရမည်။ သန်းချီသောသူများ ထရီလီယံချီသော ကန်ဒေါ်လာများ ဆုံးရှုံးကုန်ကြသည်မှာ သူတို့သည် အချက်အလက်များ၊ အခြေခံနိယာမများဟု ထင်နေသည့် ထင်မြင်ယူဆချက်များကို နားထောင်မိကြသောကြောင့် ဖြစ်သည်။ သင်သည် အချက်အလက်နှင့် အခြေခံနိယာမ မဟုတ်ဘဲ ထင်မြင်ယူဆ ချက်သာ ဖြစ်မည်ဟု သင်သံသယ ရှိပါက သူဌေးဖေဖေ၏ တန်ခိုးကြီးမားသည့်စကား "သင် အာမခံနိုင်သလား" ဆိုသည်ကို အမြဲသတိရပါ။

တစ်ခါ၌ ကျွန်ုပ်သည် ဟာဝါအီမှ အလွန်ဈေးကြီးသည့် တိုက်ခန်းတစ်ခုကို လိုက်လံရှာဖွေသည်။ ကျွန်ုပ်က ပြောသည်။ "ဒီတိုက်ခန်းရဲ့ ဈေးက ဈေးကြီးတယ် ထင်တယ်" အရောင်းသမားက ပြန်ပြောသည်။ "ဟုတ်တယ်။ ဒါပေမဲ့ ခင်ဗျား ဂေါက်ကွင်း အသစ်တစ်ခု ထပ်ထည့်မယ် ဆိုရင် ဒီတိုက်ခန်းဈေးက နှစ်ဆ ဖြစ်သွားလိမ့်မယ်" ကျွန်ုပ်က ပြန် လည်တုံ့ပြန်ပြောကြားသည်။ "အဲဒီအချက်ကို စာနဲ့ရေးပြီး အာမခံချက် ခင်ဗျား ပေးနိုင်မလား" အရောင်းသမားက ငြင်းသည်။ "မရဘူး။ ကျွန်တော် စာနဲ့ ရေး မပေးနိုင်ဘူး" ယခုလို ပြောဆိုခြင်းသည် ရိုးရိုးရှင်းရှင်းနှင့် အပြစ်ကင်းစင်သည်ဟု ထင်စရာ ဖြစ်နေသည်။ ထိုသို့ ပြောဆိုခြင်းများ နေ့စဉ် ကြိမ်ရေသန်းချီပြီး ဖြစ်ပွားနေသည်။ နေ့တိုင်း သန်းချီသော သူတို့သည် ထင်မြင်ချက်များအပေါ် မူတည်ပြီး ဝယ်ကြသည်။ အချက်အလက်များနှင့် အခြေခံနိယာမများအပေါ် အခြေခံခြင်း မရှိချေ။ သို့ဖြစ်ရာ တန်ခိုးရှိသည့် ၎င်းစကားကို သုံးစွဲခြင်းသည် သင်သည် မည်သည့်အမျိုးအစားနှင့် ကြုံနေရသည်ကို သင်သိရဖို့၊ မည်သို့ သော လူအမျိုးအစားနှင့် အရောင်းအဝယ် ပြောဆို နေသည်ကို သိရဖို့တို့ကို အထောက်အကူပေးမည် ဖြစ်သည်။

## စာနယ်ဇင်းသမားကို မေးမြန်းခြင်း

ဤအခန်းကို "စာနယ်ဇင်းသမားကို မေးကြည့်ပါ" ဟု အမည်တပ်ရသည်မှာ သင်သည် ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတစ်ဦးအဖြစ်သို့ ရောက်ရှိလိုပါလျှင် သင်သည် မည်သို့ ပုံနှိပ်စာမျိုးကို ဖတ်ရှုသည်ကို သတိထားရမည်။ သင်ရရှိလိုက်သည့် သတင်းအချက်အလက်သည် မည်သည့်ပုံနှိပ်ထုတ်ဝေမှုထံမှ ရယူသည်ကိုလည်း သတိဖြင့် ရွေးချယ်ရမည်။

ကျွန်ုပ်သည် အပေါင်စာချုပ်ဖြင့် ငွေချေးသည့် ဘဏ်သမားနှင့် နေ့လယ်စာ အတူစားကြသည်။ သူ့ဘဏ်သည် အမေရိကတွင် အပေါင်စာချုပ်ဖြင့် ငွေချေးသည့် ဘဏ်များတွင် ပိုကြီးသော ဘဏ်များစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ နှစ်စဉ် ကန်ဒေါ်လာ ဘီလျံချီပြီး ငွေထုတ်ချေးလျက် ရှိသည်။ သူက မဆီမဆိုင် ရုတ်တရက် ပြောလိုက်သည်။ "အလှဖတ် ငွေရေးကြေးရေးမဂ္ဂဇင်းတွေက ဘာလို့ အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုအကြောင်း ဘာလို့ မရေးကြတာလဲ။ စာရွက်ပြောင်ချောနဲ့ ထုတ်တဲ့ ငွေရေးကြေးရေး မဂ္ဂဇင်းအများစုက စတော့၊ အစိုးရငွေချေး စာချုပ်နဲ့ ပေါင်းစုရန်ပုံငွေတွေ အကြောင်းကိုပဲ ရေးကြတယ်။ အိမ်ခြံမြေနဲ့ ပတ်သက်လို့ သူတို့ ရေးသမျှတွေက အိမ်ကို ဘယ်လိုပြင်မလဲ။ အပန်းဖြေအိမ် ဝယ်ဖို့အကြောင်း၊ အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှု ထရပ်စ်တွေ အကြောင်းတွေချည်းပဲ။ အဲဒါတွေက အိမ်ခြံမြေမှာ တကယ့်ရင်းနှီးမြှုပ်နှံမှု မဟုတ်ဘူး" ကျွန်ုပ်က သဘောတူမိသည်။ ကျွန်ုပ်က "သူတို့ရဲ့ ကြော်ငြာရှင်တွေ ပျော်အောင်ထားဖို့ လိုအပ်တာကိုး" မှတ်ချက်ပြုသည်။

## စာနယ်ဇင်းသမားများသည် မည်သူ့အတွက် ရေးသားကြသနည်း

သင်၏ ရင်းနှီးမြှုပ်နှံမှု သတင်းအချက်အလက် မှန်ကန်ခိုင်မာမှုကို စစ်ဆေးရန် အကောင်းဆုံးနည်းလမ်း တစ်ခုမှာ သင် ဖတ်ရှုသည့် ပုံနှိပ်စာအုပ်တွင် ပါဝင်သော ကြော်ငြာရှင်များသည် မည်သူတို့ ဖြစ်သည်ကို စစ်ဆေးပါ။ ပုံနှိပ်ထုတ်ဝေမှု အများ အပြားတို့သည် ပေါင်းစုရန်ပုံငွေတွင် ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါဟူသည့် စိတ်ကူး အကြံကို ထောက်ခံ ကြသည်။ ပေါင်းစုရန်ပုံငွေ လုပ်ငန်းများသည် သူတို့၏ အဓိကကြော်ငြာ ဝင်ငွေကို ပေးနေသူများ ဖြစ်နေသည်။ ထို့ကြောင့်လည်း ဈေးကွက် မငြိမ်မသက်ဖြစ်ခြင်း၊ ပြိုလဲနေ စဉ်တို့တွင် ၎င်းပုံနှိပ်ထုတ်ဝေမှုများသည် ပေါင်းစု ရန်ပုံငွေများ၏ ကောင်းချက်များ အကြောင်းကို ဆက်လက်ရေးသားနေကြခြင်း ဖြစ်သည်။



သတင်းများ တင်ပြအစီရင်ခံရာတွင် ရိုးဖြောင့်မှုရှိစေရန်အတွက် စာတည်းအဖွဲ့ သည် ကြော်ငြာဌာနနှင့် တသီးတခြား ဖြစ်ပြီး ကွဲပြားခြားနားကြောင်း မဂ္ဂဇင်းများက ဖော်ပြကြသော်လည်း အမှန်အတိုင်း ရဲရဲ ဝံ့ဝံ့ဖြင့် အဖုံးတွင် ဖော်ပြမည်ဆိုပါက ဘဏ္ဍာ ရေးအရ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခြင်းသာ ဖြစ်လိမ့်မည်။ "ပေါင်းစုရန်ပုံငွေများသည် ဆိုးဝါးသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်" "ပေါင်းစုရန်ပုံငွေများထဲမှ ယခုပင် ပြန်ထုတ် လိုက်ပါ" စသဖြင့် ဖော်ပြလျှင် ငွေရေးကြေးရေး ဝင်ငွေအရ သတ်သေခြင်း မည်ပေလိမ့်မည်။ ထိုအစား ၎င်းပုံနှိပ်ထုတ်ဝေမှုများသည် တစ်နှစ်ပြီးတစ်နှစ် အဖုံးတွင် ဖော်ပြပြီးသား ကိုပင် ထပ်မံဖော်ပြလျက်ရှိကြ သည်။ "ဘယ်ပေါင်းစုရန်ပုံငွေများက အကောင်းဆုံးလဲ" "ဤနှစ်တွင် စွမ်းဆောင်ရည်ထိပ်ဆုံး ရန်ပုံငွေများ" "အာမခံ ငွေချေးစာချုပ် ရန်ပုံငွေ အလှည့်ရောက်နေပြီ" "မည်သည့်ကဏ္ဍများက ရန်ပုံငွေများ ငွေပိုရအောင် လုပ်နိုင်ခဲ့သလဲ" စသဖြင့် ဖော်ပြနေကျ ဖြစ်သည်။ မေးခွန်းမှာ အဆိုပါ ပုံနှိပ်ထုတ်ဝေမှုများသည် မျှမျှ တတရှိပြီး ဘက်လိုက်ခြင်းကင်းပါ၏လော။ ၎င်းတို့သည် နောကျေသော ငွေရေးကြေးရေး သတင်းအချက် အလက်များကို ပေးအပ်ကြပါ၏လော။ ၎င်းတို့သည် သင့်အတွက် ရေးသားပေးနေကြခြင်းလော။ သို့မဟုတ် ၎င်းတို့၏ ကြော်ငြာရှင်များအတွက် ရေးသား ပေးနေကြခြင်းလော။ ၎င်းတို့ကို ဖတ်ရှုသူများသည် ငွေရေးကြေးရေးအကြောင်း မည်မျှ အထိ နားလည်ထားကြသနည်း။ ထိုမေးခွန်းတို့၏ အဖြေများကို စာရှုသူကိုယ်တိုင် ရှာဖွေဆန်းစစ်ရမည် ဖြစ်ပေသည်။

*ပိုက်ဆံ၏ အနာဂတ်* အမည်ရှိ စာအုပ်တွင် စာရေးသူ ဘားနဒ်လိုင်တီရာက အမေရိကန်တို့ မီဒီယာအပေါ် ယုံကြည်ကိုးစားမှု လျော့ကျပုံကို တင်ပြထားသည်။ "ပင်မစီးကြောင်း မီဒီယာ၏ ရည်ရွယ်ချက်မှာ အသိပေးစရာတို့ကို များများစားစား ပေးအပ်ရန် မဟုတ်ချေ။ ဖြစ်ပျက် နေသည်တို့ကို အစီရင်ခံရန်လည်း မဟုတ်ချေ။ လူထု၏ ထင်မြင်ယူဆချက်များကို ကြီးစိုးလွှမ်းမိုးထားသော ကော်ပိုရိတ်လုပ်ငန်းကြီး များ၏ အစီအစဉ်များနှင့်အညီ ပုံသွင်းပေးရန်သာ ဖြစ်သည်" ဟု သူက ရေးသားထားသည်။ ကြော်ငြာရှင်တို့ထံ ဆောင်းပါးများကို အရင်ဖတ်ရှု သုံးသပ်ရန် တင်ပြပြီးမှ မဂ္ဂဇင်း များတွင် ဖော်ပြကြသည်မှာ လုပ်ထုံးလုပ် နည်းတစ်ခု ဖြစ်နေပြီဖြစ်သည်။ လော့စ်အိန် ဂျယ်လိစ် တိုင်းမ်စ်ဆိုလျှင် ကြော်ငြာရှင်နှင့် စာတည်း ပူးပေါင်းဆောင်ရွက်မှုကို အမြင့် မားဆုံးဖြစ်အောင် စီမံခန့်ခွဲမှုကို ဖွဲ့တည်ပေးထားသည်။

### သင်၏ ငွေရေးကြေးရေး သတင်းအချက်အလက်များကို စီမံခြင်း

ဤအခန်းကို ကျွန်ုပ် ရေးသားရသည့်အကြောင်းမှာ သင်ရရှိသော ငွေရေးကြေးရေး သတင်းအချက်လက်များ၏ အရည်အသွေးသည် သေရေးရှင်ရေးသဖွယ် အရေးကြီးသောကြောင့် ဖြစ်သည်။ အထူးသဖြင့် သင့်ပိုက်ဆံနှင့် ပတ်သက်နေလျှင် ပို၍ပင် အရေးကြီးသည်။

ကျွန်ုပ်က လူအများတို့ကို ပေးလေ့ရှိသည့် လေ့ကျင့်ခန်းတစ်မျိုးမှာ စာနယ်ဇင်းသမားတစ်ဦးဦးထံ ဖုန်းဆက်ပြီး အထူးသဖြင့် ပုံနှိပ်ထုတ်ဝေသည့် စာနယ်ဇင်းသမားတစ်ဦးဦးအား မေးခွန်းနှစ်ခု မေးမြန်းခိုင်းခြင်း ဖြစ်သည်။

မေးခွန်း နံပါတ်(၁)မှာ မီဒီယာတွင် ဖော်ပြသမျှ အားလုံးသည် အမှန်အတိုင်းဖြစ်ခြင်း၊ အချက်အလက်မှန်ကန်ခြင်း၊ ဘက်မလိုက်ခြင်း၊ ဓမ္မဓဋ္ဌာန်ကျခြင်း၊ စီးပွားရှာရေးကို ထည့်သွင်းမစဉ်းစားခြင်းများ ဟုတ်ပါ၏လော။

ထိုလေ့ကျင့်ခန်းကို လုပ်ဆောင်ကြသူတို့က ကျွန်ုပ်ကို ပြန်ပြောပြကြသည်မှာ မီဒီယာသည် ရိုးဖြောင့်ပါသည်ဆိုသည့် ယူဆချက်ကို စာနယ်ဇင်းသမား အားလုံးနီးပါးက လှောင်ပြောင်သရော်ကြသည်။ စာနယ်ဇင်းသမား အားလုံးနီးပါးတို့က မီဒီယာတွင် ဖော်ပြထားသည်များ၌ အတော်များများတို့သည် အမှန်တရားအကြောင်း မဟုတ်ဟု ဝန်ခံကြသည်။ မီဒီယာတွင် အများအပြား ပါဝင်နေသည်မှာ ကြော်ငြာရောင်းရန်နှင့် ဖျော်ဖြေရန် ဖြစ်သည်။

ဒုတိယမေးခွန်းမှာ သင်သည် အမှန်အတိုင်းတင်ပြခြင်း၊ ဘက်မလိုက်ခြင်း၊ အချက်အလက်မှန်ကန်မှု ရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ စီးပွားရှာရေးကို ထည့်သွင်းမစဉ်းစားခြင်းများကို လိုက်နာသူ ဟုတ်ပါ၏လော။

ဖြစ်ရပ်အများစုတွင် ဤမေးခွန်းအတွက် အဖြေသည် အလွန်ကွဲပြားသည်။ စာနယ်ဇင်းသမား အားလုံးနီးပါးတို့ ယုံကြည်ထားကြသည်မှာ မိမိတို့သည် အမှန်အတိုင်းတင်ပြခြင်း၊ ဘက်မလိုက်ခြင်း၊ အချက်အလက် မှန်ကန်မှုရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ စီးပွားရှာရေးကို ထည့်သွင်းမစဉ်းစားခြင်းများကို လိုက်နာသူများ ဖြစ်သည်။ သို့သော် လုပ်ဖော်ကိုင်ဖက်များ ထဲတွင် ထိုသို့ မဟုတ်သူက များနေသည်ဟု ယူဆကြသည်။

ကျွန်ုပ်၏ အသိမိတ်ဆွေ စိတ်ကုထုံးသမားတော်က "လက်ရွေးစင် လှည့်စားခံရခြင်း"ဟု အမည်ပေးထားသည်။ သူက "သက်မွေးအလုပ် ရိုင်းပျခြင်း"ဟုလည်း ခေါ်ဝေါ်ပေးသေးသည်။ သူက ရှင်းပြသည်။ "သက်မွေးအလုပ် လုပ်ကိုင်နေကြသူ



အားလုံးက သူတို့ရဲ့ သက်မွေးအလုပ် နယ်ပယ်မှာ လုပ်ကိုင်နေကြတဲ့ တခြားသူတွေဟာ အယောင်ဆောင်သူတွေ ဖြစ်တယ်လို့ တွေးထင်ဖို့ အားသန်ကြပါတယ်။ ဒါပေမဲ့ သူတို့ကိုယ်ကို သူတို့ကျတော့ အဲဒီလို မထင်ကြဘူး။ သက်မွေးအလုပ် လုပ်ကိုင်သူ အားလုံးနီးပါးတို့ဟာ အမှန်တရား အလံတော်ကို သူတို့ ကိုင်ထားတယ်လို့ ရိုးရိုးသားသား တွေးထင်ကြပါတယ်။ သူတို့ရဲ့ သက်မွေးအလုပ်ကို ဂုဏ်ထိန်းတဲ့သူလို့ ကိုယ့်ကိုယ်ကိုယ် တွေးထင်ကြတယ်။ ကျန်တဲ့သူတွေကတော့ ဘဲရုပ်ပါတဲ့ အလံကို ကိုင်ထားကြတယ်လို့လည်း သူတို့က ထင်မြင်ယူဆကြတယ်။ အဲဒါဟာ ကိုယ့်ကိုယ်ကိုယ် လက်ရွေးစင်တစ်ဦးအဖြစ် ရွေးချယ်ပြီး လှည့်စားခံရခြင်းရဲ့ နမူနာ တစ်ခုပါပဲ။ သက်မွေးအလုပ် လုပ်ကိုင်နေကြသူအားလုံးမှာ အဲဒီ ချို့ယွင်းချက် ရှိကြပါတယ်"

### ဘဲများ ပြည့်နှက်နေသော ဈေးကွက်

တရုတ်နိုင်ငံတွင် ကျွန်ုပ် ရောက်ရှိနေစဉ် တစ်ရက်၌ ဘဲမွေးမြူသူ လယ်သမားတစ်ဦးသည် ရာချီသော ဘဲများ ပါဝင်သည့် သူ့ဘဲအုပ်ကို ဈေးရှိရာသို့ မောင်းပြီး ခေါ်လာသည်။ သူ့ဘဲအုပ် လမ်းဖြတ်ကူးနေသည်ကို ရပ်တန့်ပြီး စောင့်ပေးနေသည့် ကားပေါ်တွင် ကျွန်ုပ် ထိုင်နေသည်။ ကျွန်ုပ်စိတ်ထဲ 'စိတ်ကုထုံးသမားတော်နှင့် လက်ရွေးစင် လှည့်စားခံရခြင်း'ကို အတွေးပေါ်ပေါက်သည်။ ကားပေါ်တွင် ပါလာသော မိတ်ဆွေဘက်သို့ လှည့်ပြီး ကျွန်ုပ်က ပြောလိုက်သည်။ "ငွေကြေးကျွမ်းကျင်သူများညီလာခံတက်သူတွေ လမ်းဖြတ်ကူးနေတာနဲ့ တူနေတယ်"

ကျွန်ုပ်၏ မိတ်ဆွေက ရယ်သည်။ သူက "ဘဲတွေက တဂတ်ဂတ်မြည်ပြီး သွားကြတယ်။ ရှေ့ကဘဲတွေနောက်ကို နောက်က ဘဲတွေက လိုက်ပါကြတယ်။ သူတို့အချင်းချင်း တဂတ်ဂတ် လုပ်နေကြမဲ့အစား လယ်သမားကို တဂတ်ဂတ် လုပ်ပြီး သူတို့ကို ဘယ်နေရာခေါ်သွားတာလဲ မေးသင့်တယ်"

### လှည့်စားခံရသည့် ဘဲများ

ငွေကြေးအကြံပေးများ၏ လောကတွင် ကျွန်ုပ်သည်လည်း လက်ရွေးစင် လှည့်စားခံရခြင်းအတွက် အပြစ်သင့်သူ ဖြစ်သည်။ ကျွန်ုပ်သည်လည်း ဘဲတစ်ကောင်ဖြစ်သည်။ ရိုးသားစွာ ဆိုရလျှင် ကျွန်ုပ်၏ စိတ်ထဲတွင် ရိုးဖြောင့်စွာ ယုံကြည်ထားသည်မှာ ကျွန်ုပ်သည် အမှန်တရား ငွေရေးကြေးရေးအလံကို ကိုင်ထားပြီး ဂုဏ်ကို ထိန်းထားသူ

ဖြစ်သည်ဟူ၍ ဖြစ်သည်။ ကျွန်ုပ်နှင့် တန်းတူရည်တူ ဖြစ်ကြသူများတွင် အများအပြားတို့က ကျွန်ုပ်သည် ဘဲပုံပါသောအလံကို ကိုင်ထားသူဖြစ်သည်ဟု ယူဆထားကြသည်။ ကျွန်ုပ်၏ ငွေကြေးဆိုင်ရာ အကြံပြုချက်နှင့် ပတ်သက်လာလျှင် ကျွန်ုပ်သည်လည်း လှည့်စားခံရသည့် ဘဲတစ်ကောင်ဖြစ်ကြောင်း ကောင်းကောင်းသတိမမူမိသည်။

ကျွန်ုပ်က ဘာသာအကြောင်းကို တဂတ်ဂတ် မြည်နေသည်၊ ကျွန်ုပ်၏ ရောင်းရင်းဘဲများက ဘာသာအကြောင်းကို တဂတ်ဂတ် မြည်နေသည်မှာ အရေးကိစ္စ မဟုတ်ချေ။ ကျွန်ုပ်အရေးအလုပ်ဆုံးမှာ လယ်သမားဖြစ်သည်။ ၎င်းအသံမပြုသောသူသည် ကမ္ဘာပေါ်မှာ လူအတော်များများတို့ကို ဈေး ကွက်သို့ ဦးဆောင်ပြီး ခေါ်သွားပုံရသည်။ အလားတူပင် ကျွန်ုပ် အရေး လုပ်သည်မှာ ငွေရေးကြေးရေးဘဲအများအပြားတို့သည် လယ်သမားအတွက် လုပ်ပေးနေကြခြင်း ဖြစ်သည်။ သူတို့၏ ဘဲရောင်းရင်းများအတွက် လုပ်ပေးနေခြင်း မဟုတ်ချေ။ လယ်သမားအတွက် လုပ်ကိုင်ပေးနေကြသော ဘဲအများအပြားတို့သည် ရုပ်ဖျက်ထားကြသည်။ သူတို့သည် စာနယ်ဇင်းသမားများ၊ ဘဏ်သမားများ၊ အာမခံ အရောင်းသမားများ၊ ရင်းနှီးမြှုပ်နှံမှု အကြံပေးများ၊ အစိုးရ အရာရှိများ စသဖြင့် အသွင်ဆောင် ထားကြသည်။ အကယ်၍ လွတ်လပ်သော ဘဲတစ်ကောင်က ရုတ်ချည်းရပ်လိုက်ပြီး အခြားဘဲများကို တဂတ်ဂတ်လုပ်ကာ "လယ်သမားက ငါတို့ကို ဘယ်နေရာခေါ်သွားတာလဲ"ဟု ဆိုလိုက်မည်ဆိုလျှင် လယ်သမားအတွက် လုပ်ကိုင်ပေးနေသော ဘဲများက အသံကို ပိုကျယ်ကျယ်ဖြင့် တဂတ်ဂတ် လုပ်ကြမည် ဖြစ်သည်။ လွတ်လပ်သောဘဲကို အယောင်ဆောင်ဟု ဝိုင်း ပြောကြမည် ဖြစ်သည်။ မည်သို့ပင် ဖြစ်စေကာမူ ဘဲများသည် အချင်းချင်း တစ်ကောင်ကို တစ်ကောင်က တဂတ်ဂတ် လုပ်နေကြပြီဆိုပါက လယ်သမားကို မေခွန်းမေးမြန်းခြင်း ရပ်သွားပြီ ဖြစ်သည်။

## ဘဲများက မည်သူ့အတွက် လုပ်ကိုင်ပေးနေကြသနည်း

လယ်သမားအတွက် လုပ်ကိုင်ပေးနေသော ဘဲများကို ရွေးထုတ်ဖို့ ကြိုးစားမည်ဆိုပါက လက်တွေ့ မဆန်ပေ။ လက်တွေ့ မကျချေ။ ထိုသို့ ဘဲများ အများအပြား ရှိနေပြီး လယ်သမား၏ ဘဲများသည် အသုံးတည့်သည်။ ရည်ရွယ်ချက်အတွက် အလုပ်အကျေးပြုနေကြသည်။ သို့သော် ငွေရေးကြေးရေးဘဲတစ်ကောင်ကို သင်တွေ့တိုင်း သင့်ကိုသင် မေးမြန်းခြင်းသည် လက်တွေ့မဆန်ရာ ရောက်လွန်းခြင်း မဖြစ်ပေ။ "ဒီဘဲက ဘယ်သူ့အတွက် လုပ်ပေးနေတာလဲ။ ငါ့အတွက်လား။ လယ်သမားအတွက်လား" ဤဘဲသည်



ငါ့ကို ငွေရေးကြေးရေး အမှီအခိုကင်းမှုရမည့်ဆီသို့ ရှေ့မှ ဦးဆောင်ကာ ခေါ်ဆောင်သွားဖို့ ကြိုးစားနေခြင်းလော။ သို့မဟုတ် ဈေးမှာ သတ်ဖြတ်ခံရဖို့ ရှေ့မှ ဦးဆောင်ကာ ခေါ်ဆောင်သွားခြင်းလော။

## အရည်အသွေးမြင့်မားသည့် သတင်းအချက်အလက်

ကျွန်ုပ်၏ ၁၉၆၅ ခုနှစ်၌ ပေါင်းစုရန်ပုံငွေ အရောင်းသမားနှင့် တွေ့ကြုံခဲ့ရပြီးသည့်နောက်တွင် သူဌေးဖေဖေက ကျွန်ုပ်ကို ပြောသည်။ "ပိုတော်တဲ့ ရင်းနှီးမြှုပ်နှံသူတွေက ပိုကောင်းတဲ့ သတင်းအချက်အလက် တွေကို ရှာဖွေရယူကြတယ်" ထို့ပြင် သူက "ပိုကောင်းတဲ့ သတင်းအချက် အလက်တွေကို အဆင်သင့် မရနိုင်ဘူး။ ကိုယ့်ဘာသာကိုယ် လိုက်ရှာရတယ်" ဟု ပြောပြသည်။

ယခုအခါ ကျွန်ုပ်သည် မိမိဖတ်ရှုသည့် ငွေရေးကြေးရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများ၏ အရည်အသွေးကို အဆက်မပြတ် သတိမူမိသည်။ လူပြိန်းကြိုက် ငွေကြေးမဂ္ဂဇင်းများသည် စူပါမားကက် ဈေးဝယ်ထွက် ပေါက်အနီးတွင် အလွယ်တကူ ယူ၍ရအောင် အသင့်ထားရှိပေးထားသည်။ ထိုမဂ္ဂဇင်းများကို ကျွန်ုပ် တစ်ချက် လှမ်းကြည့်မိလေ့ရှိသည်။ ကျွန်ုပ်သည် ငွေရှင်းရန် တန်းစီစောင့်နေစဉ် မဂ္ဂဇင်းတစ်အုပ်ကို ယူလိုက်ပြီး လှန်လှော ကြည့်မည် ဖြစ်သည်။ ရံဖန်ရံခါ၌ မဂ္ဂဇင်းတစ်အုပ်ကို ကျွန်ုပ် ဝယ်သည်။ ထို့နောက် ကျွန်ုပ်၏ အာရုံကို ဖမ်းစားသည့် ဆောင်းပါးကို ဖတ်ရှုသည်။ ဆောင်းပါးသည် စိတ်ဝင်စားစရာ ကောင်းနေသော်ငြားလည်း ကျွန်ုပ်သည် ကြော်ငြာရှင်များကို အမြဲ ထည့်သွင်းစဉ်းစားသည်။ ရေးသားကြသူများသည် ပညာရည် ပြည့်ဝကြသူများဖြစ်ပြီး ငွေရေးကြေးရေးတွင် အောင်မြင်မှု ရဖို့ မလိုအပ်ချေ။ မဂ္ဂဇင်းရည်မှန်းထားသော ပစ်မှတ်ဈေးကွက်နှင့် လူဦးရေအမျိုးအစားတို့သည် မည်သူတို့ဖြစ်ကြသည်ကိုလည်း ကျွန်ုပ် မေးခွန်းထုတ်သည်။ မဂ္ဂဇင်းကို လယ်သမားက ထောက်ပံ့ထားခြင်း လောဆိုသည်ကိုလည်း ကျွန်ုပ် ဆန်းစစ်ကြည့်သည်။ လူကြိုက်များသော ငွေရေးကြေးရေး မဂ္ဂဇင်းများ အများအပြားတို့သည် ပညာရည်မြင့်မားပြီး ဝင်ငွေမြင့်မားသော သက်မွေးအလုပ်လုပ်ကိုင်နေသူများကို ပစ်မှတ်ထားရှိကြသည်။ ထိုသူတို့သည် ငွေရေးကြေးရေးဆိုင်ရာ ပညာရေးကို ပုံစံတကျ သင်ယူထားခြင်း အလွန်နည်းပါးပြီး ရင်းနှီးမြှုပ်နှံမှုအတွက် ပေးသည့် အချိန်မှာလည်း နည်းပါးကြသည်။ သို့ဖြစ်ရာ သူတို့သည် ပေါင်းစုရန်ပုံငွေများတွင် ရင်းနှီးမြှုပ်နှံကြသည်။ ဤအဆင့်အတန်း၌ ရှိသူတို့သည် မြင့်မြင့်မားမားကို

သွားသည်။ ဤကဲ့သို့သော ရင်းနှီးမြှုပ်နှံသူများကို လယ်သမားများက သဘောကျကြသည်။ သို့ဖြစ်ရာ များသောအားဖြင့် ပုံနှိပ်ထုတ်ဝေမှုကို ကိုယ်တိုင်ကိုယ်ကျ ပြုကြသည်။ ငွေရေးကြေးရေး မဂ္ဂဇင်း အများအပြားတို့သည် လယ်သမားများ ဘဲအသစ်များ ရရှိအောင် အသုံးပြုသည့် ကိရိယာများ ဖြစ်သည်။

ဆိုချင်သည့်အချက်မှာ သင်သည် ငွေရေးကြေးရေး အောင်မြင်မှုကို ပိုရလိုပါက သင့်အတွက် ငွေရေးကြေးရေး သတင်းအချက်အလက်များကို ကိုယ်တိုင် ရှာဖွေရမည်။ အကြောင်းမှာ အကောင်းဆုံး ငွေရေးကြေးရေး အကြောင်း ပုံနှိပ်ထုတ်ဝေသည်များကို စူပါမားကက်များတွင် ရောင်းချခြင်း မပြုကြချေ။ စာအုပ်ဆိုင်များတွင်ပင်လျှင် ရောင်းချခြင်း မပြုချေ။

## သင့်ခေါင်းထဲ မည်သူ့ကို ဖိတ်ခေါ်သည်ကို သတိထားပါ

၁၉၆၅ ခုနှစ်တွင် ကျွန်ုပ်သင်ယူခဲ့သည့် သင်ခန်းစာသည် ကျွန်ုပ်၏ ခေါင်းထဲသို့ မည်သူ့အား ဖိတ်ခေါ်သည်ကို ကျွန်ုပ် ဂရုပြုရမည်။ သူဌေး ဖေဖေက ပြောသည်မှာ "တံခါးမှာ သော့တပ်ထားတာ အကြောင်းရှိတယ်။ မင်းရဲ့ ဦးနှောက်မှာလည်း သော့တပ်ထားသင့်ဟာလည်း အဲဒီအကြောင်း ကြောင့်ပဲ" ဟူ၍ ဖြစ်သည်။

ယခုအခါ ကျွန်ုပ် သတင်းစာများ၊ စီးပွားရေးမဂ္ဂဇင်းများ ဖတ်ရှုခြင်း၊ ရုပ်မြင်သံကြားတွင် ငွေရေးကြေးရေး သတင်းများကို ကြည့်ရှုခြင်းပြုသည့်အခါ ကျွန်ုပ်၏ ဦးနှောက်အတွင်းဘက်အကျဆုံးသို့ ဝင်ခွင့်ပြုသည့် သတင်းအချက်အလက်များသည် အောင်မြင်နေသော ချမ်းသာသည့် ရင်းနှီးမြှုပ်နှံသူများထံမှလာသော သတင်းအချက်အလက်များ ဖြစ်ပြီး စာနယ်ဇင်းသမားများထံမှ လာသော သတင်းအချက်အလက်များ မဟုတ်ချေ။ စာနယ်ဇင်းသမားများသည် ဝန်ထမ်းများသာ ဖြစ်ကြပြီး သူတို့၏ ဝင်ငွေအများစုသည် လစာမှ ရရှိကြခြင်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများထံမှ မဟုတ်ချေ။ ကျွန်ုပ်သည် အိမ်ခြံမြေနှင့် စီးပွားရှာ လုပ်ငန်းများတွင် အကြီးအကျယ် ရင်းနှီးမြှုပ်နှံခြင်းပြုရန် အားသန်သူ ဖြစ်သော်လည်း အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံခြင်းမပြုသော ရင်းနှီးမြှုပ်နှံသူများထံမှ လာ သော သတင်းအချက်အလက်များကို ဖတ်ရှုခြင်းနှင့် သင်ယူခြင်းပြုရန် မွေ့လျော်ပါသည်။

ကျွန်ုပ်၏ ခေါင်းထဲသို့ ဖိတ်ခေါ်သူများမှာ ဝါရင် ဘတ်ဖ်ဖစ်တ်၊ ဂျင်ရော်ဂျာတို့ ကဲ့သို့သော ပုဂ္ဂိုလ်ကျော်များ ဖြစ်သည်။ ကျွန်ုပ်သည်ဝေါစထရီ ဂျာနယ်ကို ဖတ်ရှုပါသည်။



အကြောင်းမှာ ၎င်းသည် မကြာခဏထက် ပိုသော ကြိမ်ဖန်များစွာဖြင့် စတော့ဈေးနှုန်း ထိုးတက်သည်ကို ဖော်ပြလေ့ ရှိသည်။ ကျွန်ုပ်သည် ဘာရွန်စ်ကိုလည်း ဖတ်ရှုပါသည်။ အကြောင်းမှာ ၎င်းသည် ဈေးကျရိပ်ကို ကြိမ်ဖန်များစွာ ဖော်ပြလေ့ရှိ သည်။ ကျွန်ုပ်သည် ဘီကိုနိုမစ်၊ ဘစ်ဇနစ်ဝိခ်တို့ကိုလည်း ဖတ်ရှုပါသည်။ ဖော့ဘ်စ်ကိုလည်း ဖတ်ရှုပါသည်။ အကြောင်းမှာ ၎င်းသည် ကြီးမားသည့် စီးပွားရေးလုပ်ငန်း များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနေသည်။

အိမ်ခြံမြေသတင်းများအတွက် ဈေးကွက်အစီရင်ခံစာများ၌ ကျွန်ုပ် ရှာဖွေပါသည်။ ၎င်းတို့ကို အိမ်ခြံမြေစီးပွားရေးလုပ်ငန်းများ အများအပြားတို့မှ ထုတ်ဝေပါသည်။ ၎င်းအစီရင်ခံစာများတွင် အများစုသည် အခမဲ့ ရရှိပါသည်။ ၎င်းတို့သည် သက်မွေးအလုပ်အဖြစ် လုပ်ကိုင်နေသော အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံသူတို့ ကြုံနေရသည့် စိန်ခေါ်မှုများနှင့် ရေ့အလား အလာများတို့နှင့် ပတ်သက်သော သတင်းအချက်အလက်များလည်း ကြွယ်ဝသည်။


အရင်းအမြစ် ပိုကျပြီး တိတိပပ ပိုဖြစ်သော သတင်းအချက်အလက်များ ရရှိရန်အတွက် ရင်းနှီးမြှုပ်နှံမှု သတင်းလွှာ အချို့တို့ကို ကျွန်ုပ် မှာယူသည်။ သို့သော် ၎င်းတို့အထဲတွင် တချို့သည် အယောင်ဆောင် များက ရေးသားထားခြင်း ဖြစ်သော်ငြားလည်း တစ်ခုခုကိုတော့ ကျွန်ုပ် သင်ယူသိရှိပါသည်။ ၎င်းတို့၏ သမားရိုးကျ မဟုတ်သော ရှုထောင့်အမြင်များကို ကျွန်ုပ်သိရသည်။ ဖုံးဖိထားသော သတင်းအချက်အလက်များကို ကျွန်ုပ် တစ်စွန်းတစ်စ မြင်ရသည်။

ကျွန်ုပ် ဖတ်ရှုသည်တို့ကို သင်ဖတ်ရှုရန် အကြံပြုထောက်ခံခြင်း မည်သည့်နည်းနှင့်မျှ ကျွန်ုပ် မပြုပါ။ ဤသည်တို့ အားလုံးမှ ဆိုချင်သော အချက်မှာ အမြင်မားဆုံး အရည်အသွေးရှိသည့် ငွေရေးကြေးရေး သတင်းအချက်အလက်များကို တက်တက်ကြွကြွဖြင့် ရှာဖွေဖို့ကို တိုက်တွန်းအား ပေးလိုခြင်း ဖြစ်သည်။ သင်၏ အကြီးမားဆုံး တန်ဖိုးရှိ ပိုင်ဆိုင်မှုသည် သင့် ဦးနှောက်ဖြစ်သည်။ သို့ဖြစ်ရာ သင့်ဦးနှောက်တွင် သော့ပါသော တံခါးတစ်ချပ်ကို သင် တပ်ဆင်ထားရမည်။

## ငွေရေးကြေးရေး သတင်းအချက်အလက် အကျဉ်းချုပ်

သင့် ခေါင်းထဲသို့ ထည့်ရန် လက်ခံမည့် ငွေရေးကြေးရေး သတင်းအချက်အလက်များ၏ အမျိုးအစားကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေး သည့်အခါ ငွေစီးဆင်း

ခြင်းလေးပိုင်းစိတ်ကို သတိရလိုက်ရုံသာဖြစ်သည်။




အီးနှင့် အက်စ် လေးပိုင်းစိတ်တို့တွင် ရှိနေသူများက ၎င်း လေးပိုင်းစိတ်တွင် ရှိနေကြသည့် အီးနှင့်အက်စ် အမျိုးအစားဖြစ်သူများအတွက် ရေးသားပေးထားပြီး ထုတ်ဝေသည့် စာများနှင့် အစီအစဉ်များ ရှိသည်။

လူကြိုက်များသော ငွေရေးကြေးရေး မဂ္ဂဇင်းများသည် ဤအတန်းအစားတွင် ပါဝင်ကြသည်။ ရေပန်းစားသည့် ငွေရေးကြေးရေးကျွမ်း ကျင်သူများနှင့် ၎င်းတို့မှ ထုတ်လွှင့်သည့် ရေဒီယိုအစီအစဉ်များ၊ တီဗီအစီအစဉ်များလည်း ပါဝင်ကြသည်။ သတင်းစာများတွင် ယေဘုယျအားဖြင့် ရေးသားဖော်ပြသည့် ငွေရေးကြေးရေးအကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုအကြောင်း ဆောင်းပါးများလည်း ဤအတန်းအစားတွင် ပါဝင် သည်။ တစ်ခါတစ်ရံ၌ သတင်းစာသည် နောက်ထပ်အတန်းအစားတစ်ခု ထဲသို့ အနားစွန်း ရောက်ရှိနေတတ်သည်။

ဘီနှင့်အိုင် လေးပိုင်းစိတ်တို့တွင် ရှိနေသူများအကြောင်းကို အီးနှင့် အက်စ် လေးပိုင်းစိတ်တို့မှ လူများက ရေးသားထားသည့် ထုတ်ဝေခြင်းများနှင့် ထုတ်လွှင့်မှု အစီအစဉ်များ ရှိသည်။ ဝေါစထရိ၊ ဘာရွန်စ်နှင့် ဖော့ဘ်စ်တို့သည် ဤအတန်းအစားတွင် ပါဝင်ကြသည်။

ဘီနှင့်အိုင် လေးပိုင်းစိတ်တို့တွင် ရှိနေသူများ၊ ဘီနှင့်အိုင် လေးပိုင်းစိတ်မှ



လူအဖြစ်သို့ ရောက်ရန် ကြိုးပမ်းအားထုတ်နေသူများအတွက် ဘီနှင့်အိုင် လေးပိုင်းစိတ်တို့တွင် ရှိနေသူများက ရေးသားထားသည့် ထုတ်ဝေခြင်းများနှင့် အစီအစဉ်များ ရှိနေသည်။ ဝါရင်ဘတ်ဖ်ဖစ်တ်သည် နှစ်ချုပ်အစီရင်ခံစာကို ထုတ်ဝေရာ လူအများအပြားတို့ ဖတ်ရှုကြသည်။ အိမ်ခြံမြေပွဲစားလုပ်ငန်းများထံမှ အလွန်ကောင်းမွန်သော အိမ်ခြံမြေ သတင်းအချက်အလက်များကို ရရှိ နိုင်သည်။ ၎င်းတို့ထံမှ အိုးအိမ်ကိုယ်စားလှယ်များထံမှ မရနိုင်သော သတင်းအချက်အလက်များကိုလည်း ရရှိနိုင်သည်။ များသောအားဖြင့် နည်းပညာပိုင်းဆန်ခြင်း မြင့်မားသော အထူးပြုထားသည့် သတင်းအချက်အလက်များကို သတင်းလွှာများမှ ရရှိနိုင်သည်။ ၎င်းတို့ကို ဘီနှင့်အိုင် လေးပိုင်းစိတ်တွင် ရှိနေသူများက ရေးသားပေးထားသည်။ သင်ဖတ်ရှုနေသော ဤစာအုပ်သည် ဤအတန်းအစားတွင် ပါဝင်သည်။

ဘီနှင့်အိုင်တို့မှ လူများက ဘီနှင့်အိုင်မှ လူများအတွက် ဖန်တီးပေး သော တီဗွီနှင့် ရေဒီယို အစီအစဉ်များ များများစားစား ကျွန်ုပ် မသိပါ။ သို့သော် ရှိဖို့ လိုအပ်ပေသည်။

ကောင်းသောအကြံပေးချက်ကို ရှာဖွေခြင်း

ကန်ဒေါ်လာ ၁၀,၀၀၀ ကို မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံရမည် နည်းဟု သိလိုသူအတွက် ကျွန်ုပ်၏ အဖြေတစ်ခုမှာ အရည်အသွေးမြင့်မားသည့် ငွေရေး ကြေးရေးဆိုင်ရာ ထုတ်ဝေခြင်းများတွင် သင်၏ ငွေအချို့ကို အကုန်ခံပြီး ရင်းနှီးမြှုပ်နှံပါ။ ၎င်းတို့ကို မှန်မှန်ဖတ်ရှုပါ။ သင်၏ ငွေရေးကြေးရေး သတင်းအချက်အလက်များ တိုးတက်ကောင်းမွန်အောင် မဆောင်ရွက်လျှင်ဖြစ်စေ၊ အဆင့်မြှင့်တင်ခြင်း မပြုလျှင်ဖြစ်စေ သင်၏ ငွေများကို ဘဏ်မှာ စုဆောင်းငွေအဖြစ်ဖြင့်သာ ထားထားလိုက်ပါ။

**ဆုံးရှုံးသူများထံမှ အကြံပေးချက်**

ငွေရေးကြေးရေး သတင်းအချက်အလက်၏ အဆိုးဝါးဆုံး ရင်းမြစ်များသည် ဆုံးရှုံးသူများထံမှ လာသည်။ ဆုံးရှုံးသူများကို နေရာအနှံ့ တွေ့နိုင်သည်။ ဥပမာ ကျွန်ုပ်သည် တစ်ခါ၌ ရင်းနှီးမြှုပ်နှံမှုအတွက် ရိုးရိုးစင်းစင်း သင်ရိုးကို သင်ပြပေးနေစဉ် လူတစ်ယောက်က လက် မြှောက်ပြပြီး စကားပြောခွင့် တောင်းသည်။ ထို့နောက် သူက မတ်တတ် ထရပ်ပြီး ပြောဆိုသည်။ “အိမ်ခြံမြေဟာ ညံ့ဖျင်းတဲ့ ရင်းနှီးမြှုပ်နှံမှု တစ်မျိုး ဖြစ်ပါတယ်”

ကျွန်ုပ်က မေးမြန်းသည်။ “ခင်ဗျားက ဘာလို့ အဲဒီလို ပြောရတာတုန်း”

"ကျွန်တော့ အလုပ်ထဲမှာ အသိတစ်ယောက်က ကွန်ဒိုမီနီယံတစ်ခုမှာ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ သူ ငွေဆုံးရှုံးခဲ့ပါတယ်။ ဘာအမြတ်မှ သူ မရလိုက်ဘူး"

"သူက ငွေတွေ ဘယ်လို ဆုံးရှုံးသွားခဲ့တာလဲ"

"စစချင်းမှာ ကွန်ဒိုမီနီယံအတွက် ငွေတွေ အများကြီး သူ ပေးလိုက်ရတယ်။ နောက်တော့ သူ့မှာ ရင်းနှီးမြှုပ်နှံဖို့ ငွေ လောက်လောက်ငငမရှိတော့ဘူး။ ဒီတော့ ငွေ အကြေချေရတဲ့အခါမှာ ငွေအလုံအလောက် သူ မပေးနိုင်ဘူး။ ဘာလို့လဲဆိုတော့ အပေါင်ခံပြီး ငွေချေးထားတာကို ပြန်ဆပ်ရတာတွေက အရမ်းမြင့်မားနေတယ်။ အဲဒါကို ဆပ်ဖို့နဲ့ တခြား စရိတ်စကတွေ ကာမိအောင် ငှားရမ်းခက လုံလုံလောက်လောက် မရဘူး"

"ဟာ ဒါဆို မကောင်းနိုင်တော့ဘူး"

"ပိုပိုဆိုးသွားတာ။ သူက ငှားရမ်းခကို တင်လိုက်တော့ ငှားနေတဲ့ သူက ထွက်သွားတယ်။ ငှားရမ်းသူ အသစ် ရောက်လာတယ်။ သူက ကွန်ဒိုအခန်းကို ပျက်စီးအောင် လုပ်တဲ့အပြင် ငှားရမ်းခတွေလည်း မပေးဘူး။ ဒီတော့ နှင်ထုတ်လိုက်ရတယ်။ အခု သူက ပြန်ရောင်းထုတ်ဖို့ လုပ်တယ်။ ဒါပေမဲ့ သူတောင်းတဲ့ဈေးကို ပေးမယ့်သူ တစ်ယောက်မှ မရှိဘူး။ ပျက်စီးနေတာတွေကို အရင်ပြင်ပေးပြီးမှ ဝယ်မယ့်သူ ရကောင်း ရနိုင်မယ်။ သူက ပြင်ဖို့အတွက် ငွေတွေ ထပ်မသုံးချင်တော့ဘူး။ ဈေးကိုလည်း သူက မလျှော့ဘူး။ အခု ငှားရမ်းခ မရတော့တဲ့အတွက် ငွေဆုံးရှုံးတာ ပိုများနေတယ်။ သူက ကျွန်တော့ကို ပြောတယ်။ အိမ်ခြံမြေမှာ သူ ဘယ်တော့မှ ရင်းနှီးမြှုပ်နှံမှု မပြုတော့ဘူးတဲ့။ ဒါကြောင့် အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံတာ မကောင်းဘူးလို့ ကျွန်တော် ပြောပြတာပါ"

**သတင်းစာ၏ ဩဇာအာဏာထက် ပိုပြင်းထန်ခြင်း**

ဤသည်မှာ ဆုံးရှုံးသူထံမှ ရင်းနှီးမြှုပ်နှံမှု အကြံပေးချက် ရယူခြင်း နမူနာတစ်ခု ဖြစ်သည်။ စတော့ဖြစ်စေ၊ အိမ်ခြံမြေဖြစ်စေ၊ စီးပွားရှာ လုပ်ငန်းဖြစ်စေ မည်သည်မှာ ရင်းနှီးမြှုပ်နှံမှု ပြုသည်က ကွာခြားချက် မဟုတ်ချေ။ ထိုရင်းနှီးမြှုပ်နှံမှုတိုင်းတွင် ရင်းနှီးမြှုပ်နှံမှု အကြံပေးရန် အဆင်သင့် ဖြစ်ပြီးသား ဆုံးရှုံးသူများ ရှိနေကြသည်။ အဓိက အကြောင်းတစ်ခုမှာ လူအများအပြားတို့သည် အောင်မြင်သော ရင်းနှီးမြှုပ်နှံသူများ မဟုတ်ကြခြင်း ဖြစ်နေကြပြီး သူတို့သည် ထိုသို့သော ဆုံးရှုံးသူတို့ထံမှ အကြံပေးချက်ကို ရယူခဲ့ကြသည်။



**သင့်စိတ်၏ တံခါးကို စောင့်ကြပ်ပါ**

ဤအခန်းအစတွင် ကျွန်ုပ်က လွတ်လပ်စွာပြောဆိုခွင့်နှင့် သတင်း လွတ်လပ်ခွင့်တို့၏ အရေးပါပုံကို တင်ပြခဲ့သည်။ ထိုလွတ်လပ်ခွင့်များသည် ဆုံးရှုံးသူများအထိ သက်ရောက်သည်။ ဆုံးရှုံးမှာ ကြောက်ကြသူများလည်း အကျုံးဝင်သည်။ သို့ဖြစ်ရာ ဆုံးရှုံးမှာ ကြောက်ကြသူများသည် ဆုံးရှုံးသူတို့၏ ဆုံးရှုံးပုံအကြောင်း သတင်းဖြန့်ကြသူများ ဖြစ်သည်။

ရှေ့သို့ မဆက်ခင် ရှင်းရှင်းလင်းလင်း ဖြစ်စေလိုသည်မှာ ကျွန်ုပ်သည် ဆုံးရှုံးသူများကို ဆန့်ကျင်နေခြင်း မဟုတ်ချေ။ ကျွန်ုပ် တစ်သက်တာတွင် အကြိမ်များစွာ ဆုံးရှုံးခဲ့ဖူးသည်။ အကယ်စင်စစ် ကျွန်ုပ်သည် လူအများတို့ကို ဆုံးရှုံးမှု ပိုမိုကြုံရအောင် လုပ်ဖို့ မကြာခဏ တိုက်တွန်းသူ ဖြစ်သည်။ ထိုဆုံးရှုံးမှုများထံမှ သင်ခန်းစာများ ပေမ် ရရှိမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အမှားများထံမှ သင်ယူဖို့ ဒီဇိုင်းထုတ်ခံထားသူများ ဖြစ်သည်။ ကျွန်ုပ် ဆန့်ကျင်ပြောဆိုနေသည်တို့မှာ ဆုံးရှုံးမှုထံမှ သင်ခန်းစာကို ရယူရမည့်အစား မိမိ၏ဆုံးရှုံးမှုများအတွက် သူတစ်ပါးကို ဖြစ်စေ၊ ဖြစ်ရပ်ကိုဖြစ်စေ အပြစ်ပုံချသော ဆုံးရှုံးသူမျိုးတို့ ဖြစ်သည်။ ထို့ထက် ဆိုးဝါးစေသည်မှာ ထို ဆုံးရှုံးသူမျိုးတို့သည် များသောအားဖြင့် သူတို့၏ အောင်မြင်မှု မရရှိခြင်းကို သူတစ်ပါးတို့ထံ ကူးစက်စေခြင်း ဖြစ်သည်။

သင့်စိတ်၏ တံခါးကို စောင့်ကြပ်ရန် အရေးပါသည့် အကြောင်းတစ်ခုမှာ ဆုံးရှုံးသူများသည် နေရာတိုင်းတွင် ရှိနေကြခြင်း ဖြစ်သည်။ ငွေရေးကြေးရေးကို ကြိုးပမ်းအားထုတ်နေသူတစ်ဦးကို ကျွန်ုပ်တွေ့သည့်အခါ ကျွန်ုပ်က ထိုသူကို မေးမြန်းသည်မှာ မည်သူနှင့် နီးနီးစပ်စပ် ရှိနေသနည်း၊ သူတို့သည် ပိုက်ဆံ၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် အောင်မြင်ခြင်းတို့အပေါ် မည်သို့သော အမြင်သဘောထား ရှိသနည်း။ အလွန် မကြာခဏ ကြုံရသည်မှာ ကြိုးပမ်းအားထုတ်နေသူသည် ငွေဆုံးရှုံးထားသူတစ်ဦး ထံမှဖြစ်စေ၊ ဆိုးဆိုးဝါးဝါး ဆုံးရှုံးထားသူတစ်ဦးထံမှ ဖြစ်စေ အကြံပေး ချက်ကို ရယူထားသည်။ မိမိ၏ ဆုံးရှုံးမှုများအတွက် မိမိကြောက်နေပြီး မိမိမှာ တာဝန်မကင်းသည်ကို ရိုးရိုးသားသား ဝန်ခံရမည့်အစား ထိုလူစားမျိုးတို့သည် များသောအားဖြင့် အဆိုးမြင်ခြင်း၊ အပြစ်မြင်ခြင်း၊ အပြစ်ရှာခြင်း၊ စိတ်မချမ်းမြေ့ခြင်း၊ နားထောင်ပေးသည့်သူများထံ သတင်းဆိုးများ ဖြန့်ချိခြင်းတို့ ပြုနေကြသူများ ဖြစ်သည်။ သတင်းဆိုးဖြန့်ချိခွင့်၊ ခံစားမှုများကို အမှန်အတိုင်းမပြောဘဲ လိမ်ညာပြောခွင့်၊ မိမိတို့ မအောင်မြင်သည့်အတွက် အခြားသူများကို

အပြစ်ဖို့ခြင်း၊ အောင်မြင်သူများကို ဝေဖန်ခြင်းတို့သည် အမေရိကန်အခြေခံဥပဒေ ပထမပြင်ဆင်ချက်အောက်တွင် အကာအကွယ်ပေးထားသည့် လွတ်လပ်ခွင့်များ ဖြစ်သည်။

## မိသားစုရေးရာ

မိသားစုများသည် ငွေရေးကြေးရေး သတင်းမှား၊ လှည့်ဖြားခြင်း၊ သြဇာအာဏာအတွက် ကြိုးပမ်းအားထုတ်ခြင်းနှင့် လိမ်ညာခြင်းများအတွက် အဓိကရင်းမြစ်များ ဖြစ်သည်။ ကျွန်ုပ် ကြားဖူးသည့် အပျက်သဘောဆောင်သော ကြားရနေကျ ပြောကြားချက်များမှာ –

"ငါ ရင်းနှီးမြှုပ်နှံမှု စတင်ချင်တယ်။ ဒါပေမဲ့ ငါ့အိမ်ထောင်ဖက်က မလုပ်ချင်ဘူး။ သူက ဆုံးရှုံးမယ့် အန္တရာယ်များတယ်လို့ ပြောတယ်"

"ငါ အလုပ်ထွက်ချင်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ချင်တယ်။ ဒါပေမဲ့ အဖေက လက်ရှိအလုပ်မှာ ဆက်လုပ်ရမယ်လို့ အတင်းအကျပ် ပြောနေတယ်။ သူက ပြောတယ်။ လစာနည်းပေမဲ့ တစ်ပြားမှ မရတဲ့ အဖြစ်ထက်စာရင် တော်သေးတယ်တဲ့"

"ကျွန်တော့် မိသားစုက ကျွန်တော့်ကို ရှုံးနေသလားတဲ့။ သူတို့နဲ့ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေဖို့ ကျွန်တော် ဘာမျှမလုပ်ဘဲ နေလိုက်တော့တယ်"

## အားလုံးတွင် အကြီးမားဆုံး လိမ်ညာသူ

ကျွန်ုပ်သည် ဘဝ၏ သင်ခန်းစာများထဲတွင် အရေးအကြီးဆုံးကို ဗီယက်နမ်တွင် သင်ယူခဲ့သည်။ ဤဖြစ်ရပ်ကို ယခင်က ကျွန်ုပ် ရေးခဲ့ဖူးသည်။ ထပ်ရေးဖို့ ထိုက်တန်နေသည်။ အဘယ်ကြောင့်ဆိုသော် သင်ခန်း စာသည် ဘဝ၏ နယ်ပယ်အများအပြားတို့တွင် အသုံးပြု၍ ရသောကြောင့် ဖြစ်သည်။

တစ်ခုသော နံနက်ခင်း အစောပိုင်းတွင် ကျွန်ုပ်နှင့် ကျွန်ုပ်၏အဖွဲ့သားများသည် ရန်သူ့နယ်မြေပေါ်တွင် ပျံသန်းသည်။ ကျွန်ုပ်တို့သည် အစောင့်အနေ ရဟတ်ယာဉ်တစ်စီးဖြစ်ပြီး စစ်သည်များ သယ်ဆောင်လာသည့် ရဟတ်ယာဉ်များကို တိုက်ပွဲဇုန်ဆီသို့ စောင့်ကြပ်လိုက်ပါ ရသည်။ ရန်သူထံမှ စက်သေနတ်ဖြင့် ကျွန်ုပ်တို့ထံသို့ လှမ်းပစ်သည်ကို ရုတ်တရက် ကြုံရသည်။ တိုက်ပွဲမကြုံဖူးသေးသော လူသစ်ဖြစ်သည့် ကျွန်ုပ်သည် ဆောက်တည်ရာမရ ဖြစ်သွားသည်။ ကျွန်ုပ် ပျံသန်းခြင်းအပေါ် အကောင်းမြင်ခြင်း



လျော့ကျသွားသည်။ ကျွန်ုပ်သည် ပျံသန်းဖို့ထက် သေမည့်အရေးကို ပိုစဉ်းစားမိသည်။ ကျွန်ုပ်စိတ်ထဲတွင် တိုက်ပွဲ အရေးနိမ့်နေသည်ကို သိသဖြင့် ကျွန်ုပ်တို့၏ အဖွဲ့ခေါင်းဆောင်က ကျွန်ုပ်ဆောင်းထားသော ဦးထုပ်မာကို လက်ဖြင့် ခေါက်သည်။ ထို့နောက် ဆွဲလှည့်လိုက်ရာ သူနှင့် ကျွန်ုပ်တို့ မျက်လုံးချင်း ဆုံသွားသည်။ "ဗိုလ်ကြီး ဒီအလုပ်ရဲ့ ပြဿနာက ဘာလဲဆိုတာ သိသလား" ဟု သူက မေးသည်။

"ဟင့်အင်း" ကျွန်ုပ်က ခေါင်းခါပြရင်း အဖြေပေးလိုက်သည်။

"ဒီအလုပ်မှာ ပြဿနာက ဒုတိယအကောင်းဆုံးဆိုတာ မရှိတာပဲ။ ငါတို့ နိုင်ရင်နိုင်၊ မနိုင်ရင် မြေပြင်က စက်သေနတ်သမားက နိုင်သွားမယ်။ သူနဲ့ ငါတို့မှာ တစ်ယောက်ယောက်ပဲ ဒီနေ့ ဆက်အသက်ရှင်မယ်"

တိုက်ပွဲ အရှိန်ကောင်းနေစဉ် အကြီးအကျယ် ကြောက်နေမိသော ကျွန်ုပ်သည် ခေါင်းဆောင်မှ ပြောသည်ကို ကြားလိုက်ရခြင်းဖြစ်သည်။ သူသည် ယခင်က ဤဒေသတွင် ကျွန်ုပ်ကဲ့သို့ပင် ပျံသန်းခဲ့ဖူးသည်။ ကျွန်ုပ်သည် ကြောက်ရွံ့တုန်လှုပ်နေကြောင်း ကိုယ့်ဘာသာကိုယ် သိသည်။ ကျွန်ုပ် ကြောက်နေကြောင်းကို သူကလည်း သိသည်။ ကျွန်ုပ်၏စိတ်ထဲတွင် သံသယအတွေးများ၊ ကြောက်စိတ်များ၊ မလုံခြုံခြင်းများ ပြေးလွှားနေသည်။ ကျွန်ုပ်သည် မိမိအတွက်သာ တွေးပူနေခြင်းဖြစ်သည်။ ရဟတ် ယာဉ်ပေါ် အတူပါလာသူ အခြားလူငယ်လေးဦးကို ထည့်မစဉ်းစားချေ။ ကျွန်ုပ်က "ကျွန်တော် ဘာလုပ်ရမလဲ" ဟု မေးလိုက်သည်။

"ငါပြောတဲ့အတိုင်းလုပ်။ ဒီအလုပ်ရဲ့ ပြဿနာက ဒုတိယနေရာဆိုတာ မရှိဘူး။ သူသေရင်သေ၊ ငါတို့ သေရင်သေ။ မင်း သေရမှာ ကြောက်နေရင် ငါတို့အားလုံး သေကြရလိမ့်မယ်။ မင်းအလုပ်မှာ အာရုံစိုက်ထား။ မင်းကြောက်နေတာမှာ အာရုံမစိုက်နဲ့။ မင်းအထဲမှာ ရှိနေတဲ့ အောင်နိုင်သူကို နားထောင်။ ရှုံးနိမ့်တဲ့သူကို နားမထောင်နဲ့။ ကြောက်တာ ဘာမှ ကိစ္စမရှိဘူး။ ဒါပေမဲ့ ရှုံးနိမ့်တဲ့သူက မင်းကို အနိုင်မယူစေနဲ့။ နိုင်မှာကို စူးစိုက်ပါ ဗိုလ်ကြီး။ မင်းအလုပ်ကို လုပ်။ ငါတို့တစ်တွေ အိမ်ပြန်ရအောင် လုပ်ပါ"

ကျွန်ုပ် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ပြေးတက်လာနေသော ကျည်ဆန်များကို ကျွန်ုပ် မျက်နှာချင်းဆိုင်လိုက်သည်။ အနိုင်ရဖို့ကို စူးစိုက်သည်။ ကျွန်ုပ်၏ အလုပ်ကို လုပ်ခဲ့သည်။

**ရှုံးနိမ့်သူ အနိုင်မယူစေနဲ့**

ထိုနေ့က ကျွန်ုပ် သင်ယူခဲ့သော သင်ခန်းစာသည် ကျွန်ုပ်တို့အားလုံး လူတိုင်း၏ အထဲတွင် အောင်နိုင်သူနှင့် ရှုံးနိမ့်သူ ရှိနေသည်။ လူအများ အပြားတို့သည် မိမိ၏ ငွေရေးကြေးရေး စွမ်းရည်ကို မရရှိကြသည့်အတွက် အဓိကျသည့် အကြောင်းတစ်ခုမှာ ပိုက်ဆံနှင့် ပတ်သက်လာသည့်အခါ လူအများတို့သည် ရှုံးနိမ့်သူကို အနိုင်ယူစေသောကြောင့် ဖြစ်သည်။

အတက်များနှင့် အကျများကို နှစ်များစွာ ဖြတ်သန်းခဲ့ပြီး ငွေရေးကြေးရေး ဆုံးရှုံးမှုများ ကြုံခဲ့ပြီး နောက်ဆုံး၌ ငွေရေးကြေးရေးအောင်မြင်မှုကို ရရှိခဲ့သော်လည်း ယနေ့တိုင်အောင် ကျွန်ုပ်၏အတွင်း၌ ရှိနေသော အောင်နိုင်သူနှင့် ရှုံးနိမ့်သူတို့နှင့်အတူ ကျွန်ုပ်သည် တင်းတိမ်ရောင့်ရဲ နေရဆဲဖြစ်သည်။ တစ်ရက်၌ ကျွန်ုပ်သည် ပင်လယ် ကမ်းခြေသဲသောင် ကို မျက်နှာမူထားသော မြေကွက်ကို ရှာဖွေခဲ့သည်။ ထိုအခါ ရှုံးနိမ့်သူက စတင်ပြောဆိုလာသည်။ သူက "မင်း တကယ်လိုချင်တာ မဟုတ်ပါဘူး။ ဈေးကြီးတယ်။ အဲဒါအပြင် တကယ်လို့ စီးပွားရေးက ပြောင်းသွားရင် ဘယ်လိုလုပ်မလဲ။ တကယ်လို့ အတိုးနှုန်းတွေ တက်သွားရင် ဘယ်လို လုပ်မလဲ။ အတိုးနှုန်းတက်ရင် အိမ်ခြံမြေဈေးတွေ ကျကုန်ရော။ အိမ်ခြံမြေ ဆိုးဝါးနေတယ်ဆိုရင် မင်းရဲ့ တခြား ရင်းနှီးမြှုပ်နှံမှုတွေ အားလုံးနဲ့ မင်းရဲ့ စီးပွားရှာလုပ်ငန်းတို့လည်း ဆိုးဝါးသွားမယ်"

သင့်အတွင်းမှာ ရှိနေသည့် ရှုံးနိမ့်သူသည် ဘာမှ မမှားချေ။ သင့်အတွင်းမှ ရှုံးနိမ့်သူသည် အလွန်အရေးကြီးသည့်ကဏ္ဍမှ ကစားပေးနေသည်။ ပြဿနာမှာ လူအများ အပြားတို့တွင် ရှုံးနိမ့်သူ၏ စကားသံကိုသာ ခေါင်းထဲ ကြားကြခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် လွတ်လပ်စွာ ပြောဆိုခွင့် ပေးအပ်ထားသည့် ပထမပြင်ဆင်ချက်မျိုးလည်း မရှိချေ။ ပိုက်ဆံနှင့် ပတ်သက်လာလျှင် လူအများအပြားတို့တွင် ရှုံးနိမ့်သူသည် အနိုင်ရ ပြီးသား ဖြစ်နေသည်။

ဆုံးရှုံးသူတို့ စတင်ဆုံးရှုံးသည့် အခိုက်အတန့်မှာ တစ်စုံတစ်ယောက်က ပြောဆိုသည်ကို သူ စတင်နားထောင်မိသည့် အခိုက်အတန့်ဖြစ်သည်။ "စိတ်ချရတာကို ကစား။ စိတ်ချရတာကိုယူ၊ အလုပ်မှာ မြဲအောင်လုပ်။ မစွန့်စားနဲ့။ ငွေကို စုဆောင်း။ အကြွေးကင်းအောင်နေ။ အဲဒါ လိမ္မာပါးနပ် တဲ့ လုပ်ရမယ့်ဟာတွေပဲ"

ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ ၎င်းသည် ရှုံးနိမ့်သူ၏ စကားသံ ဖြစ်သည်။ ထိုစကားသံကို ကျွန်ုပ် နေ့တိုင်းကြားနေသောကြောင့် ထိုစကားသံကို ကျွန်ုပ် ကောင်း



ကောင်းသိသည်။

ဗီယက်နမ်တွင် ကျွန်ုပ်သင်ယူခဲ့သည့် သင်ခန်းစာသည် ကျွန်ုပ် တိုက်ပွဲဝင်နေသည့်ကိစ္စ ဖြစ်သည်။ ကျွန်ုပ်သည် လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နေသည်။ လွတ်လပ်မှုများတွင် အရေးအပါဆုံး လွတ်လပ်မှု တစ်ခုမှာ လွတ်လပ်စွာ ပြောဆိုခွင့် ဖြစ်သည်။ ဗီယက်နမ်၌ ထိုနေ့က ကျွန်ုပ်သည် မိမိ၏ အတွင်းမှာ ရှိနေသည့် အောင်နိုင်သူကို လွတ်လပ်စွာ ပြောဆိုခွင့် အပ်နှင်းခဲ့သည်။

**အောင်နိုင်သူနှင့် ရှုံးနိမ့်သူ နှစ်မျိုးစလုံးကို ပြောခွင့်ပေးခြင်း**

လွတ်လပ်စွာ ပြောဆိုခွင့်သည် အဘယ်ကြောင့် အရေးပါနေရသနည်း။ ၎င်း အရေးပါရသည့်အကြောင်းမှာ အလွန်များသောအားဖြင့် အကြီးမားဆုံး လိမ်ညာခြင်းများသည် ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကိုယ် ပြောဆိုသည့် လိမ်ညာခြင်းများ ဖြစ်သည်။ လိမ်ညာပုံများမှာ –

- ငါ မတတ်နိုင်ဘူး
- ငါ မလုပ်နိုင်ဘူး
- ငါဘယ်တော့မှ ချမ်းသာမှာ မဟုတ်ဘူး
- ငါက ဟန်မကျဘူး
- အဲဒါက အရမ်းခက်တယ်
- ငါ့မှာ ငွေရှိတဲ့အခါမှာ ငါ ရင်းနှီးမြှုပ်နှံမယ်
- ငါ့မှာ အချိန်အပိုတွေ ပိုရတဲ့အခါ ငါ ရင်းနှီးမြှုပ်နှံမယ်

အစားဆင်ခြင်သူတို့ နှစ်သက်သည့် လိမ်ညာပုံမှာ "မနက်ဖြန်ကျရင် အစားအသောက်ဆင်ခြင်တာ စမယ်" ပထမပြင်ဆင်ချက်၏စံထားမှု များကို ထောက်ခံသောအားဖြင့် ကျွန်ုပ်တို့ အတွင်းမှာ ရှိနေသည့် အောင် နိုင်သူများကိုလည်း လွတ်လပ်စွာပြောဆိုခွင့် အာမခံချက် ပေးထားရမည်။ အောင်နိုင်သူနှင့် ရှုံးနိမ့်သူ နှစ်မျိုးစလုံး အရေးပါကြသည်။ နှစ်မျိုး စလုံးသည် ပြောဆိုခွင့် ရှိကြပြီး ကြားသိပေးဖို့လည်း လိုအပ်သည်။ ဤသည်ပင်လျှင် လွတ်လပ်စွာပြောဆိုခွင့် ဖြစ်တော့သည်။

**လေ့ကျင့်ခန်း**

ကျွန်ုပ်တို့အတွင်းမှာ ရှိနေသည့် အောင်နိုင်သူနှင့် ရှုံးနိမ့်သူတို့၏ ကိစ္စကို ကျွန်ုပ်မကြာခဏ ကိုင်တွယ်သည်။ များသောအားဖြင့် အောင်နိုင်သူနှင့် ရှုံးနိမ့်သူတို့အကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲသည် လူတစ်ဦး၏ ဘဝတွင် အောင်နိုင်ခြင်းနှင့် ရှုံးနိမ့်ခြင်းတို့အတွက် နည်းလမ်း အသွယ်သွယ်ဖြင့် အဓိကအကြောင်းရင်းခံ ဖြစ်နေတတ်ပေသည်။

မိမိအထဲတွင် ရှိနေသည့် ရှုံးနိမ့်သူက အောင်နိုင်သူကို အနိုင်ယူသည့် ဖြစ်ရပ်အကြောင်းကို လူအများတို့အား စာဖြင့် ရေးသားဖို့ တစ်ခါတလေ၌ ကျွန်ုပ် စေခိုင်းလေ့ရှိသည်။ ထိုဖြစ်ရပ်များ အများအပြားတို့သည် ဆောက်တည်ရာမရ ဖြစ်ကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ကြီးမားသောကိစ္စ၊ ကြီးမားသော အခွင့်အလမ်းတို့ လွတ်သွားရသည်ကို ကြုံဖူးကြပြီး ထိုသို့ ဖြစ်ရသည်မှာ ရှုံးနိမ့်သူက ပြောဆိုခြင်းကြောင့် ဖြစ်သည်။

*သင်သည် သင့်ကိုယ်ကို သင် အနိုင်မရနိုင်ကြောင်း ပြောဆိုသည့်အခါ မည်သို့ တွေးမိသည်တို့ကို အသေးစိတ် ရေးသားပါ။ ထိုနောက် အချိန်ပေးပြီး သင့်ကို အနိုင်မရသည့် အကြောင်း သင့်ကိုယ်ကိုသင် ပြောဆိုစေသည့် အတွေးများ၊ အကြောက်များကို ဆန်းစစ်ပါ။*

**ကျွန်ုပ်၏ ဇာတ်လမ်းတစ်ပုဒ်**

ကျွန်ုပ်၏အတွင်းမှ ရှုံးနိမ့်သူက အနိုင်ယူသည့်ဖြစ်ရပ်များ အများအပြားရှိသည်။ လူအများတို့ကို မျှဝေအသိပေးလေ့ရှိသော ဇာတ်လမ်း တစ်ပုဒ်မှာ ၁၉၇၃ ခုနှစ်တွင် ကြီးမားသော အဆောက်အဦတစ်ခု၏ ဈေးသက်သာသောဘက်၌ ကွန်ဒိုမီနီယံတစ်ခုကို ကျွန်ုပ် ဝယ်ယူခဲ့သည့်အကြောင်း ဖြစ်သည်။

အဆောက်အဦ၏ ဈေးကြီးသောအခြမ်းဖြစ်သည့် ပင်လယ်ဘက်အခြမ်းတွင် ကန်ဒေါ်လာ ၄၈,၀၀၀ ဖြင့် ဝယ်ယူရမည့်အစား ကျွန်ုပ်သည် အရွယ်အစားတူသည့် အခန်းကို တောင်ရှိသည့်ဘက်အခြမ်း၌ ကန်ဒေါ် လာ ၃၄,၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။ သုံးနှစ်ကြာပြီးချိန်တွင် တိုက်ခန်း ဈေးကွက်အခြေအနေသည် ကျွန်ုပ် မျှော်လင့်ထားသည့်အတိုင်း ပိုကောင်းလာသည်။ တိုက်ခန်းနှစ်ခုစလုံး ဈေးမြင့်တက်သွားသည်။ ပင်လယ်ဘက်အခြမ်းမှာ တိုက်ခန်းများသည် ကန်ဒေါ်လာ ၁၅၀,၀၀၀ ဝန်းကျင်ဖြင့် ရောင်းဝယ်ကြသည်။ တောင်ရှိသည့်ဘက်မှ တိုက်ခန်းများသည် ကန် ဒေါ်လာ ၇၀,၀၀၀ ခန့်ဖြင့် ရောင်းဝယ်ကြသည်။ သင်သည် သင်္ချာဖြင့် တွက်ချက်ကြည့်ပါက ပင်လယ်ရှိ



သည့်ဘက် အခြမ်းမှ တိုက်ခန်းများသည် ရေရှည်တွင် ဈေးပိုကြီးသွားမည်ဖြစ်ကြောင်း တွေ့ရမည်။ ထို့အပြင် ဝယ်ဈေး ကွာခြားချက် ကန်ဒေါ်လာ ၁၄,၀၀၀ သည် ငွေပေးချေသည့်အခါ ဘဏ်တို့က ၁၀% ကိုသာ တောင်းခံသဖြင့် ကျွန်ုပ်သည် ကန်ဒေါ်လာ ၁,၄၀၀ သာ ပိုကုန်ကျမည် ဖြစ်သည်။ ထိုသို့ ကန်ဒေါ်လာ ၁,၄၀၀ ပို ကုန်ကျသည့်အတွက် ကျွန်ုပ်သည် ကန်ဒေါ်လာ ၁၀၀,၀၀၀ ကို ရရှိမည်ဖြစ် သည်။ ထိုအစား ကျွန်ုပ်က ကန်ဒေါ်လာ ၁,၄၀၀ ကို ချွေတာလိုက်သည့် အတွက် ကန်ဒေါ်လာ ၆,၅၀၀ နစ်နာ သွားသည်။ ကန်ဒေါ်လာ ၃၅,၀၀၀ သာ ရရှိသည်။

ထိုအတွေ့အကြုံထဲမှ ကျွန်ုပ် ရရှိသည့် သင်ခန်းစာသည်ဈေးနှုန်းထက် တန်ဖိုးရှိပုံကို အရင်ကြည့်ရန် ဖြစ်သည်။ ယခုအခါ ငွေရေးကြေးရေး ဆုံးဖြတ်ချက်များကို ပြုသည့်အခါ ထိုအရောင်းအဝယ်ကို ကျွန်ုပ်အမြဲတမ်း ပြန်သတိရမိသည်။ ကိုယ့်ကိုယ်ကိုယ် သတိပေးသည်မှာ ရှုံးနိမ့်သူ အနိုင် ရသွားခြင်း ဖြစ်သည်။ ကျွန်ုပ်၏ အတွင်းမှာ ရှိနေသည့် ဈေးသက်သာသည့် သူက စကားပြောခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်သင်ယူခဲ့သော အခြားတန်ဖိုးရှိသည့် သင်ခန်းစာမှာ ကျွန်ုပ်၏ အတွင်းမှာရှိသည့် ရှုံးနိမ့်သူသည် ကျွန်ုပ် စိုးရိမ်နေပြီး ကိုယ့်ကိုယ်ကိုယ် မယုံမကြည်ဖြစ်နေမိစဉ် အသံပိုကျယ်ကျယ်ဖြင့် ပြောဆိုခဲ့ခြင်းဖြစ်သည်။ ယခုအခါ ရှုံးနိမ့်သူက စကားစပြောလာတိုင်း ကိုယ့်ကိုယ်ကိုယ် သတိပေး ပြီး မိမိအတွင်းမှာ ရှိသည့် အောင်နိုင်သူ၏ အကြံပေးချက်ကိုလည်း စတင်ရှာဖွေသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုတွင် ကျွန်ုပ်လုပ်နိုင်သလောက် ငွေပမာဏကို ကျွန်ုပ် ရယူနိုင်ခဲ့ခြင် မရှိသော်ငြားလည်း သင်ခန်းစာများမှာ အဖိုးမဖြတ်နိုင်ချေ။

ဤသည်မှာ ကျွန်ုပ်၏ တစ်ကိုယ်ရေ အတွေ့အကြုံများ အများအပြားထဲမှ တစ်ခု ဖြစ်သည်။ ကျွန်ုပ်၏ အတွင်း၌ ရှိနေသော ရှုံးနိမ့်သူက အောင်နိုင်သူကို အနိုင်ယူထားခြင်း ဖြစ်သည်။ အရေးကြီးသည်မှာ သင်ခန်းစာများထဲမှ သင်ယူဖို့ ဖြစ်သည်။ ဆုံးရှုံးသူထံမှ သင်ယူသည့်အခါ ကျွန်ုပ်တို့၏ ဆုံးရှုံးမှုများအတွက် တစ်ယောက်ယောက်ကို အပြစ်တင်မည့်အစား တာဝန်ပိုယူပြီး ကျွန်ုပ်တို့၏ ဦးနှောက်ထဲသို့ သွင်းမည့် သတင်းအချက်အလက်များကို စီမံပေးရမည်။ ထိုသို့ လုပ်ကိုင်နိုင်မည်ဆိုပါက အောင်နိုင်သူသည် အဆုံးစွန်အထိ အနိုင်ရမည် ဖြစ်သည်။

အခန်း (၇)

# လောင်းကစားသမားကို မေးပါ

စားပွဲမှာ ထိုင်နေစဉ် သင့်ရဲ့ ငွေကို မရေတွက်ပါနဲ့

*ပညာရှင်ပီသသော လောင်းကစားသမား*

**အားလုံးထဲတွင် အဆိုးဝါးဆုံး ရင်းနှီးမြှုပ်နှံမှု အကြံပေးချက်**

သန်းချီသောဦးရေရှိသည့် လူအများတို့ ထရီလီယံချီသောအမေရိကန် ဒေါ်လာများ ဆုံးရှုံးကြရသည်မှာ သူတို့သည် ရေရှည်အတွက် ရင်းနှီးမြှုပ်နှံကြသောကြောင့် ဖြစ်သည်။

**သင့်ပိုက်ဆံသည် မည်သည့်အချိန်တွင် သင်၏ ပိုက်ဆံ ဖြစ်သနည်း**

သူဌေးဖေဖေက ပြောသည်။ "ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်ဖို့ သိထားစရာ သုံးခုရှိတယ်။

၁။ ဘယ်အချိန်မှာ ဈေးကွက်ထဲကို ဝင်မလဲ

၂။ ဘယ်အချိန်မှာ ဈေးကွက်ထဲက ထွက်မလဲ

၃။ ကိုယ့်ပိုက်ဆံကို စားပွဲပေါ်ကနေ လက်ထဲပြန်ရောက်အောင် ဘယ်လိုလုပ်ရမလဲ

ရင်းနှီးမြှုပ်နှံသူတစ်ဦးဟာ ဈေးကွက်က အချက်ပြနေတာတွေကို လိုက်ရှာပြီး ကြည့်ရမယ်။ ဝင်ဖို့ အချက်ပြချိန်မှာ ဝင်ရမယ်။ ပြန်ထွက်ဖို့ အစီအစဉ် ချထားရမယ်။



ဘယ်အချိန်ပြန်ထွက်မလဲဆိုတာ သိရမယ်။ အပျော်တမ်းဆန်တဲ့ ရင်းနှီးမြှုပ်နှံသူတွေက စားပွဲပေါ်မှာ ပိုက်ဆံတွေ တင်ပြီး ထိုင်နေကြတယ်။ နောက်ဆုံးမှာ အကုန်လုံး ဆုံးရှုံး သွားကြတယ်"

"သူတို့က ဘာလို့ အကုန်လုံး ဆုံးရှုံးကုန်တာလဲ"

"ဘာလို့လဲဆိုတော့ နောက်ဆုံးမှာ ဈေးကွက်က အနိုင်ယူသွားတယ်။ ဈေးကွက်က ပေးကမ်းတယ်။ ပြီးရင် အကုန်လုံးကို ပြန်ဆွဲသိမ်းတယ်။ ဒီတော့ စားပွဲပေါ် ငွေတွေ တင်ပြီး ထိုင်နေရင် အကုန်ပါသွားလိမ့်မယ်"

**စည်းမျဉ်းများ ချိုးဖောက်ခြင်း**

ကျွန်ုပ်အသက် နှစ်ဆယ်ကျော်တုန်းက အပျော်အပါးအတွက်လောင်း ကစားမြို့တော် လပ်စ်ဗေးဂတ်စ်သို့ သွားသည်။ ပိုက်ဆံ များများစားစား မရှိသဖြင့် အနည်းအကျဉ်းသာ လောင်းကြေးထပ်သည်။

တစ်ဒေါ်လာဖြင့် အံစာပစ်သည်။ အကြိမ်အနည်းငယ် ကျွန်ုပ် နိုင်သည်။ အကြိမ် အနည်းငယ် ကျွန်ုပ် ရှုံးသည်။ ထို့နောက် ကျွန်ုပ်၏ဘဝတွင် လောင်းကစား၌ ကံ အထဆုံးအချိန်ကို ကြုံသည်။ မကြာခင်မှာ ဒေါ်လာ ၃၀၀ ကျော် ကျွန်ုပ် နိုင်သည်။ အနီးတွင် ရှိနေသူတို့ ပျော်ရွှင် အော်ဟစ်ကြသည်။ သူတို့လည်း နိုင်ကြသည်။ ကံက ဆက်ထနေဆဲ ဖြစ်သည်။ အနီးတွင် ရှိနေကြသူတို့က ကန်ဒေါ်လာ ရာချီပြီး လောင်းကြ သည်ကို ကျွန်ုပ် သတိပြုမိသည်။ ကျွန်ုပ်က မိမိဘာသာ သတ်မှတ်ထားသည့် စည်းမျဉ်းကို ဆက်လက်လိုက်နာပြီး အနည်းအကျဉ်းမျှကိုသာ လောင်းကြေးထပ်သည်။ သူတို့က ကျွန်ုပ်ထက် ပိုမိုလျင်မြန်စွာ ပိုချမ်း သာသွားကြသည်။ ကျွန်ုပ်ကံထသည်ကို အကြောင်း ပြုပြီး သူတို့ ရသွားကြခြင်း ဖြစ်သည်။

**လောဘ ဝင်စွက်**

လောဘ တက်လာသည်။ ကျွန်ုပ် လောင်းကြေးကို တိုးလိုက်သည်။ သူဌေးဖေဖေက သွန်သင်ပေးထားသည့် ဥပဒေသများ အားလုံးကို ကျွန်ုပ် ချိုးဖောက်လိုက်ခြင်း ဖြစ်သည်။ သို့သော် ကျွန်ုပ် ကံထနေသည်။ အနီး တွင် ရှိနေသူများကလည်း ကျွန်ုပ်ဘက်မှာ ရှိနေကြသည်။ ကျွန်ုပ်က လောင်းကြေးကို ကန်ဒေါ်လာ ၁,၅၀၀ တင်လိုက်သည်။ ရုတ်တရက် တိုးမြှင့်ပစ်လိုက်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် စည်းမျဉ်းများကို

နောက်တစ်ကြိမ် ထပ်မံချိုးဖောက်လိုက်ခြင်းဖြစ်၏။ ကျွန်ုပ် ထပ်နိုင်သည်။ ကျွန်ုပ်၏ စိတ်ထဲမှ လူပြိန်းအတွေးက သတိပေး အော်ဟစ်နေသည်။ "စားပွဲပေါ်က ငွေတချို့ကို သိမ်းလိုက်တော့လေ။ ဒေါ်လာ ၁၀၀ ပဲ လောင်းပါ" ကျွန်ုပ် နားမထောင်ပါ။ ကျွန်ုပ် စည်းမျဉ်းများကို ချိုးဖောက် လိုက်ပြန်သည်။ ကျွန်ုပ်သည် စည်းမျဉ်းအရဆိုလျှင် ကန်ဒေါ်လာ ၂,၉၀၀ ကို ကောက်သိမ်းပြီး အိတ်ထဲထည့်ရမည်ဖြစ်သည်။ လောင်းကြေးကို ဒေါ်လာ ၁၀၀ သာ တင်ရမည် ဖြစ်သည်။ ကျွန်ုပ်က စည်းမျဉ်းချိုးဖောက်ပြီး ကန်ဒေါ်လာ ၃,၀၀၀ ကို လောင်းကြေးထပ်လိုက်သည်။ အကုန်လုံးရှုံးသွားသည်။

ကန်ဒေါ်လာ ၃,၀၀၀ ဆုံးရှုံးရသည်မှာ ဝေဒနာကြီးမားသည်။ ရင်းနှီး မြှုပ်နှံမှုအတွက် သင်ခန်းစာကောင်းကောင်း တစ်ခုကို ရလိုက်ခြင်းဖြစ် သည်။ သူဌေးဖေဖေက မကြာခဏ ပြောခဲ့သည်မှာ "စည်းကမ်း ရှိပါ။ စည်းမျဉ်းတွေကို လိုက်နာပါ" ဟူ၍ ဖြစ်သည်။ စည်းမျဉ်းများ ချိုးဖောက်ပြီး သင်ခန်းစာတစ်ခုကို သင်ယူခဲ့ရပေသည်။

## ပိုကြီးမားသော ဆုံးရှုံးမှု

လူအများအပြားတို့သည် လောင်းကစားသည့် စားပွဲပေါ်တွင် သူတို့၏ ပိုက်ဆံများကို ကာလရှည်ကြာ တင်ထားကြသည်။ သန်းချီသော ဦးရေ ရှိသူတို့သည် အံစာတုံး တစ်ကြိမ်လှိမ့်ခြင်းအပေါ်တွင် မိမိ၏ ငွေရေးကြေးရေး အနာဂတ်တစ်ခုလုံးကို လောင်းကြေး ထပ်ကြသည်။ ဆုံးရှုံးမှုများ ကြုံနေရသည့်တိုင်အောင် သန်းချီသောဦးရေရှိသည့် လူအများတို့သည် စားပွဲပေါ်တွင် သူတို့၏ ပိုက်ဆံများကို တင်ထားဆဲ ဖြစ်သည်။ ဈေးကွက်သည် တစ်ကျော့ ပြန်လာလိမ့်ဦးမည်ဟု မျှော်လင့် ကြသည်။ ထိုအခါ၌ ဆုံးရှုံးနေသည်တို့ကို ထေမိအောင် သူတို့ လုပ်နိုင် လိမ့်မည်ဟု ထင်ထားကြသည်။ ပြုပြီးသား အမှားများကို အနာဂတ်တွင် ဆက်လက်ပြုလုပ်ကြသည်။

## ဆုံးရှုံးသူနောက်သို့ လိုက်ခြင်း

ပညာရှင်ပီသသော လောင်းကစားသမားတိုင်းသည် ဆုံးရှုံးထားသည်ကို ထေမိအောင် လောင်းကစားနေရပြီဆိုလျှင် ရပ်ရတော့မည်ဆိုသည်ကို သိကြသည်။ စားပွဲမှ ဖယ်ခွာရမည့်အချိန်သို့ ရောက်ရှိပြီဖြစ်သည်။ တစ်ချက်ဖြတ်ပြီး ရွေးချယ်စရာအသစ်များကို ရှာဖွေရမည် ဖြစ်သည်။ ဆိုးဝါးနေသည်မှာ သန်းချီသောဦးရေရှိသည့် လူအများတို့သည် စားပွဲမှ မခွာနိုင် ဖြစ်နေကြခြင်း ဖြစ်သည်။ စားပွဲမှ ထွက်ခွာပါက ဒဏ်ကြေးပေးဆောင်



ရမည့် ရင်းနှီးမြှုပ်နှံမှုမျိုးကို ပြုထားသူများလည်း အများအပြား ရှိနေသည်။ သို့ဖြစ်ရာ အခြားရင်းနှီးမြှုပ်နှံမှုများသို့ ပြောင်းရွှေ့၍ မရနိုင်အောင် ဖြစ်နေသည်။

## လောင်းကစားသမားထံမှ ဆုံးမစကား

*စားပွဲထိုင်နေစဉ် သင့်ငွေများကို မရေတွက်ပါနှင့်။*

တန်ဖိုးမဖြတ်နိုင်သည့် ၎င်းအဖိုးတန်ဆုံးမစကားကို ပညာရှင်ပီသသော လောင်းကစားသမားများ လိုက်နာကြသည်။ ပညာရှင်ပီသသော လောင်းကစားသမားများနှင့် ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများ လိုက်နာကြသော အလွန်အရေးကြီးသည့် စည်းမျဉ်း သုံးခု ရှိသည်။

၁။ သင့်ပိုက်ဆံများ စားပွဲပေါ်မှာ ရှိနေသေးသရွေ့ ၎င်းသည် သင့် ပိုက်ဆံ မဟုတ်ချေ။ ဂိမ်းထဲတွင် သင့်ပိုက်ဆံများ ရှိနေသေးသရွေ့ပိုက်ဆံ သည် ဂိမ်းနှင့်သာ သက်ဆိုင်သည်။ သင်နှင့် မသက်ဆိုင်ချေ။

၂။ ပိုက်ဆံရေတွက်သည်ထက် ဂိမ်းက ပိုအရေးကြီးသည်။ လပ်စ်ဗေးဂတ်စ်တွင် လောင်းကစားစဉ် ဂိမ်းကို အာရုံစိုက်ထားနေသရွေ့ ၎င်း လောင်းကစားကို ကျွန်ုပ် နိုင်နေလျက် ရှိသည်။ ကျွန်ုပ် စတင်နိုင်လာသည့် အခိုက်အတန့်တွင် ကျွန်ုပ်၏ စိတ်ကို ဂိမ်းမှ ဖယ်ခွာလိုက်သည်။ ကျွန်ုပ် ၏ ပိုက်ဆံများကို ရေတွက်သည်။ ကျွန်ုပ်သည် ကန်ဒေါ်လာ ၃,၀၀၀ အထိ ရရှိသောအခါ ပိုက်ဆံသည် ဂိမ်းထက် ပိုအရေးကြီးသွားသည်။ ဤသည်မှာ ကျွန်ုပ် ရှုံးရခြင်းအတွက် အကြောင်းတစ်ခုဖြစ်သည်။ ငွေရေ တွက်ခြင်းသည် ဂိမ်းထက် ပိုအရေးကြီးသွားခြင်း ဖြစ်သည်။

စတော့ဈေးကွက် ဈေးတက်နေစဉ် ၎င်းဈေးကွက်မှ စတော့များဝယ်ယူ ထားသော အငြိမ်းစားအစီအစဉ်များသည်လည်း တန်ဖိုးတက်သည်။ အပျော်တမ်းဆန်သော ရင်းနှီးမြှုပ်နှံသူ အများအပြားတို့သည် သူတို့ ချမ်းသာလာပြီဟု တွက်ကြသည်။ သူတို့သည် ဂိမ်းထက် ပိုက်ဆံကို အာရုံ ပိုစိုက်လိုက်ကြသည်။ အငြိမ်းစားအစီအစဉ် စာရွက်စာတမ်းများကို စာအိတ်ထဲမှ အပြင်သို့ ထုတ်ပြီး ဖတ်ရှုကြသည်။ အသားတင်တန်ဖိုး မည်မျှတက်သည်ကို တွက်ဆကြည့်ကြသည်။ သူတို့ ချမ်းသာပြီဟု ယူဆကြသည်။ သို့ဖြစ်ရာ အပျော်တမ်းဆန်သော ရင်းနှီးမြှုပ်နှံသူ အများ အပြားတို့သည် ပိုကြီးမားသော အိမ်ကို

ဝယ်ယူလိုက်ကြသည်။ ကားများ လည်း ဝယ်ယူကြသည်။ ထို့အတွက် စုဆောင်းငွေထဲမှ ထုတ်ယူပြီးဝယ်ယူ ကြခြင်းဖြစ်သည်။ ဈေးကွက်ထဲသို့ ငွေများကို မျက်ကန်းသဖွယ်ပစ်ထည့်ကြခြင်း ဖြစ်သည်။ သူတို့သည် အသားတင်တန်ဖိုး မြင့်တက်နေစဉ် လူအများအပြားတို့သည် ချမ်းသာပြီဟု မှားယွင်းစွာ ယူဆကြသည်။ ဂိမ်းကို အာရုံစိုက်ရမည့်အစား ပိုက်ဆံကို အာရုံစိုက်ကြသည်။

## အိမ်ခြံမြေတွင် မှားယွင်းစွာ ယူဆသော ချမ်းသာမှု

အလားတူ မှားယွင်းစွာ ယူဆခြင်းမျိုးသည် လူတစ်ဦး၏ အိမ်ဈေးနှုန်း မြင့်တက်သွားသည့်အခါ၌လည်း ဖြစ်ပွားသည်။ ကျွန်ုပ် မကြာခဏ ကြားရသည့် လူအများပြောဆိုပုံတစ်ခုမှာ "ကျွန်တော့် အိမ်ဈေးက ကန်ဒေါ်လာလေးသောင်း တန်ဖိုး တက်သွားတယ်" ထိုအခါ ဘဝဖူလုံမှုပိုရှိသွား ပြီး ယုံကြည်စိတ်အေးခြင်း ပိုများသွားသည့် ခံစားမှုကို လူအများ ရရှိကြသည်။ မိမိ အားစိုက်နေသည်တို့ ယုတ်လျော့သွားပြီး ဂိမ်းတွင် စိတ်မရောက်တော့ချေ။ အသားတင်တန်ဖိုးကို တွက်ချက်ပြီး သူတို့သည် ဂိမ်းကို နိုင်သွားပြီဟု ယူဆလိုက်ကြသည်။ ထိုအဆင့်တွင် လူအများတို့ သည် ငွေရေးကြေးရေး ပိုင်း၌ နောက်ချန် ကျန်ရစ်ခဲ့ခြင်း စတင်တော့သည်။

## ဂိမ်း၏ အမှန်တကယ် ရည်မှန်းချက်

ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများ လိုက်နာကြသော အလွန်အရေးကြီးသည့် စည်းမျဉ်း သုံးခုအနက် နှစ်ခုကို ဖော်ပြခဲ့ပြီး ယခုတတိယ စည်းမျဉ်းကို ဆက်လက် ဖော်ပြပေးပါမည်။

၃။ ဂိမ်း၏ ရည်မှန်းချက်မှာ စားပွဲပေါ်မှ သင့်ပိုက်ဆံများကို ရယူထားပြီး ဂိမ်းထဲတွင် ဆက်ရှိနေရန် ဖြစ်သည်။ ပညာရှင်ပီသသော လောင်းကစားသူ၊ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတို့သည် အခြား သူတို့၏ ပိုက်ဆံဖြင့် အဆုံးစွန်အထိ ကစားလိုကြသည်။ အခြားသူများ ၏ ပိုက်ဆံကို OPM ဟု အတိုကောက် ခေါ်ဝေါ်သုံးနှုန်းကြသည်။ Other People's Money ကို ဆိုလိုသည်။ ဤသည်မှာ ဂိမ်း၏ ရည်မှန်းချက် ဖြစ်သည်။ ကျွန်ုပ်၏ ပိုက်ဆံများ အကုန်လုံးကို စားပွဲပေါ်တွင် ထားရစ်ခဲ့သည့် အခိုက်အတန့်မှစ၍ ကျွန်ုပ်သည် ဂိမ်း၏ ရည်မှန်းချက်ကို မျက်ခြည်ပြတ်သွားပြီ ဖြစ်သည်။



## ပိုက်ဆံလေးမျိုး

အခွန်စည်းကြပ်ခြင်း ရှုထောင့်မှ ကြည့်လျှင် ပိုက်ဆံ သုံးမျိုးရှိသည်။ ၎င်းတို့ကို ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတို့ သိထားဖို့ လိုသည်။ ၎င်းတို့မှာ သာမန်အားဖြင့် ဝင်ငွေ၊ ရင်းနှီးမြှုပ်နှံမှုအစုစုတို့မှ ဝင်ငွေနှင့် စာရွက်စာတမ်းပေါ်မှ ဝင်ငွေတို့ ဖြစ်သည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ပိုက်ဆံလေးမျိုးကို သိထားဖို့လိုသည်။

၁။ သင့်ပိုက်ဆံ

၂။ ဘဏ်ပိုက်ဆံ

၃။ အခွန်ပိုက်ဆံ

၄။ အချောင်ရပိုက်ဆံ

## ငွေအလျှင်

ပညာရှင်ပီသသော လောင်းကစားသူသည် အချောင်ရပိုက်ဆံဖြင့် ဂိမ်းကစားခြင်းကို စောနိုင်သမျှစောစော ကစားလိုသည်။ လပ်စ်ဗေးဂတ်စ်တွင် အကယ်၍ ကျွန်ုပ်သည် မိမိ၏ ပိုက်ဆံကို မိမိ၏ အိတ်ထဲသို့ ကောက်သိမ်းလိုက်မည်ဆိုပါက ကျွန်ုပ် အနိုင်ရသည့်ငွေဖြင့်သာ ကစားမည်ဖြစ်သည်။ ဤသည်မှာ အချောင်ရပိုက်ဆံဖြင့် ကစားခြင်း နမူနာတစ်ခု ဖြစ်သည်။ ထိုသို့ မပြုဘဲ ကျွန်ုပ် စတင်လောင်းလိုက်သည့် အခိုက်အတန့်တွင် ကျွန်ုပ်သည် ဂိမ်းကို ရှုံးသွားပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပန်းတိုင်ကို မျက်ခြည်ပြတ်သွားသောကြောင့် ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ မိမိ၏ ပိုက်ဆံကို မိမိ၏ အိတ်ထဲသို့ ကောက်သိမ်းပြီး ဂိမ်းကို ဆက်ကစားမည်ဆိုပါက အခြားသူတို့ထံမှ ရသောငွေဖြင့် ကစားနေခြင်းဖြစ်ပြီး မိမိ၏ငွေဖြင့် ကစားခြင်း မဟုတ်တော့ချေ။

ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေဖြင့် ကျွန်ုပ်သည်

- ကျွန်ုပ်၏ ပိုက်ဆံကို တန်ဖိုးရှိပိုင်ဆိုင်မှုတွင် ရင်းနှီးမြှုပ်နှံမှု ပြုလိုသည်။
- ကျွန်ုပ်၏ ငွေကို ပြန်ယူလိုသည်။
- တန်ဖိုးရှိပိုင်ဆိုင်မှုကို ထိန်းချုပ်ထားလိုသည်။
- ကျွန်ုပ်၏ ပိုက်ဆံကို တန်ဖိုးရှိပိုင်ဆိုင်မှု နောက်အသစ်တစ်ခုတွင် ရင်းနှီးမြှုပ်နှံလိုသည်။
- ကျွန်ုပ်၏ ပိုက်ဆံကို ပြန်ယူလိုသည်။
- ထိုဖြစ်စဉ်ကို နောက်ထပ် ထပ်ကျော့လိုသည်။

၎င်းဖြစ်စဉ်ကို ငွေအလျင်ဟု ခေါ်ဝေါ်သည်။ ၎င်းသည်မှာ ချမ်းသာသူတို့ ပိုချမ်းသာပြီး သာမန်ရင်းနှီးမြှုပ်နှံသူတို့ အကုန်လုံးဆုံးရှုံးမှုကို ခွန့်စားကြရခြင်းဖြစ်သည်။ ဖြစ်စဉ်ကို ပိုမိုရှင်းလင်းစေရန် ဥပမာတစ်ခုဖြင့် တင်ပြပါမည်။ ကျွန်ုပ်သည် ငှားရမ်း၍ရသော တိုက်တာပိုင်ဆိုင်မှုတစ်ခုကို ဝယ်ယူလိုက်သည် ဆိုပါစို့။ အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်း နှစ်ခန်းပါ ကွန်ဒိုတိုက်ခန်းကို ကန်ဒေါ်လာ ၁၀၀,၀၀၀ ဖြင့် ဝယ်သည်။ ကျွန်ုပ်၏ ပိုက်ဆံ ကန်ဒေါ်လာ ၂၀,၀၀၀ ထည့်သည်။ ထို့အပြင် ဘဏ်သမား၏ ပိုက်ဆံ ကန်ဒေါ်လာ ၈၀,၀၀၀ ကို ချေးယူ၍ ထည့်ဝင်ပြီး တန်ဖိုးရှိပိုင်ဆိုင်မှုကို ရယူလိုက်သည်။ ၎င်းဥပမာတွင် ရင်းငွေမြတ်ငွေ အချိုး ၁၀ ရာခိုင်နှုန်းကို ကန်ဒေါ်လာ ၂၀,၀၀၀ အတွက် နှစ်စဉ် ပုံသေဝင်ငွေအဖြစ် ရရှိသည်။

ကန်ဒေါ်လာ ၂၀,၀၀၀ ရရှိခြင်းနှင့်အတူ ကျွန်ုပ်သည် အခွန်ပိုက်ဆံကိုလည်း ရရှိဦးမည်ဖြစ်သည်။ တန်ဖိုးလျော့လျာထားချက်၊ အခြား ကုန်ကျစရိတ်များကို နုတ်ပယ်ခွင့် ရရှိသည့် ပိုက်ဆံဖြစ်သည်။ ပေးရ မည့်အစား မပေးရခြင်းသည် ပိုက်ဆံရခြင်းတစ်မျိုးပင် ဖြစ်တော့သည်။

၎င်းဥပမာအရ တစ်ဆယ်နှစ်ကြာပြီးချိန်တွင် ကျွန်ုပ်သည် ငွေချေ သည့်ပိုက်ဆံများ အကုန်လုံးကို ငှားရမ်းခများဖြင့် ပြန်လည်ရရှိသည်။

ကန်ဒေါ်လာ ၂၀၀၀ × ၁၀ နှစ် = ကန်ဒေါ်လာ ၂၀,၀၀၀

ကျွန်ုပ်လက်ထဲတွင် တန်ဖိုးရှိပိုင်ဆိုင်မှု ရှိနေဆဲဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် စားပွဲတွင် ရှိနေဆဲ ဖြစ်သည်။

သို့သော် ကျွန်ုပ်၏ ပိုက်ဆံများသည် စားပွဲပေါ်တွင် မရှိတော့ချေ။ ကျွန်ုပ်သည် ဘဏ်သမား၏ ပိုက်ဆံများဖြင့် ဂိမ်းကို ဆက်ကစားနေသည်။ အချောင်ရသည့်ပိုက်ဆံလည်း ပါသည်။ ကျွန်ုပ်ထံ ပြန်ရောက်နေပြီဖြစ်သည့် ကျွန်ုပ်၏ ပိုက်ဆံ ကန်ဒေါ်လာ ၂၀,၀၀၀ ဖြင့် အခြားတစ်နေရာတွင် ရင်းနှီးမြှုပ်နှံမှု ပြု၍ရသည်။ အိမ်ခြံမြေတွင်ဖြစ်စေ၊ စီးပွားရှာ လုပ်ငန်းတွင်ဖြစ်စေ ထည့်ဝင်ပြီး ယခင်တစ်ကြိမ်က လုပ်ခဲ့သည့်အတိုင်း နောက်ထပ် တစ်ကြိမ် ထပ်လုပ်မည် ဖြစ်သည်။

ကျွန်ုပ်သည် ၎င်းဂိမ်း၏ ရည်မှန်းချက်ကို ပြည့်ဝခဲ့ပြီ ဖြစ်သည်။ သို့သော် မပြီးပြတ်သေးသည့် တန်ဖိုးရှိပိုင်ဆိုင်မှုကြောင့် ကျွန်ုပ်သည် ဂိမ်းထဲတွင် ဆက်ရှိနေသည်။



အကောင်းဆုံးအပိုင်းမှာ ကျွန်ုပ်သည် မိမိ၏ပိုက်ဆံ ကနဦးရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂၀,၀၀၀ ကို အကြေပြန် ရပြီးဖြစ်သော်လည်း ငှားရမ်းခဝင်ငွေ ကန်ဒေါ်လာ ၂,၀၀၀ ကို တန်ဖိုးရှိ ပိုင်ဆိုင်မှုထံမှ ဆက်လက်ရရှိနေခြင်းဖြစ်သည်။ ငွေရေးကြေးရေး အဓိပ္ပာယ် သတ်မှတ်ချက်အရဆိုလျှင် ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရခြင်း (ROI- Return on Investment) သည် အသေချာ ဖြစ်သည်။

## ပိုမြင့်မားသော ပြန်ရခြင်းများ

၎င်းဥပမာဖြင့် ဆက်လက်တင်ပြရလျှင် မြေအိမ်ရာ တန်ဖိုးတက်ခြင်းသည် ကန်ဒေါ်လာ ၁၈၀,၀၀၀ ဖြစ်သွားသည် ဆိုပါစို့။ ထိုအခါ တန်ဖိုးထပ်တက်သည့် ကန်ဒေါ်လာ ၈၀,၀၀၀ ဖြင့် ငွေကြေးပြန်လည်ရယူ ခြင်းကို ဆောင်ရွက်နိုင်သည်။ ၎င်း ကန်ဒေါ်လာ ၁၈၀,၀၀၀ ဖြင့် ငွေပြန် ချေးယူမည်ဆိုပါက ကန်ဒေါ်လာ ၇၀,၀၀၀ ကို ရရှိမည်။ ထိုငွေအတွက် အခွန်ပေးဆောင်ရန် မလိုချေ။ ၎င်းသည် ဝင်ငွေတစ်ရပ် မဟုတ်ချေ။ မြေအိမ်ရာပိုင်ဆိုင်မှုသာ ဖြစ်သည်။ ထိုသို့ ငွေရရှိသော်လည်းကျွန်ုပ်သည် တန်ဖိုးရှိပိုင်ဆိုင်မှုကို ဆက်လက်ပိုင်ဆိုင်နေဆဲ ဖြစ်သည်။ ၎င်းတန်ဖိုးရှိ ပိုင်ဆိုင်မှုသည် ကျွန်ုပ်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေဆဲဖြစ်သည်။ သို့ဖြစ်ရာ တစ်ဆယ်နှစ်တွင် ကျွန်ုပ်သည် ကနဦး ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ် လာ ၂၀,၀၀၀ အကုန်လုံးကို ပုံသေဝင်ငွေမှ ပြန်ရသည်။ ၎င်းသည် တန်ဖိုးလျှော့ထားချက် လျော့၍ ရသဖြင့် အခွန်ပေးဖို့မလိုတော့ သည့်ငွေ ဖြစ်သည်။ မြေအိမ်ရာ တန်ဖိုးတက်ခြင်းမှ အပိုဆောင်း ကန်ဒေါ်လာ ၇၀,၀၀၀ ရရှိနိုင်သည်။ မြေအိမ်ရာကိုလည်း ကျွန်ုပ်က ဆက်လက်ပိုင်ဆိုင် ထားသည့်အပြင် ၎င်းထံမှ ပုံသေဝင်ငွေကိုလည်း ကျွန်ုပ်က ဘာမျှမလုပ်ဘဲ မှန်မှန်ရနေဦးမည် ဖြစ်သည်။ နောက်ထပ် တန်ဖိုးရှိပိုင်ဆိုင်မှုတွင်လည်း ရင်းနှီးမြှုပ်နှံထားဦးမည် ဖြစ်သည်။

ပထမတန်ဖိုးရှိပိုင်ဆိုင်မှုနှင့် ဆက်နွှယ်နေသော ကျွန်ုပ်၏ ကန် ဒေါ်လာ ၂၀,၀၀၀ နှင့် ကျွန်ုပ်၏ ကန်ဒေါ်လာ ၇၀,၀၀၀ တို့ကို စားပွဲပေါ်မှ ယူလိုက်ပြီးပြီ ဖြစ်သည်။ ထိုငွေ နှစ်ရပ်ပေါင်း ဖြစ်သည့် ကန်ဒေါ် လာ ၉၀,၀၀၀ ကို အရင်းတည်ပြီး တန်ဖိုးရှိပိုင်ဆိုင်မှု ကန်ဒေါ်လာ ၄၅၀,၀၀၀ ကို ဝယ်ယူသည်။

အချုပ်အားဖြင့် ဆိုရသော် တစ်ဆယ်နှစ် ကြာပြီးချိန်တွင် ကျွန်ုပ်သည် မူရင်းမူလ ကန်ဒေါ်လာ ၁၀၀,၀၀၀ ဖြစ်ပြီး ယခု ကန်ဒေါ်လာ ၁၈၀,၀၀၀ တန်ဖိုးရှိသည့် တန်ဖိုးရှိပိုင်ဆိုင်မှုကို ကျွန်ုပ် ထိန်းချုပ်ထားသည်။ ကျွန်ုပ်သည် တစ်နှစ်လျှင် ပုံသေဝင်ငွေ

ကန်ဒေါ်လာ ၂,၀၀၀ ကို အိမ်ရာမြေထံမှ ဆက်လက်ရရှိနေဆဲဖြစ်သည်။ ကျွန်ုပ်သည် ကန်ဒေါ်လာ ၉၀,၀၀၀ ကို ကန်ဒေါ်လာ ၄၅၀,၀၀၀ တန်ဖိုးရှိပိုင်ဆိုင်မှုဆီသို့ ရွှေ့ထားပြီးပြီ ဖြစ်သည်။ ၎င်းထံမှာ တစ်နှစ်လျှင် ပုံသေဝင်ငွေ ခန့်မှန်းခြေအားဖြင့် ကန်ဒေါ်လာ ၁၀,၀၀၀ ကို ဒုတိယ အိမ်ရာမြေထံမှ ရရှိနိုင်နေသည်။ ကျွန်ုပ်၏ နောက်ထပ် ရည်မှန်းချက်မှာ ထိုလုပ်ငန်းစဉ်ကို ၎င်းအိမ်ရာမြေနှစ်ခုဖြင့် နောက်တစ်ကျော့ လုပ်ဆောင်ရန်ဖြစ်သည်။ ငွေကြေးပြန်လည်ရယူခြင်းကို ၎င်းတို့နှစ်ခုထံမှ ရယူမည်။ ထိုနှစ်ရပ်ပေါင်းဖြင့် ယခင်ထက် ပိုကြီးမားသော တတိယမြောက် တန်ဖိုးရှိပိုင်ဆိုင်မှုကို ဝယ်ယူရန် ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။

ဤဥပမာတွင် ကျွန်ုပ်သည် ဘဏ်မှာ ရယူဖြည့်တင်းခြင်းကို ၈၀ ရာခိုင်နှုန်း သုံးစွဲသည်။ အကယ်၍ သင်သည် ယခုထက် ပိုတိုးပြီး လုပ်ကိုင်လိုလျှင် ၉၀ ရာခိုင်နှုန်း ဖြည့်တင်းခြင်း ပြုနိုင်သည်။ ထိုသို့ ပြုပေးခြင်းဖြင့် သင့်ပိုက်ဆံ၏ ငွေအလျင်ကို တိုးစေမည် ဖြစ်သည်။

ဤသည်မှာ လွယ်ကူရိုးရှင်းလွန်းသော နမူနာတစ်ခု ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ ရည်မှန်းချက်မှာ သူ၏ ငွေရွေ့လျားခြင်းကို ဆက်ထိန်းထားရန်ဖြစ်သည်။ ၎င်းကို ငွေအလျင်ဟုလည်း သိကြသည်။ ရှင်းလင်းသိသာနေသည်မှာ စဉ်းစားထားသည့် ကိန်းဂဏန်းများအားလုံး တို့သည် တကယ်ရိုပ်ရှိနေသော အိမ်ခြံမြေဈေးကွက်အတွက်ဖြစ်သည်။ အကယ်၍ ဈေးကွက်သည် အတက်အကျမရှိ တစ်ပြေးညီဖြစ်နေလျှင် ဖြစ်စေ၊ ကျရိပ်ရှိနေလျှင်ဖြစ်စေ အဆိုပါ ကိန်းဂဏန်းများ အလုပ်ဖြစ်မည် မဟုတ်ချေ။

## ရပ်နားဘရိတ်ဆွဲခြင်း

တစ်ယောက်ယောက်က "ကျွန်တော့်မှာ ဘာအကြွေးမှ မရှိဘူး" ဟု လည်းကောင်း၊ "ကျွန်တော် ပိုက်ဆံတွေ ငွေစာရင်းဖွင့်ပြီး ထည့်ထားတယ်။ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံထားတယ်" ဟူ၍ လည်းကောင်း၊ "ကျွန်တော့် ရင်းနှီးမြှုပ်နှံမှုတွေကို ရှုပ်ရှုပ်ထွေးထွေး မရှိဘဲ လွတ်လွတ်လပ်လပ် ပိုင်ဆိုင်ချင်တယ်"ဟု လည်းကောင်း ပြောဆိုသည်ကို ကျွန်ုပ်ကြားရတိုင်း ကျွန်ုပ်အဖို့ ၎င်းရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ ပိုက်ဆံကို တန်ဖိုးရှိ ပိုင်ဆိုင်မှုတစ်ရပ်သို့ဖြစ်စေ၊ အငြိမ်းစားအစီအစဉ်သို့ဖြစ်စေ ရွှေ့ပြောင်းလိုက်သည်ဟု ဆိုလိုသည်။ ရပ်နားဘရိတ်ဆွဲခြင်းဖြစ်ပြီး သူ့ပိုက်ဆံများကို စတင်ရေတွက်သည်။ လူအများအပြားတို့သည် သူတို့၏ ရင်းနှီးမြှုပ်နှံမှုများတွင် အကြွေးကင်းသည်ကို ပျော်ကြသည်။



အသားတင်တန်ဖိုး တိုးလျှင်လည်း ပျော်ကြသည်။ ထိုရင်းနှီးမြှုပ်နှံသူတို့က ဤနည်းသည် စိတ်ချရသည်ဟု ယုံကြည်နေကြချိန်တွင် ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတို့သည် အန္တရာယ် အလွန်များပြီး နှေးကွေးသောနည်းဖြင့် ရင်းနှီးမြှုပ်နှံခြင်းဟု ယူဆကြသည်။ ပြန်ရသည့်ငွေမှာလည်း အတော်နိမ့်ကျသည်။

## မြင့်မားသော ပြန်ရခြင်းများနှင့်အတူ ပိုစိတ်ချရခြင်းကို မည်သို့ ရယူမည်နည်း

လူတစ်ဦးသည် ရင်းနှီးမြှုပ်နှံမှုတွင် အကြွေးမရှိခြင်း သို့မဟုတ် ရှယ်ယာများပါဝင်မှု မြင့်မားနေခြင်း ရှိနေပါက ကျွန်ုပ်က များသောအားဖြင့် ရှယ်ယာများ၏ ပြန်ရငွေကို တွက်ချက်ရန် စေခိုင်းလေ့ရှိသည်။ ဖြစ်ရပ်အများစုတို့တွင် သူတို့ ပြန်ရငွေများသည် အလွန်နိမ့်ကျနေသည်ကို တွေ့ရသည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုသည် အကြွေးမရှိ၊ ရှယ်ယာတန်ဖိုး ပါဝင်ခြင်း ဝေစုက မြင့်မားနေလျှင် သူတို့၏ ဘဏ်သမားထံမှတစ်ဆင့် ရနိုင်သော အားဖြည့်တင်းခြင်းကို အသုံးပြုထားခြင်း မရှိကြချေ။ အခြားသူများ၏ ပိုက်ဆံဖြင့်လည်း အားဖြည့်တင်းထားခြင်း မရှိချေ။ တစ်နည်းဆိုရသော် ရင်းနှီးမြှုပ်နှံမှုများထဲတွင် သင့်ပိုက်ဆံ ပိုများများ ပါဝင်နေလေ၊ ရင်းနှီးမြှုပ်နှံမှုထံမှ ပြန်ရငွေသည် ပိုနိမ့်ကျလေ ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုတွင် သင့်ပိုက်ဆံ ပါဝင်မှု ပိုနည်းနေပြီး ဘဏ်သမား အပါအဝင် အခြားသူတို့၏ ပိုက်ဆံများဖြင့် အားဖြည့်တင်းခြင်း ပိုများပါက သင်ရရှိ မည့် ပြန်ရငွေသည် ပိုမြင့်မားလေ ဖြစ်မည်။

ကျွန်ုပ်က နည်းတစ်နည်းသည် အခြားတစ်နည်းထက် ပိုကောင်းသည်ဟု ပြောနေခြင်း မဟုတ်ချေ။ ရင်းနှီးမြှုပ်နှံမှုအပေါ် သင်၏ ပြန်ရငွေ အမြန်နှုန်း မြှင့်တင်၍ ရအောင် ပိုမြင့်မားသည့် အားဖြည့်တင်းခြင်းက ပြုပေးနိုင်သည်။ သင့်ပိုက်ဆံ ကြီးပွားခြင်းကိုလည်း အရှိန်တင်ပေးနိုင်သည်။ သို့သော်ငြားလည်း မြင့်မားသည့် အားဖြည့်တင်းခြင်းနှင့်အတူ ရင်းနှီးမြှုပ်နှံသူသည် ငွေရေးကြေးရေးအကြောင်း စာတတ်ခြင်း မြင့်မားဖို့ လိုအပ်ပေသည်။

## မြန်မြန်ဆန်ဆန် ချမ်းသာခြင်း

ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ ရည်မှန်းချက်မှာ စားပွဲပေါ်မှ သူတို့၏ ပိုက်ဆံများကို မြန်နိုင်သမျှမြန်မြန် ပြန်ယူရန်နှင့် အခြားတန်ဖိုးရှိပိုင်ဆိုင်မှုတစ်ခုတွင်

ရင်းနှီးမြှုပ်နှံရန် ဖြစ်ကြောင်းကို သဘောပေါက်ခြင်းဖြင့် ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူသည် ငွေအလျှင်ကို အသုံးချပြီး ရှေ့သို့ ပိုမြန်မြန်ရောက်စေမည် ဖြစ်သည်။ ချမ်းသာသူတို့ ပိုချမ်းသာကြသည့် အကြောင်းတစ်ချက်မှာ သူတို့၏ ပိုက်ဆံသည် ရွေ့နေခြင်း ဖြစ်သည်။ အခြားသူ အများအပြားတို့သည် သူတို့၏ ပိုက်ဆံကို ရပ်နားရန် နေရာအဖြစ် သူတို့၏ အိမ်၊ အငြိမ်းစား ငွေစာရင်းတို့တွင် ထားရှိကြသည်။ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံမှုပြုကြခြင်းဖြစ်သည်။

## ဘာကြောင့် ပိုစိတ်ချရသလဲ

ဆုံးရှုံးမည့်အရေး များပြားလှသော စားပွဲပေါ်တွင် သင့်ပိုက်ဆံကို ဆက်လက်တင်ထားပြီး အဘယ်ကြောင့် ရေရှည်အတွက် ရင်းနှီးမြှုပ်နှံကြသနည်း။ အဖြေကို နယူတန်၏ နိယာမများတွင် တွေ့ရသည်။ နယူတန်၏နိယာမများတွင် တစ်ခုမှာ သက်ရောက်မှုတိုင်းတွင် ယင်းနှင့်ညီမျှပြီး လားရာဆန့်ကျင်ဘက်ဖြစ်သော တန်ပြန်သက်ရောက်မှုရှိသည်ဟူ၍ ဖြစ်သည်။

စားပွဲပေါ်၌ သင့်ပိုက်ဆံ ဆက်လက်တင်ထားခြင်းသည် သဘာဝ၏ ပြောင်းလဲအားများအတွက် အကွယ်အကာမဲ့နေခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ဆက်တိုက်အနိုင်ရပြီး ကန်ဒေါ်လာ ၃,၀၀၀အထိ ဖြစ်လာချိန်တွင် ကျွန်ုပ်သည် သဘာဝ၏ ဥပဒေသများကို ကျွန်ုပ် သတိမရချေ။ ဆက်တိုက်နိုင်နေခြင်းသည် အဆုံးသတ်ရစမြဲဖြစ်သည်။ မည်သည့် အချိန်အခါတွင် အဆုံးသတ်မည်ကို ကျွန်ုပ် မသိချေ။ သို့ဖြစ်ရာ စားပွဲပေါ်မှာ ရှိနေသည့် ကျွန်ုပ်၏ ပိုက်ဆံကို ဆောလျင်စွာဖြင့် ဖယ်ရှားနိုင်လေ ကျွန်ုပ်အဖို့ ပိုစိတ်ချရလေ ဖြစ်သည်။

ရံဖန်ရံခါ၌ ကျွန်ုပ်သည် မိတ်ဆွေများကို ခေါ်သွားပြီး ကင်မ်နှင့် ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ တရားဝင်ပိုင်ဆိုင်ခွင့်များမှတစ်ဆင့် ထိန်းချုပ်ထားသော အဆောက်အဦများကို ပြသသည်။ မိတ်ဆွေတို့က ရုပ်ဝတ္ထု အဆောက်အဦကို ကြည့်ရှုနေစဉ် ကျွန်ုပ်၏ စိတ်ထဲတွင် ၎င်းအိမ်မြေရာ၏ ငွေရေးကြေးရေး ဖွဲ့စည်းတည်ဆောက်ထားပုံကို တွေးနေမိသည်။ အိမ်မြေရာကို ထိန်းချုပ်ထားပြီး ၎င်းထံမှ ဝင်ငွေ ရရှိနေလျှင် ကျွန်ုပ်သည် အပြုံးကြီးကြီးကို ပြုံးနေမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ ပိုက်ဆံများ ၎င်းအိမ်မြေရာတွင် တစ်ပြားတစ်ချပ်မျှ ဆက်လက်မပါဝင်တော့ချေ။ ကျွန်ုပ်တို့အတွက် ၎င်းသည် အကောင်းဆုံး အိမ်ရာမြေဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်ထဲတွင် ဝင်ငွေ ဝင်လာနေခြင်းသည်



အခြေခံအားဖြင့် အချောင် ရသည့်ငွေ ဖြစ်သည်။ ကျွန်ုပ်တို့ ဆုံးရှုံးမည့်အရေးသည်လည်း အလွန့် အလွန်နည်းပါးနေသည်။ အကြောင်းမှာ ကျွန်ုပ်တို့မှာ ဆုံးရှုံးစရာဟူ၍ မဆိုစလောက်သာ ရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏ပိုက်ဆံသည် အခြားနေရာများတွင် လုပ်ကိုင်လျက်ရှိသည်။

ဤငွေအလျင် သဘောတရားကို တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစား အကုန်လုံးတို့တွင် အသုံးပြု၍ ရသည်။ သူဌေးဖေဖေ ကုမ္ပဏီကို စတင်သည့်အခါ ကျွန်ုပ်တို့သည် ကနဦးအနေဖြင့် ကန်ဒေါ်လာ ၁,၀၀၀ ထည့်သည်။ နှစ်အနည်းငယ် ကြာပြီးချိန်တွင် ကမ္ဘာတစ်လွှား ထုတ်ကုန်များ ရောင်းချခြင်းမှ ကန်ဒေါ်လာများ သန်းချီသည်အထိ ရရှိသည်။ ကျွန်ုပ်တို့၏ ကြီးပွားမှုကို အခြားသူတို့၏ ပိုက်ဆံများ သုံးစွဲခြင်းမှတစ်ဆင့် လုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်များကို ထုတ်လုပ်ခြင်းနှင့် ဖြန့်ချိခြင်းတို့အတွက် ရန်ပုံငွေ ထည့်ဝင်ကြမည့် မဟာဗျူဟာမြောက် လက်တွဲဖော်များ ကျွန်ုပ်တို့ ရရှိထားသည်။ ကျွန်ုပ်တို့ လုပ်ကိုင်သမျှဟူ၍ ခိုင်ကြေးများ ကောက်ခံရယူခြင်းသာ ရှိသည်။ ကျွန်ုပ်တို့၏ ထုတ်ဝေရေး စီးပွားဘက်တို့တွင် နိုင်ငံတကာထုတ်ဝေသူ ၅၀ ဦး ပါဝင်သည်။ သူတို့ က သူဌေးဖေဖေ စာအုပ်များနှင့် ဂိမ်းများကို ဘာသာပြန်ခြင်း၊ ဖြန့်ချိခြင်းများအား သူတို့၏ ဈေးကွက်များထဲတွင် ပြုပေးကြသည်။ သူတို့၏ အဆက်အသွယ်များနှင့် ဖြန့်ချိရေးစနစ်များကို အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့သည် သူဌေးဖေဖေ အသိပေးလိုသည်တို့ကို ပိုမိုအောင်မြင်စွာဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်တို့ လုပ်ကိုင်ဖို့ ကြိုးစားလျှင် ယခုလောက် အောင်မြင်မည် မဟုတ်ချေ။

စတော့ဈေးကွက် ရင်းနှီးမြှုပ်နှံမှုများတွင် ကျွန်ုပ်တို့၏ စတော့များသည် ဂိမ်းတွင် ရှေ့သို့ရောက်သည်နှင့် ချက်ချင်းလုပ်ဆောင်သည်မှာ ကျွန်ုပ်တို့၏ ပိုက်ဆံများကို စားပွဲပေါ်မှ ဖယ်ရှားလိုက်ခြင်း ဖြစ်သည်။ ဂိမ်းကို အချောင်ရသည့်ငွေဖြင့်ဖြစ်စေ၊ ဈေးကွက်၏ ငွေဖြင့်ဖြစ်စေ ဆက်လက်ကစားမည် ဖြစ်သည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများသည် ဂိမ်းထဲတွင် ရေရှည်ရှိကောင်းရှိနေကြမည်။ သို့သော် သူတို့ ၏ ပိုက်ဆံမှာ ကာလတိုသာ ဖြစ်သည်။

## ရေရှည်သည် မည်မျှ ရှည်ကြာသနည်း

"ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ"ဟု တစ်ယောက်ယောက်က အကြံပြုသည်ကို ကျွန်ုပ် ကြားသိရသည့်အခါ ကျွန်ုပ် မကြာခဏ မေးလေ့ရှိသည်မှာ "ရေရှည်ဆိုတာ

ဘယ်လောက်အထိ ကြာမှာလဲ" ဟူ၍ဖြစ်သည်။ ကုန်စည်ကြိုရောင်းကြိုဝယ် ရောင်းဝယ်ဖောက်ကားကြရာတွင် ရေရှည်သည် စက္ကန့် ၃၀ ကို ဆိုလိုသည်။ အိမ်ခြံမြေပိုင်ဆိုင်မှုအချို့နှင့် စီးပွားရေးလုပ်ငန်းအချို့တို့တွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းသည် ရာစုနှစ်များအထိ ကြာမြင့်တတ်ပေသည်။

ရင်းနှီးမြှုပ်နှံမှုကာလကို သိဖို့ အဘယ်ကြောင့် အရေးကြီးရသနည်း။ အကြောင်းမှာ ဈေးကွက်အားလုံးတို့သည် သဘာဝနိယာမများအရ ရွေ့လျားနေသည်။ သို့ဖြစ်ရာ အတက်အကျများ ရှိနေသည်။ ဈေးကွက်၏ အတက်အကျများကို ဂရုမမူဘဲ ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ဝယ်ယူခြင်းသည် ပညာပါသော ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာတစ်ရပ် မဟုတ်ချေ။ ဤစာအုပ်၏ ဒုတိယတစ်ဝက်တွင် ကျွန်ုပ်သည် ရင်းနှီးမြှုပ်နှံမှု ၂၀-၁၀-၅ စက်ဝန်းကို ပိုမိုအသေးစိတ်ပြီး တင်ပြမည်ဖြစ်သည်။ ယခု ကျွန်ုပ်က ၂၀-၁၀-၅ စက်ဝန်းကို အကျဉ်းရုံးပြီး တင်ပြပါမည်။ ဂိမ်းအပေါ် မည်သို့ အကျိုးသက်ရောက်ကြောင်းကိုလည်း တင်ပြပါမည်။ ရင်းနှီးမြှုပ်နှံသူ အများအပြားတို့သည် ၂၀-၁၀-၅ စက်ဝန်း အလားအလာစီးကြောင်းကို မယုံကြည်ကြချိန်တွင် ၎င်းကို ဂရုပြုပေးသည့် ရင်းနှီးမြှုပ်နှံသူများ ရှိနေသည်။ ရှင်းပြရလျှင် ယင်းသီအိုရီက ဆိုထား သည်မှာ စတော့ဈေးကွက်သည် နှစ် ၂၀ တိုင်တိုင် အခြေအနေကောင်းနေသည်။ နှစ် ၂၀ ကျော်သည့်အခါ ဈေးကွက် ပြိုလဲမှုကြေသည်။ လာမည့် ၁၀ နှစ်တွင် ကုန်စည်များ ဖြစ်ကြသည့် ရေနံ၊ ရွှေ၊ ငွေ၊ အိမ်ခြံ မြေ၊ စားသုံးဆီ၊ ပဲပုပ်တို့ တန်ဖိုးတက်သည်။ ၂၀-၁၀-၅ စက်ဝန်း၏ ၅ သည် ၅ နှစ်တာကာလတိုင်းတွင် အဖြစ်ဆိုး ဖြစ်ပွားသည်။ ဥပမာ ၁၉၈၇ ခုနှစ် စတော့ဈေးကွက်ပြိုလဲခြင်း၊ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် လူများ အစုလိုက်အပြုံလိုက် သေဆုံးသည့် အကြမ်းဖက်မှု ဖြစ်ပွားသည်။

## အရာရာ ပြောင်းလဲသည်ကို သတိရစေခြင်း

ကျွန်ုပ်၏ နာရီကို ၎င်းစက်ဝန်းနှင့် အချိန်တိုက်ဆိုင်ထားခြင်း မရှိသော်လည်း စက်ဝန်းကို သတိမူခြင်းသည် အသုံးတည့်သည့် ရည်ရွယ်ချက်တစ်ခုကို ထမ်းဆောင်ပေးသည်။ ဈေးကွက်များသည် အမြဲမပြတ် ပြောင်းလဲနေသည်ဟူသည့်အချက်ကို ကျွန်ုပ်အမြဲသတိရနေစေသည်။ ထို့ပြင် ခန်းခြောက်နေသည့် ရေတွင်းဆီသို့ ပြန်ပြန်သွားနေခြင်းအစား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ကွဲပြားသည့် ဈေးကွက်များတွင် ရှာဖွေဖို့ကိုလည်း သတိရစေသည်။



သန်းချီသောဦးရေရှိသည့် ရင်းနှီးမြှုပ်နှံသူတို့သည် စတော့ဈေးကွက် ထဲ၌ ၂၀၀၀ မှ ၂၀၀၃ ခုနှစ်အတွင်း ဆုံးရှုံးခဲ့ကြရသည်မှာ စတော့များ၏ နှစ် ၂၀ စက်ဝန်း အဆုံးသတ်သွားသောကြောင့် ဖြစ်သည်။ ၂၀-၁၀-၅ စက်ဝန်းကို လိုက်နာရမည့်အစား ရင်းနှီးမြှုပ်နှံသူ အများ အပြားတို့သည် ကုန်စည်ဈေးကွက်များဆီသို့ ရွှေ့ပြောင်းရမည့်အစား စတော့ဈေးကွက် ထဲတွင် ဆက်လက်၍ ထိုင်စောင့်နေခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် ဝါရင်ဘတ်ဖ်ဖစ်တ်သည် စတော့ဈေးကွက်ထဲတွင် ထက်ထက်သန်သန်ဖြင့် ရင်းနှီးမြှုပ်နှံနေခြင်းကို ရပ်ပစ်လိုက်ပြီး ကုန်စည်ဈေးကွက်ထဲသို့ တိတ်တဆိတ် ရွှေ့ပြောင်းခဲ့သည်။ ငွေသတ္တုကဲ့သို့သော တန်ဖိုးရှိပိုင်ဆိုင်မှုအမာတို့တွင် ရင်းနှီးမြှုပ်နှံမှု ပြုခဲ့သည်။ ၁၉၉၆ ခုနှစ်၌ ကျွန်ုပ်သည်လည်း စတော့ဈေးကွက် အပြင်ဘက်သို့ ရွှေ့ပြောင်းခဲ့သည်။ ရေနံနှင့် ရွှေ ဈေးကွက်များထဲသို့ ရွှေ့ပြောင်းခဲ့သည်။ အဘယ်ကြောင့်နည်း။ အကြောင်းမှာ ဈေးကွက်စက်ဝန်း ပြောင်းလဲနေသောကြောင့် ဖြစ်သည်။ ကောင်းကင်မှ လသည် အဆုတ်အပြည့် ပြောင်းလဲသည့်နည်းတူ ဈေးကွက်တိုင်းတွင်လည်း အတက်အကျ ပြောင်းလဲလျက် ရှိပေသည်။

## ရေရှည်အတွက် စောင့်ဆိုင်းခြင်း

စတော့ဈေးကွက်ထဲတွင် သန်းချီသောသူတို့ ငွေအမြောက်အမြား ဆုံးရှုံးခဲ့ကြသည်။ ဈေးကွက်ကို ထိုင်စောင့်နေဆဲဖြစ်သည်။ သူတို့၏ ရှယ်ယာများ ဈေးပြန်တက်မည့်အချိန်ကို စောင့်မျှော်ကြသည်။ ဤသည်မှာ အချိန်ပြုန်းတီးခြင်းဖြစ်သည်။ ဈေးကွက်သည် နောက်ဆုံး၌ ပြန်ကောင်းလာမည် ဖြစ်သော်လည်း သူတို့ ဆုံးရှုံးခဲ့သည့် ဈေးကွက်မှာ မရှိတော့ချေ။ အကယ်၍ လူတစ်ဦးသည် ဘဝ၏ စတုတ္ထမြောက် လေးပိုင်းစိတ်တွင် သူ၏ အငြိမ်းစားငွေများ ဆုံးရှုံးခဲ့သည် ဆိုပါက သူတို့သည် ရှယ်ယာများ ဈေးတက်နေပြီး အဝယ်လိုက်သော ဈေးကွက်အတွက် ၁၀ နှစ် စောင့်ရလိမ့်မည်။ သို့ဖြစ်ရာ ပိုက်ဆံ လေလွင့်သည်ထက် ပိုသည်။ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံခြင်းအစား သူတို့သည် ကာလရှည်ကြာ စောင့်ဆိုင်းနေကြခြင်းသာ ဖြစ်သည်။

ဤစာအုပ်၏ ဒုတိယတစ်ဝက်တွင် ၂၀-၁၀-၅ စက်ဝန်းကို ကျွန်ုပ် မည်သို့ အသုံးပြုပြီး ကျွန်ုပ် ပိုက်ဆံရဖို့ အကူအညီရယူပုံကို အနည်းငယ် ပိုအသေးစိတ် တင်ပြမည် ဖြစ်ပါသည်။ အဆစ်အပိုင်းများနှင့် လွဲချော်နေပြီး ဈေးကွက်အမှားထဲ ရောက်ရှိနေချိန်တွင် ပိုက်ဆံများ စားပွဲပေါ် ဆက်ရှိနေခြင်းအစား ထိုသို့မဖြစ်အောင် မည်သို့ လုပ်ဆောင်သည်ကို

တင်ပြထားပါသည်။

**ဆုံးရှုံးရန် အာမခံချက်**

တစ်နေ့နေ့၌ သဘာဝမိခင်က သင် မတ်တတ်ရပ်နေသည့် အောက်မှ ကော်ဇောကို ဆောင့်ဆွဲသဖြင့် သင် လဲကျသွားနိုင်ကြောင်း သိထားပါလျက် ရေရှည်အတွက် ရင်းနှီးမြှုပ်နှံနေခြင်းသည် ကျွန်ုပ်အဖို့ ဘာမျှ အဓိပ္ပာယ်မရှိချေ။ တစ်ဦးချင်း၏ ပိုက်ဆံဂိမ်းကို သင် ကြည့်မည်ဆိုပါက သူတို့သည် အသက် ၂၅ နှစ်တွင် ရင်းနှီးမြှုပ်နှံမှု စတင်သည် ဆိုပါစို့။ နောက်ထပ် နှစ် ၄၀ ကြာပြီးချိန် အသက် ၆၅ နှစ်တွင် ဂိမ်းထဲမှ ထွက် ခွာရန် မျှော်မှန်းထားသည်။ ထိုသို့ဆိုပါက စားပွဲပေါ်တွင် နှစ်ပေါင်း ၄၀ တိုင်တိုင် ပိုက်ဆံများ တင်ထားခြင်းဖြစ်သည်။ အကယ်၍ ၂၀–၁၀–၅ စက်ဝန်းသည် တစ်နည်း တစ်ဖုံအားဖြင့် မှန်ကန်နေသည် ဆိုပါက ရေရှည်အတွက် ရင်းနှီးမြှုပ်နှံသည့် အစီအစဉ်သည် ဆုံးရှုံးရန် အာမခံချက် ရှိနေပေသည်။ နှစ် ၂၀ အတွင်း စတော့ဈေးကွက် အတက်အကျရှိနေမည်။ သို့ပါလျက် မစူးမစမ်းဖြင့် နှစ်ပေါင်း ၄၀ ရေရှည် ရင်းနှီးမြှုပ်နှံခြင်းသည် ငွေကြေးအရ သတ်သေခြင်းဖြစ်သည်။ ယင်းနှစ်ပေါင်း ၄၀ အတွင်း တစ်ကြိမ် ဆုံးရှုံးသူဖြစ်ရန် သေချာနေသည်။ နှစ်ကြိမ်လည်း ဖြစ်နိုင်သည်။ ထို့ထက်မကလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

**လေယာဉ်မှူးတို့ အဘယ်ကြောင့် လေထီးဆောင်ထားသနည်း**

လေသူရဲ သင်တန်းသားအဖြစ် ဖလော်ရီဒါပြည်နယ်၊ ပင်စာကိုလာမြို့မှ လေယာဉ်မောင်းသင်တန်းကျောင်းကို ကျွန်ုပ်တက်ရောက်ခဲ့သည်။ ရေတပ်၏ လေယာဉ်မောင်းသင်တန်းကျောင်းတစ်ခုဖြစ်သည်။ ပထမဆုံး တက်ရသည့်အတန်းတွင် ပျံသန်းခြင်းအကြောင်းကို မသင်ရချေ။လေထီး အကြောင်းကို အရင်ဆုံး သင်ရသည်။ လေယာဉ်ထဲမှ မည်သို့ ခုန်ထွက် မည်နှင့် ရေပြင် သို့မဟုတ် မြေပြင်ပေါ်သို့ မည်သို့ ဆင်းသက်ရမည်တို့ကို သင်ရသည်။ အဘယ်ကြောင့် လေယာဉ်ပျံ မောင်းနှင်မည့်သူတို့ကိုလေထီးဖြင့် ခုန်ဆင်းနည်းကို အရင်သင်ရ သနည်း။ အဖြေမှာ ရိုးရှင်းပါသည်။

အငြိမ်းစားအစီအစဉ်ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများသည် အကယ်၍ သင်သည် မိမိ၏ ပိုက်ဆံကို အစီအစဉ်မှ ဆောလျင်စွာ ပြန်ထုတ်ယူမည်ဆိုပါက ဒဏ်ကြေးများ ပေးဆောင်ရမည်ဟု ဆိုထားသည်။ သင့်ကို လေထီးပေးထားရမည့်အစား သင့်ကို



လေယာဉ်ပျံတွင် လက်ထိတ်ခတ်ထားသည်။ ဈေးကွက်ပြိုလဲနေချိန်တွင် အသေးစားရင်းနှီးမြှုပ်နှံသူအများ အပြားတို့သည် သူတို့၏ လေယာဉ်မှူးဖြစ်သည့် ပေါင်းစုရန်ပုံငွေများ၏ အကြီးအကဲများ၊ ကုမ္ပဏီများ၏ စီအီးအိုများ၊ အခြား အခွင့်ထူးခံ အတွင်းလူများသည် လေထီးဖြင့် ဘေးကင်းရာသို့ ခုန်ဆင်းသွားကြပြီဖြစ်ကြောင်း မသိကြချေ။ အသေးစားရင်းနှီးမြှုပ်နှံသူတို့သည် လေယာဉ်ပျံနဲ့ တွဲပြီး လက်ထိတ်ခတ်ခံထားရဆဲဖြစ်သည်။

ကျွန်ုပ်သည် လေယာဉ်မှူးတစ်ဦး ဖြစ်သည်။ ကျွန်ုပ်သည် လေထီးကိုသာ ဆောင်ထားမည်။ လက်ထိတ်ဖြင့် တွဲသည်ကို ခံမည်မဟုတ်။

**မှားနေကျ အမှား**

မိမိတို့၏ ပိုက်ဆံကို ရွေ့လျားနေအောင် ပြုပေးနေရမည့်အစား လူအများစုတို့သည် သူတို့၏ ပိုက်ဆံကို ရပ်နားရန်နေရာတွင် ရပ်ထားလိုက်ကြသည်။ ဘဏ်မှာ ရပ်နားထားသည်။ အငြိမ်းစားအစီအစဉ်တွင် ရပ်နားထားသည်။ သူတို့၏ ပွဲစားလက်ထဲမှာ ထည့်ပြီး ရပ်နားထားလိုက်သည်။ သူဌေးဖေဖေက သူ့သားနှင့် ကျွန်ုပ်တို့ကို သွန်သင်သည်မှာ ပိုက်ဆံကို ရွေ့လျားနေအောင် လုပ်ပေးထားရမည်။ အကယ်၍ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်း မပြုပါက အိမ်ခြံမြေတွင်ရင်းနှီး မြှုပ်နှံရမည်ဟု သူက သွန်သင်သည်။ အကယ်၍ အိမ်ခြံမြေဈေးကွက် အခြေအနေမကောင်းလျှင် ကာလတိုအတွက် အမြတ်များရရန်နှင့် ပြန်ရောင်းထုတ်ရန်အတွက် ကြိုရောင်းဝယ်ရန်ပုံငွေတွင်ဖြစ်စေ၊ အရွေ့မြန်ဆန်နေသည့် စတော့တွင်ဖြစ်စေ ရင်းနှီးမြှုပ်နှံရန် ရွှေ့ပြောင်းရမည်ဟု သူက သွန်သင်သည်။ သူဌေးဖေဖေသည် သူ့ပိုက်ဆံ အားအားယားယား ထိုင်နေသည်ကို မကြိုက်ချေ။ သူက သူ့ပိုက်ဆံ အလုပ်ကြိုးစားသည်ကို ကြိုက်သည်။ ထို့ပြင် စိတ်ချရခြင်း များနိုင်သမျှများများ ရှိနေခြင်းနှင့်အတူ မြန်မြန်ဆန်ဆန် ရွေ့နေသည်ကို ကြိုက်သည်။ သူက ဈေးကွက်ရွေ့နေသည်ကို သိသည်။ သို့ဖြစ်ရာ သူ့ပိုက်ဆံကိုလည်း ရွေ့နေစေလိုသည်။ ထို့ကြောင့်လည်း သူ့ပိုက်ဆံများကို ရွှေ့ထည့်ရန်နှင့် နောက်ဆုံး၌ ပြန်ထုတ်ယူရန် ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုအသစ်များကို သူက အချိန်အများအပြား အကုန်ခံပြီး ရှာဖွေသည်။

လူအများတို့က "ကျွန်တော့် အသားတင်တန်ဖိုး မြင့်တက်သွားပြီ" ဟု လည်းကောင်း၊ "ကျွန်တော့် အိမ်တန်ဖိုး မြင့်တက်သွားပြီ" ဟု လည်းကောင်း ပြောဆိုသည်ကို ကျွန်ုပ်

ကြားရသည့်အခါ ထိုသူတို့သည် များသောအားဖြင့် စားပွဲပေါ်မှ ပိုက်ဆံကို ရေတွက်နေကြခြင်း ဖြစ်သည်။ သူတို့၏ ပိုက်ဆံသည် ဂိမ်းထဲမှာ ရှိနေဆဲဖြစ်သည်။ သူဌေးဖေဖေက ပြောသည်မှာ "မင်းရဲ့ ပိုက်ဆံက အလုပ်လုပ်နေရမယ်။ ထိုင်မနေရဘူး။ တကယ်လို့ မင်းရဲ့ပိုက်ဆံ ထိုင်နေရင် မင်းဟာ မင်းရဲ့ ရှယ်ယာတန်ဖိုးအပေါ် ပြန်ရငွေကို ရမှာ မဟုတ်ဘူး"

ယခုအခါ ကင်မ်နှင့် ကျွန်ုပ်တို့သည် မိမိတို့၏ အသားတင်တန်ဖိုး ကို မသိကြတော့ချေ။ သတင်းထောက်တို့က ကျွန်ုပ်တို့ကို "ခင်ဗျားရဲ့ အသားတင်တန်ဖိုးက ဘယ်လောက်လဲ"ဟု မေးမြန်းသည့်အခါ ကျွန်ုပ် တို့က မိမိတို့ မသိကြောင်း သူတို့ကို ဖြေကြားရသည်။ ကျွန်ုပ်တို့က "ကျွန်တော်တို့ရဲ့ အသားတင်တန်ဖိုးကို ကျွန်တော်တို့ မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ငွေတွေ စီးဆင်းတာ ဘယ်လောက်မြန်တယ် ဆိုတာကိုတော့ ကျွန်တော်တို သိကြပါတယ်" ဟု ဖြေကြားသည်။

သတင်းထောက်က မေးသည်။ "ခင်ဗျားရဲ့ အသားတင်တန်ဖိုးကို ဘာလို့ ခင်ဗျားတို့က အရေးမလုပ်တာလဲ" ကျွန်ုပ်က အဖြေနှစ်မျိုး ဖြေသည်။ အဖြေနံပါတ်(၁)မှာ "ကျွန်တော့ အသားတင်တန်ဖိုး ဘယ်လောက်လဲဆိုတာက ခင်ဗျားတို့နဲ့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာဖို့ လွယ် ကူနေတယ်"အဖြေနံပါတ်(၂) မှာ "ထိုင်နေတဲ့ ကျွန်တော့် ပိုက်ဆံတွေ ဘယ်လောက်ရှိသလဲဆိုတာကို ကျွန်တော် အရေးမလုပ်ပါဘူး။ ကျွန်တော် အရေးလုပ်တာက အလုပ်လုပ်နေတဲ့ ကျွန်တော့ ပိုက်ဆံဘယ်လောက် ရှိသလဲဆိုတာဖြစ်ပါတယ်။ ဘယ်လောက် မြန်မြန်ရွေ့နေကြသလဲ။ နောက်ထပ် ဘယ်ကို ကျွန်တော် ရွေ့မလဲဆိုတာတွေကို ကျွန်တော်အရေး လုပ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်က တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားတစ်ခုတည်း မဟုတ်ဘဲ အတန်းအစားအားလုံးကို များနိုင်သမျှ များများသိချင်ပါတယ်။ ဥပမာအားဖြင့် အခိုက်အတန့်တစ်ခုမှာ အိမ်ခြံမြေက အလွန်ဈေးမြင့်နေတယ် ဆိုရင်ဖြစ်ဖြစ်၊ အရောင်းအဝယ်ကောင်းကောင်းတစ်ခုကို ကျွန်တော် မရှာနိုင်ရင်ဖြစ်ဖြစ် ကျွန်တော့်ရဲ့ ပိုက်ဆံကို ကြိုရောင်းဝယ် ရန်ပုံငွေထဲကို ရွှေ့မယ်။ ထပ်တိုးတဲ့ ပြန်ရငွေ ၂၅ ရာခိုင်နှုန်းကို ယူမယ်။ အိမ်ခြံမြေဈေးကွက် ပြောင်းလဲတဲ့အထိဖြစ်စေ၊ စီးပွားရေး အခွင့်အလမ်းပေါ်တဲ့အထိဖြစ်စေ စောင့်မယ်။ ကျွန်တော့်လောကမှာ ကျွန်တော့ ပိုက်ဆံရဲ့ ငွေအလျင်နဲ့ စိတ်ချရမှုတို့ဟာ ကျွန်တော့်ပိုက်ဆံ ပမာဏ ဘယ်လောက်ရှိသလဲဆိုတာထက် ပိုအရေးကြီးပါတယ်"

ဤအခန်းအတွက် နောက်ဆုံးသင်ခန်းစာမှာ ဂိမ်း၏ရည်ရွယ်ချက်ဖြစ်သည့်



စားပွဲပေါ်မှ သင့်ပိုက်ဆံကို ဖယ်ရှားဖို့ဖြစ်ကြောင်းကို မည်သည့်အခါမှ မမေ့ပါနှင့်။ ထိုအချက်ကို ပညာရှင်ပီသသော လောင်းကစားသူတိုင်း သိကြသည်။ ထိုအချက်ကို ရဖို့ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတိုင်း ကြိုးပမ်းအားထုတ်ကြသည်။ အပျော်တမ်းဆန်သော ရင်းနှီးမြှုပ်နှံသူတို့သာလျှင် သူတို့၏ ပိုက်ဆံကို အငြိမ်းစားအစီအစဉ်တွင် ထည့်သွင်းထားကြပြီး ရပ်နားဘရိတ်ကို ဆွဲထားကြသည်။

**သင့်ပိုက်ဆံ၏ ငွေအလျင် တိုးသည့် နမူနာများ**

သင့်မှာ ရင်းနှီးမြှုပ်နှံရန် ကန်ဒေါ်လာ ၂၀,၀၀၀ ရှိသည် ဆိုပါစို့။ အောက်ဖော်ပြပါ ရွေးချယ်စရာသုံးမျိုး သင့်မှာ ရှိနေသည်။

ရွေးချယ်မှု(၁)။ ။ ကန်ဒေါ်လာ ၂၀,၀၀၀ ကို ပေါင်းစုရန်ပုံငွေတွင် ရင်းနှီးမြှုပ်နှံပါက တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း ရမည်။ ခုနစ်နှစ်အကြာတွင် သင်၏ ကန်ဒေါ်လာ ၂၀,၀၀၀ သည် ကန်ဒေါ်လာ ၂၈,၁၄၂ သို့ ကြီးထွား သင့်သည်။ ဈေးကွက်သည် အတက်အကျ မရှိဟု ယူဆကာ တွက်ချက် ထားခြင်း ဖြစ်သည်။

ရွေးချယ်မှု(၂)။ ။ ငှားစား၍ ရသော အိမ်ရာမြေကို ကန်ဒေါ်လာ ၂၀,၀၀၀ ဖြင့် ဝယ်မည်။ ထို့အတွက် မိမိငွေ ကန်ဒေါ်လာ ၂၀,၀၀၀ နှင့် ဘဏ်ချေးငွေ ကန်ဒေါ်လာ ၁၈၀,၀၀၀ ဖြင့် ဝယ်ယူသည်။ ထိုပိုင်ဆိုင်မှုဖြင့် ချေးငွေရယူပြီး ရှယ်ယာဝယ်ယူထားမည်။ ငှားရမ်းခ ဝင်ငွေသည် ကုန်ကျ စရိတ်များ ကာမိရုံသာ ရရှိပြီး အိမ်ရာမြေတန်ဖိုးသည် တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း တန်ဖိုးတက်သည်ဟု ဆိုပါစို့။

ခုနစ်နှစ် ကြာပြီးချိန်တွင် အိမ်ရာမြေသည် တန်ဖိုး ကန်ဒေါ်လာ ၂၈၁,၀၀၀ ရှိမည်။ ရှယ်ယာများထံမှ နှစ်စဉ်ဝင်ငွေများနှင့် မူလရှယ် ယာတန်ဖိုး နှစ်ရပ်ပေါင်းသည် ကန်ဒေါ်လာ ၁၀၁,၄၂၀ ဖြစ်သည်။ ဈေးကွက်သည် အတက်အကျ မရှိဟု ယူဆကာ တွက်ချက်ထားခြင်း ဖြစ်သည်။

ရွေးချယ်မှု (၃) ။ ။ ကန်ဒေါ်လာ ၂၀,၀၀၀ ရင်းနှီးမြှုပ်နှံခြင်းနှင့် ဘဏ်ချေးငွေ ကန်ဒေါ်လာ ၁၈၀,၀၀၀ တို့ဖြင့် ငှားရမ်း၍ရသော အိမ်ရာ မြေကို ကန်ဒေါ်လာ ၂၀၀,၀၀၀ ဖြင့် ဝယ်ယူသည်။ ရှယ်ယာဝယ်ခြင်း မပြုဘဲ အိမ်ရာမြေတန်ဖိုးတက်ခြင်းအရ နှစ်နှစ်လျှင် တစ်ကြိမ် ချေးငွေယူပြီး ၎င်းငွေဖြင့် အိမ်ရာမြေပိုင်ဆိုင်မှု အသစ်တစ်ခုတွင် ရင်းနှီးမြှုပ်နှံမည်။ ထို့အတွက် လက်ငင်း ၁၀ ရာခိုင်နှုန်းပေးပြီး ကျန်သည့်ငွေကို ဘဏ်ချေးငွေဖြင့် ပေးချေမည်။

ခုနစ်နှစ်ကြာပြီးချိန်တွင် သင်၏ ပိုင်ဆိုင်မှုများ တန်ဖိုးစုစုပေါင်းသည် ကန်ဒေါ်လာ ၂,၀၂၂,၂၁၈ ထိုက်တန်မည်။ အသားတင်ဝေစု ပိုင်ဆိုင်မှုသည် ကန်ဒေါ်လာ ၂၇၃,၁၉၈ ဖြစ်မည်။ ဈေးကွက်သည် အတက်အကျ မရှိဟု ယူဆကာ တွက်ချက်ထားခြင်း ဖြစ်သည်။

ကန်ဒေါ်လာ ၂၀,၀၀၀ ရင်းနှီးမြှုပ်နှံမှု၏ စာရင်းချုပ်
(ကန်ဒေါ်လာ)

| | အသားတင်ဝေစု ပိုင်ဆိုင်မှု | ၂၀,၀၀၀ ရင်းနှီးမြှုပ်နှံမှုအပေါ် ပျမ်းမျှနှစ်စဉ် ပြန်ရငွေ |
|---|---|---|
| ရွေးချယ်မှု(၁) | ၂၈,၁၄၂ | ၅.၈% |
| ရွေးချယ်မှု(၂) | ၁၀၁, ၄၂၀ | ၅၈.၂% |
| ရွေးချယ်မှု(၃) | ၂၇၃ ,၁၉၈ | ၁၈၀.၉% |

ရွေးချယ်မှု(၁)နှင့် (၂) တို့သည် မိမိ ပိုက်ဆံကို ရပ်နားသည့်သူများ နမူနာ ဖြစ်သည်။ ရွေးချယ်မှု(၃)သည် မိမိ ပိုက်ဆံ၏ ငွေအလျှင်ကို တိုးသူများ နမူနာ ဖြစ်သည်။

အခန်း (၈)

# နယူတန်ကို မေးပါ

လုပ်ကိုင်မှုတိုင်းအတွက် တူညီပြီး လားရာဆန့်ကျင်ဖက်ဖြစ်သော တုံ့ပြန်မှုတစ်ခု ရှိသည်။

*ဆာ အိုင်ဇက် နယူတန်*

**သစ်ပင်များပေါ်မှ ပန်းသီး အမြဲကြွေကျသည်**

ကျွန်ုပ် ကျောင်းတက်နေစဉ်ကာလ၌ ဆရာမက ပြောသည်။ "ဆာအိုင်ဇက် နယူတန်က ပန်းသီးပင် တစ်ပင်အောက်မှာ ထိုင်နေတုန်း မြေဆွဲအားနိယာမကို ရှာဖွေတွေ့ရှိခဲ့တယ်။ ပန်းသီးက သူ့ခေါင်းပေါ် ကြွေကျတော့ သူက ပန်းသီးတွေဟာ မြေကြီးဆီကိုပဲ အမြဲကြွေကျတာကို သတိပြုမိ တယ်။ ပန်းသီးတွေက ဘယ်တော့မှ ကောင်းကင်ဆီကို ပျံမတက်ကြဘူး"

စတော့ဈေးကွက်သည် မိုးကောင်းကင်ဆီသို့ ထိုးတက်သည်။ လူ အများအပြားတို့သည် သဘာဝမိခင်သည် မြေဆွဲအားနိယာမကို ရုပ်သိမ်းလိုက်ပြီဟု တကယ်ပင် ယုံကြည်ကြသည့်နှယ် ဖြစ်နေသည်။ "ဒါက စီးပွားရေးအသစ်" "ပန်းသီးတွေ သစ်ပင်တွေပေါ်မှ အောက်ကို မကျတော့ဘူး" စသဖြင့် ပြောဆိုကြသည်ကို ကျွန်ုပ်

ကြားရလေ့ရှိသည်။

သူဌေးဖေဖေက မကြာခဏ ပြောလေ့ရှိသည်မှာ "သမိုင်းက တစ်ကျော့ ပြန်လည်သလားဆိုတာတော့ ငါ မသိဘူး။ ဒါပေမဲ့ ငါသိထားကတော့ မျိုးဆက် တစ်ခုပြီး နောက်တစ်ခု အမြဲတမ်း မှားဖူးပြီးသားအတိုင်း ပြန်ပြန်မှားကြတယ်။ သူတို့ အမြဲပြု နေကျအမှား နှစ်ခုရှိတယ်။

(၁) သူတို့ရဲ့ ပိုက်ဆံကို စားပွဲပေါ်မှာ အရမ်းအကြာကြီးထားတယ်။

(၂) ဈေးကွက်က အရှိန်တက်နေရင် လူအများအပြားတို့ လောဘတက်တယ်။ သဘာဝနိယာမကို မေ့ကုန်ကြတယ်။ အဲဒီ အမှားနှစ်ခုစလုံးက ဈေးကြီးတယ်"

**မည်သူ ပိုက်ဆံ ဆုံးရှုံးသနည်း**

သန်းချီသော ဦးရေရှိသည့် လူအများတို့သည် ထရီလီယံချီသော အမေရိကန်ဒေါ်လာများ ဆုံးရှုံးကြရသည်မှာ သဘာဝနိယာမကို ချိုးဖောက်ကြသောကြောင့် ဖြစ်သည်။ သူတို့ ချိုးဖောက်သည့် ပဓာန နိယာမ သို့မဟုတ် အခြေခံသဘောတရားမှာ နယူတန်၏ နိယာမ ဖြစ်သည်။ လုပ်ကိုင်မှုတိုင်းအတွက် တူညီပြီး လားရာဆန့်ကျင်ဖက်ဖြစ်သော တုံ့ပြန်မှုတစ်ခု ရှိသည်ဟု ဆိုထားသည့် နိယာမ ဖြစ်သည်။ ခပ်လွယ်လွယ် ပြောရလျှင် မြေဆွဲအားနိယာမက ဆိုထားသည်မှာ အပေါ်သို့ တက်သောအရာသည် နောက်ဆုံး၌ ပြန်ကျဆင်းရစမြဲ ဖြစ်သည်။

စားပွဲပေါ်တွင် သူတို့၏ ပိုက်ဆံများကို ကာလရှည်ကြာထားရှိပြီး ဒဏ်ကြေး မပေးဆောင်လျှင် ထွက်ပေါက် ပေးမထားသော ရင်းနှီးမြှုပ်နှံမှု မျိုးတို့တွင် ရင်းနှီးမြှုပ်နှံကြသည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများ ထဲတွင်သဘာဝနိယာမကို ဆန့်ကျင်ကြသည်များ အများအပြားရှိသည်။ ထိုအခါ၌လည်း သဘာဝက အနိုင်ရသည်ချည်း ဖြစ်သည်။ သို့ဖြစ်ရာ ငွေရေးကြေးရေး အရောင်းသမားတို့၏ ငွေရေးကြေးရေး အကြံပေးချက်ကို ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတို့ မလိုက်နာကြရချေ။ ထိုအစား သဘာဝနိယာမကိုသာ လိုက်နာကြသည်။ သို့ဖြစ်ရာ အလားအလာ ဦးတည်ရာကို ဂရုစိုက်ကြရသည်။



**စောင့်ကြည့်ရမည့် အလားအလာ ဦးတည်ရာ**

ငွေအလျှင် အရေးပါရသည့် အကြောင်းတစ်ချက်မှာ အလားအလာ ဦးတည်ရာတို့သည် အစဉ်အမြဲ ပြောင်းလဲနေသောကြောင့် ဖြစ်သည်။ ပိုင်ဆိုင်မှုပြ စာရွက် စာတမ်းကဲ့သို့သော တန်ဖိုးရှိ ပိုင်ဆိုင်မှု အတန်းအစားတစ်ခုတည်းထဲတွင် ခက်ဖြာမည့်အစား သူဌေးဖေဖေက သူ့သားနှင့်ကျွန်ုပ် တို့ကို တိုက်တွန်းသည်မှာ တန်ဖိုးရှိပိုင်ဆိုင်မှုများ၏ ကွဲပြားသော အတန်းအစားများတွင် အဝင်နှင့်အထွက် ရွေ့တတ်အောင် သင်ယူရန် ဖြစ်သည်။ အကယ်၍ ကျွန်ုပ်၏ စီးပွားရှာလုပ်ငန်းတွင် အမြတ်ပြန်ရခြင်း ပိုမြင့်မားမည်ဆိုပါက ထိုနေရာသို့ ကျွန်ုပ်၏ ပိုက်ဆံကိုရွှေ့ပြီး ထည့်ဝင်ရမည်။ အကယ်၍ အိမ်ခြံမြေ အခွင့်အလမ်းပေါ်ပေါက်လျှင် ကျွန်ုပ်သည် ယင်းဈေးကွက်ထဲသို့ ဝင်ရမည်။ အကယ်၍ ကျွန်ုပ်မှာ ငွေသား အပိုအလျှံ ရှိနေပြီး ထည့်ဝင်စရာနေရာ မရှိပါက ကြိုရောင်းကြိုဝယ်ရန်ပုံငွေ၊ အခွန် ကင်းလွတ်ပြီး အနည်းဆုံး အတိုးနှုန်း ၇ ရာခိုင်နှုန်းပေးသည့် အစိုးရငွေ ဈေးစာချုပ် အစရှိသည့် စာရွက်စာတမ်း တန်ဖိုးရှိပိုင်ဆိုင်မှုတွင် ထည့်ဝင်ရမည်။ အတိုးနှုန်းနည်းသည့် ဘဏ်တွင် ထည့်ထားပြီး ရပ်နားထားခြင်းသည် ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရမည်။ အတိုးနှုန်းနည်းသည် ဘဏ်တွင် ငုတ်တုပ်ထိုင်နေသော ပိုက်ဆံသည် မဆုံးရှုံးကြောင်း အာမခံချက်ရှိသည်။ သို့သော် တန်ဖိုးကို ငွေဖောင်းပွမှုနှင့် အခွန်တို့မှ တစ်ဆင့် လုယူခံရသည်။ ထို့အပြင် အလုပ်မကြိုးစားသည့် ပိုက်ဆံဖြစ်နေသည်။ သို့ဖြစ်ရာ ပိုက်ဆံက အလုပ်မကြိုးစားသည့်အတွက် ကျွန်ုပ်က အလုပ်ကြိုးစားရတော့မည် ဖြစ်သည်။

ပြီးခဲ့သည့် အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်သည် ရင်းနှီး မြှုပ်နှံသူ ဖြစ်လိုသည်။ သို့ဖြစ်ရာ တန်ဖိုးရှိ ပိုင်ဆိုင်မှု ရရှိရန် ကျွန်ုပ်၏ ပိုက်ဆံကို ရွှေ့ပြီး ထည့်ဝင်သည်။ ထို့နောက် တန်ဖိုးရှိပိုင်ဆိုင်မှုကို လက်ထဲကိုင်ထားရင်း ကျွန်ုပ်၏ ပိုက်ဆံကို ပြန်ထုတ်သည်။ ကုန်သည်တို့ မည်သည့် ပိုက်ဆံအတွက် တန်ဖိုးရှိပိုင်ဆိုင်မှုတို့ကို ရောင်းသည်၊ ဝယ် သည်။ ကျွန်ုပ်သည် များသောအားဖြင့် ပိုက်ဆံကို ရွှေ့သည်။

ငွေရေးကြေးရေးအကြံပေးသူ အများစုတို့က ဤသို့ပြုခြင်းသည် အန္တရာယ်ကြီးသည့် မဟာဗျူဟာဟု ဆိုကြကြောင်း ကျွန်ုပ် သိသည်။ အကယ်စင်စစ် အကယ်၍ သင်သည် ကွဲပြားသည့် တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားများကို အတွေ့အကြုံ ရှိထားပြီး ပညာလည်း ရှိမည် ဆိုပါက ထိုသို့ ဆုံးရှုံးမည့်အရေး ရှိမည်မဟုတ်ချေ။ ကွဲပြားသည့်တန်ဖိုးရှိ ပိုင်ဆိုင်မှု အတန်းအစားများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် သာမန် အငြိမ်းစား အစီအစဉ်

ထက် အန္တရာယ် နည်းပါးရသည့် အကြောင်းတစ်ချက်မှာ ကျွန်ုပ်၏ ပိုက်ဆံကို လျင်မြန်စွာ ပြန်ဆွဲထုတ်၍ ရသောကြောင့်ဖြစ်သည်။ စားပွဲပေါ်တွင် ဆက်တင်ထားဖို့ မလိုပေ။ သို့ဖြစ်ရာ ဈေးကွက် ပြိုလဲလျှင် လည်းကောင်း၊ ကျွန်ုပ်က ဆိုးဝါးသည့် အမှားကို ပြုမိလျှင်လည်းကောင်း တန်ဖိုးရှိပိုင်ဆိုင်မှုတွင် ထိခိုက်နစ်နာမည် ဖြစ်သော်လည်း ကျွန်ုပ်၏ ပိုက်ဆံသည် ဆက်ရွေ့နေမည်။ ရည်ရွယ်ချက်မှာ တန်ဖိုးရှိပိုင်ဆိုင်မှုကို လက်ဝယ်ရယူရန်နှင့် ပိုက်ဆံ ဆက်လက်ရွေ့နေရန် ဖြစ်သည်။

## သင့်ပိုက်ဆံ မည်မျှမြန်မြန် ရွေ့နေသနည်း

၁၉၉၆ ခုနှစ်တွင် ရွှေဈေးသည် တစ်အောင်စလျှင် ကန်ဒေါ်လာ ၂၈၀ ဝန်းကျင် ရှိနေပြီး ကန်ဒေါ်လာ ခိုင်မာနေသည်။ ကျွန်ုပ်သည် ရွှေဒင်္ဂါးများ ကို ကန်ဒေါ်လာဖြင့် စတင်ဝယ်ယူခဲ့သည်။ ရွှေဈေးသည် ၂၀၀၃ ခုနှစ်တွင် ကန်ဒေါ်လာ ၃၈၀ အထိ ဖြစ်လာသည်။ ထိုအခါ ရွှေဒင်္ဂါးအချို့အဝက်ကို ကျွန်ုပ် ထုတ်ရောင်းလိုက်ပြီး ကျွန်ုပ် စိုက်ထည့်ထားရသည့် ငွေသားအားလုံးကို ပြန်ဖော်ပြီး ယူလိုက်သည်။ လက်ထဲတွင် တစ်အောင်စ ရွှေဒင်္ဂါး အတော်များများ ကျန်ရှိသည်။ အကယ်၍ ရွှေဈေး မတက်ခဲ့လျှင် ကျွန်ုပ်၏ ငွေသားသည် လက်ဆုပ်လက်ကိုင် ပြု၍ရသော တန်ဖိုးရှိပိုင်ဆိုင်မှုတွင် စိတ်ချလက်ချ ရှိနေဆဲဖြစ်မည်။ အကြောင်းမှာ ကျွန်ုပ်သည် ရွှေဒင်္ဂါးများကို ရွှေဈေး နိမ့်ကျနေပြီး အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်နေချိန်တွင် ဝယ်ယူခဲ့သောကြောင့် ဖြစ်သည်။ အလားအလာ ဦးတည်ချက် ပြောင်းချိန်တွင် ရွှေဈေးမြင့်တက်ပြီး ကန်ဒေါ်လာတန်ဖိုး ကျဆင်းသည်။ ရွှေဒင်္ဂါးနှင့် ကန်ဒေါ်လာတို့ နေရာချင်းလဲလိုက်ကြခြင်း ဖြစ်သည်။

ငွေအလျင်အကြောင်းကို ပိုမိုသင်ယူလိုပါက CASHFLOW 101, CASHFLOW 202, CASHFLOW for kids ဘုတ်ပြားဂိမ်းကိုဖြစ်စေ၊ ကျွန်ုပ်တို့၏ richdad.com မှာ အွန်လိုင်းဂိမ်းများကိုဖြစ်စေ ကစားပြီး သင်ယူနိုင်ပါသည်။ မကြာခင်မှာ သင့်စိတ်ထဲ သင့်ပိုက်ဆံ၏ ငွေအလျင်ကို မည်သို့ အမြန်နှုန်း တင်ပေးရမည်ဆိုသည်ကို မြင်လာပါလိမ့်မည်။ CASHFLOW ဂိမ်းများသည်သာလျှင် ငွေအလျင်အကြောင်း သင်ခန်းစာများ ရရှိအောင် ဒီဇိုင်းထုတ်ပေးထားပါသည်။ သင့်ပိုက်ဆံမှာ ငွေအလျင် ရှိနေပြီဆိုပါက သင့်ပိုက်ဆံကို မထိခိုက် မနစ်နာစေဘဲ ပြန်ထုတ်ယူပြီး နောက်ထပ်ဈေးကွက်တစ်ခုထဲသို့ ဈေးကွက်သစ် အမြန်နှုန်းမတက်ခင် ပြောင်းရွှေ့ပေးနိုင်မည်ဖြစ်သည်။



## ခက်ဖြာခြင်းနှင့် အလားအလာဦးတည်ရာများ နှိုင်းယှဉ်ချက်

ကျွန်ုပ်သည် ရုပ်မြင်သံကြား ကြည့်ရှုခဲ့ရာ၌ "ရင်းနှီးမြှုပ်နှံသူတို့ အတွက် နံပါတ်(၁) မဟာဗျူဟာမှာ ခက်ဖြာခြင်း ဖြစ်ပါတယ်" ဟု ပြောပြသည်။ ဤသည်မှာ အပျော်တမ်းဆန်သည့် ရင်းနှီးမြှုပ်နှံသူများအတွက် မှန်ပါလိမ့်မည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများအတွက် မမှန်ချေ။ ကျွန်ုပ်အဖို့ ခက်ဖြာပြီး ရင်းနှီးမြှုပ်နှံခြင်းသည် သာမန်ရင်းနှီးမြှုပ်နှံသူတို့ကို စတော့များနှင့် ပေါင်းစုရန်ပုံငွေတို့၏ ရှယ်ယာများ ပိုမိုဝယ်ယူအောင် အရောင်းဆွယ်လုံး၏ အပိုင်းတစ်ခုမျှသာ ဖြစ်သည်။ တစ်ပတ်ရစ်ကားများ ရောင်းသူထံ သွားရောက်ပြီး "ကျွန်တော် ဝယ်တဲ့ကားက အသုံးမကျတဲ့ကား ဖြစ်နေရင် ဘယ်လိုနေမလဲ" ဟု မေးမြန်းသည်နှင့် အတူတူပင် ဖြစ်သည်။ ထိုအခါ အရောင်းသမားက "ခင်ဗျားကို ခက်ဖြာပြီးဝယ်ဖို့ အကြံပေးလိုပါတယ်။ ကားခြောက်စီး ဝယ်ထားလိုက်ပါ။ တကယ်လို့ တစ်စီးစီးက အသုံးမကျတဲ့ကား ဖြစ်နေရင် အချိန်မီသွားဖို့ တခြားကားတွေ ရှိနေမယ်လေ" ဟု အကြံပေးမည်။

အလားအလာ ဦးတည်ချက်သည် သင့်မိတ်ဆွေ ဖြစ်နိုင်သလို ရန်သူလည်း ဖြစ်နိုင်သည်။

ရင်းနှီးမြှုပ်နှံသူများအတွက် ခက်ဖြာခြင်းသည် နံပါတ်(၁) မဟာဗျူဟာ မဟုတ်ပါက မည်သည်က နံပါတ်(၁) ဖြစ်မည်နည်း။ အဖြေမှာ အလားအလာ ဦးတည်ချက်များ ဖြစ်သည်။ အကြောင်းမှာ အလားအလာ ဦးတည်ချက်များသည် ဈေးကွက်ကို ဖြတ်သန်းသော သဘာဝနိယာမများ၏ ရွေ့လျားမှု ဖြစ်သည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများက "အလားအလာ ဦးတည်ချက်များသည် သင့်မိတ်ဆွေ ဖြစ်သည်" ဟု ဆိုကြသည်။ သူဌေးဖေဖေက "အလားအလာဦးတည်ချက်သည် သင့်မိတ်ဆွေလည်း ဖြစ်နိုင်သလို သင့်ရန်သူလည်း ဖြစ်နိုင်သည်"ဟု ဆိုသည်။ ၂၉၈၀ နှင့် ၂၀၀၀ ပြည့် နှစ်အကြား စတော့ဈေးကွက်၏ အလားအလာ ဦးတည်ရာသည် ဦးမော့နေသည်။ အဝယ်လိုက်သည်။ တက်ရိပ်ရှိသည်။ ငွေရှာဖို့ လွယ်သည်။ ဈေးကွက်ထဲသို့ သင့်ပိုက်ဆံ ထည့်လိုက်ရုံသာ ဖြစ်သည်။ မျက်လှည့်ပြလိုက်သည့်နှယ် တန်ဖိုးရှိပိုင်ဆိုင်မှုများ၏ တန်ဖိုး သည် တန်ဖိုးတက်သွားသည်။ သို့သော် ၂၀၀၀ ပြည့်နှစ် မတ်လတွင်အလားအလာဦးတည်ချက်၏ လားရာသည် ရုတ်တရက် ပြောင်းလဲသွားသည်။ အလားအလာဦးတည်ချက်နှင့်အညီ ပြောင်းလဲခြင်း မပြုကြသည့် ရင်းနှီးမြှုပ်နှံသူများ ထရီလီယံချီသော အမေရိကန်ဒေါ်လာများ ဆုံးရှုံးသွားကြသည်မှာ စာရွက်စာတမ်း တန်ဖိုးရှိ

ပိုင်ဆိုင်မှုများထဲတွင် ခက်ဖြာထားလျှင်တောင် ဆုံးရှုံးကုန်ကြသည်။

**သူတို့၏ ပိုက်ဆံများ မည်သူ ယူသွားသနည်း**

အလွန်များပြားသောသူများသည် အလွန်များပြားသော ငွေများ ဆုံးရှုံးသွားကြရခြင်းအတွက် အကြောင်းအချက်များစွာ ရှိနေသည်။ အချို့အကြောင်းများကို ဖော်ပြအပ်ပါသည်။

- အလားအလာဦးတည်ချက်ကို သူတို့ ဂရုမပြုခြင်း
- စားပွဲပေါ်တွင် သူတို့၏ ပိုက်ဆံများကို ဆက်လက်တင်ထားခြင်း
- လက်ထိပ်ခတ်ပြီး စားပွဲနှင့် တွဲထားမည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်း
- သူတို့ကို ပြန်ထုတ်ယူဖို့ မပြောသည့် ညံ့ဖျင်းသော အကြံပေးများသူတို့မှာ ရှိနေခြင်း
- သူတို့သည် အခြားမည်သည့်နေရာသို့ ပြောင်းရွှေ့ရမည်ကို မသိကြခြင်း
- တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားတစ်မျိုးတည်းထဲတွင် သူတို့၏ပိုက်ဆံကို ဆက်လက်ထားရှိကာ အလားအလာဦးတည်ချက် ပြန်ကောင်းလာမည့်အချိန်ကို စောင့်ဆိုင်းနေကြခြင်း

**စောင့်ကြည့်ရမည့် အလားအလာစီးကြောင်းများ**

ဤအခန်းကို "နယူတန်ကို မေးပါ" ဟု ခေါင်းစဉ်တပ်ထားသည်မှာ အလားအလာဦးတည်ချက်များသည် သဘာဝ၏နိယာမများကို လိုက်နာကြသောကြောင့် ဖြစ်သည်။ သူဌေးဖေဖေက သူ့သားနှင့် ကျွန်ုပ်တို့ကို အလားအလာဦးတည်များအား အနီးကပ်ဂရုစိုက်ရန် လေ့ကျင့်ပေးခဲ့ပေသည်။ သူက ပြောသည်။ "ရေငြိမ်နေတဲ့ ကန်ငယ်တစ်ခုမှာ လှိုင်းဂယက်တစ်ခု ရွေ့လျားဖြတ်သန်းသွားတာကို မြင်ရသလို သေသေချာချာမြင်နေရမယ်။ ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးဟာ ဈေးကွက်ထဲ လှိုင်းဂယက်တစ်ခုကို မြင်နိုင်သူ ဖြစ်တယ်။ အဲဒီအပေါ်မှာ လိုအပ်သလို လုပ်ကိုင်ဆောင်ရွက်နိုင်သူလည်း ဖြစ်တယ်။ တကယ်လို့ လုပ်ဆောင်မှုကို အချိန်လုံလောက်အောင် ဆောလျင်စွာဖြင့် ရယူနိုင်မယ်ဆိုရင် လှိုင်းဂယက်က သင့်ကို ကူညီမယ်။ တကယ်လို့ မင်းတို့က လှိုင်းဂယက်ကိုမသိ ကြဘူးဆိုရင်တော့ လှိုင်းဂယက်က မင်းတို့ကို နစ်နာအောင် ပြုလိမ့်မယ်"



ယခုအခါ ယခင်အခါများတုန်းကထက် ပိုအရေးကြီးနေသည်မှာ အလားအလာစီးကြောင်းများကို သတိပြုမိဖို့နှင့် သဘာဝနိယာမကိုမချိုး ဖောက်ဖို့ ဖြစ်သည်။ ယခုအခါ ကျွန်ုပ်စောင့်ကြည့်သည့် အလားအလာ ဦးတည်ချက် အချို့တို့ကို ဖော်ပြအပ်ပါသည်။ ၎င်းတို့ကို ကျွန်ုပ်၏ ငွေရေးကြေးရေး အဆုံးအဖြတ်များကို ပြုရာ၌ ထည့်သွင်းအသုံးပြုသည်။ အကယ်၍ ဤအလားအလာစီးကြောင်းများကို စောင့်ကြည့်ပေးနေသည် ဆိုပါက သင်သည် ငွေဆုံးရှုံးခြင်းထက် ငွေရဖို့ အခွင့်ပိုသာပါလိမ့်မည်။

**စောင့်ကြည့်သည့် ဦးတည်ချက် လားရာ (၁)။ လူဦးရေအခြေအနေ**

၁၉ ရာစု ပြင်သစ် အတွေးအခေါ်သမား ဩဂတ် ကွမ်တီက လူဦးရေ အခြေအနေဆိုတာ သိပ်သည်းမှုပဲဟု ဆိုမိန့်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် အိမ်ခြံမြေ ဈေးကွက်၌ စီးပွားရေးကောင်းသည့်အချိန်နှင့် ဆိုးသည့် အချိန်များ ရှိနေသော်လည်း ကျွန်ုပ်သည် အိမ်ခြံမြေဈေးကွက်ထဲတွင် ရင်းနှီးမြှုပ်နှံရန် အားသန်ရသည့် အကြောင်းတစ်ချက်မှာ အမေရိကန်တွင် လူဦးရေ တိုးနေသောကြောင့် ဖြစ်သည်။ နောက်ဆုံးကောက်ခဲ့သည့် လူဦးရေစာရင်း ဖြစ်သည့် ၂၀၀၀ ပြည့်နှစ် စာရင်းအရ အမေရိကန်နိုင်ငံသား ၂၁၈ သန်း ရှိသည်။ လူဦးရေအခြေအနေ ကျွမ်းကျင်သူများက ခန့်မှန်း ထားသည်မှာ ၂၀၂၅ ခုနှစ်တွင် လူဦးရေသည် သန်း ၃၅၀ ရှိမည်ဖြစ်ပြီး သန်း ၄၀၀ အထိ မြင့်မားနိုင်သည်။

အမေရိကန်လူဦးရေ တိုးပွားခြင်း မည်မျှမြန်ဆန်သည်ကို သိသာနိုင်ရန်အတွက် အောက်ဖော်ပြပါ ကိန်းဂဏန်းများက အလားအလာ ဦးတည်ရာကို ပြသနေပေသည်။

| | |
|---|---|
| ၁၈၆၇ ခုနှစ် | ၃၇ သန်း |
| ၁၉၀၀ ခုနှစ် | ၇၆ သန်း |
| ၂၀၀၀ ခုနှစ် | ၂၈၁ သန်း |
| ၂၀၂၅ ခုနှစ် | ၃၅၀–၄၀၀ သန်း |

ထိုခန့်မှန်းချက်သည် နီးစပ်မှု ရှိသည်ဆိုပါက ၂၀၂၅ ခုနှစ်တွင် အိမ်ခြံမြေဈေးနှုန်း မည်သို့ ရှိမည်နည်း။ ယခုအခါ ဈေးကြီးသည်ဟု ထင်မြင်ပါက ကျွန်ုပ် လောင်းရဲသည်မှာ ၂၀၂၅ ခုနှစ်တွင် အိမ်ခြံမြေဈေးနှုန်းသည် ပိုမြင့်မားနေမည်။ ယခုထက် ပိုဈေးကြီးနေမည်။

အခြားတစ်ဖက်၌ ဂျပန်သည် လူဦးရေ ကျဆင်းနေသည်။ နိုင်ငံတကာငွေကြေး

ရန်ပုံငွေ၏ သုံးလတစ်ကြိမ်ထုတ် မဂ္ဂဇင်းဖြစ်သည့် ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးရေးမဂ္ဂဇင်း ၂၀၀၁ ခုနှစ် မတ်လထုတ်တွင် "ဂျပန်၏ လူဦးရေ အသက်ကြီးခြင်းနှင့် ဘဏ္ဍာရေး စိန်ခေါ်မှု"ဟု ခေါင်းစဉ်တပ်ပြီး ဖော်ပြထားသည့် ဆောင်းပါးအရ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ အလုပ်လုပ်သည့် အရွယ်ရှိသူ ၂ ဦးရှိလျှင် သက်ကြီးပိုင်း ၁ ဦး အချိုးကျ ရှိနေ မည်။ ထိုဆောင်းပါးတွင် ဖော်ပြထားသည်မှာ–

လူဦးရေအခြေအနေ ပြောင်းလဲခြင်းသည် ဂျပန်နိုင်ငံတွင် ကြိုမြင်သာသည့် အနာဂတ်အတွက် အသေအချာ သိနိုင်သည်။ ကလေးမွေးခြင်း လျော့ကျနေခြင်း ဆက်ရှိနေမည်ဖြစ်ပေရာ ဂျပန်လူဦးရေတွင် သက်ကြီးပိုင်း အချိုးအစား ပိုများနေခြင်းနှင့်အတူ လူဦးရေ တစ်စတစ်စလျော့ပါးနေခြင်းတို့ ပိုမိုမြန်ဆန်စွာ ဖြစ်ပေါ်မည်။ ထိုအတိုင်း ဆက်ဖြစ်နေဦးမည်ဟု မျှော်မှန်းသည်။ ဤသို့ လူဦးရေအခြေအနေ အကြီးအမား ပြောင်းလဲခြင်းသည် လူမှုရေး နှင့် စီးပွားရေးတို့တွင် နက်နဲသိမ်မွေ့သော ပါဝင်သက်ရောက်မှုများ ရှိနေမည်။ အချိန်အပိုင်းအခြား တစ်ခုအထိ ထုတ်လုပ်မှု ကြီးထွားခြင်းသည် နှေးကွေးနေမည်။ အစိုးရမှာ အကြွေးမြင့်မားခြင်း၊ ကောင်းကျိုးမပြုသော လူဦးရေ လှုပ်ရှားပြောင်းလဲမှု တိုးများနေခြင်းတို့ကြောင့် အစိုးရသည် မလုပ်သာမကိုင်သာ ဖြစ်နေမည်။ သို့ဖြစ်ရာ နိုင်မာသည့် မူဝါဒချိန်ညှိခြင်းကို နောက်ဆုံး၌ လိုအပ်လာလိမ့်မည်။ အစိုးရက ဘဏ္ဍာရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်သည့်ဟန်ချက် ပြန်ရအောင် လုပ်ဆောင်ရလိမ့်မည်။ ပင်စင်နှင့် ကျန်းမာရေးစနစ်များကို ယခုအခါ ပြုပြင် ပြောင်းလဲပေးနေခြင်းသည် ဦးတည်ရာ မှန်ကန်နေသည်။ သို့သော် ယခုထက် ပိုတိုးပြီး ဆက်လက်ကိုင်တွယ်ပေးဖို့ လိုအပ်နေဦးမည်။ သို့မှသာ လစာအပေါ် အခွန်ကောက်ခံမှု ကြီးကြီးမားမား ထပ်တိုးရခြင်းကို ရှောင်လွှဲပေးနိုင်မည်ဖြစ်ပြီး ကြီးထွားမှုအတွက် ဆွဲဆောင်မှုများကို ပျက်ယွင်းစေသဖြင့် နှောင့်နှေးရခြင်း ကင်းမည် ဖြစ်သည်။

အကယ်၍ အမေရိကန်နှင့် ဂျပန်တို့အတွက် ယခုလို ခန့်မှန်းထားသည်များ မှန်ကန်ခဲ့မည်ဆိုလျှင် အိမ်ခြံမြေဈေးကွက်၌ မည်သည့်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုရန် ပိုကောင်းမည်နည်း။

## စောင့်ကြည့်သည့် ဦးတည်ချက် လားရာ (၂)။ အကြွေး

အစိုးရနှင့် တစ်ကိုယ်ရေကြွေးများ တစ်ဟုန်ထိုး များကုန်ရသည့် အကြောင်း တစ်ချက်မှာ အမေရိကန်ဒေါ်လာသည် တကယ့်ပိုက်ဆံဖြစ်နေသောကြောင့် ဖြစ်သည်။



ကျွန်ုပ် ကလေးအရွယ်က ဒေါ်လာ ငွေစက္ကူများ ကို ကြည့်ရှုသည့်အခါ "ငွေသတ္တုသား လက်မှတ်" (Silver Certificate) ဟု ငွေစက္ကူပေါ်မှာ ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုစဉ်က ဒေါ်လာ ကို ငွေသတ္တု၊ ရွှေသတ္တု၊ အခိုင်အမာရှိသော တန်ဖိုးရှိပိုင်ဆိုင်မှုတို့ဖြင့် ကျောထောက်နောက်ခံ ပြုပေးထားသည်။ ၁၉၇၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် သမ္မတနစ်ဆင်က အမေရိကန်ဒေါ်လာကို ရွှေဖြင့် ကျောထောက် နောက်ခံ ဆက်လက်၍ ပေးတော့မည် မဟုတ်ကြောင်း ကြေညာခဲ့သည်။ ယခုအခါ အမေရိကန်ဒေါ်လာ၌ ပြည်ထောင်စု အရန်ငွေစက္ကူ (Federal Reserve Note) ဟူသည့်စာသား ပါရှိသည်။ သို့ဖြစ်ရာ ဒေါ်လာကို တန်ဖိုးရှိပိုင်ဆိုင်မှုများဖြင့် ကျောထောက်နောက်ခံ ပြုပေးထားခြင်း မရှိ တော့ဟု ဆိုလိုပေသည်။ ယခုအခါ ဒေါ်လာသည် ကြွေးတင်နေသဖြင့် ပေးရန်တာဝန်ရှိ၊ ကြွေးမြီဝန်ခံချက်၊ ငွေချေးထားကြောင်း ဝန်ခံလက်မှတ် ဖြစ်နေပြီး အမေရိကန်အစိုးရသည် ကြွေးမပြေသဖြင့် ပေးဆပ်ရမည့် တာဝန် ရှိနေသည်။

## ချမ်းသာသူများ အဘယ်ကြောင့် ပိုချမ်းသာကြသနည်း

အမေရိကန်ဒေါ်လာကို ငွေနှင့် ရွှေတို့ ကျောထောက်နောက်ခံပြုပေးထားခြင်းမှ အကြွေးတင်ခြင်းသို့ ပြောင်းလဲသွားခြင်းသည် ချမ်းသာသူများနှင့် အခြားသူများတို့အကြား ကွာဟမှု ပိုကြီးမားပြီး ပိုနက်ရှိုင်းသွားစေရန် အကြောင်းပြုသည်။ ဒေါ်လာသည် အကြွေးတင်နေသည့် ပိုက်ဆံ ဖြစ်သွားသည့်အခါ အစိုးရနှင့် ကြီးမားသော စီးပွားရှာ လုပ်ငန်းတို့သည် လူတိုင်းကို အကြွေးထဲဝင်ရောက်ရန် အားပေးအားမြှောက်ပြုကြသည်။ ယခုအခါ အကယ်၍ သာမန်လူတစ်ဦးသည် ကြွေးထဲသို့ မဝင်ရောက်ခဲ့ လျှင် စီးပွားရေး တိုးချဲ့ကြီးထွားနိုင်မည် မဟုတ်တော့ချေ။ အကယ်၍ သာမန်လူတစ်ဦးသည် ကြွေးကို ထပ်မယူနိုင်ခဲ့လျှင် ထိုအခါ စီးပွားရေးသည် စတင်ကျုံ့ဝင်လာမည်။ သို့ဖြစ်ရာ ဤဦးတည်ချက်လားရာကို စောင့်ကြည့်ဖို့ အရေးကြီးရခြင်း ဖြစ်သည်။

၁၉၅၀ မှ ၁၉၆၀ ပြည့်နှစ်လွန်ကာလအတွင်းတွင် အမေရိကသည် လူလတ်တန်းစား လူ့ဘောင်အစစ်တစ်ခု ဖြစ်နေခဲ့သည်။ ပညာရည်မြင့်မားသော သက်မွေးပညာရှင်များ၊ အလယ်အလတ်တန်းမန်နေဂျာများ၊ ကောလိပ်ဆရာဆရာမများတို့က သူတို့သည် သမဂ္ဂအဖွဲ့ဝင် ကော်လာပြာ လုပ်သားတို့ထက် ဝင်ငွေနည်းနေသည်ဟု ပြောဆိုချက်များ ရှိနေသော်လည်း မျှတမှု ရှိနေသည်ဟု ဆိုနိုင်သည့် အခြေအနေမျိုး ဖြစ်သည်။

၁၉၇၁ ခုနှစ် နောက်ပိုင်းတွင် အမေရိက၏ လူလတ်တန်းစားလောက ပျောက်ကွယ်သွားသည်။ မိမိ၏ ဝင်ငွေကို ဒေါ်လာ ငွေတန်ဖိုးကျခြင်းထက် ပိုသာနေအောင် အရှိန်တင်နိုင်သူများသည် အခြေအနေကောင်းကြသည်။ ထိုသို့ ပိုသာအောင် မပြုနိုင်ဘဲ နေးကျန်ရစ်သူများသည် လိုအပ်နေသည့် ကွာဟချက်ကို တစ်ကိုယ်ရေ အကြွေးများဖြင့် ဖြည့်တင်းကြရသည်။

ယခုအခါ သန်းချီသောသူများသည် အကြွေး ပိုထူနေကြပြီဖြစ်သည်။ အကြွေးကို ပေါပေါများများ ယူ၍ ရနေခြင်းကြောင့် ဒေဝါလီခံရခြင်းများ ပိုများလာနေသည်။ အိမ်သိမ်းခံရခြင်းများ၊ ငွေရေးကြေးရေး ယိုယွင်းပြီး နေထိုင်နေကြခြင်းများ ပိုများလာနေသည်။ သူတို့သည် တင်ရှိနေသော အကြွေးများကြောင့် ဘဝပျက်ကြရသည်။ တိုင်းပြည်စီးပွားရေးကြီးထွား နေစဉ် ပိုက်ဆံရဖို့ ဆက်လက်ကြိုးစားလုပ်ကိုင်နေကြရသူများက ဆိုးဆိုးဝါးဝါး ပေးဆပ်နေကြရသည်။ သူတို့တွင် ငွေရေးကြေးရေး ဆိုင်ရာပညာသည် အနည်းအကျဉ်းသာ ရှိသည်။

**သက်မွေးအလုပ် နှစ်မျိုး**

(တစ်ခုက သင့်အတွက်၊ တစ်ခုက သင့်ပိုက်ဆံအတွက် )

"ယခုအချိန်တွင် ငွေရေးကြေးရေး ဉာဏ်ပညာနှင့် ငွေရေးကြေးရေး တာဝန်ယူခြင်းတို့ကို ကျောင်းများတွင် သင်ပြပေးရန် အချိန်ကျရောက် နေပြီ" ဟု ကျွန်ုပ်ဆိုရခြင်းအတွက် အကြောင်းပြချက်တစ်ခု ရှိနေသေးသည်။

လူငယ်အများအပြားတို့သည် ကျောင်းပြီးသွားသောအခါ မှားယွင်းသည့် ငွေရေးကြေးရေး လမ်းကြောင်းပေါ်သို့ ဘဝ၏ အစောပိုင်းတွင် ရောက်ရှိသွားကြသည်။ သူတို့ ပိုက်ဆံအကြောင်း၊ ပိုက်ဆံစီမံမှု၊ အခွန်များ၊ အကြွေး၊ ရင်းနှီးမြှုပ်နှံခြင်းတို့ကို နည်းနည်းပါးပါး သိထားကြမည် ဆိုလျှင် ပိုကောင်းမွန်သော ဘဝမျိုးကို သူတို့ ရရှိဖို့ အခွင့်ပိုသာမည်ဖြစ်သည်။

ယခုအခါ ကျွန်ုပ်တို့အားလုံးသည် သက်မွေးအလုပ်နှစ်မျိုး ရှိထားဖို့ လိုအပ်နေသည်။ တစ်ခုမှာ ကျွန်ုပ်တို့အတွက်ဖြစ်ပြီး တစ်ခုမှာ ကျွန်ုပ်တို့၏ ပိုက်ဆံအတွက် ဖြစ်သည်။ ဥပမာအားဖြင့် ကျွန်ုပ်သည် စာရေးသူတစ်ဦးအဖြစ် ပိုက်ဆံရသည်။ ဤသည်မှာ ကျွန်ုပ်၏ သက်မွေးအလုပ် ဖြစ်သည်။ ကျွန်ုပ်၏ ပိုက်ဆံသည် အိမ်ခြံမြေတွင် လုပ်ကိုင်နေသည်။ အကယ်၍ ကလေးငယ်တစ်ဦးက အစိုးရသည် လုပ်သားတို့၏ ကာယအားဖြင့် လုပ်ကိုင်မှု



များအတွက် စည်းကြပ်သောအခွန်သည် ပိုက်ဆံ၏ ငွေရေးကြေးရေးအလုပ်များအတွက် စည်းကြပ်သော အခွန်ထက် ပိုများနေကြောင်း သိထားမည်ဆိုပါက ကလေးငယ်သည် သူ့ပိုက်ဆံကို သူ့အတွက် အလုပ်ပိုလုပ်နိုင်းရန် သူ့မှာ စိတ်ကူး ပိုရှိမည်။ စေ့ဆော်မှုများလည်း ပိုရှိနေမည် ဖြစ်သည်။

ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ ၁၉၇၁ ခုနှစ်တွင် ငွေတန်ဖိုးကို သတ်မှတ်ခြင်း အနည်းအကျဉ်း ပြောင်းလဲသွားခြင်းကြောင့် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ငွေရေးကြေးရေးဂယက် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေခဲ့သည်။ အမေရိကန်ဒေါ်လာကို တန်ဖိုးရှိပိုင်ဆိုင်မှုဖြင့် နောက်ခံပြု မပေးတော့သည့်အခါ ဆိုခဲ့ပြီးသည့်အတိုင်း ချမ်းသာသူများနှင့် အခြားသူများတို့အကြား ကွာဟမှု အရှိန်တက်သွားသည်။ ထိုသို့ ဒေါ်လာအပေါ် တန်ဖိုးထားပုံ ပြောင်းလဲသွားခြင်းသည် ချမ်းသာသူများ အလွန်အမင်း ချမ်းသာသွားစေသည့် အဓိကအကြောင်းရင်း ဖြစ်သည်။ ဆင်းရဲသား လူတန်းစားနှင့် လူလတ်တန်းစားတို့သည် အလုပ်ကို ပို၍ပို၍ ကြိုးစားလုပ်ကိုင်ကြရပြီး ရသည့်ဝင်ငွေမှာ ပိုနည်းနေသည်။ သို့ဖြစ်ရာ အကြွေးထဲသို့ ပိုနက်ရှိုင်းစွာ ကျဆင်းသည်။ ပေးရသည့်အခွန်များသည်လည်း ပိုများနေသည်။

**ပိုက်ဆံအတွက် လုပ်ကိုင်မည့်အစား ပိုက်ဆံကို ရိုက်နှိပ်ခြင်း**

ဒေါ်လာကို ခိုင်မာသည့် တန်ဖိုးရှိ ပိုင်ဆိုင်မှုဖြင့် ကျောထောက်နောက်ခံပြုခြင်းအစား ကြွေးဖြင့် ကျောထောက်နောက်ခံပြုထားခြင်းသည် သင်က နေ့တိုင်း အလုပ်ဆင်းနေရပြီး သင့်အိမ်နီးနားချင်းတစ်ဦးက အိမ်မှာပဲ နေထိုင်ရင်း ပိုက်ဆံများ ရိုက်နှိပ်နေသည့် အကျိုးရလဒ်မျိုးကို ဖြစ်ပေါ်စေသည်။ သူက ပိုက်ဆံအတွက် အလုပ်မလုပ်တော့ချေ။ ငွေလုပ်သည့်စက်ဖြင့် ငွေစက္ကူများကို ထုတ်ယူနေသည်။ ထိုသို့ သူက ငွေစက္ကူများ ရိုက်ထုတ်နေသဖြင့် ငွေတန်ဖိုးကျသည်။ သို့ဖြစ်ရာ သင်ရသည့် ငွေသည် ယခင်ကထက် တန်ဖိုးအားဖြင့် လျော့နည်းနေပေရာ သင်သည် နေထိုင်စရိတ် ကာမိအောင် ယခင်ကထက် အလုပ်ပိုလုပ်ပြီး ဝင်ငွေတိုးအောင် လုပ်နေရသည်။ သန်းချီသောသူတို့ အလုပ်များ ပိုလုပ်ကြရပြီး အခွန်များ ပိုမိုပေး ဆောင်နေစဉ် ဩဇာအာဏာရှိပြီး ပိုက်ဆံဂိမ်းကို ကစားနိုင်ကြသူများသည် စည်းကမ်းနှင့်အညီ ကစားနေကြသူများ ပိုဆိုးဝါးသွားအောင် ပြုပေးနေ ကြသည်။


ငွေဖောင်းပွမှုကို မီရန် လုပ်ခလစာ တိုးမပေးခြင်းကို ထေမိစေရန် များလှစွာသော

သူတို့သည် အကြွေးထဲသို့ ဝင်ရောက်ကြရသည်။

## အကြွေး ဘာကြောင့် တိုးသနည်း

အမေရိကန်အစိုးရက ဒေါ်လာကို တကယ့်တန်ဖိုးရှိပိုင်ဆိုင်မှုဖြင့် ကျောထောက်နောက်ခံ မပြုတော့သည့်အခါ တိုင်းပြည်အကြွေး စတင် ကြီးထွားလာသည်။ အကြွေးတိုးရသည့် အကြောင်းရင်းသည် တိုင်းပြည် စီးပွားရေး ယခုအခါ မည်သို့ ကြီးထွားမည်ကို အဆုံးအဖြတ်ပေးသည်။ အမေရိကန်ဒေါ်လာသည် တန်ဖိုးရှိ ပိုင်ဆိုင်မှု မဖြစ်တော့ဘဲ အကြွေးယူရန် ကိရိယာတစ်ခု ဖြစ်နေသည်။ ထိုအခါ လက်ရှိငွေကြေးစနစ် အလုပ်ဖြစ်နေစေရန် လူအများတို့နှင့် စီးပွားရှာလုပ်ငန်းများသည် အကြွေးကို ပိုယူကြရသည်။ လူအများတို့နှင့် စီးပွားရှာလုပ်ငန်းများ အကြွေးယူခြင်းကို ရပ်လိုက်မည်ဆိုပါက ပြည်ထောင်စု အရန်ငွေ စနစ်တစ်ခုလုံး ကြီးထွားမှု ရပ်သွားပြီး အတွင်းဘက်သို့ ကျုံ၍ စတင် ပြိုဆင်းလိမ့်မည်။

ပုံတွင် အကြွေးနှင့် ဂျီဒီပီ(GDP Gross domestic Products) တိုးခဲ့ကြပုံကို ဖော်ပြထားသည်။ အမေရိကန်နိုင်ငံသားတို့သည် အကြွေး အကြီးအကျယ် တင်နေကြသော်လည်း ငွေချေးသည့် အဖွဲ့အစည်းများက လူအများတို့ ငွေချေး၍ ရစေမည့် နည်းလမ်းအသစ်များကို ရှာဖွေပေးနေဆဲ ဖြစ်သည်။




ကားရောင်းချသူတို့က "ခင်ဗျားမှာ အကြွေးတွေ ဆိုးဆိုးဝါးဝါး ဖြစ် နေတာ၊ ဒေဝါလီ ခံရတာ၊ အိမ်ကို ကြွေးသိမ်းခံရတာ ဖြစ်နေလည်းမပူနဲ့။ လာသာ လာလိုက်ပါ။ ခင်ဗျားရဲ့ အကြွေးပြဿနာတွေကို ကျွန်တော်တို့ ကျော်လွှားပေးမယ်။ ကားအသစ်တစ်စီး



မောင်းပြီး ပြန်ရစေမယ်" ဟု ပြောကြသည်။

အမြဲသတိရဖို့ လိုသည်မှာ ပိုက်ဆံသည် အကြွေးဖြစ်နေပြီ ဖြစ်ပြီး အကြွေးကို ထပ်တိုးဖို့ လိုသည်။ မေးခွန်းမှာ အကြွေးတိုးခြင်းကို လုပ်ကိုင် သည် ဆိုပါက ၎င်းနှင့် ဆန့်ကျင်ဖက်ဖြစ်ပြီး ညီတူညီမျှဖြစ်သော တုံ့ပြန် မှုမှာ အဘယ်နည်း။ လူအများတို့က အကြွေး ထပ်ခါတလဲလဲ ရယူနေခြင်းကို ရပ်လိုက်မည်ဆိုပါက မည်သို့ ဖြစ်ပျက်သွားမည်နည်း။

## ထရီဒေါ်လာ မည်မျှ များသနည်း

အမေးများသည့် မေးခွန်းမှာ "တိုင်းပြည် အကြွေးကို မည်သို့ ပြန်ဆပ်ရမည်နည်း" အမေရိကတွင် တစ်ဦးချင်းအတွက် ပျမ်းမျှဝင်ငွေ သည် ကန်ဒေါ်လာ ၅၀,၀၀၀ အောက်တွင်ရှိပေရာ တစ်ထရီလီယံ ကန် ဒေါ်လာသည် မည်မျှများသနည်းဆိုသည်ကို စဉ်းစားကြည့်ရာ၌ လူအများစုတို့အဖို့ အခက်အခဲ တစ်ခု ဖြစ်နေသည်။ သို့ဖြစ်ရာ တစ်မီလျံ၊ တစ်ဘီလျံနှင့် တစ်ထရီလျံတို့ကို နှိုင်းယှဉ်ဖော်ပြအပ်ပါသည်။

## ရေတွက်ရန် မည်မျှကြမည်နည်း

တစ်ဒေါ်လာကို တစ်စက္ကန့်နှုန်းဖြင့် တွက်ချက်မည်ဆိုပါက ကြာမည့်အချိန်များကို ဖော်ပြအပ်ပါသည်။

၁ မီလျံကို ရေတွက်ရန် ၁၂ ရက်
၁ ဘီလျံကို ရေတွက်ရန် ၃၂ နှစ်
၁ ထရီလျံကို ရေတွက်ရန် ၃၁,၆၈၈ နှစ်

ထရီလျံချီနေသည့် တိုင်းပြည်အကြွေးကို မည်သို့ ပေးဆပ်ကြမည်နည်း။ မည်သူက ပေးဆပ်မည်နည်း။ အမေရိကတွင် ဤအလားအလာ ဦးတည်ချက် ဆက်ရှိနေပါက မည်သို့ ဖြစ်မည်နည်း။

ကျွန်ုပ်၏ အနာဂတ်ကြည့်သော ခရစ္စတယ်လုံးကြီးကို ကြည့်ပြီး အဖြေထုတ်သည့်အခါ အကြွေးအလွန်အကျွံ ဖြစ်နေပါက ငွေစက္ကူများ ပိုမိုရိုက်နှိပ်ရန် ဖြစ်သည်။ ထိုသို့ ရိုက်နှိပ်ရသည့် အကြောင်းတစ်ချက်မှာ အစိုးရ၏ ကြွေးမြီများကို ဈေးပိုသက်သာပြီး တန်ဖိုးထားခြင်း ပိုနည်းသည့် ကန်ဒေါ်လာများဖြင့် ပေးဆပ်ရန် ဖြစ်သည်။ ထိုအတိုင်း

ဖြစ်လာခဲ့ပါက သင်၏ စုဆောင်းငွေများသည် တန်ဖိုး ပို၍ပို၍ နည်းသွားမည်။ လူအများတို့သည် အလုပ်ကို ပိုမိုကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်ပြီး နေထိုင်စရိတ် ကာမိရုံမျှသာ ဝင်ငွေ ရရှိကြမည်။ ထိုသို့ ဖြစ်ရခြင်းသည် ငွေဖောင်းပွခြင်းပင် ဖြစ်တော့သည်။ ငွေဖောင်းပွနေချိန်တွင် မြီစားတို့ သည် အနိုင်ရသူများဖြစ်ပြီး ငွေစုဆောင်းသူများသည် အရှုံးသမားများ ဖြစ်ကြမည်။

အကယ်၍ အလွန်အကျွံ ငွေဖောင်းပွခြင်း ဖြစ်နေပါက သင်သည် အငြိမ်းစားယူနိုင်မည်လော။ သင့်ပိုက်ဆံများကို ရေရှည်အတွက် တစ်နေရာရာတွင် ရပ်နားထားနိုင်မည်လော။ သင့်ပိုက်ဆံများကို စီမံပေးနေသူတို့က ဈေးကွက်နှင့် ငွေဖောင်းပွခြင်းတို့ထက် သာလွန်အောင် စီမံပေးနိုင်မည်လော။

## ငွေကျုံ့ခြင်းသည် ဘုရင်ဖြစ်နေလျှင် မည်သို့ ဖြစ်မည်နည်း

ငွေဖောင်းပွခြင်း မဖြစ်ပွားဘဲ အခြင်းအရာတို့သည် အခြားဖက်သို့ ရောက်သွားနိုင်သည်။ ထိုအခါ ငွေကျုံ့ခြင်း ဖြစ်ပေါ်မည်။ ၂၀၀၂ ခုနှစ် တွင် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီးမြို့မှ အဝတ်တစ်ထည် ကိုယ်တစ်ခု ဖြင့် ပြောင်းပြေးလာသော မိတ်ဆွေတစ်ဦးကို ကျွန်ုပ် ကြုံဖူးသည်။ သူက ပြောပြသည်။ "တစ်ရက်မှာ ကျွန်တော်က သူဌေး၊ နောက်တစ်ရက်မှာတော့ ကျွန်တော်က ငမွဲ။ တစ်ရက်မှာ ကျွန်တော့ အိမ်က ဒေါ်လာ ၄၅၀,၀၀၀ တန်တယ်။ အခုဆိုရင် အဲဒီအိမ်က ဒေါ်လာ ၄၅,၀၀၀ ပဲ တန်တော့တယ်။ ဒါတောင် ဝယ်မယ့်သူ ရှိဦးမှ"

သူက နောက်ဆုံး၌ ပြောပြသည်မှာ "ကျွန်တော် အံ့သြတာက ဘာလဲဆိုတော့ အပြောင်းအလဲက ဘယ်လောက်အထိ မြန်ဆန်နေသလဲဆိုတာပဲ။ ဘာအရိပ်အခြည် သတိပေးချက်မှ မရှိဘူး။ နေ့ချင်းညချင်း ပြောင်းသွား တာ" ဟူ၍ ဖြစ်သည်။

အာဂျင်တီးနားတွင် ဖြစ်ပေါ်သည့် အခြေအနေများသည် အခြားနိုင်ငံများနှင့် မတူသည်မှာ မှန်သော်လည်း အလားတူအဖြစ်များ ဖြစ်ပွားနိုင်ပါသည်။

## အကြွေးသည် ဆင်းရဲခြင်းထက် ပိုဆိုးသည်

စတော့ဈေးကွက် ပြိုလဲပြီးသည့်နောက် ၁၉၂၉ ခုနှစ်တွင် အစိုးရက ငွေသွင်းထည့်ပေးခြင်းကို ခြောက်ခန်းစေလိုက်သည်။ တစ်နည်းဆိုရသော် ငွေမရှိ ဖြစ်နေပြီး မဟာစီးပွားပျက်ကပ် ဆက်လက်ဖြစ်ပွားနေသည်။ ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ



ငွေသွင်းထည့်ပေးခြင်း ခြောက်ခန်းရခြင်း၏ အကြောင်းတစ်ချက်မှာ ထိုစဉ်က ငွေကြေးသည် တကယ့်ငွေ ဖြစ်နေသည်။ အဖိုးတန်သတ္တုများဖြင့် ကျောထောက် နောက်ခံပေးထားသောငွေ ဖြစ်သည်။ သို့ဖြစ်ရာ ရွှေဖြင့် စံထားပေးထားသည်။ တကယ့်ငွေ ဖြစ်နေသဖြင့် စိုးရိမ်ကြီးခြင်း၊ သံသယရှိခြင်း၊ မယုံကြည်ခြင်းများ ဖြစ်ပေါ်တိုင်း တကယ့်ငွေသည် ပုန်းအောင်းသွားသည်။

၂၀၀၀ ပြည့်နှစ်တွင် စတော့ဈေးကွက် ပြိုလဲသည်။ ငွေသွင်းထည့်ခြင်း ခြောက်ခန်းသွားရမည့်အစား ပြည်ထောင်စုအရန်ငွေသည် ကမ္ဘာကို ငွေဖြင့် ပြည့်လျှမ်းသွားစေခဲ့သည်။ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်၌ ဖြစ်ပွားသော စီးပွားပျက်ကပ်မျိုး မဖြစ်ပွားတော့ချေ။ အကြောင်းမှာ ယခုအခါ အကြွေးထဲသို့ ဝင်ရောက်ဖို့ ပိုမိုလွယ်ကူနေသောကြောင့် ဖြစ်သည်။ မဟာစီးပွားပျက်ကပ် ဆိုက်ခဲ့စဉ်က ကြွေးဝယ်ကတ်များ မရှိသေးပေ။ ပြဿနာမှာ ငွေစက္ကူအတုနှင့် အကြွေးများ များပြားလွန်းနေသည့်အခါ လူအများတို့သည် ဆင်းရဲသည့် အခြေအနေထက် ပိုဆိုးဝါးသော ငွေရေးကြေးရေး အခြေအနေသို့ ဆိုက်ရောက်နေကြသည်။ ယခုအခါ အမေရိကန်နိုင်ငံ၌ သန်းချီသော သူတို့သည် အကြွေးထဲမှာ ရှိနေကြသည်။ သို့ဖြစ်ရာ ယခင်နှင့်မတူသော စီးပွားဆုတ်ယုတ်ခြင်းမျိုးကို ကြုံနေရ သည်။ ပစ္စည်းဥစ္စာ အများအပြား ပိုင်ဆိုင်ထားပြီး တစ်ချိန်တည်းမှာအပင် အကြွေးများက တောင်လိုပုံနေသည်။

နယူတန်၏ ဥပဒေသက ဆိုထားသည်။ လုပ်ကိုင်မှုတိုင်းတွင်တူညီပြီး လားရာဆန့်ကျင်ဘက်ဖြစ်သော တန်ပြန်လုပ်ကိုင်မှု တစ်ခုရှိသည်။ သင်သည် ပိုတော်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လိုပါက စားပွဲပေါ်တွင် ပိုက်ဆံနည်းနည်းပါးပါးကိုသာ တင်ထားရမည်။ အကြောင်းမှာ ၎င်း အကြွေးတင်နေခြင်းများ အားလုံး၏ တန်ပြန်လုပ်ကိုင်မှုအတွက် အသင့်ပြင်ဆင်ထားရမည် ဖြစ်သောကြောင့် ဖြစ်သည်။ တန်ပြန်လုပ်ကိုင်မှု ရောက်ရှိလာသောအခါ သင်သည် ဘာလုပ်ရမည်ကို သိသည့်သူ ဖြစ်ပါက သင်ရွှေ့လျားဖို့ သင့်ပိုက်ဆံ အသင့်ဖြစ်နေမည်။ သင့်ပိုက်ဆံ၏ ငွေအလျင်ကို တိုးစေမည့် တကယ့်တန်ဖိုးရှိပိုင်ဆိုင်မှုများကို ကောက်ယူမည်။

## စောင့်ကြည့်သည့် ဦးတည်ချက် လားရာ (၃)။ အတိုးနှုန်းများ

၂၀၀၀ ပြည့်နှစ်တွင် စတော့ဈေးကွက် စတင်ကျဆင်းသည်။ ပြည်ထောင်စုအရန်ငွေက အတိုးနှုန်းများကို လျှော့ချလိုက်သည်။ စတော့များနှင့် အတိုးနှုန်းများ

ကျဆင်းရခြင်းအတွက် တန်ပြန်သည်မှာ အိမ်ခြံ မြေ ဈေးတက်သွားခြင်း ဖြစ်သည်။ အတိုးနှုန်း နည်းသွားသဖြင့် ချေးငွေ ရယူကာ လူအများတို့ အိမ်ဝယ်ဖို့ စိတ်အား ထက်သန်သွားစေသည်။ ချေးငွေအတိုးနှုန်း ကျဆင်းသဖြင့် စုဆောင်းငွေအပေါ် ပေးသည့် အတိုးနှုန်း များလည်း ကျဆင်းသွားသည်။ သို့ဖြစ်ရာ စုဆောင်းခြင်းကို အားမပေးရာ ရောက်သည်။ စုဆောင်းငွေ ထားရှိသူတို့ အပြစ်ဒဏ် ထိသည့်နှယ် ဖြစ်သွားသည်။ သို့ဖြစ်ရာ စုဆောင်းငွေ ထားရှိသူတို့ကို အစိုးရက အချက်ပြ လိုက်ခြင်း မည်ပေသည်။ ဘဏ်မှ စုဆောင်းငွေများကို ထုတ်ယူပြီးဈေးခင်းထဲ ပြောင်းရွှေ့ကြဟု အချက်ပြလိုက်ခြင်း ဖြစ်သည်။

**ဘဏ်သမားများသည် ငွေစုဆောင်းသူများကို မနှစ်သက်ကြချေ**

ဘဏ်မှာ ငွေစုသူများသည် လိမ္မာကြသူများဖြစ်ပြီး ကောင်းသည့်လုပ် ရပ်ဟု လူအများတို့ ယူဆကြသည်။ တကယ့်လက်တွေ့တွင် အမေရိကန်နိုင်ငံမှ ဘဏ်သမားတို့သည် ငွေစုဆောင်းသူများကို မနှစ်သက်ကြ ချေ။ ဘဏ်သမားတို့သည် ငွေချေးသူများကို နှစ်သက်ကြသည်။ ဒေါ်လာ ၁၀ သန်း ချေးယူသူကို ဒေါ်လာ ၁၀ သန်း စုဆောင်းသူထက် ပိုကြိုက်ကြ သည်။ အဘယ်ကြောင့်နည်း။ သင်၏ စုဆောင်းငွေများသည် သင်ပိုင်ဆိုင်သည့် တန်ဖိုးရှိပိုင်ဆိုင်မှုဖြစ်ပြီး ဘဏ်မှ ပေးရန်တာဝန်ရှိသည်။ ထိုငွေကို ကိုင်ထားမည့်အစား ထုတ်ချေးခြင်းဖြင့် ငွေပိုများအောင် လုပ်ကိုင်သည်။ အတိုးနှုန်း နည်းပါးခြင်းသည် လူအများတို့ကို စုဆောင်းရန်ထက် ချေးယူရန် အားပေးသည်။ မေးခွန်းမှာ အတိုးနှုန်း ပြန်မြင့်တက်သွားလျှင် မည်သို့ ဖြစ်မည်နည်း။

၁၉၇၀ ပြည့်နှစ်လွန်ကာလ အနှောင်းပိုင်းနှင့် ၁၉၈၀ ပြည့်လွန်ကာလ အစပိုင်းတို့တွင် ရွှေ၊ ငွေနှင့် ရေနံ ဈေးနှုန်းများ မြင့်တက်သည်။ အတိုးနှုန်းသည် ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်သွားပြီးမှ ပြန်ကျဆင်းသည်။ ထိုသို့ ထပ်မံ ဖြစ်ပွားနိုင်သလား။ အချိန်ကသာ အဖြေကို ပြောပြနိုင်မည်။ အတိုးနှုန်း နိမ့်ကျသည့် ပတ်ဝန်းကျင် ရှိနေသည့် နှစ်များ အပြီးတွင် ချိန်သီးသည် အခြားဘက်သို့ လွှဲမည်ဖြစ်သည်။ အတိုးနှုန်းများ ပြန်မြင့်တက်လာမည်။ တိုင်းပြည်စီးပွားရေးတွင် အကြီးအကျယ် ပြောင်းလဲမှုများ ဖြစ်ပေါ်မည်ကို အသင့်ပြင်ဆင်ထားရမည် ဖြစ်သည်။

နောက်ဆုံး၌ အတိုးနှုန်းများ ပြန်မြင့်တက်မည်ဟု အဘယ်ကြောင့် ကျွန်ုပ် ထင်မြင်ယူဆရသနည်း။ အကြောင်းအချက်တစ်ခုမှာ နယူတန်၏ နိယာမကြောင့်



ဖြစ်သည်။ ကျွန်ုပ်၏ အနာဂတ်ကို ကြည့်သည့် ခရစ္စတယ် ဖန်လုံးတွင် ပြနေသည်မှာ အမေရိကန်အစိုးရသည် စီးပွားရေး မမြုပ်သွားအောင် ငွေစက္ကူများကို ပို၍ပို၍ ရိုက်နှိပ်လိမ့်မည်။ အကယ်၍ အစိုးရသည် ငွေစက္ကူများ အလွန်အကျွံရိုက်နှိပ်သည့်အဖြစ်သို့ ရောက်လျှင် ငွေစက္ကူများ ရရှိဖို့အတွက် အလုပ်လုပ်ကိုင်ကြသူများ ငွေရေးကြေးရေး အပိုင်းတွင် နောက်ကျ ကျန်ရစ်မည်။ အမေရိကန်တို့အတွက် အကြီးမားဆုံး ဆုံးရှုံးမှု တစ်ခုမှာ သူတို့သုံးစွဲသည့် ဒေါ်လာ၏ တန်ဖိုးကျဆင်းခြင်း ဖြစ်သည်။ စတော့ဈေးကွက် ကျဆင်းခြင်းသာမက အမေရိကန်ဒေါ်လာ၏ တန်ဖိုးလည်း ကျဆင်းသည်။ အခြား ငွေကြေးများ၏ တန်ဖိုးနှင့် နှိုင်းယှဉ်ဆက်နွှယ်ပါက အမေရိကန်သည် ကြွယ်ဝမှု ၂၀ ရာခိုင်နှုန်း ထပ်တိုးဆုံးရှုံးသည်။ ထို့ကြောင့်လည်း ငွေဖောင်းပွခြင်း၊ အတိုးနှုန်းများ၊ ရွှေဈေးနှုန်းနှင့် အစိုးရကြွေးမြီတို့ကို ဂရုပြုဖို့ အရေးကြီးခြင်း ဖြစ်သည်။

**စောင့်ကြည့်သည့် ဦးတည်ချက် လားရာ (၄)။ တသီတတန်းဖြစ်စဉ်နှင့် နှစ်ခုကြားကာလ**

ရေထဲသို့ ကျောက်ခဲ ပစ်ချလိုက်လျှင် တူညီပြီး ဆန့်ကျင်ဘက် ဖြစ်သော တုံ့ပြန်မှုသာ ဖြစ်ပေါ်သည် မဟုတ်ချေ။ ၉၀ ဒီဂရီ ထောင့် မှန်ဖြစ်သော တုံ့ပြန်မှုတစ်ခုလည်း ဖြစ်ပေါ်သည်။ ထိုတုံ့ပြန်မှုကို ရေမျက်နှာပြင်၌ လှိုင်းဂယက်များအဖြစ် ကျွန်ုပ်တို့ မြင်ရသည်။ ဤသည်မှာ တသီတတန်းဖြစ်စဉ် နမူနာ ဖြစ်သည်။ ကျောက်ခဲက ရေကို ထိချိန်နှင့် လှိုင်းဂယ်များထပြီး ကမ်းခြေကို ထိသည့်အချိန်တို့အကြား ကြာမြင့်သည့် ကာလသည် နှစ်ခုကြားကာလ ဖြစ်သည်။ ထိုနှစ်ခုစလုံးသည် နေရာမရွေး မှန်သည့် သဘာဝ၏ အခြေခံသဘောတရားများ သို့မဟုတ် နိယာမများ ဖြစ်သည်။

တသီတတန်းဖြစ်စဉ်နှင့် နှစ်ခုကြားကာလတို့ အရေးကြီးရသည်မှာ ရင်းနှီးမြှုပ်နှံသူအများစုတို့သည် ကျောက်ခဲလုပ်ရပ်ကိုသာ စောင့်ကြည့်ကြသည်။ အဘက်ဘက်သို့ ပျံ့နှံ့ရောက်ရှိသော တုံ့ပြန်မှုများမှ အချိန်ဆိုင်းပြီး ဖြစ်ပေါ်သည့် တုံ့ပြန်ဖြစ်ပေါ်မှုကို တစ်ခုလုံးအနေဖြင့် မကြည့်မိကြချေ။ အကြမ်းစား နမူနာတစ်ခုမှာ ကားတစ်စီးကို မောင်းနှင်လာသော ယာဉ်မောင်းသည် သူ့ရှေ့မှ ကားကို အခြေအနေကြည့်ပြီး မောင်းနှင်သည်။ သို့သော် ဘေးဘက်မှ ရထားတစ်စီး လာနေသည်ကို သူ မမြင်ချေ။

၁၉၉၀ ခုနှစ်တွင် မဆိုစလောက်ဦးရေသာ ရှိသည့် ရင်းနှီးမြှုပ်နှံသူတို့သည် ငွေရေးကြေးရေး ဈေးကွက်များသို့ တိုက်ရိုက်ဆက်သွယ်ရေးလိုင်း ရှိကြသည်။ ဈေးကွက်

သို့ ဝင်ကြည့်ခွင့် ရသူတို့မှာ ဘဏ်များနှင့် ကြီးမားသော လုပ်ငန်းများမှ စတော့ရောင်းဝယ်သူများ ဖြစ်သည်။ ယခုအခါ အင်တာနက်ကြောင့် သန်းချီသော လူအများတို့သည် အချိန်နှင့်တစ်ပြေးညီ ဈေးကွက်ကို ဝင်ကြည့်၍ ရနေပြီဖြစ်သည်။ ဈေးနှုန်းက တစ်ပြားရွေ့လျှင် ရင်းနှီးမြှုပ်နှံသူ အမြောက်အမြားတို့သည် တစ်ပြိုင်နက်တည်း တုံ့ပြန်မှုကြသည်။ ထိုသို့ဆိုပါက ဈေးကွက်ကို ထိုမျှမထိ နီးနီးကပ်ကပ် စောင့်ကြည့်ပေးရန် လိုအပ်ပါ၏လော။ အဖြေမှာ မလိုပါ။ သင် ဆန္ဒမရှိပါက မလိုအပ်ပါ။

တသီတတန်းဖြစ်စဉ်နှင့် နှစ်ခုကြားကာလ နိယာမတို့ အရေးပါရသည့် အကြောင်းတစ်ချက်မှာ သင်သည် ဈေးကွက်ကို တစ်စက္ကန့်ချင်း ကြည့်ခြင်းအစား ပိုကြာမြင့်သော ကာလတစ်ရပ်ဖြင့် ကြည့်ရှုနိုင်သော ကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် သင်သည် လူဦးရေ အလားအလာ ဦးတည်ချက်ကို သင်သည် သင်၏ အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုကို ၎င်းဦး တည်ချက်နှင့်အညီ အစီအစဉ် ချနိုင်သည်။ အိမ်ဈေးများ တက်ခြင်းကြောင့် ပျာယာခတ်သွားဖို့ မလိုဘဲ စိတ်အေးအေးဖြင့် စောင့်နိုင်မည်။ ရေရှည်တွင် ဈေးနှုန်းများ ပြန်ကျလာဦးမည်၊ ပြီးလျှင် ပြန်တက်ဦးမည်ကို သိနေသည်။ နောက်ထပ် ဥပမာ တစ်ခုမှာ သင်က မြေကွက်အလွတ်တစ်ခုကို ဝယ်ထားလိုက်ပြီး မြို့ ဖွံ့ဖြိုးကြီးထွားသည်ကို စောင့်မည်။

ကျွန်ုပ်၏ စီးပွားရှာလုပ်ငန်းတွင်လည်း ကျွန်ုပ်သည် ပိုကြာမြင့်သည့် မြင်ကွင်းဖြင့် အလားအလာဦးတည်ချက်များကို ကြည့်ရှုသည်။ ကလေးအမွေးများသည့် နှစ်အပိုင်းအခြားတွင် မွေးဖွားခဲ့ကြသူများ အငြိမ်းစားယူသည့် အသက်အပိုင်းအခြားသို့ ရောက်ရှိသောအခါ ငွေအလုံအလောက် မရှိသေးသည့် လက်တွေ့အခြေအနေကို သိကြပြီး အငြိမ်းစားယူဖို့ကို ရွှေ့ဆိုင်းကြရသည်။ ထိုအခါ ငွေရေးကြေးရေးပညာပိုင်းကို လိုချင်ခြင်းများ တိုးများသည်။ ကျွန်ုပ်၏ အချိန်များကို မော်တော်ယာဉ်၊ လေကြောင်းလုပ်ငန်း နယ်ပယ်များကဲ့သို့သော လူပြည့်ကျပ်ပြီးသားဖြစ်သည့် လုပ်ငန်းနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမည့်အစား ကျွန်ုပ်၏ စီးပွားရှာလုပ်ငန်းကို တည်ဆောက်ရန် ကျွန်ုပ်၏ အချိန်များကို ရင်းနှီးမြှုပ်နှံသည်။ ထို စီးပွားရှာလုပ်ငန်းသည် ရေရှည်တွင် ၎င်း၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဝယ်ယူအားပေးခြင်း ပိုများလာမည့် လုပ်ငန်းမျိုး ဖြစ်သည်။



**တစ်ကိုယ်ရေ စီးပွားရေး အငယ်စားများ တိုးများခြင်း**

သက်ကြီးပိုင်း လူဦးရေနှင့် ကော်ပိုရေးရှင်းများမှ လူအင်အား လျှော့ချသဖြင့် အလုပ်ပြုတ်ကြခြင်း နှစ်ရပ်ပေါင်းစပ်ချိန်တွင် လူအများတို့သည် အလုပ်အကိုင် တည်မြဲခြင်းသည် ယုံတမ်းစကားသာဖြစ်ကြောင်းသဘော ပေါက်သွားကြသည်။ သူတို့၏ အငြိမ်းစားအစီအစဉ်တွင် ရင်းနှီးမြှုပ်နှံ ထားခြင်းသည် ငွေရေးကြေးရေး ဖူလုံမှုကို မပေးအပ်နိုင်ကြောင်းကိုလည်း သဘောပေါက်သွားသည်။ စီးပွားရှာလုပ်ငန်း အသေးစားများ ဆတိုးဖြင့် တိုးများမည့် အလားအလာ ဦးတည်နေသည့်ဟု ကျွန်ုပ် ထင်မြင်ယူဆသည်။ အလယ်အလတ်အဆင့် မန်နေဂျာများသည် အလုပ်ပြန်ရဖို့ ကြိုး ပမ်းခြင်း မအောင်မြင်သည့်အခါ မိမိဘာသာ ခန့်ထားသည့် အကြံပေးများအဖြစ် လုပ်ကိုင်ကြမည်။ ဤအလားအလာ ဦးတည်ချက်သည် လူအများတို့သည် လုပ်ငန်းအသစ်များ စတင်လုပ်ကိုင်ခြင်း၊ လုပ်ငန်းကြီးထံမှ လုပ်ပိုင်ခွင့်ရယူကာ လုပ်ငန်းခွဲ လုပ်ကိုင်ခြင်း၊ မိမိကျင်လည်သည့် လုပ်ငန်းနယ်ပယ်ထဲတွင် လုပ်ငန်းအသစ် စတင်ခြင်းတို့ ဖြစ်ပေါ်စေလိမ့်မည်။ ကွန်ရက်ဈေးကွက် ဖော်ဆောင်ခြင်း လုပ်ငန်းများတွင် လုပ်ကိုင်ကြမည်။ ထိုလုပ်ငန်းတို့သည် ကိုယ်ပိုင်လုပ်ငန်းတစ်ခု စတင်ရန်အတွက် ကုန်ကျစရိတ်သက်သာသော ဝင်ပေါက်ကို ရရှိစေသည်။ ထို့အပြင် လူသစ်တန်းတို့အတွက် တန်ဖိုးရှိ သည့် သင်တန်းများ ပို့ချခြင်း၊ စောင့်ကြည့်ပေးခြင်းများကိုလည်း ပြုပေးသည်။ သတိရှိရမည်မှာ ကွန်ရက်ဈေးကွက်ဖော်ဆောင်ခြင်းလုပ်ငန်း တစ်ခုခုကိုဖြစ်စေ၊ လုပ်ငန်းခွဲ လုပ်ပိုင်ခွင့် ရယူခြင်း တစ်ခုခုကိုဖြစ်စေ ပူးပေါင်းလုပ်ကိုင်မည်ဆိုပါက သင်၏ လုံ့လဝီရိယ စိုက်ထုတ်ခြင်းနှင့် ကြိုးစားခြင်းတို့သည် အမြဲတစေ အရေးကြီးသည့်ဆိုသည့် အချက်ဖြစ်သည်။

အောင်မြင်သော စီးပွားရှာလုပ်ငန်းတစ်ခု တည်ဆောက်ခြင်းဖြင့် လူအများတို့သည် သူတို့၏ ငွေရေးကြေးရေးရေရှည်ဖူလုံမှုအပေါ် ကိုယ်တိုင် ထိန်းချုပ်နိုင်စေမည် ဖြစ်သည်။

**စောင့်ကြည့်သည့် ဦးတည်ချက် လားရာ (၅)။ ငွေရေးကြေးရေး ဉာဏ်ပညာ**

ပိုအရေးပါသည့် အလားအလာ ဦးတည်ချက်တစ်ခုမှာ ကျွန်ုပ်၏ ပိုက်ဆံနှင့် ကျွန်ုပ်၏ ငွေရေးကြေးရေး ဉာဏ်ပညာတို့အကြား ဆက်နွှယ်မှုကို စောင့်ကြည့်တတ်ရန် သင်ယူထားခြင်း ဖြစ်သည်။ ကျွန်ုပ်သည် အသက် နှစ်ဆယ်ကျော်အရွယ်တွင် ကျွန်ုပ်၏ စီးပွားရှာလုပ်ငန်းနှင့် အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုများကြောင့် ချမ်းသာလာသောအခါ မိမိသည် ဉာဏ်ကြီးရှင်တစ်ဦး ဖြစ်သည်ဟု ရိုးရိုးသားသား ထင်မြင်ခဲ့သည်။ ကျွန်ုပ်၏

ဝင်ငွေ ဆက်လက်တိုးများနေသည့်နည်းတူ ကျွန်ုပ်၏ ငွေရေးကြေးရေး ဉာဏ်ပညာသည်လည်း လိုက်တိုးနေမည်ဟု တကယ်ပင် ယုံကြည်ထားခဲ့သည်။ ကျွန်ုပ်သည် နယူတန်၏ နိယာမကို ချိုးဖောက်ခြင်း ဖြစ်သည်။ ကျွန်ုပ်၏ ငွေရေးကြေးရေး ဉာဏ်ပညာသည် ဝင်ငွေနှင့်အတူ တက်လာရမည့်အစား ကျွန်ုပ်၏ ငွေရေးကြေးရေး ဉာဏ်ပညာသည် တခြားဘက်ဆီသို့ ချော်ထွက်သွားသည်။

၎င်းသည် ဒုက္ခပြွမ်းသည့် သင်ခန်းစာဖြစ်သော်လည်း ကျွန်ုပ်သည် သဘောပေါက်ခဲ့သည်မှာ ကျွန်ုပ်သည် ငွေရေးကြေးရေး အောင်မြင်မှု ပိုရလာသည်နှင့်အမျှ ကျွန်ုပ်သည် မိမိ၏ အတ္တမာနနှင့် စိတ်ကြီးဝင်ခြင်းတို့ကို သတိဖြင့် ထိန်းကွပ်ပေးထားဖို့ ပိုမိုလိုအပ်လာခြင်း ဖြစ်သည်။ စိတ်ကြီး ဝင်ခြင်းသည် ငွေရေးကြေးရေး ဉာဏ်ပညာတိုးခြင်း မဟုတ်သဖြင့် ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် သတိပေးရသည်။ သူတစ်ပါးအပေါ် ကျေးဇူး သိတတ်ခြင်းနှင့် ထောင်လွှားမှု မရှိစေခြင်းတို့ ရှိနေသူ ဖြစ်လာအောင် လုပ်ဆောင်ခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ဆက်လက်သင်ယူရင်း ဝင်ငွေ ပိုမိုရရှိနေအောင် ဆက်လက်လုပ်ဆောင်နိုင်သွားသည်။ ရထား သမ္မ အကုန်လုံး ဈေးကွက်ထဲ ပြန်ပေးလိုက်ရခြင်းမှ ကင်းဝေးသည်။ နယူတန်၏ နိယာမကို ကျွန်ုပ်၏ ပိုက်ဆံသာ လိုက်နာခြင်းမဟုတ်၊ ကျွန်ုပ်၏ ဉာဏ်ပညာသည်လည်း လိုက်နာကြောင်းကို ကျွန်ုပ် သင်ခန်းစာ ကောင်းကောင်း ရရှိခဲ့သည်။

**နောက်ဆုံးဘိတ်စကား**

သူဌေးဖေဖေက ပြောသည်။ "သဘာဝ၏ နိယာမများကို နာခံပါ။ မိခင်သဘာဝက မင်းဘာလဲဆိုတာ ဂရုမစိုက်ဘူး။ သန်းကြွယ်သူဌေးလား။ ငမွဲလားဆိုတာ သူက ဂရုမစိုက်ဘူး။ မိုးထိတိုက်ပေါ်ကနေ လေထီးမပါဘဲ သူဌေးနဲ့ ငမွဲတို့ ခုန်ချရင် မြေဆွဲအား နိယာမက တန်းတူထားပြီး ဆွဲချ လိမ့်မယ်ဆိုတာ အမြဲသတိရပါ"

## အခန်း (၉)

# အချိန် ဖခင်ကိုမေးပါ

ရင်းနှီးမြှုပ်နှံသူတိုင်းသည် ပန်း ဘယ်အချိန် ပွင့်လန်းမည်နှင့် ပန်းပွင့်လန်းနေသည်မှာ မည်မျှကြာကြာခံမည်တို့ကို မလွဲမသွေ သိထားရမည်။

သူဌေးဖေဖေ

နယူးယောက်မြို့ရှိ အမေရိကန်ပြည်ထောင်စု ကုန်သည်ရေကြောင်း အကယ်ဒမီကို တက်ရောက်ရခြင်းအတွက် အခြားမှာ မရှိနိုင်သည့် ကောင်းချက်တစ်ခုမှာ ပင်လယ်လုပ်သက် ဖြစ်သည်။ ကျောင်းသားတိုင်းသည် ပင်လယ်ပြင်တွင် အငယ်တန်းအရာရှိအဖြစ် တစ်နှစ် လုပ်ကိုင်ရသည်။ ကမ္ဘာတစ်လွှားရှိ ဆိပ်ကမ်းများသို့ ကုန်စည်ပို့ဆောင်သည့် ကုန်တင် သင်္ဘောအမျိုးမျိုးတို့၌ လုပ်ကိုင်ကြရခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ကုန်သင်္ဘော၊ ဆီတင် သင်္ဘောနှင့် လူစီးသင်္ဘောများတွင် အချိန်အတော်ကြာကြာ လုပ်ကိုင်ခဲ့သည်။ ကျွန်ုပ်သည် စစ်သင်္ဘောငယ်ပေါ်တွင် လုပ်ကိုင်လိုသော်လည်း တာဝန်ပေးအပ်ခြင်း တစ်ခါမှ မကြုံခဲ့ချေ။ ကျွန်ုပ်၏ ပင်လယ်ပြင်လုပ်သက်နှစ်များသည် အသက် ၁၉ နှစ်နှင့် ၂၀ နှစ်တို့တွင် ဖြစ်သည်။ ကျွန်ုပ်သည် ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ ဗီယက်နမ်၊ တီဟီတီ၊ ဆာမိုအာနှင့် အခြား ပစိတ်ဖိတ်ကျွန်းများသို့ ရောက်ရှိခဲ့သည်။

ပင်လယ်ထဲ ရောက်ရှိနေချိန်တွင် စာဖတ်ရန် အချိန်များ ရရှိသည်။ ကျွန်ုပ်သည် ရေကြောင်းပညာအတွက် ဖတ်စာအုပ်များကို ဖတ်ရှုသည့်အပြင် ပိုက်ဆံ၊ ရွှေ၊ စွန့်စွန့်စားစား လေ့လာရေးခရီးထွက်သူများ၊ ရင်းနှီး မြှုပ်နှံခြင်း၊ နိုင်ငံတကာကုန်သွယ်ရေးတို့နှင့် သက်ဆိုင်သည့် စာအုပ်များကိုလည်း ဖတ်ရှုဖြစ်သည်။ ပြဿနာမှာ ကျွန်ုပ်သည် သင်္ဘော၊ ရေကြောင်း သွားလာခြင်းနှင့် ကုန်စည်ကိစ္စများ လေ့လာဖတ်ရှုခြင်းထက် ပိုက်ဆံ၊ ရွှေ၊ ရင်းနှီးမြှုပ်နှံခြင်း၊ စွန့်စားလေ့လာရေးခရီးထွက်သူများ၊ နိုင်ငံတကာ ကုန်သွယ်ရေးတို့ကို ပိုမို စိတ်ဝင်စားသူဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် သိရှိခဲ့ခြင်း ဖြစ်သည်။

သူဌေးဖေဖေထံမှ ရင်းနှီးမြှုပ်နှံခြင်း သင်ခန်းစာများကို ကျွန်ုပ် သင်ယူပြီးသောအခါ ပိုက်ဆံနှင့် ရင်းနှီးမြှုပ်နှံခြင်းအကြောင်းအရာများကို ပင်လယ်ပြင်တွင် အချိန်အများကြီး ပေးပြီး ဖတ်ရှုလေ့လာဖြစ်ခဲ့သည်။ ကျွန်ုပ်နှင့်အတူ ပညာဆည်းပူးနေသည့် အတန်းဖော်တို့အား ပြောပြဖို့ အတော်ခက်ကြောင်း ကျွန်ုပ် တွေ့ကြုံရသည်။ ကျွန်ုပ်က ပင်လယ်ပြင်တွင် လေ့လာဖြစ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလောကအကြောင်းကို အတန်းဖော်တစ်ဦးအား ပြောပြသည့်အခါ သူက မေးသည်။

"ရင်းနှီးမြှုပ်နှံမှုကို လေ့လာသင်ယူဖို့ ဘာလို့ အချိန်တွေ ဖြုန်းရတာလဲ။ ရင်းနှီးမြှုပ်နှံမှုဆိုတာ ဆုံးရှုံးမယ့်အရေး ကြီးမားတယ်။ လောင်းကစား လိုပဲ"

ကျွန်ုပ်က ခုခံကာကွယ် ပြောဆိုသည်။

"ရင်းနှီးမြှုပ်နှံမှုဟာ ငါ့ရဲ့ အနာဂတ်ပါ။ ငါက တစ်သက်လုံး အလုပ် လုပ်သွားဖို့ မရည်ရွယ်ဘူး"

"ဟုတ်ပါတယ်။ ငါကလည်း တစ်သက်လုံး အလုပ်လုပ်ဖို့ မရည်ရွယ်ထားပါဘူး။ သင်္ဘောကုမ္ပဏီကြီးကြီးတစ်ခုမှာ ငါ အလုပ်ဝင်လုပ်မယ်။ တစ်နေ့နေ့မှာ ကပ္ပတိန် ဖြစ်သွားမယ်။ ကုမ္ပဏီရဲ့ အငြိမ်းစား အစီအစဉ်အရ အငြိမ်းစားယူမယ်။ ဒီတော့ အငြိမ်းစားယူဖို့ ဘာမှ ပူစရာမလိုဘူး။ တစ်ယောက်ယောက်က ငါ့အတွက် လုပ်ပေး လိမ့်မယ်"

ကျွန်ုပ် ရင်းနှီးမြှုပ်နှံမှုအကြောင်း သင်ယူထားသည်ကို စိတ်ဝင်စားသည့် အတန်းဖော်နှစ်ဦးသုံးဦးသာ ရှိသည်။ သို့သော် သူတို့၏ သက်မွေး ပညာကိုသာ ငွေရေးကြေးရေးပညာထက် ပိုမိုအလေးပေးကြသည်။



## သူတို့ ပြောင်းလဲချိန်

ကျွန်ုပ်သည် အကယ်ဒမီတွင် အချိန် လေးနှစ် သုံးစွဲခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ဖြစ်သည်။ ထိုခေတ်ကာလက လူအများတို့သည် ရင်းနှီးမြှုပ်နှံခြင်းနှင့် အငြိမ်းစားယူခြင်းတို့ကို အရေးတယူ မပြုကြသည်မှာ ထုံးစံဖြစ်သည်။ ကျွန်ုပ်တို့ မျိုးဆက်သည် မိဘမျိုးဆက်ဖြစ်သည့် ဒုတိယကမ္ဘာစစ်မျိုးဆက်၏ ထီးရိပ်အောက်တွင် နေထိုင်နေဆဲဖြစ်သည်။ ကျွန်ုပ်၏ မိဘမျိုးဆက်သည် အငြိမ်းစားဘဝနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို အရေးမလုပ်ကြချေ။ ကော်ပိုရေးရှင်းကြီးများနှင့် အစိုးရဌာနများတွင် အလုပ်ရရှိမည်ဟု အပိုင်တွက်ထားကြသည်။ လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ ရရှိမည်ဟုလည်း အားကိုးအထားထား ပြုထားကြသည်။ သူတို့ မျိုးဆက်သည် ငွေရေးကြေးရေးပညာရေးကို အရေးပါသည်ဟု မယူဆကြချေ။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံခြင်းနှင့် မိမိ၌ ရင်းနှီးမြှုပ်နှံမှု အစုစုတို့ ထားရှိရန်အတွက်လည်း အရေးမလုပ်ကြချေ။ ထိုသို့သော သဘောထားများကို ထင်ဟပ်ထားသည့် ပညာရေးစနစ်ကို ကျွန်ုပ်တို့ ဖြတ်သန်းကြရသည်။ အငြိမ်းစားဘဝကို တစ်ယောက်ယောက် တာဝန်ယူ ပေးလိမ့်မည်ဟုသာ မှတ်ယူထားကြသည့် သဘောထားအမြင်များဖြင့်သာ နေထိုင်ကြသည်။ ယနေ့အထိ ပညာသင်ကြားရာ ကျောင်းများ အများအပြားတို့သည် ထိုခေတ်က ပညာရေးစနစ်ကို ဆက်လက်သုံးစွဲနေကြဆဲ ဖြစ်ပေရာ ငွေရေးကြေးရေးအပေါ် ခေတ်နောက်ကျ ကျန်ရစ်သောသဘော ထားအမြင်ကိုသာ ထားရှိကြဆဲဖြစ်သည်။

၁၉၆၀ မှ ၁၉၇၀ ပြည့်နှစ်လွန်ကာလအတွင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အငြိမ်းစား ယူခြင်းတို့ကို ထည့်မစဉ်းစားကြချေ။ အမေရိကန်နိုင်ငံ စီးပွားရေးသည် သမိုင်းတစ်လျှောက် တွင် မတည်မငြိမ် အဖြစ်ဆုံး အခြေအနေဆီသို့ ဦးတည်နေကြောင်း သိသူ အနည်းအကျဉ်း မျှသာ ရှိသည်။ ၁၉၇၁ ခုနှစ်တွင် သမ္မတနစ်ဆင်က အမေရိကန်ဒေါ်လာကို ရွှေဖြင့် ကျောထောက်နောက်ခံ ပြုပေးထားခြင်းကို ရုပ်သိမ်းလိုက်သည်။ ထိုနောက်ပိုင်းတွင် ဒေါ်လာများကို စိတ်ထင်တိုင်း ရိုက်နှိပ်တော့သည်။ ထိုသို့ ရိုက်နှိပ်သည့်အတွက် အစိုးရသည် အကြွေးများတင်သည်ကို အခွန်ထမ်းတို့က အခွန်ပေးဆောင်ကာ ပေးဆပ်နေကြရသည်။

## အကြီးမားဆုံး ပြောင်းလဲမှု


၁၉၆၀ မှ ၁၉၇၀ ပြည့်နှစ်လွန်ကာလအတွင်းတွင် သမ္မတနစ်ဆင်က တရုတ်ပြည်အတွက် တံခါးများ ဖွင့်ပေးထားရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကောင်းသည့်အချက်များ ရှိသကဲ့သို့ ဆိုးဝါးသည်များလည်း ရှိသည်။ အမေရိကန်နိုင်ငံတွင် လုပ်ကိုင်သည့် အလုပ်များကို တရုတ်ပြည်တွင် ပြောင်းရွှေ့လုပ်ကိုင်ကြသဖြင့် အမေရိကန်နိုင်ငံ၏ အလုပ်အကိုင်များ သန်းချီသော အရေအတွက်ဖြင့် ဆုံးရှုံးသွားသည်။ တရုတ်ပြည်နှင့် ကုန်သွယ်ခြင်းကို ကျွန်ုပ် ထောက်ခံပါသည်။ သို့သော် ကုန်ထုတ်လုပ်မှု ကဏ္ဍမှ လစာကောင်းသည့် အလုပ်များ ပျောက်ကွယ်ကုန်သည်ကို ကျွန်ုပ် စိုးရိမ်မိသည်။ ၁၉၆၀ ပြည့်နှစ်လွန်ကာလတွင် ကျွန်ုပ်နှင့် ကျောင်းအတူတက်ခဲ့ကြသူများထဲမှ အချို့တို့သည် ရင်းနှီးမြှုပ်နှံမှုတွင် စိတ်မဝင်စားကြချေ။ ငွေရေးကြေးရေး အပြောင်းအလဲများ မဖြစ်ပေါ်သေးချေ။ ထိုအပြောင်းအလဲများမှ အကျိုးသက်ရောက်မှုများသည်လည်း နှစ်အတန်ကြာသည်အထိ ခံစားသိရှိဦးမည် မဟုတ်သေးချေ။

၂၀၀၁ ခုနှစ်တွင် ကမ္ဘာတစ်လွှားမှာ ကုန်သွယ်ရေးဝန်ကြီးများက ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့အစည်းဖြစ်သည့် World Trade Organization (WTO) သို့ တရုတ်ပြည်ဝင်ရောက်ခြင်းကို တရားဝင် အတည်ပြုပေး လိုက်သည်။ ထို့အတွက် ၁၅ နှစ်တိုင်တိုင် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထိုဖြစ်ရပ်ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးစနစ်ထဲသို့ တရုတ်ပြည်မှ လူဦးရေ ၁.၃ ဘီလျံ ရှိသည့် ဈေးကွက်ကြီး ရောက်ရှိသွားသည်။

## အလွန်ကြီးသော အပြောင်းအလဲ

အမေရိကန်နိုင်ငံတွင် ၁၉၇၄ ခုနှစ်၌ သမ္မတဖို့ဒ်က ERISA ကို လက်မှတ်ရေးထိုးသည်။ ၎င်းမှာ Employee Retirement Income Security Act ဟူသည့် ဥပဒေကို အတိုကောက် ခေါ်ဝေါ်ခြင်း ဖြစ်သည်။ အငြိမ်းစားယူသည့် ဝန်ထမ်းတို့၏ ဝင်ငွေဖူလုံရေးနှင့် သက်ဆိုင်သော ဥပဒေ ဖြစ်သည်။ ၎င်း ERISA သည် ပင်စင်ပြုပြင်ပြောင်းလဲမှုဖြစ်ပြီး ကမ္ဘာတစ်လွှားမှ နမူနာ ယူကြရသည်။ အလုပ်ရှင်များသည် မိမိ၏ ဝန်ထမ်းလုပ်သားများ အလုပ်မလုပ်တော့ဘဲ အငြိမ်းစားယူလိုက်သည့်အခါ၌ ဆက်လက်၍ တာဝန်ယူစရာ မလိုတော့ကြောင်း ပြဋ္ဌာန်းပေးထားသည်။ သို့ဖြစ်ရာ ဝန်ထမ်းအလုပ်သမား၏ ငွေရေးကြေးရေး အဆင်ပြေခြင်းသည် လုပ်ငန်း၏ တာဝန်တစ်ရပ် မဟုတ်တော့ချေ။






တစ်နည်းဆိုရသော် ငွေစီးဆင်းမှု လေးပိုင်းစိတ်ကို ကြည့်မည်ဆိုပါက ဘီ လေးပိုင်းစိတ်က အီး လေးပိုင်းစိတ်ကို လှမ်းပြောနေသည်။ "မင်းတို့ ဝန်ထမ်းတွေ အိုင် လေးပိုင်းစိတ်မှာ ရင်းနှီးမြှုပ်နှံထားကြရလိမ့်မယ်" ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပင်စင်တွင် ယခုလို အပြောင်း အလဲ ဖြစ်ပေါ်ခြင်းသည် ရေရှည်အကျိုးသက်ရောက်မှုများကို လာမည့် ဆယ်စုနှစ်များတွင် လူအများတို့အပေါ် ကျရောက်စေမည်ဖြစ်သည်။

## ပြဿနာသည် မိမိ ထင်ထားသည်ထက် ပိုကြီးနေသည်

၂၀၀၂ ခုနှစ်တွင် *Rich Dad's Prophecy* အမည်ရှိ စာအုပ်ကို ကျွန်ုပ် ထုတ်ဝေခဲ့ရာ စာနယ်ဇင်းများမှ ငွေရေးကြေးရေး ရေးသားကြသည့် စာနယ်ဇင်းသမားများက အပျက်သဘောဆောင်သည့် ဝေဖန်ခြင်းများ အများအပြား ဖြစ်ပေါ်စေခဲ့သည်။ သူတို့သည် ဝေါစထရိရှိ လုပ်ငန်းများ၏ အကျိုးကို သယ်ပိုးရေးသားနေကြသူများ ဖြစ်သည်။ အဝေဖန်ခံရမည်ဟု ကျွန်ုပ် မျှော်လင့်ထားပြီးသား ဖြစ်သည်။ သို့သော် ၎င်းစာနယ်ဇင်းသမားများက အမှန်ကို ထိုမျှအထိ ဖုံးကွယ်နေခြင်းအပေါ် ကျွန်ုပ် မကျေမနပ် ဖြစ်မိသည်။ ကျွန်ုပ်၏ စာအုပ်ကို မယုံကြည်ရန် မမှန်ကန်သည်များကို ရေးသားကြသည်အထိ ကျွန်ုပ် တွေ့ရသဖြင့် ကျွန်ုပ် စိတ်ပျက်မိသည်။

*Rich Dad's Prophecy* တွင် ဖော်ပြထားသည်တို့တွင် အားလုံးနီးပါးသည် အတိအကျ မှန်ကန်နေသော်လည်း ပြဿနာသည် တကယ်တမ်း၌ မည်မျှအထိ ပြင်းထန်

မည်ကို လျှော့တွက်ထားသဖြင့် လွဲချော်မှုရှိနေသည်။ အချိန်ကြာလာသည့်အခါ တကယ့်အမှန်များ ယိုစီးထွက်ကျလာသည်။ ထိုအခါကျမှ ပြဿနာသည် ကျွန်ုပ် ထင်ထားသည်ထက် များစွာ ပိုကြီးမားနေကြောင်း သဘောပေါက်သွားခဲ့သည်။

ထိုစာအုပ်တွင် ပင်စင်စနစ် ပြောင်းလဲပုံကို ဖော်ပြထားသည်။ ပင်စင် အစီအစဉ် တစ်မျိုးမှာ ဒီဘီ (DB) ဟု ခေါ်သည်။ Defined Benefit ပင်စင် အစီအစဉ် ဖြစ်သည်။ နောက်တစ်မျိုးမှာ ဒီစီ(DC)ဟု ခေါ်သည်။ Defined Contribution ပင်စင် အစီအစဉ်ဖြစ်သည်။ ဒီဘီ ပင်စင်အစီအစဉ်သည် ကျွန်ုပ်၏ မိဘများမျိုးဆက်လက်ထက်တွင် ဒီဘီကို ကျင့်သုံးခဲ့ကြသည်။ ဒီဘီ ပင်စင်အစီအစဉ်သည် ဝန်ထမ်းအလုပ်သမားတစ်ဦး အငြိမ်းစားယူပြီးချိန်တွင် သူတို့ အသက်ရှင်နေသေးသရွေ့ သတ်မှတ်ထားသော ဒေါ်လာပမာဏကို ပင်စင်စားဝင်ငွေအဖြစ် ပုံမှန်ရရှိနေရန် အာမခံချက် ပေးထားသည်။ ယခုအခါ ကျင့်သုံးနေသည့် လူမှုဖူလုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့သည် အစိုးရ၏ ဒီဘီအစီအစဉ်များဖြစ်သည်။ ပြဿနာမှာ စရိတ်စကများ မြင့်တက်ခြင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှု တိုးလာခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ဒီဘီ ပင်စင်အစီအစဉ်သည် ဈေးကြီးလွန်းနေသည့်အဖြစ်သို့ ရောက်ရှိလာသည်။ ထို့ကြောင့် ၁၉၇၄ ခုနှစ်တွင် ဘီ လေးပိုင်းစိတ်မှ လုပ်ငန်းအကြီးစားတို့က အမေရိကန်အစိုးရကို ERISA အတည်ပြုပြဋ္ဌာန်းပေးရန် တိုက်တွန်းကြသည်။ ဤသို့ဖြင့် ဒီဘီ အစီအစဉ်ထံမှ ဖယ်ခွာပြီး ဒီစီအစီအစဉ်သို့ ပြောင်းရွှေကာ ဝန်ထမ်းသည် မိမိ၏ အငြိမ်းစားယူခြင်းအတွက် မိမိဘာသာ တာဝန်ယူရသည့် ဒီစီ အစီအစဉ်ကို ပြောင်းလဲ ကျင့်သုံးစေခဲ့သည်။

ဝန်ထမ်း၏ အကျိုးခံစားခွင့်များကို ဝန်ထမ်းနှင့် အလုပ်ရှင်တို့မှ ထည့်ဝင်ပြီး ကျေးဇူးပြုပေးပုံအရ သတ်မှတ်ပေးထားသည်။ အကယ်၍ ဝန်ထမ်းနှင့် အလုပ်ရှင်တို့က ဘာမှ ထည့်ဝင်ပြီး ကျေးဇူးပြုပေးထားခြင်း မရှိလျှင်ဖြစ်စေ၊ ခံစားခွင့်အဖြစ် ပေးထားသော စတော့များ၏ စတော့ဈေး ကွက် ပြိုလဲလျှင်ဖြစ်စေ ပင်စင်အစီအစဉ်ထံမှ ရစရာ ဘာတစ်ခုမျှ ရှိမည် မဟုတ်ချေ။ အကယ်၍ ဝန်ထမ်းသည် အသက် ၉၂ နှစ်၌ ပိုက်ဆံ မရှိခဲ့လျှင် အလုပ်ရှင်၏ ပြဿနာ မဟုတ်ချေ။ ယခင်ကျင့်သုံးသည့် ဒီဘီ ပင်စင်အစီအစဉ်ကဲ့သို့ အလုပ်ရှင်မှာ တာဝန်ရှိမည် မဟုတ်ချေ။

ဒီဘီနှင့် ဒီစီ ပင်စင်အစီအစဉ်နှစ်ခုအကြား အဓိကကွာခြားချက် တစ်ချက် ရှိနေသေးသည်။ ဒီဘီပင်စင် အစီအစဉ်များကို ကော်ပိုရေးရှင်း ကြီးများမှ ပံ့ပိုးခဲ့ရာ၌ ဝန်ထမ်း အငြိမ်းစား ယူပြီးချိန်တွင် ကျန်းမာရေး စောင့်ရှောက်မှု ခံစားခွင့် ပါရှိသည်။ ဒီစီ ပင်စင်



အစီအစဉ်တွင် ထိုသို့ မပါချေ။ ကျန်းမာရေး စောင့်ရှောက်မှု စရိတ်စကများ မြင့်တက်လျက်ရှိနေပေရာ ယခုလို ပြဋ္ဌာန်းလိုက်သည့် ဥပဒေ၏ ကြီးမားသော ပြောင်းလဲ ပြုပြင်မှုတစ်ရပ် ဖြစ်နေပေသည်။ ယခုအခါ ကမ္ဘာတစ်လွှားတွင် ဒီစီ အစီအစဉ်ကို ပြောင်းလဲ ကျင့်သုံးနေကြသည်။ သို့ဖြစ်ရာ အငြိမ်းစားယူ ပြီးချိန်တွင် ပိုက်ဆံမရှိသည့်အဖြစ်ကို ဝန်ထမ်းတို့ ကြုံရနိုင်ပေသည်။ ပင်စင်စားတို့၏ ကျန်းမာရေး စောင့်ရှောက်မှုကို အခွန်ငွေမှ ထောက်ပံ့ ပေးလျက်ရှိပေရာ တစ်နည်းဆိုရသော် အခွန်ထမ်းတို့က တာဝန်ယူပေးထားရခြင်းဖြစ်သည်။

## စတော့ဈေးကွက် အဘယ်ကြောင့် ပြိုလဲရသနည်း

ဤသို့ ၁၉၇၄ ခုနှစ်တွင် ပင်စင်ကိစ္စ အပြောင်းအလဲကြောင့် သမိုင်းကြောင်း တစ်လျှောက်တွင် စတော့ဈေးကွက် အကြီးမားဆုံး ပြိုလဲခြင်းဆီသို့ မည်သို့မည်ပုံ ရောက်ရှိသွားနိုင်သည်ကို *Rich Dad's Prophecy* တွင် ဖော်ပြပေးထားသည်။ စတော့ဈေးကွက် ပြိုလဲရသည့် အကြောင်းရင်းမှာ ကမ္ဘာတစ်လွှားတွင် တစ်ပြိုင်တည်းမှာ ပင်စင်စယူကြသူဦးရေ သန်းချီပြီး ရှိနေကြသည်။ ထိုသူတို့ လက်ထဲ ငွေမရှိသဖြင့် စတော့များ ထုတ်ရောင်းပြီး စတော့ဈေးကွက်ထဲမှ ငွေကို စတင်ဆွဲယူကြသည်။ အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းမှာပင် ၂၀၁၂ ခုနှစ်ဝန်းကျင်တွင် အငြိမ်းစားယူသည့် အသက်အရွယ်သို့ ရောက်ရှိသူဦးရေ ၈၃ သန်း ရှိသည်ဟု ခန့်မှန်းထားသည်။ ၎င်း ၈၃ သန်းတွင် လူအားလုံး စတော့ဈေးကွက်ထဲ၌ ငွေထည့်ဝင်ထားခြင်း မဟုတ်သော်လည်း သန်းချီသော ဦးရေသည် စတော့များ လက်ထဲရှိနေကြသည်။ ထို့အပြင် သက် ၇၂ နှစ် ၆ လ ရှိပြီဆိုပါက အငြိမ်းစား အစီအစဉ်ထဲမှ မိမိ၏ ငွေများကို ထုတ်ယူရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပေရာ ၎င်း ငွေများကို ထုတ်ယူကြရသည်။ ထိုသို့ ထုတ်ယူခိုင်းထားသည်မှာ အငြိမ်း စားအစီအစဉ်တွင် ထည့်ဝင်ထားစဉ် ရရှိသည့် ဝင်ငွေအပေါ် အခွန်စည်းကြပ်ခြင်းမရှိဘဲ ယခုလို ထုတ်ယူချိန်၌ အခွန်စည်းကြပ်ရန် စီစဉ်ထား သောကြောင့် ဖြစ်သည်။

ကလေးအမွေးများခဲ့ကြသည့်ကာလ(၁၉၄၆–၆၅ ခုနှစ်) အစောပိုင်းတွင် မွေးဖွားခဲ့သူတို့သည် ၂၀၁၆ ခုနှစ်တွင် အသက် ၇၀နှစ် ၆ လသို့ ရောက်ရှိကြမည် ဖြစ်သည်။ သို့ဖြစ်ရာ ထိုအချိန်တွင် စတော့ဈေးကွက် ထိခိုက်စေမည်။ ဈေးကွက် ပြိုလဲသွားနိုင်သည်။ သို့ဖြစ်ရာ စတော့ဈေးကွက်အစား အခြားနည်းလမ်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုကြရမည် ဖြစ်ကြောင်း ကျွန်ုပ်က *Rich Dad's Prophecy* တွင် ရေးသားထားသည်။ ထို့ကြောင့်

စတော့ဈေးကွက်မှ ငွေရေးကြေးရေးလုပ်ငန်းများသည် သူတို့ ၏ စာနယ်ဇင်းသမားတို့ကို ကျွန်ုပ်၏ စာအုပ်အား ဝေဖန်ကြစေခြင်းဖြစ်သည်။

## ကျွန်ုပ် မှားယွင်းခဲ့သည်

*Rich Dad's Prophecy* ကို ၂၀၀၀ နှင့် ၂၀၀၁ ခုနှစ်တွင် ရေးသားခဲ့သည်။ စာအုပ်ထဲတွင် ကျွန်ုပ်က ဒီဘီပင်စင်အစီအစဉ်များသည် ဝန်ထမ်းတို့အတွက် ပိုစိတ်ချရပြီး ပိုကောင်းသည်ဟု ရေးသားထားသည်။ ၂၀၀၃ ခုနှစ်ရောက်ချိန်တွင် ကျွန်ုပ်၏ မိဘများ လက်ထက်ကတည်းက ကျင့်သုံး ခဲ့သော ဒီဘီပင်စင်အစီအစဉ်များသည် ငွေရေးကြေးရေး ဆိုင်ရာ ယိုယွင်းမှုများ ရှိနေကြောင်း သတင်းများ ထွက်ပေါ်လာသည်။ *Rich Dad's Prophecy* တွင် ကျွန်ုပ်က ဒီဘီပင်စင်အစီအစဉ်ရှိသော ဝန်ထမ်းသည် ဒီစီပင်စင်အစီအစဉ် ရှိသော ဝန်ထမ်းထက် ပိုကောင်းသည်ဟု ဖော်ပြထား သည်။ ကျွန်ုပ် မှားယွင်းခဲ့သည်။ ဒီဘီပင်စင်အစီအစဉ် အများအပြားတို့သည် ဆိုးဝါးသည့် ငွေရေးကြေးရေး အခြေအနေတွင် ဆိုက်ရောက်နေပြီး ထိုသို့ ဖြစ်နေသည်ကို ဝန်ထမ်းများ မသိကြချေ။ ဝန်ထမ်းများ အဘယ်ကြောင့် မသိကြသနည်း။ မသိကြရသည့်အကြောင်းမှာ ပင်စင် အစီအစဉ်၏ ပကတိအခြေအနေကို ဖွင့်ဟပြောကြားသူ တစ်ဦးမျှ မရှိသောကြောင့် ဖြစ်သည်။ ဝန်ထမ်းက မေးမြန်းလျှင်တောင် ပြောပြခြင်း မရှိချေ။

## ဂျင်နရယ်မော်တော်စ်အတွက် ဘာကောင်းသနည်း

ဆိုရိုးစကားဟောင်းတစ်ခု ရှိသည်။ "ဂျင်နရယ်မော်တော်စ်အတွက် ကောင်းတယ်ဆိုရင် တိုင်းပြည်အတွက်လည်း ကောင်းတယ်" ကားထုတ်လုပ်သည့် လုပ်ငန်းကြီး တစ်ခုဖြစ်သော ဂျင်နရယ်မော်တော်စ်ပြဿနာ တက်နေသည်မှာ နှစ်အတော်ကြာနေပြီ ဖြစ်သည်။ အဘယ်ကြောင့် ပြဿနာ တက်နေရသနည်း။ အဖြေမှာ ပင်စင်ကိစ္စကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ "ဂျင်နရယ်မော်တော်စ်အတွက် ကောင်းတယ်ဆိုရင် တိုင်းပြည်အတွက်လည်း ကောင်းတယ်" ဟူသော စကားသည် မှန်ပါ၏လော။ အချိန်အခါသည် ဝန်ထမ်းတို့၏ ပင်စင်ကို လျှော့ချရမည်လော၊ ထိုအကျိုးခံစားခွင့်များကို ပံ့ပိုးပေးနိုင်ရန် ပိုက်ဆံများ ထပ်မံ၍ အကြိမ် ကြိမ် ချေးယူမည်လော။ ဂျင်နရယ်မော်တော်စ်နှင့် အမေရိကန် အစိုးရတို့သည် တူညီနေသော ပြဿနာတစ်ခုကို တစ်ပြိုင်နက်တည်းကြုံနေရသည်။



## အချိန်ဖခင် ရှေ့ဆက်ရွေ့လျား

(စကားချပ်။ ။ အချိန်ဖခင် Father Time သည် အချိန်ကို စိုးမိုးစောင့်ရှောက်သောသူဟု တင်စားပြောဆိုခြင်းဖြစ်ပြီး အချိန်ကို အမြဲတစေပုံမှန် နှုန်းထားဖြင့် ရှေ့သို့သာ ရွေ့အောင် ပြုပေးနေသူဟု ဆိုလိုသည်။ ထိုသို့ နောက်ကြောင်းပြန်မလှည့် ရှေ့သို့သာ ရွေ့နေသော်လည်း ဖြစ်ပြီးသားများ တစ်ကျော့ ပြန်ဖြစ်စေသည့် လောကနိယာမက ပြန်ကျော့ပေးနေသည်ဟု စဉ်းစားတွေးခေါ်ခြင်းကို ပြုကြသည်)

၁၉၆၀ ပြည့်လွန်နှစ်များတွင် ကျွန်ုပ်၏ ကျောင်းနေဘက်များတွင် အများစုတို့သည် ရင်းနှီးမြှုပ်နှံမှုအကြောင်းကို အရေးမလုပ်ကြချေ။ သူတို့ မပူပန်ကြသည်မှာ သူတို့သည် တော်ကြသူများ ဖြစ်သဖြင့် ကော်ပိုရေးရှင်းကြီး တစ်ခုခုတွင် လစာမြင့်မားသော အလုပ်ကောင်းကောင်းတစ်ခုကို ရရှိမည်ဟု သူတို့ သိထားကြသောကြောင့် ဖြစ်သည်။ ပြဿနာမှာ အချိန်သည် ဆက်လက်ရွေ့လျားနေသည်။ အလုပ်ခန့်အပ်သည့် စည်းမျဉ်းများ ပြောင်းလဲသည်။ ဆိုခဲ့ပြီးသည့်အတိုင်း သမ္မတဖို့ဒ်က ERISAကို ၁၉၇၄ ခုနှစ်၌ လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းသည်။ ဤသည်မှာ ကျွန်ုပ် ဘွဲ့ရပြီးသည့်နောက် ငါးနှစ်အကြာတွင် ဖြစ်သည်။ ထိုအခါမှ စ၍ ငွေရေးကြေးရေးဆိုင်ရာ အပြောင်းအရွှေ့များသည် ကလေးအမွေးများခဲ့ကြသည့်ကာလတွင် မွေးဖွားခဲ့သူများ၏ မျိုးဆက်နှင့် နောက်မျိုးဆက်တို့ကို အကြီးအကျယ် ထိခိုက်စေတော့သည်။ ဤအခန်းကို အချိန်ဖခင်ကို မေးပါဟု ခေါင်းစဉ်တပ်ထားသည်မှာ အချိန်ဖခင်သည် နောက်ကြောင်းပြန်မလှည့်၊ ရှေ့သို့သာ ဆက်လက်ရွေ့ လျားနေသဖြင့် မေးကြည့်ဖို့ လိုအပ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်၏ ကျောင်းနေဘက်များနှင့် ကျွန်ုပ်၏ မျိုးဆက်တို့တွင် အချိန်ချီတက်ခြင်းနှင့်အမီလိုက်ပြီး ရွှေ့သူဦးရေ မည်မျှရှိသနည်း။ အငြိမ်းစားအစီအစဉ်များတွင် ဝယ်ယူထားသည့် စတော့များ ဈေးတက်ပြီး အဆီတက်မည့်အချိန်ကို မျှော်တလင့်လင့်ဖြင့် စောင့်နေသူဦးရေ မည်မျှရှိသနည်း။ ပြဿနာတက်နေပြီး ထိုသို့ ပြဿနာတက်နေသည်ကို မသိကြသည့် ဒီဘီပင်စင် အစီအစဉ်များပေးသည့် ကော်ပိုရေးရှင်းကြီးများတွင် လုပ်ကိုင်နေသူဦးရေ မည်မျှရှိသနည်း။

## ပင်စင်ကို နှုတ်ဆက်ခွဲခွာခြင်း

*Rich Dad's Prophecy* တွင် ပြဿနာကို မည်မျှအထိ လျှော့တွက်မိသည်ကို ကျွန်ုပ် မသိပေ။ ထို့ပြင် ဒီဘီနှင့် ဒီစီ အစီအစဉ်များ နှစ်မျိုးစလုံး မည်မျှ ထိခိုက်သည်ကိုလည်း

ကျွန်ုပ် မသိပေ။

၂၀၀၃ ခုနှစ် မတ်လထုတ် ဖော်ကျွန်းမဂ္ဂဇင်းတွင် *ပင်စင်ကို နှုတ် ဆက်ခွဲခွာခြင်း* ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ဖော်ပြထားသည်။ ရာချီသော ဦးရေရှိသည့် ကော်ပိုရေးရှင်းများသည် မကြာခင်မှာ ပင်စင်ကို ထက်ဝက် ဖြတ်ချတော့မည်ဟု ဖော်ပြထားသည်။ ဒီဘီ နောက်ဆုံး အသက်ထွက်ခြင်းကို ရေးသားဖော်ပြထားသည်။ ဒီဘီ ပင်စင်အစီအစဉ် များသည် ကုန်ကျစရိတ် ကြီးမားသော်လည်း ဆောင်းပါးတွင် ဖော်ပြထားသည်မှာ ကုမ္ပဏီအတော်များများတို့သည် အကျိုးခံစားခွင့်များကိုလျှော့ချ ဖြတ်တောက်လိုက်ခြင်းကိုသာ ပြုကြမည်ဟူ၍ ဖြစ်သည်။ ကွန်ဂရက် အမတ်တစ်ဦး၏ ပြောကြားချက်ကိုလည်း ဖော်ပြထားသည်။ "သန်းချီတဲ့ ဦးရေရှိတဲ့ လုပ်သားတွေရဲ့ ပင်စင်တွေကို အလုံးအရင်းဖြင့် တိုက်ခိုက်ချေမှုန်းပစ်တာကို ကျွန်တော်တို့ မြင်တွေ့ကြရမယ်"

တိုက်ခိုက်ချေမှုန်းခြင်းသည် ဖြစ်ပွားနေပြီဖြစ်သည်။ ၎င်းဆောင်းပါးတွင် နမူနာတစ်ခုကို ဖော်ပြထားသည်။ အသက် ၅၅ နှစ်ရှိ လာရီကာတုံးသည် အေတီအင်တီ လုပ်ငန်းကြီး၏ နည်းပညာလုပ်သားဟောင်း တစ်ဦး ဖြစ်သည်။ သူ့ပင်စင်ကို တစ်နှစ်လျှင် ကန်ဒေါ်လာ ၄၇,၀၀၀ မှ ၂၃,၀၀၀ သို့ လျှော့ချခံရသည်။ ဤသည်မှာ အကျိုးခံစားခွင့်များကို ၅၀ ရာခိုင်နှုန်းကျော် ဖြတ်တောက်ပစ်ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ လာရီရမည့် ငွေများကို မည်သူက ယူသွားသနည်း။ အစီအစဉ် ပြောင်းလဲလိုက်သော ကော်ပိုရေးရှင်းမှ ယူသွားခြင်းလော။ သို့မဟုတ် ရှေ့သို့သာ ရွေ့သည့် အချိန်ဖခင်သည် ဆက်လက် ရွေ့လျားခြင်းလော။

နောက်ထပ် ဥပမာတစ်ခုကို ဖော်ပြထားရာ၌ အသက် ၅၀ နှစ်ရှိ ဂျန်နီ ဝင်စတန်သည် လုပ်သက် ၂၉ နှစ်အတွက် ရရှိသည့် ပင်စင်အကျိုး ခံစားခွင့်အဖြစ် ကန်ဒေါ်လာ ၄၀၀,၀၀၀ ကို ကုမ္ပဏီထံမှ လက်ခံရရှိသည်။ ကုမ္ပဏီက သူမကို ပေးမည်ဟု မျှော်မှန်းထားသည်ထက် ကန်ဒေါ်လာ ၂၁၅,၀၀၀ ခန့် ပိုများသည်။

ထိုကုမ္ပဏီမှာ ဘဲလ် အတ္တလန်တိတ် ကုမ္ပဏီဖြစ်ပြီး ဂျီတီအီနှင့် ပေါင်းစပ်ကာ ဗာရီဇွန်အမည်ဖြင့် ကုမ္ပဏီ ဖွဲ့စည်းထူထောင်ခဲ့သည်။ ပြီးခဲ့သည့် ခုနှစ်နှစ်က ပင်စင် အစီအစဉ်များကို မသိမသာ ပြောင်းလဲခဲ့သည်။ လာမည့် ပင်စင်ယူခြင်းများတွင် အကျိုးခံစားခွင့်များကို ဖြတ်တောက်လျှော့ချခဲ့သည်။ ခေတ်မမီတော့သည့် ဒီဘီ ပင်စင် အစီအစဉ်ကို စိတ်လှုပ်ရှားစရာ အစီအစဉ်အမျိုးအစားအသစ်ဖြင့် အစားထိုးခဲ့ပြီး လက်ကျန်ငွေသားဟု အမည်ပေးထားသည်။

လက်ကျန်ငွေသားနှင့် ဒီစီအစီအစဉ်တို့အကြား ကွာခြားချက်ကို ဆောင်းပါးတွင်



ဖော်ပြထားသည်။ ၎င်းကွာခြားချက်မှာ လက်ကျန်ငွေသား အစီအစဉ်သည် စတော့ဈေးကွက် အတက်အကျနှင့် ဆက်စပ်မှု မရှိခြင်း ဖြစ်သည်။ သို့ဖြစ်ရာ စတော့ဈေးကွက်ကြောင့် ဒုက္ခမရောက်နိုင်ချေ။ သို့သော် ဝန်ထမ်းအတွက် ပြဿနာမှာ အကျိုးခံစားခွင့် တွက်ချက်ပုံ ဖြစ်သည်။ အလုပ်ရှင်အတွက် ကုန်ကျရကျိုးနပ်အောင် ဒီဇိုင်းထုတ်ထားသော တွက်ချက်ပုံ ဖြစ်ပြီး ဝန်ထမ်းအတွက် ပွပေါက်တိုးခြင်း လျော့နည်းစေသည်။ သို့ဖြစ်ရာ ဝင်စတန် ရရှိသည့် နောက်ဆုံးစာရင်းရှင်းပေးအပ်ငွေ ကန်ဒေါ်လာ ၄၀၀,၀၀၀ သည် ပိုက်ဆံအများကြီး ရလိုက်သည်ဟု ယူဆရမိစေသည်။ ကျွန်ုပ် မေးမြန်းလိုသည့် မေးခွန်းမှာ ထိုပိုက်ဆံကို ဝင်စတန်က ကျကျနန စီမံနိုင်မည်လော ဟူ၍ ဖြစ်သည်။ သူမ ကွယ်လွန်ချိန်အထိ လက်ထဲ ငွေကျန်ရှိနေဦးမည်လော။ အကယ်၍ ပိုက်ဆံ အကုန်လုံး သူမ ဆုံးရှုံးသွားခဲ့လျှင် မည်သို့ ဖြစ်ကုန်မည်နည်း။ လူအများအပြားတို့သည် တစ်လုံးတစ်ခဲတည်း ငွေများ တစ်ပုံတစ်ပင် ရရှိသည့်အခါ အကြောင်းအမျိုးမျိုးဖြင့် ဆုံးရှုံးကြတတ်ကြပေသည်။

## သူခိုးလက်မှ သူဝှက်လု

ဝန်ထမ်းအုပ်စုများနှင့် သမဂ္ဂများက ဆူပူအော်ဟစ်ကာ ဒီဘီ ပင်စင်ခံစားခွင့်များကို ကာကွယ်ရန် အတတ်နိုင်ဆုံး ကြိုးစားကြသည်။ သူတို့ ဆူပူအော်ဟစ်တောင်းဆိုကြသည့် ဝန်ထမ်းခံစားခွင့်များသည် အကယ်စင်စစ် ဈေးကြီးနေသည်။ ဤသည်မှာ ငွေရေးကြေးရေးဆိုင်ရာ အေးစက်စက်နှင့် မာကျောနေသည့် အဖြစ်မှန်များ ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများက သိကြသည်မှာ ဝန်ထမ်းခံစားခွင့်များသည် စီးပွားရာလုပ်ငန်းအတွက် သာမက ရင်းနှီးမြှုပ်နှံသူများအတွက်ပါ ဈေးကြီးနေခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အခြားတစ်ဘက်၌ ဝန်ထမ်းခံစားခွင့်များအတွက် ကုန်ကျစရိတ်ကို လျှော့ချဖို့ ရင်းနှီးမြှုပ်နှံသူတို့က အော်ဟစ်တောင်းဆိုနေကြသည်။ ယခုအခါ၌ ထူးခြားသည်မှာ ဝန်ထမ်းများသည်လည်း ရင်းနှီးမြှုပ်နှံသူများ ဖြစ်နေကြသည်။

သို့ဖြစ်ရာ မည်သူက ပိုက်ဆံကို ယူသွားသနည်း။ အခြေအနေအများအပြားတို့တွင် သူခိုးလက်မှ သူဝှက်လု ဖြစ်ပွားလျက် ရှိသည်။ တစ်ဖက်၌ ဝန်ထမ်းတို့က အကျိုးခံစားခွင့်များကို ရယူလိုသည်။ သို့သော် အခြားတစ်ဖက်၌ ၎င်းဝန်ထမ်းသည် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်နေပြီး သူ ရင်းနှီးမြှုပ်နှံထားသည့်ကုမ္ပဏီ အမြတ်များများရသည်ကို လိုလားသည်။ ရှယ်ယာဈေးနှုန်းများ မြင့်တက်သည်ကို လိုလားသည်။ အကယ်၍ ကုမ္ပဏီ၏ ပင်စင်ကုန်ကျစရိတ်များ မြင့်မားခြင်းကြောင့် ၎င်းကုမ္ပဏီ၏ အမြတ်များ

သည် မြင့်တက်မလာလျှင် ဝန်ထမ်းသည် အမြတ်ဝေစု အရနည်းသွားမည်။ သို့ဖြစ်ရာ ဝန်ထမ်း၏ ပိုက်ဆံကို မည်သူ ယူသွားသနည်း။ ဝန်ထမ်းများ ကိုယ်တိုင် ယူသွားခြင်းလော။ အငြိမ်းစားယူသည့် ဝန်ထမ်းများကလက်ရှိ ဝန်ထမ်းများထံမှ ယူသွားခြင်းလော။

**ဒီဘီ ပင်စင် မည်မျှ ဈေးကြီးသနည်း**

ဖော်ကျွန်းမဂ္ဂဇင်း ဆောင်းပါးက သတိပေးချက်ဖြင့် အဆုံးသတ်ထားသည်။ ကလေးအမွေးများသည့်နှစ်ကာတွင် မွေးဖွားခဲ့ကြသူ သန်းချီသောဦးရေအတွက် ကြွယ်ကြွယ်ဝဝရှိသည့် ပင်စင်ကို အငြိမ်းစားယူချိန် တွင် ရရှိနေဆဲဖြစ်ပေရာ သူတို့က ကံကောင်းကြသည်။ ယခုအခါ ထိုသို့ ရရှိမည်ဟု အာမခံချက် မရှိတော့ချေ။

ဒီဘီ ပင်စင်အစီအစဉ် ရရှိသည့် လုပ်သားများသည် အဘယ်ကြောင့် ပူပန်ကြရမည်နည်း။ ၂၀၀၃ ခုနှစ်တွင် ပေးအပ်ရန် ငွေလိုအပ်မှု အများဆုံးဖြစ်သော ဒီဘီပင်စင် အစီအစဉ်အချို့၏ စာရင်းကို ဘီလံယံဒေါ်လာအရ ဖော်ပြအပ်ပါသည်။

| | |
|---|---|
| ဂျင်နရယ်မော်တော်စ် | (–)၉၄.၂ |
| ဖို့ဒ် | (–)၄၆.၆ |
| အမ်ဘီအမ် | (–)၂၅.၃ |
| ဘိုးရင်း | (–)၁၇.၇ |
| အက်ဇွန် | (–)၁၅.၅ |
| ဒူးပွန့် | (–)၁၃.၀ |
| ဗာရီဇွန် | (–)၁၃.၀ |

စာရင်းကို ကြည့်မည်ဆိုပါက ကျွန်ုပ်ကို တစ်စုံတစ်ယောက်က "ကျွန်တော်က ဘလူးချစ်ပ် (blue chip) ကုမ္ပဏီတွေမှာပဲ ရင်းနှီးမြှုပ်နှံပါတယ်" ဟု ပြောလာသည့်အခါ ကျွန်ုပ် တခစ်ခစ်ရယ်မိရသည့်အကြောင်းကို သိသွားမည် ဖြစ်သည်။ ကားထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည့် ဂျင်နရယ်မော်တော်စ်နှင့် ဖို့ဒ်တို့သည် ပင်စင်ခံစားခွင့်များအတွက်ပေးရန် လိုအပ်နေသော ဘီလီယံချီသည့် ငွေပမာဏကို ရရှိရန် ကားစီးရေ မည်မျှအထိ ရောင်းမှဖြစ်မည်ကို ကျွန်ုပ် စဉ်းစားကြည့်မိသည်။

(စကားချပ်။ ။ ဘလူးချစ်ပ် (blue chip) ကုမ္ပဏီသည် နိုင်မာတည်ငြိမ်ပြီး အမြတ်လည်းရသည့် ကုမ္ပဏီများကို ဆိုလိုသည်။ ဘလူးချစ်ပ် ကုမ္ပဏီတို့၏ အစု



ရှယ်ယာဈေးနှုန်းသည် မြင့်မားသည်။ အရည်အသွေး မြင့်မားသည့်အလျောက် ဈေးကြီးနေခြင်းဖြစ်သည်)

**အငြိမ်းစားဝန်ထမ်းအတွက် မည်မျှ ကုန်ကျသနည်း**

ဖော်ကျွန်းမဂ္ဂဇင်းမှ ဆောင်းပါးတွင် ဖော်ပြထားသည်မှာ ဘလူးချစ်ပ်ကုမ္ပဏီများသည် ယခုအခါ အငြိမ်းစား ယူထားပြီးသား ဝန်ထမ်းဟောင်းများ ဦးရေ ၂၁ သန်းအတွက် နှစ်စဉ် ကန်ဒေါ်လာ ၁၁ ဘီလျံ ပေး နေသည်။ ကုမ္ပဏီအတွက် အလုပ်မလုပ်တော့သည့် ဝန်ထမ်းဟောင်းများအတွက် နှစ်စဉ် ကုန်ကျစရိတ် ဖြစ်သည်။ ထိုသို့ အငြိမ်းစားယူသည့် ဝန်ထမ်းဦးရေသည် ဆက်လက်တိုးများနေမည် ဖြစ်ပေရာ ၎င်းကုမ္ပဏီများ၏ စတော့များ မည်သို့ ဈေးနှုန်း ထပ်တက်နိုင်မည်ကို ကျွန်ုပ်စဉ်းစား ၍ မရချေ။ ဈေးနှုန်း မကျဖို့ကိုပင်လျှင် ကျွန်ုပ် စဉ်းစား၍ မရချေ။

**ကမ္ဘာတစ်လွှား ပြဿနာ**

လူအများအပြားတို့သည် မည်သည့်အခါမှ အနားယူနိုင်မည် မဟုတ် ချေ။ အလုပ်မလုပ်နိုင်တော့သည်အဆုံးကျမှ အလုပ်လုပ်ခြင်းကို သူတို့ ရပ်လိုက်ကြမည် ဖြစ်သည်။ ကမ္ဘာ့လူဦးရေ အသက်အပိုင်းအခြားကြောင့် သက်ကြီးရွယ်အို လူမှုဖူလုံရေးစနစ်သည် ကမ္ဘာတစ်လွှားတွင် ပြဿနာတက်နေသည်။ သတင်းများတွင် ဖော်ပြသည်မှာ ဂျပန်နိုင်ငံအပြင် ပြင်သစ် နှင့် ဂျာမနီ နိုင်ငံများတွင်လည်း ပိုတိုးများလာနေသည့် အငြိမ်းစား ယူသူ ဦးရေကို ထောက်ပံ့ပေးထားဖို့အတွက် မည်သို့ တတ်နိုင်မည်နည်းဆိုသည့် ပြဿနာသည် အမေရိကန်နှင့် ဗြိတိန်နိုင်ငံများထက် ပိုဆိုးဝါးနေသည်။ ဥရောပ၌ လက်ရှိအလုပ်လုပ်ကိုင်နေကြသူများသည် ဒဏ်ပိနေသဖြင့် ပင်စင်စနစ်ကို ပြင်ဆင်ဖို့ တောင်းဆိုနေကြသည်။ အမေရိကန်နှင့် ဗြိတိန်တို့တွင်လည်း အလားတူ ဆန္ဒပြခြင်းများ ဖြစ်ပေါ်ဖို့ မည်မျှကြာကြာ လိုသေးသနည်း။ ကလေးအမွေးများသည့်ကာလ၌ မွေးဖွားခဲ့ကြသူများသည် ပင်စင် ပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒပြကြမည်လော။

**ပိုက်ဆံဂိမ်းကို အနိုင်ရခြင်း**

သူဌေးဖေဖေက မကြာခဏ ပြောလေ့ရှိသည်မှာ "ဘဝဆိုတာ အချိန်နဲ့ ပိုက်ဆံတို့ရဲ့ ဂိမ်းတစ်မျိုးပါပဲ" ဟူ၍ ဖြစ်သည်။ ကျွန်ုပ် အသက်သုံးဆယ်နှစ် ရောက်ခါနီးတွင်

ငွေရေးကြေးရေး ပြဿနာထဲ ကျွန်ုပ် ရောက်ရှိခဲ့သည်။ ထိုအခါ သူဌေးဖေဖေက သူ၏ ငွေရေးကြေးရေး ဂိမ်း အစီအစဉ်ကို ကျွန်ုပ်အား ဝေမျှပေးခဲ့သည်။ သူက ပြောသည်။ "လူအများစုအတွက် အလုပ်လုပ်တဲ့ အသက်အပိုင်းအခြားဟာ ၂၅ မှ ၆၅ နှစ်အထိလို့ သတ်မှတ်ထားကြတယ်။ တစ်နည်းပြောရရင် ငါတို့ နှစ်ပေါင်း ၄၀ တိုင်တိုင် အလုပ်လုပ်ကိုင်ကြတယ်။ မင်းရဲ့ အလုပ်လုပ်တဲ့အသက် အပိုင်းအခြားကို ပိုက်ဆံဂိမ်းလို့ ကြည့်မယ်ဆိုရင် ဂိမ်းကို လေးပိုင်းစိတ်တွေ ပိုင်းခြားလို့ ရတယ်။ တစ်ပိုင်းကို ၁၀ နှစ် ကြာမယ်။ တစ်နည်းပြောရရင် မင်းရဲ့ အလုပ်ဘဝအပိုင်းအခြားဟာ ၁၀ နှစ် လေးပိုင်း စိတ်တွေလို့ ဆိုနိုင်တယ်"

### လေးပိုင်းစိတ် ဇယားကွက်

သူဌေးဖေဖေက ပူပန်ရသည်မှာ ကျွန်ုပ်၏ အလုပ်ဘဝ ပထမလေးပိုင်း စိတ်သည် ငွေရေးကြေးရေး သပွတ်အူလိုက်နေခဲ့သောကြောင့် ဖြစ်သည်။ သူက အောက်ပါပုံကို ဆွဲပြသည်။

| ပိုက်ဆံ၏ ဂိမ်း | |
|---|---|
| **အသက်** | **ကာလအပိုင်းအခြား** |
| ၂၅ - ၃၅ | ပထမကွာတား |
| ၂၅ - ၃၅ | ဒုတိယကွာတား |
| **ထက်ဝက်ရှိန်ခါ (ဘဝတစ်သက်တာ ထက်ဝက်အချိုးအကွေ့)** | |
| ၄၅ - ၅၅ | တတိယကွာတား |
| ၅၅ - ၆၅ | စတုတ္ထကွာတား |
| **အချိန်ပို (အပြီးမ်းစားယူဖို့ မတတ်နိုင်ခြင်း)** | |
| **အခါနှောင်းခြင်း (အစုဘာလဲ)** | |



"မင်းရဲ့ ပထမလေးပိုင်းစိတ်ကို ဆုံးရှုံးသွားပြီ။ မင်းရဲ့ အမှားတွေကနေ သင်ယူခြင်း မပြုဘဲ အချိုးမပြောင်းရင် မင်းရဲ့ ဘဝတစ်ခုလုံးမှာ ငွေရေးကြေးရေး သပွတ်အူ လိုက်နေလိမ့်မယ်"

**အသက် ၂၅ – ၃၅ ပထမလေးပိုင်းစိတ်**
**ဝင်ငွေ ကြေညာလွှာ**

| |
|---|
| ဝင်ငွေ |
| အသုံးစရိတ် |

**လက်ကျန်ရှင်းတမ်း**

| | |
|---|---|
| တန်ဖိုးရှိ ပိုင်ဆိုင်မှု ဘာမှမရှိ | ပေးရန်ကျန်များ ၇၀၀,၀၀၀ |

သူပြောသည်မှာ မှန်သည်။ ကျွန်ုပ်၏ ငွေရေးကြေးရေးဘဝ ပထမ လေးပိုင်းစိတ်တွင် ကျွန်ုပ်၏ ပထမဆုံးဖြစ်သော စီးပွားရှာလုပ်ငန်းဆုံးရှုံး သွားခဲ့ပြီး အကြွေးနွံထဲ အနက်ပိုင်းအထိ နစ်နေသည်။ သိက္ခာကျဆင်း သည့်အပြင် ယခုထိ ပျက်ချော်ချော် စီးပွားရေး သမားတစ်ဦးသာဖြစ်နေဆဲ ဖြစ်သည်။ ကျွန်ုပ် အသက် ၃၅ နှစ် ဝန်းကျင်တွင် ဟာဝါအီမှ ထွက်ခွာဖို့ ကျွန်ုပ် ဆုံးဖြတ်ခဲ့ရသည့် အကြောင်းရင်းတစ်ခုမှာ ကျွန်ုပ်၏ ဘဝကို ဖြောင့်ဖြူးအောင် လုပ်ရမည်ဟု ကျွန်ုပ်သိသောကြောင့် ဖြစ်သည်။ အသက် ၂၅ နှစ်နှင့် ၃၅ နှစ်ကြားတွင် ကျွန်ုပ်၏ ဘဝသည် အပျော်အပါး၊ လိုင်းစီးခြင်း၊ ဘောလုံးကစားခြင်း၊ မိန်းမများ ပိုးပန်းခြင်း၊ မြန်မြန်ဆန်ဆန် သူဌေးဖြစ်ရန် ကြံစည်လုပ်ကိုင်ခြင်းတို့ဖြင့် အချိန်ကုန်လွန်သွားခဲ့သည်။ ကျွန်ုပ် အပြောင်းအလဲတချို့ လုပ်ဖို့လိုကြောင်း ကျွန်ုပ်သိသည်။ ၁၉၈၄ ခုနှစ်၌ ကျွန်ုပ် အသက် ၃၇ နှစ်တွင် ကျွန်ုပ် ဟာဝါအီမှ ထွက်ခွာခဲ့သည်။ တစ်မှ

တစ်ဖန်ပြန်စခဲ့သည်။ ထိုသို့ ကျွန်ုပ်လူသစ် ဖန်တီးရန် ဟာဝါဒ်မှ ထွက်ခွာခဲ့ခြင်း ဖြစ်သည်။

*Rich Dad's Retire Young Retire Rich* အမည်ရှိ စာအုပ်ကို ကျွန်ုပ် ရေးသားခဲ့ရာ၌ ကျွန်ုပ်ဘဝ၏ ဒုတိယလေးပိုင်းစိတ်ကို ရေးသားထားသည်။ ၁၉၈၄ ခုနှစ်တွင် ကျွန်ုပ်သည် လာမည် ၁၀ နှစ် အပြီး၌ အငြိမ်း စားယူရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ကျွန်ုပ် အငြိမ်းစား ယူလိုက်သည်။ ကျွန်ုပ်၏ အသက်သည် ၄၇ နှစ် ရှိပြီဖြစ်သည်။ ပိုက်ဆံဂိမ်းကို ကျွန်ုပ်က အချိန်တစ်ဝက်တွင် အနိုင်ရလိုက်သည်။

ပိုက်ဆံဂိမ်းကို အနိုင်ရခြင်းသည် ကျွန်ုပ်၏ လုပ်အားထံမှ မဟုတ်ဘဲ ကျွန်ုပ်တို့၏ တန်ဖိုးရှိ ပိုင်ဆိုင်မှုများထံမှ ပိုက်ဆံများသည် ကုန်ကျစရိတ် ထက် ပိုများသောပမာဏဖြင့် ဝင်လာနေခြင်းကို ဆိုလိုသည်။ ၁၉၉၄ ခုနှစ် တွင် ကျွန်ုပ်၏ဇနီး ကင်မ်နှင့် ကျွန်ုပ်တို့သည် လစဉ် ကန်ဒေါ်လာ ၁၀,၀၀၀ နီးပါးကို ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုများထံမှ ရရှိနေပြီ ဖြစ်သည်။ ကုန်ကျစရိတ်များအဖြစ် ထွက်ငွေမှာ ကန်ဒေါ်လာ ၃,၀၀၀ ဖြစ် သည်။ ကျွန်ုပ်တို့သည် မချမ်းသာသော်လည်း ငွေရေးကြေးရေးအရ လွတ်လပ်နေကြပြီ ဖြစ်သည်။ ကျွန်ုပ်တို့ အလုပ်လုပ်ဖို့ မလိုတော့ချေ။ ကျွန်ုပ်တို့သည် ကုမ္ပဏီပင်စင်နှင့် အစိုးရပင်စင်တို့ မလိုအပ်ချေ။ ကျွန်ုပ်တို့သည် ပိုက်ဆံဂိမ်းကို အနိုင်ရကြပြီ ဖြစ်သည်။ ကျွန်ုပ်တို့၏ ငွေရေးကြေးရေး အခြေအနေကို ထိန်းချုပ်ထားနိုင်ပြီ ဖြစ်သည်။

အသက် ၄၇ နှစ်တွင် ဂိမ်းကို နိုင်ပြီးသည့်အခါ ကျွန်ုပ်သည် ဘဝကို ခြင့်သုံးသပ်ရန် နှစ်နှစ် အနားယူသည်။ ထိုကာလတွင် ကျွန်ုပ်သည် *Rich Dad Poor Dad* ကို စာမူကြမ်း ရေးသားသည်။ CASHFLOW 101 ဘုတ်ပြားဂိမ်းကို ဖန်တီးသည်။ ထိုကာလတွင် ကျွန်ုပ်တို့ အုပ်စုသည် ရေနံနှင့် သတ္တုတွင်း ကုမ္ပဏီအချို့တို့ကို ကမ္ဘာနေရာအချို့တို့၌ ဖွဲ့စည်း ထူထောင်သည်။ ၎င်းတို့အထဲတွင် အချို့ကုမ္ပဏီများသာ အလုပ်ဖြစ်ပြီး ကျန်သည် တို့ကို ဖျက်သိမ်းခဲ့ရသည်။

၂၀၀၀ ပြည့်နှစ် မေလတွင် အော်ပရာဝင်းဖရီက သူမ၏ ရုပ်မြင် သံကြား အစီအစဉ်တွင် ပါဝင်ရန် ကျွန်ုပ်ကို ဖိတ်ကြားသည်။ ထိုနောက် ပိုင်းတွင် အကြီးအကျယ် အောင်မြင်ခဲ့သည်။ *Rich Dad Poor Dad* သည် ကမ္ဘာအနှံ့ ဖြန့်ချိရောင်းချသည်။ ကျွန်ုပ်သည် ကျော်ကြားသူအဖြစ်သို့ ရုတ်ချည်းရောက်ရှိ သွားသည်။ ကျွန်ုပ်ဘဝ၏ တတိယလေးပိုင်းစိတ်သည် ကျွန်ုပ်အသက် ၄၅ မှ ၅၅ နှစ်အထိ ဖြစ်ပြီး ကျွန်ုပ်၏ အရိုင်းဆုံးအိပ်မက်များကို ကျော်လွန်ခဲ့သည်။ အထင်ကရ ရုပ်မြင်သံကြားများ၏ တွေ့ဆုံ



မေးမြန်းခန်းများတွင် ကျွန်ုပ် ပါဝင်ခဲ့ရသည်။ ကျွန်ုပ်၏ စာအုပ် ၅ အုပ်သည် နယူးယောက်တိုင်းမ် အရောင်းရဆုံး စာအုပ်စာရင်းတွင် ပါဝင်ခဲ့သည်။ ကျွန်ုပ်၏ ပထမလေးပိုင်းစိတ် ငွေရေးကြေးရေးဘဝသည်သပွတ်အူ လိုက်ခဲ့သော်လည်း ဒုတိယ နှင့် တတိယ လေးပိုင်းစိတ်များတွင် အောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။

**ဝင်ငွေ ကြေညာလွှာ**

| |
|---|
| ဝင်ငွေ<br>၁၀,၀၀၀ |
| အသုံးစရိတ်<br>၃,၀၀၀ |

**လက်ကျန်ရှင်းတမ်း**

| တန်ဖိုးရှိ ပိုင်ဆိုင်မှု | ပေးရန်ကျန်များ |
|---|---|
| | |

ကျွန်ုပ်၏ ပိုက်ဆံဂိမ်းမှ စတုတ္ထလေးပိုင်းစိတ်တွင် ကျွန်ုပ်သည် ကွဲပြားခြားနားမှု ဘာကိုမှ မလုပ်ချေ။ ကျွန်ုပ်သည် လုပ်ငန်းရှင်တစ်ဦး ဖြစ်နေဆဲဖြစ်ပြီး ဘီ လေးပိုင်းစိတ်ထဲမှာ ရှိနေသည့် စီးပွားရှာလုပ်ငန်း တည်ဆောက်သူတစ်ဦး ဖြစ်နေဆဲလည်း ဖြစ်သည်။ အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံသည်။ အိုင် လေးပိုင်းစိတ်မှ ရင်းနှီးမြှုပ်နှံမှုများတွင်လည်း ရင်းနှီးမြှုပ်နှံသည်။ တစ်နည်းဆိုရသော် ဂိမ်းသည် ယခင်အတိုင်း အတူ တူပင်ဖြစ်သည်။ ကျွန်ုပ် အလေးထားသည်မှာ ကလေးအမွေးများသည့် ကာလတွင် မွေးဖွားခဲ့ကြသူများ တွင် အများအပြားတို့သည် ယခုအခါ၌ နိုးသွားကြပြီး သူတို့မှာ အချိန်နှင့် ပိုက်ဆံ မလုံလောက်ကြောင်းကို သဘောပေါက်ကုန်ကြခြင်း ဖြစ်သည်။ သူတို့သည် ပိုက်ဆံ ဂိမ်းကိုမည်သို့ ကစားရမည်ကိုလည်း မသိကြချေ။ ဤစာအုပ်၏ ဒုတိယပိုင်းတွင်

ပိုက်ဆံဂိမ်း အောင်နိုင်ခြင်းအကြောင်းကို ဖော်ပြထားပြီး သင့်မှာ အချိန် နှင့်ပိုက်ဆံ တိုတောင်းနေလျှင်တောင် အောင်မြင်အောင် လုပ်နိုင်ပုံကို တင်ပြထားသည်။

ကျွန်ုပ်သည် ဘဝ၏ ပထမ လေးပိုင်းစိတ်တွင် လုပ်ငန်းရှင်အဖြစ် လုပ်ကိုင်ခြင်းနှင့် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံခြင်းတို့၌ အရှုံးသမားဖြစ်ခဲ့သော်လည်း ဘဝကို ပြောင်းလဲပစ်လိုက်ပြီးသောအခါ ကျွန်ုပ်သည် ပိုက်ဆံဂိမ်းကို အလေးအနက်ထားပြီး ကစားဖို့ စိတ်ပိုင်းဖြတ်ခဲ့သည်။

## ကျွန်ုပ် ဘာကြောင့် ဆက်လုပ်သလဲ

ကျွန်ုပ် မကြာခဏ မေးမြန်းလေ့ ရှိသည့်မှာ "ခင်ဗျားက အငြိမ်းစားယူဖို့ တတ်နိုင်တယ်ဆိုရင် ခင်ဗျားက ဘာလို့ အလုပ်လုပ်နေရတာလဲ" ဟူ၍ ဖြစ်ပြီး ထိုမေးခွန်းအတွက် အဖြေလေးခု ရှိနေသည်။

၁။ ပထမအဖြေမှာ ကျွန်ုပ်သည် စီးပွားရှာလုပ်ငန်း တည်ဆောက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း အထူးသဖြင့် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ ပြုသည့် ဂိမ်းကို နှစ်သက်သောကြောင့် ဖြစ်သည်။ ထိုဂိမ်းများကို ကျွန်ုပ်တစ်သက်တာလုံး ကစားသွားဖွယ်ရာ ရှိသည်။ အချိန်တစ်ဝက်ရောက်ချိန်၌ ကျွန်ုပ် အငြိမ်းစားယူသည့်အခါ ဂိမ်းထဲမှ ကျွန်ုပ် ထွက်လိုက်သည်။ ကျွန်ုပ် ဂေါက် စရိုက်သည်။ ထိုအခါ ကျွန်ုပ် အလွန်ငြီးငွေ့သည်။ ကျွန်ုပ်၏ ဘဝကို အလဟဿ ဖြစ်အောင် ပြုနေသည်ဟု ခံစားမိသည်။ ကျွန်ုပ်အဖို့ ပိုက်ဆံသည် ဂိမ်း၏ ရမှတ်မျှသာ ဖြစ်သည်။ ဂိမ်းကို ကျွန်ုပ် လွမ်းသည်။ နှစ်နှစ်တိုင်တိုင် နားပြီးချိန်တွင် ကျွန်ုပ် ဂိမ်းထဲသို့ ပြန်ဝင်ခဲ့သည်။

၂။ ဒုတိယအဖြေမှာ ကျွန်ုပ်သည် ကမ္ဘာပေါ်၌ ရှိသူများနှင့် မရှိသူများ အကြားကွာဟမှု ကြီးမားလာနေသည်ကို စိုးရိမ်ပူပန်မိသည်။ မည်သည့်အခါမျှ အငြိမ်းစားယူနိုင်မည် မဟုတ်သောသူများအတွက်လည်း ကျွန်ုပ် အမှုထားသည်။ သူတို့ တစ်သက်လုံး အလုပ်လုပ်ကိုင်ခဲ့သော်လည်း သူတို့သည် ပိုက်ဆံဂိမ်းကို ရှုံးနေသည်။ ကျွန်ုပ်နှင့်အတူ ကလေးအမွေးများသည့် ကာလတွင် မွေးဖွားခဲ့ကြသူ အများအပြားတို့သည် ဂိမ်း၏ စတုတ္ထ လေးပိုင်းစိတ်ထဲသို့ ရောက်ရှိနေကြပြီဖြစ်ပြီး ရမှတ်များ နောက်ကျကျန်ရစ်ကြသည်။

၃။ တတိယအဖြေမှာ ချမ်းသာပြီးသားဖြစ်သူတို့၏ လောဘတက်ခြင်းအပေါ် ကျွန်ုပ် စိတ်အနှောက်အယှက် ဖြစ်မိသည်။ မိမိလုပ်ကိုင်သည့် ကော်ပိုရေးရှင်းထံမှ



နိုးယူခဲ့ကြသူများသည် အလွန်ချမ်းသာသွားကြပြီ ဖြစ်သည်။ ကန်ဒေါ်လာ သန်းတစ်ရာကျော် ရထားပြီးသား ဖြစ်သူတစ်ဦး က ဝန်ထမ်းများနှင့် ရင်းနှီးမြှုပ်နှံသူများထံမှ ထပ်နိုးယူလိုနေသည်ကို ကျွန်ုပ် လက်ခံ၍ မရချေ။

၄။ စတုတ္ထအဖြေမှာ ကျွန်ုပ်တို့၏ ပညာရေး အဆောက်အအုံတွင် ငွေရေးကြေးရေး မသိနားမလည်ခြင်းသည် ကျွန်ုပ်တို့ တိုင်းပြည်ကိုထိခိုက် သည်။ ကျောင်းသူကျောင်းသားအားလုံးတို့အတွက် ငွေရေးကြေးရေး ပညာရေး အရေးပါပုံကို ဆက်လက်၍ မသိနားမလည်ဖြစ်နေဆဲဖြစ်သော ကျွန်ုပ်တို့၏ ကျောင်းစနစ်သည် ကျွန်ုပ်ကို စိတ်အနှောင့်အယှက်တကယ်ဖြစ်နေစေသည်။ ကျောင်းသား တစ်ဦးသည် ပထမရသည်ဖြစ်စေ၊ စာမေးပွဲကျသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ဘွဲ့ရပြီးသည့်အခါ သို့မဟုတ် ဘွဲ့မရလျှင်လည်း သူသည် ပိုက်ဆံကို သုံးစွဲမည် ဖြစ်သည်။ ပိုက်ဆံကို စီမံခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းတို့သည် သင်ယူထားရမည့် ဘဝတတ်ပွန်မှုတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့အားလုံး တတ်ထားဖို့ လိုအပ်သည်။ သို့ပါလျက် ကျောင်းသင်ရိုးတွင် ပိုက်ဆံအကြောင်း မပါသည်ကို ကျွန်ုပ် လက်ခံ၍ မရချေ။

ကျွန်ုပ်တို့၏ ကျောင်းများအတွက် ငွေရေးကြေးရေး ပညာရေး၏ တာဝန်ခံအဖြစ် ကျွန်ုပ် ထမ်းဆောင်ရပါက အရင်ဆုံး ကျွန်ုပ် လုပ်လိုသည်မှာ ကလေးများကို အခွန်အကြောင်း သင်ပြခြင်း ဖြစ်သည်။ အခွန်သက်သာမှုများ အများစုတို့သည် စီးပွားရှာလုပ်ငန်းရှင်များအတွက်သာ ဖြစ်နေသည်။ ဝန်ထမ်းများအတွက် အခွန်သက်သာမှုသည် စတိသဘောမျှသာ ဖြစ်သည်။ ထိုအချက်ကို လူငယ်များသိထားပါက လုပ်ငန်းရှင်တစ်ဦး ဖြစ်အောင်လုပ်ဖို့ စိတ်ကူးများ ရရှိကြပြီး အကယ်၍ လုပ်ငန်းရှင်များ ဖြစ်လာကြသည့်အခါ အလုပ်အကိုင်များကို သူတို့ ဖန်တီးပေးနိုင်ကြမည် ဖြစ်သည်။

## နိုင်ပြီးမှ ပြန်ရှုံးသွားနိုင်သည်

ပိုက်ဆံဂိမ်း အတော်အရေးပါရသည့် အကြောင်းတစ်ချက်မှာ သင်သည် နိုင်ပြီးကာမှ ပြန်ရှုံးသွားနိုင်သောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ဘောလုံးပွဲတွင် ပထမပိုင်းအချိန်တစ်ဝက်တွင် ၂-၀ ဖြင့် နိုင်နေသောအသင်းသည် ပွဲပြီးချိန်၌ ရှုံးသောအသင်းဖြစ်သွားနိုင်သည်။

ပိုက်ဆံဂိမ်းတွင်လည်း ဘောလုံးပွဲကဲ့သို့ နိုင်ပြီးကာမှ ရှုံးသွားနိုင် သည်။ သို့သော် ကွာခြားသည်။ သို့သော် ဘောလုံးပွဲနှင့် မတူသည်မှာ ၂-၀ ဖြင့် နိုင်ထားပြီးမှ ၀-၂

ဖြစ်သွားပြီး သုညပြသွားအောင် ရှုံးသွား နိုင်ခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် ဒုတိယလေးပိုင်းစိတ်တွင်ငွေရေး ကြေးရေးအရ အနိုင်ရပြီး ရမှတ်ဘုတ်ပြားပေါ်တွင် ရမှတ်များ ဖော်ပြခံရ သော်လည်း စတုတ္ထလေးပိုင်းစိတ် ရောက်ရှိချိန်တွင် နိုင်ထားသမျှ အကုန်လုံး ကုန်သွားနိုင်ခြင်း ဖြစ်သည်။

စတော့ဈေးကွက် ပြိုလဲခြင်း မတိုင်မီ၌ လူအများအပြားတို့သည် ငွေရေးကြေးရေး အရ အနိုင်ရထားကြသည်။ လူအများတို့သည် စာရွက် ပေါ်တွင် သန်းကြွယ်သူဌေးများ ဖြစ်နေနိုင်သည်။ သို့သော် ဈေးကွက်ပြိုလဲပြီးချိန်တွင် လေးပိုင်းစိတ်တစ်ခုတွင် အနိုင်ရ ထားသမျှတို့သည် နောက် ထပ်လေးပိုင်းစိတ်တစ်ခုတွင် ပြန်ယူသွားခြင်း ခံရကြောင်း ကို သူတို့တွေ့ ကြရသည်။

ကျွန်ုပ်နှင့်အတူ မွေးဖွားခဲ့ကြသည့် ကလေးမွေးဖွားမှု များပြားသည့် ကာလတွင် မွေးဖွားခဲ့ကြသူများတွင် အများအပြားတို့သည် ယခုအခါ စတုတ္ထလေးပိုင်းစိတ်ထဲသို့ ရောက်ရှိနေကြပြီဖြစ်ပြီး တစ်နှစ်တာလုပ်ကိုင်သမျှ ဘာမှ အဖတ်မတင်သည့်အဖြစ်ကို ကြုံနေရသည်။ အများစုက ငွေကြေးအကြံပေးတို့၏ စကားဖြစ်သည့် "ရေရှည်အတွက် ရင်းနှီးမြှုပ်နှံပါ"ကို နားယောင်ခဲ့ကြသည်။ ထိုအကြံပေးချက်၏ ပြဿနာမှာ သူတို့ သည် ပိုက်ဆံဂိမ်း၏ စတုတ္ထလေးပိုင်းစိတ်တွင် ရောက်ရှိနေကြခြင်း ဖြစ် သည်။ သူတို့မှာ ရှိထားသည်တို့ ကုန်သွားပြီဖြစ်သည်။ ပထမပိုင်းအချိန် တစ်ဝက်တွင် နိုင်ထားသမျှ စတုတ္ထလေးပိုင်းစိတ်တွင် ဆုံးရှုံးသွားသည်။ ရှေ့သို့သာ ရွှေ့သည့်အချိန် ဆက်လက် ရွှေ့လျားနေသည်။ နောက်ကြောင်း ပြန်မလှည့်ချေ။ အစီရင်ခံစာတစ်ခုတွင် ကျွန်ုပ် ဖတ်ရှုရသည်မှာ ယခု အသက်ရှင်နေထိုင်လျက် ရှိသူတို့၏ သုံးပုံနှစ်ပုံသည် အသက် ၆၅ နှစ် ကျော်အထိ အသက်ရှည်ကြသည်။ သို့ဖြစ်ရာ လူမှုဖူလုံရေးစနစ်ကို ဖန်တီးစဉ် က လူ့သက်တမ်းထက် များစွာ အသက်ပိုရှည်နေကြပေရာ အငြိမ်းစားယူသည့် အသက် သည် ၆၅ မှ ၆၇ နှစ်အတွင်းမှာ ဖြစ်သည်။

## လေယာဉ်မှူးတို့ ဆုံးရှုံးကြသည်

၁၉၆၉ ခုနှစ်တွင် ဘွဲ့ပြီးသည့်အခါ ကျွန်ုပ်သည် အရပ်ဘက် သင်္ဘောပေါ်တွင် လုပ်ကိုင်ခြင်းအစား အမေရိကန်ရေတပ်တွင် မိမိဆန္ဒ အလျောက် လုပ်ကိုင်ရန် ရွေးချယ်ခဲ့ရာ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည် နယ်၊ ပင်စာကိုလာရှိ လေယာဉ်မောင်း သင်တန်း ကျောင်းကို တက်ရောက်ရန် စေလွှတ်ခံရသည်။ ၁၉၆၉ မှ ၁၉၇၄ ခုနှစ် အတွင်း၌



ကျွန်ုပ်သည် သင်္ဘောအရာရှိ ဖြစ်ရမည့်အစား စစ်တပ်တွင် လေယာဉ်မှူး ဖြစ်နေသည်။ ကျွန်ုပ်နှင့်အတူ လုပ်ကိုင်ခဲ့ကြသည့် အရာရှိအများစုတို့သည် အရပ်ဘက် လေကြောင်း လိုင်းများတွင် လေယာဉ်မှူးအဖြစ် ဝင်ရောက်လုပ်ကိုင်ကြ သည်။ လေကြောင်းလိုင်းများသည် ၁၉၀၇ ပြည့်လွန်နှစ်များတွင် လေယာဉ်မှူးတို့ကို လစာကောင်းကောင်း ပေးကြသည်။ လုပ်ချင်စရာကောင်းလှသည့် အလုပ်အကိုင် ဖြစ်နေသည်။ နောက်ပြန်မလှည့်သည့် အချိန်သည် ရှေ့သို့ ဆက်လက်ချီတက်ရာ အပြောင်းအလဲများ ဖြစ်ပေါ်သည်။ ယခု အခါ လေကြောင်းလိုင်း အများအပြားတို့သည် လုပ်ငန်းဖျက်သိမ်းခြင်း၊ ဒေဝါလီခံခြင်း တို့ဖြင့် အဆုံးသတ်ခဲ့ကြပြီးပြီ ဖြစ်သည်။ သို့ဖြစ်ရာ လေယာဉ်မှူးများသည် ပင်စင်မရခြင်း၊ ရလျှင်လည်း အများကြီးလျှော့ထား သည့် ပင်စင်ဖြစ်နေခြင်းတို့ကိုသာ ကြုံကြရသည်။ ၂၀၀၃ ခုနှစ် ထုတ်ဝေသည့် ဝေါစထရီဂျာနယ်တွင် ပင်စင်ကိစ္စကို ဆောင်းပါးတစ်ပုဒ်ဖြင့် ဖော်ပြထားသည်။

သန်းချီသော ဦးရေရှိသည့် အမေရိကန်လုပ်သားများအတွက် ပင်စင် အစီအစဉ် အကြောင်း အချက်အလက်များကို ကုမ္ပဏီတို့က လျှို့ဝှက်ထားကြသည်။ အချို့ အလုပ် ရှင်များသည် အထူးသဖြင့် စတီးလ် ထုတ်လုပ်သူများသည် ဆယ်စုနှစ်အတန်ကြာ ကျင့်သုံးခဲ့သည့် ပင်စင် အစီအစဉ်များကို အဆုံးသတ်လိုက်ကြသည်။ အခြား ကုမ္ပဏီ အများအပြားတို့သည် ပင်စင်ခံစားခွင့်များကို လျှော့ချကြ သည်။ ယခုအခါ အလုပ်ရှင်များ သည် ပင်စင်ကျေးဇူးပြုခြင်း ပိုမို နည်းပါးရန်နှင့် အငြိမ်းစားယူသည့်အခါ ပေးရသည့် ငွေပမာဏ ပိုနည်းပါးစေရန်အတွက် တွက်ချက်ပုံ ပုံသေနည်း ပြောင်းလဲပေးရန် ကွန်ဂရက် အမတ်များကို စည်းရုံးနေကြသည်။

ဝန်ထမ်းများနှင့် အငြိမ်းစားများသည် သူတို့အတွက် ပင်စင် သည် ငွေရေးကြေးရေး အခြေအနေ မည်သို့ရှိသည်ကို သိဖို့မည်သည့် နည်းနှင့်မှ မဖြစ်နိုင်ကြချေ။ ကုမ္ပဏီများ က အချိန်နှင့် တစ်ပြေးညီ ဖြစ်သည့် အချက်အလက်များကို ပေးဖို့ ခုခံကာကွယ်ထားကြ သည်။

ဆောင်းပါးတွင် ဝန်ထမ်းများသည် သူတို့ရမည့် ပင်စင် အခြေအနေအကြောင်း အချက်အလက်များ သိဖို့ တစ်ချိန်တုန်းက လွယ်ကူခဲ့သည်။ သို့သော် ၁၉၉၅ ခုနှစ်တွင် အကုန်ပြောင်းလဲသွားခဲ့သည်ဟု တင်ပြထားသည်။ ၁၉၉၅ ခုနှစ်တွင် ကွန်ဂရက်က ပင်စင်အစီအစဉ်များကို အသေးစိတ် အချက်အလက်များ ပေးအပ်ရမည်ဟု စတင်

တောင်းဆိုခဲ့ရာ သက်ဆိုင်ရာ အစိုးရဌာနသို့ ၎င်းအချက်အလက်များ အသိပေးကြရသည်။ ထိုသို့ အသိပေးကြရာ၌ ၎င်းအချက်အလက်များကို ပြင်ပသို့ မပေါက်ကြားရန် ၎င်းသက်ဆိုင်ရာဌာနအနေဖြင့် နှုတ်လုံဖို့ သဘောတူခဲ့ရသည်။ သို့ဖြစ်ရာ ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် ဝန်ထမ်းများသည် သူတို့၏ ပင်စင်အစီအစဉ် အခြေအနေ အကောင်းအဆိုးတို့ကို မသိကြရတော့ချေ။

## လေယာဉ်မှူးများ၏ ပင်စင်ကို ကုမ္ပဏီမှ ရယူခြင်း

ဆောင်းပါးတွင် အမေရိကန် လေကြောင်းလိုင်းများမှ လေယာဉ်မှူးများသည် သူတို့၏ ပင်စင် မည်သို့ ဆုံးရှုံးခဲ့ရသည်ကိုလည်း ဖော်ပြထားသည်။ သူတို့၏ ပင်စင်အခြေအနေအကြောင်း မည်သည့်အချက်အလက်ကိုမှ သိခွင့်မရသဖြင့် နစ်နာဆုံးရှုံးခဲ့ကြသည်။ မတ်လ ၃၁ ရက်တွင် အမေရိကန်လေကြောင်းလိုင်းများ လုပ်ငန်းစုသည် လုပ်ကိုင်ဆဲနှင့်အငြိမ်းစား လေယာဉ်မှူး ၇,၀၀၀ ဦးတို့၏ ပင်စင်များကို အဆုံးသတ်ခဲ့သည်။ သို့ဖြစ်ရာ လေယာဉ်မှူး ၇,၀၀၀ ဦးတို့သည် သူတို့၏ အငြိမ်းစား အစီအစဉ်ကိုသာမက ၎င်းအစီအစဉ်တွင် ထည့်ဝင်ထားသည့် ပိုက်ဆံများ အကုန်လုံးပါ ရုတ်တရက် ဆုံးရှုံးသွားခြင်း ဖြစ်သည်။ အမေရိကန် လေကြောင်းလိုင်းများ လုပ်ငန်းစု၏ အိတ်ထောင်ထဲသို့ ကန်ဒေါ်လာ ၃၈၇ သန်း ရောက်ရှိသွားခြင်း ဖြစ်သည်။ ၎င်းသည် ပင်စင်ရန်ပုံငွေများဖြစ်ပြီး လေယာဉ်မှူးတို့နှင့် သက်ဆိုင်သည့်ငွေများ ဖြစ်သည်။ ၎င်းကုမ္ပဏီ တစ်ခုတည်းသာ ထိုသို့ လုပ်ကိုင်ခြင်း မဟုတ်ချေ။ ကုမ္ပဏီ အများအပြား တို့သည်လည်း အလားတူနည်းဗျူဟာများကို သုံးစွဲပြီး ချမ်းသာသူတို့ ပိုချမ်းသာအောင် လုပ်သည်။ ဝန်ထမ်းများကို အတင်းအကျပ် အလုပ်ထွက်ခိုင်းသည်။ ဝန်ထမ်းများ၏ ပင်စင်များကို ရုပ်သိမ်းသည်။ သို့ဖြစ်ရာ ပင်စင်ရန်ပုံငွေသည် မည်မျှ စိတ်ချရမည်နည်း။

## အချိန်သည် မည်သူ့ကိုမျှမစောင့်

ဝေါလ်စထရိဂျာနယ်၏ ဆောင်းပါးတွင် အငြိမ်းစားတချို့တို့က သူတို့၏ ပင်စင်အစီအစဉ် ဆုံးရှုံးသွားခဲ့သည့်အတွက် မည်သို့ စီမံဆောင်ရွက်ပုံကို ဖော်ပြထားသည်။ မသန်စွမ်းသည့် ပင်စင်စားများသည် အထိအနာဆုံးများထဲတွင် ပါဝင်သည်။ သူတို့ရရှိသည့် မစွမ်းမသန် ထောက်ပံ့ငွေသည် ပင်စင်နှင့် ချိတ်ဆက်ထားသဖြင့် ပင်စင်အစီအစဉ် မရှိတော့သည့်အခါ ၎င်းထောက်ပံ့ငွေကို မရကြတော့ချေ။ ဟာ့ချ်ဂရင်းဝုဒ်သည်



၁၉၉၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး မသန်မစွမ်း လစဉ်ထောက်ပံ့ကြေး ကန်ဒေါ်လာ ၂,၀၀၀ ဆုံးရှုံးသွားသည်။ ၎င်းသည် တစ်လုံးတခဲတည်း ရရှိသည့် ပင်စင်ခံစားခွင့်တွင် ဖြည့်ထည့်ပေးထားသည့် လစဉ် ထောက်ပံ့ကြေးဖြစ်သဖြင့် လစဉ် ထုတ်ယူရသည့်ငွေဖြစ်သည်။ သူ့ဇနီးက အလုပ်ပြန်လုပ်ရသည်။ အသက် ၆၇ နှစ် ရှိပြီဖြစ်သော သူသည်လည်း အလုပ်ပြန်လုပ်ရဖွယ် ရှိသည်။

ပိုက်ဆံဂိမ်းဖြင့် တိုင်းတာကြည့်မည်ဆိုပါက ဟာ့ချ်ဂရင်းဝုဒ်သည် စတုတ္ထလေးပိုင်းစိတ် ကုန်ဆုံးချိန်တွင် ဂိမ်းကို အနိုင်ရခဲ့သည်။ ကမ္ဘာ့စီးပွားရေး အခြေအနေ ရုတ်တရက် ပြောင်းလဲသွားခြင်းကြောင့် သူသည် လက်ဗလာဖြင့် ပြန်လည်စတင်ရမည်ဖြစ်သည်။ ထို့အတွက် အသက် ၆၇ နှစ် ရှိပြီဖြစ်သော သူ့အဖို့ အချိန်မလုံလောက်တော့ချေ။

## တစ်သက်လုံး အလုပ်လုပ်မှာလား

ကျွန်ုပ်ဘဝ၏ ပထမလေးပိုင်းစိတ်တွင် ကျွန်ုပ်သည် ငွေရေးကြေးရေးကို ကြိုးစားရုန်းကန်နေစဉ် သူဌေးဖေဖေကို မေးမြန်းခဲ့သည်မှာ စတုတ္ထ လေးပိုင်းစိတ်ကုန်ဆုံးချိန်တွင် လက်ဗလာဖြင့် ဖြစ်နေသူတို့ မည်သို့ ဖြစ်ကြုံကြရမည်နည်း။ သူက အေးအေးဆေးဆေး ပြောပြသည်။ "သူတို့ အချိန်ပို ကစားကြရလိမ့်မယ်" တစ်နည်းဆိုသော် သူတို့ သေဆုံးသည်အထိ အလုပ်လုပ်ကိုင်ကြရမည် ဖြစ်သည်။ အလုပ်လုပ်နိုင်နေသေးသရွေ့ မဆိုးလှပေ။ အလုပ်လုပ်ခြင်းကြောင့် ကျန်းမာရေး ပိုကောင်းစေပြီး စိတ်သက်သာရာ ရစေသည်။ ထိုအချက်ကို ကျွန်ုပ် သိထားသည်မှာ ကျွန်ုပ် သည် အသက် ၄၇ နှစ်၌ အငြိမ်းစားယူခဲ့ပြီး စိတ်ဓာတ်ကျနေမိသည်ကို ကိုယ်တွေ့ကြုံခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် အလုပ်လုပ်ဖို့ မလိုတော့သော်လည်း အလုပ်ဆက်လက်လုပ်ကိုင်နေခြင်းဖြစ်သည်။

စတုတ္ထလေးပိုင်းစိတ် နောက်ပိုင်း အချိန်ပိုကစားရခြင်းသည် သင် နှစ်ခြိုက်သည့်အလုပ်ကို လုပ်ကိုင်နေမည်ဆိုပါက မဆိုးလှပေ။ လေကြောင်းလိုင်းများမှ လေယာဉ်မှူးများအဖို့ ပြဿနာတစ်ခုမှာ သူတို့သည် အသက် ၆၀ ပြည့်လျှင် ပျံသန်းခြင်း ရပ်ဆိုင်းကြရန် ဥပဒေပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

ငွေရေးကြေးရေးကြောင့် အချိန်ပိုကစားရခြင်းကို ကြုံရပါက သင် နှစ်ခြိုက်သည့်အလုပ်မျိုးကိုကို လုပ်ကိုင်ရန် ကျွန်ုပ် အကြံပေးလေ့ရှိသည်။ သင့်မှာ လုပ်ကိုင်လိုစိတ်ရှိနေသေးသရွေ့ လုပ်ကိုင်နိုင်မည့်အလုပ်မျိုးလည်း ဖြစ်သင့်ပေသည်။ ကျွန်ုပ်၏ကျောင်းနေဘက် လေယာဉ်မှူးများကဲ့သို့ အခြားသက်မွေးအလုပ် မလုပ်တတ်သူမျိုး

မဖြစ်စေနှင့်။ ယခု အခါ သန်သန်မာမာဖြင့် လုပ်နိုင်ကိုင်နိုင်သော်လည်း အလုပ်လုပ်သည့် ဂိမ်းကို ပွဲသိမ်းဖို့ ခရာမှုတ်သည့် အချိန်အခါ ရှိစမြဲဖြစ်သည်ကိုလည်း မမေ့ပါနှင့်။ ဘာမှ မလုပ်ဘဲနေခြင်းသည် ဈေးကြီးကြောင်းကိုလည်း မမေ့ပါနှင့်။

## နောက်ကြောင်းပြန်မလှည့်သည့် အချိန်ကို ဂရုစိုက်ပါ

သူဌေးဖေဖေက ပြောသည်မှာ "ရင်းနှီးမြှုပ်နှံသူတိုင်းဟာ ပန်းပွင့်လန်းတော့မယ့်အချိန်ကို မလွဲမသွေ သိရမယ်။ ပြီးတော့ ပွင့်လန်းနေတာ ဘယ်လောက်ကြာမလဲဆိုတာကိုလည်း မလွဲမသွေ သိရမယ်"

ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံသူတိုင်းသည် အချိန်စီးဆင်းခြင်းကို ဂရုစိုက်ကြရမည်။ ကျွန်ုပ်၏ မျိုးဆက်များ တွေ့ကြုံခဲ့ကြသည့်အတိုင်း ကျွန်ုပ်တို့၏ မိဘများမျိုးဆက်တွင် အလုပ်ဖြစ်ခဲ့သည်တို့သည် ကျွန်ုပ်တို့ အများစုအတွက် အလုပ်မဖြစ်ချေ။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံသူ တစ်ဦးသည် သံသရာစက်ဝန်းများကို ဂရုပြုပေးကြရမည်။ ကလေးအမွေးများခဲ့သည့် ကာလတွင် မွေးဖွားခဲ့ကြသည့် သန်းချီသောဦးရေရှိသည့်သူများ ထရီလီယံချီသော ကန်ဒေါ်လာများ ဆုံးရှုံးခဲ့ကြသည်မှာ အရောင်းသမားတို့၏ စကားကို နားယောင်ခြင်းနှင့် သံသရာစက်ဝန်းများ၏ အပြောင်းအလဲများကို စောင့်ကြည့်ဖို့ ပျက်ကွက်ခဲ့သောကြောင့်ဖြစ်သည်။

ယခုအခါ ဈေးကွက်များ၌ စီးပွားဖြစ်ထွန်းခြင်းနှင့် ဆုတ်ယုတ်ခြင်း ဖြစ်ပွားကြောင်း ကျွန်ုပ်တို့ သိထားကြပြီဖြစ်သည်။ ထိုအချက်ကိုဆောင်း ရာသီပြီးလျှင် နွေရာသီရောက်လာမည်ကို သိထားကြသည့်အတိုင်း လူအများစုတို့က သိထားကြသည်။ တစ်နှစ်ပတ်လုံး နွေရာသီဖြစ်နေသည့် ဟာဝါအီတွင် နေထိုင်သော်လည်း ဥတုအပြောင်းအလဲကို လှိုင်းစီးသူတို့ သိကြသည်။ နွေရာသီ၌ တောင်ဘက်ကမ်းခြေတွင် လှိုင်းများ ကြီးမား သည်။ ဆောင်းရာသီ၌ မြောက်ဘက်ကမ်းခြေတွင် လှိုင်းများ ကြီးမားသည်။

*Rich Dad's Prophecy* ကို ၂၀၀၂ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့သည့်အခါ ငွေရေးကြေးရေးအကြောင်း ရေးသားသည့် အကွက်မြင်တတ် သူများဟု ဆိုကြသော စာနယ်ဇင်းသမားတို့က ကျွန်ုပ်ကို စတော့ဈေးကွက် ပြိုလဲမည်ကို မည်သို့ ကြိုတင်ခန့်မှန်းသနည်းဟု မေးမြန်းကြသည်။ ကျွန်ုပ်က ပြန်လည်ဖြေကြားသည်မှာ "ပညာရှင်ပီသတဲ့ ရင်းနှီးမြှုပ်နှံသူ တိုင်း သိထားကြတာက ဈေးကွက်အားလုံးမှာ စီးပွားဖြစ်ထွန်းချိန်



ရှိသလို ဈေးကွက်ပြိုလဲချိန်လည်း ရှိတယ်ဆိုတဲ့ အချက် ဖြစ်ပါတယ်။ ဈေးကွက်ပျက်မယ်ဆိုတာကို ကြိုတင်ခန့်မှန်းတာဟာ ဆောင်းရာသီရောက်ရင် နှင်းကျမယ်လို့ ကြိုတင်ခန့်မှန်းသလိုမျိုးပါပဲ" အဖြေမှာ ထိုမျှ ရိုးရှင်းပါသည်။ သို့သော် စာနယ်ဇင်းသမားအများအပြားတို့သည် ကျွန်ုပ်နှင့် ငြင်းခုံလိုကြသည်။ သူတို့က ဈေးကွက်ပြိုလဲမည့်အရေးဖြစ်နိုင်ခြေကို ငြင်းဆန်ဖို့ ကြိုးစားကြသည်။ နောက်ထပ် ဈေးကွက်ပြိုလဲခြင်း လာနေပြီဆိုသည်ကိုလည်း ငြင်းဆန်ဖို့ ကြိုးစားကြသည်။ သဘာဝ သံသရာစက်ဝန်းကို အသာတကြည် လက်ခံကြရမည့်အစား လူအများအပြားတို့သည် သူတို့၏ ငွေရေးကြေးရေး အစီအစဉ် ရေးဆွဲပေးသူတို့၏ အရောင်းဆွယ်လုံးထံမှ သင်ယူထားသည်ကိုသာ ပြောဆိုနေကြသည်။ "စတော့ဈေးကွက်က နှစ်စဉ် ပျမ်းမျှအားဖြင့် ၉ ရာခိုင်နှုန်း မြင့်တက်ကြောင်း သမိုင်းက သက်သေတည်ပေးထားတယ်" ဆွယ်လုံးစကားကို မြွက်ဆိုနေသော ရင်းနှီးမြှုပ်နှံသူသည် အပါးမဝသောသူသာ ဖြစ်သည်။

ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူသည် ဈေးကွက် ဖြစ်ထွန်းခြင်းနှင့် ဆုတ်ယုတ်ခြင်းတို့ကို သိကြသည်။ ပျမ်းမျှနှင့် ပတ်သက်၍ ကျွန်ုပ် ပြန်ပြောနေကျစကားမှာ "ပျမ်းမျှအဆင့်မျှသာ ရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေသာ ပျမ်းမျှအားဖြင့် မြင့်တက်တာကို ရင်းနှီးမြှုပ်နှံကြတယ်" ဟူ၍ ဖြစ်သည်။ နောက်ထပ် အဖြေတစ်မျိုး ကျွန်ုပ် ပြောလေ့ရှိသည်မှာ "ဒီမြို့မှာ နှစ်စဉ် ပျမ်းမျှအပူချိန်က ၇၀ ဒီဂရီပါ။ ဒီလို ပြောလိုက်တဲ့အတွက် ခင်ဗျားက ဇန်နဝါရီလမှာပဲ အနွေးထည် ဝတ်တယ်ဆိုတာ မသိနိုင်ပါဘူး" ဟူ၍ ဖြစ်သည်။ ထိုစကားကို လူအများစုတို့ ညဏ်မီဖို့ ဝေးနေကြသည်။

## ကုန်ပစ္စည်းများ

၁၉၉၆ ခုနှစ်တွင် စတော့ဈေးကွက် စတင် မြင့်တက်သည်။ ထိုအခါ ကျွန်ုပ်က ကုန်ပစ္စည်းများ ဖြစ်သည့် ရွှေ၊ ငွေနှင့် ဓာတ်ငွေ့ အစရှိသည်တို့၌ ရင်းနှီးမြှုပ်နှံသည်။ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ကျွန်ုပ်သည် စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များတွင် ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ ကုန်ပစ္စည်းများတွင် လုပ်ကိုင်ရသည်ကို စဉ်းစားမရ ဖြစ်နေခဲ့သည်။ ကျွန်ုပ်ကသူ့ကို ရှင်းပြသည်။ "ဘာလို့လဲဆိုတော့ ကုန်ပစ္စည်းတွေက နှစ် ၂၀ စက်ဝန်းဖြင့် သံသရာလည်ကြတယ်။ ၁၉၈၀ ခုနှစ်မှာ သူတို့ ကျဆင်းခဲ့တယ်။ အခု ၂၀၀၀ ပြည့်နှစ်နား နီးနေပြီ။ ဒီတော့ ဈေးမမြင့်သေးခင် အခုလိုအချိန်ဟာ စတင်ဝယ်ယူရမယ့်အချိန်ပဲ" သူက ပေါင်းစုရန်ပုံငွေများကို စိတ်အားထက်သန်နေသူ ဖြစ်သဖြင့်

ကျွန်ုပ်ကို သရော်သည်။ သူက အဆင့်မြင့်နည်းပညာလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံသည့် ပေါင်းစုရန်ပုံငွေများတွင်ရှယ်ယာများ ဝယ်ယူသည်။ သူက ကျဈေးဖြစ်နေချိန် ဝယ်ယူထားလိုက်ပါက ဈေးပြန်တက်ချိန်တွင် အမြတ်ရမည်ဟု တွက်ထားသည်။ သူက သံသရာ စက်ဝန်းကို ဆန့်ကျင်ပြီး တွက်ချက်ခြင်း ဖြစ်နေသည်။ စတော့ဈေးကွက် ထိုးကျသောအခါ ရှိသမျှ အကုန်လုံးနီးပါး သူ ဆုံးရှုံးသွားသည်။ ၂၀-၁၀-၅ နှစ် စက်ဝန်းကို ကျွန်ုပ် တင်ပြခဲ့ပြီးပြီ ဖြစ်သည်။ ဤစာအုပ် ဒုတိယပိုင်းတွင် အကျယ်တဝင့် ထပ်မံရှင်းပြပါဦးမည်။

ကုန်ပစ္စည်းများ ဆိုသည်မှာ ရွှေ၊ ငွေသတ္တု၊ ဝက်ဝမ်းဗိုက်သား၊ ပြောင်း၊ ကော်ဖီ၊ ဓာတ်ဆီ၊ မီးထိုးဆီနှင့် အခြား ထိတွေ့ကိုင်တွယ်၍ရသော ပစ္စည်းများ အကျုံးဝင်သည်။ ကျွန်ုပ်သည် ပင်လယ်ထဲ လုပ်ကိုင်ခဲ့ချိန် သင်္ဘောပေါ်တွင် အလုပ်သင်အဖြစ် လိုက်ပါစဉ် စတော့ဈေးကွက်များ၏ သံသရာစက်ဝန်းနှင့် ကုန်ပစ္စည်းများ၏ သံသရာစက်ဝန်းတို့အကြား ဆက်နွှယ်နေပုံကို စတင်လေ့လာခဲ့သည်။ ကျွန်ုပ်သင်ယူခဲ့သည့် အခြင်းအရာတစ်ခုမှာ စတော့ဈေးမြင့်နေစဉ် ဈေးကွက်ထဲမှ စတင်ထွက်ခွာပြီး နောက်ထပ်ဈေးကွက်တစ်ခုကို ရှာဖွေရမည်။ ဤသည်မှာ ရှေ့သို့သာ ရွေ့သည့် အချိန်ကို အလေးထားပြီး ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။

နောက်ပိုင်းတွင် ကျွန်ုပ် သိခဲ့ရသည်မှာ ဈေးကွက်တို့သည် နှစ် ၂၀ စက်ဝန်းဖြင့် ရွေ့လားနေသည့်သဘောရှိခြင်း ဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် စတော့ဈေးကွက်သည် အေးနေသည်။ အေးနေသောဈေးကွက် သည် ၁၀ နှစ် ဝန်းကျင် တည်တံ့သည်။ ရွှေနှင့် ငွေသတ္တု အပါအဝင် ကုန်ပစ္စည်းဈေးကွက် ပြိုလဲပြီးသည့်နောက် ၁၉၈၃ ခုနှစ်၌ စတော့ဈေးကွက်သည် မြင့်တက်လာပြီး အမြင့်ဆုံးအထွတ်အထိပ်သို့ ၂၀၀၀ ခုနှစ် တွင် ရောက်ရှိသည်။ ဈေးကွက် တက်နေသည့်အတွက် လိမ္မာပါးနပ်သော ရင်းနှီးမြှုပ်နှံသူများသည် ကုန်ပစ္စည်း ဈေးကွက်ထဲသို့ စတင်ရွှေ့ပြောင်းကြသည်။ အဘယ်ကြောင့်နည်း။ အကြောင်းမှာ ရှေ့သို့ သာရွေ့သည့် အချိန်၏စက်ဝန်း ရှိနေသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ပေါင်းစုရန်ပုံငွေ ရင်းနှီးမြှုပ်နှံသူ၏ ပိုက်ဆံများကို မည်သူ ယူသွားသနည်း။ စတော့ပွဲစားများ ယူသလား။ ရှေ့သို့သာရွေ့သည့် အချိန်က ယူသလား။



**ခရစ္စတယ်ဖန်လုံး**

ခရစ္စတယ်ဖန်လုံးတစ်ခုထဲသို့ ကြည့်မည်ဆိုလျှင် လူဦးရေအခြေအနေကိုသာ လေ့လာပါ။ ကလေးအမွေးများသည့် မျိုးဆက်သည် လူဦးရေကြီးမားသည့် တိုးများခြင်းတစ်ခု ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်လွန် ကာလတွင် ထိုမျိုးဆက်တို့ ပညာရေးပြီးဆုံးပြီး အလုပ်အကိုင်ဈေးကွက်ထဲသို့ ဝင်ကြသည်။ အိမ်ထောင်ပြုကြသည်။ မိသားစုများ စတင်သည်။ ထိုအခါ အိမ်များ ဝယ်ယူကြသည်။ ထိုအချက်ကြောင့် ၁၉၇၀ ပြည့်နှစ်လွန်ကာလတွင် အိမ်ဈေးနှုန်းများ မြင့်တက်သည်။ ၁၉၉၀ ပြည့်နှစ် လွန်ကာလတွင် သူတို့သည် အသက် လေးဆယ်ကျော်၊ ငါးဆယ်ကျော်များ ဖြစ်လာကြသည်။ သူတို့က စတော့ဈေးကွက်ထဲ ဝင်ကြသည်။ သမိုင်းကြောင်းတွင် အကြီးမားဆုံး ပူစီဖောင်းများထဲမှ တစ်ခုဖြစ်အောင် ဖောင်းကြွတက်စေခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် သူတို့ အငြိမ်းစား ယူကြသည်။ ထိုအခါ ဤမျိုးဆက်သည် ဈေးကွက်အများအပြားတို့တွင် အရောင်းအဝယ် ထိုးတက်ခြင်းများနှင့် ထိုးဆင်းခြင်းများ ဖြစ်ပွားစေသည်။မေးခွန်းမှာ ဤမျိုးဆက်သည် မည်သည့်နေရာသို့ မည်သို့ သွားကြမည်နည်း။ ထိုအချက်ကို ကြိုတင်အဖြေထုတ်နိုင်လျှင် သင်သည် ငွေရေးကြေးရေးကို ကောင်းကောင်းလုပ်ကိုင်နိုင်မည်ဖြစ်သည်။ နှစ် ၂၀ အလားအလာ ဦးတည်ချက်ကို သတိမူရမည်ဖြစ်ပြီး ဤတစ်ကြိမ်သည် လူဦးရေအခြေအနေများသည် အကြောင်းတရားတစ်ခု ဖြစ်သည်။ သတင်းကောင်းမှာ ကျွန်ုပ်တို့သည် အသက်ရှည်ကြမည်ဖြစ်ပြီး ထို့အတွက် ဈေးကွက်များသည် အရောင်းအဝယ် ကောင်းမည်-ဖြစ်သည်။

သင်သည် ချမ်းသာလိုပါက စီးပွားရေးစန်းထခြင်း မည်သည့်နေရာတွင် ဖြစ်ပေါ်မည်ကို အဖြေထုတ်ရမည်။ စီးပွားရေးဆုတ်ယုတ်ခြင်း မည်သည့်နေရာတွင် ဖြစ်ပေါ်မည်ကိုလည်း အဖြေထုတ်ပြီး ရှောင်တိမ်းရမည်။ သင်သည် လူဦးရေအခြေအနေကို စောင့်ကြည့်နေသည်ဆိုပါက အနာဂတ်ကို မြင်ရသည့် ခရစ္စတယ် ဓာတ်ဖန်လုံးကို ကြည့်သည်နှင့် အတူတူပင် ဖြစ်မည်။ ကျွန်ုပ်က *Rich Dad's Prophecy* ကို ရေးသားသည့်အခါ ကျွန်ုပ်သည် လူဦးရေအခြေအနေများဟူသည့် ခရစ္စတယ်ဖန်လုံးကို အမိကထားပြီး ကြည့်ရှုခဲ့သည်။ ပြဿနာမှာ ပြဿနာ မည်မျှအထိ ဆိုးဝါးမည်ကို ကျွန်ုပ် မသိခြင်းဖြစ်သည်။ ကလေးအမွေးများသည့် အချိန်ကာလတွင် မွေးဖွားခဲ့သူများ၏ အငြိမ်းအစား အစီအစဉ်များသာ ငွေကုန်ခန်းနေခြင်း မဟုတ်ဘဲ ကော်ပိုရေးရှင်း အများအပြားတို့၏ အငြိမ်းစားအစီအစဉ်များသည်လည်း ငွေမရှိကြတော့ချ။ ပြည်ထောင်စု အစိုးရ၏ ဘဏ္ဍာ

တိုက်သည်လည်း မငွေမရှိချေ။ အကယ်စင်စစ် အကြွေးနွံထဲ နစ်မြုပ်နေခြင်းဖြစ်သည်။

**ရှေ့သို့သာရွေ့သည့် အချိန်ကို လေးစားခြင်း**

ထူးချွန်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ရန် ရင်းနှီးမြှုပ်နှံသူသည် ရှေ့သို့သာ ရွေ့သည့် အချိန်ကို အလေးထားရမည်။ ဂရုပြုပေးရမည့် စကဲ့ဝန်းအချို့နှင့် အလားအလာ ဦးတည်ချက် အချို့မှာ –

**အခွင့်အလမ်း ပြတင်းပေါက်များ**

အခွင့်အလမ်း ပြတင်းပေါက်များသည် အချိန်ကာလတစ်ရပ်၌သာ ဖွင့်ထားသည်။ ပွင့်နေပြီးလျှင် ပြန်ပိတ်သွားစမြဲ ဖြစ်သည်။ အခွင့်အလမ်းကောင်းတို့သည် အစဉ်အမြဲ ရှိပေးနေကြသည် မဟုတ်ချေ။ သို့ဖြစ်ရာ ပြတင်းပေါက် ဖွင့်ထားချိန်တွင် အခွင့်အလမ်းများကို အရယူဖို့လိုပေမည်။

ကျွန်ုပ်သည် ရင်းနှီးမြှုပ်နှံမှု ကျွမ်းကျင်သူများဟု ဆိုထားသည့်သူ နှစ်ဦးအား အင်တာဗျူးသည့် ရေဒီယို အစီအစဉ်ကို ကျွန်ုပ်နားထောင်ခဲ့ရာ ကျွမ်းကျင်သူတစ်ဦးက "ဝါရင် ဘတ်ဖ်ဖစ်တ်က ဖြုတ်စဈေးတောင်း ငွေချေးစာချုပ်တွေမှာ ရင်းနှီးမြှုပ်နှံနေတယ်။ ဒါကြောင့် ကျွန်တော့်ထံ လာတိုင်ပင်သူတွေကို အဲဒီအတိုင်း လိုက်လုပ်ကြဖို့ ကျွန်တော် အကြံပေးပါတယ်"

(စကားချပ်။။ ဖြုတ်စာဈေးတောင်း ငွေချေးစာချုပ်(junk bonds) တို့သည် ပုံသေဝင်ငွေ ပေးအပ်သည့် အာမခံငွေချေးစာချုပ်များ ဖြစ်သည်။ သို့သော် ရင်းနှီးမြှုပ်နှံမှု အဆင့်အတန်း သတ်မှတ်ရာ၌ အဆင့်မမီဟု သတ်မှတ်ခံရသည်။ အမေရိကန်နိုင်ငံ ဈေးကွက်တွင် ၁၉၈၀ ခုနှစ်၌ ကန် ဒေါ်လာ ၁၅ ဘီလျံဖိုးဝန်းကျင် ရှိခဲ့ရာမှ ကိုးနှစ်အကြာ ၁၉၈၉ ခုနှစ်၌ ကန်ဒေါ်လာ ၂၀၀ ဘီလျံဖိုးဝန်းကျင်သို့ ရောက်ရှိသွားသည်။ အဆင့်မမီသော်ငြားလည်း ပြန်ရသည့် အကျိုးဖြစ်ထွန်းမှုများသည် မြိုးမြိုးမြက်မြက် ရှိလှသဖြင့် ယခုလို တစ်ဟုန်ထိုး တိုးများရသည်ဟု ယေဘုယျအားဖြင့် သုံးသပ်ကြသည်)

ဒုတိယအကြံပေးက တုံ့ပြန်သည်မှာ "ဝါရင်ဘတ်ဖ်ဖစ်တ်က မနှစ်တုန်းက ဖြုတ်စဈေးတောင်း ငွေချေးစာချုပ်တွေမှာ ရင်းနှီးမြှုပ်ခဲ့ပြီးဒီနှစ် မှာတော့ ပြန်ထွက်လိုက်ပြီ" ဟုသည်မှာ ပြတင်းပေါက် အခွင့်အလမ်း နမူနာတစ်ခု ဖြစ်သည်။ စတော့ဈေးကွက် စန်းထနေစဉ် ရင်းနှီးမြှုပ်နှံသူ အများအပြားတို့သည် ဝါရင်ဘတ်ဖ်ဖစ်တ်ကို ရည်ညွှန်း



ပြောဆိုကြပြီး စတော့များတွင် ရင်းနှီး မြှုပ်နှံကြသည်။ သို့သော် ဝါရင်ဘတ်ဖ်ဖစ်တ်သည် ဈေးကွက်အပြင်သို့ ထွက်သွားချိန်ကျမှ သန်းချီသော ရင်းနှီးမြှုပ်နှံသူများ ဈေးကွက်ထဲသို့ အလုံးအရင်းဖြင့် ပြေးဝင်လာကြခြင်း ဖြစ်သည်။ အချိန်သည် မည်သူ့ကိုမျှ မစောင့်ဟု ဆိုကြသည်။ အလားတူပင် အခွင့်အလမ်းများသည်လည်း မည်သူ့ကိုမှ မစောင့်ချေ။

**ဘဝ အပြောင်းအလဲများ**

သူဌေးဖေဖေ၏ အယူအဆဖြစ်သော ပိုက်ဆံဂိမ်း၏ လေးပိုင်းစိတ် အရေးပါရသည့် အကြောင်းတစ်ချက်မှာ ဘဝသည် ပြောင်းလဲနေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တွင် အသက် ၄၅ နှစ်အထိ ငွေရေးကြေးရေး အမြင့်မှာ ပျံသန်းနေကြသည့် မိတ်ဆွေတချို့ ရှိသည်။ ထို့နောက် သက်လတ်ပိုင်း အကျပ်အတည်းက သူတို့ကို ထိခိုက်စေသည်။ အချို့က အလုပ်မှ ထွက်လိုက်ကြသည်။ အချို့မှာ အလုပ်မှ ထွက်သင့်သော်လည်း မထွက်ကြချေ။ အချို့က လင်မယားကွာရှင်းရာ၌ ပိုင်ဆိုင်သမျှ အကုန်လုံး ဆုံးရှုံးသွားကြသည်။ မိတ်ဆွေတစ်ဦးသည် မစွမ်းမသန် ဖြစ်သွားသည်။ သို့သော် သူ့မှာ မစွမ်းမသန် ဖြစ်ခြင်းအတွက် အာမခံထားရှိထားခြင်း မရှိချေ။ ကုမ္ပဏီများ အရွယ်လျှော့ချပြီး ကျစ်လျစ်အောင် ပြုကြသည့်အခါ လူအများအပြားတို့သည် အလုပ်လုပ်ခြင်းမှ အနားယူရတော့မည့်အချိန် ရောက်ခါနီးတွင် အလုပ်ပြုတ်သွားကြပြီး ဘဝအသစ်တစ်ခု ပြန်စကြ ရသည်။ သို့ဖြစ်ရာ ငွေရေးကြေးရေးပညာရေးသည် ယခင်ကထက် ပိုမို အရေးပါနေသည်။ အကြောင်းမှာ အပြောင်းအလဲများသည် ပိုမိုမြန်ဆန်စွာ ဖြစ်ပေါ်လျက် ရှိသောကြောင့် ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်က သူဌေးဖေဖေသည် ငွေစီးဆင်းခြင်း လေးပိုင်းစိတ်ကို ရေးဆွဲပြီး ကျွန်ုပ်ကို မေးမြန်းသည်။ "မင်းဘဝ ကုန်ဆုံးချိန်မှာ မင်းက ဘယ် လေးပိုင်းစိတ်မှာ ရောက်နေချင်သလဲ"




ကျွန်ုပ်က လေးပိုင်းစိတ်ကို ကြည့်၍ ခဏတာ စဉ်းစားပြီးမှ အဖြေပေးလိုက်သည်။

"ရှင်းပါတယ်။ ကျွန်တော်က အိုင် လေးပိုင်းစိတ်မှာ ရှိနေချင်တယ်"

သူက ပြောသည်။ "အိုင် လေးပိုင်းစိတ်မှာ ဘ၀ အဆုံးသတ်ချင်တယ်ဆိုရင် ဘာလို့ အဲဒီမှာ မစတင်တာလဲ" ထို့ကြောင့်လည်း သူက ကျွန်ုပ်ကို ငယ်ရွယ်စဉ်ကတည်းက ရင်းနှီးမြှုပ်နှံမှုအကြောင်းကို သွန်သင်ပေးခဲ့ သည်။ ကျွန်ုပ်ဘ၀၏ ပထမလေးပိုင်းစိတ်တွင် ငွေရေးကြေးရေး အဖြစ်ဆိုးကို ကြုံခဲ့ရပြီး ပြန်နာလန်ထနိုင်ခဲ့သည်မှာ ကျွန်ုပ်ထံ၌ အိုင် လေးပိုင်းစိတ်၏ တတ်သိလိမ္မာမှုများ ရှိနေသောကြောင့် ဖြစ်သည်။ ဤစာအုပ်၏ ဒုတိယပိုင်းတွင် ၎င်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တတ်သိလိမ္မာမှုအချို့တို့ကို ငွေကြေးစွန့်စားရခြင်း မများစေဘဲ ရရှိစေနိုင်မည့် စိတ်ကူးအကြံ အချို့တို့ကို ကျွန်ုပ် တင်ပြပေးမည်။ နိုင်ငံရေးသမားများနှင့် စာနယ်ဇင်းသမားများက အလုပ်အကိုင်များ ပိုမို ဖန်တီးပေးရေးကို ပြောဆိုနေကြသည်။ ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ အလုပ်အကိုင် ရရုံမျှဖြင့် ကိစ္စမပြီးချေ။ ထို့ထက်မက လိုအပ်သည်မှာ ငွေရေးကြေးရေး ပညာရေး ဖြစ်သည်။ အလုပ်အကိုင်ရရှိခြင်းသည် ရေရှည်ပြဿနာဖြစ်သော ကျွန်ုပ်တို့ မည်သို့ ငွေရေးကြေးရေး အဆင်ပြေပြေဖြင့် နေထိုင်ရှင်သန်နိုင်ကြမည် ဆိုသည်အတွက် ရေတိုဖြေရှင်းချက်သာဖြစ် သည်။ အထူးသဖြင့် ကျွန်ုပ်တို့ အလုပ်မလုပ်နိုင်တော့သည့်အချိန်တွင် ဖြစ်သည်။ အထူးသဖြင့် လက်ထဲရှိသမျှ အကုန်လုံး ဆုံးရှုံးသွားပြီးအသစ် တစ်ဖန် ပြန်စရသည့် အချိန်တွင် ဖြစ်သည်။

ယနေ့ ကြီးမားသည့် ပြဿနာတစ်ရပ်မှာ ကျွန်ုပ်တို့၏ ကျောင်းပညာရေးသည်



အီးနှင့်အက်စ် လေးပိုင်းစိတ်တို့ကိုသာ စူးစိုက်ထားသည်။ သို့ဖြစ်ရာ ဘီနှင့်အိုင် လေးပိုင်းစိတ်တို့ကို ပိုမိုစူးစိုက်ခြင်း စတင်ဖို့ လိုအပ်နေပြီ ဖြစ်သည်။

**အံစာပစ်တိုင်း နိုင်မည်ဟု မမျှော်လင့်ပါနှင့်**

ရင်းနှီးမြှုပ်နှံသူ အများအပြားတို့ ငွေကြေး ဆုံးရှုံးသွားကြရသည်မှာ သူတို့ကို ကံကောင်းခြင်းတစ်ချက် ကြုံခဲ့ခြင်းကြောင့် ဖြစ်သည်။ စတော့ဈေးကွက် စန်းထနေချိန်တွင် ပထမဆုံးအကြိမ်အဖြစ် ရင်းနှီးမြှုပ်နှံသူများ အများအပြားတို့ ကံကောင်းကြသည်။ ငွေအမြတ် ရရှိကြသည်။ ထို့နောက် ငွေဆုံးရှုံးသည်။ ထိုအခါ ရင်းနှီးမြှုပ်နှံမှုကို ပိုများများပြုကြ သည်။ ယခင်ဆုံးရှုံးထားသည်များကိုပါ ပြန်ရဖို့ ရည်ရွယ်သည်။ ကံကောင်းဦးမည်ဟုလည်း မျှော်လင့်သည်။ သို့သော် ဂိမ်းထဲမှ အရှုံးသမားအဖြစ်ဖြင့်သာ ထွက်လိုက်ကြရသည်။

ပိုခက်ထန်သည့် သင်ခန်းစာတစ်ခုကို ကျွန်ုပ် သင်ယူခဲ့ရသည်။ ရင်းနှီးမြှုပ်နှံမှု တစ်ခုတွင် တစ်ကြိမ်ဟစ်ခါ အမြတ်ရရှိခဲ့ခြင်းသည် နောက်ထပ် ရင်းနှီးမြှုပ်နှံမှုထံမှလည်း အလားတူ အမြတ်ရရှိမည်ဟု မပြောနိုင်ချေ။ ၎င်းရင်းနှီးမြှုပ်နှံမှုတွင် ရင်းနှီးမြှုပ်နှံလျှင်လည်း အမြတ် ရရှိမည်ဟု တပ်အပ်သေချာ မပြောနိုင်ပေ။ သင်ခန်းစာမှာ အချိန်ကရွေ့သို့ ချီတက်နေသည့်အတိုင်း ဈေးကွက်ကလည်း ဆက်လက်ချီတက်နေသည်။ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သော ၀ယ်ပါ၊ ကိုင်ထားပါ၊ ဆုတောင်းပါဟူသည့် ရင်းနှီးမြှုပ်နှံမှု အကြံပေးချက်သည် အဓိပ္ပာယ်မရှိချေ။ ဈေးကွက်သည် ဦးတည်ရာများ ပြောင်းလဲနေသည်။ ပြောင်းလဲသည့် သံသရာစက်၀န်လည်း ရှိနေသည်။ စတော့များမှ ကုန်စည်များဆီသို့ ပြောင်းရွှေ့ရသည် စက်၀န်းများလည်း ရှိနေသည်။

**ဒီနေ့မှာ သင်က ဟန်ကျတာကြောင့်**
**မနက်ဖြန်မှာလည်း ဟန်ကျမယ်လို့ မယူဆရဘူး**

ကျွန်ုပ်၏ ကုမ္ပဏီ အစည်းအဝေးများတွင် ကျွန်ုပ်သည် အသက် နှစ်ဆယ်ကျော် သုံးဆယ်၀န်းကျင် ရှိကြသည့် ၀န်ထမ်းများကို လိုက်လံကြည့်ရှုလေ့ရှိသည်။ သူတို့အပေါ် ကျွန်ုပ်ပြုသည့် မှတ်ချက်မှာ "တကယ် လို့ ဒီနေ့ ကျွန်တော် အလုပ်လျှောက်တယ်ဆိုရင် ကျွန်တော့်ကို အလုပ်ခန့်ဖို့ ကျွန်တော် ရွေးချယ်မှာ မဟုတ်ဘူး" ဟူ၍ ဖြစ်သည်။ ယနေ့ ပြဿနာမှာ အသက်အရွယ်လည်း မဟုတ်၊ လူမျိုးအရ ခွဲခြားဆက်ဆံခြင်းလည်း မဟုတ်။

ရိုးရိုးရှင်းရှင်း ပြောရလျှင် ကျွန်ုပ်ကို အလုပ်ခန့်ထားဖို့ ကျွန်ုပ် မရွေးချယ်ရသည့်မှာ ကျွန်ုပ်သည် နည်းပညာပိုင်းတွင် ခေတ် နောက်ကျနေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် ကုမ္ပဏီပိုင်ရှင်ဖြစ်နေ၍သာ အလုပ်ရနေခြင်း ဖြစ်သည်။

## စီးပွားပျက်ကပ် ပြန်လာဦးမယ်

သမိုင်းကြောင်းအရ ဆိုရလျှင် အကယ်၍ လူတစ်ဦးသည် အသက် ၇၅ နှစ်အထိ အသက်ရှင်သည်ဆိုပါက သူသည် စီးပွားပျက်ကပ် တစ်ကြိမ်နှင့် စီးပွားရေးကျဆင်းမှု နှစ်ကြိမ်ကို ဖြတ်သန်းရလိမ့်မည်။ ပြီးခဲ့သည့် နောက်ဆုံး စီးပွားပျက်ကပ်ကို ၁၉၃၀ ခုနှစ်တွင် စတင်ခဲ့သည်။ ထိုနောက်ပိုင်းတွင် စီးပွားပျက်ကပ်ကို မကြုံရသည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ နောက်တစ်ကြိမ် ကြုံရဖွယ်ရှိသည်ဟု မျှော်လင့်ထားရမည်။ ၁၉၃၀ ပြည့်နှစ်လွန်ကာလတုန်းက အမေရိကန်နိုင်ငံ၌ ပြည်ထောင်စုအစိုးရက အကြွေးထုတ်ချေးခြင်းများကို ကန့်သတ်ချုပ်ချယ်ခဲ့သဖြင့် စီးပွားပျက်ကပ် ပိုမိုပြင်းထန်စေခဲ့သည်။ ထိုအမှားကို သင်ခန်းစာ ယူပြီး ၂၀၀၁ ခုနှစ် နောက်ပိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အလွယ်ဖြင့် ချေးယူနိုင်သော ငွေချေးခြင်းများ၊ သက်သာသည့် ချေးငွေ များကို ဈေးကွက်ထဲ အလျှံပယ်ဖြစ်နေအောင် ပြုလုပ်ပေးခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်နိုင်ငံ စီးပွားရေးသည် ယခုအခါ လူအများအပြား တို့တွင် ပိုက်ဆံ အမြောက်အမြား ရှိကြသူများနှင့် လုံးဝမရှိကြသူများ ဟူ၍ နှစ်မျိုး ကွဲပြားနေသည်။ ရင်းနှီးမြှုပ်နှံရန် ကန်ဒေါ်လာ သန်းချီပြီးရှိထားသော ရင်းနှီးမြှုပ်နှံသူများ ရှိနေချိန်တွင် အခမဲ့ ကျွေးမွေးသည့် နေရာများတွင် စားစရာရဖို့ တန်းစီနေကြသည့် အလုပ်လက်မဲ့ များလည်း အများအပြား ရှိနေသည်။ အကယ်၍ စီးပွားပျက်ကပ်အသစ် ရှိလာလျှင် သင်သည် ငွေမရှိသည့် အုပ်စုနှင့် ငွေရှိသည့်အုပ်စု မည်သည့်အုပ်စုတွင် ပါဝင်လိုသနည်း။

## အချိန်နှင့် ပိုက်ဆံ

ချမ်းသာသူများ ပိုချမ်းသာကြရသည့် အကြောင်းတစ်ခုမှာ လုပ်သားတို့၏ လုပ်ခများသည် အချိန်ဖခင်နှင့်အတူ အမီလိုက်ပြီး မြင့်တက်ခြင်း မရှိသောကြောင့် ဖြစ်သည်။ နယူးယောက်တိုင်းမ်စ်တွင် လုပ်သားပျမ်းမျှ လစာနှင့် စီအီးအိုဏ်လစာတို့ကို နှိုင်းယှဉ်ဖော်ပြသည့် ဆောင်းပါးတစ်ပုဒ်ကို ဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံ၌ လုပ်သားလစာသည် ငွေဖောင်းပွမှုကို ထည့်စဉ်းစားထားပြီး ငွေတန်ဖိုးကို ၁၉၉၈ ခုနှစ်အရ



တွက်ချက်ကြည့်ပါက ပျမ်းမျှအားဖြင့် ၁၉၇၀ ခုနှစ်တွင် ကန်ဒေါ်လာ ၃၂,၅၂၂ ရှိခဲ့ရာမှ ၁၉၉၉ ခုနှစ်တွင် ကန်ဒေါ်လာ ၃၅,၈၄၆ ဖြစ်လာသည်။ သို့ဖြစ်ရာ ၂၉ နှစ်တာတွင် ၁၀ ရာခိုင်နှုန်း မြင့်တက်သည်။ ၎င်းကာလတွင် ထိပ်တန်း ၁၀၀ စီအီးအိုများ၏ ပျမ်းမျှအားဖြင့် အမှန်တကယ် ခံစားခွင့်များသည် ကန်ဒေါ်လာ ၁.၃ သန်းမှ ကန်ဒေါ်လာ ၃၇.၅ သန်းသို့ မြင့်တက်ခဲ့သည်။

တစ်နည်းဆိုရသော် နှစ်ပေါင်း ၃၀ နီးပါးတွင် လုပ်သားလစာသည် ၁၀ ရာခိုင်နှုန်း မြင့်တက်သည်။ စီအီးအို လစာသည် ၂,၈၀၀ ရာခိုင်နှုန်း မြင့်တက်သည်။ ဤကွာခြားချက်သည် အချိန်နှင့် ပိုက်ဆံအရ ကြည့်လျှင် အလွန်ကြီးမားနေပေသည်။

## အချိန်ဖခင် ဆက်လက်ရွေ့လျား

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အချိန်ဖခင်သည် ဆက်လက် ရွေ့လျားနေပြီး ပြောင်းလဲနေသည်။ အချိန်ဖခင်၏ အပြောင်းအလဲများနှင့် သံသရာ စက်ဝန်းများကို ဂရုမမူဘဲ ဝယ်ပါ၊ ကိုင်ထားပါ၊ ဆုတောင်းပါဟူသော ရင်းနှီးမြှုပ်နှံမှုမျိုးကို ပြုမည်ဆိုပါက ငွေရေးကြေး ရေးအရ အလွန်အန္တရာယ် ကြီးမားပါသည်။ ကလေး အမွေးများသည် နှစ်ကာလတွင် မွေးဖွားခဲ့ကြသူများသည် အငြိမ်းစားယူရန် မည်သည့် အခါမှ အခွင့်သာကြမည် မဟုတ်ချေ။ အကြောင်းမှာ သူတို့သည် အချိန် ဖခင်၏ ရွေ့လျားခြင်းကို မမြင်ကြသောကြောင့် ဖြစ်သည်။

သူဌေးဖေဖေက ပြောသည်မှာ "ရင်းနှီးမြှုပ်နှံသူတိုင်း မပျက်မကွက် သိထားရမည်မှာ ဘယ်အချိန်မှာ ပန်းပွင့်လန်းမလဲ၊ အဲဒီလို ပွင့်လန်းနေတာ ဘယ်လောက် ကြာကြာ ခံမလဲဆိုတာပဲ ဖြစ်ပါတယ်"

ဤစာအုပ်၏ ဒုတိယပိုင်းတွင် ဆုံးရှုံးခဲ့သည့် အချိန်များကို မည်သို့ ထေမိအောင် လုပ်ဆောင်သင့်သည်ကို ဖော်ပြပေးထားပါသည်။

အပိုင်း [ ၂ ]

## ရင်းနှီးမြှုပ်နှံသူကို မေးပါ

*မေးခွန်း။ ။ ကန်ဒေါ်လာ ၁၀,၀၀၀ ကို ကန်ဒေါ်လာ ၁၀ သန်းဖြစ် အောင် ခင်ဗျား လုပ်နိုင်သလား။*

*အဖြေ။ ။ လုပ်နိုင်တာပေါ့။ ခင်ဗျား လိုချင်တယ်ဆိုရင် အဲဒီထက် တောင် ပိုများအောင် လုပ်ပေးနိုင်ပါတယ်။*

*ကန်ဒေါ်လာ ၁၀,၀၀၀ ကို ကန်ဒေါ်လာ ၁၀ သန်းဖြစ်အောင် မည်သူမဆို လုပ်နိုင်ပါသလား။ အဖြေမှာ မလုပ်နိုင်ပါ။ သို့သော် အကယ်၍ ဆန္ဒရှိပြီး ပိုကောင်းသောအကြံပေးချက်ကို ရရှိကြမည် ဆိုပါကလုပ်နိုင်သူ ပိုများသွားနိုင်ပါသည်။ ဤစာအုပ်၏ အပိုင်း–နှစ် သည် ၎င်းအကြံပေးချက် ဖြစ်သည်။ သို့သော် အကြံပေးချက်ကို မပေးခင်မှာ အလွန်သိမ်မွေ့ပြီး ရိုးရှင်းသည့် အချက်လေးချက် ရှိနေသည်ကို ကျွန်ုပ်က အကြံပေးချက် မပေးခင်မှာ အရင်ဦးစွာ တင်ပြပေးဖို့ လိုအပ်ပါသည်။ ထိုအချက်လေးချက်သည် လူအများ တို့ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦးအဖြစ်သို့ မရောက်ကြ သည့် အကြောင်းအချက် လေးခု ဖြစ်သည်။*

*လာမည့်အခန်းတွင် ၎င်းအကြောင်းအချက် လေးခုကို တင်ပြ ထားသည်။*

## အခန်း (၁၀)

# အချို့သောသူများ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူအဖြစ်သို့ ရောက်မလာကြသည့် အကြောင်း လေးချက်

ဘဝကို လွယ်ကူသက်သာအောင် လုပ်ပေးသူထံသို့ ပိုက်ဆံစီးဝင်သည်။

*သူဌေးဖေဖေ*

အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် ကျွန်ုပ်သုံးစွဲသည့် ပုံသေနည်းကို မတင်ပြခင်မှာ အချို့သောသူများ အဘယ်ကြောင့် အောင်မြင်သော အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူ ဖြစ်မလာကြရသည့် အကြောင်းလေးချက်ကို တင်ပြဖို့ အရေးကြီးသည်ဟု ကျွန်ုပ် ခံစားမိသည်။ အချက်လေးချက်စလုံး ပတ်သက်ဆက်နွှယ်နေကြသည်။

**အကြောင်းအချက် (၁)။ "မလုပ်နိုင်ခြင်း" ဟူသည့် စကားလုံးအစွမ်း**

အထက်တန်းကျောင်း ပြီးချိန်တွင် တစ်ရက်၌ ကျွန်ုပ်က သူဌေးဖေဖေကို ပြောပြသည်။ "ကျွန်တော့ရဲ့ သိပ္ပံဆရာမက ကျွန်တော်တို့ကို ပြောပြတာ ဘမ်ဘဲဘီဆိုတဲ့ ပျားတွေရဲ့ ကိုယ်ခန္ဓာဒီဇိုင်းအရ သူတို့ဟာပျံသန်းဖို့ မဖြစ်နိုင်တဲ့သဘော ဖြစ်နေတယ်တဲ့" သူဌေးဖေဖေက ပြန်ပြောသည်။ "မင်းရဲ့ သိပ္ပံဆရာမက ဘမ်ဘဲဘီးတွေကို အဲဒီဟာ သွားမပြောဘူးလို့ မျှော်လင့်ကြရအောင်"

## ဒီမှာ အဲဒါကို ခင်ဗျား လုပ်လို့မရနိုင်ဘူး

ကျွန်ုပ်သည် တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့၏ လမ်းများပေါ်တွင် ကားဖြင့် သွားနေသည်။ အာဖရိကမှ အကြီးမားဆုံးဘဏ်ကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ဘဏ်ကြီးတစ်ခုတွင် ကျွန်ုပ် ဟောပြောဖို့ သွားနေခြင်း ဖြစ်သည်။ ကားကို ဆိပ်ကမ်း တစ်လျှောက် မောင်းသွားစဉ် နောက်ခုံတွင် ကျွန်ုပ်နှင့်အတူ လိုက်ပါလာသည့် အိမ်ရှင်က ပြောသည်။ "ခင်ဗျားရဲ့ စာအုပ်တွေက ကောင်းတယ်။ အိမ်ရာမြေမှာ ရင်းနှီးမြှုပ်နှံတဲ့ စိတ်ကူးကို ကျွန်တော် ကြိုက်တယ်။ ပြီးရင် ဘာမှမလုပ်ဘဲ ဝင်ငွေရနေမယ်။ အဲဒါ ခင်ဗျားရဲ့ တိုင်းပြည်မှာတော့ ဟန်ကျတဲ့ စိတ်ကူးပဲ။ ဒါပေမဲ့ အဲဒါကို ဒီမှာလုပ်လို့ မရနိုင်ဘူး။ ကျွန်တော်တို့ဆီမှာ အတိုးနှုန်းတွေက မြင့်မားလွန်းနေတယ်။ ဒီတော့ ခင်ဗျားပြောပြတဲ့ ပိုက်ဆံဖြစ်ထွန်းတဲ့ နည်းလမ်းနဲ့ လုပ်ကိုင်ရင် ဘာပိုက်ဆံမှ ရမှာ မဟုတ်ဘူး။ အေးအေး လူလူဝင်ငွေထံမှ တိုးပွားမယ့် ငွေစီးဆင်းခြင်းကို လုပ်ဖို့ ဒီမှာ မဖြစ်နိုင်ဘူး"

သူပြောလိုသမျှ ပြောနေစဉ် ကျွန်ုပ်သည် ကားပြတင်းပေါက်မှ တစ်ဆင့် ကိပ်တောင်းကို ကမ္ဘာ့အဆင့်မီမြို့ကြီးအဖြစ် မြင်တွေ့နေရသည်။ ငွေရဖို့ လုပ်စရာ အများအပြား ရှိနေသည်။ သေချာသည်မှာ ကိပ်တောင်းနှင့် တောင်အာဖရိကသည် တွန့်ဆုတ်သော ရင်းနှီးမြှုပ်နှံသူ အများအပြားတို့ကို ဖယ်ထုတ်ထားသည့် ပြဿနာ ရှိနေသော်ငြားလည်း ကျွန်ုပ်၏အမြင်တွင် ရင်းနှီးမြှုပ်နှံသူတို့၏ ဒေါ်လာများ ဤမြို့ ကြီးထဲသို့ လောင်း ထည့်နေသည်။ လူအများအပြားတို့ အလွန်ချမ်းသာကုန်ကြသည်။ ကျွန်ုပ်၏ အိမ်ရှင်သည် သူ၏ ညံ့ဖျင်းသည့် သဘောထားအမြင်နှင့် လက်တွေ့အမှန်ကို ဘောင်ခတ်ထားခြင်းတို့က သူ့ကို ကျရှုံးနေစေသည်။ ထိုနေ့က သူနှင့် ကျွန်ုပ်တို့ ငါးနာရီခန့် အတူရှိနေခဲ့ကြသည်။ ထိုကာလတွင် သူ့ထံမှ 'လုပ်ဖို့ မဖြစ်နိုင်'ဟူသည့် စကားကို ကြိမ်ဖန်များစွာ ကျွန်ုပ် ကြားခဲ့ရပေသည်။

## တဲ့တိုးပြောခြင်း

အကယ်ဒမီမှ ကျွန်ုပ် ဘွဲ့ရပြီးသောအခါ သူဌေးဖေဖေက ကျွန်ုပ်ကို တဲ့တိုး ပြောဆိုခြင်း ပိုများလာသည်။ သိမ်သိမ်မွေ့မွေ့ ပြောဆိုခြင်း ပိုနည်းပြီး အားမနာပါးမနာ ပြောဆိုခြင်း ပိုများသည်။ သူက ကျွန်ုပ်ကို မြန်မြန်ဆန်ဆန် သင်ယူတတ်မြောက်စေလို သည်။ ကျွန်ုပ်ငယ်စဉ်က သူပြောဆိုလျှင် စကားလုံးများကို ကြေညက်အောင်ပြုပြီး



ပြောဆိုခြင်းမျိုး မရှိတော့ချေ။ ကျွန်ုပ်၏ ကိပ်တောင်းမှ အိမ်ရှင်က ပြောဆိုနေရာ၌ အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံရန် ငွေဆွဲယူဖို့ အဘယ်ကြောင့် ခက်ခဲရသည်ကို ပြောပြ သည်။ ကျွန်ုပ်၏ သူဌေးဖခင်က ကျွန်ုပ်ကို ပြောလေ့ရှိသည့် ဆိုစကားကို ကျွန်ုပ် စိတ်ထဲ သတိရမိသည်။ "လူပျင်းတွေနဲ့ လူညံ့တွေက 'လုပ်လို့ မရနိုင်' ဆိုတဲ့ စကားလုံးကို သုံးစွဲပြောဆိုကြတာဟာ အောင်မြင်သူတွေထက် ကြိမ်ရေပိုများတယ်။ တကယ်လို့ မင်းက တစ်ခုခုကို လုပ်လို့မရနိုင် ဘူးလို့ ပြောမယ်ဆိုရင် အဲဒီဟာကို မင်းလုပ်နိုင် တယ်ဆိုရင်တောင် အဲဒီဟာကို မင်းလုပ်လို့ရတော့မှာ မဟုတ်ဘူး"

ကျွန်ုပ်၏ အိမ်ရှင်က ကားပြတင်းပေါက်မှ အပြင်သို့ ကြည့်ရင်း ပြောဆိုနေသည်။ သူသည် ချမ်းသာလာဖို့ကို လွဲချော်နေသူ ဖြစ်သည်။ သူသည် တုံး၍ အ၍ မဟုတ်ချေ။ စွမ်းဆောင်ရည် မပြည့်ဝသူလည်း မဟုတ်ချေ။ သူသည် ချမ်းသာလာဖို့ကို လွဲနေရသည်မှာ သူသည် ပျင်းသောသူတစ်ဦး ဖြစ်နေသောကြောင့် ဖြစ်သည်။ လူအများတို့ သူ့ မျက်စိရှေ့မှောက်တွင် လုပ်ကိုင်နေကြသည်ကို အတိုင်းသား မြင်နေပါလျက် သူ့အဖို့ "အဲဒီဟာကို ဒီမှာ လုပ်လို့မရနိုင်ဘူး" ဟု ပြောလိုက်ရသည်က လွယ်ကူနေသည်။

## လူပျင်း အလုပ်ကြိုးစားခြင်း

သူဌေးဖေဖေက မကြာခဏ ပြောလေ့ရှိသည်။ "အလုပ်ကြိုးစားပြီး ဘယ်ကိုမှ မရောက်ဖို့ လွယ်ကူတယ်။ အလုပ်မှာ တွယ်ကပ်ထားပြီး မင်းရဲ့ အလုပ်ရှင်ကို ပိုကြီးမား တဲ့လစာ တိုးမပေးတာအတွက် အပြစ်တင်ဖို့လည်း လွယ်ကူတယ်။ ကျွန်တော် မတတ်နိုင်ပါဘူးလို့ ပြောဖို့ဆိုတာလည်း လွယ်ကူတယ်။ အဲဒါကို ငါ လုပ်ဖို့ မဖြစ်နိုင် ဘူးလို့ ပြောဖို့ဆိုတာ လည်း လွယ်ကူတယ်။ မိမိမှာ တက်နေတဲ့ ငွေကြေးပြဿနာတွေ အတွက် လင်ကို၊ မယားကို၊ သားသမီးတွေကို အပြစ်တင်ဖို့လည်း လွယ်ကူတယ်"

သူက ပြောလေ့ရှိသည်မှာ "အလုပ်ကြိုးစားတဲ့ လူပျင်းတွေ အများ ကြီး ရှိနေတယ်။ သူတို့ အလုပ်ကို ဆက်ကြိုးစားကြတယ်။ ဘာလို့လဲ ဆိုတော့ အလုပ်ကို ကြိုးစားရတာက အပြောင်းအလဲကို လုပ်ဆောင်ရမှာထက် ပိုလွယ်ကူနေလို့ပဲ" ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ သူဌေးဖေဖေက ပြောလေ့ရှိသည်မှာ "လူအများအပြားတို့က သူတို့ရဲ့ ပိုက်ဆံတွေကိုလုံးဝ သူစိမ်းပြင်ပြင်ဖြစ်သူရဲ့ လက်ထဲကို ထည့်လိုက်ကြတယ်။ ဒီတော့ ပြန်ရတဲ့အမြတ်က နည်းနေတာ မဆန်းပါဘူး။ ပြီးတော့ လူအများအပြားတို့က အကောင်းစားရင်းနှီးမြှုပ်နှံမှုမျိုးကို တွေ့ဖို့ လွယ်ကူတယ်လို့ ထင်ထားကြတယ်။ အကောင်းစား ရင်းနှီးမြှုပ်နှံမှုတွေဟာ

သစ်ပင်မှာ အသီးသီးသလို သီးနေကြတာလို့ ထင်ထားပုံရတယ်။ အဲဒါကို ဆွတ်ခူးပြီး သူတို့လက်ထဲ လာပေးမယ်လို့လည်း ထင်ထားကြတယ်။ တကယ်တော့ အညံ့စားရင်းနှီး မြှုပ်နှံမှုတွေကိုသာ တွေ့ဖို့ လွယ်ကူနေတာပါ။ မင်းရဲ့ ပိုက်ဆံတွေကို မင်းအတွက် အလုပ်ကြိုးစားစေလိုတယ်ဆိုရင် မင်း ပျင်းနေလို့ မဖြစ်ဘူး။ လူပျင်းတွေက မြင့်မားတဲ့ ရည်မှန်းချက် ထားရှိသူတွေ ပယ်ချတဲ့ ရင်းနှီး မြှုပ်နှံမှုမျိုးတွေမှာ ရင်းနှီးမြှုပ်နှံကြတယ်"

## မရက်စက်ပါနဲ့

အလုပ်ကြိုးစားသူများကို လူပျင်းဟု ပြောဆိုခြင်းသည် မရက်စက်ရာ ရောက်သည်။ ထိုအဆိုကို ကျွန်ုပ်ပြုရသည်မှာ သူဌေးဖေဖေက ကျွန်ုပ်ကို သင်ပေးသမျှ အရေးအပါဆုံး သင်ခန်းစာများထဲမှ တစ်ခုကို လက်ဆင့်ကမ်းလို၍ ဖြစ်သည်။ "လုပ်လို့မရနိုင်ဘူး ဆိုတဲ့ စကားလုံးဟာ သန်မာတဲ့ သူတွေကို ချည့်နဲ့သွားစေတယ်။ မြင်နေတဲ့သူတွေကို ကန်းသွားစေတယ်။ ပျော်နေတဲ့သူတွေကို ဝမ်းနည်းသွားစေတယ်။ သတ္တိကောင်းတဲ့သူတွေကို လူကြောက်တွေ ဖြစ်သွားစေတယ်။ သူတို့ရဲ့ တောက်ပတဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေကို လုယူသွားတယ်။ ချမ်းသာပါလျက် ဆင်းရဲစွာ တွေးမိစေတယ်။ ငါတို့ရဲ့ အတွင်းထဲမှာ ရှိနေတဲ့ ထူးချွန်ပြောင်မြောက်သူရဲ့ အောင်မြင်ထမြောက်မှုတွေကို ကန့်သတ်ပစ်တယ်"

## သန်းကြွယ်သူဌေး ဘိုင်ကျသွားခြင်း

ငွေရေးကြေးရေး ရုန်းကန်နေရသော အမျိုးသမီးတစ်ဦးအကြောင်း ဆောင်းပါးတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုရသည်။ ခေါင်းစဉ်မှာ *သန်းကြွယ်သူဌေး ဘိုင်ကျသွားခြင်း* ဟူ၍ ဖြစ်သည်။ ၎င်းအမျိုးသမီးသည် အသက် ၇၀ နှစ် ရှိပြီဖြစ်ပြီး နာမည်ကြီး ဥပဒေကျောင်းဆင်း ဘွဲ့ရတစ်ဦး ဖြစ်သည်။ ၎င်းအမျိုးသမီးသည် အောင်မြင်သော ရှေ့နေတစ်ဦးလည်းဖြစ် သည်။ သူမ အငြိမ်းစားယူပြီးချိန်တွင် သူမ ပိုင်ဆိုင်သမျှ ပေါင်းစုရန်ပုံငွေများနှင့် စတော့များအားလုံးကို သူမ ထုတ်ရောင်းပစ်လိုက်သည်။ ငွေသားကို လက်ထဲကိုင်ထားသည့် အနေအထားကို ရယူသည်။ "ဈေးကွက် ပြိုလဲပြီးချိန်မှာ ကျွန်မဟာ တကယ်တော်တဲ့သူလို့ ခံစားမိတယ်။ ဘာလို့လဲဆိုတော့ ဈေးကွက်ထဲမှာ ကျွန်မရဲ့ မိတ်ဆွေတွေလို ဆုံးရှုံးမှုတွေကို ကျွန်မ မကြုံရဘူး" ဟု သူမက ပြောပြသည်။ "အဲဒါအစား ကျွန်မမှာ ဘဏ်စုဆောင်းငွေ ဒေါ်လာ တစ်သန်းကျော် ငွေစုလက်မှတ် ရှိနေပြီး အတိုးက



၅ ရာခိုင်နှုန်းနီးပါး ဝင်ငွေ ရရှိနေတယ်။ ဒီတော့ နေထိုင်ဖို့အတွက် တစ်နှစ်ကို ဒေါ်လာ ၅၀,၀၀၀ ရနေတယ်။ အဲဒါအပြင် လူမှုဖူလုံရေးထံမှ ဒေါ်လာ ၂၂ ,၀၀၀ ရနေတယ်။ ဒီတော့ ကျွန်မ ဟန်ကျပြီလို့ ထင်ခဲ့ပါတယ်။ ပင်စင်ယူပြီး ရှစ်နှစ်အကြာမှာတော့ အဲဒီ ငွေစုလက်မှတ်တွေက အတိုး တစ်ရာခိုင်နှုန်းအောက်ကိုပဲ ပေးတော့တယ်။ ဒီတော့ အတိုးကနေရတဲ့ ဝင်ငွေက ၁၀,၀၀၀ အောက်ကို ရောက်သွားတယ်။ ဒီတော့ မနည်းကြိုးစားပြီး လောက်ငအောင် သုံးစွဲရတယ်။ လက်ထဲရှိတဲ့ငွေအရ ကျွန်မက သန်းကြွယ်သူဌေး ဖြစ်နေပေမဲ့ မွဲနေတယ်။ တကယ်လို့ အတိုးနှုန်းတွေက် ပြန်မြင့်မတက်ဘူးဆိုရင် ကျွန်မ စုဆောင်းငွေထဲကနေ ယူသုံးရတော့မယ်။ တကယ်လို့များ အသက်ရှည်ရှည် နေရရင် စုဆောင်းငွေတွေ ထုတ်သုံးလို့ ကုန်သွားပြီး ငမွဲအဖြစ်ကို ရောက်ရလိမ့်မယ်"

ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်း ငွေရေးကြေးရေးကျွမ်းကျင်သူက သူမကို အကြံပြုသည်မှာ "ခင်ဗျား လုပ်ခဲ့တာ မှန်ကန်ပါတယ်။ ဒါပေမဲ့ အခုအချိန်ဟာ ဈေးကွက်ထဲကို ပြန်ဝင်ရမယ့်အချိန် ရောက်နေပြီ။ ခင်ဗျားက ပါးပါးနပ်နပ်ဖြင့် ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျကျနန ခွဲဝေပြီး နေရာချထားပြီး အမျိုးမျိုး ခက်ဖြာတဲ့ ရင်းနှီးမြှုပ်နှံမှု ပြုထားမယ်ဆိုရင် တစ်နှစ်ကို ပျမ်းမျှ ၅ ရာခိုင်နှုန်း ခင်ဗျား ဝင်ငွေ ရနိုင်ပါတယ်"

ဤသည်မှာ ၎င်းအမျိုးသမီး၏ ငွေရေးကြေးရေး ပညာရေးအဆင့်အတန်းအတွက် ကောင်းသော အကြံပေးချက် ဖြစ်ပေလိမ့်မည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုထံမှ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းသာ ရခြင်းသည် အမြတ် ကောင်းကောင်းရခြင်း မမည်ပေ။ ငွေရေးကြေးရေး ပညာရေး အနည်းငယ်နှင့် အတွေ့အကြုံ အနည်းငယ်ရှိထားသူတစ်ဦးအဖို့ ပြန်ဝင်သည့် အမြတ်ငွေ ၁၅ ရာခိုင်နှုန်းနှင့်အထက်ကို အလွယ်ဖြင့် ရနိုင်သည်။ သို့ဖြစ်ရာ ပိုမိုမြင့်မားသည့် ပြန်ရအမြတ်ငွေကို အဘယ်ကြောင့် မယူဘဲ နေရမည်နည်း။ အဖြေမှာ ပညာရေး အဆင့်နှင့် မည်သူက သင်ပြပေးသနည်းတို့ကြောင့် မရယူခြင်း ဖြစ်နေသည်။ တစ်နည်းဆိုရသော် လူ အများအပြားတို့သည် အပုံမတတ်သည့် ပိုးတောင်မာများ ဖြစ်နေကြပြီး မိမိကိုယ်တိုင်သည်လည်း ပျံသန်းဖို့ မဖြစ်နိုင်ဟု ယူဆထားသူများက ဆရာနေရာမှ သင်ပြပေးရာ၌ မည်သို့ပျံသန်းရမည်ကို သင်ပြမပေးသောကြောင့် ဖြစ်သည်။

## အိမ်စိမ်း လေးလုံးနှင့် ဟိုတယ်နီ တစ်လုံး

ကျွန်ုပ်အသက် ကိုးနှစ်တွင် သူဌေးဖေဖေက ချမ်းသာရန် အခြေခံ သဘောတရားများကို စတင်သွန်သင်ခဲ့သည်။ သူက ရိုးရှင်းသောသင်ခန်းစာများဖြင့် စတင်ခဲ့သည်။ ကျွန်ုပ်နှင့်အတူ မိုနိုပိုလီကို နာရီအတန်ကြာ ကစားသည်။ သူက ထပ်ခါတလဲလဲ ပြောသည်။ "အကြီးအကျယ် ချမ်း သာခြင်းအတွက် ပုံသေနည်းကို ဟောဒီ မိုနိုပိုလီ ကတ်ပြားပေါ်မှာ တွေ့နိုင်တယ်။ ပုံသေနည်းက အိမ်စိမ်းလေးလုံးကို ဟိုတယ်နီတစ်လုံး နဲ့ လဲလှယ်ပြီး ရယူတာပဲ" ကျွန်ုပ်အတွက် ပညာပေး အစီအစဉ်ကို ပြည့်စုံစေရန် သူ၏ ငှားရမ်းထားသော အိမ်ရာပိုင်ဆိုင်မှုများထံ သူသွားရောက်သည့်အခါ ကျွန်ုပ်ကို အတူခေါ်သွားသည်။ ထိုပိုင်ဆိုင်မှုများသည် အိမ်စိမ်းများကို ကိုယ်စားပြုသည်။ ၁၉၆၇ ခုနှစ်၌ ကျွန်ုပ်သည် အကယ်ဒမီ တက်ရောက်နေစဉ် သူဌေးဖေဖေသည် သူ၏ အိမ်စိမ်းလေးလုံးကို ဝိုင်ကီကီ ပင်လယ်ကမ်းခြေမှ အကြီးမားဆုံးဟိုတယ်များထဲမှ တစ်ခုနှင့် လဲလှယ် လိုက်သည်။ ဟိုတယ်အရောင်မှာ အနီရောင် မဟုတ်၊ အိမ်များမှာလည်း အစိမ်းရောင် မဟုတ်။ သို့သော် အိမ်စိမ်းလေးလုံးနှင့် ဟိုတယ်နီတစ်လုံး ပုံသေနည်းအရ လုပ်ကိုင်ခြင်း ဖြစ်ကြောင်း အသက် ၁၉ နှစ်ရှိပြီဖြစ်သော ကျွန်ုပ် သဘောပေါက်သည်။ ပိုးမာကောင် အဘယ်ကြောင့် ပျံသန်းနိုင်ရသည်ကို လည်းကောင်း၊ အဘယ်ကြောင့် သူဌေးဖေဖေသည် တစ်ဆယ် နှစ်အတွင်း အလွန်ချမ်းသာသွားရသည်ကိုလည်းကောင်း ကျွန်ုပ်သဘော ပေါက်ခဲ့ပေသည်။

၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ထိုဝိုင်ကီကီ ပင်လယ်ကမ်းခြေတွင် သူဌေးဖေဖေ၏ သားဖြစ်သူ မိုက်နှင့်အတူ လမ်းလျှောက်ထွက်ခဲ့ရာ၌ သူဌေး ဖေဖေ၏ ဟိုတယ် တည်ရှိခဲ့ရာအနီးတစ်ဝိုက်တွင် လမ်းလျှောက်ဖြစ်ခဲ့ သည်။ ယခုအခါ ၎င်းဟိုတယ် မရှိတော့ချေ။ ဖြိုဖျက်ပစ်ပြီး ပိုကြီးမားသည့် ဟိုတယ်တစ်ခုကို အာမခံလုပ်ငန်း ကုမ္ပဏီကြီးတစ်ခုမှ တည်ဆောက်ခဲ့သည်။ သူဌေးဖေဖေ၏ မိသားစုသည် ဟိုတယ် အဆောက်အဦ အသစ်ကို မပိုင်ဆိုင်ကြချေ။ ၎င်းဟိုတယ် တည်ဆောက်ထားသည့် မြေကိုသာပိုင်ဆိုင်ထားပြီး ရရှိသည့် မြေငှားရမ်းခမှာ ရင်သပ်ရှုမောရအောင် ကြီးမားသည်။ မိုက်က "အဲဒီ မြေက အခုဆိုရင် တန်ဖိုး မဖြတ်နိုင်အောင် ဖြစ်နေပြီ။ အဖေက ဘာမှမတန်တဲ့မြေ အဖြစ်မှာ ရယူခဲ့တယ်။ ဒါပေမဲ့ သူ့မှာ အစီအစဉ် ရှိတယ်။ ကြိုမြင်တယ်။ စိတ်ကူး အိပ်မက်တစ်ခု ရှိတယ်။ ကလေးဘဝမှာ သူ မိုနိုပိုလီ ကစားတယ်။ အခုထိ ကစားတုန်းပဲ။ တကယ့် လက်တွေ့ဘဝထဲမှာ မိုနိုပိုလီ ကစားဖို့ဆိုတာ လုပ်လို့မရနိုင်ဘူးလို့ ဘယ်သူကမှ



သူ့ကို ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး"

မိုက်က သူ့မိသားစု ပိုင်ဆိုင်သည့်နေရာမှ ဆိုင်ရှင်တစ်ဦးနှင့် ရပ်ပြီး စကားပြောဆိုနေစဉ် ကျွန်ုပ်၏ အတွေးများသည် အတိတ်သို့ ပြန်ရောက်သွားသည်။ ကျွန်ုပ်၏ အဖေနှင့် အမေတို့က ကျွန်ုပ်ကို ပြောဆိုကြသည့် စကားကို ပြန်သတိရမိသည်။ "အဲဒီ မိုနိုပိုလီကို ရပ်ထားလိုက်စမ်း။ စာသွားကျက်ချေ။ အဆင့်ကောင်းကောင်းမရရင် လစာကောင်းတဲ့အလုပ် မျိုးကို သွား ရမှာ မဟုတ်ဘူး"

ကျွန်ုပ်နှင့် မိုက်တို့ လမ်းအတူ ဆက်လျှောက်လာစဉ် မိုက်က "မိုနို ပိုလီဆိုတာ ကလေးတွေ ဆော့ဖို့သက်သက်ပဲလို့ ဘယ်သူမှ ငါ့အဖေကို မပြောကြတာ ငါကံကောင်းတာပဲ" ဟု ပြောသည်။ ကျွန်ုပ်က ခေါင်းညိတ် ပြလိုက်သည်။ မိမိဘာသာ စိတ်ထဲ ပြောမိသည်။ "ပိုးမာကောင်ကို ပျံသန်းဖို့ မရနိုင်ပါဘူးလို့ ဘယ်သူကမျှမပြောခဲ့တာဟာ ကံကောင်းတာပဲ"

### အကြောင်းအချက် (၂)။ လွယ်ကူခြင်း၏ စွမ်းပကား

"ချမ်းသာစေဖို့ သော့ချက်က အခြင်းအရာတွေကို လွယ်ကူသွားအောင် လုပ်ဖို့ပဲ" ဟု သူဌေးဖေဖေက သူ့သားနှင့် ကျွန်ုပ်တို့ကို သွန်သင်ခဲ့သည်။ "ကျောင်းဆရာတစ်ယောက်က စီးပွားရှာလုပ်ငန်းရှင်တစ်ဦးထက် ဝင်ငွေနည်းပါးရတာဟာ ကျောင်းပညာရေးစနစ်မှာ လွယ်ကူရိုးရှင်းတာကိုယူပြီး နက်နဲရှုပ်ထွေးအောင် လုပ်ဖို့ ဒီဇိုင်းထုတ်ထားလို့ပဲ" ဘာကို သူဆိုလို ကြောင်း ကျွန်ုပ် သဘောမပေါက်ချေ။ သို့ဖြစ်ရာ ထပ်မံရှင်းပြခိုင်းရသည်။ သူဌေးဖေဖေက ချက်ချင်း ပြောပြသည်။ "ကျောင်းစနစ်က ၁+၁ ကို ယူတယ်။ ရိုးရှင်းတဲ့သင်္ချာကို ယူပြီး ခက်ခဲတဲ့ ကဲကုလအဖြစ်သို့ ပြောင်းလဲပစ်တယ်။ အဲဒီလို ရိုးရှင်းတာကိုယူပြီး ခက်ခဲနက်နဲအောင် လုပ်တယ် လို့ ငါ ဆိုလိုတာပါ"

ကျွန်ုပ်အဖို့ ကျောင်းသည် ကြောက်စရာနေရာတစ်ခု အမြဲဖြစ်ခဲ့သည်။ လာမယ့် ပညာသင်နှစ်ကို ကျွန်ုပ် အမြဲကြောက်လန့်နေခဲ့သည်။ နောက်နှစ်တွင် လေ့လာသင်ယူရမည့်တို့မှာ ယခုနှစ်ထက် ပိုမိုခက်ခဲမည်ဆိုသည်ကို ကျွန်ုပ် သိထားသည်။ ကျွန်ုပ်သည် မူလတန်း တက်နေစဉ် အထက်တန်းတွင် အလွန်ပိုမိုခက်ခဲလိမ့်မည်ဟု လူအများတို့က ကျွန်ုပ်ကို ပြောပြကြသည်။ ကျွန်ုပ် အထက်တန်းကျောင်း တက်နေစဉ်၌ ကောလိပ်တွင် ယခုထက် ပိုမိုခက်ခဲမည်ဟု ကျွန်ုပ်ကို လူအများတို့က ပြောပြကြသည်။ သို့ဖြစ်ရာ ကျွန်ုပ်အဖို့ ကျောင်းသည် ဘဝကို ခက်ခဲအောင် လုပ်သောနေရာတစ်ခု ဖြစ်နေသည်။

ကျွန်ုပ်သည် စီးပွားရေးလောကနှင့် ကျောင်းစနစ်တို့အကြား ကွာခြားပုံကို ပြည့်ပြည့်ဝဝ နားမလည်သဖြင့် သူဌေးဖေဖေကို မေးမြန်းသည်။ "အဲဒီလိုဆိုရင် စီးပွားရေးလုပ်ငန်းက နက်နဲခက်ခဲတာကို ယူပြီး လွယ်ကူရိုးရှင်းအောင် လုပ်တာလား"

သူဌေးဖေဖေက ခေါင်းညိတ်ပြပြီး အဖြေပေးသည်။ "အဲဒါ အမှန်ပဲ။ စီးပွားရှာ လုပ်ငန်းရဲ့ ရည်ရွယ်ချက်က ဘဝကို လွယ်ကူရိုးရှင်းအောင် လုပ်ပေးဖို့ပဲ။ ဘဝကို အလွယ်ကူဆုံးဖြစ်အောင် လုပ်ပေးတဲ့ စီးပွားရှာ လုပ်ငန်းတွေဟာ ပိုက်ဆံအရဆုံး လုပ်ငန်းတွေပဲ"

"နမူနာ တစ်ခုလောက် ပြောပြပေးပါလား"

"ပြောပြမယ်။ ကားထုတ်လုပ်တဲ့လုပ်ငန်းနယ်ပယ်ဟာ ပိုက်ဆံတွေ အများကြီး ရနေတာအတွက် အကြောင်းတစ်ချက်က တစ်နေရာကနေ တစ်နေရာကို ရောက်သွားဖို့ အတွက် လွယ်ကူအောင် လုပ်ပေးလို့ပဲ"

"လမ်းလျှောက်သွားတာထက် ပိုလွယ်သွားအောင် လုပ်ပေးတာကို ပြောချင်တာလား"

"အတိအကျပဲ။ ကားက ဘဝကို ပိုလွယ်ကူအောင် လုပ်ပေးတယ်။ ဒီတော့ သန်းချီတဲ့ ဦးရေရှိတဲ့သူတွေက ကားအတွက် ပိုက်ဆံ အကုန်ခံဖို့ စိတ်ပါကြတယ်"

"လေကြောင်းလိုင်းတွေလဲ အလားတူပဲ ဖြစ်မယ်" ကျွန်ုပ်သည်ဤသင် ခန်းစာကို စတင်သဘောပေါက်လာသည်။ သူဌေးဖေဖေက ပြောသည်။ "ဖုန်း၊ စူပါမားကက်၊ လျှပ်စစ်ကုမ္ပဏီ စတာတွေ အားလုံး ပိုက်ဆံရကြတာ သူတို့က ဘဝကို ပိုမိုလွယ်ကူအောင် လုပ်ပေးကြတာဟာ အကြောင်း အချက်တစ်ခုပဲ"

"ကျောင်းတွေက ဘဝကို ခဲယဉ်းအောင် လုပ်နေကြတယ်"

"သူတို့က လွယ်တာကို ယူပြီး ခက်သည်ထက် ပိုခက်အောင် လုပ်ကြတယ်။ မင်းက ချမ်းသာချင်တယ်ဆိုရင် ခက်ခဲတာတွေကို ယူပြီး လွယ်အောင် လုပ်ပေးတတ်ဖို့ သင်ယူရမယ်။ အဲဒါကို မင်း စူးစိုက်ထားရင် လူတွေအဖို့ သူတို့ရဲ့ ဘဝတွေ ပိုမိုလွယ်ကူသွားတာမယ်။ မင်းက အရမ်းချမ်းသာတဲ့သူ ဖြစ်သွားမယ်။ ဘဝကို ပိုလွယ်သွားအောင် လူတွေ ပိုများများကို မင်းက ကူညီပေးလေ မင်းက ပိုချမ်းသာလေပဲ"



**သူဌေးဖေဖေ၏ ဥပဒေသ**

သူဌေးဖေဖေ၏ ဥပဒေသတစ်ခုမှာ "ဘဝကို လွယ်ကူအောင် ပြုလုပ်သူထံသို့ ပိုက်ဆံ စီးဝင်သည်" ဟူ၍ ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှု လွယ်အောင်လုပ်ခြင်း**

စတော့ချေးကွက် အလုပ်ကောင်းကောင်း ဖြစ်ရသည့်အကြောင်း တစ်ချက်မှာ ရင်းနှီးမြှုပ်နှံရန်အတွက် လွယ်ကူနေစေသောကြောင့် ဖြစ် သည်။ စတော့ချေးကွက်သည် ကုမ္ပဏီတစ်ခုကို ရယူလိုက်ပြီး သန်းချီသော အရေအတွက်ရှိသည့် အစုရှယ်ယာများ အဖြစ်သို့ ခုတ်ထစ်လှီးဖြတ် ပေးလိုက်ရာ လူအများတို့သည် ကုမ္ပဏီကို တစ်ခုလုံးအနေဖြင့် ဝယ်ယူဖို့ ခက်ခဲနေသည်ကို အဖြေရသွားသည်။ ကုမ္ပဏီ၏ ရှယ်ယာကို ကုမ္ပဏီ၏ အပိုင်းအစ တစ်စအဖြစ် ဝယ်ယူဖို့ လွယ်ကူသွားသည်။

ပေါင်းစုရန်ပုံငွေများသည် ပိုက်ဆံ အမြောက်အမြားတို့ကို ဆွဲဆောင် နိုင်ခြင်း အတွက် အကြောင်းတစ်ချက်မှာ မည်သည့်စတော့များကိုဝယ်ယူ မည်ဟု ဆုံးဖြတ်ရန် လွယ်ကူသောကြောင့် ဖြစ်သည်။ ပေါင်းစုရန်ပုံငွေ တစ်ခုကို ဝယ်ယူလိုက်ပြီးသောအခါ၌ စတော့များသည် အစုလိုက်အရ ခြုံငုံကြည့်လျှင် တန်ဖိုးမြင့်တက်သွားမည်ဟု မျှော်လင့်ထားလိုက်ရုံသာ လုပ်ဖို့ လိုသည်။

ဘဝကို လွယ်ကူအောင် လုပ်ခြင်းဟူသည့် သူဌေးဖေဖေ၏ သင်ခန်းစာကို သင် သဘောပေါက်သည်ဆိုပါက စတော့ချေးကွက်များကို လုပ်ကိုင်နေသူများ၊ ပေါင်းစုရန်ပုံငွေများကို စီမံပေးနေသူများသည် ချမ်းသာသွားကြသူများ ဖြစ်ကြပြီး ငွေထည့်ဝင်ကာ ရင်းနှီးမြှုပ်နှံသူများသည် ချမ်းသာသွားမည်ဟု တပ်အပ်သေချာ ပြောမရသည်မှာ အဘယ်ကြောင့် နည်းဆိုသည်ကို သင် သဘောပေါက်သွားမည် ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုကို တတ်နိုင်သွားအောင်လုပ်ခြင်း**

စတော့ချေးကွက်များနှင့် ပေါင်းစုရန်ပုံငွေများတို့သည် ရင်းနှီးမြှုပ်နှံမှုကို လွယ်အောင် ပြုပေးရုံမျှသာ မဟုတ်ချေ။ တစ်နိုင်တစ်ပိုင် တတ်နိုင်အောင်လည်း လုပ်ပေးထားသည်။ လူတစ်ဦးသည် တစ်လလျှင် ကန်ဒေါ်လာ ၅၀ ရင်းနှီးမြှုပ်နှံ ပေးရုံဖြင့် လုပ်ကိုင်နိုင်နေစေသည်။ ထိုမျှလောက်ဖြင့် လုပ်ကိုင်နိုင်သည်။ ကြီးမားသော ပမာဏကို လက်ငင်းပေးချေဖို့ မလိုအပ်ပေ။ ဘဏ်မှ ချေးငွေရယူပြီး လုပ်ကိုင်ဖို့လည်း မလိုအပ်

ချေ။ အိမ်ရာချေးငွေ၊ စီးပွားရေးလုပ်ငန်း ချေးငွေများကဲ့သို့ ငွေချေးရန် ယုံကြည်ထိုက်သူဖြစ်ကြောင်း သက်သေပြဖို့လည်း မလိုပေ။ လက်ထဲရှိနေသည့် ငွေစကို ပေးလိုက်ရုံသာ လုပ်ဖို့ လိုအပ်သည်။ လုပ်စရာအကုန်လုံးမှာ ထိုမျှသာ ဖြစ်သည်။ ထို့ထက် မပိုချေ။

## ပြိုလဲချိန်မှာ မည်သူ ငွေရအောင် လုပ်သနည်း

ဈေးကွက် ပြိုလဲနေစဉ် ပေါင်းစုရန်ပုံငွေသည် ငွေရအောင် လုပ်နေ နိုင်ဆဲဖြစ်ပြီး၊ ၎င်းပေါင်းစုရန်ပုံငွေတွင် ထည့်ဝင်ထားသူများ ဆုံးရှုံးနေသည့်တိုင်အောင် ငွေရနေဆဲဖြစ်သည်။ ဈေးကွက်ပြိုလဲနေစဉ် စတော့ ဈေးနှုန်းများနှင့် ပေါင်းစုရန်ပုံငွေ၏ တန်ဖိုးများ ထိုးကျသည်။ သို့သော် ရန်ပုံငွေလုပ်ငန်းကုမ္ပဏီများသည် စီမံမှုအခကြေးငွေကို ဆက်လက်၍ ကောက်ခံရယူသည်။ အဘယ်ကြောင့်နည်း။ အကြောင်းမှာ သူတို့သည် ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူအောင် လုပ်ကိုင်စီမံပေးနေဆဲ ဖြစ်သောကြောင့် ဖြစ်သည်။

## တိုက်ရိုက်ဆက်နွှယ်မှု

အကြောင်းအချက် လေးခုတို့ အားလုံးသည် နီးနွှယ်နေကြသည်။ လုပ်လို့မရနိုင်ဟု မကြခဏ ပြောဆိုကြသူများသည် များသောအားဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် လွယ်ကူသောနည်းလမ်းနိဿယများကို ရှာဖွေရ ယူကြသူများ ဖြစ်နေသည်။

သူဌေးဖေဖေ၏ ရင်းနှီးမြှုပ်နှံမှု သင်ခန်းစာများတွင် တစ်ခုမှာ "လူ အများအပြားတို့က အကောင်းစားရင်းနှီးမြှုပ်နှံမှုတွေဟာ အပင်တွေပေါ်မှာ သီးနေကြတယ်လို့ ထင်ကြတယ်။ ရင်းနှီးမြှုပ်နှံရတာ လွယ်ကူသင့်တယ်လို့ သူတို့ ထင်ကြတယ်။ လက်ထဲရှိတဲ့ ပိုက်ဆံကို မှော်ဆရာရဲ့ လက်ထဲကို ထည့်ထားလိုက်ရုံပဲ။ မကြာခင်မှာ ရုတ်တရက် ဆိုသလို မျက်လှည့်ပြလိုက်သလိုမျိုး သူတို့ နေ့ချင်းညချင်း ချမ်းသာသွားကြမယ်လို့ ထင်ထားကြတယ်။ တကယ့်လက်တွေ့မှာတော့ ရင်းနှီးမြှုပ်နှံမှုဆိုတာ စဉ်ဆက်မပြတ် လုပ်ကိုင်ပေးနေရတာဖြစ်ပြီး ရှာဖွေတာ၊ ညှိနှိုင်းတာ၊ ငွေကြေးထည့်ဝင်တာ၊ လူတွေနဲ့ ပိုက်ဆံကို စီမံတာတွေကို စဉ်ဆက်မပြတ် လုပ်ကိုင်ပေးရတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုရင် ခက်ခဲတဲ့လမ်းကို ယူမှ ဘဝဟာ လွယ်ကူအဆင်ပြေမယ်။ အလွယ်လမ်းကို လိုက်ရင်တော့ များသော အားဖြင့် ဘဝမှာ အဆင်မပြေကြဘူး"

ဤသည်က တတိယအကြောင်းအချက်ဆီသို့ ရောက်ရှိသွားစေသည်။ အဘယ်



ကြောင့် လူအနည်းအကျဉ်းမျှသာ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူ အဖြစ်သို့ ရောက်ရှိကြရသနည်း။

## အကြောင်းအချက် (၃)။ ချမ်းသာခြင်းက ဆင်းရဲဖို့ လွယ်ကူစေသည်

ကြွေးဝယ်ကတ်ပြားရဖို့ မည်မျှ လွယ်ကူသည်ကို သင် သတိပြုမိပါသလား။ ကင်မ်နှင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကြွယ်ဝမှုကို တည်ဆောက်နေကြစဉ် ဘဏ်သမားများနှင့် ကျွန်ုပ်တို့ ပြဿနာတက်ကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့ထံ၌ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်မှုများ များပြားလွန်းနေသောကြောင့် ဖြစ်သည်။ ၎င်းတို့ အကုန်လုံးသည် ဝင်ငွေ အလားအလာကောင်းများ ရှိနေကြသော်ငြားလည်း ဘဏ်က ကျွန်ုပ်တို့၏ ချေးငွေအချို့ကို ပြန်ရုပ်သိမ်း လိုနေသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် အကျိုးဖြစ်ထွန်းသော အကြွေးများ အလွန်များပြားနေသောကြောင့်ဖြစ်သည်။ သို့သော် အကျိုးမဖြစ်ထွန်းသည့် အကြွေးများကို ဘဏ်သမားက ထပ်မံ ထုတ်ချေးလိုသည်။ အဘယ်ကြောင့်နည်း။

၂၀၀၃ ခုနှစ် အစောပိုင်းတွင် ကျွန်ုပ်တို့၏ အိမ်ပေါင်ပွဲစားက ကျွန်ုပ်တို့ထံ ဖုန်းဆက်ပြီး ကျွန်ုပ်တို့သည် မိမိတို့နေထိုင်သည့် အိမ်ကို အပေါင်ထားပြီး ရယူသည့် အိမ်ပေါင်ချေးငွေထံမှ နောက်ထပ် ကန်ဒေါ်လာ ၃၀၀,၀၀၀ ထပ်မံရယူလိုခြင်း ရှိမရှိ မေးမြန်းသည်။ အတိုးနှုန်း လွန်စွာ ကျဆင်းနေသဖြင့် ကင်မ်နှင့် ကျွန်ုပ်တို့ အနေဖြင့် ၎င်းချေးငွေကို ရယူဖို့ တတ်နိုင်ကြသည်။ အိမ်ပေါင်ချေးငွေကို လစဉ် ပြန်ပေးဆပ်ရန် အတွက်လည်း တတ်နိုင်ကြသည်။

ကျွန်ုပ်တို့က ငွေကို ပြန်လည်စီမံသည့်အခါ ကျွန်ုပ်တို့၏ တိုက်ခန်းတစ်ခုအတွက် တန်ဖိုးရှိပိုင်ဆိုင်မှုထံမှ ကန်ဒေါ်လာ ၂၅၀,၀၀၀ ချေး ငွေရယူပြီး ငွေဆွဲထုတ်သောအခါ ၎င်းအိမ်ပေါင်ပွဲစားက တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေသည်။ နောက်ထပ် ပွဲစားတစ်ဦးထံမှ ကျွန်ုပ်တို့ ငွေရယူခဲ့ကြရသည်။ ပထမပွဲစားသည် ကျွန်ုပ်တို့ နေထိုင်သော အိမ်ကို အပေါင်ထားလျှင် ငွေချေးလိုသော်လည်း ကျွန်ုပ်တို့ ပိုင်ဆိုင်သော တန်ဖိုးရှိပိုင်ဆိုင်မှုတစ်ခု အတွက် ငွေချေးသောအခါ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေရသည်ကို ကျွန်ုပ် စိတ်ဝင်တစားဖြစ်မိသည်။

နောက်ထပ် စိတ်ဝင်တစား ဖြစ်ရသည်မှာ ကိုယ်ပိုင်ငွေကြေး စီမံမှုမဂ္ဂဇင်း အများအပြားတို့က နောက်ထပ် အိမ်တစ်လုံးကို အပန်းဖြေအိမ်အဖြစ် ဝယ်ထားရန် အကြံပြုကြခြင်း ဖြစ်သည်။ ၎င်းဒုတိယအိမ်သည် ငွေကြေးကုန်ကျမှု ရှိသည်။ ငွေ ရပေါက်ရလမ်း

ရှိသည့် ပိုင်ဆိုင်မှုအဖြစ် ရင်းနှီးမြှုပ်နှံခြင်း မဟုတ်ချေ။ အဘယ်ကြောင့် ယခုလို အကြံပြုကြသနည်း။ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှုထဲသို့ လာမည့် အခန်းအနည်းငယ်တွင် ကျွန်ုပ်တို့ ရောက်ရှိသွားသောအခါ ဤမေးခွန်းကို ပိုသိချင်လာ မည်။ ချမ်းသာသူများသည် အိမ်ခြံမြေတွင် ငွေရှာယူကြသည့်အပြင် သူတို့၏ ကြွယ်ဝမှုကို အိမ်ခြံမြေတွင် ထားရှိကြသည်။ အိမ်ခြံမြေဈေးကွက်သည် စတော့ဈေးကွက်ထက် ပိုမိုကြီးမားသည်။ သို့ဖြစ်ပါလျက် ငွေရေးကြေးရေး ကျွမ်းကျင်သူများက အဘယ်ကြောင့် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံခြင်းကို ဆန့်ကျင်ပြောဆိုနေကြသနည်း။ ရင်းနှီးမြှုပ်နှံဖို့ ပိုမိုလွယ်ကူသော စတော့များ၊ ငွေချေးစာချုပ်များနှင့် ပေါင်းစုရန်ပုံငွေတို့ တွင် ရင်းနှီးမြှုပ်နှံကြဖို့ ၎င်းတို့က အကြံပြုနေကြရသနည်း။

**အကြောင်းအချက် (၄)။ အာမခံချက် မရှိဘဲ ရင်းနှီးမြှုပ်နှံခြင်း**

နောင်တစ်ချိန် အနာဂတ်၌ ပိုက်ဆံများ မိမိထားသည့်နေရာ၌ ရှိနေမည်ဟု အာမခံချက် မရှိဘဲ လစဉ် ငွေကြေးအနည်းငယ်ကို ထည့်ဝင်သော ရင်းနှီးမြှုပ်နှံမှုမျိုးကို သန်းချီသော ဦးရေရှိသည့် ရင်းနှီးမြှုပ်နှံသူများ အဘယ်ကြောင့် ပြုကြသနည်း။ သန်းချီသော ဦးရေရှိသည့် ရင်းနှီးမြှုပ်နှံ သူများသည် လစဉ် ငွေရရှိရမည့်အစား ငွေကုန်ခံပြီး ပေးနေရသည်ကို စိတ်ပါလက်ပါ ဖြစ်နေကြရသည်မှာ အဘယ်ကြောင့်နည်း။ အဘယ် ကြောင့် သူလိုငါလို ရင်းနှီးမြှုပ်နှံသူများသည် အနာဂတ်ကျမှ ရရှိမည့်ငွေ အတွက် လောင်းကြေးထပ်လိုကြရသနည်း။ အစွမ်းထက်သည့် ရင်းနှီး မြှုပ်နှံသူများမှာမူ သူတို့၏ပိုက်ဆံ ယနေ့တွင် ပြန်ရဖို့ အာမခံချက်ရှိလိုကြသည်။

လာမည့်အခန်းတွင် ရှယ်ယာတစ်စုလျှင် ၅၅ ကန်ဒေါ်လာ ပေးပြီး ဝယ်ယူလိုသော အမျိုးသမီးတစ်ဦး အကြောင်းကို ကျွန်ုပ် ရေးသားတင်ပြထားသည်။ သူမသည် ယခုလို ဝယ်ယူလိုရသည်မှာ စတော့ပွဲစားက ၎င်း ရှယ်ယာတို့သည် မကြာခင်မှာ တစ်စုလျှင် ၇၅ ကန်ဒေါ်လာ ဖြစ်လာလိမ့်မည်ဟု ဆိုသောကြောင့် ဖြစ်သည်။ မေးခွန်းမှာ လူအများတို့သည်အလွန် ယုံလွယ်ကြပြီး လိမ်ညာသည်ကို ရင်းနှီးမြှုပ်နှံလိုကြသည်မှာ အဘယ် ကြောင့်နည်း။ အဖြေကို အကြောင်းအချက် (၄)တွင် တွေ့ရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံသူ အများအပြားတို့သည် အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူများ မဟုတ်ကြချေ။ သူတို့သည် အနာဂတ်ကျမှ ရရှိမည့် ကတိကဝတ်များကို ယုံလွယ်ကြပြီး ရင်းနှီးမြှုပ်နှံကြသည်။ အကြောင်းမှာ ဝင်ငွေကို ယနေ့ရရှိမည့် ရင်းနှီးမြှုပ်နှံမှုမျိုးတို့ကို



သူတို့ မရှာဖွေတတ်ကြသောကြောင့် ဖြစ်သည်။ ရှေ့၌ ဆိုခဲ့ပြီးသည့်အတိုင်း အကြောင်းအချက် လေးခုစလုံးသည် ဆက်နွှယ်နေကြသည်။ လူတစ်ဦးက "အဲဒါမျိုးကို ကျွန်တော် မတတ်နိုင်ဘူး"ဟု ပြောဆိုခြင်းမှ စတင်သည်။ "ရင်းနှီးမြှုပ်နှံမှုကောင်းကောင်းကို ကျွန်တော် မရှာတတ်ဘူး" ဟု ပြောဆိုခြင်းမှလည်း စတင်သည်။ ဝင်ငွေ ယနေ့ပြန်ရမည့် ရင်းနှီးမြှုပ်နှံမှုကောင်းကောင်းတစ် ခုကို ရှာမတွေ့သည့်အခါ လူအများအပြားတို့သည် လွယ်ကူသည့်အဖြေကို ရှာကြတော့သည်။ မနက်ဖြန်ကျမှ ပေးမည်ကို စောင့်ဖို့ စိတ်တူကိုယ်တူ ဖြစ်ကြသည်။

သင်သည် အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လိုပါက လိမ်ညာသည်များတွင် ရင်းနှီးမြှုပ်နှံဖို့ မတတ်နိုင်သူ ဖြစ်ရမည်။ အာမခံချက်များ ရှိသည့်ဆီ၌သာ မလွဲမသွေ ရင်းနှီးမြှုပ်နှံရမည်။ လာမည့်အခန်းများတွင် အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် အာမခံ ချက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို မည်သို့ ရှာဖွေတွေ့ရှိသည်ကိုဖော်ပြပေး ထားသည်။

လူအများတို့ကို အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်မလာအောင် ဟန့်တားထားသည့် ဤအကြောင်းအချက်လေးရပ်ကို သုံးသပ်ပါ။

## အခန်း (၁၁)

# အစွမ်းထက်သောရင်းနှီးမြှုပ်နှံမှု၏ အစွမ်းသတ္တိ

ရှာဖွေတွေ့ရှိခြင်း တကယ့်ခရီးရှည်တွင် မြေပြင်အသစ်များ
ရှာဖွေခြင်း မပါဝင်ဘဲ မျက်လုံးအသစ်များ ရှိခြင်းသာ ပါဝင်သည်။

*မာဆယ် ပရုစ်*

**တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစား လေးမျိုး**

၁။ စီးပွားရှာလုပ်ငန်း
၂။ အိမ်ခြံမြေ
၃။ တန်ဖိုးရှိ ပိုင်ဆိုင်မှု စာရွက်စာတမ်း
၄။ ကုန်စည်များ

ရင်းနှီးမြှုပ်နှံမှုမှ ညွှန်ပြသည့် ရလဒ်ကို လူအများအပြားတို့ ရရှိကြခြင်းအတွက် အကြောင်းတစ်ချက်မှာ လူအများစုတို့သည် တန်ဖိုးရှိ အတန်းအစား တစ်မျိုးတည်း၌သာ ရင်းနှီးမြှုပ်နှံကြသောကြောင့် ဖြစ်သည်။ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ဖို့ ရင်းနှီးမြှုပ်နှံသူသည် တန်ဖိုးရှိပိုင် ဆိုင်မှုအတန်းအစားများတွင် နှစ်မျိုး၊ ပိုကောင်းသည်မှာ သုံးမျိုး၊ လေး မျိုး၌ ရင်းနှီးမြှုပ်နှံရမည် ဖြစ်သည်။



ယနေ့ကမ္ဘာတွင် ကိုယ်ပိုင်နေအိမ် သို့မဟုတ် အပန်းဖြေအိမ်တို့အစား လူအများစု တို့သည် အဓိကအားဖြင့် တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်းများဖြစ်သည့် စတော့များ၊ ငွေချေးစာချုပ်များ၊ ပေါင်းစုရန်ပုံငွေများ၊ ငွေစုလက်မှတ်မ စသည်တို့၌ ရင်းနှီးမြှုပ်နှံ ကြသည်။ အဘယ်ကြောင့်နည်း။ ဤတွင်လည်း အဖြေက လွယ်ကူခြင်းဆိုသည့် စကားလုံး ဆီသို့ ပြန်ရောက်သွားသည်။ တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်းများသည် ရေပန်းစားသည်။ အကြောင်းမှာ ထည့်ဝင်ဖို့ လွယ်ကူပြီး ပြန်ထွက်ဖို့လည်း လွယ်ကူသောကြောင့် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းဖြစ်စေ၊ အိမ်ခြံမြေတွင်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုများနှင့် မတူသည်မှာ တန်ဖိုးရှိပိုင်ဆိုင်မှုစာရွက် စာတမ်းများသည် ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေဖြင့် စီမံ ဆောင်ရွက်ရန်အတွက် တတ်ကျွမ်းမှု အနည်းငယ်သာလိုအပ်ခြင်း ဖြစ်သည်။

**ထိန်းချုပ်မှု လက်လွှတ်ရခြင်း**

ကားကို မောင်းနှင်သည့်အခါ လီဗာပါသည်။ ဘရိတ်ပါသည်။ စတီယာရင် ဘီးဝိုင်း ပါသည်။ ၎င်းတို့ဖြင့် ယာဉ်မောင်းက ကားကို ထိန်းကျောင်းမောင်းနှင်သည်။ တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်းများတွင် ရင်းနှီးမြှုပ်နှံသည့်အခါ ရင်းနှီးမြှုပ်နှံသူသည် ထိန်းချုပ်မှုကို လက်လွှတ် လိုက်ရသည်။ လုံးဝသူစိမ်းဖြစ်သူလက်ထဲသို့ ထိန်းချုပ်မှုကို ပေးလိုက်ရ သည်။ ထိုသူသည် မိမိထက် ပိုတော်သည့် ယာဉ်မောင်းဟု မှတ်ယူထားရ သည်။ ထိန်းချုပ်မှု လက်လွှတ်လိုက်ရခြင်းသည် အလွန်အန္တရာယ်များသည်။ သို့သော် ကားမမောင်းတတ်ကြသဖြင့် ထိန်းချုပ်မှုကို ယခုလို လက်လွှတ်ကြရခြင်း ဖြစ်သည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတစ်ဦးအဖို့ တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်း၏ အဓိကအားနည်းချက်မှာ ရင်းနှီးမြှုပ်နှံသူသည် စီမံမှုတွင် ပါဝင်လုပ်ကိုင်ရခြင်း မရှိဘဲ တန်ဖိုးရှိ ပိုင်ဆိုင်မှုအပေါ် ထိန်းချုပ်မှုကို လက်လွှတ်ရခြင်း ဖြစ်သည်။ ဥပမာအားဖြင့် မိုက်ခရိုဆော့ဖ်၏ ရှယ်ယာ အနည်းငယ် ပိုင်ဆိုင်ထားသူတစ်ဦးသည် မိုက်ခရိုဆော့ဖ်ကို ထူထောင်သူ ဖြစ်ပြီး စီမံခန့်ခွဲနေသူလည်းဖြစ်သည့် ဘီလ်ဂိတ်ထံ ဖုန်းဆက်ပြီး အသုံး စရိတ် များပြားလွန်းနေသည်ကို ပြောဆိုဖို့ မဖြစ်နိုင်ပေ။ မိမိ၏ ရှယ်ယာ များအတွက် အမြတ်ဝေစုကို ပိုတိုးပေးဖို့ ပြောဆိုဖို့လည်း မဖြစ်နိုင်ပေ။ ကျွန်ုပ်၏ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းနှင့် အိမ်ခြံမြေ ပိုင်ဆိုင်မှုတို့တွင် ကျွန်ုပ်ကိုယ်တိုင် ထိန်းချုပ်နိုင်သည်။ ကျွန်ုပ် ငွေမည်မျှရမည်ကို ထိန်း ချုပ်နိုင်သည်။ အသုံးစရိတ်များ၊ အခွန်များ၊ ရလာသည့် ဝင်ငွေဖြင့် ဘာလုပ်မည် အစရှိသည်တို့ကို ကျွန်ုပ်ကိုယ်တိုင် ထိန်းချုပ်မှုကို ရရှိထား

သည်။ စီးပွားရှာလုပ်ငန်းများတွင် လုပ်ကိုင်ရလေ့ရှိသည့် မရိုးမဖြောင့် လုပ်ကိုင်မှုများအပေါ်တွင်လည်း ကျွန်ုပ် ထိန်းချုပ်မှု ရရှိထားသည်။

တန်ဖိုးရှိ ပိုင်ဆိုင်မှု စာရွက်စာတမ်းတွင် ထိန်းချုပ်မှု လက်လွှတ်ရခြင်းတစ်မျိုးမှာ အခွန်ကိစ္စဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူတွင် ထိန်းချုပ်မှု အကန့်အသတ် ကြီးမားနေသည်။ ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ စီးပွားရှာလုပ်ငန်းနှင့် အိမ်ခြံမြေတို့ သည် ၎င်းတို့ကို စီမံခန့်ခွဲရန် တတ်ကျွမ်းမှု ရှိထားသူများအတွက် များစွာပိုကောင်းသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ကြသည်။ စီမံမှုတတ်ကျွမ်းခြင်း မရှိပါက ထိန်းချုပ်ဖို့ ခက်ခဲမည်။ စီးပွားရေးလုပ်ငန်းကိုဖြစ်စေ၊ အိမ်ခြံမြေကိုဖြစ်စေ စီမံဆောင်ရွက်ရန် တတ်ကျွမ်းခြင်းမရှိသူတစ်ဦးအဖို့ ၎င်းရင်းနှီးမြှုပ်နှံမှု နှစ်မျိုးသည် အိပ်မက်ဆိုးများ ဖြစ်သည်။ သင်သည် ကားမမောင်းတတ်သဖြင့် လီဗာ၊ ဘရိတ်နှင့် စတီယာရင်တို့ကို မည်သို့ ထိန်းချုပ်ရမည် မသိသည့်အတွက် ယာဉ်မောင်းနှင်ခြင်းသည် သင့်အဖို့ အန္တရာယ်ကြီးမားနေမည် ဖြစ်သည်။

စီးပွားရှာလုပ်ငန်းနှင့် အိမ်ခြံမြေတို့တွင် အားသာချက်များ ရှိနေသော်လည်း လူအများတို့သည် တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်းများ၌သာ ရင်းနှီးမြှုပ်နှံနေကြပြီး ထိန်းချုပ်မှုကို လက်လွှတ်ထားသည်။ အဘယ်ကြောင့်နည်း။ ကျွန်ုပ်၏ ယူဆချက်မှာ လွယ်ကူခြင်းဟူသည့် စကားလုံးတွင် အဖြေရှိနေသည်။ သန်းချီသော ဦးရေရှိသည့် လူအများတို့သည် သူတို့၏ ပိုက်ဆံကို မည်သို့မောင်းနှင်ရမည်ဆိုသည်ကို သင်ယူခြင်းထက် ပိုက်ဆံအပေါ် ထိန်းချုပ်ခြင်းကို လက်လွှဲပေးလိုက်ရသည်က ပိုမိုလွယ်ကူနေသည်။ ထို့ကြောင့်လည်း လူအများအပြားတို့သည် ရင်းနှီး မြှုပ်နှံမှု အစုစုတို့ကို ပေါင်းစုရန်ပုံငွေမှတစ်ဆင့် ပြုကြခြင်း ဖြစ်သည်။ သူတို့၏ ပိုက်ဆံကို မည်သူက မောင်းနှင်နေသည်ကို သူတို့ မသိကြရပေ။ အလုပ်များနေသူများအဖို့ ပေါင်းစုရန်ပုံငွေတွင် ရင်းနှီးမြှုပ်နှံရသည်မှာ ပိုလွယ်နေသည်။ သို့ဖြစ်ရာ ငွေရေးကြေးရေးကို မည်သို့ မောင်းနှင်ရမည် ဆိုသည်ကို သင်ယူမည့်အစား အခြားအလုပ်ကိုသာ ကြိုးစားလုပ်ကိုင်ကြသည်။ လူအများစုတို့၏ ငွေရေးကြေးရေးဘဝများတွင် ပေါင်းစုရန်ပုံငွေ သည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်နေရပေသည်။

ပေါင်းစုရန်ပုံငွေများကို ဈေးဝယ်ထွက်ခြင်းသည် စူပါမားကက်၏ အေးခဲအသင့်ပြင် အစားအစာများ ထားရှိသည့်နေရာတွင် ဈေးဝယ်ရသည်နှင့် ဆင်ဆင်တူနေသည်။ အကုန်လုံး အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးထားပြီးသား ဖြစ်သည်။ အဆင်သင့်



ထုပ်ပိုးပေးထားသည်ကို ဝယ်လိုက်ဖို့သာ လိုသည်။ မိမိစားလိုသည့် အစားအစာကို ရွေးချယ်ရယူပြီး ကျသင့်ငွေကို ပေးချေကာ အိမ်သို့ ယူသွားရုံသာ ဖြစ်သည်။ အိမ်ရောက်သည့်အခါ အပူပေး နွေးပြီးလျှင် စားရန်အသင့် အဆင့်သို့ ရောက်သည်။ ကျွန်ုပ်သည် စတော့များတွင် ရင်းနှီးမြှုပ်နှံသည့်အခါ အချို့ပွဲအနေအဖြင့်သာ အသုံးပြုသည်။ အမိက စားသောက်စရာ မဟုတ်ချေ။ ကျွန်ုပ်သည် တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်း တစ်ခုကို သုံးစွဲသည့်အခါ များသောအားဖြင့် ကျွန်ုပ်၏ ပိုက်ဆံကို အသွင်းအထုတ် မြန်ဆန်လို၍ ဖြစ်သည်။ ငွေပြန်ဖော်ရန် လွယ်ကူသောကြောင့် တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်းကို ကျွန်ုပ် သုံးစွဲခြင်း ဖြစ်သည်။ ကာလတို တန်ဖိုးတစ်ရပ် ပိုင်ဆိုင်မှုအတွက်သာ ဖြစ်သည်။

အိမ်ခြံမြေနှင့် စီးပွားရှာလုပ်ငန်းတို့၏ ကြီးမားသည့် အားနည်းချက်မှာ အသွင်းအထုတ်လုပ်သည့်အခါ အလွန်တွယ်ကပ်နေပြီး ငြီးငွေ့ဖွယ် ကောင်းနေသည့်အပြင် လွယ်လွယ်ကူကူဖြင့် လုပ်ကိုင်၍ မရနိုင်ချေ။ သို့ဖြစ်ရာ တန်ဖိုးတစ်ရပ် ကာလရှည် ပိုင်ဆိုင်မှုအတွက်သာ ကျွန်ုပ် ရင်းနှီးမြှုပ်နှံမှု ပြုသည်။

## စတော့ဝယ်ယူခြင်းသည် ချိန်းတွေ့ခြင်းနှင့် ဆင်ဆင်တူသည်

သူဌေးဖေဖေ ပြောလေ့ရှိသည်မှာ "စတော့တွေကို ဝယ်ရတာဟာ ရည်းစားနဲ့ ချိန်းတွေ့ရသလိုပဲ။ တစ်ခုခု အတူစားကြမယ်။ ရုပ်ရှင်ကြည့်ကြ မယ်။ အဆင်မပြေရင် နောက်ထပ် ချိန်းမတွေ့ကြတော့ဘူး။ အိမ်ခြံမြေ ဝယ်ရတာဟာ အိမ်ထောင်ပြုတာနဲ့ ဆင်ဆင်တူတယ်။ လက်မထပ်ခင်မှာ အကြိမ်ကြိမ် ချိန်းတွေ့ကြတယ်။ အိမ်ရာတွေကို များနိုင်သမျှ များများ ကိုယ်တိုင်လိုက်ကြည့်တယ်။ နောက်တော့ ကိုယ်စိတ်ကူးထားတဲ့ အိမ်ရာ ကို တွေ့ပြီးတဲ့အခါ လက်ထပ်ပွဲကြီးကို ဘဏ်မှာ ကျင်းပတယ်။ ပြီးတဲ့ အခါ အခြေချနေထိုင်ပြီး အခြေအနေကို ကြည့်တယ်။ မင်းရဲ့ အိမ်ရာနဲ့ မင်း သိပ်အဆင်မပြေဘူးဆိုရင် အိမ်ထောင်ပြုတာ အိပ်မက်ဆိုးပဲ။ ကွာ ရှင်းရတာ မလွယ်ဘူး။ စိတ်ပျက်စရာပဲ။ ပြီးတော့ လက်လွှဲပြောင်းရတာ စိတ်ဒဏ်ပိတယ်"

စီးပွားရှာလုပ်ငန်းနှင့် ပတ်သက်၍ သူဌေးဖေဖေက ပြောပြသည်မှာ "စီးပွားရှာလုပ်ငန်းတစ်ခုကို ထူထောင်တာ၊ ပိုင်ဆိုင်တာကြောင့် အကျိုး ဖြစ်ထွန်းတာ ပိုများပြားပေမဲ့ တန်ဖိုးရှိပိုင်ဆိုင်မှု အမျိုးအစားတွေထဲမှာ စိတ်ဒဏ်အပိဆုံး အမျိုးအစား ဖြစ်နေတယ်။ တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်းတွေမှာ ရင်းနှီးမြှုပ်နှံတာဟာ ရည်းစားချိန်းတွေ့တာနဲ့ တူတယ်။ အိမ်ခြံမြေ ဝယ်ယူပိုင်ဆိုင်တာဟာ လက်ထပ်တာနဲ့ တူတယ်။ စီးပွားရှာ

လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံတာကတော့ ကလေးတွေ ရှိနေတဲ့ အိမ်ထောင်ရေး နဲ့ တူတယ်"

**စီးပွားရှာလုပ်ငန်းရှင်တစ်ဦး၏ မျက်လုံးများမှတစ်ဆင့်**
**လောကကို မြင်ခြင်း**

၁၉၇၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ကျွန်ုပ် ပြန်ရောက်သောအခါ သူဌေးဖေဖေက ကျွန်ုပ်ကို မည်သို့ရောင်းချရမည်ကို သင်ယူရန်၊ စီးပွားရှာလုပ်ငန်း မည်သို့ထူထောင်ရမည်ကို သင်ယူရန်နှင့် အိမ်ခြံမြေတွင် မည်သို့ရင်းနှီးမြှုပ်နှံရမည်ကို သင်ယူရန် အခိုင်အမာ တိုက်တွန်းသည်။ သူက ပြောသည်။ "မင်းက ချမ်းသာချင်တယ်။ ထူးချွန်တဲ့ ရင်းနှီးမြှုပ်နှံသူ ဖြစ်ချင်တယ်ဆိုရင် လောကကို မင်းက စီးပွားရှာလုပ်ငန်းရှင်တစ်ဦးရဲ့ မျက်လုံးများမှတစ်ဆင့် မြင်တတ်ဖို့ လိုတယ်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးရဲ့ မျက်လုံးများမှ တစ်ဆင့် မြင်တတ်ဖို့ လိုတယ်။ စီးပွားရှာလုပ်ငန်းအတွက် လုပ်ကိုင်ပေးနေတဲ့ ဝန်ထမ်း တစ်ဦးရဲ့ အမြင်မျိုးနဲ့ မမြင်ရဘူး"

သူက ဘာကို ဆိုလိုကြောင်း ကျွန်ုပ် တကယ်သဘောပေါက်ခြင်း မရှိချေ။ သို့ဖြစ်ရာက ကျွန်ုပ်က မေးမြန်းသည်။ "ကျွန်တော်က အိမ်ခြံမြေ မှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်တော်က ဘာလို့ စီးပွားရေးလုပ်ငန်ရှင်တစ်ဦးရဲ့ မျက်လုံးတွေကနေတစ်ဆင့် မြင်ကြည့်ဖို့ လိုရတာလဲ"


သူက ပြုံးသည်။ သူက စာရွက်ငယ်တစ်ထပ်ကို ယူပြီး အပေါ်ဆုံးစာရွက်ပေါ်တွင် ပုံတစ်ပုံ ဆွဲပြသည်။ ထို့နောက် သူက ပြောပြသည်။ "ဒီမြေတစ်ကွက်ကို လယ်သမားက ကန်ဒေါ်လာ ၁၀,၀၀၀ ပေးဖို့ စိတ်ပါမယ်။ တကယ်လို့ အဲဒါထက် ပိုပြီး သူပေးမယ်ဆိုရင် သူ့စီးပွားရေး ထိခိုက်လိမ့်မယ်။ ဘာလို့လဲဆိုတော့ သူ့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းက မြေကို အဲဒီလို ဈေးမျိုးနဲ့ ဝယ်ပြီးလုပ်နိုင်လောက်အောင် အကျိုးအမြတ် မဖြစ်ထွန်းဘူး။ တစ်နည်းပြောရရင် လယ်သမားက မြေကို ကန်ဒေါ်လာ ၁၀,၀၀၀ ထက် ပိုပေးပြီး ဝယ်ရရင် မြေက လုပ်ငန်းထက် ပိုတန်ဖိုးကြီးနေလိမ့်မယ်။ ဒီတော့ လယ်သမားရဲ့ လုပ်ငန်းက မြေကို ပေးဖို့ မတတ်နိုင်ဘူး"

"ဒါပေမဲ့ အိမ်ခြံမြေ ဖော်ထုတ်သူတစ်ဦးအဖို့ အဲဒီမြေကို ငွေပိုပေးဖို့ တတ်နိုင်တယ်"

သူဌေးဖေဖေ သွန်သင်သည့် သင်ခန်းစာကို ကျွန်ုပ် သဘောပေါက်သွားသည်။ "အိမ်ခြံမြေသည် လုပ်ငန်းတန်ဖိုးနည်းတူသာလျှင် တန်ဖိုးရှိမည်"

သူဌေးဖေဖေက သင်ခန်းစာကို ဆက်သည်။ "အိမ်ခြံမြေဖော်ထုတ်သူ က အဲဒီမြေကို






ကန်ဒေါ်လာ ၁၀,၀၀၀ ထက်ပိုပြီး ပေးဖို့ ဆန္ဒ ရှိကောင်းရှိ မယ်။ လယ်သမားကတော့ ကန်ဒေါ်လာ ၁၀,၀၀၀ အထိပဲ ပေးဖို့ ဆန္ဒရှိမယ်။ အိမ်ခြံမြေဖော်ထုတ်သူအဖို့ အမြတ် ပိုရမယ်ဆိုရင် မြေက ပိုတန်ဖိုးရှိမယ်။ အိမ်ရာဖော်ထုတ်သူက မြေတစ်ကွက်ကို ကြည့်တာမှာ မတူကွဲပြားတဲ့ မျက်လုံးတွေကနေတစ်ဆင့် ကြည့်တယ်"

ပြင်သစ်ကဗျာနှင့် စာရေးဆရာ မာဆဲ ပရု(စ်)က ဆိုမိန့်ခဲ့သည်။ "စူးစမ်းရှာဖွေခြင်း ခရီးရှည်အစစ်မှာ မြေပြင်ကျယ် အသစ်ကို ရှာဖွေတာ မပါဘူး။ မျက်လုံးအသစ်တွေ ရှိတာသာ ပါဝင်ပါတယ်"

**လွတ်သည့် အခွင့်အလမ်းများ**

ရှေ့အခန်း၌ ကျွန်ုပ် ရေးသားခဲ့သည်မှာ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ကားဖြင့် သွားနေစဉ် ကျွန်ုပ်၏ အိမ်ရှင်က ၎င်းမြို့တွင် အိမ်ခြံမြေလုပ်ငန်းမှ ပိုက်ဆံ ရအောင်လုပ်ဖို့ မဖြစ်နိုင်ကြောင်း၊ ကျွန်ုပ် ရေးသားသည့် စာအုပ်များထဲမှ နည်းလမ်းများ အတိုင်း လုပ်ဖို့ မဖြစ်နိုင်ပါကြောင်း ပြောဆိုသည့်အကြောင်း ဖြစ်သည်။ အခွင့်အလမ်းများ ကို ကြည့်ကြရာ၌ သူနှင့် ကျွန်ုပ်တို့ ကွဲပြားနေရသည့် အကြောင်းတစ်ချက်မှာ သူက အိမ်ခြံမြေကို ကြည့်ရာ၌ ကျွန်ုပ်ကြည့်သည့် မျက်လုံးများဖြင့် မကြည့်သောကြောင့် ဖြစ်သည်။

**အခွင့်အလမ်းများကို မျက်ကန်းဖြစ်နေခြင်း**

၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်လွန်ကာလများတွင် သူဌေးဖေဖေသည် ငိုက်မျည်း နေသော ဟာဝါအီကျွန်းသို့ အပြောင်းအလဲများ လာနေသည်ကို မြင်နိုင်ခဲ့သည်။ သူ

မဖြစ်မနေ မရွှေ့ပြောင်းလျှင် သူ ကျန်ရစ်ခဲ့မည်ကို သူသိသည်။ ကျွန်ုပ်၏ ဖခင်မှာမူ သူ့အိမ် ဈေးတက်သွားသည်ကိုသာ မြင်ခဲ့သည်။

နှစ်အတော်ကြာအောင် ဟာဝါအီကျွန်းသည် လူအများအပြားတို့အဖို့ အိပ်မက် တစ်ခုမျှသာ ဖြစ်နေခဲ့သည်။ ဟာဝါအီသို့ ခရီးထွက်ခြင်းသည် ချမ်းသာသူများအတွက်သာ ဖြစ်ပြီး သင်္ဘောကိုသာ အဓိကအားထားပြီး ခရီးထွက်ကြရသည်။ ကယ်လီဖိုးနီးယားမှ ဟာဝါအီသို့ ရေကြောင်းခရီး ဖြင့် ငါးရက်၊ ခြောက်ရက် သွားရသည်။ လူအများအပြားတို့အဖို့ အသွားအပြန် နှစ်ပတ်တာ ကြာမြင့်သည့် ကြာမြင့်သည့်ခရီးအတွက် အချိန် မတတ် နိုင်သူများ၊ ပိုက်ဆံမတတ်နိုင်သူများ ဖြစ်နေကြသည်။ သူဌေးဖေဖေက ဂျက်လေယာဉ်ဖြင့် ခရီးသွားခြင်းသည် သန်းချီသော ဦးရေရှိသည့် ခရီးသွားများကို ဟာဝါအီသို့ ရောက် လာစေလိမ့်မည်ဟု ကြိုမြင်သည်။ ဟာဝါအီကို ပိုနီးသွားစေမည့်အပြင် အလည်လာဖို့ တတ်နိုင်ကြသည့်အဖြစ်သို့ ရောက်သွားမည်ဟု သူက ကြိုမြင်သည်။ ခရီးသည်တင် ဂျက်လေယာဉ်များက အရာရာကို ပြောင်းလဲပစ်လိမ့်မည်ကို သူ သိသည်။

မြေတစ်ကွက်ကို လယ်သမားက ကန်ဒေါ်လာ တန်ဖိုး ၁၀,၀၀၀ ရှိ သည်ဟု ရှုမြင်ပြီး အိမ်ရာဖော်ထုတ်သူက ကန်ဒေါ်လာ ၁၀၀,၀၀၀ ထိုက်တန်သည်ဟု ရှုမြင်ကြသည့်အတိုင်း ကျွန်ုပ်၏ ဖခင်သည် အပြောင်းအလဲများကို ကျောင်းဆရာတစ်ဦး၏ မျက်လုံးများမှတစ်ဆင့် ကြည့်ရှုပြီး သူဌေးဖေဖေက စီးပွားရေးသမားတစ်ဦးနှင့် ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ မျက်လုံးများမှတစ်ဆင့် ကြည့်သည်။ ကြည့်ကြသည့် မျက်လုံး များ မတူညီကြချေ။

၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ကျွန်ုပ်၏ ဖခင်သည် သူဌေးဖေဖေထက် ဝင်ငွေပိုကောင်းသူ ဖြစ်နေသည်။ ကျွန်ုပ်၏ ဖခင်သည် အစိုးရအလုပ်တွင် လစာမြင့်မားသည့် ရာထူးကို ရရှိထားသည်။ ၁၉၆၀ ပြည့်လွန်နှစ်များသည် သူဌေးဖေဖေသည် ငွေ မလောက်မငခြင်းကို ပုံမှန် ကြုံရနေကျ ဖြစ်နေသည်။ ပိုလျှံသမျှ ဒေါ်လာတို့ကို သူ တည်ဆောက်နေသည့် စီးပွားရေးလုပ်ငန်းထဲ ထည့်နေရသည်။ အိမ်ခြံမြေများကို သူ များနိုင်သမျှများများ ဝယ်ယူနေသည်။ သူ့မှာ ပုံမှန်လစာဝင်ငွေ မရှိချေ။ သူ့လက်ထဲ ငွေမရှိသည့် အချိန်အခါများလည်း မနည်းလှချေ။ သို့သော် သူက ရှေ့ဆက်လုပ်ကိုင်လျက် ရှိသည်။

ထိုကာလအတွင်းတွင် ကျွန်ုပ်၏ဖခင်သည် သူဌေးဖေဖေ ဝယ်ယူနေသည့် ရင်းနှီးမြှုပ်နှံမှုများကို ပြဖို့ တတ်နိုင်သည့်အနေအထားတွင် ပိုကောင်းမွန်နေသည်မှာ



အမှန်ပင် ဖြစ်သည်။ ကျွန်ုပ်၏ ဖခင်သည် လစာမြင့်မားသည့်အလုပ်အကိုင် ရထားသူ ဖြစ်သဖြင့် အိမ်ရာမြေပိုင်ဆိုင်မှုများ ဝယ်ယူရန်အတွက် ဘဏ်ထံမှ ချေးငွေရရှိရန် ပိုလွယ်ကူနေသည့် အချိန်အခါကို ကြုံခဲ့သည်။ နောက်ပိုင်းကျမှ အိမ်ခြံမြေဈေးများ မိုးထိအောင် ထောင်တက်ကုန်ခြင်း ဖြစ်သည်။ သူဌေးဖေဖေသည် ဘဏ် တစ်ခုပြီး တစ်ခု၊ ရင်းနှီးမြှုပ်နှံသူ တစ်ယောက်ပြီး တစ်ယောက် ပြောင်းလဲကာ ပိုက်ဆံကို ရဖို့ ရှာဖွေရသည်။ သူ့ကို သူတစ်ပါးတို့က ယုံကြည်စိတ်ချဖို့ ခက်ခဲနေသည်။ အကြောင်းမှာ သူ့မှာ ပိုက်ဆံများများစားစား မရှိချေ။ ပုံမှန် တည်တည်ငြိမ်ငြိမ် ရှိသည့်အလုပ်အကိုင်လည်း မရှိချေ။

ကျွန်ုပ်၏ ဖခင်သည် ပိုမိုချမ်းသာသွားဖို့ အနေအထား ပိုကောင်းနေသော်ငြားလည်း ထိုခေတ်ကာလ၌ မချမ်းသာခဲ့ချေ။ ထိုအစား သူက အလုပ်ကို ကြိုးစားလုပ်ကိုင်သည်။ အလုပ်များနေသည်။ စိတ်ချရသည် ကိုသာ ရွေးချယ်ပြီး လုပ်ကိုင်သည်။ အိမ်တစ်လုံး ဝယ်သည်။ ငွေစုသည်။ အိမ်ခြံမြေများ ဈေးတက်ကုန်သည့်အခါ သူ့အိမ် ဈေးတက် သည့်အတွက် သူ ဝမ်းသာသည်။

၁၉၆၇ ခုနှစ်တွင် သူဌေးဖေဖေက ဘယ်က ပေါ်လာမှန်း မသိကြရဘဲ အဓိက ဟိုတယ်တစ်ခုဖြစ်သည့် ဝိုင်ကီကီဘိချ်ဟိုတယ်ကို ဆိုင်းမပါ ဗုံမဆင့် ဝယ်ယူလိုက်သည်။ ကျွန်ုပ်၏ ဖခင် ဩချရသည်မှာ "သူက ဝိုင်ကီကီဘိချ် ဟိုတယ်ကို ဘယ်လို ဝယ်နိုင် သွားရတာလဲ။ သူ့မှာတကယ့် အလုပ်အကိုင် တစ်ခုတောင် မရှိဘူး" ဟူ၍ ဖြစ်သည်။

**သူဌေးဖေဖေ၏ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု**
**သင်လိုချင်တာမှန်သမျှ တတ်နိုင်အောင် ဘယ်လိုလုပ်ရမလဲ**

၁၉၇၀ ခုနှစ်မှ ၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်းအထိ ကာလအတွင်း သူဌေးဖေဖေ၏ ကြွယ်ဝမှု ဆတိုးပွားသည်။ ထိုကာလတွင်ကျွန်ုပ်၏ ဖခင်မှာ ယခင်ကထက် ပိုဆင်းရဲသွားခဲ့သည်။ ၁၉၇၅ ခုနှစ် ရောက်ရှိ သည့်အခါ သူဌေးဖေဖေသည် ကုတ်ကုတ် ကျစ်ကျစ် မဟုတ်တော့ချေ။ ငွေရှားနေသူလည်း မဟုတ်တော့ချေ။ သူ၏ ရင်းနှီးမြှုပ်နှံမှု များထံမှ ငွေများ မြန်နှုန်းမြင့်ဖြင့် စီးဝင်လျက်ရှိသည်။ အထင်ကရဟိုတယ်ဖြစ်သည့် ဝိုင်ကီကီဘိချ်ဟိုတယ်ကို ပိုင်ဆိုင်ထားသည့်အပြင် သူက ယခုအခါအခြား ပင်လယ် ကမ်းခြေဟိုတယ်များကို ဝယ်ယူလျက် ရှိသည်။ စီးပွားရေးအဆောက်အဦများကိုလည်း ဝယ်ယူနေသည်။ ထို့အတွက် ဟိုတယ်ကြီးထံမှ စီးဝင်နေသည့် ငွေများကို သုံးစွဲသည်။

သူက ငွေကို အလကားမဖြစ်အောင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းများကို ပြုသဖြင့် ဝင်ငွေများ ပိုမို ရရှိသည်။ ၁၉၀၇ ခုနှစ် နောက်ပိုင်းတွင် ကျွန်ုပ်၏ဖခင်သည် အလုပ်အကိုင် မရှိတော့ချေ။ အစိုးရအလုပ်မှ နုတ်ထွက်လိုက်ရသည်။

၁၉၇၃ ခုနှစ်တွင် ကျွန်ုပ်သည် ရေတပ်၌ လုပ်ကိုင်လျက်ရှိပြီး ဟာဝါအီရှိ တပ်စခန်းတွင် နေထိုင်နေစဉ် ပိုင်ကီကီသို့ ကားမောင်းသွားပြီး သူဌေးဖေဖေနှင့်အတူ နေ့လည်စာ စားသည်။ သူ့ထံမှ လမ်းညွှန်မှုများကို ကျွန်ုပ် ခံယူသည်။ တပ်မှ ကျွန်ုပ် ထွက်မည့်နေ့အတွက် ကြိုတင်ပြင်ဆင်သည်။ ထိုနှစ်အတွင်းတွင် သူဌေးဖေဖေကို မကြာခဏ မေးဖြစ်သည်မှာ ပိုက်ဆံနည်းနည်းလေးဖြင့် ယခုလို ဖြစ်အောင် သူမည်သို့ လုပ်ကိုင်ခဲ့သနည်းဆိုသည့် မေးခွန်း ဖြစ်သည်။ သူ၏ စိတ်ကူးအကြံဖြစ်သော အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှုအကြောင်းကို ယခင်က ကျွန်ုပ် အကြိမ်များစွာ ကြားဖူးထားပြီး ဖြစ်သော်လည်း ကလေးတစ်ဦးအနေဖြင့်သာ ကြားသိခဲ့ခြင်းဖြစ်သည်။ အသက်ပိုကြီးပြီး ဉာဏ်ပညာ ပိုရှိနေပြီဖြစ်သည့် အပြင် နှိုင်းယှဉ်စရာ ဖခင်နှစ်ဦး ရှိနေပြီဖြစ်သော ယခုအခါ၌ ကျွန်ုပ်သည် သူ့အကြံအစည်ကို ပိုမိုလေးစားမိသည်။ နေ့လယ်စာ အတူစားကြစဉ် သူဌေးဖေဖေက "လူငယ် တစ်ဦးအနေဖြင့် ငါသိထားတာက တကယ်လို့ အစွမ်းထက်တဲ့ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို လိုက်နာပြီး အောင်မြင်ခဲ့ရင် တစ်နေ့နေ့မှာ ငါဟာ ငါလိုချင်တာ ဘာကိုမဆို တတ်နိုင်တဲ့သူအဖြစ်ကို ရောက်မယ် ဆိုတာပဲ"

လွန်ခဲ့သည့် ၂၅ နှစ်တုန်းကထက် ယခုအခါတွင် သူ့အစီအစဉ်ကို ကျွန်ုပ် ပိုမိုစိတ်ဝင်တစား ဖြစ်မိသည်။ အထူးသဖြင့် "ငါလိုချင်တာ ဘာကိုမဆို တတ်နိုင်တဲ့သူ" ဆိုသည့် စကားကို ကြားရသည့်အခါတွင် ဖြစ်သည်။ ထိုအဖြစ်သို့ မရောက်ခင်အထိ ကျွန်ုပ်သည် သူဌေးဖေဖေ၏ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို သိထားသော်လည်း ကျွန်ုပ်အဖို့ အလုပ်များလွန်းသည်ဟု ထင်မြင်ခဲ့သည်။ ယခု သူပိုင်ဆိုင်သည့် ဝိုင်ကီကီဘိချ်ဟိုတယ်နှင့် ကျွန်း၏ အခြားပင်လယ်ကမ်းခြေ နေရာများတွင် တည်ရှိသည့် အိမ်ခြံမြေများကို ကျွန်ုပ် တကယ်မြင်တွေ့နေပြီ ဖြစ်ပေရာ သူ့အစီအစဉ်ကို ပိုမိုစိတ်ဝင်တစား ဖြစ်မိသည်။ ထို့အပြင် ကျွန်ုပ်၏ ဖခင် လုပ်ဆောင်သည့် အစီအစဉ်ထက် ပိုကောင်းကြောင်းကိုလည်း ကျွန်ုပ် မြင်တွေ့နေရပြီ ဖြစ်သည်။



## ပထမ လေးပိုင်းစိတ် စတင်ခြင်း

ကျွန်ုပ်၏ တစ်ကိုယ်ရေ ပိုက်ဆံဂိမ်း၏ ပထမလေးပိုင်းစိတ်အတွင်းတွင် အသက် ၂၅ နှစ်မှ ၃၅ နှစ် အထိ အကျုံးဝင်သည်။ ထိုနှစ် အပိုင်းအခြားတွင် ကျွန်ုပ်၏ အလုပ်သစ်မှာ စီးပွားရှာလုပ်ငန်း တည်ဆောက်ခြင်းကို သင်ယူရန်ဖြစ်ပြီး အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။ ထို့အပြင် အဆွယ်အပွားအဖြစ် ပိုင်ဆိုင်မှုပြစာရွက်စာတမ်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖြစ်သည်။ ပထမလေးပိုင်းစိတ်နှင့် ဒုတိယလေးပိုင်းစိတ်တို့တွင် ကျွန်ုပ်နှင့် သက်တူရွယ်တူ ဖြစ်ကြသူများထက် ကျွန်ုပ်၏ ဝင်ငွေ ပိုနည်းမည်ကို ကျွန်ုပ် သိသည်။ သို့သော် ဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက ဘဝတစ်သက်တာ၏ ဒုတိယပိုင်းတွင် ကျွန်ုပ်၏ အခြေအနေ ပိုကောင်းနေမည်ကို ကျွန်ုပ်သိသည်။ ၎င်းဒုတိယပိုင်းသည် အသက် ၄၅ နှစ်တွင် စတင်သည်။

## အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် သူဌေးဖေဖေ၏ အစီအစဉ်

အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် သူဌေးဖေဖေ၏ အစီအစဉ် ခြုံငုံသုံးသပ်ချက်ကို ဖော်ပြပေးထားပါသည်။ နောက်လာမည့်အခန်းများတွင် ဤအစီအစဉ်ကို အလုပ်ဖြစ်အောင် ကူညီပေးသည့် အချက်အလက်အနည်းငယ်တို့ကို ပိုမိုအသေးစိတ်ပြီး ဖော်ပြပေးထားပါသည်။ ဤအစီအစဉ်၏ အရေးကြီးသည့် အချက်တိုင်းကို ကျွန်ုပ် တင်ပြပေးထားပါသည် ဟု ပြောဖို့မှာမူ မဖြစ်နိုင်ပေ။ ထိုသို့ ပြည့်ပြည့်စုံစုံ ဖော်ပြဖို့ဆိုလျှင် စာကြည့်တိုက်တစ်ခုစာ စာအုပ်များဖြင့် ရေးသားဖော်ပြမှ ဖြစ်နိုင်မည်။ သူဌေးဖေဖေ၏ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို မည်သို့ မောင်းနှင်ရမည်ဆိုသည်ကို ကျွန်ုပ် လေ့လာသင်ယူခဲ့ပုံမှာ သဘောတရားကို အရင်နားလည်အောင် လုပ်ပြီးသောအခါ အပြင်သို့ထွက်ပြီး ကားကို မောင်းတတ်အောင် လက်တွေ့သင်ယူသည်နှင့် အလားသဏ္ဍာန်တူပါ သည်။ အသက် ၂၅ နှစ်တွင် စီးပွားရှာလုပ်ငန်းတစ်ခုကို မည်သို့ တည်ဆောက်ပြီး မည်သို့ လုပ်ကိုင်လည်ပတ်ရမည်ဆိုသည်ကို သင်ယူဖို့ ကျွန်ုပ် သံန္နိဋ္ဌာန်ချခဲ့ပါသည်။ အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုများတွင် မည်သို့ ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ရမည်၊ မည်သို့ မောင်းနှင်ရမည်ကိုလည်း သင်ယူဖို့ စိတ်ပိုင်းဖြတ်ခဲ့ပါသည်။ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများတွင် မည်သို့ ရင်းနှီးမြှုပ်နှံမှုများ ပြုရမည်၊ မည်သို့ ဖော်ထုတ်သတ်မှတ်ရမည် တို့ကိုလည်း သင်ယူဖို့ ဆုံးဖြတ်ချက်ချခဲ့ပါသည်။ တစ်နည်းဆိုရသော် ကျွန်ုပ်၏ တန်ဖိုးရှိ ပိုင်ဆိုင်မှုများကို ထိန်းချုပ်မှု ရယူထားလိုပြီး ကျွန်ုပ်၏ သက်မွေးဘဝနှင့်

ကျွန်ုပ်၏ ပိုက်ဆံများကို တစိမ်းများ၏လက်ထဲသို့ မထည့်လိုပါ။ ဤအစီအစဉ်ကို ဖတ်ရှုရုံမျှဖြင့် သင်ယူတတ်မြောက်နိုင်မည် မဟုတ်ကြောင်း ကျွန်ုပ် သိထားသည်။ စက်ဘီးစီးနည်း စာအုပ်ကို ဖတ်ရှုပြီး စက်ဘီးစီးတတ်ဖို့ သင်ယူနေသကဲ့သို့ ဖြစ်နေမည်။ ဖတ်ရှုရုံမျှဖြင့် တတ်မြောက်ဖို့ ဖြစ်နိုင်မည် မဟုတ်ပါ။ စာအုပ်ကို ဖတ်ထားပြီးသော်လည်း သင်ယူဖို့အတွက် စက်ဘီးရှိဖို့ လိုအပ်ပါသည်။

သူဌေးဖေဖေ၏ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ဖတ်ရှုသည့်အခါ သင့်အတွင်းမှ ဆွေးနွေးပြောဆိုသံကို အနီးကပ် ဂရုပြုထားဖို့ ကျွန်ုပ် အကြံပြုပါသည်။ ထိုပြောဆိုသံသည် သင်ကိုယ်တိုင် ပြောဆိုနေခြင်းဖြစ်သည်။ သင်က လုပ်နိုင်မည်၊ မလုပ်နိုင်မည်ကို ပြော ဆိုနေကြောင်း သတိမူပါ။ အလွန်ခက်ခဲမည်ဟု သင်ထင်ကြောင်း ပြော ဆိုပြီး လွယ်ကူသည့် အဖြေမျိုးကို သင် လိုချင်နေသလား ဆိုသည်ကို သတိမူပါ။ ငါမလုပ်နိုင်ဟု သင်က မကြာခဏ ပြောဆိုနေသလား။ ပိုမိုလွယ်ကူသည့် ရင်းနှီးမြှုပ်နှံမှု အဖြေမျိုးကို လိုချင်နေသလား။ ထိုသို့ ဆိုပါက ပေါင်းစုရန်ပုံငွေများသည် သင့် အတွက် ဆီလျော်သည့် အဖြေ ဖြစ်ပေလိမ့်မည်။

သူဌေးဖေဖေ၏ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်သည် အမြတ်ရသည့် စီးပွားရှာလုပ်ငန်း၏ ပိုင်ဆိုင်မှုရှိဖို့ လိုအပ်သည်။အပေါင်းလက္ခဏာပြသည့် ငွေစီးဆင်းမှု ရှိနေသော အိမ်ခြံမြေ ရင်းနှီးမြှုပ် နှံမှု ရှိဖို့လည်း လိုအပ်သည်။ ဘဏ်စုငွေ၏ အတိုးထက် ပိုများသော ပြန်ရငွေ ရရှိသည့် ပိုင်ဆိုင်မှုပြစာရွက်စာတမ်းများ ရင်းနှီးမြှုပ်နှံမှုလည်း ရှိဖို့ လိုအပ်သည်။

သူဌေးဖေဖေ၏ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံး ရင်းနှီးမြှုပ်နှံသူများ လိုက်နာဆောင်ရွက်ကြသည့် အခြေခံအစီအစဉ် ဖြစ်သည်။

၁။ လုပ်ငန်းတစ်ခု စတင်

၂။ ၎င်းလုပ်ငန်းမှ ရရှိသည့် ငွေစီးဝင်ခြင်းကို အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံ

၃။ ပိုလျှံနေသည့် ငွေစီးဝင်ခြင်းကို ပိုင်ဆိုင်မှုပြစာရွက်စာတမ်းများတွင် ရင်းနှီးမြှုပ်နှံ



အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်

| B နှင့် I လေးပိုင်းစိတ်များ | |
|---|---|
| တန်ဖိုးရှိပိုင်ဆိုင်မှုများ | အရှိန်မြှင့်တင်ခြင်းများ |
| စီးပွားရှာလုပ်ငန်း | အခြားသူများ၏ ပိုက်ဆံ(OPM)<br>တရားဝင် ပိုင်ဆိုင်မှုများ<br>အခြားသူတို့၏ အချိန်(OPT)<br>အခွန်ဥပဒေများ<br>လှူဒါန်းခြင်း |
| အိမ်ခြံမြေ | တရားဝင် ပိုင်ဆိုင်မှုများကို<br>ရွေးချယ်ဝယ်ယူခြင်း<br>အခွန်ဥပဒေများ |
| ပိုင်ဆိုင်မှုပြစာရွက်စာတမ်း | အခွန်ကင်းလွတ်ခွင့်<br>ကြိုရောင်းကြိုဝယ် ရန်ပုံငွေများ<br>အောပ်ရှင်းများ<br>ကနဦးစတင်ရောင်းချသည့်<br>အစုရှယ်ယာများ<br>ဗီပီအမ်များ |

ချည့်နဲ့သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်

| E နှင့် S လေးပိုင်းစိတ်များ | |
|---|---|
| အလုပ်အကိုင် | အရှိန်မြှင့်တင်ခြင်းများ |
| စုဆောင်းငွေများ<br>အကြွေးထဲမှ ရုန်းထွက်ခြင်း<br>ကိုယ်ပိုင်အိမ်ရာ<br>ပေါင်းစုရန်ပုံငွေများ<br>စတော့များ<br>အငြိမ်းစားအစီအစဉ်များ | မရှိပါ |

### တန်ဖိုးရှိပိုင်ဆိုင်မှု နံပါတ်(၁)။ စီးပွားရှာလုပ်ငန်း

သင့်ကိုယ်ပိုင်လုပ်ငန်းသည် သင်၏ အကောင်းဆုံး တန်ဖိုးရှိပိုင်ဆိုင်မှု ဖြစ်သည်။ အကြောင်းမှာ အောင်မြင်ခဲ့ပါက အလုပ်နည်းနည်းလုပ်ပြီး ဝင်ငွေအများစုကို ဖန်တီးနိုင်ပြီး အခွန်များမှာလည်း အနည်းဆုံး ဖြစ်နေမည်။ ဝါရင်ဘတ်ဖ်ဖစ်တ်သည် ဘတ်ရှိုင်းယား ဟိသ်ဝေးကို အထည်ချုပ်လုပ်ငန်း ကုမ္ပဏီအဖြစ်သို့ မပြောင်းလဲဘဲ အာမခံလုပ်ငန်း ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲခဲ့သည်မှာ အာမခံကုမ္ပဏီတွင် အခွန်များအတွက် အားသာချက်များ ပိုကောင်းနေသောကြောင့် ဖြစ်သည်။ တစ်နည်းဆိုရသော် အခွန်စည်းမျဉ်းများသည် လုပ်ငန်းအမျိုးအစားများအရ အနည်းအများ ကွာခြားနေသည်ကို အခွင့်ကောင်းရယူခြင်း ဖြစ်သည်။ ထို့အပြင် ကိုယ် ပိုင်အနေဖြင့် ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ တရားဝင်ပိုင်ဆိုင်မှုများ အမျိုးမျိုးတို့ကိုသာ ရင်းနှီးမြှုပ်နှံမှုပြုသဖြင့် အခွန်များ သက်သာပြီး ရင်းနှီးမြှုပ်နှံမှု ထံမှ ပြန်ရသည့် အကျိုးအမြတ်များ ပိုမိုမြင့်မားနေစေသည်။

အခွန်များသည် အကြီးမားဆုံး ကုန်ကျစရိတ် ဖြစ်နေခြင်းကို အမြဲ သတိရှိရမည်။ စီးပွားရှာလုပ်ငန်းအဖို့ ညံ့ချက်မှာ အကယ်၍ အမြတ်ရသည့် စီးပွားရှာလုပ်ငန်းကို တည်ဆောက်ရာ၌ သင် မအောင်မြင်ခဲ့လျှင် အကြီးအကျယ် ဆုံးရှုံးပြီး ကြွေးတင်သည့် အဖြစ်သို့ ရောက်သွားခြင်း ဖြစ်သည်။ ထို့ကြောင့် အချိန်ပြည့်အစား အချိန်ပိုင်းလုပ်ကိုင်သည့် အနေဖြင့် စီးပွားရှာ လုပ်ငန်းကို စတင်လုပ်ကိုင်သင့်သည်။ အဆင်ပြေသည့်အခါကျမှ လက်ရှိအလုပ်မှထွက်ပြီး စီးပွားရှာလုပ်ငန်းကို လုပ်ကိုင်သင့်သည်။

### အရှိန်မြှင့်တင်ခြင်းများ နံပါတ်(၁) အခြားသူများ၏ ပိုက်ဆံ

အခြားသူများ၏ ပိုက်ဆံ (ဝါ) OPM (Other People's Money)သည် စတင်ခါစ လုပ်ငန်းတွင် ပထမဆုံး သုံးစွဲရသည့် အရှိန်မြှင့်တင်ခြင်း ဖြစ်သည်။ သင်သည် ပိုတော်သည့် စီးပွားရေးသမား ဖြစ်လာသည်နှင့်အမျှ ဤကိစ္စသည် ပိုလွယ်လာမည်။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံသူတို့သည် အောင်မြင်သူတို့ကို ကြိုက်ကြသောကြောင့် ဖြစ်သည်။

လူအများအပြားတို့သည် မိမိ၏ ကိုယ်ပိုင်စီးပွားရေးကို မိမိ၏ အကြွေးဝယ်ကတ်ပြား၊ မိသားစုဆွေမျိုးများထံမှ ချေးငွေများ၊ ဘဏ်များမှ မိမိကိုယ်တိုင်ချေးယူသည့် ချေးငွေများဖြင့် စတင်ကြသည်။ ထိုသို့ ပြုရန် မလွဲမသွေ လိုအပ်သော်လည်း ရင်းနှီးမြှုပ်နှံသူများကို ပါဝင်လက်တွဲကြရန် ဖိတ်ခေါ်ခြင်းသည် အမြန်ဆုံး အရှိန်မြှင့်တင်ရန်နည်းလမ်း ဖြစ်သည်။ သို့သော် သတိပေးစကား ပြောကြားလိုသည်မှာ မည်သူ့ကို ပါဝင်ဖို့ ဖိတ်ခေါ်



သည်ကို ဂရုစိုက်ရမည်။ ကုမ္ပဏီ၏ စီမံခန့်ခွဲမှုကို သင်ထိန်းချုပ်ထားလိုမည် ဖြစ်ပေရာ ရင်းနှီးမြှုပ်နှံ သူတို့၏ ပါဝင်ပတ်သက်မှုကို ကန့်သတ်ထားရမည်။

ထိုသို့ ပူးပေါင်းပါဝင်ခြင်းအတွက် အစုရှယ်ယာပိုင်ဆိုင်မှုများမည်မျှ အထိသာ စွန့်လွှတ်ပေးအပ်ရမည်ဆိုသည်ကိုလည်း ဂရုစိုက်ရမည်။ ကုမ္ပဏီ ကြီးထွားလာသောအခါ ဆက်လက်တိုးချဲ့သွားရန်အတွက် နောက်ထပ် ပိုက်ဆံများ ထပ်ထည့်ပြီး ရင်းနှီးမြှုပ်နှံဖို့ လိုအပ်လာမည်။ ထိုအခါ ထပ်ဖြည့်ထည့်ရန် အရင်းအနှီးငွေများကို ဒုတိယအကြိမ်၊တတိယ အကြိမ် ထပ်မံရှာဖွေရမည် ဖြစ်သည်။ ထိုအခါ အစုရှယ်ယာများ ထပ်မံ စွန့်လွှတ်နိုင်ဖို့ ပထမအကြိမ် အရင်းအနှီးငွေများ ရှာဖွေစဉ်ကတည်းက ချန်ထားရမည်ဖြစ်သည်။ ထို့အတွက် ဤအချက်ကို မူလအစီအစဉ်တွင် ထည့်သွင်းရေးဆွဲပေးထားရမည်။

မိမိ၏ လုပ်ငန်းမှာ ဝင်လာသည့်ငွေများထဲမှ ပိုလျှံနေသည့်ငွေများဖြင့် လုပ်ငန်းကြီးထွားမှုအတွက် ရန်ပုံငွေအဖြစ် ထည့်သွင်းသုံးစွဲရမည်။ သူဌေးဖေဖေ ကုမ္ပဏီကို စတင်ခဲ့သည့် ပထမ နှစ်နှစ်တွင် ကင်မ်နှင့်ကျွန်ုပ် တို့သည် ကုမ္ပဏီထံမှ အမြတ်ရယူခြင်း မပြုခဲ့ကြချေ။ လုပ်ငန်းကြီးထွားမှုအတွက် ထပ်မံရင်းနှီးမြှုပ်နှံဖို့ အမြတ်ငွေကို ထည့်သုံးခဲ့ကြသည်။

နောက်တစ်ဆင့်တွင် ကျွန်ုပ်တို့သည် မဟာဗျူဟာမြောက် စီးပွားဘက်များကို ရှာဖွေခဲ့ကြသည်။ ထိုသူတို့ကို လုပ်ကိုင်ခွင့် လိုင်စင်များ ပေးအပ်ပြီး ရရှိသည့်အမြတ်များကို သူတို့အား မျှဝေပေးသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် မဟာဗျူဟာမြောက် စီးပွားဘက်၏ ငွေများ၊ မဟာ ဗျူဟာမြောက် စီးပွားဘက်၏ ဖြန့်ချိရေးကွန်ရက်စနစ်များဖြင့် လုပ်ငန်းကို တိုးချဲ့ကာ ကြီးထွားစေခဲ့သည်။ ဤမဟာဗျူဟာမြောက် စီးပွားဘက်ထားရှိလုပ်ကိုင်သည့် ပုံစံကို ကျွန်ုပ်တို့၏ လုပ်ငန်း ကြီးထွားစေရန် အကြိမ်များစွာ သုံးစွဲခဲ့သည်။

### အရှိန်မြှင့်တင်ခြင်း နံပါတ်(၂)။ တရားဝင် ပိုင်ဆိုင်မှုများ

မိမိ၏ စီးပွားရှာလုပ်ငန်းမှ ပိုင်ဆိုင်ထားသည့် တရားဝင်ပိုင်ဆိုင်မှုများကို ကျကျနန ရွေးချယ်ရမည်။ အခွန်သက်သာခြင်း၊ မိမိလုပ်ငန်းကို အကောင်းဆုံး အကာအကွယ် ရရှိခြင်းတို့ ပေးအပ်မည့် တရားဝင်ပိုင်ဆိုင်မှု အမျိုးအစားများကို ရွေးချယ်ရယူရမည်။

**အရှိန်မြှင့်တင်ခြင်း နံပါတ်(၃)။ အခြားသူတို့၏ အချိန်**

သင်သည် လုပ်ငန်းရှင်ကောင်းတစ်ဦး ဖြစ်ပါက အခြားသူများနှင့် စနစ်များ၏ အားဖြည့်တင်းခြင်းကို သင်လုပ်ကိုင်ရာတွင် ရရှိထားမည်။ သင်သည် တော်သည့် စီးပွားရေးသမားတစ်ဦးဖြစ်ပါက စီးပွားရှာလုပ်ငန်း ထောင်ထောင်မတ်မတ်ဖြင့် လည်ပတ်သည့်အချိန်မှစ၍ ဘာမှမလုပ်ဘဲ ပိုက်ဆံ ရရှိနေမည်။ လူအများအပြားတို့သည် ပိုက်ဆံအတွက် သူတို့၏ ဘဝတစ်သက်တာလုံးနီးပါး အလုပ်လုပ်နေကြရသည်မှာ သူတို့သည် သူတစ်ပါး၏ စီးပွားရှာလုပ်ငန်းအတွက် အလုပ်လုပ်ပေးနေကြခြင်း ကြောင့်ဖြစ်ပြီး ကိုယ်ပိုင်စီးပွားရှာလုပ်ငန်း တည်ဆောက်ရန် လုပ်ကိုင်နေကြခြင်း မဟုတ်သော ကြောင့် ဖြစ်သည်။

**အရှိန်မြှင့်တင်ခြင်း နံပါတ်(၄)။ အခွန်ဥပဒေများ**

အခန်း(၅) အခွန်သမားကို မေးကြည့်ပါတွင် အခွန်ဥပဒေများသည် သက်သာခွင့်များကို စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများက ရရှိအောင် ရေးသားထားကြောင်း တင်ပြထားသည်။ စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ထားသည့်အခါ တစ်ကိုယ်ရေအသုံးစရိတ်များကိုလုပ် ငန်း အသုံးစရိတ်အဖြစ် တရားဝင် စာရင်းပြသပြီး အခွန်သက်သာအောင် တွက်ချက်နိုင်သည်။

**အရှိန်မြှင့်တင်ခြင်း နံပါတ်(၅)။ လှူဒါန်းခြင်း**

သူဌေးဖေဖေက သမ္မာကျမ်းစာမှ လာသော ဆိုရိုးစကားကို ပြောပြလေ့ရှိသည်။ 'ပေးကမ်းပါ။ သင် လက်ခံရရှိအံ့။' လူ့အသိုင်းအဝိုင်းသို့ ရက်ရက်ရောရောဖြင့် ပြန်လည်ပေးကမ်းခြင်းသည် သင့် စီးပွားရှာလုပ်ငန်း ကြီးထွားဖို့အတွက် မရှိမဖြစ် လိုအပ်သည့် အခြင်းအရာများ ဖြစ်သည်။

သင်လှူဒါန်းစွန့်ကြဲသည်တို့ထံမှ မည်သို့ သင်ပြန်လည်ရရှိသည်ကို သင် မသိနိုင်ပေ။ သို့သော် ပြန်ရသည်မှာ သေချာပါသည်။ လူအများတို့ကို သင် ကူညီဖြည့်ဆည်းမှုပိုများလေ သင် ပိုချမ်းသာလေ ဖြစ်လိမ့်မည်။

ဤသို့ အရှိန်မြှင့်တင်ခြင်းများ ပေါင်းစပ်လုပ်ဆောင်ခြင်းများမှ တစ်ဆင့် သင်၏ စီးပွားရှာလုပ်ငန်း ကြီးထွားခြင်းနှင့် သင်၏ ငွေစီးဝင် ခြင်းတို့၏ အလျဉ်ကို အမြင့်မားဆုံးဖြစ်အောင် ပြုပေးနိုင်မည်ဖြစ်သည်။ ထိုအခါ ရရှိလာသည့် ငွေစီးဝင်ဝင်မှုဖြင့် ပြန်လည်



ရင်းနှီးမြှုပ်နှံခြင်းကို ပြုပေးပြီး စီးပွားရှာလုပ်ငန်း ကြီးထွားမှုကို ဆက်လက် ဖြစ်ပေါ်နေစေမည်။ ထို့ပြင် အိမ်ခြံမြေကဲ့သို့သော အခြားတန်ဖိုးရှိပိုင်ဆိုင်မှုအသစ်များတွင်လည်း ရင်းနှီးမြှုပ်နှံမှု ပြုနိုင်မည် ဖြစ်သည်။

**တန်ဖိုးရှိပိုင်ဆိုင်မှု နံပါတ် (၂)။ အိမ်ခြံမြေ**

**အရှိန်မြှင့်တင်ခြင်း နံပါတ်(၆)။ အခြားသူများ၏ ပိုက်ဆံ**

အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ကျွန်ုပ်၏ ဘဏ်သမားသည် ကျွန်ုပ်ဘက်တွင် ရှိနေသည်။ ကျွန်ုပ်က ကန်ဒေါ်လာ ၁၀၀,၀၀၀တန်သည့် အိမ်ရာတစ်ခုကို အောက်ပါပိုက်ဆံများဖြင့် ဝယ်ယူလိုက်သည် ဆိုပါစို့။

ကန်ဒေါ်လာ ၁၀,၀၀၀ သည် ကျွန်ုပ် ကိုယ်ပိုင်ပိုက်ဆံ

ကန်ဒေါ်လာ ၉၀,၀၀၀ သည် ဘဏ်မှ ပိုက်ဆံ

ဘဏ်သမားများသည် ၎င်းတို့ဘက်မှ ထည့်ဝင်သည့် ရပေါက်ရလမ်းများမှ စီးဝင်သည့်ငွေနှင့် အရင်းအနှီးတိုးများခြင်းတို့ကို ရင်းနှီးမြှုပ်နှံသူအား ရယူခွင့် ပေးထားသည်။ တစ်နည်းဆိုရသော် ကိန်းဂဏန်းအရ ဘဏ်သည် ၉၀ ရာခိုင်နှုန်း ဝေစုကို ရင်းနှီးမြှုပ်နှံမှုတွင် ထည့်ဝင်ပိုင်ဆိုင် ထားသော်ငြားလည်း ၎င်းဝေစုအတွက် ရရှိသည့် ငွေစီးဝင်ခြင်းများနှင့် အရင်းအနှီးပမာဏ တိုးခြင်းတို့ကို ရင်းနှီးမြှုပ်နှံသူက ရရှိသည်။ ဘဏ်သမားတို့က အတိုးကိုသာ ယူသည်။ ဝယ်လိုက်သည့် အိမ်ရာကို ငှားရမ်းခြင်းကြောင့် ရရှိသည့်ဝင်ငွေကို ရင်းနှီးမြှုပ်နှံသူက ရရှိသည်။ ပေါင်းစု ရန်ပုံငွေများထံမှ ဤသို့သော ရပေါက်ရလမ်းမျိုးတို့ကို သင် ရရှိမည် မဟုတ်ချေ။ ဆုံးရှုံးမည့်အရေး၏ ၉၀ ရာခိုင်နှုန်းကို ရယူသည့် ချေးငွေမျိုး ကိုလည်း ပေါင်းစုရန်ပုံငွေများထံမှ ချေးယူနိုင်မည် မဟုတ်ချေ။ ထိုသို့ ပိုက်ဆံ ၉၀ ရာခိုင်နှုန်း ထည့်ဝင်ထားသော်လည်း ရရှိလာသည့် အမြတ်များထံမှ ဝေစု သုညကိုသာ ဘဏ်သမားတို့ ရယူသည်။ ထို့ကြောင့် သူဌေးဖေဖေက မှော်ပိုက်ဆံဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

အခန်း(၃) "သင်၏ ဘဏ်သမားကို မေးပါ" တွင် ဘဏ်က အားဖြည့်တင်းခြင်း သုံးမျိုးကို တွေ့ရသည်။

၁။ ရင်းနှီးမြှုပ်နှံမှု စိတ်ချရစေခြင်း
၂။ တန်ဖိုးရှိ ပိုင်ဆိုင်မှု တစ်ရပ်လုံး၏ တန်ဖိုးလျော့ကျခြင်း
၃။ တန်ဖိုးတက်ခြင်း၏ ပိုင်ရှင်

**အရှိန်မြှင့်တင်ခြင်း နံပါတ်(၇)။ ပိုင်ဆိုင်မှု ရွေးချယ်ခြင်း**

တရားဝင်ပိုင်ဆိုင်မှုများကို ရွေးချယ်ခြင်းသည် အလွန်အမင်း အရေးကြီးသည်။ ချမ်းသာသူတို့က သူတို့၏ အိမ်ခြံမြေပိုင်ဆိုင်မှုများကို ကာ ကွယ်ရန် လျှို့ဝှက်ချက်များ၊ မဟာဗျူဟာများကို သဘောပေါက်ထားရ မည်။ ၎င်းတို့ကို သုံးစွဲလာခဲ့ကြသည်မှာ မျိုးဆက်များစွာ ကြာမြင့်ခဲ့ပြီဖြစ် သည်။ ပိုင်ဆိုင်မှုများကို သီးခြားခွဲခြား ထားရှိခြင်းဖြင့် ပိုင်ဆိုင်မှုတစ်ခု သည် ဆုံးရှုံးမည့်အရေး ကြုံရသော်လည်း အခြားပိုင်ဆိုင်မှုများကိုထိခိုက် မည် မဟုတ်ချေ။ ပိုင်ဆိုင်မှုများကို ကိုင်ထားကြရာ၌ ကုမ္ပဏီပိုင်အဖြစ်ဖြင့် ထားရှိကြသည်။

**အရှိန်မြှင့်တင်ခြင်း နံပါတ်(၈)။ အခွန်ဥပဒေများ။**
**တန်ဖိုးလျော့ကျခြင်းနှင့် အိမ်ခြံမြေစာရွက်စာတမ်းပေါ်၌ ဆုံးရှုံးခြင်းများ**

အိမ်ရာ အဆောက်အဦများသည် နှစ်ကာလကြာမြင့်သည့်အခါ အိုမင်း သွားစမြဲ ဖြစ်ပေရာ မူလတန်ဖိုးထက် လျော့ကျသွားသည်ဟု ယူဆသတ်မှတ်ကာ ဆုံးရှုံးမှု တစ်ရပ်အဖြစ် အခွန်တွက်ချက်ရာ၌ စာရင်းပြသ၍ ရသည်။ သို့ဖြစ်ရာ ပေးဆောင်ရမည့် အခွန်ပမာဏ သက်သာသွားသည်။ တစ်နည်းဆိုသော် အကုန်သက်သာသွားခြင်း ဖြစ်သဖြင့် ဝင်ငွေတစ်မျိုး ရရှိခြင်း မည်ပေသည်။ ထင်မြင်ယူဆချက်အပေါ် အခြေပြုပြီး ရရှိသော ဝင်ငွေ ဖြစ်သည်။ စာရွက်စာတမ်းပေါ်၌ ဆုံးရှုံးခြင်းအဖြစ် စာရင်းပြခြင်း သာဖြစ်ပြီး တကယ့်လက်တွေ့တွင် ထိုမျှလောက် ဆုံးရှုံးနစ်နာသွားခြင်း မရှိချေ။

**တန်ဖိုးရှိပိုင်ဆိုင်မှု နံပါတ် (၃)။ ပိုင်ဆိုင်မှုပြစာရွက်စာတမ်းများကို ပိုင်ဆိုင်ခြင်းများ**

**အရှိန်တင်ခြင်း နံပါတ်(၉)။ အခွန်ကင်းလွတ်ခွင့်**

အစိုးရမှ ငွေကြေးအင်အား ထောက်ကူမှု လိုအပ်လျက်ရှိသောစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံသည့် ရင်းနှီးမြှုပ်နှံမှု ပြုသူများကို အခွန်ကင်းလွတ်ခွင့် ပြဋ္ဌာန်းပေးထား လေ့ရှိသည်။ ကျွန်ုပ်၏ ပိုက်ဆံများကို အိမ်ခြံမြေတွင် အားဖြည့်တင်းပြီးသောအခါ



စတော့ဈေးကွက်ထဲသို့ ဝင်ရောက်ပြီး မြူနီစီပယ်မှ အိမ်ရာစီမံကိန်းများအတွက် အစုရှယ်ယာများကို ဝယ်ယူလေ့ရှိ သည်။ ၎င်းတို့သည် အခွန်ကင်းလွတ်ခွင့် ပေးထားသည့် ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများဖြစ်သည်။ ပိုလျှံသည့်ငွေကို ယခုလို ရင်းနှီးမြှုပ်နှံသည့် အတွက် အခွန်ကင်းလွတ်သည့် ဝင်ငွေအဖြစ် ၅ မှ ၈ ရာခိုင်နှုန်းအထိ အမြတ်ဝေစုအဖြစ် ငွေ ပြန်ဝင်သည်။ ၎င်းသည် ကျွန်ုပ်အဖို့ စုဆောင်းငွေ ဖြစ်သည်။ ဘဏ်မှ ငွေစုလက်မှတ်ဖြင့် စုဆောင်းပါက အတိုး ၁ ရာခိုင်နှုန်းသာ ကျွန်ုပ် ရရှိပြီး ၎င်းဝင်ငွေအပေါ်တွင် အခွန် စည်းကြပ်ခြင်းခံရသည်။ သို့ဖြစ်ရာ မြူနီစပယ်ရှယ်ယာတို့သည် ဘဏ်၏ ငွေစုလက်မှတ် ထက် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းသည်။

**အရှိန်မြှင့်တင်ခြင်း နံပါတ်(၁၀)။ ကြိုရောင်းကြိုဝယ်ရန်ပုံငွေ**

ကြိုရောင်းကြိုဝယ်ရန်ပုံငွေများသည် ကျွန်ုပ်ကို အာမခံချက်ဖြင့် ရင်းနှီးမြှုပ်နှံခြင်း မျိုးကို ပြုနိုင်စေသည်။ ပေါင်းစုရန်ပုံငွေများ၏ အားသာချက်ဖြစ်သော အလွယ်တကူဖြင့် လုပ်ကိုင်နိုင်ခြင်းကို ကြိုရောင်းကြိုဝယ် ရန်ပုံငွေများတွင်လည်း ရရှိသည်။ သို့သော် ကွာခြားသည်မှာ ပြုတ်ကျ မည့်အရေး မရှိခြင်းဖြစ်သည်။ ကြိုရောင်းကြိုဝယ်ရန်ပုံငွေများသည် ကာလတိုနှင့် ကာလရှည် နှစ်မျိုးရနိုင်သည်။ လက်လှည့်ရောင်းခြင်းကို သုံး၍ ရသည်။ ထိုက်သင့်သည်ထက် ဈေးပေါသည့် အာမခံငွေချေး စာချုပ်များ၊ အော့ပ်ရှင်းများ၊ အစိုးရ ငွေချေးစာချုပ်များကို ဤနည်းဖြင့် ရောင်းခြင်းဝယ်ခြင်း ပြုနိုင်သည်။ ကြိုရောင်း ကြိုဝယ်ရန်ပုံငွေများအတွက် မဟာဗျူဟာများ အမျိုးမျိုး အများအပြား ရှိနေသော်လည်း အဓိက ပန်းတိုင်မှာ ဈေးအတက်အကျကြောင့် ဆုံးရှုံးရခြင်းမရှိစေဘဲ ရင်းနှီးမြှုပ် နှံသူ၏ ငွေလုံးငွေရင်းကို ထိန်းသိမ်းထားရန် ဖြစ်သည်။ ဈေးကွက်အခြေအနေ အကုန်လုံးတွင် အကျိုးအမြတ် ပြန်ရဖို့ သေချာနေစေရန် ဦးတည်ထားသည်။ ကြိုရောင်းကြိုဝယ် ရန်ပုံငွေ များသည် ဈေးကွက်ထဲတွင် အဆင်းဘက်သို့ မရောက်အောင် ဆွဲတင်ပေးထားသည်။ ထိုအချက်သည် ဈေးအတက်အကျကြမ်းသည့် ယခုဈေးကွက်အတွက် အရေးကြီးသည့် ကောင်းချက် ဖြစ်သည်။

**အရှိန်မြှင့်တင်ခြင်း နံပါတ်(၁၁)။ အော့ပ်ရှင်းများ**

အော့ပ်ရှင်း သဘောတူစာချုပ်များသည် တန်ဖိုးရှိပိုင်ဆိုင်မှုပြစာရွက် စာတမ်း တစ်ရပ်၏ သတ်မှတ်ပမာဏကို ရောင်းရန် သို့မဟုတ် ဝယ်ရန်အတွက် သတ်မှတ်ထား

သောကာလအတွင်းမှာ လုပ်ပိုင်ခွင့် ပေးထားသည်။ အဝယ်အော့ပ်ရှင်းသည် ရှယ်ယာပိုင်ရှင်ထံမှ ရှယ်ယာများကို သဘောတူထားသည့် ဈေးနှုန်းဖြင့် ဝယ်ယူခွင့်ကို ရယူထားသည့် သဘောတူစာချုပ်ဖြစ်သည်။ အရောင်းအော့ပ်ရှင်းသည် အော့ပ်ရှင်းကို လက်ဝယ်ရယူထားသူက သတ်မှတ်ဈေးနှုန်းဖြင့် ရင်းနှီးမြှုပ်နှံသူထံ ရောင်းချခွင့်ကို သဘောတူစာချုပ် ရယူထားသည်။

စတော့အော့ပ်ရှင်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကျွန်ုပ်၏ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများ ပိုင်ဆိုင်မှုကို အားဖြည့်တင်းပေး၍ ရနေစေသည်။ စတော့ကို ဝယ်ယူခြင်းအစား ၎င်းစတော့ကို အော့ပ်ရှင်းဖြင့် ဝယ်ယူပါက ၎င်းစတော့ကို ကျွန်ုပ် ထိန်းချုပ်ထားသည့် အဖြစ်ကို ရရှိမည်ဖြစ်ပြီး ပေးချေရသည်မှာ စတော့ကို ဝယ်ယူခြင်း၏ အစိတ်အပိုင်းမျှကိုသာ ကုန်ကျသည်။ အော့ပ်ရှင်းဖြင့် ကျွန်ုပ်သည် သတ်မှတ်ထားသည့် စတော့ပမာဏကို သတ်မှတ်ထားသည့် ဈေးနှုန်းဖြင့် သတ်မှတ်ထားသည့် ကာလအတွင်း၌ ရောင်းခြင်း ဝယ်ခြင်း ပြု၍ ရနေစေသည်။ လူအများတို့ အဝယ်အော့ပ်ရှင်းကို ဝယ်ကြသည်မှာ စတော့ဈေးနှုန်း ဈေးတက်သွားလျှင် သူတို့ အမြတ်ရကြမည်ဟု မျှော်လင့်သောကြောင့် ဖြစ်သည်။ အဝယ် အော့ပ်ရှင်းကို ပိုမြင့်မားသည့် ဈေးနှုန်းဖြင့် ရောင်းချခြင်းဖြင့် လည်းကောင်း၊ ဈေးကွက်၏ ဈေးနှုန်းပိုမြင့်မားနေသည်ကို သဘောတူထားသည့် ဈေးနှုန်း အနိမ့်ဖြင့် စတော့ကို ဝယ်ယူလိုက်ခြင်းဖြင့်လည်းကောင်း အမြတ် ထုတ်နိုင်သည်။

အရောင်းအော့ပ်ရှင်းသည် သတ်မှတ်ထားသော ဈေးနှုန်းဖြင့်ရောင်းချ၍ ရနေစေပေရာ ဈေးကွက်တွင် ဈေးနှုန်းကျဆင်းသော်လည်း သဘောတူ ထားသည့် ဈေးနှုန်းဖြင့် ရောင်းချ၍ ရနေသဖြင့် ဈေးကျခြင်းကြောင့် ထိခိုက်နစ်နာခြင်း ရှိမည် မဟုတ်ချေ။ သို့ဖြစ်ရာ ဈေးကွက်၏ ဈေးနှုန်းထက် ပိုမြင့်မားသည့် ဈေးနှုန်းဖြင့် စတော့ကို ရောင်းချကြပေသည်။

### အရှိန်မြှင့်တင်ခြင်း နံပါတ်(၁၂)။ ကိုယ်ပိုင် စတော့များ

ကိုယ်ပိုင်စတော့များ (PPMs - Private Placement Memorandums) သည် ကုမ္ပဏီထဲတွင် ကမ်းလှမ်းသည့် စတော့များ သို့မဟုတ် အာမခံ ငွေချေးစာချုပ်များဖြစ်ပြီး ပြည်ထောင်စုမှတ်ပုံတင်စာရင်းတွင် စာရင်းသွင်းခြင်းမှ ကင်းလွတ်ခွင့် ရယူထားသော စတော့များ ဖြစ်သည်။ ၎င်းကို ဝယ်ယူသူသည် ကုမ္ပဏီနည်းတူ ရင်းနှီးမြှုပ်နှံမှုအတွက် ဆုံးရှုံးမည့်အရေးကို ရယူထားရသည်။ ကုမ္ပဏီအနေဖြင့် ကိုယ်ပိုင်စတော့များ ရောင်း



ချခြင်းဖြင့် ငွေလုံးငွေရင်း ရယူစုဆောင်းသည်။ ဝယ်ယူသူသည် အချိန်ကြာလာသည့်အခါ ကုမ္ပဏီ ကြီးထွားလာခြင်းနှင့်အတူ ၎င်းစတော့များ တန်ဖိုးတက်လိမ့်မည်ဟု မျှော်မှန်းထားပြီး ဝယ်ယူထားခြင်း ဖြစ်သည်။

### အရှိန်မြှင့်တင်ခြင်း နံပါတ်(၁၃)။ လူထုထံ ကနဦး ရောင်းချခြင်း

အစုရှယ်ယာများကို လူထုထံ ကနဦး ရောင်းချခြင်း (IPO-Initial Public Offerings)သည် ကုမ္ပဏီမှ စတော့ရှယ်ယာများကို လူထုအား ပထမဆုံးရောင်းချခြင်း ဖြစ်သည်။ ပုံမှန်အားဖြင့် အိုင်ပီအိုကို သက်တမ်းနု ကုမ္ပဏီမှ ရောင်းချသည်။ အိုင်ပီအိုကို ထိန်းကျောင်းထားပြီး ရောင်းချဖို့ ပြင်ဆင်ရသည်မှာ ကုန်ကျစရိတ် များပြားသည်။ တရားဝင် စာရင်းအင်း များ ပြုစုရသည့်အတွက် အချိန်ပေးရပြီး တတ်ကျွမ်းသည့်ပညာရှင်များ ငှားရမ်းလုပ်ကိုင်ရသည့်အတွက် အကုန်အကျများရခြင်း ဖြစ်သည်။ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သည် ကုမ္ပဏီ၏ အဓိကကျသည့် အလုပ်များအပြင် ဤကိစ္စအတွက်ပါ အချိန်အတော်များများပေးပြီး လုပ်ဆောင် ပေးကြရသည်။ သို့သော် ငွေကြေးအင်အား တောင့်တင်းအောင်ဖြည့်တင်းရာ၌ ကြီးမားသည်။ ကနဦးရောင်းချသည့် ဈေးနှုန်းသည် နည်းပါးနေပြီး ကုမ္ပဏီ သက်တမ်းရလာပြီး ကြီးထွားလာသည်နှင့်အမျှ ဈေးနှုန်းမြင့်မားနိုင်မာလာမည့် အလားအလာများ ရှိနေသဖြင့် ၎င်းရှယ်ယာများကို လူအများတို့ ဝယ်ယူကြသည်။ အိုင်ပီအိုသည် ငွေလုံးငွေရင်း တိုးများစေသည့် မဟာဗျူဟာတစ်မျိုးဖြစ်သည့်အပြင် ကုမ္ပဏီထူထောင်သူများအဖို့ မိမိတို့ စိုက်ထုတ်ထားသည့် ငွေများ ပြန်ရယူနိုင်စေသည်။ ထို့အပြင် အကျိုးအမြတ်များကိုပါ ရယူနိုင်စေသည်။

### ကန်ဒေါ်လာ ၁၀၅,၀၀၀ မှ ဘီလျံ ၃၀ သို့

ဝါရင် ဘတ်ဖ်ဖစ်တ်သည် ကန်ဒေါ်လာ ၁၀၅,၀၀၀ ကို ဘီလျံ ၃၀ ဖြစ်သွားအောင် ပြောင်းလဲနိုင်သူ ဖြစ်သည်။ သို့သော် သူသည် ကျွန်ုပ်ကဲ့သို့ အိမ်ခြံမြေကို များများစားစား အဓိကထားပြီး လုပ်ကိုင်ခြင်းမပြုချေ။ သင်ယူရမည့် သင်ခန်းစာမှာ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှုသည် ရင်းနှီးမြှုပ်နှံမှုများနှင့် အားဖြည့်တင်းသည့် အရှိန်မြှင့်တင်ခြင်းများကို ဟန်ချက်ညီ လုပ်ကိုင်ခြင်းအပေါ် အခြေပြုထားသည်။ တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားများအကြား ဤသို့ ဟန်ချက်ညီခြင်းဖြင့် ကန်ဒေါ်လာ ၁၀,၀၀၀ ကို ၁၀ သန်းဖြစ်အောင် လုပ်နိုင်စေမည်ဖြစ်သည်။ မည်သို့ လုပ်ကိုင်ရမည်ကို သင်က သင်ယူ

တတ်မြောက်ပြီးသောအခါ ပုံမှန်အားဖြင့် လုပ်ကိုင်နေနိုင်မည်ဖြစ်ပြီး ထို့အတွက် သင့်မှာ စနစ်တစ်ရပ်ကို ချမှတ်ထူထောင်ထားရမည် ဖြစ်သည်။ အစပိုင်းတွင် ခက်ခဲနေမည် ဖြစ်သော်လည်း သင်၏စနစ် အလုပ် စတင်လုပ်ကိုင်သည့်အခါ ငွေစီးထွက်ခြင်းအစား ငွေစီးဝင်ခြင်းများ ဖြစ်ပေါ်လာမည်။

**ကန်ဒေါ်လာ ၁၀ ၀၀၀ ကို ၁၀ သန်း ဖြစ်လာစေခြင်း**

တန်ဖိုးရှိ ပိုင်ဆိုင်မှု အတန်းအစား တစ်မျိုးတည်းဖြင့် လူတစ်ဦးသည် ကန်ဒေါ်လာ ၁၀ ၀၀၀ ကို ၁၀ သန်း ဖြစ်လာအောင် လုပ်နိုင်မည်လော။ လုပ်နိုင်ပါသည်။ အကယ်စင်စစ် လူအများစုတို့သည် တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစား တစ်မျိုးတည်းဖြင့် စတင် လုပ်ကိုင်ကြသည်။ တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားများအားလုံးတွင် အောင်အောင် မြင်မြင်ဖြင့် ရင်းနှီး မြှုပ်နှံနိုင်မည်လော။ ထိုမေးခွန်းကို သင်ကိုယ်တိုင်သာ အဖြေပေးနိုင်မည် ဖြစ်သည်။

**အချည်နှီးဆုံး အချိတ်အဆက်**

အကယ်၍ လူတစ်ဦးသည် စတော့၊ ငွေချေးစာချုပ်၊ အိမ်ရာပိုင်ဆိုင်မှု တစ်ရပ်ကို ဝယ်ခြင်းရောင်းခြင်း ပြုသည်ဆိုပါက အစွမ်းထက်သည့်ရင်းနှီး မြှုပ်နှံမှု၏ မမြင်သာသော အားသာချက်များကို မသုံးစွဲကြသည်က များသည်။ ဆုံးရှုံးမည့်အရေးများကို ပိုကြီးမားစွာ စွန့်စားကြသည်။ ဝင်ငွေ ရအောင် လုပ်နိုင်ခဲ့ပါလျှင်လည်း အခွန်များ အများအပြား ပေးဆောင်ကြသည်။ တန်ဖိုးရှိ ပိုင်ဆိုင်မှု အတန်းအစားများအကြား ထားရှိနိုင်သော မမြင်သာသည့် အချိတ်အဆက်များ လစ်ဟာနေသဖြင့် လည်းကောင်း၊ အရှိန်မြှင့်တင် ခြင်းများမရှိသဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံသူသည် အချည်းနှီးဆုံးအချိတ်အဆက်ဖြင့် လုပ်ကိုင်နေတော့သည်။ ပညာပိုင်း မသိမတတ်ခြင်း၊ မြန်မြန်ဆန်ဆန် ချမ်းသာရန် ဆန္ဒစိတ်ကူးများ မရှိခြင်းတို့ ကြောင့် မိမိရယူနိုင်မည့် ဝင်ငွေများကို ဆုံးရှုံးနေစေသည်။ သူဌေးဖေဖေက မကြာခဏ ပြောလေ့ရှိသည်မှာ "ငါတို့ရဲ့ ကြီးမားတဲ့ ကုန်ကျစရိတ်ဟာ ငါတို့ဝင်ငွေအဖြစ် မရလိုက်တဲ့ ပိုက်ဆံတွေပဲ" ဟူ၍ ဖြစ်သည်။

အခန်း (၁၂)

# ရင်းနှီးမြှုပ်နှံခြင်းအစား လောင်းကစားခြင်း

အားလုံးရဲ့ အကြီးမားဆုံးသူခိုးဟာ မျှော်လင့်ထားခြင်းပဲ။

သူဌေးဖေဖေ

**အိပ်မက်ကို ရောင်းချခြင်း။ မှသားကို ဝယ်ယူခြင်း**

စတော့ဈေးကွက်ထဲတွင် အရှုံးအမှုးဖြစ်နေကြခြင်းများ အထွတ်အထိပ်သို့ ရောက်ရှိနေစဉ် အမျိုးသမီးတစ်ဦးက နေ့လယ်စာ စားပွဲတစ်ခု၌ ကျွန်ုပ်ကို မေးခွန်းထုတ်သည်။ "ကျွန်မက ခိုင်မာတဲ့ ကုမ္ပဏီကြီး အိပ်စ် ဝိုင်ဇက်ရဲ့ အစုရှယ်ယာ ခုရေ ၅၀၀ ကို ဝယ်ထားပါတယ်။ ကျွန်မရဲ့ ရင်းနှီးမြှုပ်နှံမှုကို ဘယ်လို ထင်မြင်ပါသလဲ"

ကျွန်ုပ်က "အဲဒီရှယ်ယာတွေကို ခင်ဗျား ဘယ်အကြောင်းကြောင့် ဝယ်ယူခဲ့တာပါလဲ" ဟု မေးမြန်းသည်။

"ဘာလို့လဲဆိုတော့ ကျွန်မရဲ့ စတော့ပွဲစားက ရှယ်ယာတွေ ဈေးတက်မယ်လို့ ပြောလို့ပါ။ ရှယ်ယာတစ်စုကို ကန်ဒေါ်လာ ၅၅ ဖြင့် ကျွန်မ ဝယ်ခဲ့ပါတယ်။ သူက ပြောတယ်။ ခြောက်လအတွင်းမှာ အနည်းဆုံးအနေဖြင့် ကန်ဒေါ်လာ ၇၅ အထိ ရောက် သွားလိမ့်မယ်တဲ့။ ရှယ်ယာတွေက ဈေးနည်းနည်း တက်ခဲ့ပါတယ်။ ဒီတော့ နောက်မကျ သေးခင် အမြန်ဝယ်ထားမှ ဖြစ်မယ်လို့ ကျွန်မ တွေးမိပြီး အစုရှယ်ယာ ၁,၀၀၀ ကို

နောက်ဆပ် ငယ်မယ်လို့ စိတ်ကူးထားပါတယ်။ ကျွန်မ နောက်ထပ် ရှယ်ယာ ၁,၀၀၀ ကို ဝယ်ယူသင့်တယ်လို့ ထင်မြင်ပါသလား"

**ငွေပြန်ရဖို့ အာမခံချက်ကို တောင်းဆိုပါ**

ကျွန်ုပ်က အချိန်အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ကျွန်ုပ် ပြောချင်သည့်စကား ပြောပြလိုက်သည်။ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသော ထိုအမျိုးသမီးကို အားမနာစတမ်း ပြောပြလိုက်ခြင်း ဖြစ်သည်။ "ဈေးကွက်က အရမ်းမြင့်နေတယ်။ ဆုံးရှုံးမယ့်အရေး အမြင့်မားဆုံးအမှတ်ကို ရောက်နေတယ်။ ခင်ဗျားကို ရှယ်ယာတစ်စု ကန်ဒေါ်လာ ၅၅ နဲ့ ရောင်းတဲ့သူက တကယ်လို့ စတော့တစ်ရှယ်ယာကို ကန်ဒေါ်လာ ၇၅ အထိ မတက်ခဲ့ရင် ငွေပြန်အမ်းဖို့ အာမခံချက် ပေးသလား။ တကယ်လို့ ဈေး ကွက်ပြိုလဲမယ်ဆိုရင် ခင်ဗျားရဲ့ စတော့ပွဲစားလုပ်ငန်းက ငွေပြန်အမ်း မယ်လို့ ကတိပေးလား"

"ငွေပြန်အမ်းမယ့် အာမခံချက် ဟုတ်လား။ စတော့ပွဲစားတွေက ငွေ ပြန်အမ်းမယ့် အာမခံချက် ပေးကြလို့လား"

သူမ၏ မေးခွန်းကို ကျွန်ုပ် ဖြေကြားခြင်း မပြုဘဲ စကားဆက်လိုက်သည်။ "ကုန်ပစ္စည်းရောင်းချတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ငွေပြန်အမ်းမယ့် အာမခံချက်တွေ ပေးကြတယ်။ သူတို့ရဲ့ ဝန်ဆောင်မှု၊ သူတို့ရဲ့ ထုတ်ကုန်ကို ကျေနပ်မှု မရရင် ငွေပြန်အမ်း ပေးကြတယ်။ စတော့ပွဲစား တွေက ဘာလို့ ငွေပြန်မအမ်းကြရမှာလဲ"

"စတော့ပွဲစားတွေက ငွေပြန်အမ်းမယ့် အာမခံချက် ပေးကြလို့လား" သူမက နောက်တစ်ကြိမ် ထပ်မေးသည်။

"အဲလို ပေးတာ ကျွန်တော် တစ်ခါမှ မကြားဖူးဘူး"

"ဒါဆိုဘာလို့ စတော့ပွဲစားလုပ်ငန်းက ငွေပြန်အမ်းမယ်လို့ ကတိပေးလားလို့ ကျွန်မကို မေးရတာလဲ"

"ဘာလို့လဲဆိုတော့ ခင်ဗျားက စတော့ပွဲစား ပြောသမျှကို ယုံနေတာကိုး။ ခင်ဗျားရဲ့ စတော့ရှယ်ယာ ကန်ဒေါ်လာ ၅၅ ကနေ ၇၅ အထိ ဈေးတက်သွားမယ်လို့ သူက ဟောကိန်းထုတ်တယ်။ စတော့ ဈေးတက်မှာမို့ ခင်ဗျား ဝယ်လိုက်တာလား။ ကုမ္ပဏီရဲ့ ရှယ်ယာကို ခင်ဗျားပိုင်ဆိုင်ချင်လို့ ဝယ်လိုက်တာလား။ တကယ်လို့ ရှယ်ယာဈေးနှုန်းက တစ်စုကို ကန်ဒေါ်လာ ၃၀ အထိ ကျဆင်းသွားရင် ခင်ဗျား အဲဒီရှယ်ယာကို လိုချင် နေဆဲပဲလား။ ဝယ်ခဲ့တဲ့အတွက် ခင်ဗျား ကျေနပ်နေဦးမှာလား"



"ကျေနပ်မယ် မထင်ဘူး။ ကျွန်မ စတော့ကို လိုချင်တာ တန်ဖိုးတက်မှာကို လိုချင်လို့ပါ။ သူပြောတဲ့အတိုင်း အဲဒီရှယ်ယာက ကန်ဒေါ်လာ ၇၅ အထိ ဈေးတက်မှာမို့ လိုချင်တာပါ"

"အဲဒီလိုဆိုရင် ငွေပြန်အမ်းဖို့ အာမခံချက်ကို တောင်းဆိုရမယ်။ ကျေနပ်မှု မရရင် ငွေပြန်အမ်းရမယ်။ အဲဒီလို ငွေပြန်အမ်းတဲ့ အာမခံချက် ရှိတဲ့ဆိုင်မျိုးမှာ ကျွန်တော် ဝယ်ချင်တယ်"

**ဆရာကြီး ဝင်ပြောခြင်း**

အခန်းထဲတွင် အတူစားသောက်နေကြသူများထဲမှ စတော့ပွဲစားလုပ်ငန်း၏ ခရိုင်မန်နေဂျာ ဆရာကြီးက ထိုင်ရာမှ ထလိုက်ပြီး ရှင်းပြသည်။ "အဲဒီလို ဈေးတက်မယ်လို့ ထောက်ခံချက်ပေးတဲ့သူက ကျွန်တော့်ရဲ့ ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ အဲဒီ စတော့က အတော် အဝယ်လိုက်နေလို့ အခုလို ထောက်ခံချက် ပေးတာပါ။ ငွေကြေးထုတ်ကုန်ကို အရောင်းအဝယ်လုပ်နေတဲ့ ကုမ္ပဏီတစ်ခုအဖို့ ငွေပြန်အမ်းမယ့် အာမခံချက်ကို ပေးလို့ မရတာ ရှင်းပါတယ်။ ငွေပြန်အမ်းမယ့် အာမခံချက်ပေးတဲ့ ငွေကြေးလုပ်ငန်း တစ်ခုမှ ကျွန်တော် မကြားဖူးဘူး"

ကျွန်ုပ် ပြန်ပြောလိုက်သည်။ "ကျွန်တော်ကတော့ သိထားတယ်"

ကျွန်ုပ်၏ စကားကြောင့် အခန်းထဲ တိတ်ဆိတ်သွားသည်။ အမျိုးသမီးက မေးမြန်းသည်။ "ဘယ်သူက ငွေပြန်အမ်းပေးမယ်လို့ ကမ်းလှမ်း ပါသလဲ"

"ခင်ဗျားက ခင်ဗျားရဲ့ ဘဏ်သမားကို ငွေပြန်အမ်းပေးမယ်လို့ ခင်ဗျား ငွေချေးရင် ကတိပေးပါတယ်။ အိမ်မြေ အပေါင်ထားပြီး ငွေချေး တာဟာ ငွေပြန်အမ်းမယ်လို့ အာမခံချက် ပေးတာပါပဲ။ ဘဏ်ကနေ ယူထားတဲ့ ပိုက်ဆံကို ခင်ဗျား ပြန်မပေးရင် ခင်ဗျားဆီကို သူတို့ လာပြီး ခင်ဗျားရဲ့ အိမ်ကို ယူဖို့ ခင်ဗျား သဘောတူထားတယ်"

"ဒီတော့ ရှယ်ယာဈေးနှုန်းက ကန်ဒေါ်လာ ၇၅ အထိ မတက်ခဲ့ရင် စတော့ပွဲစားကို ငွေပြန်အမ်းဖို့ အာမခံချက် တောင်းရမှာလား"

"တောင်းသင့်တာပေါ့"

"တကယ်လို့ သူတို့က ငွေပြန်အမ်းဖို့ အာမခံချက်မပေးဘူးဆိုရင် ဘယ်လိုလုပ်ရမလဲ"

"အဲဒါဆို ခင်ဗျားဘာသာ ငွေပြန်အမ်းမယ့် အာမခံချက် ပေးရမယ်။ ဆိုလိုတာက မဝယ်ဘဲ နေလိုက်ရမယ်။ လိမ္မာပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူတွေက အဲဒီလို လုပ်ကြတယ်"

"တကယ်လို့ ကျွန်မကို ကျွန်မ ငွေပြန်အမ်းမယ့် အာမခံချက် မပေးနိုင်ဘူးဆိုရင် ဘယ်လိုလုပ်ရမလဲ"

"အဲဒီလိုဆိုရင်တော့ ခင်ဗျားက လောင်းကစားနေတာ ဖြစ်နေပြီ။ ရင်းနှီးမြှုပ်နှံတာ မဟုတ်တော့ဘူး။ ရင်းနှီးမြှုပ်နှံသူအစစ်အမှန်တွေဟာ လောင်းကစားသူတွေ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ရင်းနှီးမြှုပ်နှံသူလို့ ထင်နေပြီး တကယ်တော့ လောင်းကစားသလို လုပ်နေကြတဲ့သူတွေ အများကြီး ရှိနေတယ်"

**ဘာအတွက် သင် ရင်းနှီးမြှုပ်နှံပါသလဲ**

အရေးကြီးသည့် စကားလုံးများမှာ

ငွေစီးဆင်းခြင်း

နှင့်

ငွေအရင်းအနှီးတိုးခြင်းများ

တို့ ဖြစ်သည်။

လူတစ်ဦးက ပြောသည်။ "ဒီစတော့ကို ကျွန်တော် ဝယ်တာ ဘာလို့လဲဆိုတော့ ဈေးတက်မှာ သေချာတယ်လို့ ကျွန်တော် ယုံကြည်လို့ ဖြစ်ပါတယ်" ထိုသူသည် ငွေအရင်းအနှီးတိုးစေရန်အတွက် ရင်းနှီးမြှုပ်နှံသူ ဖြစ်သည်။ သူဌေးဖေဖေက ပြောလေ့ရှိသည်။ "ငွေအရင်း အနှီးတိုးတာဟာ လောင်းကစားသမားတွေရဲ့ အိပ်မက်ပဲ။ ရင်းနှီးမြှုပ်နှံသူအစစ်အမှန်ဟာ ငွေစီးဆင်းဖို့အတွက် အရင်ဆုံး ရင်းနှီးမြှုပ်နှံတယ်။ ငွေ အရင်းအနှီးတိုးဖို့ အတွက် မဟုတ်ဘူး"

ရှယ်ယာကို ကန်ဒေါ်လာ ၅၅ ဖြင့် ဝယ်ယူပြီး ကန်ဒေါ်လာ ၇၅ သို့ ဈေးတက်သွားမည်ဟု မျှော်လင့်ထားသော အမျိုးသမီးသည် ငွေအရင်း အနှီးတိုးစေရန်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး သူဌေးဖေဖေ၏ အလိုအရ သူမသည် အနာဂတ်ကို လောင်းကစားခြင်းသာဖြစ်ပြီး ရင်းနှီးမြှုပ်နှံခြင်း မဟုတ်ချေ။ သူဌေးဖေဖေက ပြောပြသည်မှာ "မင်းက ငွေစီးဆင်း ခြင်းအတွက် ရင်းနှီးမြှုပ်နှံတဲ့အခါ ငွေပြန်ရဖို့ အာမခံချက် ရှိတဲ့ဆီမှာ ရင်းနှီးမြှုပ်နှံတယ်။ ငွေအရင်းအနှီးတိုးဖို့ မင်းက ရင်းနှီးမြှုပ်နှံတယ်ဆိုရင် မျှော်လင့်ချက်ကို ရင်းနှီးမြှုပ်နှံတာပဲ။ အကြီးမားဆုံး သူခိုးဟာ မျှော်လင့်ချက်ပဲ"



**ရင်းနှီးမြှုပ်နှံသူဟု ထင်နေကြသော လောင်းကစားသူများ**

ဤတစ်ကြိမ်တွင် မေးခွန်းကောင်းတစ်ခုမှာ အဘယ်ကြောင့် လူအများတို့သည် ငွေစီးဆင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံခြင်းထက် ငွေအရင်းအနှီး အတွက် ရင်းနှီးမြှုပ်နှံခြင်းကို ပြုကြရသနည်း။

အဖြေမှာ ဆင်ခြေပြောဆိုခြင်းကို ခွင့်ပြုထားသောကြောင့် ဖြစ်သည်။ "ကျွန်တော် မတတ်နိုင်လို့ပါ" "အဲဒီလိုလုပ်ဖို့ မဖြစ်နိုင်ဘူး" "အရဲစွန့်ရမှာ များလွန်းနေတယ်" စသဖြင့် အကြောင်းပြကြသည်။ ထိုအခါ ငွေကြေး ခေါင်းပုံဖြတ်အမြတ်စားသည့်သူများ၏ လက်ခုပ်ထဲမှ ရေအဖြစ်သို့ ရောက်ကြရသည်။ ငွေကြေး ခေါင်းပုံဖြတ် အမြတ်စားသည့်သူများ၏ လက်သုံးကိုရိယာဖြစ်သည့် လှည့်ဖြားချက်မှာ "အဲဒီ အိမ်ရာပိုင်ဆိုင်မှုက သုံးနှစ်ကြာရင် နှစ်ဆတက်မှာ" "စတော့ဈေးကွက်က နှစ်တိုင်း ပျမ်းမျှ ၆ ရာခိုင်နှုန်း ဈေးတက်တယ်" စသည့်စကားများ ဖြစ်သည်။

သူဌေးဖေဖေက ပြောလေ့ရှိသည်မှာ "ဒီနေ့မှာ ရင်းနှီးမြှုပ်နှံမှုတစ်ခုကို မရှာနိုင်တဲ့သူဟာ မနက်ဖြန်အတွက် ကတိစကားအပေါ် လောင်းကြေးထပ်ကြတယ်။ သူတို့က မျှော်လင့်ချက်ကို အားထားတယ်။ ဉာဏ်ရည်ကို မသုံးကြဘူး။ သူတို့မှာ အိပ်မက်တွေ ရှိနေတော့ လိမ်ညာတာတွေကို ဝယ်ကြတယ်"

**ရင်းနှီးမြှုပ်နှံသူနှင့် လောင်းကစားသူ နှိုင်းယှဉ်ခြင်း**

ကျွန်ုပ်သည် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခု ပြုခဲ့ရာ၌ အပေါင်ခံပြီး ရယူထားသော ချေးငွေအတွက် ပေးရသည့်ဘဏ်တိုး၊ အိမ်ရာ အဆောက်အဦကို ထိန်းသိမ်းရသည့် စရိတ်များကို ကာမိခြင်းမရှိအောင် နည်းပါးနေသည့် ငှားရမ်းခဝင်ငွေကိုသာ ရရှိခဲ့သည်။ သို့ဖြစ်ရာ ငွေစီးဆင်းခြင်းသည် အနုတ်ပြနေသည်။ အပေါင်းပြသော ငွေစီးဆင်းခြင်း မဟုတ်ချေ။ အငြိမ်းစားအစီအစဉ် အားလုံးနီးပါးတို့သည် အနာဂတ်အတွက် မျှော်လင့်ချက်နှင့် ကတိများအပေါ် အခြေခံထားသည်။ ထိုသို့ပြု ခြင်းသည် ကျွန်ုပ်အဖို့ အဓိပ္ပာယ်အနည်းငယ်သာ ရှိသည်။ သို့တိုင်အောင် သန်းချီသောဦးရေရှိသည့် ရင်းနှီးမြှုပ်နှံသူတို့သည် သူတို့၏ ပိုက်ဆံဂိမ်းတွင် စတုတ္ထလေးပိုင်းစိတ်ရောက်သည့်အခါ ပိုက်ဆံများ ရှိနေလိမ့်မည်ဟု မျှော်လင့်ထားကြသည်။

သူဌေးဖေဖေက ခနဲ့တဲ့တဲ့ဖြင့် ရယ်ရင်း ပြောလေ့ရှိသည်မှာ "မင်းရဲ့ ပိုက်ဆံတွေ ဆုံးရှုံးစေတဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုကို တွေ့ဖို့ ငွေရေးကြေးရေး ဉာဏ်ရည် များများစားစား

မလိုဘူး။ အဲဒီလို ဘယ်လိုလုပ်ရမယ်ဆိုတာကို ပြောပြမယ့် ကျွမ်းကျင်သူတွေ ဈေးကွက်ထဲမှာ ပြည့်နက်နေတယ်။ မင်း လုပ်ဖို့ လိုအပ်တာဆိုလို့ မင်းရဲ့ ပိုက်ဆံတွေကို သူတို့လက်ထဲ ထည့်ပေးလိုက်ရုံပဲ"

သူဌေးဖေဖေက ပြောလေ့ရှိသည်မှာ "ပိုက်ဆံ ဆုံးရှုံးသွားမယ့် ရင်းနှီးမြှုပ်နှံမှုမျိုးကို လူတိုင်း ရှာတွေ့နိုင်ပါတယ်။ ငွေရေးကြေးရေးကျွမ်းကျင်သူလို့ ပြောကြတဲ့သူတွေကို လူတွေက ဘာလို့ အခကြေးငွေ ပေးပြီး အဲဒီလို ဆုံးရှုံးမယ်ဟာမျိုးကို လုပ်ခိုင်းရတာလဲဆိုတာ ငါ ဉာဏ်မမီဘူး"

တကယ့်မေးခွန်းမှာ ယုံလွယ်သူများ အဘယ်ကြောင့် များပြားနေရသနည်း။ ထို့အတွက် အဖြေအများအပြား ရှိနေရာ၌ အဖြေတစ်ခုမှာ သူတို့သည် ယခုနေ့တွင် ငွေစီးဆင်းခြင်းကို မရှာဖွေနိုင်ကြသဖြင့် သူတို့သည် မနက်ဖြန်၌ ငွေလုံးငွေရင်း တိုးမည်ဟူသော မျှော်လင့်ချက်ဖြင့် ရင်းနှီးမြှုပ်နှံကြခြင်း ဖြစ်သည်။ ထို့အပြင် သူတို့သည် ငွေပြန်အမ်းရန် အာမခံချက်မရှိဘဲ ရင်းနှီးမြှုပ်နှံမှု ပြုကြသည်။

## အလုံးအရင်းဖြင့် လှည့်ဖျားပြီး ညာရောင်းသည့်အလုပ်

မေးခွန်းမှာ သန်းချီသော ဦးရေရှိသည့် လူအများတို့သည် လစဉ် ငွေဆုံးရှုံးမည့် စိတ်ကူးကို နှစ်အတန်ကြာသည်အထိ လုပ်ကိုင်ဖို့ မည်သို့ မည်ပုံ ဆုံးဖြတ်ကြသနည်း။ ငွေပြန်အမ်းမည့် အာမခံချက်လည်း မရှိ။ လျော်ကြေးရမည့် အာမခံလည်း မရှိ။ အဖြစ်ဆိုးကြုံရလျှင် ဆုံးရှုံးဖို့သာ ရှိပါလျက် လိမ္မာပါးနပ်သည့် ရင်းနှီးမြှုပ်နှံမှုဟု သူတို့ မည်သို့ အဆုံး အဖြတ်ပြုကြသနည်း။ ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးသော လူထုအား ရောင်းချမှုတစ်ရပ် ဖြစ်သည်။ ထိုသို့ ဖြစ်ပွားရသည်မှာ ပြောတိုင်းယုံသောလူဦးရေတစ်ရပ် ရှိနေသောကြောင့် ဖြစ်သည်။ အကယ်စင်စစ် အရောင်းသမားအလုပ်ထက် လွန်ကျူးသည့် လှည့်ဖျားပြီး ညာရောင်းသောအလုပ်တစ်မျိုး ဖြစ်သည်။

ယခုအခါ ညာရောင်းခြင်းသည် ကျောင်းများတွင် ငွေရေးကြေးရေး သွန်သင်မှုအစီအစဉ်များအဖြစ် အမေရိက၌ စတင်သင်ပြပေးနေပြီ ဖြစ်သည်။ ကလေးများကို မည်သို့ အကြွေးဝယ်ကတ်ကို သုံးရမည်၊ ချက်လက်မှတ်စာအုပ်ကို မည်သို့ ချိန်ညှိရမည်၊ စတော့များကို မည်သို့ ဝယ်ရမည်တို့ကို သင်ပြပေးသည်။ စတော့ဈေးကွက်သည် အလုပ်ကြိုးစား သည်။ လူငယ်လူရွယ်များကို သင်ပြသည့် ပညာရေးစနစ်ထဲတွင်ဝင်ပါပြီး နောင်တစ်ချိန်တွင် စတော့ဝယ်ယူသူများ ဖြစ်လာအောင် သွန်သင်ပေး လျက်ရှိသည်။



လူငယ်လူရွယ်များကို ငွေလုံးငွေရင်း တိုးရန် ရည်ရွယ်သော လောင်းကြေးထပ်ခြင်းကို ပြုကြဖို့ သွန်သင်ပေးလျက်ရှိသည်။ ငွေစီးဆင်းမှုအတွက် ရင်းနှီးမြှုပ်နှံသော ရင်းနှီးမြှုပ်နှံသူ ဖြစ်လာအောင်သွန်သင်ခြင်း မပြုချေ။

## အဘယ်ကြောင့် လူများ ငွေဆုံးရှုံးကြသနည်း

ကျွန်ုပ်၏ ထင်မြင်ချက်မှာ အဓိကကျသည့် အကြောင်းရင်းသည် လူအများတို့က ယနေ့အတွက် မဟုတ်ဘဲ မနက်ဖြန်အတွက် ရင်းနှီးမြှုပ်နှံကြသောကြောင့် ဖြစ်သည်။ သူတို့ကို ယနေ့ ငွေပြန်ပေးမည့် ရင်းနှီး မြှုပ်နှံမှုမျိုးကို မရှာနိုင်ကြခြင်း၊ မတတ်နိုင်ကြခြင်းတို့ကြောင့် ယခုလို မနက်ဖြန်အတွက် ရင်းနှီးမြှုပ်နှံမှုမျိုးကိုသာ သူတို့ ပြုကြခြင်း ဖြစ်သည်။ သူတို့သည် များသောအားဖြင့် မနက်ဖြန်ကို ယုံကြည်အားကိုးကြသည်။ သို့ဖြစ်ရာ ငွေလုံးငွေရင်းတိုးရန် ဦးတည်သော လောင်းကစားသမားနှယ် ဖြစ်နေသည့် ရင်းနှီးမြှုပ်နှံမှုမျိုးကို သူတို့ ပြုကြသည်။ ထို့ကြောင့်လူအများ အပြားတို့ ငွေဆုံးရှုံးကြရသည်။ သူတို့က ငွေဆုံးရှုံးဖို့ စိတ်ပါလက်ပါဖြင့် ဆောင်ရွက်ကြသည်။ မနက်ဖြန်အတွက် မျှော်လင့်ချက်နှင့် ကတိများဖြင့် သူတို့သည် လစဉ် ငွေအနည်းငယ် အဆုံးခံနေကြသည်။ မနက်ဖြန်တွင် သူတို့၏ သင်္ဘောဆိုက်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။ ထိုသူတို့သည် ငွေစီးဆင်းမှု ရင်းနှီးမြှုပ်နှံခြင်းနှင့် ငွေလုံးငွေရင်း တိုးရန် ရင်းနှီး မြှုပ်နှံခြင်းတို့အကြား ကွာခြားမှုကို မသိကြသောသူများ ဖြစ်ကြပြီး သူတို့သည် ငွေရေးကြေးရေး မှဆိုးသားရဲတို့၏ သားကောင်များအဖြစ်သို့ ရောက်ရှိကြသည်။

## ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံရန်အတွက် ဘာလုပ်သနည်း

သူဌေးဖေဖေက ပြောသည်မှာ "ရင်းနှီးမြှုပ်နှံသူဟာ ယနေ့နဲ့ မနက်ဖြန်ကို အဓိပ္ပာယ်ရှိအောင် လုပ်ရမယ်" မည်သည့် ရင်းနှီးမြှုပ်နှံမှုသည် စတော့များ၊ ငွေချေးစာချုပ်များ၊ ပေါင်းစုရန်ပုံငွေများ၊ အိမ်ခြံမြေ၊ စီးပွား ရှာလုပ်ငန်းတို့၌ မည်သည်က အကောင်းဆုံး ဖြစ်မည်ကို စူးစိုက်ခြင်းအစား ရင်းနှီးမြှုပ်နှံမှုတွင် စဉ်းစားရမည့် အချက်များမှာ –

၁။ ငွေစီးဆင်းခြင်း

၂။ အခွန် အားသာချက်များ

၃။ ငွေလုံးငွေရင်း တိုးခြင်းများ

တို့ဖြစ်သည်ဟု သူဌေးဖေဖေက သူ့သားနှင့် ကျွန်ုပ်တို့ကို သွန်သင်ခဲ့သည်။

အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် သူဌေးဖေဖေ၏ ပုံသေနည်းကို ကြည့်ရှုရမည်။ သူ့ပုံသေနည်းသည် ပုံမှန် စီးဝင်သော ငွေစီးဆင်းမှုအတွက် အကောင်းဆုံးဖြစ်သည်။ အခွန်အားသာချက်များ အကန့် အသတ်ဖြင့်သာ ရရှိသည်။ ဤအခွန်အားသာချက်များသည်လည်း ငွေစီးဝင်ခြင်း ပုံစံတစ်မျိုး ဖြစ်သည်။ သူဌေးဖေဖေအဖို့ ငွေလုံးငွေရင်း တိုးများခြင်းများသည် အရေးမကြီးချေ။ သူ၏ အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု ပုံသေနည်းသည် ငွေလုံးငွေရင်း တိုးများခြင်းများ မပါဘဲ ကောင်းကောင်းအလုပ်ဖြစ်သည်။

သူဌေးဖေဖေသည် သူ၏ငွေ ပြန်အမ်းမည့် အာမခံချက်ရှိနေသည်မှာ သေချာအောင် လုပ်သည်။ သူ့အဖို့ ငွေလုံးငွေရင်း တိုးများခြင်းများသည် အဆစ်ရသည့်ငွေ ဖြစ်သည်။ ထို့ကြောင့်လည်း ဦးစားပေးစာရင်းတွင် တတိယနေရာ၌ ရောက်ရှိနေရခြင်း ဖြစ်သည်။ ကံမကောင်းအကြောင်းမလှ ဖြစ်နေသည်မှာ လူအများစုတို့သည် ငွေလုံးငွေရင်းတိုးများမှုများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပထမဦးစားပေး ဖြစ်နေခြင်း ဖြစ်သည်။ သူတို့သိထားသမျှမှာ ဈေးကျနေချိန်ဝယ်ပြီး ဈေးတက်နေချိန်တွင် ပြန်ရောင်းထုတ်ရန် ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ကျင့်သုံးသော အခွန်ဥပဒေအရ ဝယ်ပြီး ပြန်ရောင်းသူများကို ရောင်းဝယ်ဖောက်ကားသူများဟု သတ်မှတ်ထားသည်။ ရင်းနှီးမြှုပ်နှံသူဟု မသတ်မှတ်ထားချေ။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူအတွက် ပေးထားသည့် အခွန်အားသာချက်များကို သူတို့ မရရှိကြချေ။






ငွေစီးဆင်းခြင်း လေးပိုင်းစိတ်ကို ကြည့်မည်ဆိုပါက ဝယ်ခြင်းနှင့် ရောင်းခြင်းကို ပြုကြသူများသည် အက်စ် လေးပိုင်းစိတ်တွင် အကျုံးဝင်ကြသည်။ အိုင် လေးပိုင်းစိတ်တွင် အကျုံးမဝင်ကြချေ။

အိမ်ခြံမြေတွင် ဈေးသက်သာစဉ် ဝယ်ထားပြီး ဈေးကောင်းရချိန်တွင် ပြန်ရောင်းကာ ငွေရှာကြသည်။ သူတို့၏ အဓိကစူးစိုက်မှုသည် ဈေး အမြင့်ရလျှင် ပြန်ရောင်းထုတ်ပစ်ရန် ဖြစ်ပြီး ငွေစီးဆင်းမှုကို ဦးတည်သော ရင်းနှီးမြှုပ်နှံမှုကို မပြုကြချေ။ သို့ဖြစ်ရာ ရောင်းဝယ်ဖောက်ကားသူများဟု သတ်မှတ်ခံရသည်။ ရင်းနှီးမြှုပ်နှံသူဟု သတ်မှတ်ခြင်း မခံရချေ။ ထိုအခါ ပေးဆောင်ရသည့်အခွန် ပမာဏသည် ရင်းနှီးမြှုပ်နှံသူအဖြစ်ဖြင့် ပေးရသည့် ပမာဏထက် ရောင်းဝယ်ဖောက်ကားသူအဖြစ်ဖြင့် ပေးရသည့် ပမာဏက ပိုများနေသည်။ ထို့အပြင် ကိုယ့်ကိုယ်ကိုယ် အလုပ်ခန့်ထားသော စီးပွားရေးသမားအဖြစ်ဖြင့်လည်း သတ်မှတ်ခံရပြန်ပေရာ သာမန် ဝင်ငွေခွန် သတ်မှတ်ချက်အရ အခွန်ပေးဆောင်ရပေသေးသည်။

အိမ်ခြံမြေဝယ်ရောင်းသမားများကို ကျွန်ုပ် ပြောဆိုသည့်အခါ ထိုသို့သော အခွန်များ ပေးဆောင်ရခြင်း မရှိကြောင်း သူတို့က ပြောပြကြသည်။ ဤသည်မှာ အရွယ်အစား သေးငယ်နေချိန်တွင် မှန်ကန်သည်။ သို့သော် အောင်မြင်မှု ကြီးမားလာသည့်အခါ ပမာဏ ကြီးမားလာမည်ဖြစ်ပြီး အိမ်ခြံမြေ ဝယ်ရောင်း လုပ်ကိုင်ခြင်းထံမှ ငွေအမြောက်အမြားကို ရရှိမည်။ ထိုအခါ၌ အခွန်ရုံးမှ အခွန်ကောက်ရန် အိမ်သို့ ရောက်လာလိမ့်မည်။

## ကြွေးသိမ်း အိမ်ရာကို ဝယ်ယူခြင်း

အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံသူများနှင့် ကျွန်ုပ် ပြောဆိုနေစဉ် ကျွန်ုပ်က ဝယ်ရောင်းလုပ်ကိုင်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့အကြား ကွာခြားချက်ကို ပြောပြသည်။ လူငယ်တစ်ဦးက မေးမြန်းသည်။ "အကြွေးမဆပ်နိုင်လို့ အပေါင်ခံထားတဲ့ အိမ်ကို သိမ်းထားတာ ကျွန်တော် ဝယ်ထားတယ်။ အဲဒါဆိုရင် ကျွန်တော်က ဝယ်ရောင်းလုပ်ကိုင်သူလား။ ရင်းနှီးမြှုပ်နှံသူလား"

ကျွန်ုပ်က ပြန်လည်ဖြေကြားသည်။ "ခင်ဗျားက ကျွန်တော့်ကို ငွေရေး ကြေးရေး လုပ်ငန်းစဉ်ကို မေးမြန်းနေတာ ဖြစ်နေတယ်။ ကျွန်တော် ပြောပြနေတာက ခင်ဗျားရဲ့ ထွက်လမ်း၊ ပြီးတော့ ကြွေးသိမ်းအိမ်ရာကို ခင်ဗျား သုံးစွဲပုံတို့ကို ပြောဆိုနေတာ ဖြစ်ပါတယ်။ တကယ်လို့ ခင်ဗျားက ကြွေးသိမ်းထားတဲ့ အိမ်ရာကို ဝယ်လိုက်ပြီး ငှားရမ်းထားတာကြောင့် ငွေသားစီးဆင်းမှု ရရှိနေတယ်ဆိုရင် ခင်ဗျားဟာရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်မယ်။ တကယ်လို့ ခင်ဗျားက ကြွေးသိမ်းအိမ်ရာကို ဈေးအနိမ့်နဲ့ ဝယ်လိုက်ပြီး

အမြတ်ငွေ မြန်မြန်ရဖို့ ဈေးအမြင့်ဖြင့် ပြန်ရောင်း ထုတ်လိုက်တယ်ဆိုရင်တော့ ခင်ဗျားက ငွေလုံးငွေရင်းတိုးများဖို့အတွက် ရင်းနှီးမြှုပ်နှံသူ ဖြစ်မယ်။ ဒီတော့ ခင်ဗျားကို အက်စ်လေးပိုင်းစိတ်မှာ ရောင်းဝယ်သူအဖြစ် ထည့်သွင်းရလိမ့်မယ်"

နောက်တစ်ဦးက မေးမြန်းသည်။ "ဈေးငွေနဲ့ ဝယ်တဲ့ ရင်းနှီးမြှုပ်နှံမှုဆိုရင် ဘယ်လိုလဲ။ အိမ်ရာကို ဝယ်တာအတွက် ကိုယ်ပိုင်ငွေ မပေးဘဲ ဝယ်တာဖြစ်လို့ ရင်းနှီးမြှုပ်နှံသူ ဖြစ်မှာလား"

ကျွန်ုပ်က ယခင်အတိုင်း ပြန်ဖြေကြားလိုက်သည်။ "ငွေရေးကြေးရေး လုပ်ငန်းစဉ်ကို ပြောပြနေတာ မဟုတ်ပါဘူး။ ထွက်လမ်းကို ပြောနေတာပါ။ ခင်ဗျားက ဈေးအမြင့်ဖြင့် ပြန်ရောင်းထုတ်တဲ့နည်းဖြင့် ထွက်လိုက်တယ်ဆိုရင် ခင်ဗျားက ဝယ်ရောင်းသမား ဖြစ်မယ်။ ဝယ်ပြီးတဲ့အခါ ငှားရမ်းခြင်း ပြုထားပြီး ဆက်ကိုင်ထားမယ်ဆိုရင် ရင်းနှီးမြှုပ်နှံသူ ဖြစ်မယ်။ ခင်ဗျားက ရေတိုလား။ ရေရှည်လား။ အဲဒါက အကြောင်းကိစ္စဖြစ်ပါတယ်"

စတော့ဈေးကွက် အတက်အကျများကို အသာထိုင်ပြီး စောင့်ကြည့်နေသူများ အများအပြား ရှိသည်။ ဈေးတက်သွားသည့်အခါ သူတို့ ဝမ်းသာကြသည်။ ဈေးကျသွားသည့်အခါ သူတို့ စိတ်ပျက်ကြသည်။ သူတို့သည် ငွေလုံးငွေရင်း တိုးပွားရန်အတွက် ယေဘုယျအားဖြင့် ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံကြသည်။ သူတို့ကို အဟုန်ပေးသော ရင်းနှီးမြှုပ်နှံသူများဟု ခေါ်ဝေါ်ကြသည်။ စတော့ဈေးနှုန်း တက်ရိပ်ပြလျှင် သူတို့ ဝယ်ကြပြီး ကျရိပ်ပြ လျှင် လက်ထဲရှိသည့် စတော့များကို ရောင်းထုတ်ပစ်သည်။ သို့ဖြစ်ရာ သူတို့ကြောင့် ဝယ်လိုအားရောင်းလိုအား အတက်အကျများ ဖြစ်နေပြီး ဈေးအတက်အကျကို တွန်းပို့ပေးသည့် အဟုန် ဖြစ်ပေါ်စေသည်။ ထိုသို့ အဟုန်ဖြစ်ပေါ်စေသည့် ရင်းနှီးမြှုပ်နှံမှုဒဿနကြောင့် တန်ဖိုးရှိပိုင်ဆိုင်မှု စာရွက်စာတမ်းများ ဈေးနှုန်း မတည်မငြိမ်ဖြစ်နေပြီး ရင်းနှီးမြှုပ်နှံသူ အငယ်စားများအတွက် ဆုံးရှုံးမည့်အရေးကို စွန့်စားရစေသည်။

"ကျွန်မရဲ့ အိမ်က တန်ဖိုးတက်သွားတယ်။ ကျွန်မ ဝယ်ခဲ့တုန်းက ဈေးထက် ပိုများသွားပြီ။ ဒီတော့ ကျွန်မရဲ့ ပိုင်ဆိုင်မှုမှာ ငွေတန်ဖိုး ပိုများသွားပြီ" ဟု တစ်စုံတစ်ယောက်က ပြောဆိုသည်ကို ကျွန်ုပ် ကြားရသည့်အခါ ထိုသူသည် ငွေလုံးငွေရင်း တိုးများခြင်းအတွက် ရင်းနှီးမြှုပ်နှံသူဟု ကျွန်ုပ် သိလိုက်သည်။

သင်သည် အစွမ်းထက်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လိုပါက မည်သည့် အတန်းအစားကို ရင်းနှီးမြှုပ်နှံသည် ဖြစ်သော်လည်း သင်သည် ရင်းနှီးမြှုပ်နှံမှုကို



စီးပွားရေးသမားတစ်ဦး၏ မျက်လုံးများမှတစ်ဆင့် ကြည့်ရမည်။ စီးပွားရေးသမားသည် ငွေစီးဆင်းခြင်း၊ အခွန်အားသာချက်များကြောင့် ဖြစ်ပေါ်သည့် ငွေစီးဆင်းခြင်းများကို သိထားပြီး သူ့အဖို့ ၎င်း ငွေစီးဆင်းခြင်းများသည် ငွေလုံးငွေရင်း တိုးများခြင်းများထက် ပိုအရေးကြီးသည်။

## ကြီးမားသော အရှုံးသမားများမှာ မည်သူတို့ ဖြစ်ပါသနည်း

ဤအခန်းတွင် တင်ပြသည့်အချက်များမှာ လူအများတို့က ရင်းနှီး မြှုပ်နှံခြင်းသည် ဆုံးရှုံးမည့်အရေးများ ရှိနေသည်ဟု အဘယ်ကြောင့် ထင်မြင်ကြရသနည်းနှင့် စတော့ဈေးကွက်ထဲတွင် သန်းချီသောဦးရေရှိသည့် လူအများတို့သည် ထရီလီယံချီသော ကန်ဒေါ်လာများ အဘယ်ကြောင့် စတော့ဈေးကွက်ထဲ၌ ဆုံးရှုံးကုန်ကြရသနည်းဆိုသည်တို့ ဖြစ်သည်။ ဆိုးဝါးသော အကြံပေးချက်နှင့် ငွေရေးကြေးရေးဆိုင်ရာ အခြေခံ ပညာရေး မရှိခြင်းတို့အပြင် နောက်ထပ် အကြောင်းတရားတစ်ခုမှာ လူအများတို့သည် ငွေလုံးငွေရင်း တိုးပွားစေရန်အတွက် ရင်းနှီးမြှုပ်နှံကြသောကြောင့် ဖြစ်သည်။

ဤအချက်သည် ကျကျနန စီမံလုပ်ကိုင်လျက်ရှိသော ပေါင်းစုရန်ပုံငွေများအတွက်လည်း မှန်ကန်နေသည်။ ပေါင်းစုရန်ပုံငွေ မန်နေဂျာအများစုတို့သည် ဈေးနိမ့်ချိန်မှာ ဝယ်ယူပြီး ဈေးတက်လျှင် ရောင်းထုတ် ပစ်သည့်ပုံစံဖြင့် စတော့များကို ရောင်းဝယ်ပြီး ငွေအမြန်ရှာပေးဖို့ ဖိအားအောက်တွင် လုပ်ကိုင်နေကြရသည်ကို ကျွန်ုပ်တွေ့ ရှိရသည်။ သူတို့ လုပ်ကိုင်သမျှတို့သည် ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံပေးကြသော်လည်း သူတို့ ကိုယ်တိုင်သည် ၎င်းအကြံပေးချက်ကို လိုက်နာခြင်း မရှိကြချေ။ အဘယ်ကြောင့်နည်း။ သူတို့သည် ငွေလုံးငွေရင်း တိုးပွားရေးအတွက် ရင်းနှီးမြှုပ်နှံကြသောကြောင့် ဖြစ်သည်။

စစ်မှန်သော ရင်းနှီးမြှုပ်နှံသူသည် ငွေစီးဆင်းမှုအတွက် ရင်းနှီးမြှုပ်နှံသည်။ အဘယ်ကြောင့်နည်း။ သူတို့သည် မျှော်လင့်ချက်ကို မယုံကြည်ကြသောကြောင့် ဖြစ်သည်။ သူတို့သည် အခွန်ဥပဒေနှင့် ဘဏ်သမားတို့ ယုံကြည်ကြသည့်အတိုင်း အတူတူယုံကြည်ကြသည်။ သူတို့သည် ငွေပြန်အမ်း အာမခံချက်ကို ယုံကြည်ကြသည်။

## သင်ခန်းစာ

အာမခံချက်ထက် မျှော်လင့်ချက်တွင် လူအများတို့ ရင်းနှီးမြှုပ်နှံကြရသည့် အကြောင်းအချက်တစ်ချက်မှာ ယနေ့တွင် သူတို့ကို ငွေပေးမည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုကို

သူတို့ မတွေ့နိုင်ကြသောကြောင့် ဖြစ်သည်။ နောက်ထပ် အခြားအကြောင်းရင်းများ ရှိနေပြီး ၎င်းတို့ကို ဤစာအုပ်တွင် ဖော်ပြပေးထားပါသည်။

လာမည့်အခန်းတွင် ယနေ့ ငွေပေးသည့် ရင်းနှီးမြှုပ်နှံမှုမျိုးများကို ရင်းနှီးမြှုပ်နှံသူတို့၏ ရှာဖွေပုံအချို့ကို တင်ပြပေးထားသည်။ ပုံမှန်စီးပွားရှာခြင်းထံမှ ငွေစီးဆင်းမှု သင့်ကိုပေးသည့် စီးပွားရေး လုပ်ငန်းကောင်း တစ်ခုကို သင် ရှာဖွေတွေ့ရှိသည့်အခါ ၎င်းကို ဆက်ကိုင်ထားလိုက်ပါ။ ဝါရင် ဘတ်ဖ်ဖစ်တ်က ပြောသည်။ "ကျွန်တော်တို့ စီးပွားရှာလုပ်ငန်းကို ဝယ်ရတာ ကြိုက်တယ်။ ရောင်းရတာကို မကြိုက်ဘူး။ ပြီးတော့ တစ်သက် တာလုံး ဆက်လက်ပတ်သက်နေမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားတယ်"

**ပညာရှင်များကို တိုင်ပင်ပါ**

သင်ယုံထားသော ပညာရှင်များနှင့် အရင်ဆုံး တိုင်ပင်ပါ။ ငွေစာရင်းကိုင်များ၊ ဥပဒေပညာရှင်များ စသည်တို့နှင့် တိုင်ပင်ပြီး ကျွန်ုပ် တင်ပြထားသည့်အချက်များကို ရှင်းလင်းပြတ်သားစွာ သိအောင် လုပ်ပါ။

**သင့်စိတ်၏ စွမ်းပကား**

ကျွန်ုပ် သတိပေးလိုသည်မှာ သင့်စိတ်၏ စွမ်းပကားကို သတိထားဖို့ ဖြစ်သည်။ "ငါ မလုပ်နိုင်ဘူး" "ဖြစ်လာမှာ မဟုတ်ဘူး" "ငါလုပ်လို့ မရနိုင်ဘူး" စသည့်စကားများကို ပြောဆိုခြင်းမှ ဆင်ခြင်ပါ။ ထိုသို့သော စကားများကို ပြောဆိုကြသူများသည် သူတို့ ကိုယ်တိုင် လုပ်ကိုင်၍ မဖြစ်နိုင်ဟု ယူဆကြပြီး သူစိမ်းများ၏ လက်ထဲသို့ သူတို့၏ ပိုက်ဆံများကို အပ်နှံထားကြသည်။ သို့ဖြစ်ရာ သူတို့ မျှော်မှန်းထားသည့်အတိုင်းငွေပြန် ရခြင်း မရှိကြချေ။ အမြဲ သတိရနေရမည်မှာ ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ သည် ငွေပြန်အမ်း အာမခံချက်ကို မပေးခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မိမိ၏ငွေများ ပြန်လာဖို့အတွက် မိမိဘာသာ ကိုယ့်ကိုယ်ကိုယ် အာမခံချက်ပေးနိုင်အောင် လုပ်ကိုင် ထားရမည် ဖြစ်သည်။

အခန်း (၁၃)

# ရင်းနှီးမြှုပ်နှံခြင်း အကောင်းစားကို မည်သို့ရှာဖွေမည်နည်း

အခြားသူများ လောဘတက်နေလျှင် ကြောက်ပါ။ အခြားသူများ ကြောက်နေကြလျှင် လောဘတက်ပါ။

*ဝါရင် ဘတ်ဖ်ဖစ်တ်*

**လင်မင်ကြွက်၏ ရှင်သန်ခြင်းနှင့် သေဆုံးခြင်း**

ကျွန်ုပ် မူလတန်းကျောင်း တက်နေစဉ် ကျွန်ုပ်၏ ဆရာမက အတန်းကို လင်မင် ကြွက်တို့၏ ဘဝစက်ဝန်းအကြောင်း ရုပ်ရှင်ကို ပြသသည်။ အတန်းထဲမှာ ရှိနေကြသူ တို့သည် လင်မင်မိခင် လင်မင်ကလေးပေါက်စ မွေးဖွားသည်ကို စိတ်လှုပ်ရှားစွာဖြင့် ကြည့်ရှုကြသည်။ ကြွက်ငယ် ဆော့ကစားခြင်း၊ ပြုစုခြင်း၊ ကြီးထွားခြင်းတို့ကို ကြည့်ရ သောအခါ ကျွန်ုပ်တို့ သဘောကျကြသဖြင့် ရယ်မောမိကြသည်။ ထိုစဉ် အတန်းဖော်များနှင့် အတူ ကျွန်ုပ်သည် လင်မင်ကြွက်များ ထောင်ချီသော အရေအတွက်ဖြင့် ကြီးပြင်းနေပြီကို တွေ့ရသည့်အခါ သက်ပြင်းချမိကြသည်။ အကြောင်းမှာ ထောင်ချီသော လင်မင်ကြွက် တို့သည် ကျောက်ဆောင်ထိပ်မှ ပင်လယ်ထဲသို့ ခုန်ချကြပြီး ကမ်းမှ ဝေးရာဆီသို့ ကူးခတ်ကြရင်း သေဆုံးသွားကြ သည်ကို ကြည့်ရှုရသောကြောင့် ဖြစ်သည်။

သန်းချီသောဦးရေရှိသည့် ရင်းနှီးမြှုပ်နှံသူများသည်လည်း လင်မင်များနည်းတူ

ပြုမူကြသည်။ သို့သော် သူတို့၏ အသက်ဆုံးရှုံးခြင်းအစား သူတို့၏ တစ်သက်တာ စုဆောင်းမှု ဆုံးရှုံးကြသည်။ ဤသို့ အဘယ်ကြောင့် ဖြစ်ပွားရသနည်း။ အကြောင်းတရားများ အများအပြားရှိနေသည်။ အကြောင်းတစ်ချက်မှာ ရင်းနှီးမြှုပ်နှံသူသည် လူအုပ်နောက်သို့ မျက်ကန်းသဖွယ် လိုက်ပါသောကြောင့် ဖြစ်သည်။ အမြတ်ရမည်ကို မလုပ်ကိုင်ဘဲ ရေပန်းစားနေသည်ကို လုပ်ကိုင်ကြသည်။ စတော့ဈေးကွက် အပူရှိန်တက်သောအခါ လင်မင်များသည် တွင်းဝမှာ ခေါင်းပြုထုတ်ကြခြင်း စတင်လိုက်ကြသည်။ သူတို့၏ မိတ်ဆွေများ ချမ်းသာသွားသည်ကို တွေ့ကြသည့်အခါ လက်လွှတ်မခံလိုကြသဖြင့် လုံခြုံစိတ်ချရသည့် တွင်းထဲမှ အပြင်သို့ ထွက်လိုက်ကြသည်။ အအုပ်အသင်းနှင့်အတူ လိုက်ပါကြသည်။ ကျောက်ဆောင်စွန်းမှ ပူလောင်နေသည့် စတော့ဈေးကွက်ထဲသို့ ခုန်ဆင်း လိုက်ကြသည်။

## ခုန်မဆင်းသည့် လင်မင်များ မည်သို့ ဖြစ်ပျက်ကြသနည်း

ကျောက်ဆောင်စွန်းမှ စတော့ဈေးကွက်ပင်လယ်ထဲသို့ လင်မင်များ အကုန်လုံး ခုန်ဆင်းကြခြင်း မဟုတ်ချေ။ စတော့ဈေးကွက် ကျဆင်းမည်၊ အတိုးနှုန်းများ ကျဆင်းမည်ကို သတိမူမိကြသောသူ အများအပြားတို့ သည် အိမ်ခြံမြေနှင့် ငွေချေးစာချုပ်များထဲသို့ ခုန်ဆင်းကြသည်။ ထိုအခါ ၌လည်း လင်မင်များနည်းတူ အများနည်းတူ လုပ်ကိုင်ကြသည်။

ထိုသို့ ပြုခြင်းသည် အဘယ်ကြောင့် မကောင်းရသနည်း။ ယခုအခါ လူတိုင်းသည် အိမ်ခြံမြေနှင့် ငွေချေးစာချုပ်များတွင် ရင်းနှီးမြှုပ်နှံနေကြသည်။ ထိုအခါ လူအများတို့ ရှာဖွေနေကြသည့် စိတ်ချရသည့် ရင်းနှီး မြှုပ်နှံမှုကို မရရှိဘဲ ဆုံးရှုံးမည့်အရေး များပြားသည့် ရင်းနှီးမြှုပ်နှံမှုမျိုး ကိုသာ ရရှိကြသည်။ ငွေချေးစာချုပ်များ ဝယ်လိုအားမြင့်တက်လာသည့် အခါ ပေးသည့် အတိုးနှုန်းသည် လျော့ကျသွားသည်။ ထိုအခါ အမြတ်ရဖို့ထက် မရဖို့က ဖြစ်နိုင်ခြေ ပိုများသွားသည်။ အတိုးနှုန်းများ ကျဆင်းနေစဉ် ငွေချေးစာချုပ်များ ဝယ်ယူခြင်းသည် အကျိုးရှိမည် မဟုတ်ချေ။

အတိုးနှုန်းများ ကျဆင်းနေသည့်အခါ အိမ်ခြံမြေတွင် ဈေးနှုန်းများ ယေဘုယျအားဖြင့် မြင့်တက်သည်။ ထိုသို့ မြင့်တက်လာနေသည့်အတွက် ရင်းနှီးမြှုပ်နှံသူ အများအပြားတို့သည် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံကြသည်။ ထိုအခါ အိမ်ခြံမြေသည်လည်း ဆုံးရှုံးမည့်အရေး များပြားသည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်သွားသည်။



## ရင်းနှီးမြှုပ်နှံရန် အဆိုးဝါးဆုံးအချိန်

"တက္ကဆီယာဉ်မောင်းများနှင့် ရှူးဖိနပ်တိုက်တဲ့ချာတိတ်တွေ ရင်းနှီး မြှုပ်နှံနေကြပြီဆိုရင် ဈေးကွက်ထဲက ထွက်ဖို့ အချိန်ရောက်ပြီ" ဟူသော စကားတွင် အမှန်တရားအများအပြား ပါဝင်နေသည်ဟု သူ့ဒွေးဖေဖေက ပြောပြသည်။ "ရင်းနှီးမြှုပ်နှံဖို့ အဆိုးဝါးဆုံးအချိန်ဟာ ဈေးကွက်ကောင်းနေတဲ့ အချိန်အခါပဲ"

ဈေးကွက် မြင့်မားနေချိန်တွင် ညံ့ဖျင်းသည့် ရင်းနှီးမြှုပ်နှံမှုများကို အကုန်လုံး ထုတ်ရောင်းပစ်ရမည်ဟု သူက သူ့သားနှင့် ကျွန်ုပ်တို့ကို သွန်သင်သည်။ "မင်းရဲ့ ရင်းနှီးမြှုပ်နှံမှု အစုစုထဲမှာ စွမ်းဆောင်မှု မရှိတဲ့ဟာတွေကို ရှင်းထုတ်ပစ်ဖို့ အကောင်းဆုံးအချိန်ပဲ။ ဈေးကွက်ကောင်း နေစဉ်မှာ အပျော်တမ်းသမားတွေက ဈေးကွက်ထဲမှာ လိုက်ဝယ်နေကြတယ်" ဟု သူက ရှင်းပြသည်။ ၂၀၀၀ နှင့် ၂၀၀၃ ခုနှစ်အတွင်း အတိုးနှုန်းများ ကျဆင်းခဲ့ပြီး အိမ်ခြံမြေဈေးကွက် မြင့်တက်ခဲ့သည်။ ထိုကာလ၌ ကင်မ်နှင့် ကျွန်ုပ်တို့သည် မရှုံးရုံမျှသာ ဖြစ်နေသည့် အိမ်ရာများကို ရောင်းထုတ်ပစ်ခဲ့ကြသည်။ စတော့ဈေးကွက်ထဲမှ ထွက်ရန် အသည်းအသန်ဖြစ်နေပြီး အိမ်ခြံမြေဈေးကွက်ထဲ လိုက်ဝယ်နေသည့် ရင်းနှီးမြှုပ်နှံသူများထံ ကျွန်ုပ်တို့ ရောင်းချခဲ့ကြသည်။

ကျွန်ုပ်တို့က ၁၉၈၉ ခုနှစ်တွင် ကန်ဒေါ်လာ ၅၅,၀၀၀ ဖြင့် ဝယ်ယူခဲ့သော အိမ်ရာတစ်ခုကို ရောင်းချခဲ့ကြသည်။ ၎င်းအိမ်ရာကို ကျွန်ုပ်တို့က ကန်ဒေါ်လာ ၁၀၀၀,၀၀၀ ဖြင့် ၂၀၀၃ ခုနှစ်တွင် ရောင်းချခဲ့သည်။ ရောင်းချရသည့်အကြောင်းမှာ ငှားရမ်းခများ မြင့်တက်လာခြင်း မရှိသောကြောင့် ဖြစ်သည်။ ထိန်းသိမ်းစရိတ်ကို မကာမိသည့်အပြင် ကျွန်ုပ်တို့၏ အခြားအိမ်ရာပိုင်ဆိုင်မှုများနှင့် နှိုင်းယှဉ်ပါက တန်ဖိုးတက်ခြင်း နည်းပါးနေသည်။ ထို့အပြင် ကျွန်ုပ်တို့၏ အခြားရင်းနှီးမြှုပ်နှံမှုများနှင့် ယှဉ်ကြည့်ပါက ပမာဏ သေးငယ်လွန်းနေသည်။ ထိုအိမ်ရာကို နှစ်ပတ်အတွင်း ရောင်းချနိုင်ခဲ့သည်။ ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှု မဟုတ်သော်လည်း ၁၄ နှစ်တာတွင် အငှားမရှိသည့်အချိန်ကာလ အလွန်နည်းပါးပြီး လစဉ် ပျမ်းမျှအားဖြင့် ကန်ဒေါ်လာ ၁, ၀၀၀ ငှားရမ်းခ ရရှိခဲ့သည်။ ထိုအိမ်ရာတွင် ငှားရမ်းနေထိုင်သူတစ်ဦးသည် ခုနစ်နှစ်တိုင်တိုင် နေထိုင်ခဲ့သည်။

လအားဖြင့် ၁၆၈ လ၊ နှစ်အားဖြင့် ၁၄ နှစ် ကြာမြင့်ပြီးချိန်တွင် တွက်ချက်ကြည့်မည်ဆိုပါက

၁၆၈ လ × လစဉ်ငှားရမ်းခ ကန်ဒေါ်လာ ၁ ,၀၀၀

= အကြမ်းဝင်ငွေ ကန်ဒေါ်လာ ၁၆၈ ၀၀၀ ရရှိခဲ့သည်။

အိမ်ရာကို ငွေသားဖြင့် ပေးခဲ့ပြီး ချေးငွေရယူသုံးစွဲခဲ့ခြင်း မရှိသဖြင့် အတိုးပေးရခြင်း မရှိချေ။ သို့ဖြစ်ရာ ကုန်ကျစရိတ်မှာ နည်းပါးသည်။ သို့သော် ထိန်းသိမ်းရသည့် စရိတ်မှာ အိမ်အိုလာသည်နှင့်အမျှ ပိုမိုများ ပြားလာသည်။ ၁၄ နှစ်တာတွင် ၃၀၀ ရာခိုင်နှုန်း ပြန်ရခဲ့သော်လည်းမကာ မိချေ။ တွက်ချက်မှုအရ ဆိုလျှင် ၎င်းအိမ်ရာသည် ၅နှစ် ပြည့်ပြီးချိန်တွင် အရင်းကြေသွားပြီ ဖြစ်သည်။ ပြန်ရသောငွေကို အခြားရင်းနှီးမြှုပ်နှံမှု များတွင် ပြန်လည်သုံးစွဲခဲ့သည်။ သို့ဖြစ်ရာ ငါးနှစ်ကြာပြီးချိန်တွင် တစ်ပြားမှ မစိုက်ရဘဲ ဝင်ငွေရရှိနေခြင်း ဖြစ်သည်။

## ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ရှာဖွေခြင်း

အထက်၌ ဖော်ပြခဲ့သာ ဖြစ်ရပ်သည် သေးငယ်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုကို လေ့လာနေခြင်း မဟုတ်ချေ။ ပြောပြလိုသည့်အချက်မှာ ရင်းနှီးမြှုပ်နှံသူအချို့တို့သည် ရင်းနှီးမြှုပ်နှံမှု အကောင်းစားကို ရှာဖွေတွေ့ရှိကြ ပြီး ရင်းနှီးမြှုပ်နှံသူ အမားအပြားတို့မှာမူ တွေ့အောင် မရှာဖွေနိုင်ကြခြင်း ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူ အများအပြားတို့သည် ကောင်းသော ရင်းနှီးမြှုပ်နှံမှုကို မတွေ့ကြရသည့် အကြောင်းတစ်ချက်မှာ လင်မင်အကြောင်းရင် းခံကြောင့် ဖြစ်သည်။ အခြားရင်းနှီးမြှုပ်နှံသူများ ဝယ်ကြသည်ကို တွေ့သဖြင့် လိုက်ဝယ်သည့်အခါ လင်မင် အကြောင်းရင်းခံ ဖြစ်ပွားသည်။ ငွေရေးကြေးရေး ဆိုင်ရာပုံနှိပ်ထုတ်ဝေမှုများတွင် တွေ့ရမည်မှာ "ယခု နှစ်၏ နံပါတ်(၁) ပေါင်းစု ရန်ပုံငွေ" "ပြီးခဲ့သည့် ၅ နှစ်တာတွင် အမြတ်ပြန်ရခြင်း ၃၆ ရာခိုင်နှုန်း" အစရှိသည် ပြောကြားချက်များ ဖြစ်သည်။ ထိုသို့သော ကြော်ငြာများသည် လင်မင်များကို ဆွဲသွင်းသည်။ ယေဘုယျအားဖြင့် ပေါင်းစုရန်ပုံငွေသည် တကယ်ပင် နံပါတ်(၁)ဖြစ်သည် သို့မဟုတ် ၅နှစ်တာတွင် အမြတ် ၃၆ ရာခိုင်နှုန်း ရှိသည် ဆိုပါက များသောအားဖြင့် နိဂုံးချုပ်ခါနီးပြီ ဖြစ်သည်။ အိမ်ခြံမြေတွင်လည်း လင်မင်များ ဆွဲသွင်းခံရပုံမှာ အသိမိတ်ဆွေတစ်ဦးက အိမ်ရာတစ်ခုကို ကန်ဒေါ်လာ ၁၂၅,၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး သုံးလအကြာတွင် ကန်ဒေါ်လာ ၁၆၅,၀၀ ဖြင့် ရောင်းချလိုက်သည်ဆိုပါက အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှုကို လိုက်လုပ်တော့မည် ဖြစ်သည်။ သူဌေးဖေဖေက ပြောလေ့ရှိသည်မှာ "အောင်မြင်တဲ့ဇာတ်လမ်းတွေက လူညံ့တွေကို ဈေးကွက်ထဲ ခေါ်ဆောင် ပေးတယ်" ဟူ၍ ဖြစ်သည်။



## အတွေ့အကြုံထဲမှ ရရှိသော သင်ခန်းစာများ

ကျွန်ုပ် ငယ်စဉ်တုန်းက ကြည့်ခဲ့ရသော လင်မင်ကြွက် မှတ်တမ်းတင် ရုပ်ရှင်ကား ထဲမှ စိတ်အနှောက်အယှက်ဖြစ်ရသော အချက်သည် ကျွန်ုပ် စိတ်ထဲ စွဲထင်ကျန်ရစ်သည်။ စိတ်အနှောက်အယှက်ဖြစ်ရသည့်အချက်မှာ လင်မင်တို့သည် ပင်လယ်ထဲ ခုန်ဆင်း ကြသည်ကို တစ်နှစ်ပြီးတစ်နှစ် အကြိမ်ကြိမ် ဆက်လက်ပြုလုပ်နေကြခြင်း ဖြစ်သည်။

အလားတူအချက်ကို ရင်းနှီးမြှုပ်နှံမှုတွင်လည်း တွေ့ရသည်။ သူဌေး ဖေဖေက ပြောသည်။ "အခွင့်အလမ်းတွေက အကြိမ်ကြိမ် ပြန်ကျော့နေ တယ်။ ဘာလို့လဲဆိုတော့ လူအများတို့က မှားပြီးသားအမှားကိုပဲ ထပ်ခါ တလဲလဲ မှားနေကြတယ်"

သူက "အကောင်းစား ရင်းနှီးမြှုပ်နှံမှုတွေကို တွေ့ဖို့ နည်းလမ်း တစ်သွယ်က တော့ တခြားရင်းနှီးမြှုပ်နှံသူတွေ ပြုကြတဲ့ အမှားတွေအပေါ် ကျွမ်းကျင်သူတစ်ဦး ဖြစ်လာအောင် လုပ်တာပဲ"ဟု ပြောပြသည်။ အများသူငါတို့ ပြုနေကျ အမှားမှာ ဈေးကွက် အရှိန်တက်လာချိန်တွင် လင်မင်အကြောင်းရင်းခံကို လူအများတို့ ပြုလုပ်ကြခြင်း ဖြစ်သည်။ အကယ်စင်စစ် ဈေးကွက် အရှိန်တက်ပြီး လူသိများချိန်တွင် အခါနှောင်း နေပြီဖြစ်သည်။ သို့ဖြစ်ရာ ပညာသားပါသည့် စကားမှာ ဈေးကွက် အရှိန်တက်နေချိန်တွင် လင်မင် မဖြစ်မိအောင် သတိရပါ။ ထိုစကားသည် အဓိပ္ပာယ်ရှိသော်ငြားလည်း ကျောက် ဆောင်အစွန်းမှ လူတိုင်း ခုန်ချနေကြချိန်တွင် မိမိက လိုက်မလုပ်မိဖို့သည် များသော အားဖြင့် ခဲယဉ်းနေမည် ဖြစ်သည်။

လူအများတို့ ပြုမိကြသည့် အဓိကအမှားမှာ ရေပန်းစားနေသည့်ထံ၌ ရင်းနှီး မြှုပ်နှံမှုပြုသည့်အမှား ဖြစ်သည်။ ဝါရင်ဘတ်ဖ်ဖစ်ဖ်က ဆိုမိန့်ထားသည်မှာ "ရေပန်းစား တာကို ခင်ဗျား ဝယ်လိုက်ပြီး အလုပ်ဖြစ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး" ဟူ၍ ဖြစ်သည်။

## ရင်းနှီးမြှုပ်နှံမှု အကောင်းစားကို ရှာဖွေရန် နည်းလမ်း ခုနစ်သွယ်

သူဌေးဖေဖေက သူ့သားနှင့် ကျွန်ုပ်တို့ကို ရင်းနှီးမြှုပ်နှံမှု အကောင်းစားကို ရှာဖွေရန် နည်းလမ်းများကို သွန်သင်ခဲ့သည်မှာ ဘဏ္ဍာရေး ထုတ်ပြန်ကြေညာချက်များကို ဖတ်ရှုခြင်း၊ အလားအလာကို သဘောပေါက်ခြင်း၊ ကောင်းမွန်သော အကြံပေးများ ထားရှိခြင်း၊ အရေးအကြီး ဆုံးမှာ ရေပန်းစားသည့်ထံ၌ ရင်းနှီးမြှုပ်နှံမှု မပြုခြင်းတို့ကို လိုက်နာရမည်။ သူက ပြောပြသည်မှာ "မင်းတို့က အောင်မြင်တဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်ချင်တယ်ဆိုရင် တခြားသူတွေ ရှာမတွေ့တဲ့ ရင်းနှီးမြှုပ်နှံမှု အကောင်းစားတွေကို

ရှာတွေ့နိုင်စွမ်း ရှိဖို့လိုအပ်တယ်" ဟူ၍ ဖြစ်သည်။ လူအများတို့သည် သူစိမ်း၏ လက်ထဲသို့ သူတို့၏ ငွေများ အပ်နှံကာ ရင်းနှီးမြှုပ်နှံမှု ပြုကြရခြင်းအတွက် ကျွန်ုပ်၏ ထင်မြင်ယူဆချက် အကြောင်းတစ်ချက်မှာ သူတို့သည် ရင်းနှီးမြှုပ်နှံမှု အကောင်းစားကို မည်သို့ ရှာဖွေရမည်ဆိုသည်ကို မသိကြသောကြောင့် ဖြစ်သည်။ ကောင်းသော ဈေးကွက်များနှင့် ညံ့သော ဈေးကွက်များတွင် အကောင်းစား ရင်းနှီးမြှုပ်နှံမှု ရှာဖွေပုံ နည်းလမ်းခုနစ်သွယ်ကို ဖော်ပြအပ်ပါသည်။ ထိုနည်းလမ်းများတွင် အများစုသည် လင်မင် အဖြစ်သို့ မရောက်စေရန်ဟူသည့် အချက်အပေါ်တွင် အခြေခံထားပါသည်။

**နံပါတ်(၁)။ ကောင်းသော ရင်းနှီးမြှုပ်နှံမှုတစ်ခုရှာဖွေရန် နည်းလမ်း၊ လူအများတို့သည် လင်မင်များ ဖြစ်သည်ကို သတိရပါ။**

ရင်းနှီးမြှုပ်နှံမှုကို ရှာဖွေရာ၌ အရိုးရှင်းဆုံးနှင့် အကောင်းဆုံး နည်းလမ်းတစ်သွယ်မှာ အပျော်တမ်းသမားများ ဈေးကွက်ထဲ ဝင်ကြသည်ကို အသာစောင့်ကြည့်ရန် ဖြစ်သည်။ ယေဘုယျအားဖြင့် သူတို့သည် အခါနှောင်းမှ ဈေးကွက်ထဲ ဝင်လာလေ့ရှိသည်။ သူတို့သည် အအုပ်အသင်းဖြင့် ဝင်လာလေ့ ရှိသည်။ ရုတ်ရုတ်သဲသဲ ဖြစ်စေသည်။ ဈေးကွက်ထဲ ဝယ်လိုအား ထိုးတက်ပြီး ဈေးနှုန်းများ မြင့်တက်ကုန်သည်။ ထိုအခါ အပျော်တမ်းသမားတို့သည် ရင်းနှီးမြှုပ်နှံမှုအတွက် ဈေးကြီးပေးပြီး ဝယ်ယူကြ သည်။ ဈေးကွက်သည် အမြဲပျက်နေကျဖြစ်သည်။ ဈေးကွက်ပြိုလဲပြီးချိန်တွင် တကယ့်ရင်းနှီးမြှုပ်နှံသူများ ဈေးကွက်ထဲ ဝင်ပြီး အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုများကို သူတို့အဖို့ အကောင်းဆုံးဖြစ်သည့် ဈေးနှုန်းများဖြင့် ရှာဖွေရယူကြသည်။ ဤအချက်သည် တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားအားလုံးအတွက် မှန်ကန်သည့်အချက် ဖြစ်သည်။ စီးပွားရှာလုပ်ငန်းများ၊ တန်ဖိုးရှိပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများ၊ အိမ်ခြံမြေ၊ ကုန်စည် အကုန်လုံးအတွက် မှန်ကန်သည့်အချက် ဖြစ်သည်။ ဤအမှန်တရား မှန်ကန်နေခဲ့သည်မှာ သမိုင်းတစ်လျှောက်လုံး မှန်နေခဲ့ခြင်း ဖြစ်သည်။ နောက်နောင် အနာဂတ်လည်း မှန်နေဦးမည်ဖြစ်ကြောင်း ကျွန်ုပ် ပြောရဲပါသည်။

**ဘဝထဲမှ ရက်တစ်ရက်**

ကျွန်ုပ်က ရင်းနှီးမြှုပ်နှံမှုကို မည်သို့ ရှာဖွေသလဲဟု မကြာခဏ မေးမြန်းခံရသည်။ ကျွန်ုပ်၏ မျက်လုံးများနှင့် နားများကို ဈေးကွက်သို့ ဖွင့်ထားပြီး ရင်းနှီးမြှုပ်နှံမှုများ



ရှာဖွေပုံ နမူနာတစ်ခုကို တင်ပြအပ်ပါသည်။

ဈေးကွက်များ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ကျွန်ုပ်သည် နေ့တိုင်း အပျော်တမ်းရင်းနှီးမြှုပ်နှံသူများနှင့် ပြောဆိုရန် အချိန်ကို သုံးစွဲ သည်။ ပညာရှင်ပီသသည့် ရင်းနှီးမြှုပ်နှံသူများနှင့် ပြောဆိုရန်အတွက်လည်း အချိန်ကို သုံးစွဲသည်။ ထိုနည်းဖြင့် ဈေးကွက်အတွက် ကျွန်ုပ်၏ သွေးခုန်နှုန်းကို ရှိနေစေသည်။

ရက်တစ်ရက်၏ နံနက်ခင်း၌ ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ ရောက်လာပြီး သူမသည် အိမ်ခြံမြေတွင် စီးပွားဖြစ်သည့်အကြောင်း ပြောပြသည်။ သူမသည် အိမ်အငယ် သုံးလုံးကို ဝယ်ယူခဲ့သည်။ ထို့နောက် ပြန်ရောင်းထုတ်ခဲ့ရာ၌ စုစုပေါင်းအမြတ် ကန်ဒေါ်လာ ၉,၀၀၀ ရရှိသည်။ ထို့ကြောင့် ဝမ်းသာအားရ ဖြစ်နေသည်။ အလုပ်မှ ထွက်ပြီး အိမ်ခြံမြေ ဝယ်ရောင်းသမား လုပ်လိုသည်ဟု ပြောပြသည်။ သူမနှင့် ပြောဆိုပြီးနောက် အိမ်ခြံမြေဈေးကွက် ပူဖောင်းနေခြင်း ပေါက်ထွက်ခါနီးပြီဟု ကျွန်ုပ် အတည်ပြုလိုက်သည်။ ကျိုးကျတော့မည့်အမှတ်သို့ ဆိုက်ရောက်နေပြီ။ သို့ဖြစ်ရာ ကျွန်ုပ်သည် အထူးတလည် သတိထားပြီး လုပ်ကိုင်ဖို့ လိုအပ်သည်။ ဈေးကွက်တို့သည် လျင်မြန်စွာ မြင့်တက်နေပြီး အပျော်တမ်းလုပ်ကိုင်သူများသည် အမြတ်များကို လျင်မြန်စွာ ရရှိနေကြလျှင် ဈေးကွက် ထိပ်ဖျားသို့ ရောက်ခါနီးနေပြီ ဖြစ်သည်ဟု ကျွန်ုပ် ယူဆသည်။ အပျော်တမ်းလုပ်ကိုင်သူများ အလုပ်မှ စထွက်ကုန်ကြပြီဆိုလျှင်ဈေးကွက် ထိပ်ဖျားသို့ မလွှဲမသွေ ရောက်တော့မည်။

ထိုနေ့နံနက်ပိုင်း၌ပင် မိတ်ဆွေတစ်ဦးက စိန်ရောင်းလိုသဖြင့်ကျွန်ုပ်ထံ ဖုန်းဆက်သည်။ သူက ပြောသည်။ "ကျွန်တော့် စီးပွားရေးမှာ ပြဿနာတက်နေတယ်။ ရောင်းအားတွေ ကျနေတယ်။ ပေးစရာတွေလည်း ကျွန်တော့မှာ ရှိနေတယ်။ ကျွန်တော့်စိန်ကို ခင်ဗျား စိတ်ဝင်စားလား။ တကယ်လို့ စိန်ကို ခင်ဗျား ဝင်ပေးမယ်ဆိုရင် ကျွန်တော့် လုပ်ငန်းကို ခရစ်စမတ်အထိ တောင့်ခံထားလို့ ရသွားမယ်။ ခရစ်စမတ်ပြီးရင် အဲဒီစိန်ကို ကျွန်တော် ပြန်ဝယ်မယ်။ ခင်ဗျားကို ရောင်းတဲ့ဈေးထက် ၂၅ ရာခိုင်နှုန်း ဈေးပိုပေးပြီး ကျွန်တော် ဝယ်မယ်" ကျွန်ုပ်သည် ဖန်စနှင့် စိန်ကို ခွဲခြားတတ်သူ မဟုတ်သဖြင့် သူပေးသည့် အခွင့်အလမ်းကို မယူဘဲ နေလိုက်ရသည်။

နေ့လည်စာစားပြီးချိန်တွင် စင်ကာပူမှ ကျွန်ုပ်၏ အသိတစ်ဦးက အီးမေးလ် ပေးပို့သည်။ နယူးဇီလန်နိုင်ငံတွင် သူ ပိုင်ဆိုင်သည့် အိမ်ရာကို ကျွန်ုပ် ဝယ်ယူလိုပါသလားဟု မေးမြန်းထားသည်။ "ကျွန်တော့်ရဲ့ အိမ်ရာပိုင်ဆိုင်မှုကို တိုးချဲ့တာ အလွန်

အကျွံဖြစ်ကုန်တယ်။ ပြန်ပုံစံချပေမဲ့ ကုန်ကျစရိတ်က ကျွန်တော် ကြိုတင်ခန့်မှန်းထားတာထက် ပိုများနေတယ်။ ဒီတော့ ငွေပြတ်သွားတယ်။ အိမ်ပေါင်ပြီး ငွေချေးထားတာတွေကိုလည်း ပြန်ဆပ်နေရတယ်။ ဘဏ်က ဖိအား အပြင်းအထန် ပေးနေတယ်။ ကန်ဒေါ်လာ ၁၀၀,၀၀၀ မြန်မြန်ဆန်ဆန်ရဖို့ အရေးတကြီးလိုအပ်နေတယ်။ အဲဒါမှ ပုံစံပြန်ချနေတဲ့ဟာ အပြီးသတ်နိုင်ပြီး ပြန်ရောင်းထုတ်နိုင်မှာ ဖြစ်ပါတယ်။ နယူးဇီလန်မှာ ကျွန်တော် ပိုင်တဲ့ အိမ်ရာသုံးခု ရှိတယ်။ တန်ရာတန်ကြေးဖြင့် ခင်ဗျားကို ရောင်းပေးမယ်။ လောလောဆယ်မှာ ခင်ဗျားက ကျွန်တော့်ကို ကန်ဒေါ်လာ ၁၀၀,၀၀၀ အမြန်ပို့ပေးပါ" ဟု သူက ရေးသားထားသည်။

ကျွန်ုပ်က စာပြန်လိုက်သည်။ "ခင်ဗျားရဲ့ အိမ်ရာ သုံးခုက ဘယ်လို ဟာမျိုးတွေလဲ။ ဘယ်နေရာတွေမှာလဲ။ ဘယ်ဟာကို ခင်ဗျားက ရောင်း ချင်တာလဲ"

သူ့ထံမှ ပြန်စာ မရရှိချေ။ ဘဏ်မှာ ငွေပြန်တောင်းသည့် ဖိအား ကြောင့် ယခုလို သူ ငွေတောင်းခံခြင်းဖြစ်မည်ဟု ကျွန်ုပ် စဉ်းစားမိသည်။

ညစာစားပြီးချိန်တွင် ကျွန်ုပ်၏ဇနီး ကင်မ်က ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်နေသော အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦးထံမှ ဖုန်းကို လက်ခံဖြေ ကြားသည်။ "ဝယ်မယ့်သူ နောက်ဆုတ်သွားတယ်။ ဘဏ်ကလည်း သူ့ကို ငွေမချေးတော့ဘူး" ဟု သူက သတင်းပေးသည်။

ကင်မ်က "ဒါဆို ကိုးလ ကြာပြီးတဲ့နောက်မှာ အိမ်ကို ကျွန်မတို့ အပိုင်ရလိုက်ပြီပေါ့" ဟု ပြောသည်။

"ဟုတ်တယ်။ ငါတို့ နဂိုက ကမ်းလှမ်းထားတဲ့ ဈေးထက် ပိုသက်သာတဲ့ဈေးနဲ့ ရလိုက်တယ်"

"ကောင်းတယ်။ လုပ်စရာရှိတာတွေ ဆက်လုပ်လိုက်ပါ"

ထိုဖုန်းမလာခင် ၁၁ လအလို၌ ၎င်းအိမ်ရာကို ဝယ်ဖို့ သဘောတူထားကြသည်။ သို့သော် ကျွန်ုပ်တို့ကို မရောင်းဘဲ ကျွန်ုပ်တို့ထက် ဈေးပိုပေး သောသူထံ ရောင်းဖို့ သဘောတူလိုက်သည်။ ယခု ၎င်းဝယ်လက်သည် ငွေကြေးပြဿနာ တက်နေသဖြင့် မဝယ်နိုင်တော့ချေ။ အိမ်ကို ရောင်းမည်ဖြစ်သဖြင့် အိမ်ငှားများ ဖယ်ရှားထားသဖြင့် အိမ်ပိုင်ရှင်သည် အိမ်ထံမှ ဝင်ငွေ မရရှိချေ။ ငွေအသည်းအသန်လိုနေသဖြင့် အိမ်ကို ရောင်းဖို့လိုအပ် နေသည်။ သို့ဖြစ်ရာ နဂိုက ပြောဆိုထားသည့် ဈေးထက် ပိုနည်းသော ဈေးဖြင့် ကျွန်ုပ်တို့ကို ရောင်းချခဲ့ရ သည်။ သူသည် အိမ်ငှားခများလည်း လအတန်ကြာ



နစ်နာခဲ့သည်။

အိမ်ခြံမြေ ဝယ်ရောင်းလုပ်ခြင်းသည် လွယ်ကူသည်ဟု သူ ထင်ထားသည်။ သူ့အဖို့ မလွယ်ကူသောကိစ္စ ဖြစ်နေသည်။ ငွေများ ဆုံးရှုံးခဲ့သည်။ ကျွန်ုပ်တို့က စိတ်ရှည်ရှည်ဖြင့် အချိန်ပေးပြီး စောင့်ကြည့်ခဲ့ကြသည်။ ယခု ၎င်းအိမ်ကို ကျွန်ုပ်တို့ ပိုင်ဆိုင်သွားပြီဖြစ်သည်။

## အခွင့်အလမ်းများသည် ၎င်းတို့ဘာသာ ထပ်ကျော့ကြသည်

**သူဌေးဖေဖေက** "အခွင့်အလမ်းတွေဟာ သူတို့ဘာသာ ပြန်ကျော့ကြတယ်။ လူအများတို့ တူညီတဲ့အမှားတွေကိုပဲ ထပ်ခါထပ်ခါ လုပ်ကြမယ်ဆိုတာ မင်းတို့ သေချာပေါက် တွက်ထားလို့ရတယ်။ အရင်လူတွေနဲ့ အခုလူတွေ တူချင်မှတူမယ်။ လုပ်တဲ့အမှားတွေကတော့ အတူတူပဲ။ ဒီတော့ တချို့အမှားမျိုးတွေကို ကျွမ်းကျွမ်းကျင်ကျင် သိတဲ့သူဖြစ်လာရင် မင်းတို့ ချမ်းသာတဲ့သူ ဖြစ်လာလိမ့်မယ်။ လူတွေက အမှားတွေ လုပ်ကြတဲ့အခါ ဈေးကွက်က မင်းတို့ကို ကမ္ဘာပေါ်မှာ အကောင်းဆုံးဆိုတဲ့ရင်းနှီး မြှုပ်နှံမှုကို ပေးအပ်လိမ့်မယ်" ဟု သွန်သင်သည်။

ဝါရင် ဘတ်ဖ်ဖတ်ဖ်က "ကျွန်တော် ဈေးကွက်ကိုသွားပြီး တစ်ယောက်ယောက်က ဦးနှောက်မရှိတာ တစ်ခုခုကို လုပ်သလားဆိုတာကိုပဲကြည့်ပါ တယ်" ဟု ပြောပြခဲ့ဖူးသည်။

## လူနံ့အကြီးစား

ရင်းနှီးမြှုပ်နှံမှုလောကထဲတွင် ငွေစီးဆင်းခြင်းထက် ငွေလုံးငွေရင်း တိုးများဖို့အတွက် ဂိမ်းကို ကစားကြသည့် လူအများတို့သည် လူနံ့အကြီး စား၏ ဂိမ်းကို ကစားနေကြသူများ ဖြစ်သည်။ ဥပမာအားဖြင့် တစ်စုံ တစ်ယောက်က ဤသည်တို့ကို ပြောလိုက်တိုင်း လူနံ့ အကြီးစားတစ်ဦး တည်ရှိနေပြီ ဖြစ်သည်။

"ဟောဒီ စတော့တွေကို ကျွန်တော်က ကန်ဒေါ်လာ ၂၅ နဲ့ ဝယ်ခဲ့တယ်။ အဲဒီ စတော့တွေ ကန်ဒေါ်လာ ၃၅ ကို ထိချိန်မှာ ကျွန်တော် ပြန် ရောင်းထုတ်ပစ်လိုက်တယ်"

"ကျွန်တော့်ရဲ့ အိမ်ကို ကန်ဒေါ်လာ ၂၅၀,၀၀၀ နဲ့ ဝယ်ခဲ့တယ်။ ကျွန်တော့ အိမ်ပွဲစားက ငါးနှစ်အတွင်းမှာ အဲဒီအိမ်ဈေးက ကန်ဒေါ်လာ ၃၅၀,၀၀၀ တန်လိမ့်မယ်လို့ ပြောတယ်"

ဤသည်တို့မှာ လူနံ့အကြီးစားတို့၏ ပြောစကား ဖြစ်သည်။ ရှိနေသည့် လူနံ့

များထက် ပိုကြီးမားသည့်နံ့အသူ၏ အဆိုဖြစ်ပြီး ထိုသို့သော လူနံ့အကြီးစားများ ရှိစမြဲဖြစ်သည်။ အကယ်စင်စစ် ကျွန်တော် ပြောလို သည်မှာ ရင်းနှီးမြှုပ်နှံမှုအများစုတို့သည် လူနံ့အကြီးစားဟူသည့်အရာ အပေါ်တွင် အခြေပြုထားကြသည်။ လူနံ့အကြီးစားများ ကုန်ခန်းသွားသော ဈေးကွက်တိုင်းသည် အကျဘက်သို့ ရောက်သည့်ဈေးကွက်အဖြစ်သို့ ရောက်သွားသည်။ နောက်ဆုံးလူနံ့သည် သူ့ကို စတော့ဖြစ်စေ၊ စီးပွားရှာ အလုပ်ခွင်ဖြစ်စေ၊ ပေါင်းစုရန်ပုံငွေဖြစ်စေ အိမ်ခြံမြေဖြစ်စေ ရောင်းချသူ ထွက်ခွာသွားပြီး ၎င်းတန်ဖိုးရှိပိုင်ဆိုင်မှုကို လိုချင်ခြင်း မရှိတော့သည့် အဖြစ်ကို ကြုံရချိန်၌ ဈေးကွက်က သူ့ကို ငြင်းပယ်ထုတ်လိုက်သည်။ လူနံ့များ စွန့်ခွာထွက်ပြေးကြချိန်တွင် ဈေးစကားပြောဖို့ အကောင်းဆုံးအချိန်သို့ စတင်ရောက်ရှိသည်။ ဝါရင် ဘတ်ဖ်ဖစ်တ်က ပြောခဲ့ဖူးသည်မှာ "အခြားသူများ လောဘတက်နေလျှင် ကြောက်ပါ။ အခြားသူများကြောက်နေကြလျှင် လောဘတက်ပါ" ဟူ၍ ဖြစ်သည်။

**အကောင်းစား ရင်းနှီးမြှုပ်နှံမှုများကို တွေ့ဖို့ အကောင်းဆုံးအချိန်**

ရင်းနှီးမြှုပ်နှံမှုကို တွေ့ရန် နံပါတ်(၁)နည်းလမ်းမှာ လင်မင်များ ကျောက်ဆောင်စွန်းသို့ ပြေးနေကြချိန်ဖြစ်ပြီး လောဘအပေါ် လောဘ ဆထက်တိုးပြီး တက်နေချိန်ဖြစ်သည်။ သူဋ္ဌေးဖေဖေ ပြောလေ့ရှိသည်မှာ –

"လောဘ + နံ့အခြင်း = အခွင့်အလမ်း" ဟူ၍ ဖြစ်သည်။

သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုကို ရှာဖွေသည့်အခါ ဖော်ပြပါ သင်ခန်းစာငါးခုကို သတိရပါ။

၁။ လင်မင်တို့သည် နောက်ကျသည်။ ရင်းနှီးမြှုပ်နှံသူတို့က စောသည်။ ထိုအချက်သည် ဝယ်ခြင်းနှင့် ရောင်းခြင်း နှစ်မျိုးစလုံးအတွက် မှန်ကန်သည်။

၂။ ကောင်းမွန်နေသော ဈေးကွက်ထဲမှာထက် ဆိုးဝါးနေသောဈေး ကွက်ထဲတွင် ပိုကောင်းသည့်အရောင်းအဝယ်ကို ရှာဖို့လွယ်သည်။

၃။ ဈေးကွက်ဆိုးဝါးနေစဉ် လင်မင်တို့ တွင်းထဲမှာ ပုန်းနေကြသည်။ ရင်းနှီးမြှုပ်နှံသူများ ထွက်လာကြပြီး ချမ်းသာသွားဖို့ ဖြစ်လာသည်။

၄။ ဈေးကွက်ကောင်းမွန်နေချိန်တွင် သင် ငွေရှာ၍ ရဆဲဖြစ်သည်။ သင်သည် ပိုမိုလိမ္မာပါးနပ်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်ဖို့သာ လိုသည်။ ဈေးကွက်များ အရှိန်တက်နေစဉ် ဈေးကွက်များသည် ဆုံးရှုံးနစ်နာမည့်အရေး အမြင့်မားဆုံး ဖြစ်နေသည်။



သို့ဖြစ်ရာ သတိကို အပို ဆောင်းပြီး သတိထားပါ။

၅။ ဈေးကွက်များ ကောင်းနေစဉ် အခက်ခဲဆုံးလုပ်ရသည်မှာလင်မင် တစ်ကောင် မဖြစ်အောင် လုပ်ဖို့ ဖြစ်သည်။ ဈေးကွက် ဆိုးဝါးနေစဉ် အခက်ခဲဆုံး လုပ်ရသည်မှာ ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်ဖို့ ဖြစ်သည်။

**နံပါတ်(၂)။ ကောင်းသော ရင်းနှီးမြှုပ်နှံမှုတစ်ခု ရှာဖွေရန် နည်းလမ်း၊ ကိုယ်ရေးကိုယ်တာ အဖြစ်ဆိုး သို့မဟုတ် ဘေးဒုက္ခ**

ကောင်းသော ရင်းနှီးမြှုပ်နှံမှုများကို တွေ့ဖို့ ဒုတိယနည်းလမ်းမှာ တစ်ကိုယ်ရေ အဖြစ် ဆိုးနှင့် ဘေးဒုက္ခမှတစ်ဆင့် ရှာတွေ့ခြင်းဖြစ်သည်။ ဤနည်းဖြင့် ကောင်းသော ရင်းနှီး မြှုပ်နှံမှုများကို ရှာဖွေဖို့ ကျွန်ုပ် နှစ်လိုခြင်း မရှိသော်လည်း လုပ်ကိုင်ခဲ့ရပေသည်။

လွန်ခဲ့သည့် နှစ်အတန်ကြာတုန်းက အလုပ်ပြုတ်ထားသည့်သူတစ်ဦးက ရောင်းချရန် ဈေးခေါ်ထားသည့် အိမ်ရာတစ်ခုကို ကျွန်ုပ်တွေ့ရှိခဲ့သည်။ သူ့အိမ်ကို ဘဏ်မှာ သိမ်းရန် နှစ်ပတ်သာ လိုတော့သည်။ "ဘဏ်ကြွေး ပေးစရာရှိတာကိုသာ ပေးလိုက်ပါ။ အိမ်ကို ခင်ဗျား ရယူလိုက်ပါ" ဟု သူက ပြောရာ ကျွန်ုပ်က "အဲဒီလိုမျိုး ကျွန်တော် မလုပ်ချင်ဘူး" ဟု ပြောသည်။

"ခင်ဗျားက ကျွန်တော့်ကို ကူညီရာ ရောက်တယ်။ ကျွန်တော့်မိသားစု အကြွေးဒုက္ခကနေ လွတ်သွားမယ်"

"ဘာများ ထူးမှာမို့လဲ"

"တကယ်လို့ ခင်ဗျားက ကြွေးဆပ်ပေးပြီး အိမ်ကို ယူလိုက်မယ်ဆိုရင် ကျွန်တော် ငွေချေးတာအတွက် နာမည်ပျက်စာရင်းထဲ မဝင်တော့ဘူး။ ကျွန်တော် ကိုယ့်ခြေထောက်ပေါ် ပြန်ရပ်နိုင်တဲ့အခါ မိသားစုအတွက် အိမ်ဝယ်ဖို့ ငွေချေးတဲ့အခါ အဆင်ပြေသွားမယ်။ ကျွန်တော့်မှာ အိမ်ကို ကြွေးသိမ်းခံထားတဲ့ မှတ်တမ်းဝင်နေရင် အိမ်ဝယ်ဖို့ ငွေချေးတဲ့အခါ ရဖို့ ခဲယဉ်းနေလိမ့်မယ်။ ပြီးတော့ အတိုးနှုန်းကို ပိုများများ ပေးနေရလိမ့်မယ်"

ကျွန်ုပ်သည် ထိုသူထံမှ အိမ်ကို ဝယ်ယူရန် စိတ်ထဲ မကောင်းသော်လည်း သူက သူနှင့် သူ့မိသားစုကို ကူညီဖို့ ပြောနေသည်။ သူက အဖြစ်ဆိုးကြုံနေစဉ် ကျွန်ုပ်က အမြတ်ထုတ်ခြင်း မမည်ပေ။

အရေးကြီးသည့်အချက်မှာ ကိုယ်ရေးကိုယ်တာ အဖြစ်ဆိုးကြုံနေစဉ် လူအများတို့သည် ရောင်းချရန် အသည်းအသန်ဖြစ်နေကြသဖြင့် ရင်းနှီးမြှုပ်နှံရန် ကောင်းသော

အချိန်ဖြစ်သည်။ သို့သော် သင့်မှာ ရှိနေသည့် အသိတရား၏ လမ်းညွှန်မှုဖြင့်သာ လုပ်ကိုင်ပေးရမည်။

**နံပါတ်(၃)။ ကောင်းသော ရင်းနှီးမြှုပ်နှံမှုတစ်ခု ရှာဖွေရန် နည်းလမ်း၊ စီးပွားရေး ကျဆင်းခြင်း**

စီးပွားရေးကျဆင်းခြင်းသည် စီးပွားရေး ကျုံ့ငယ်သွားခြင်းဖြစ်သည်။ စီးပွားရေး ကျဆင်းခြင်းများသည် ပုံမှန်အားဖြင့် ဖြစ်ပွားနေပြီး ဝယ်ယူရန် အခွင့်အလမ်းများ ထပ်မံပေါ်ပေါက်စေသည်။ စီးပွားရေးကျဆင်းခြင်း သည် စီးပွားရေးဘေးဒုက္ခများနှင့် တစ်ကိုယ်ရေဘေးဒုက္ခများကို ဆောင်ကျဉ်းသည်။ စီးပွားရေးကျဆင်းနေစဉ် စီးပွားရှာလုပ်ငန်း အများအပြားတို့သည် သူတို့၏ လုပ်ငန်းကို လျှော့ဈေးဖြင့် ရောင်းချကြရသည်။ ကိုယ်ပိုင် အိမ်ရာများ ဈေးကျသည်။ ကားများ၊ အပိုထားရှိသည့်အိမ်များ အစရှိသည်တို့ကိုလည်း လျှော့ဈေးဖြင့် ရောင်းချကြသည်။ တန်ဖိုးရှိပိုင်ဆိုင်မှုများ လက်ထဲရှိနေသော်လည်း ငွေသား လုံလုံလောက်လောက် မဖော်နိုင်ကြချေ။

နမူနာဖြစ်ရပ်တစ်ခုမှာ ဒေါ့ကွန်းဟု ခေါ်သည့် အင်တာနက်လုပ်ငန်းမျိုးကို ထူထောင်သူတစ်ဦးသည် ကားအသစ်များ ဝယ်သည်။ အိမ်ကြီးကြီးတစ်လုံးကို ဝယ်သည်။ သူ့ကုမ္ပဏီ၏ စတော့ဈေးနှုန်းများ မိုးထိအောင် မြင့်မားနေသည်။

အင်တာနက်လုပ်ငန်းများ စီးပွားပျက်ကုန်ကြသောအခါ ၎င်းကုမ္ပဏီ ပိုင်ရှင်သည် ကားများကို ရောင်းချရသည်။ အိမ်ကိုလည်း ရောင်းရသည်။ အခြား တန်ဖိုးရှိပိုင်ဆိုင်မှုများကိုလည်း ရောင်းချရသည်။ နေထိုင်စရိတ် ကာမိရုံမျှ ငွေသား လက်ထဲမြန်နိုင်သမျှ မြန်မြန်ရအောင် ထုခွဲရောင်းချရသည်။

ထိုသို့ တန်ဖိုးရှိပိုင်ဆိုင်မှုများကို အလျင်စလို ရောင်းချကြသည့်အခါ လက်ထဲငွေသားရှိသူတို့အဖို့ ဈေးသက်သက်သာသာဖြင့် ဝယ်ယူဖို့ အခွင့်သာနေစေသည်။ ရောင်းချလိုသူက ဝယ်လက်ကို ရှာဖွေနေသည်။ ဝယ်လက်က ဈေးနှိမ်ပြီး ဝယ်ယူသည်။

၎င်းကုမ္ပဏီမှ ပိုင်ဆိုင်သည့် ပရိဘောဂများ၊ ကွန်ပျူတာများ အစရှိသည်တို့ကိုလည်း အလွန်သက်သာသည့် ဈေးနှုန်းများဖြင့် ဝယ်ယူဖို့ အခွင့်သာနေသည်။ ကုမ္ပဏီက ထုခွဲရောင်းချပြီး ငွေရှာဖွေနေရသည်။ ကုမ္ပဏီ ထူထောင်ခဲ့သည်မှာ မကြာသေးသဖြင့် အသစ်နီးပါး ဖြစ်နေသော တစ်ပတ်ရစ်များကို အဟောင်းဈေးဖြင့် ဝယ်ယူနိုင်နေစေသည်။



ကျွန်ုပ်အနေဖြင့် တစ်ကိုယ်ရေအဖြစ်ဆိုးအပေါ် အမြတ်ထုတ်ခြင်းကို မနှစ်မြို့ပေ။ သို့သော် ငွေရဖို့ အသည်းအသန်ဖြစ်နေသူကို ကူညီပေးသည့်အနေဖြင့် ဝယ်ယူရခြင်းများ ရှိမည်ဖြစ်သည်။ သင်၏ အသိတရားဖြင့်သာ လုပ်ကိုင်ပါ။ သင့်ကိုသင် လိပ်ပြာလုံဖို့ လိုသည်။

**နံပါတ်(၄)။ ကောင်းသော ရင်းနှီးမြှုပ်နှံမှုတစ်ခု ရှာဖွေရန် နည်းလမ်း၊ နည်းပညာဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲခြင်း**

အမေရိကန်နိုင်ငံတွင် ၁၉၈၆ ခုနှစ်၌ အခွန်ဥပဒေ ပြောင်းလဲခဲ့သည်။ ထိုဥပဒေပြင်ဆင်ချက်အရ အက်စ် လေးပိုင်းစိတ်တွင် အကျုံးဝင်ကြပြီး လစာမြင့်မားကြသည့် သက်မွေးပညာရှင်များဖြစ်ကြသော ဆရာဝန်များ၊ ရှေ့နေများ၊ ငွေစာရင်းကိုင်များ၊ ဗိသုကာများ အစရှိသည်တို့သည် လိုင်စင်ရယူရန် မလိုသော စီးပွားရေးသမား အမျိုးအစားများရရှိသည့် အခွန်အားသာချက်ကို တန်းတူရရှိဖို့ ခဲယဉ်းသွားသည်။ ထိုပြောင်းလဲခြင်းက ၁၉၈၇ ခုနှစ်တွင် စတော့ဈေးကွက်ပြိုလဲမှုကို အကြောင်းပြုပေးခဲ့သည်။ ထို့နောက် နှစ်အနည်းငယ်အကြာတွင် အိမ်ခြံမြေဈေးကွက်ကိုလည်းပြိုလဲ အောင် အကြောင်းပြုပေးခဲ့သည်။

ရုတ်ချည်းမှာပင် ဆရာဝန်များ၊ ရှေ့နေများ၊ ငွေစာရင်းကိုင်များ၊ ဗိသုကာများ အစရှိသည်တို့ပါဝင်သည့် အုပ်စုသည် အခွန်ဥပဒေပြောင်းလဲ ခြင်းကြောင့် သူတို့ပိုင်ဆိုင်သည့် အိမ်ခြံမြေများကို အရှုံးခံပြီး ရောင်းချကြ သည်။ ထို့ပြင် အခွန်အားသာချက် မရရှိတော့သဖြင့် အိမ်ခြံမြေတန်ဖိုး ထိုးကျကုန်သည်။ အိမ်ခြံမြေဈေးနှုန်းများ အလွန်အကျွံထိုးကျကုန်သဖြင့် အစိုးရမှ ဝင်ရောက်ဖွက်ဖက် ပေးခဲ့ရသည်။ အရှုံးခံရောင်းချနေကြသော အိမ်ခြံမြေများ ကန်ဒေါ်လာဘီလျံချီသည့်ပမာဏ ရောင်းချနိုင်စေဖို့နည်း လမ်းများ ရှာဖွေရန် Resolution Trust Corporation ကို ဖွဲ့စည်းပေးခဲ့ ရသည်။

ထိုကာလတွင် အကြောက်တရား နေရာတိုင်းမှာ ရှိနေသည်။ လူ အများအပြားတို့သည် တွင်းထဲ ပြန်အောင်းပြီး နေကြသည်။ အပြင်ထွက် ပြီး ရင်းနှီးမြှုပ်နှံသူများ နည်းပါးနေသည်။ ထိုကာလမှာပင် ကျွန်ုပ်နှင့် ကင်မ်တို့သည် အလုပ်ပိုကြိုးစားပြီး ဝင်ငွေ ရှာဖွေခဲ့ကြသည်။ ထိုသို့ရှာဖွေ ၍ ရလာသောငွေများဖြင့် အစိုးရမှ တာဝန်ယူပြီး အရှုံးခံရောင်းချနေသော အိမ်ရာများကို ဝယ်ယူကြသည်။ ထိုအခွန်ဥပဒေ ပြောင်းလဲခြင်းကြောင့် ကင်မ်နှင့် ကျွန်ုပ်တို့သည် ငွေရေးကြေးရေး လွတ်လပ်မှုကို ရရှိအောင်

လုပ်ဆောင်နိုင်ခဲ့ကြပေသည်။

## နေ့စဉ် ပြောင်းလဲနေသည်

ယခုအခါ ရှေးယခင်ကထက် နည်းပညာဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲခြင်းများ ပိုမိုဖြစ်ပေါ်လျက် ရှိသည်။ ပြောင်းလဲမှုတိုင်းသည် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများကို ကမ်းလှမ်း သည်။ ပိုက်ဆံဆုံးရှုံးမှုများလည်း ကမ်းလှမ်းသည်။ ကျွန်ုပ်မြင်တွေ့သည့် ပြောင်းလဲမှုများမှာ –

## လူဦးရေ တိုးများခြင်း

၂၀၁၀ ခုနှစ်တွင် အမေရိကန်လူဦးရေစာရင်းအရ လူဦးရေ ၃၀၈ သန်း ရှိသည်။ လာမည့်နှစ်အနည်းငယ်အတွင်း၌ ၎င်းလူဦးရေသည် သန်း ၃၅၀ မှ ၄၀၀ အထိ ဖြစ်လာမည်ဟု ခန့်မှန်းထားသည်။ တရုတ်နိုင်ငံသည်လည်းကောင်း၊ အကြမ်းဖက်ဝါဒသည်လည်းကောင်း စတော့ဈေးကွက်အပေါ် မည်သို့အဓိပ္ပာယ်ဆောင်မည်ကို ကျွန်ုပ်မသိပေ။ ကျွန်ုပ် သိသည်မှာ အမေရိက၌ လူဦးရေတိုးခြင်းသည် အိမ်ခြံမြေအတွက် ကောင်းချက် ဖြစ်သည်။ ကျွန်ုပ်က အိမ်ခြံမြေ ဈေးကြီးသည်ဟု ပြောဆိုကြသည့် လူအများတို့ကို ပြောလေ့ရှိသည်မှာ "ဒီနေ့မှာ အိမ်ခြံမြေဟာ ဈေးကြီးတယ်လို့ ခင်ဗျား ထင်တယ်ဆိုရင် နောက်ထပ် တစ်ဆယ်နှစ်ပဲ စောင့်ပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်တုန်းက အိမ်ခြံမြေ ဝယ်ခဲ့ရင် ကောင်းသားလို့ ခင်ဗျား တွေးမိသလား။ အဲဒီတုန်းကလည်း သူ့ခေတ် သူ့အခါအလျောက် အိမ်ခြံမြေက ဈေးကြီးနေခဲ့ပါတယ်"

အိမ်ခြံမြေသည် နှစ်စဉ် ဈေးတက်နေသည်မှာ မှန်သော်လည်း ထိုအကြောင်းပြချက်ဖြင့် အိမ်အိုအိမ်ဟောင်းကို မဝယ်အပ်ချေ။

## သက်ကြီးပိုင်း လူဦးရေ

သက်ကြီးပိုင်း လူဦးရေနှင့် အငြိမ်းစားလူဦးရေတို့ ကြီးမားနေသည့်အတွက် ၎င်းတို့ကို အစိုးရမှ ထောက်ပံ့ထားသည်တို့ကို လျှော့ချဖြတ် တောက်နေကြရသည်။ အကျိုးခံစားခွင့်များ ဆက်လက်ထောက်ပံ့ရန် ဘတ်ဂျက် မလုံလောက်တော့သောကြောင့် ဖြစ်သည်။



## အသက်အရွယ် ဝန်ထုပ်ဝန်ပိုး

ကျွန်ုပ် ငယ်စဉ်အချိန်အခါတုန်းက အသက်သည် တန်ဖိုးရှိပိုင်ဆိုင်မှု ဖြစ်သည်။ ကျွန်ုပ်၏ မိဘများသည် အသက်ပိုကြီးလာသည်နှင့်အမျှ တတ်သိထားသည်များ ပိုများလာသဖြင့် တန်ဖိုးပိုရှိသူများ ဖြစ်လာကြ သည်။ ယခုအခါ နည်းပညာပြောင်းလဲမှုများက မြန်ဆန်ပြီး မျိုးစုံနေသည်။ အသက်ကြီးလာသည်နှင့်အမျှ ခေတ်နောက်ကျကျန်ရစ်သည်။ ယခုအခါ လူအများတို့ကို ကျွန်ုပ်ပြောဆိုသည့်အခါ သူတို့သည်ကြေးစားအားအစားသမားသဖွယ် ဖြစ်နေကြောင်း သဘောပေါက်ဖို့ တိုက်တွန်းသည်။ ကြေးစားအားကစားသမားတို့သည် အသက် ၂၀ နှစ် ဝန်းကျင်တွင် ကြယ်ပွင့်များ ဖြစ်နေကြပြီး အသက် ၃၀ နှစ် ကျော်ချိန်တွင် အသုံးမဝင်တော့သည့်သူ ဖြစ်သွားကြသည်။

## တိုင်းပြည်မှ ထွက်ခွာကုန်ခြင်း

အမေရိကန်နိုင်ငံမှ ကော်လာပြာအလုပ်များ မက္ကဆီကိုကဲ့သို့သော နိုင်ငံများသို့ ရောက်ကုန်ခြင်းအတွက် လူအများတို့ မှုပန်ခဲ့ကြသည်။ ယခုအခါ ကော်လာဖြူအလုပ်များလည်း အမေရိကန်နိုင်ငံမှ ထွက်ခွာ ကုန်ပြီဖြစ်သည်။ အဘယ်ကြောင့်နည်း။ MBA ဖြစ်ကြသူများတွင် အိန္ဒိယနိုင်ငံသားကို တစ်နှစ်လျှင် ကန်ဒေါ်လာ ၃၀,၀၀၀ သာပေးရပြီး အမေရိကန်နိုင်ငံသားကိုမူ တစ်နှစ်လျှင် ကန်ဒေါ်လာ ၃၀၀,၀၀၀ ပေးရသည်။ သို့ဖြစ်ရာ အခြားနိုင်ငံတွင် လုပ်ကိုင်သည်က များစွာသက်သာ နေသည်။ ထိုသို့ပြည်ပမှာ ထားရှိပြီး လုပ်ကိုင်သည့် စီးကြောင်းသည် ကုန်ကျစရိတ်သက်သာခြင်းကြောင့် ပိုများလာမည်ဖြစ်သည်။

## ငွေကြေးလောကကို တရုတ်နိုင်ငံမှ ကြီးစိုးမှု တိုးလာခြင်း

အနောက်တိုင်းတွင် ထုတ်လုပ်နိုင်သည့်အရာများကို တရုတ်နိုင်ငံတွင်လည်း ထုတ်လုပ်နိုင်ပြီး ကုန်ကျစရိတ်သည် တရုတ်နိုင်ငံတွင် ပိုသက်သာသည်။ ထိုပြောင်းလဲမှုကို သတိဖြင့် စောင့်ကြည့်ကြရမည်။

## အကြမ်းဖက်ဝါဒ

အကြမ်းဖက်ဝါဒသည် ဈေးသက်သာသဖြင့် နေရာတိုင်းတွင် ဖြစ်ပွားနိုင်သည်။ အကြမ်းဖက်ဝါဒကြောင့် လုံခြုံစိတ်အေးရခြင်း လျော့ကျသည်။ လုံခြုံစိတ်အေးရခြင်း

ခြိမ်းခြောက်ခံရပါက ပိုက်ဆံကို သိမ်းဆည်းထားလိုက်ကြပြီး ထပ်မံရင်းနှီးမြှုပ်နှံမှု မပြုကြတော့ချေ။

**စစ်ပွဲ**

စစ်ပွဲသည် ဆိုးဝါးသည်။ သို့သော် အခြေအနေများကို အကြီးအကျယ် ပြောင်းလဲစေသည်။ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီနှင့် ဂျပန်တို့သည်တစ်ချိန် မဟုတ်လျှင် တစ်ချိန်ချိန်၌ အမေရိကန်၏ ရန်သူဖြစ်နေခဲ့သည်။ ယခုအခါ အမေရိကန်၏ တောင့်တင်းသည့် မဟာမိတ်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် မိတ်ဆွေများ ဖြစ်မလာခင် တိုက်ခိုက်မှုများ ပြုကြရသည်။ တစ်ခါတလေ၌ စစ်ပွဲသည် ဝယ်ယူရန် အချိန်ကောင်းဖြစ်နေပြီး ဈေးနှုန်းများ ကျဆင်းနေသည်။

ဒုတိယကမ္ဘာစစ်အတွင်း၌ ဂျပန်က ဖိလစ်ပိုင်ကို သိမ်းပိုက်သည်။ လုပ်ငန်းအများအပြားကိုလည်း သိမ်းပိုက်သည်။ လုပ်ငန်းတစ်ခုမှာ နယူးယောက် စတော့အိပ်ချိန်းတွင် စာရင်းဝင်သည့် ရွှေမိုင်းတွင်းကုမ္ပဏီ ဖြစ်သည်။ ဂျပန်က ဖိလစ်ပိုင်ကို သိမ်းပိုက်ပြီး ၎င်းရွှေမိုင်းတွင်း ကုမ္ပဏီကို သိမ်းပိုက်လိုက်သည့်နေ့တွင် နယူးယောက် စတော့အိပ်ချိန်း၌ ၎င်းကုမ္ပဏီ၏ စတော့များ သုညနီးပါးဖြစ်သည်အထိ ဈေးထိုးကျသွားသည်။ ထိုကျဈေးဖြင့် ၎င်းကုမ္ပဏီ၏ စတော့များကို ဝယ်ယူကြသူများ ရှိပြီး ထိုသူတို့သည် စစ်ကြီးပြီးဆုံးချိန်၌ ၎င်းရွှေမိုင်းတွင်း ကုမ္ပဏီလုပ်ငန်း ပြန်စပြီး ထူထူထောင်ထောင် ပြန်ဖြစ်ချိန်တွင် အကျိုးအမြတ် အကြီးအကျယ် ရရှိခဲ့ကြသည်။

ကျွန်ုပ်သည် ဆောလျင်စွာဖြင့် ရင်းနှီးမြှုပ်နှံသူနှင့် လုပ်ငန်းရှင်အဖြစ်ကို ခံယူခဲ့သည့်အကြောင်းတစ်ချက်မှာ ကျွန်ုပ်၏ တစ်သက်တာကို အီးနှင့် အက်စ် လေးပိုင်းစိတ်တို့အစား ဘီနှင့် အိုင် လေးပိုင်းစိတ်တို့တွင် သင်ယူရန် အချိန်ပိုရလို၍ ဖြစ်သည်။ ကျွန်ုပ်မှာ ကိုယ်ပိုင်ကုမ္ပဏီများ ရှိနေပြီး ကိုယ့်ဘာသာကိုယ် ရင်းနှီးမြှုပ်နှံမည်ဆိုပါက သူတစ်ပါးက ထိန်းချုပ်ထားခြင်းအတွက် ပူပန်နေဖို့ မလိုတော့ဟု ကျွန်ုပ် သိထားသည်။ ကျွန်ုပ် မည်မျှရမည်၊ ကျွန်ုပ် မည်သည့်အချိန်တွင် အားလပ်ရက်ယူရမည်၊ ကျွန်ုပ် မည်သည့်အခါ၌ အငြိမ်းစား ယူရမည်တို့ကို သူတစ်ပါး၏ ထိန်းချုပ်မှုအောက်မှာ ရှိနေစေမည် မဟုတ်တော့ချေ။ ကျွန်ုပ်ဘဝ၏ ပထမလေးပိုင်းစိတ်ဖြစ်သည့် အသက် ၂၅ မှ ၃၅ နှစ်အတွင်းတွင် ကျွန်ုပ် ကျရှုံးခဲ့သော်လည်း နောက်လေးပိုင်းစိတ်များတွင် ကျွန်ုပ်သည် ကောင်း သည်ထက် ပိုကောင်းလာခဲ့သည်။ ဒုတိယလေးပိုင်းစိတ်ဖြစ်သည့်



အသက် ၃၅ မှ ၄၅ နှစ်အတွင်းတွင် ကျွန်ုပ်နှင့် ကင်မ်တို့သည် ငွေရေးကြေးရေး လွတ်လပ်မှု ရရှိခဲ့ကြပြီး မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုများထံမှ ဝင်ငွေဖြင့် နေထိုင်လျက်ရှိကြသည်။

**သင်ယူမှုနှေးသူများအတွက် ဆောင်းပါး**

*အက်ဖ် ကျောင်းသူကျောင်းသား အေစာရင်း* ဟူသည့် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော ဆောင်းပါးတွင် အက်ဖ်အဆင့်သာ ရှိသည့် ကျောင်းသူ ကျောင်းသားများတွင် လောကကောင်းကျိုးအတွက် အေအဆင့် စာရင်းဝင်သောသူများ ရှိနေသည်ကို ဖော်ပြထားသည်။

ဥပမာအားဖြင့် သောမတ်စ် အက်ဒီဆင်သည် စာသင်ရန် တုံးလွန်းသောသူဖြစ်သဖြင့် ကျောင်းထုတ်ခံရသူ ဖြစ်သည်။ ဂျော့ဝါရှင်တန်ကို ဆရာမတို့က ဉာဏ်ထိုင်းဟု ခေါ်ကြသည်။ ဆေးရွက်ကြီးဘုရင် ဒုခ်သည် ပညာမတတ်သူ ဖြစ်သည်။ သူတို့သည် အောင်မြင်မှု ထိပ်သို့ မရောက်ခင် အပတ်တကုပ် ကြိုးပမ်းခဲ့ကြရသည်။

**ဆန္ဒနှင့် ကျိုးကြောင်းဆင်ခြင်ခြင်း**

ကျွန်ုပ်၏ ခရီးရှည်ကို အသက် ၂၅ နှစ်တွင် စတင်ခဲ့စဉ် သူဌေးဖေဖေနှင့် ကျွန်ုပ်၏ဖခင်တို့ နှစ်ဦးစလုံးက ကျွန်ုပ်သည် ပညာရေးတွင် ထူးချွန်သူတစ်ဦး မဟုတ်ကြောင်း သိထားကြသည်။ ကျွန်ုပ်၏ဖခင်မှာ ပညာရေးထူးချွန်သူ ဖြစ်သည်။ သူက ကျွန်ုပ်ကို မှတ်ချက်ပြုသည်။ "မင်းက သင်ယူတာ အမြဲတမ်း နှေးတဲ့သူပဲ ဖြစ်လိမ့်မယ်"

ကျွန်ုပ်သည် သင်ယူမှု နှေးသူဖြစ်သဖြင့် သူဌေးဖေဖေက "မင်းက ဖြည်းဖြည်းချင်းသင်ယူမယ်။ အမြဲတမ်းသင်ယူမယ်လို့ ကိုယ့်ကိုယ်ကိုယ် သံန္နိဋ္ဌာန်ချထားဖို့ လိုမယ်။ အဲဒါဟာ မင်း အောင်နိုင်ဖို့ အကောင်းဆုံးနည်းလမ်း ဖြစ်လိမ့်မယ်"ဟု ပြောသည်။ ထို့ပြင် သူက ပြောသည်မှာ "ဆန္ဒက ဆင်ခြင်တွေးဆမှု မရောက်နိုင်တဲ့နေရာတွေဆီကို မင်း ရောက်သွားအောင် ခေါ်ဆောင်ပေးလိမ့်မယ်"ဟူ၍ ဖြစ်သည်။ ကျွန်ုပ်သည် နိုင်ငံတကာ အရောင်းရဆုံးစာအုပ်များကို အသက် ၅၀ နှစ် မရောက်ခင်တွင် ရေးသားခဲ့ခြင်း မရှိချေ။ အထက်တန်းကျောင်းတွင် နှစ်ခါကျဖူးသည်။ အကြောင်းမှာ စာအရေးအသား ညံ့ဖျင်းခြင်းကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ယခုအခါ ကျွန်ုပ်ရေးသားသည့် စာအုပ်များတွင် နယူးယောက်တိုင်းမ် အရောင်းရဆုံးစာရင်းဝင်ဖြစ်သည့် စာအုပ်အများအပြားရှိနေသည်မှာ ကျိုးကြောင်းဆီလျော်မှု မရှိသည်မှာ အမှန်ပင် ဖြစ်သည်။

ကောလိပ်မှ အောင်မြင်ကြပြီးသည့်နောက်တွင် ကျွန်ုပ်၏ အတန်းဖော်များသည် ကျွန်ုပ်ရှာဖွေနိုင်သည်ထက် ဝင်ငွေပိုကောင်းခဲ့ကြသည်။ ယခုအခါ အတန်းထဲတွင် စာတော်သူများ၊ လစာကောင်းသည့်အလုပ် ရထားသူများထက် ကျွန်ုပ်၏ ဝင်ငွေက ပိုကောင်းနေသည်။ ထိုသို့ဖြစ်ရသည်မှာ ကျွန်ုပ်သည် အသွားနှေးသူဖြစ်နေသောကြောင့် ဖြစ်သည်။ ငွေရေးကြေးရေး အောင်မြင်မှုကို ကျွန်ုပ်ဘဝတစ်လျှောက်၏ အနှောင်းပိုင်းကျမှ ရရှိသည်။ အကြောင်းမှာ ကျွန်ုပ်သည် သင်ယူမှုနှေးသောသူ ဖြစ်နေသောကြောင့်ဖြစ်သည်။ စတင်လိုက်ဖို့အတွက်လည်း နှေးသည်။ လိုအပ်သော အသိပညာနှင့် အတွေ့အကြုံတို့ ရရှိဖို့ကိုလည်း နှေးသည်။ သို့သော် ကျွန်ုပ်သိထားဖို့ လိုသည်တို့အား အိပက်အိပက်ဖြင့် သင်ယူခဲ့ပြီး မည်သည့်အခါမှ လက်မြှောက်အရှုံးပေးခြင်း မရှိခဲ့ချေ။ အရှုံးပေးချင်စိတ် ပေါ်ပေါက်ခဲ့သည်မှာ အကြိမ်ကြိမ် ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ သင်၏ အသက်အရွယ် မည်မျှပင် ဖြစ်နေသော်လည်း ရင်းနှီးမြှုပ်နှံမှုအကြောင်း ဆက်လက်သင်ယူရမည်။ နေ့တိုင်း အသစ်တစ်ခုခုကို သင်ယူနေရမည်။ ထိုအခါ ဂိမ်းတွင် သင်သည် ပိုတော်လာမည်။

## နံပါတ်(၅)။ ကောင်းသော ရင်းနှီးမြှုပ်နှံမှုတစ်ခု ရှာဖွေရန် နည်းလမ်း၊ ၂၀–၁၀–၅ သံသရာစက်ဝန်း

သူဌေးဖေဖေက ပြောသည်။ "စတော့ဈေးကွက်က ရင်းနှီးမြှုပ်နှံမှု ဈေးကွက်ကို ကြီးစိုးတာ ၂၀ နှစ်တာကာလအတွက် ဖြစ်ပါတယ်။ နှစ်နှစ်ဆယ် ပြည့်ခါနီးရင် ဈေးကွက်ပြိုလဲဖို့ ဖြစ်နိုင်ခြေ တိုးလာတယ်။ ပြိုလဲပြီးသွားတဲ့အခါ စတော့ဈေးကွက်က အနိမ့်ပိုင်းမှာ ၁၀ နှစ် နေဖို့ အားသန်တယ်။ အဲဒီ ၁၀ နှစ်အတွင်းမှာ စတော့ဈေးကွက်က ကျနေတယ်။ ကုန်ပစ္စည်းတွေ ဖြစ်တဲ့ ရွှေ၊ ငွေသတ္တု၊ ရေနံနဲ့ အိမ်ခြံမြေတို့က ရင်းနှီးမြှုပ်နှံမှု လောကကို ကြီးစိုးထားတယ်။ ပြီးတော့ ၅ နှစ်တိုင်းမှာ အရေးပါတဲ့အဖြစ်ဆိုး တစ်မျိုးမျိုးကို ကြုံရတယ်"

ကျွန်ုပ်ဘဝ အစောပိုင်းတွင် သူဌေးဖေဖေ ပြောပြသည့် ၂၀–၁၀–၅ သံသရာစက်ဝန်း သင်ခန်းစာကို တကယ်အလေးအနက်ထားခြင်း မပြုခဲ့ချေ။ သို့သော် သူ့စကားကို ကျွန်ုပ် နာခံခဲ့ပါသည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်တို့ အကြားတွင် ကျွန်ုပ်သည် အိမ်ခြံမြေနှင့် ရွှေတို့တွင် ရင်းနှီးမြှုပ်နှံမှုပြုသည်။ ခိုင်မာသော တန်ဖိုးရှိပိုင်ဆိုင်မှုများနှင့် ကုန်ပစ္စည်းများဟု သတ်မှတ်ထားကြသည့် အတန်းအစားများ ဖြစ်သည်။ ကမ္ဘာ



ငွေသတ္တုဈေးကွက်တွင် ငွေသတ္တုများ သိမ်းကျုံးဝယ်ယူပြီး ဈေးကစားခြင်း ပေါ်ပေါက်ခဲ့သည်။ ငွေချောင်းတစ်အောင်စလျှင် ကန်ဒေါ်လာ ၅၀ နီးပါးအထိ ဈေးတက်သွားသည်။ ရွှေသည် တစ်အောင်စ ကန်ဒေါ်လာ ၈၀၀ နီးပါးအထိ ဈေးတက်သွားသည်။ ၁၉၈၀ ပြည့်နှစ်မတိုင်ခင်မှာ ကုန်ပစ္စည်းဈေးကွက် ပြိုလဲသည်။ ကြိုတင် ခန့်မှန်းထားသည့်အတိုင်း ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်းတင် စတော့ဈေးကွက်သည် ရင်းနှီးမြှုပ်နှံမှုလောကကို ကြီးစိုးထားသည်။

ငါးနှစ်တိုင်း အရေးပါသည့်အဖြစ်ဆိုး တစ်မျိုးမျိုးကြုံရသည်မှာလည်း အမှန်ပင် ဖြစ်သည်။ စတော့ဈေးကွက်ပြိုလဲခြင်း၊ စုဆောင်းငွေနှင့် ချေးငွေမအောင်မြင်ခြင်း၊ အိမ်ခြံမြေဈေးကွက်ပျက်ခြင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခြင်းများ ဖြစ်ပေါ်ခဲ့ပေသည်။

## ဟောကိန်းထုတ်သည့် ဓာတ်ဖန်လုံး မဟုတ်

သူဌေးဖေဖေက ကျွန်ုပ်ကို ပြောပြခဲ့သည့် ၂၀–၁၀–၅ သံသရာ စက်ဝန်းသည် ဓာတ်ဖန်လုံးဖြင့် အနာဂတ်ကို ဟောကိန်းထုတ်ခြင်းမျိုးကို လုပ်ကိုင်ရန်အတွက် မဟုတ်ချေ။ ဤသံသရာစက်ဝန်းအကြောင်း သူက ကျွန်ုပ်ကို အသိပေးပြောပြခဲ့သည်မှာ အပြောင်းအလဲကို ကျွန်ုပ် သတိမူမိစေလိုသောကြောင့် ဖြစ်သည်။ ကလေးအမွေးများသည့်ကာလမှာ မွေးဖွားခဲ့ကြသူများတွင် အများအပြားတို့သည် ငွေရေးကြေးရေး ပြဿနာထဲသို့ သူတို့ အငြိမ်းစားယူပြီးကြချိန်တွင် ရောက်ရှိသွားကြရခြင်းအတွက် အကြောင်း အချက်တစ်ခုမှာ ၂၀–၁၀–၅ သံသရာစက်ဝန်းနှင့်အညီ လုပ်ကိုင်ကြရမည့်အစား သူတို့၏ ရင်းနှီးမြှုပ်နှံမှုများသည် အမြဲတစေ စတော့ဈေးကွက်ထဲမှာသာ ရှိနေသည်။ ဝါရင် ဘတ်ဖ်ဖစ်တ်က သူ့စတော့များ အများအပြားတို့ကို ၁၉၉၆ ခုနှစ်တွင် ရောင်းထုတ်ပစ်ပြီး ၂၀၀၀ ပြည့်နှစ်မတိုင်ခင်မှာ ငွေသတ္တုဈေးကွက်ထဲ၌ အနေအထားရယူသည်။ သူသည် ၂၀–၁၀–၅ သံသရာစက်ဝန်းနှင့်အညီ လုပ်ကိုင်ခြင်း ပြုမပြုဆို သည်ကို ကျွန်ုပ် မသိပေ။ သို့သော် သူပြုသည့် ရင်းနှီးမြှုပ်နှံမှုများသည် ၎င်းစက်ဝန်းမှန်ကန်ကြောင်း ပြသနေသည်။

အကယ်၍ ဤ ၂၀–၁၀–၅ သံသရာစက်ဝန်းသည် မှန်ကန်နေပါက ကလေးအမွေးများသည့် နှစ်ကာလ(၁၉၄၆–၆၅ ခုနှစ်)တွင် မွေးဖွားခဲ့ကြသော အမေရိကန်နိုင်ငံသားများသည် အငြိမ်းစားယူဖို့ တတ်နိုင်ကြမည် မဟုတ်ချေ။ အကြောင်းမှာ

သူတို့သည် စတော့ဈေးကွက်ထဲမှာ ရှိနေကြ မည်ဖြစ်ပြီး သူတို့၏ စတော့များ ဈေးပြန်ကောင်းလာမည့်အချိန်ကို စောင့်မျှော်နေကြမည်။ အကယ်စင်စစ် သူတို့သည် ကုန်ပစ္စည်းဈေးကွက် စက်ဝန်းထဲတွင် ရှိနေကြရမည် ဖြစ်သည်။

၂၀–၁၀–၅ စက်ဝန်းကို အသုံးပြုရန် ကျွန်ုပ်သင်ယူခဲ့ပုံမှာ တတ်ဖန်လုံး ကြည့်သည်နှင့် မတူချေ။ အနာဂတ်သို့ ကြည့်ရာ၌ သတိပေးချက်အဖြစ် အသုံးပြုတတ်ရန် ကျွန်ုပ် သင်ယူခဲ့ခြင်းဖြစ်သည်။ ဥပမာ အားဖြင့် ၁၉၆၆ ခုနှစ်တွင် ရွှေသည် ဈေးအနိမ့်ဆုံးသို့ ဆိုက်ရောက်နေသည်။ တစ်အောင်စလျှင် ကန်ဒေါ်လာ ၂၇၅ ဝန်းကျင်မျှသာ ရှိသည်။ ကျွန်ုပ်သည် ရွှေမိုင်းတွင်းများတွင် စတင်ရင်းနှီးမြှုပ်နှံခဲ့သည်။ ထိုအခါ စတော့ဈေးကွက်နှင့် ဘဏ်လောကတို့တွင် ရှိနေသည့် မိတ်ဆွေတို့က ကျွန်ုပ်ကို လှောင်ပြောင်ရယ်မောကြသည်။ ရွှေဈေး တက်ပြီးရင်း တက်နေသည့်အခါ သူတို့ မရယ်မောကြတော့ချေ။

တစ်နည်းဆိုရသော် နှစ် ၂၀ ရှယ်ယာစက်ဝန်းသည် အဆုံးသတ်သည့် အချိန်သို့ ရောက်လာနေပြီဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ရှယ်ယာများမှ ထွက်ခွာပြီး ကုန်ပစ္စည်းများတွင် အခွင့်အလမ်းကောင်းကို ကျွန်ုပ်ရှာဖွေသည်။ ရွှေ၊ ငွေသတ္တု၊ ရေနံနှင့် အခြားသတ္တုများတွင် ရှာဖွေသည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားသောအခါ စတော့ဈေးနှုန်းများ ထိုးကျသည်။ ထိုသို့ ဈေးသက်သာနေသော်လည်း ကျွန်ုပ် ဝယ်ယူခြင်း မပြုချေ။ အကြောင်းမှာ စတော့၏ နှစ် ၂၀ စက်ဝန်းကို ဖြတ်သန်းနေဆဲဖြစ်သည်ကို ကျွန်ုပ် သိထားသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ထိုစဉ်က အိမ်ခြံမြေဈေးကွက်တွင် ဈေးမြင့်မားနေသော်လည်း စတော့များအစား အိမ်ခြံမြေကို ကျွန်ုပ် ရှာဖွေခဲ့သည်။

## ဘဏ်ကို ယူမသွားရ

ဤ ၂၀–၁၀–၅ စက်ဝန်းသည် ကျွန်ုပ်၏ ငွေရေးကြေးရေး အနာဂတ်အတွက် လောင်းကြေးထပ်မည့်အရာ မဟုတ်ချေ။ စက်ဝန်းများအတွင်း ရွေ့လျားနေဖို့ သတိပေးချက်သာ ဖြစ်သည်။ ဤစက်ဝန်းများကို သိထားခြင်းဖြင့် ကျွန်ုပ်သည် စက်ဝန်းအများထဲတွင် မိနေခြင်းမှ ကင်းဝေးမည် ဖြစ်သည်။ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုများကို တွေ့ရှိဖို့နည်းလမ်း ကောင်းတစ်ခုမှာ လောလောဆယ်တွင် မျက်နှာသာမရသော်လည်း မကြာခင်မှာ ဦးပြန်မော့လာမည့် စက်ဝန်းထဲတွင် ရှာဖွေရန် ဖြစ်သည်။

ကျွန်ုပ်သည် အိမ်ခြံမြေကို နှစ်ခြိုက်သူတစ်ဦးဖြစ်ပေရာ အမေရိကန်နိုင်ငံ၌ လူဦးရေ အမြဲတိုးနေသည့် လူဦးရေအခြေအနေ အလားအလာကို ကျွန်ုပ် ယုံကြည်သည်။ ကျွန်ုပ်သည် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်မည် ဖြစ်သည်။ ဂျပန်နိုင်ငံတွင် မွေးဖွားနှုန်း ကျဆင်း နေသည်။ သို့ဖြစ်ရာ ဂျပန်နိုင်ငံ၌ အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံဖို့ ကျွန်ုပ် စိတ်အားထက်သန်ခြင်း မရှိချေ။ အိမ်ခြံမြေပိုင်ဆိုင်မှုသည် ငှားရမ်းလိုသူ များ ရှိနေမှသာ တန်ဖိုးမြင့်တက်သည်။



၂၀၁၂ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်ကြားတွင် စတော့ဈေးကွက်သည် ထုထည်ကြီးမားသော ပြိုလဲခြင်း ဖြစ်ပွားမည်ဟု ကျွန်ုပ် ရေးသားခဲ့သည်။ ထိုပြိုလဲခြင်းအတွက် အကြောင်းအချက်တစ်ခုမှာ ၂၀–၁၀–၅ စက်ဝန်းကြောင့် ဖြစ်သည်။ ထို့ပြင် အနောက်တိုင်း၏ လူဦးရေအခြေအနေကြောင့်လည်း ပြိုလဲရသည်။ ၂၀၁၆ ခုနှစ်တွင် ကလေးအမွေးများသည့် နှစ်ကာလအစောပိုင်း၌ မွေးဖွားခဲ့သူများအနက် မသေသေးသူများသည် အသက် ၇၀ နှစ်ကို ကျော်လွန်သည်။ ဥပဒေအရ အသက် ၇၀ ပြည့်သည့်အခါ အငြိမ်းစားအစီအစဉ်မှ နုတ်ထွက်ရန် ဥပဒေပြဋ္ဌာန်းထားသည်။ ထိုသို့ နှုတ်ထွက်သည့်အခါ ရွှေ့ဆိုင်းပေးထားသော အခွန်များကို ပေးဆောင်ရသည်။ ထိုအခါ ငွေလိုလာသဖြင့် လက်ထဲရှိသော ရှယ်ယာများကိုရောင်းချ ကြသည်။ ထိုအခါ ဈေးကွက်တွင် ရောင်းလိုအားများပြားပြီး ထိခိုက်သည်။

အကယ်၍ တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားများ အကုန်လုံးတွင် ရင်းနှီးမြှုပ်နှံထားမည်ဆိုပါက စတော့ဈေးကွက် ကျဆင်းခြင်းကြောင့် အထိနာမည် မဟုတ်ချေ။

## နံပါတ်(၆)။ ကောင်းသော ရင်းနှီးမြှုပ်နှံမှုတစ်ခု ရှာဖွေရန် နည်းလမ်း၊ စီးပွားရှာလုပ်ငန်းထဲတွင် မိတ်ဆွေတစ်ဦး ရှိနေခြင်း

အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုများကို ရောင်းချရန် လူသိရှင်ကြား ကြော်ငြာခြင်း မည်သည့်အခါမှ မပြုကြောင်း ကျွန်ုပ်တို့ သိထားကြပြီးသား ဖြစ်သည်။ ဖြစ်ရပ်အများစုတို့တွင် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုများသည် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ အတွင်းလူတို့ကိုသာ ရောင်းချကြ သည်။ ဝယ်ယူသူအတွက် အကောင်းဆုံးဈေးနှုန်းဖြင့် ရောင်းချပေးသည်။ များသောအားဖြင့် အသေးစားရင်းနှီးမြှုပ်နှံသူတို့ အကောင်းစားရင်းနှီးမြှုပ်နှံမှုအကြောင်း ကြားသိကြချိန်တွင် ၎င်းရင်းနှီးမြှုပ်နှံမှုအတွက် ဈေးနှုန်းမှာ အလွန်မြင့်မားနေပြီဖြစ်သည်။ သို့ဖြစ်ရာ အသေးစား ရင်းနှီးမြှုပ်နှံသူတို့အဖို့ မတန်တဆဈေးဖြင့် ပေးဝယ်ရမည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှု အညံ့စား ဖြစ်နေပေတော့သည်။

ရင်းနှီးမြှုပ်နှံမှု အကောင်းစားများကို တွေ့ရှိရန်အတွက် အကောင်းဆုံး နည်းလမ်းတစ်ခုမှာ ဈေးကွက်ထဲ နေ့တိုင်းရှိနေသူများကို စီးပွားဖက်အဖြစ် လက်တွဲထားခြင်းဖြစ်သည်။ ကင်မ်နှင့် ကျွန်ုပ်တို့တွင် ရင်းနှီးမြှုပ်နှံမှု အကောင်းစားများ ရရှိထားသည်မှာ ပွဲစားတို့ကို ကျွန်ုပ်တို့က အခြား ရင်းနှီးမြှုပ်နှံသူများက ပေးသည်ထက် ပိုပေးသောကြောင့်ဖြစ်သည်။ အခြား ရင်းနှီးမြှုပ်နှံသူများက ပွဲစားခကို လျှော့ယူဖို့ ဈေးဆစ်ကြသည်။ ရင်းနှီးမြှုပ်နှံမှုထံမှ ရရှိသည့် အမြတ်၏ ၁၀ ရာခိုင်နှုန်းကို ပွဲခအဖြစ် ပေးအပ်ရသည်ကိုလည်း လျှော့ယူဖို့ ဈေးဆစ်ကြသည်။ ကျွန်ုပ်တို့က ရက်ရောသဖြင့် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုများကို ကျွန်ုပ်တို့အား ပွဲစားတို့က အရင်ဆုံး အသိပေးကြသည်။ ဈေးကွက်ထဲ ချမရောင်းခင်မှာ ကျွန်ုပ်တို့ ဝယ်ယူခွင့် ရရှိသည်။ အလားတူပင် အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်မှ အသိမိတ်ဆွေတို့ ရောင်းချသည်များကိုလည်း ဆောလျင်စွာ သိခွင့်ရရှိပြီး ဝယ်ယူခွင့် ရရှိသည်။

### နံပါတ်(၇)။ ကောင်းသော ရင်းနှီးမြှုပ်နှံမှုတစ်ခု ရှာဖွေရန် နည်းလမ်း၊ ပိုက်ဆံပိုပေးပါ

၂၀၀၃ ခုနှစ် အစောပိုင်းတွင် အိမ်ပွဲစားတစ်ဦးသည် ကင်မ်နှင့် ကျွန်ုပ်တို့ထံသို့ ရောက်လာပြီး ကျွန်ုပ်တို့ လက်ဝယ်ရှိသည့် အိမ်ရာ တစ်ခုကို ရောင်းချလိုခြင်း ရှိမရှိ မေးမြန်းစုံစမ်းသည်။ ကျွန်ုပ်က အဖြေ ပြန်ပေးလိုက်သည်။ "ကျွန်တော်တို့ ပိုင်ဆိုင်ထားတာတွေထဲမှာ ရောင်းဖို့ တကယ်စိတ်မဝင်စားတဲ့အရာမှန်သမျှ ထိုက်ထိုက်တန်တန် ဈေးတစ်ခု ရှိနေတယ်"

"ခင်ဗျားက ဘယ်လောက် လိုချင်တာလဲ"

ကျွန်ုပ်က တစ်ရက်နှစ်ရက် စဉ်းစားပြီးမှ အဖြေပေးသည်။ "ကန် ဒေါ်လာ နှစ်သန်းခွဲပေးရင် ကျွန်တော်တို့ ရောင်းမယ်"

"အဲဒါကတော့ များလွန်းပါတယ်။ ၁.၉ သန်းဆိုရင် ဘယ်လိုလဲ"

ကျွန်ုပ်တို့ဘက်မှ ဈေးစကားပြောဆိုခြင်းကို ရပ်ပစ်လိုက်သည်။ အရောင်းအဝယ်ကိစ္စ ပျက်သွားပြီ ဖြစ်သည်။



### အပေါစားလူတွေကို ဘယ်သူမှ မကြိုက်

သူဌေးဖေဖေက ပြောလေ့ရှိသည်။ "အပေါစားလူတွေကို ဘယ်သူက မှ မကြိုက်ဘူး။ ဒါပေမဲ့ ဈေးပေါတာကို အကြောင်းပြုပြီး ချမ်းသာဖို့ ကြိုးစားတဲ့သူတွေ အကြောင်းကြောင်းကြောင့် ပိုများနေတယ်" ရင်းနှီး မြှုပ်နှံမှုတွင်လည်း အလားတူပင် ဖြစ်သည်။ ကျွန်ုပ် လိုချင်သည်ထက် လျှော့ပြီး ကမ်းလှမ်းဖို့ ကြိုးစားသည့်သူများကို ကျွန်ုပ် မနှစ်မြို့ချေ။

### ကွဲပြားသော စီးပွားရှာလုပ်ငန်း

သူဌေးဖေဖေက သူ့သားနှင့် ကျွန်ုပ်တို့ကို စီးပွားရှာလုပ်ငန်းအကြောင်း နားလည်စေလိုသည်။ သို့မှသာ ပိုတော်သည့် ရင်းနှီးမြှုပ်နှံသူများ ဖြစ်နိုင်မည်။ ဤအတွက် အကြောင်းအချက်တစ်ခုမှာ အိမ်ခြံမြေအပါအဝင် ရင်းနှီးမြှုပ်နှံမှုတစ်ခု၏ တန်ဖိုးမှာ ယင်းရင်းနှီးမြှုပ်နှံမှု နောက်ကွယ်၌ရှိနေသည့် စီးပွားရှာလုပ်ငန်း ထိုက်တန်သလောက်သာ တန်ဖိုးရှိသည်။ ရှေ့၌ မြေ ၁၀ ဧက ဥပမာဖြင့် ပြောပြခဲ့သည်။ ၎င်းမြေဧရိယာကို လယ်သမားအဖို့ ကန်ဒေါ်လာ ၁၀,၀၀၀ တန်ဖိုးထိုက်တန်သည်။ အိမ်ရာ တည်ဆောက်သူအဖို့ ထိုမြေကွက်သည် ကန်ဒေါ်လာ ၁၀၀,၀၀၀ တန်ဖိုး ထိုက်တန်သည်။ အဘယ်ကြောင့် တန်ဖိုး ကွာခြားနေရသနည်း။ အဖြေမှာ ၎င်းတို့သည် ကွဲပြားသော စီးပွားရှာလုပ်ငန်းများ ဖြစ်နေကြသောကြောင့် ဖြစ်သည်။

### ချိုးနှိမ်ခြင်း

ကျွန်ုပ်အတွက် ကုန်ကျစရိတ် ကန်ဒေါ်လာ ၇၀ ,၀၀၀ အောက်တွင်သာ ရှိသည့် အိမ်ရာကို ကျွန်ုပ်က ကန်ဒေါ်လာ နှစ်သန်းခွဲဟု ဈေးခေါ်ရသည်မှာ ကျွန်ုပ် လောဘကြီးသောကြောင့် မဟုတ်ချေ။ ပိုမြင့်မားသည့် ဈေးကို ကျွန်ုပ် တောင်းဆိုရသည်မှာ ယခုအခါ ၎င်းအိမ်ရာ၏ တန်ဖိုးသည် ကျွနုပ်အတွက် ထိုမျှထိုက်တန်နေသောကြောင့် ဖြစ်သည်။ ပွဲစားက ပိုနည်းသည့်ဈေးဖြင့် ချက်ချင်းမေးမြန်းသည့်အခါ ကျွန်ုပ်ကို ချိုးနှိမ်သည် ဟု ကျွန်ုပ် ယူဆသည်။ ကျွန်ုပ်ရှင်းပြပါမည်။

၎င်းအိမ်ရာကို ကင်မ်နှင့် ကျွန်ုပ်တို့ ဝယ်ယူခဲ့စဉ်က မိုတယ်တစ်ခုဖြစ်ပြီး လူမရသည့် အခန်းလွတ်များ များပြားနေသည့်အတွက် အရှုံးပေါ်နေသည်။ ထိုသို့ဖြစ်ရသည်မှာ ပတ်ပတ်လည်လည်တွင် မိုတယ်အသစ်များ ဆောက်လုပ်ဖွင့်လှစ်ကြသောကြောင့်

ဖြစ်သည်။ ကင်မ်နှင့် ကျွန်ုပ်တို့က ၎င်းမိုတယ်ကို ဝယ်ယူပြီးသောအခါ စီးပွားရှာပုံစံကို ပြောင်း လဲရန် စီစဉ်ကြသည်။ မိုတယ်အစား တိုက်ခန်းအဖြစ်သို့ ပြောင်းလဲပစ် သည်။ တိုက်ခန်းဖြင့် စီးပွားရှာခြင်းကို ကျွန်ုပ်တို့ ကောင်းကောင်းသိထားသည်။ သို့ဖြစ်ရာ မိုတယ်အနေဖြင့် ဆိုပါက တန်ဖိုးသည်ကန်ဒေါ်လာ ၇၀၀ ၀၀၀ မထိုက်တန်ချေ။ တိုက်ခန်းအနေဖြင့် ဆိုပါက နေရာကောင်းတွင် တည်ရှိနေခြင်းကြောင့် ကန်ဒေါ်လာ ၇၀၀,၀၀၀ ထိုက်တန်သည်။

တိုက်ခန်းများအဖြစ် ပြောင်းလဲပြီးသောအခါ ငါးနှစ်အတွင်းတွင် တန်ဖိုးထိုက်တန်မှု ပိုတိုးသွားသည်။ အကြောင်းမှာ ကျွန်ုပ်တို့က အဆောက်အဦ အဟောင်းကို ဖျက်ချပြီး အဆင့်မြင့်ကွန်ဒိုမီနီယမ်များ ပြန်တည်ဆောက်ကာ ရောင်းချမည်ဖြစ်သည်။ အိပ်ခန်း သုံးခန်းပါကွန်ဒို မီနီယမ်အခန်း ၁၂ ခန်း ပါဝင်မည်ဖြစ်သည်။ ကားထားရန် နေရာလည်း ပါမည်။ တစ်ခန်းကို အနည်းဆုံးကန်ဒေါ်လာ ၃၅၀,၀၀၀ ဖြင့် ရောင်းချ၍ ရသည်။ သို့ဖြစ်ရာ စုစုပေါင်းတန်ဖိုးမှာ ကန်ဒေါ်လာ ၄.၂ သန်း ဖြစ် သည်။ ထို့ကြောင့် ယခုအခါတွင် ၎င်း အိမ်ရာသည် ကန်ဒေါ်လာ ၂.၅ သန်း ထိုက်တန်နေခြင်း ဖြစ်သည်။ စီးပွားရှာပုံကို ပြောင်းလဲပေးလိုက်သည့်အခါ ၎င်းအိမ်ရာသည် တန်ဖိုးပိုကြီးမားသွားမည်။ အဆောက်အဦအသစ် ကို ရောင်းချခြင်းထံမှ ပိုက်ဆံများ ရရှိမည်ဖြစ်သည်။

အကယ်၍ ပွဲစားက ကျွန်ုပ်တို့၏ အစီအစဉ်ကို သိထားသည်ဆိုပါက ကျွန်ုပ်တို့သည် မိမိတို့အတွက် ထိုက်တန်သည့်တန်ဖိုးကိုသာ တောင်းဆိုနေခြင်းဖြစ်ကြောင်း သူမြင်မည် ဖြစ်သည်။ အကယ်၍ ဝယ်ယူသူသည် အနာဂတ်၌ ပြောင်းလဲပေးနိုင်ပုံကို မြင်မည်ဆိုပါက ကျွန်ုပ်တို့လိုချင်သောဈေးကို ပေးရန် နည်းလမ်းရှာကြံမည်ဖြစ်ပြီး သူ့အတွက် လိုချင် သည်ကိုလည်း ရအောင် သူ နည်းလမ်းရှာကြံ လုပ်ကိုင်မည်ဖြစ်သည်။ ထိုသို့ပြုရမည့်အစား သူက ဈေးပေါပေါဖြင့် လိုချင်သည်။ သို့ဖြစ်ရာ သူ့ကို နောက်ထပ် ဈေးစကား ကျွန်ုပ်တို့ မပြောဆိုကြတော့ချေ။

## ချမ်းသာရန် ကျွန်ုပ် နှစ်ခြိုက်သည့်နည်းလမ်း

ဈေးပေါသည်ကို ဝယ်ယူခြင်းသည် ကောင်းသောရင်းနှီးမြှုပ်နှံမှုဟု များသောအားဖြင့် လူအများတို့ ယူဆကာ ကြိုးပမ်းလုပ်ကိုင်ကြလေ့ရှိသည်။ ဈေးနှိမ်ပြီး ဝယ်ယူရန်အတွက် ဉာဏ်ရှိဖို့ မလိုချေ။ အခြားသူတို့ မမြင်သည့် အခွင့်အလမ်းများကို တွေ့ရှိဖို့မှာ ဉာဏ်ရှိဖို့ လိုအပ်သည်။ သို့ဖြစ်ရာ ဈေးအနိမ့်ဖြင့် ရောင်းဖို့ သင်က



မေးမြန်းခြင်း မပြုခင်မှာအခြား သူတို့ မမြင်သည့် အလားအလာကောင်းသော တန်ဖိုးကို သင် မြင်မိသလား ဆန်းစစ်ပါ။ ဤနည်းသည် ချမ်းသာရန် အကောင်းဆုံး နည်းလမ်းဟု ကျွန်ုပ် ယူဆသည်။ ဤနည်းကို ကျွန်ုပ် အသုံးပြုပြီး ဝယ်ယူခြင်းများကို ပြုလုပ်သည်။ အခြားသူတို့ မမြင်သည် အခွင့်အလမ်းများနှင့် တန်ဖိုးများကို ကျွန်ုပ် ရှာဖွေသည်။ ထို့နောက် တောင်းသည့်ဈေးကို ပေးပြီး ဝယ်ယူသည်။ ရောင်းသူဝယ်သူ နှစ်ဖက်စလုံး ကျေနပ်ကြသည်။ ဤနည်းသည် ချမ်းသာရန်အတွက် ကျွန်ုပ် နှစ်ခြိုက်သည့်နည်းလမ်း ဖြစ် သည်။

## အခြေခံ လေးချက်

ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ရှာတွေ့ရန် နည်းလမ်း တစ်ခုမက ရှိနေသည်ကို သင် သိနေပြီဖြစ်သည်။ ဖော်ပြခဲ့သည့် နည်းလမ်းခုနစ်မျိုးတို့သည် လိုသလို ပြောင်းလဲ သုံးစွဲပေးရမည်။ နေ့စဉ်ဖြစ်ပေါ်နေသည့် ဈေးကွက်အခြေအနေအရ ရွေးချယ်သုံးစွဲရမည်။ ထို့အတွက် အခြေခံ လေးချက်တို့မှာ –

(၁) သင်၏ နံပါတ်များကို သိပါ။ လောင်းကစားသမားအဖြစ် တွေးဆသူ မဖြစ်စေနှင့်။
(၂) လင်မင်းတို့ ပြုကြသည့် အမှားများကို သိပါ။
(၃) ရက်ရောပါ။
(၄) ကြံဆဖန်တီးပါ။

အခြေခံအချက်များကို စိတ်ထဲ သတိရနေမည်ဆိုပါလျှင် ပိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုကို သင် ရှာဖွေခြင်း တိုးတက်ကောင်းမွန်သွားမည် ဖြစ်သည်။

အခန်း (၁၄)

# တော်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး မည်သို့ဖြစ်နိုင်မည်နည်း

သက်မွေးပညာ နှစ်မျိုး လိုအပ်တယ်။ တစ်ခုက မင်းအတွက်၊ တစ်ခုက မင်းရဲ့ ပိုက်ဆံအတွက်။

သူဌေးဖေဖေ

## သင့်ပိုက်ဆံအတွက် အလုပ်ရှာပေးခြင်း

ဤစာအုပ်၏ အဆုံးပိုင်းသို့ ကျွန်ုပ်တို့ ရောက်ရှိကြပြီဖြစ်သည်။ အောက်ပါ မေးခွန်းများကို ထပ်ခါတလဲလဲ မေးမြန်းခံရသဖြင့် ကျွန်ုပ် စိတ်အနှောင့်အယှက် ဖြစ်ရသည်။

ကန်ဒေါ်လာ ၁၀,၀၀၀ ရှိလျှင် ၎င်းကို မည်သည့်နေရာတွင် ရင်းနှီး မြှုပ်နှံမည်နည်း။ ခင်ဗျားက အိမ်ခြံမြေကို အသားပေးပြီး ထောက်ခံပြောဆိုတယ်။

ကျွန်တော့်အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုက ဘယ်ဟာလဲ

ကျွန်တော် ဘယ်လို စလုပ်ရမလဲ။

ထိုမေးခွန်းများကို ကျွန်ုပ်ကြားရသည့်အခါ ထိုသူတို့သည် တကယ်တမ်း၌ သူတို့၏ ပိုက်ဆံကို အလုပ်လုပ်ခိုင်းရန် ရှာနေကြခြင်းဖြစ်သည်ကို ကျွန်ုပ်သိသည်။ ရင်းနှီးမြှုပ်နှံသူများ ထိုအတိုင်း လုပ်ကိုင်ကြသည်။



## ဝန်ထမ်းများ ၁၈,၀၀၀

ဝါရှင်တန် ဒီစီ သို့ ကျွန်ုပ်သည် စာအုပ်ခရီးစဉ်ဖြင့် ရောက်ရှိခဲ့ချိန်တွင် သက်ကြီးပိုင်း အမျိုးသားတစ်ဦးသည် ယာဉ်ရပ်နားရန် နေရာ၌ ကျွန်ုပ်အနီးသို့လာပြီး ခပ်ရိုင်းရိုင်း ပြောဆိုသည်။ "မင်းက လူတွေကို သူတို့ရဲ့ ပိုက်ဆံတွေ အိမ်ခြံမြေမှာ ထည့်ဖို့ ပြောတယ်။ ဟုတ်တယ် မဟုတ်လား"

ကျွန်ုပ်က ဖြစ်နိုင်သရွေ့ ရည်မွန်အောင် ပြန်ဖြေပေးလိုက်သည်။ "ဟင့်အင်း။ ကျွန်တော်က လူတွေကို သူတို့ရဲ့ ပိုက်ဆံတွေ ဘယ်မှာထည့်ဖို့ မပြောပါဘူး။

သူက လက်ထဲမှာ ကိုင်ထားသည့် ခဲတံဖြင့် ကျွန်ုပ် ရင်ဘတ်ကိုထောက် လိုက်ပြီး ပြောသည်။ ဒါပေမဲ့ ခင်ဗျားက အိမ်ခြံမြေထဲမှာ ထည့်ထားတယ်။ ဟုတ်တယ် မဟုတ်လား" ကျွန်တော်က သူ့ခဲတံကို ဖယ်ထုတ်လိုက်သည်။ ပြီးမှ ပြန်ပြောသည်။ "ကျွန်တော်က လူတွေကို စီးပွားရေး၊ အိမ်ခြံမြေ၊ တန်ဖိုးရှိပိုင်ဆိုင်မှုပြ စာရွက်စာတမ်းနဲ့ ကုန်စည်တွေမှာ ရင်းနှီးမြှုပ်နှံမှုအကြောင်းကို သင်ပြပေးပါတယ်။ ကျွန်တော်က တန်ဖိုးရှိပိုင်ဆိုင်မှု အတန်းအစားအားလုံးမှာ ရင်းနှီးမြှုပ်နှံထားပါတယ်။ လူတွေက သူတို့ ဘယ်အတန်းအစားမှာရင်းနှီး မြှုပ်နှံဖို့ ရွေးချယ်သလဲဆိုတာ သူတို့နဲ့ပဲ သက်ဆိုင်ပါတယ်"

"ကျွန်တော်က သုံးလအတွင်း အငြိမ်းစားယူတော့မယ်။ ကျွန်တော့် ပိုက်ဆံကို ဘယ်မှာ ရင်းနှီးမြှုပ်နှံရမလဲဆိုတာ သိဖို့ လိုနေတယ်။ ကျွန်တော့်မှာ အငြိမ်းစားလစာ မရှိဘူး။ ခင်ဗျားက ကျွန်တော့်ကို ကူညီပေးနိုင် မယ်လို့ လူတွေက ပြောကြတယ်"

"ခင်ဗျားက ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်လာအောင် သင်ယူဖို့ ဆန္ဒရှိမှ ကျွန်တော်က ခင်ဗျားကို ကူညီပေးလို့ ရနိုင်မယ်"

"ကျွန်တော် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်လာဖို့ ဘယ်လောက်ကုန်မလဲ"

"အဲဒါက ခင်ဗျားအပေါ်မှာ မူတည်ပါတယ်။ ခင်ဗျားက ဘယ်လောက် ရင်းနှီး မြှုပ်နှံမှာလဲ"

"ဘဏ်မှာ ကန်ဒေါ်လာ ၁၈၀,၀၀၀ လောက်ရှိတယ်။ အိမ်ငယ်တစ်လုံး ကျွန်တော် ပိုင်တယ်။ ကားရှိတယ်။ ကျွန်တော့်မှာ အကြွေးမရှိဘူး။ ကျွန်တော့်မှာရှိတာ အဲဒါ အကုန်လုံးပဲ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကကျွန်တော့် ဇနီးက ကျွန်တော့်ကို ထားပစ်ခဲ့တယ်။ သူက အစိုးရအလုပ် လုပ်တယ်။ အကျိုးခံစားခွင့်တွေ ရတယ်။ ကျွန်တော်က ကုမ္ပဏီ ငယ်လေးတစ်ခုမှာ အင်ဂျင်နီယာအဖြစ် လုပ်တယ်။ ဒါပေမဲ့ ကုမ္ပဏီက စီးပွားသိပ်မဖြစ်ဘူး။ ကုမ္ပဏီမှာ ကျွန်တော် လုပ်ရတာ အဆင်ပြေပါတယ်။ ဒါပေမဲ့ လစာက နည်းပါတယ်။

အကျိုးခံစားခွင့်တွေ၊ အာမခံချက်တွေ မရှိဘူး"

သူပြောပြသည့် စကားလုံးများ၏ နောက်ဘက်ဆီမှလာသော ဝေဒနာကို ကျွန်ုပ် ခံစားမိသည်။ သူ့ဝေဒနာကြောင့် ကျွန်ုပ် ဖခင်၏ ဝေဒနာကို ကျွန်ုပ် ပြန်သတိရမိသည်။ ကျွန်ုပ်၏ ဖခင်သည် အငြိမ်းစားယူရမည့် အသက်အပိုင်းအခြားထဲ ရောက်နေပြီဖြစ်သော်လည်း အလုပ်လိုက် ရှာနေခဲ့ရသည်။ ကျွန်ုပ်က ပြောလိုက်သည်။ "ခင်ဗျား အငြိမ်းစား မယူ သင့်တာ ဖြစ်ချင်ဖြစ်မယ်။ ပိုက်ဆံတွေကို ဘဏ်ထဲမှာ ထည့်ထားလိုက်ပြီး အလုပ် ဆက်လုပ်နေသင့်တယ်။ ခင်ဗျား နှစ်သက်တဲ့အလုပ်ကို ဆက်လုပ်သင့်တယ်"

"ကျွန်တော်က ပိုသိပါတယ်။ ကျွန်တော် ရင်းနှီးမြှုပ်နှံဖို့လိုကြောင်း ကျွန်တော် သိနေတာ နှစ်အတော်ကြာပြီ။ ကျွန်တော် တစ်သက်လုံး အလုပ်လုပ်နိုင်နေမယ်လို့ ဆက်ပြီး ဟန်ဆောင်နေလို့ မရတော့ဘူး။ အလုပ်လုပ်တာကို ရပ်ရမယ့်နေ့ကို ကျွန်တော် မလွဲမသွေ ရောက်မယ်။ ကိုယ့်အကြောင်း ကိုယ်တွေးမိရင် ချောက်ချားတုန်လှုပ်မိတယ်။ ပညာ ကောင်းကောင်းတတ်တဲ့သူတစ်ယောက်၊ တစ်နေ့နေ့မှာ လူ့ဘောင်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာမယ့်သူ၊ ဘာလို့လဲဆိုတော့ ကျွန်တော်က အဲဒီနေ့ကစလို့ အလုပ် မလုပ်နိုင်တော့တဲ့သူ၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ကြည့်ရှုစောင့်ရှောက်နိုင်ခြင်း မရှိတဲ့သူ။ ကျွန်တော်က အမြဲတစေ အလုပ်ကြိုးစားတဲ့သူပါ။ ဒါပေမဲ့ ကျွန်တော် အလုပ်လုပ်တဲ့ နေ့ရက်တွေ အဆုံးသတ်တဲ့နေ့ကို ရောက်လာမယ်ဆိုတာ ကျွန်တော် သိတယ်"

ကျွန်ုပ်တို့နှစ်ဦး အတန်ကြာအောင် နှုတ်ဆိတ်နေကြသည်။ ဤ စာအုပ်ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း မေးခွန်းတစ်မျိုးတည်းကို ထပ်ခါတလဲလဲ မေးမြန်းခံရခြင်းအတွက် ကျွန်ုပ် စိတ်ပင်ပန်းနေပြီဖြစ် သည်။ အကြောင်းမှာ လွယ်ကူသောအဖြေတစ်ခု ကျွန်တော့်မှာ မရှိသောကြောင့် ဖြစ်သည်။ အခြေအနေ ပြန်ကောင်းသွားအောင် မှော်အစွမ်းဖြင့် လုပ်ပေးလိုက်သကဲ့သို့ ဖြစ်သွားစေမည့်အဖြေ မရှိသောကြောင့်ဖြစ်သည်။ ပိုက်ဆံ၊ ရင်းနှီးမြှုပ်နှံခြင်း၊ ရေရှည် ငွေရေးကြေးရေး ဖူလုံမှုတို့သည် လွယ်ကူသောအဖြေများ ရှိနေသည့် ကိစ္စများ မဟုတ်ကြချေ။

"ကျွန်တော် ပိုကောင်းတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ဖို့ ထောက်ကူ မယ့်ဟာကို ခင်ဗျား ပြောပြပေးလို့ မရနိုင်ဘူးလား"

ခဏကြာ စဉ်းစားပြီးမှ ကျွန်ုပ်က မေးလိုက်သည်။ "ခင်ဗျားက ဘာအလုပ် လုပ်တာလဲ"

"ကျွန်တော်က စက်ရုံအင်ဂျင်နီယာ။ ကျွန်တော့်လက်အောက်မှာ လုပ်သား ၂၅ ဦး ရှိတယ်"



"ကောင်းတယ်။ ခင်ဗျားရဲ့ ပိုက်ဆံက ဘာအလုပ် လုပ်ကိုင်သလဲ"

"ကျွန်တော့် ပိုက်ဆံ လုပ်တဲ့အလုပ် ဟုတ်လား။ ကျွန်တော် မသိဘူး။ ပိုက်ဆံကို ဘဏ်မှာ ထည့်ထားတယ်"

"ကောင်းတယ်။ အဲဒီလိုဆိုရင် ခင်ဗျားပိုက်ဆံရဲ့ အလုပ်က ဘဏ်လုပ်ငန်း"

"ကျွန်တော် နားမလည်ဘူး။ ကျွန်တော့်ပိုက်ဆံရဲ့ အလုပ်က ဘဏ်လုပ်ငန်းဆိုတာ ဘာကို ဆိုလိုတာလဲ"

"အဲဒီမှာ ခင်ဗျားရဲ့ ပိုက်ဆံက ခင်ဗျားအတွက် အလုပ်လုပ်နေတယ်။ ကျွန်တော့်ရဲ့ သူဌေးဖေဖေက ကျွန်တော်ကို သွန်သင်ထားတယ်။ ကျွန် တော့်ရဲ့ ပိုက်ဆံကို ကျွန်တော့်ရဲ့ ဝန်ထမ်းတွေအဖြစ် မြင်ရမယ်တဲ့။ ရင်းနှီး မြှုပ်နှံသူအဖြစ် ကျွန်တော် အလုပ်လုပ်တဲ့အခါ ကျွန်တော့်ရဲ့ ဝန်ထမ်းတွေအတွက် အလုပ်ကို ရှာဖွေပေးရတယ်။ ဒီတော့ ခင်ဗျားရဲ့ ကန်ဒေါ်လာ ၁၈၀,၀၀၀ ဟာ ဝန်ထမ်း ၁၈၀,၀၀၀ ဖြစ်ပြီး ခင်ဗျားအတွက် ဘဏ်မှာ အလုပ်လုပ်နေကြတယ်။ ဒီတော့ သူတို့က ဘဏ်သမားအဖြစ် သက်မွေး အလုပ်ကို လုပ်နေကြတယ်လို့ ဆိုလိုတယ်"

"ကျွန်တော့် ပိုက်ဆံက ဘဏ်လုပ်ငန်းထဲမှာ ရောက်နေတယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်။ သူတို့ရဲ့ သက်မွေးအလုပ်က ဘဏ်အလုပ်။ သူတို့ အဲဒီမှာ လုပ်ကိုင်နေလို့ ဘဏ်က သူတို့အတွက် ငွေပေးနေတယ်"

"အဲဒီလိုမျိုး ကျွန်တော် တစ်ခါမှ မကြည့်ဖူးဘူး"

"ဘဏ်က ခင်ဗျားရဲ့ ဝန်ထမ်းတွေကို ဘယ်လို လုပ်ပေးသလဲ။ သူတို့ကို ကောင်း ကောင်းပေးသလား"

"သိပ်အကောင်းကြီးတော့ မဟုတ်ဘူး"

"ဒါဆို ဘဏ်က သူတို့ကို ကောင်းကောင်း မပေးဘူး"

ကျွန်တော် ပြောပြသည်ကို သူ သဘောပေါက်စ ပြုလာပြီ ဖြစ်သည်။ သူက ပြောသည်။ "ဟုတ်တယ်။ ကောင်းကောင်း မပေးဘူး။ တကယ်တော့ ဘဏ်က အတိုး ၅ ရာခိုင်နှုန်း ပေးသင့်တယ်။ ဒါပေမဲ့ အခုပေးနေတာက ၁ ရာခိုင်နှုန်းအောက်မှာပဲ ရှိတယ်။ ကျွန်တော့်ရဲ့ ဝန်ထမ်း ၁၈၀,၀၀၀ အတွက် ပေးနေတာ ၁ ရာခိုင်နှုန်းအောက်မှာပဲ ရှိတယ်"

"နည်းတာပေါ့။ အကျိုးခံစားခွင့်တွေ ဘယ်လိုပေးသလဲ"

"အကျိုးခံစားခွင့် ဟုတ်လား။ ဘာအကျိုးခံစားခွင့်ကို ပြောတာလဲ"

"အခွန်သက်သာခွင့်။ အခွန်မဲ့ချေးငွေ။ အခွန်ကောက်ခံခြင်း ကင်းလွတ်တဲ့ဝင်ငွေ။ အဲဒီလိုမျိုး အကျိုးခံစားခွင့်တွေကို ခင်ဗျားရဲ့ဝန်ထမ်းတွေ ရကြလား"

"ဟင့်အင်း။ ကျွန်တော် ရတဲ့အတိုးက အခွန်ဆောင်ရတယ်။ အခွန် ကင်းလွတ်ခွင့် အကျိုးခံစားခွင့် တစ်ခုမှ ကျွန်တော် မရဘူး"

"သေချာတာပေါ့။ အဲဒါကြောင့် ကျွန်တော့် ဝန်ထမ်းတွေမှာ အများအပြားတို့က အိမ်ခြံမြေမှာ လုပ်ကိုင်ကြတယ်။ အိမ်ခြံမြေလုပ်ငန်း နယ်ပယ်က သူ့ရဲ့ ဝန်ထမ်းတွေကို ကောင်းကောင်း လုပ်ပေးတယ်။ အကျိုးခံစားခွင့်တွေ အပိုဆောင်းပြီး ပေးတာတွေ ရှိတယ်"

"ဘယ်လို အကျိုးခံစားခွင့်တွေလဲ"

"ရင်းနှီးမြှုပ်နှံငွေအပေါ် အခွန်ကင်းလွတ်ခွင့် ပေးထားတယ်။ ငွေလုံးငွေရင်း တိုးတဲ့အပေါ်မှာလည်း အခွန်သက်ညှာတယ်။ အိုဟောင်းလို့ တန်ဖိုးလျော့တာကိုလည်း ကုန်ကျစရိတ်အဖြစ် ပြလို့ရတာကြောင့် ပေးရမယ့် အခွန် သက်သာသွားတယ်။ အမြဲမပြတ် ရနေတဲ့ သက်သာမှု ဖြစ်လို့ ငွေစီးဆင်းမှုတစ်ခုလို့ သတ်မှတ်တယ်။ ဆုံးရှုံးမှုအတွက် အာမခံ ရှိတယ်။ ငွေကြေးအရ အမြတ်ထုတ်မယ့်သူတွေကိုလည်း ကာကွယ်ပေး ထားတယ်။ ဘဏ်မှာ ကျွန်တော့် ပိုက်ဆံတချို့ ရှိနေတယ်။ ဒါပေမဲ့ များများစားစားတော့ မရှိဘူး။ ခင်ဗျားလိုပဲ ကျွန်တော့်ရဲ့ ဝန်ထမ်းတွေကို ဘဏ်က ကောင်းကောင်း လုပ်မပေးဘူး"

"စတော့ဈေးကွက်ဆိုရင် ဘယ်လိုလဲ။ သူ့ရဲ့ဝန်ထမ်းတွေကို ဘယ်လိုလုပ်ပေးသလဲ"

"ကော်ပိုရေးရှင်းကြီးတွေမှာ ဝန်ထမ်းတွေကို လုပ်ပေးသလိုမျိုးနဲ့ အတူတူပဲ။ ဒါကြောင့်လည်း ကော်ပိုရေးရှင်းကြီးတွေမှာ ဝန်ထမ်းတွေက သမဂ္ဂတွေဖွဲ့ကြပြီး သူတို့ရဲ့ အကျိုးကို ကာကွယ်ကြရတယ်။ ပိုင်ရှင်နဲ့ စီမံခန့်ခွဲမှုက အနိုင်ကျင့်လို့ မရအောင် လုပ်ထားကြရတယ်။ ပိုက်ဆံကျတော့ သမဂ္ဂ ဖွဲ့လို့မရဘူး။ ဒီတော့ ပေါင်းစုရန်ပုံငွေတွေမှာ ပါဝင်ကြရတယ်။ နာမည်မတူပေမဲ့ စိတ်ကူးကတော့ အတူတူပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဝန်ထမ်းတွေနဲ့ စီမံခန့်ခွဲမှုတို့အကြား လစာငွေနဲ့ အကျိုးခံစားခွင့်များအတွက် တိုက်ပွဲတွေ ရှိနေတယ်။ သေချာတာကတော့ စီမံခန့်ခွဲတဲ့အပိုင်းမှာ ရှိသူတွေက လစာကောင်းကောင်းကို ရကြတယ်။ ဝန်ထမ်းတွေကတော့ စီမံခန့်ခွဲရေးက သဘောကောင်းမှသာ လစာကောင်းကောင်းကို ရကြတယ်"



အင်ဂျင်နီယာသည် နှုတ်ဆိတ်ရင်း အတန်ကြာ မတ်တတ်ရပ်နေ သည်။ သူသည် ရင်းနှီးမြှုပ်နှံသူ၏အလုပ်သည် ဘာလဲဆိုသည်ကို စတင်သဘောပေါက်လာပြီ ဖြစ်သည်။ "ဒီတော့ ကျွန်တော့်အလုပ်ကို ကျွန်တော့ပိုက်ဆံအတွက် သက်မွေးအလုပ်ကို ရှာပေးရတယ်။ အဲဒါဟာ ရင်းနှီးမြှုပ်နှံသူရဲ့ အလုပ်ပဲ။ ကျွန်တော့ ပိုက်ဆံကို ထားဖို့အတွက် နေရာက စိတ်ချရမယ်၊ လစာကောင်းရမယ်၊ အကျိုးခံစားခွင့်တွေလည်း ရရမယ်။ အဲဒီနေရာကို ကျွန်တော် ရှာရတယ်။ အဲဒီနေရာဟာ အလွဲသုံးစားလုပ်တာ ကင်းရမယ်။ အကျင့်ပျက်ခြစားတာလည်း ကင်းရမယ်"

## တော်သော ရင်းနှီးမြှုပ်နှံသူ ဂရုပြုသည်

ကျွန်ုပ်က ခေါင်းညိတ်ပြရင်း ပြုံးလိုက်သည်။ "မိဘတွေက သူတို့ရဲ့ သားသမီးတွေကို ဂရုစိုက်တဲ့အတိုင်း ရင်းနှီးမြှုပ်နှံသူတစ်ဦးက သူ့ရဲ့ ပိုက်ဆံနဲ့ ငွေကြေးဝန်ထမ်းတွေကို ဘယ်လို လုပ်ပေးသလဲဆိုတာကို ဂရုစိုက်ပါတယ်။ လူအများစုက သူတို့ရဲ့ ပိုက်ဆံကို လုံးဝ သူစိမ်းတွေရဲ့လက်ထဲကို ထည့်လိုက်ကြတယ်။ အဲဒီသူစိမ်းတွေက ကော်ပိုရေးရှင်းကြီးတွေအတွက် လုပ်ကိုင်ပေးနေကြသူတွေ ဖြစ်တယ်။ အဲဒီ ကော်ပိုရေးရှင်းကြီးတွေက သူတို့ရဲ့ လုပ်သားတွေကို ဘယ်လိုထားတယ်ဆိုတာ အရေးမလုပ်ကြဘူး။ အဲဒီလို နေရာမျိုးမှာ ငွေကို သွားထားပေးတဲ့အတွက် ရင်းနှီးမြှုပ်နှံသူ အညံ့စားပဲ ဖြစ်ကုန်တယ်။ သူတို့ရဲ့ ပိုက်ဆံတွေကို အလွဲသုံးစား လုပ်ခံရတယ်။ ကောင်းကောင်းထားပေးတာမျိုး မရကြဘူး။ ပြန်ပေးတဲ့ငွေ ကလည်း နည်းပါးတယ်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေဖြင့် ခင်ဗျားလုပ်ရ မယ့် အလုပ်က ခင်ဗျားရဲ့ ပိုက်ဆံအတွက်၊ ခင်ဗျားရဲ့ ဝန်ထမ်းတွေအတွက် ဆီလျော်မှန်ကန်တဲ့ သက်မွေးအလုပ်ကို ရှာပေးရမယ်။ ကိုယ်တိုင်ပညာယူ ရမယ်။ ဒါမှ ခင်ဗျားရဲ့ ဝန်ထမ်းတွေကို တလေးတစား ဆက်ဆံနိုင်မယ်။ သူတို့အတွက် ကောင်းမွန်တဲ့ အလုပ်ခွင်တွေကို ရှာပေးနိုင်မယ်။ သူတို့ကို ကာကွယ်ပေးနိုင်မယ်။ သူတို့ လစာကောင်းကောင်းရတာ သေချာအောင် လုပ်ပေးနိုင်မယ်။ အဲဒီအခါမှာ ခင်ဗျားရဲ့ ဝန်ထမ်းတွေ ဆတိုးပွားမယ်။ ခင်ဗျားအတွက် အလုပ်ကြိုးစားကြမယ်"

## သူစိမ်းများအတွက် လုပ်ကိုင်ခြင်း

ကျွန်ုပ် သွားဖို့အချိန်တန်ပြီ။ ပြောစရာရှိသည်တို့ကို ပြောပြီးပြီ။ ကျွန်ုပ်၏ ရှေ့မှ လူကြီးမင်းသည် သူ့အဖြေကို ရလောက်ပြီ ထင်သည်။ အနည်းဆုံးအနေဖြင့် ရင်းနှီး

မြှုပ်နှံမှုအကြောင်း ပိုမိုသဘောပေါက်သွားပြီ ဖြစ်သည်။ သူက ပြုံးသည်။ လက်ဆွဲနှုတ်ဆက်ရန် လက်ကို ရှေ့သို့ ထုတ်ပေးသည်။ သူက ကျေးဇူးတင်ကြောင်း ပြောသည်။ ကျွန်ုပ်က ပြောသည်။ "ကျွန်တော့် သူဌေးဖေဖေက ပြောဖူးတယ်။ သူစိမ်းတွေလက်ထဲ မင်းရဲ့ ပိုက်ဆံတွေပေးရင် မင်းရဲ့ ပိုက်ဆံက အရင်ဆုံး သူစိမ်းတွေအတွက် အလုပ်လုပ်ပေးလိမ့်မယ်။ ပြီးမှ မင်းအတွက် အလုပ်လုပ်ပေးလိမ့်မယ်။ ဒီတော့ လိမ္မာပါးနပ်ပါ။ ခင်ဗျားရဲ့ ပိုက်ဆံအတွက် အကောင်းဆုံးသက်မွေး အလုပ်ကို ရှာပါ။ ခင်ဗျားရဲ့ ပိုက်ဆံက ခင်ဗျားကို တာဝန်ယူပါလိမ့်မယ်။ ရင်းနှီးမြှုပ်နှံမှုဆိုတာ အဲဒါပါပဲ"

**တော်သည့် ရင်းနှီးမြှုပ်နှံသူသည် ဘာကို ဂရုစိုက်သနည်း**

ရင်းနှီးမြှုပ်နှံသူတစ်ဦး လုပ်ကိုင်သောအရာ ငါးခုရှိသည်ကို သတိရပါ။

၁။ ဝင်ငွေရှာ/ ဖန်တီး

၂။ စီမံ

၃။ အားဖြည့်တင်း

၄။ ကာကွယ်

၅။ ထွက်ခွာ

ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် သူ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ဤငါးဆင့်ကို လုပ်ကိုင်သည်မှာ သူ့ပိုက်ဆံနှင့် သူ့ ဝန်ထမ်းများကို သူက ဂရုစိုက်သောကြောင့်ဖြစ်သည်။ သက်မွေးအဖြစ် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ ဤငါးဆင့်သည် မဖြစ်မနေ စစ်ဆေးဆန်းစစ်ရမည့်စာရင်း ဖြစ်သည်။

ကျွန်ုပ်သည် လေယာဉ်မောင်း သင်တန်းကို တက်ရောက်စဉ်စစ်ဆေးရန် စာရင်းကို အမြဲလိုက်နာဖို့ အရေးကြီးကြောင်း သွန်သင်ခံရသည်။ ဥပမာအားဖြင့် အင်ဂျင်များကို မနှိုးခင်မှာ ကျွန်ုပ်သည် ရေးသားထားသော စစ်ဆေးရမည့်အချက်များ စာရင်းဖြင့် စစ်ဆေးကြရသည်။ လေထဲမှ မြေပြင်သို့ မဆင်းခင်တွင်လည်း ရေးသားထားသည့် စစ်ဆေးရန်စာရင်းဖြင့် စစ်ဆေးကြရသည်။

သက်မွေးအဖြစ် ရင်းနှီးမြှုပ်နှံသူသည်လည်း အလားတူပင် လိုက်နာ ဆောင်ရွက်ရသည်။ ဥပမာအားဖြင့် အဆောက်အဦတစ်ခုကို ဝယ်ယူခြင်း မပြုခင်တွင် ကျွန်ုပ်တို့သည် အမြဲတစေ စစ်ဆေးရန်စာရင်းပါ အချက်များကို စစ်ဆေးရသည်။ ထိုစစ်ဆေးရန် စာရင်းကို လိုက်နာစစ်ဆေးခြင်းဖြင့် ကျွန်ုပ်တို့သည် လာမည့်နှစ်များတွင် ပိုက်ဆံ အများအပြားကို



ရရှိတာ သေချာစေမည်ဖြစ်သည်။

**အလုပ်လုပ်တာ ဘာများနေလဲ**

အလုပ်လုပ်ခြင်းတွင် အကန့်အသတ်များ ရှိနေသည်။ ထိုအကန့်အသတ်များကို အချက်ငါးချက် စစ်ဆေးရန်စာရင်းဖြင့် စစ်ဆေးကြည့်ပါက အလွယ်တကူ တွေ့နိုင်မည်ဖြစ်သည်။

**၁။ ဝင်ငွေရှာ/ ဖန်တီး**

မိမိ၏ ကိုယ်ပိုင်အချိန်နှင့် လုပ်အားတို့ဖြင့် လုပ်ကိုင်သောအလုပ် တစ်ခုမှ ရရှိသော ဝင်ငွေသည် အခွန်အမြင့်မားဆုံးပေးဆောင်ရသော ဝင်ငွေ ရရှိခြင်း ဖြစ်သည်။ သင်တို့အများစု သိထားကြပြီးသားဖြစ်သည့်အတိုင်း ဝင်ငွေ သုံးမျိုး ရှိသည်။ သာမန်၊ ရင်းနှီးမြှုပ်နှံမှုအစုစုနှင့် မိမိမှ မလုပ်ကိုင်ဘဲရရှိခြင်းဟူ၍ သုံးမျိုးရှိသည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူသည် ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှုအစုစုနှင့် မိမိမှ မလုပ်ကိုင်ဘဲ ရရှိခြင်းတို့ကို ရင်းနှီးမြှုပ်နှံသည်။ မိမိမှ မလုပ်ကိုင်ဘဲရရှိခြင်းတွင် များသောအားဖြင့် မိမိမှ လုပ်ကိုင်ပေးခြင်းမဟုတ်ဘဲ ဝင်ငွေရအောင် ဖန်တီးယူသည်။

**၂။ စီမံ**

အလုပ်တစ်ခု ရှိထားခြင်းကြောင့် အခွန်များအပေါ် သင် ထိန်းချုပ်နိုင်စွမ်း အနည်းငယ်သာ ရရှိမည်။ ထို့ပြင် စတော့များနှင့် ပေါင်းစုရန်ပုံငွေများတွင် ရင်းနှီးမြှုပ်နှံသော အလုပ်လုပ်သူတစ်ဦးသည် ထိုအဖွဲ့အစည်းများ၏ အသုံးစရိတ်များအပေါ် မိမိမှ ထိန်းချုပ်နိုင်ခြင်း လုံးဝမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် အခွန်များနှင့် အသုံးစရိတ်များကို ထိန်းချုပ်လိုသည်။ အကြောင်းမှာ အခွန်များနှင့် အသုံးစရိတ်များသည် ရင်းနှီးမြှုပ်နှံသူ ပြန်ရမည့် အမြတ်အပေါ် သက်ရောက်မှုရှိနေသောကြောင့် ဖြစ်သည်။

**၃။ အားဖြည့်တင်း**

ပင်စင်ရန်ပုံငွေ အစီအစဉ်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် အားဖြည့်တင်းခြင်း အလွန်နည်းပါးသည်။ အများဆုံးအနေဖြင့် အလုပ်ရှင်ထံမှ ကျေးဇူးပြုသည့် ထောက်ပံ့

ငွေကိုသာ ရရှိမည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူသည် မိမိကိုယ်ပိုင်ပိုက်ဆံထက် သူတစ်ပါး၏ ပိုက်ဆံ (OPM) ကို သုံးစွဲ လိုသည်။

## ၄။ ကာကွယ်

ပင်စင်ရန်ပုံငွေ အစီအစဉ်သည် ဈေးကွက်၌ ဆုံးရှုံးခြင်းများအတွက် အကာအကွယ် အလွန်နည်းပါးသည်။ အကောင်းဆုံးအနေဖြင့် အစီအစဉ်ထဲတွင် ခက်ဖြာခြင်းကိုသာ ပြုနိုင်သည်။ ထို့ပြင် လုပ်သားတို့သည် မိမိအမည်ဖြင့် ပိုင်ဆိုင်မှုကို ထားရန် အားသန်ကြသည်။ သို့ဖြစ်ရာ ၎င်းတို့ အမည်ပေါက် ဖြစ်နေသဖြင့် အကယ်၍ တရားစွဲဆို ခံရသည့်အခါရှောင်လွှဲ ကာကွယ်ရန် မဖြစ်နိုင်တော့ချေ။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူတို့သည် သူတို့ ပိုင်ဆိုင်ထားသည်တို့ကို ကော်ပိုရေးရှင်းအမည်ဖြင့် ထားကြသည်။ မိမိအမည်ဖြင့် မထားကြချေ။ သူတို့၏ တန်ဖိုးရှိ ပိုင်ဆိုင်မှုအနေအထားများကို ဖြစ်နိုင်သရွေ့ အာမခံများ အဆုံးစွန်အထိထားရှိပြီး ကာကွယ်ထားကြသည်။

## ၅။ ထွက်ခွာ

လူတစ်ဦး အငြိမ်းစားယူသောအခါ ပင်စင်ရန်ပုံငွေ အစီအစဉ်မှ ဝင်ငွေအတွက် အခွန်ပေးဆောင်ရသည်။ ထိုဝင်ငွေကို သာမန်ဝင်ငွေဟု အမျိုးအစား  သတ်မှတ်ထားသဖြင့် အခွန်အမြင့်မားဆုံး ပေးဆောင်ရသည်။ သို့ဖြစ်ရာ ငွေလုံးငွေရင်း တိုးခြင်းနှင့် အမြတ်ဝေစုတို့အပေါ် ယခုအခါ အခွန် ၁၅ ရာခိုင်နှုန်း ပေးဆောင်ရသည်။ ထို့ပြင် သာမန်ဝင်ငွေအပေါ် ကောက်ခံသည့် အမြင့်မားဆုံး အခွန်နှုန်းထားဖြစ်သည့် ၃၅ ရာခိုင်နှုန်း အထိ အမြင့်မားဆုံး စည်းကြပ်ကောက်ခံနိုင်သည်။

သူတို့ အငြိမ်းစားယူသောအခါ ပေးဆောင်ရမည့် အခွန်ကောက်ခံပုံသည် ဝင်ငွေနည်းပါးသူများ ကောက်ခံသည့် အခွန်အမျိုးအစားအပေါ် အခြေခံထားသည်။ ကျွန်ုပ်အနေဖြင့် ကျွန်ုပ်အတွက် အလုပ်လုပ်ပေးမည့် တန်ဖိုးရှိပိုင်ဆိုင်မှုများကို ပိုမိုတိုးချဲ့တည်ဆောက်ခြင်းနှင့် ဝယ်ယူခြင်းတို့ဖြင့် ဝင်ငွေကို ဆက်လက်တိုးနေဖို့ မျှော်လင့်ထားသည်။ ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူသည် သူ အငြိမ်းစားယူပြီးသည့်တိုင်အောင် သူ့ဝင်ငွေ ဆက်လက်ကြီးထွားဖို့ မျှော်မှန်းထားသည်။



## စစ်ဆေးရန် စာရင်းအတွက် သတိပေးချက်

စစ်ဆေးရန် သတိပေးချက်သည် ရင်းနှီးမြှုပ်နှံမှုတွင် တစ်စုံတစ်ရာ မှားယွင်းနေပြီဆိုပါက များသောအားဖြင့် သင့်ကို သတိပေးမည်ဖြစ်သည်။ လူအများတို့သည် မိမိ၏ အလုပ်တည်မြဲပြီး စိတ်ချရရေးကို ကျွန်ုပ်အား ပြောပြကြသည်။ သူတို့သည် ပေါင်းစုရန်ပုံငွေများတွင် ငွေထည့်ဝင်ထားသည့် အငြိမ်းစားအစီအစဉ်များ ထားရှိကြသည်။ သူတို့သည် ဤစစ်ဆေးရန် အချက်ငါးချက် စာရင်းဖြင့် အဆင့်ဆင့် စစ်ဆေးခြင်း မရှိကြချေ။ သို့ဖြစ်ရာ အခွန်စနစ်က အနိုင်ကျင့်သည်ကို သူတို့ ခံယူကြရသည့်အပြင် သူတို့ ရင်းနှီးမြှုပ်နှံထားသည့်ကုမ္ပဏီက သူတို့၏ ပိုက်ဆံအား အလွဲသုံးစားလုပ်ခြင်းကိုလည်း ခံရသည်။ သူတို့၏ ပိုက်ဆံတွင် အားဖြည့်တင်းခြင်း မရှိချေ။ စိတ်ချရခြင်းလည်း မရှိချေ။ သူတို့ အငြိမ်းစားယူကြသည့်အခါ သူတို့ ငွေရေးကြေးရေးအရ အောင်မြင်မှု ရရှိသည်ဆိုလျှင် သူတို့၏ ထွက်ခွာခြင်းကို အခွန်စနစ်က အနိုင်ကျင့်သည်ကို ခံရမည် ဖြစ်သည်။

## ရင်းနှီးမြှုပ်နှံသူများ ဘာလုပ်ကြသနည်း

စီးပွားရှာလုပ်ငန်း၊ အိမ်ခြံမြေ၊ တန်ဖိုးရှိပိုင်ဆိုင်မှုပြ စာရွက်စာတမ်း၊ ကုန်စည်တို့တွင် ကျွန်ုပ် မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံထားသည်မှာ အကြောင်းမဟုတ်၊ ရင်းနှီးမြှုပ်နှံမှု မပြုခင်တွင် ကျွန်ုပ်သည် အဆင့်ငါး ဆင့် စစ်ဆေးရန်စာရင်းဖြင့် စစ်ဆေးသည်။ ဥပမာအားဖြင့် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခု မပြုခင်တွင် ကျွန်ုပ်သည် အလားတူ စစ်ဆေးရန် စာရင်းဖြင့် စစ်ဆေးသည်။

## ၁။ ဝင်ငွေရှာ/ဖန်တီး

ကျွန်ုပ်သည် သာမန်ဝင်ငွေကို မလိုချင်ပေ။ အကယ်၍ ကျွန်ုပ်သည် အိမ်ရာပိုင်ဆိုင်မှုတစ်ခုကို မှန်ကန်စွာ ရွေးချယ်နိုင်ခဲ့သည်ဆိုပါက ၎င်းထံမှ ဝင်ငွေကို ကျွန်ုပ် လုပ်ကိုင်ပေးနေရခြင်းမရှိဘဲ ရရှိနေမည်ဖြစ်သည်။ အခွန်သက်သာသဖြင့် ငွေကုန်သက်သာသည့်ဝင်ငွေကိုလည်း ရရှိနေမည်။ အကြောင်းမှာ အခွန်အနည်းဆုံး ဝင်ငွေကို ကျွန်ုပ် ရရှိနေသောကြောင့် ဖြစ်သည်။

**၂။ စီမံ**

ကျွန်ုပ်၏ ကုန်ကျစရိတ်များ လျှော့ချရန် လုပ်ကိုင်သည်။ ဝင်ငွေတိုးအောင် လုပ်ကိုင်သည်။ အခွန်ပေးရမည့်အချိန်နှင့် အခွန်ပေးဆောင်ရမည့်ဝင်ငွေမျိုးကို နည်းပါးအောင်လည်း ကျွန်ုပ် ရွေးချယ်သည်။ ဆုံးရှုံးမှု များ ရှိပါက ၎င်းဆုံးရှုံးမှုများကို ကျွန်ုပ်အတွက် အကျိုးရှိစေအောင် ကျွန်ုပ် လုပ်ကိုင်သည်။

**၃။ အားဖြည့်တင်းခြင်း**

အိမ်ခြံမြေသည် ရင်းနှီးမြှုပ်နှံမှုများတွင် အားဖြည့်တင်းရန် အလွယ် ကူဆုံးဖြစ်သည်။ ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အားဖြည့်တင်းခြင်းသည် လုပ်ကိုင်နေကျ ထုံးစံဖြစ်သည်။ အခွန်ဌာနမှ အရာရှိသည် အခွန် မက်လုံးများ အမျိုးမျိုးအဖုံဖုံတို့ဖြင့် ထပ်မံအားဖြည့်တင်းပေးသည်။

**၄။ ကာကွယ်**

ကျွန်ုပ်၏ ပိုင်ဆိုင်မှုများကို အာမခံ အမျိုးမျိုးတို့ဖြင့် ကျွန်ုပ်ကာကွယ် ထားသည်။ ကျွန်ုပ်၏ ပိုင်ဆိုင်မှုများကို ကော်ပိုရိတ်အမည်ဖြင့် ပိုင်ဆိုင်မှုများ ပြထားပြီး အထူး တလည်သတိထားရန် လိုအပ်ပါက ချေးငွေအတွက် သိမ်းယူမည်ဆိုပါက သက်ဆိုင်ရာ ပိုင်ဆိုင်မှုကိုသာ သိမ်းဆည်းနိုင်ပြီး ကျန်သည်များကို ဆွဲသိမ်းခြင်း မပြုနိုင်သော ချေးငွေ မျိုးကိုသာ ရယူ သည်။ ကျွန်ုပ်သည် ကြွေးပြန်ဆပ်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ထားပြီး အရေးပေါ်ငွေလိုအပ်လျှင် ငွေရယူနိုင်စေရန် ဖြစ်သည်။ ၎င်းသည် နောက်ထပ် ကာကွယ်ရေးအလွှာတစ်ခုအဖြစ် ကျွန်ုပ် ထပ်ဖြည့်ထည့်နိုင်သည်။

**၅။ ထွက်ခွာ**

အိမ်ရာပိုင်ဆိုင်မှုကို ရောင်းချလျှင် အခွန်ဆောင်ရမည်။ သို့ဖြစ်ရာ ပိုင်ဆိုင်မှုများ ကို အလဲအလှယ်ပြုခြင်းဖြင့် အခွန်ပေးဆောင်ရန် မလိုချေ။ အခွန်မဲ့ ချေးငွေရယူပြီး ၎င်းအခွန်မဲ့ချေးငွေဖြင့် ကျွန်ုပ် ရင်းနှီးမြှုပ်နှံလို သည်တို့ကို လုပ်ကိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အသစ်တစ်ခုကို ရင်းနှီးမြှုပ်နှံသည်။



**အလွန်လွယ်ကူရိုးရှင်းခြင်း**

ဤသည်တို့မှာ အဆင့်ငါးဆင့် စစ်ဆေးရန် စာရင်းအသုံးပြုခြင်းအတွက် အလွန်ရိုးရှင်းလွယ်ကူသော ဥပမာများ ဖြစ်သည်။ တကယ့် လက်တွေ့ဘဝ၌ ဤစစ်ဆေးရန် စာရင်းကို လိုက်နာသည့်အခါ အဆင့်တိုင်းတွင် ပိုမိုအသေးစိတ် ရသည်။ အဆင့်ငါးဆင့် စစ်ဆေးရန်စာရင်းကို အကြမ်းအားဖြင့် လမ်းပြတစ်ခုအဖြစ် နည်းအမျိုးပေါင်း အများအပြားဖြင့် စီးပွားရှာအစီအစဉ်တစ်ခု၏ ရင်းနှီးမြှုပ်နှံမှုတိုင်းအတွက် သုံးစွဲနိုင်သည်။ စီစဉ်ထားသည့်အတိုင်း တစ်သဝေမတိမ်း အတိအကျ ဖြစ်လာမည် မဟုတ်ချေ။ သင့် ပိုက်ဆံ(သင့်ဝန်ထမ်းများ) အလုပ်လုပ်ရန် သင့်ထည့်ဝင်မည့် ရင်းနှီးမြှုပ်နှံမှုတိုင်း၏ အကောင်းအဆိုးများကို လျင်မြန်စွာ အကဲဖြတ်ရန် သင့်ကို ဤအဆင့်ငါးဆင့် စစ်ဆေးရန် စာရင်းက ကူညီပေးမည်ဖြစ်သည်။

အလွန်အကျွံ ရိုးရှင်းလွယ်ကူနေသော်လည်း စစ်ဆေးရန်စာရင်း၏ အချက် နှစ်ချက်သည် အလုပ်လုပ်နေသူတစ်ဦးနှင့် သူ၏အငြိမ်းစားအစီ အစဉ်တို့ကို ပညာရှင် ပီသသော ရင်းနှီးမြှုပ်နှံသူတစ်ဦးက အိမ်ခြံမြေတွင် လုပ်ငန်းရှင်တစ်ဦးဖြင့် လုပ်ကိုင်နေ သည်နှင့် နှိုင်းယှဉ်ပြီး အကောင်းအဆိုး အကဲဖြတ်ရန် အသုံးတည့်သည်။ သင်ခန်းစာ မှာ ဤစစ်ဆေးရန်စာရင်းကို ပညာရှင်ပီသသော ရင်းနှီးမြှုပ်နှံသူများ အသုံးပြုကြသည်။ အပျော်တမ်း ရင်းနှီးမြှုပ်နှံသူများ အများစုသည် သုံးစွဲခြင်း မပြုသည်မှာ ကံမကောင်း အကြောင်းမလှခြင်းပင် ဖြစ်တော့သည်။

**ချမ်းသာရန် အကောင်းဆုံးနည်းလမ်း**

အလုပ်ဖြစ်မည့် အရောင်းအဝယ်ထဲသို့ ပိုက်ဆံ ပစ်ထည့်ပြီး ချမ်းသာဖို့ မျှော်လင့် ခြင်းသည် ရင်းနှီးမြှုပ်နှံမှုပြုခြင်းဟု ခပ်လွယ်လွယ် ထင်ကြ သည်။ လုံးဝတစိမ်းလက်ထဲသို့ မိမိ၏ ပိုက်ဆံကို အပ်ထားလိုက်ပြီး ၎င်းသူစိမ်းနှင့် ကုမ္ပဏီက တစ်နေ့နေ့တွင် သင့်ပိုက်ဆံ များ ပြန်ပေးအပ်မည်ဟု မျှော်လင့်ထားခြင်းကိုလည်း ရင်းနှီးမြှုပ်နှံမှုပြုခြင်းဟု ခပ်လွယ်လွယ် ထင်ကြသည်။ ရှင်းလင်းသိသာနေသည်မှာ ထိုသို့ပြုခြင်းသည် ရင်းနှီး မြှုပ်နှံမှု မဟုတ်ချေ။ လောင်းကစားခြင်းထက် ပိုဆိုးသည်။ လူအများတို့ ဘဝ၏ အပိုင်း တစ်ခုအဖြစ် ပေးဆပ်ကြရသည့် ချွေး၊ သွေးနှင့် အချိန်တို့ ကို မလေးစားကြောင်း ပြသရာ ရောက်သည်။

လူအများတို့သည် အနိုင်ကျင့်ပြီး တန်ဖိုးမရှိသည့်သူထံ၌ လည်းကောင်း၊

ကုမ္ပဏီ၌လည်းကောင်း အလုပ်လုပ်ကိုင်လိုခြင်း မရှိကြချေ။ သို့သော် သူတို့၏ ပိုက်ဆံကို ရင်းနှီးမြှုပ်နှံသည့်အခါ လူအများတို့သည် သူတို့၏ ပိုက်ဆံကို မိမိကိုယ်ကျိုးကို ရင်းနှီးမြှုပ်နှံသူ၏အကျိုးထက် ပိုကြည့်သောသူများနှင့် ကုမ္ပဏီများထံ သူတို့၏ ပိုက်ဆံကို ပေးအပ်ကြသည်။


ဝါရင် ဘတ်ဖ်ဖစ်ဖ်က ပြောဖူးသည်။ "ချမ်းသာဖို့အတွက် အကောင်းဆုံးနည်းမှာ ငွေမဆုံးရှုံးခြင်းဖြစ်သည်" ငွေမဆုံးရှုံးရန် အကောင်းဆုံးနည်းမှာ မိမိ၏ ပိုက်ဆံကို ရင်းနှီးမြှုပ်နှံသည့်အခါ မိမိ၏ ကိုယ်ပိုင်ဝန်ထမ်းများသည် ငွေရေးကြေးရေးတွင် ဉာဏ်ပညာပါပါဖြင့် လုပ်ကိုင်နေကြပြီး ဂုဏ်သိက္ခာ မြင့်မားရမည်။ ကောင်းမွန်စွာ စီမံခန့်ခွဲရမည်။ ငွေရေးကြေးရေး တာဝန်ယူရမည်။ စိတ်ချရသည့် ဝန်းကျင် ဖြစ်ရမည်။ ရင်းနှီးမြှုပ်နှံ သူတစ်ဦးသည် ထိုအတိုင်းသာ လုပ်ကိုင်သည်။ ဝါရင် ဘတ်ဖ်ဖစ်ဖ်ကဲ့သို့သော် ရင်းနှီးမြှုပ်နှံသူများသည် ထိုအတိုင်းသာ လုပ်ကိုင်ကြသည်။ ဝါရင် ဖတ်ဖ်ဖစ်ဖ်သည် ပိုက်ဆံ၊ သူရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်း၊ သူ့လုပ်သားများနှင့် သူ့ရင်းနှီးမြှုပ်နှံသူများကို တစ်ကိုယ်ရေ ဉာဏ်ရည်၊ ဂုဏ်သိက္ခာနှင့် လေးစားခြင်းတို့ မြင့်မားရန် အလေးဂရုထားသည်။ ထို့ကြောင့်လည်း သူ့ကုမ္ပဏီသည် အလွန်အောင်မြင်ခြင်း ဖြစ်သည်။ သူဌေးဖေဖေက ပြောသည်မှာ "ပိုက်ဆံကို မလေးစားတဲ့သူတွေ၊ မိမိ ဝင်ငွေကို အလွဲသုံးစားလုပ်တဲ့သူတွေဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားကြဘူး။ မလေးစားကြဘူး။ ငွေရေးကြေးရေးမှာ အနိုင်ကျင့်ခံကြရတယ်"

သင်သည် စီးပွားရှာလုပ်ငန်း၊ အိမ်ခြံမြေ၊ တန်ဖိုးရှိ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်း၊ ကုန်စည်များ မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံသည်ဖြစ်စေ သင်၏ ပိုင်ဆိုင်မှုများနှင့် ပိုက်ဆံကို တလေးတစား အလေးဂရုပြုရ မည်။ သင့်ကို လေးစားစေလိုသည့်အတိုင်း သင်ကလည်း လေးစားရမည်။ ထိုအတိုင်း ဆိုပါက သင့်ပိုက်ဆံနှင့် ပိုင်ဆိုင်မှုများ ကြီးထွားမည်။ သင့် ဘဝ ပိုမိုအဆင်ပြေမည်။ ပိုပိုလျှံလျှံ ပိုရှိမည်။ သင့်ပိုက်ဆံကို ဂရုစိုက်ပါ။ သင့်ပိုင်ဆိုင်မှုများကို ဂရုစိုက်ပါ။ ထိုအခါ ၎င်းတို့က သင့်ကို ဂရုတစိုက်ဖြင့် လုပ်ကိုင်ပေးကြလိမ့်မည်။

အခန်း (၁၅)

## နိုင်သူလား၊ ရှုံးသူလား

သူဌေးဖေဖေက ကျွန်ုပ်ကို ပိုက်ဆံဂိမ်း လေးကွက်ကို ပထမဆုံးအကြိမ် ပြသစဉ်တုန်းက ကျွန်ုပ်သည် ပထမလေးပိုင်စိတ်ကို စတင်ခါစ ဖြစ်နေပြီး ၎င်းကို တလေးတစား သိပ်မဖြစ်ခဲ့ချေ။ ကျွန်ုပ်သည် အသက် ၂၅ နှစ် ဖြစ်ပြီး ကျွန်ုပ်စိတ်ထဲ မသေချာသော်လည်း ကျွန်ုပ် အနိုင်ရမည်ဟုသာ ထင်မြင်ထားသည်။




ဒုတိယလေးပိုင်စိတ် အကုန်ပိုင်းတွင် ပိုက်ဆံဂိမ်းကို သဘောတရား အရ ကျွန်ုပ် အနိုင်ရခဲ့သော်လည်း ကင်မ်သည် ပထမလေးပိုင်းစိတ် အကုန်ပိုင်းကတည်းက အနိုင်ရခဲ့သည်။ ဂိမ်းသည် မပြီးဆုံးသေးကြောင်း ကျွန်ုပ်တို့နှစ်ဦး သိထားကြသည်။ ဂိမ်း၏ ပထမလေးပိုင်းစိတ်တွင် အနိုင်ရခဲ့သူများသည် ဂိမ်းအနှောင်းပိုင်းတွင် အရှုံးသမားများ ဖြစ်သွားတတ်ကြောင်း ကျွန်ုပ်တို့ သိထားသည်။

ကျွန်ုပ်အတွက် အကောင်းဆုံး အခြင်းအရာ ဖြစ်ပွားသည်မှာ ကျွန်ုပ်၏ပိုက်ဆံဂိမ်းကို ပထမပိုင်းလေးပိုင်းစိတ်တွင် ကျွန်ုပ်ရှုံးခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်၏ ဗဲခရို အမည်ရှိ နိုင်လွန်ပိုက်ဆံအိတ် နိုင်ငံတကာစီးပွားရေးသည် ကျွန်ုပ်စိတ်ထဲသို့ တန်းရောက်လာသည်။ အောင်မြင်မှုသည် မကြာခင်မှာ ဂုဏ်ယူဝင့်ကြွားခြင်းနှင့် ဘဝင်မြင့်ခြင်းအဖြစ်သို့ ရောက်ရှိသွားသည်။ ကျွန်ုပ် အသက် ၃၀ နှစ်သို့ ရောက်ရှိချိန်တွင် ငွေကြေးအောင်မြင်မှုကို ကျွန်ုပ် ရရှိသည်။ ရသမျှ အကုန်လုံး ဆုံးရှုံးသွားခဲ့သည်။ ဘဝ အစောပိုင်းတွင် ငွေကြေး အရှုံးသမား ဖြစ်ခဲ့ခြင်းက ကျွန်ုပ်ကို ပိုက်ဆံကို လေးလေးနက်နက် လေးစားရန် သင်ခန်းစာ ရစေခဲ့သည်သာမက ပိုက်ဆံဂိမ်းကိုလည်း နက်နက်နဲနဲ လေးစားစေခဲ့သည်။

**တတိယလေးပိုင်းစိတ် ကုန်ဆုံးချိန် ရမှတ်များ**

ယခုအခါ ကျွန်ုပ်သည် ကျွန်ုပ်၏ ပိုက်ဆံဂိမ်းတွင် စတုတ္ထလေးပိုင်းစိတ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ပြီးခဲ့သည့် လေးပိုင်းစိတ် ပထမ သုံးပိုင်းကို ကျွန်ုပ် ပြန်ကြည့်သောအခါ ကျွန်ုပ်၏ ရမှတ်များမှာ ဤသို့ ဖြစ်သည်။

၂၅–၃၅ ရင်းနှီးမြှုပ်နှံမှု ဝင်ငွေ လစဉ် ဒေါ်လာသုည
(အကြွေးကြီးမားနေ)
၃၅–၄၅ ရင်းနှီးမြှုပ်နှံမှု ဝင်ငွေ လစဉ် ဒေါ်လာ ၁၀,၀၀၀
ထက်ဝက်ချိန်ခါ(နှစ်နှစ် အားလပ်ချိန်ယူ)
၄၅–၅၅ ရင်းနှီးမြှုပ်နှံမှု ဝင်ငွေ လစဉ် ဒေါ်လာ ၁၀၀,၀၀၀ကျော်
၅၅–၆၅ ရင်းနှီးမြှုပ်နှံမှု ဝင်ငွေ မသိရ(ဆုံးဖြတ်ရဦးမည်)
အချိန်ပို ကစားခြင်း (ဆုံးဖြတ်ရဦးမည်)

ကျွန်ုပ် သတိထားပြီး လုပ်ကိုင်နေဆဲ ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်သည် ငွေရေးကြေးရေးတွင် ယခုအခါ ရှေ့သို့ ရောက်နေပြီဖြစ်သော်လည်း ဂိမ်း၏ ရမှတ်များ အချိန်မရွေး ပြောင်းလဲသွားနိုင်ကြောင်း ကျွန်ုပ်သိထား၍ ဖြစ်သည်။ ထို့ကြောင့်လည်း ပထမလေးပိုင်းစိတ်တွင် ကျွန်ုပ် ဆိုးဆိုးဝါးဝါး ဆုံးရှုံးခဲ့သည်ကို ဝမ်းသာမိခြင်း ဖြစ်သည်။ ဆုံးရှုံးခြင်းက မည်သို့ အနိုင်ရအောင် လုပ်ရမည်ကို သင်ပြပေးသည့်အပြင် ပိုက်ဆံနှင့် ပိုက်ဆံဂိမ်းတို့ကို အလေးအနက် လေးစားရန်ကိုလည်း သင်ပြပေးခဲ့သည်။ ထိုအချက်အရ ယခုအခါ ကျွန်ုပ်သည် အောင်မြင်မှုများ ရရှိနေပြီး မနက်ဖြန်တွင် အကုန်လုံး ပြန်ကုန်သွားနိုင်ကြောင်း ကျွန်ုပ် အလွန်သတိထားသည်။



| ပိုက်ဆံ၏ ဂိမ်း | |
|---|---|
| အသက် | ကာလအပိုင်းအခြား |
| ၂၅ - ၃၅ | ပထမကွာတား |
| ၂၅ - ၃၅ | ဒုတိယကွာတား |
| ထက်ဝက်ချိန်ခါ (ဘဝတစ်သက်တာ ထက်ဝက်အချိုးအကွေ့) | |
| ၄၅ - ၅၅ | တတိယကွာတား |
| ၅၅ - ၆၅ | စတုတ္ထကွာတား |
| အချိန်ပို(အငြိမ်းစားယူဖို့ မတတ်နိုင်ခြင်း) | |
| အခါနှောင်းခြင်း (အနုဘာလဲ) | |

**ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ အရေးကိစ္စ**

ကျွန်ုပ်၏ ကိုယ်ရေးကိစ္စမှာ ယခုအခါ သန်းချီသောဥစ္စာရှိသူတို့သည် အလုပ်ကြိုးစားကြသော်လည်း ဂိမ်းကို ရှုံးနေကြသည်။ သူတို့ ဂိမ်းကို ရှုံးနေသည့် အကြောင်း တစ်ချက်မှာ လူအများအပြားတို့သည် ဂိမ်းကို အလွယ်ဖြင့် ရှောင်လွှဲထားကြခြင်းကြောင့် ဖြစ်သည်။ အကယ်၍ သူတို့သည် သူတို့၏ အငြိမ်းစားအစီအစဉ်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုဂိမ်းထဲတွင် ရှိနေလျှင်လည်း အများစုသည် မြင့်မြင့်မားမားပြန်ရခြင်း မရှိကြချေ။ အကြောင်းမှာ ပိုင်ဆိုင်မှု အတန်းအစားတစ်ခုတည်းအတွင်း၌သာ ခက်ဖြာထားကြသောကြောင့် ဖြစ်သည်။ အဓိကအားဖြင့် တန်ဖိုးရှိပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများတွင် ရင်းနှီးမြှုပ်နှံထားကြသည်။ သို့ဖြစ်ရာ ပိုင်ဆိုင်မှု အတန်းအစားများအကျဟန်ချက်ညီညီ စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးကို မရရှိကြချေ။ ထို့အပြင် လူအများတို့သည် သူတို့ ပင်ပင်ပန်းပန်း ရှာထားရသည့် ပိုက်ဆံကို အစိုးရထံ အခွန်များ အလွန်အကျွံပေးဆောင်ကြသည်။ လုံးဝသူစိမ်းများထံ ပိုက်ဆံအပ်နှံကြသည်။ ထိုသူစိမ်းတို့သည်

ကိုယ့်အတွက် အရင်ရယူကြသူများ ဖြစ်သည်။ အလုပ်ကြိုးစားသော လူအများတို့သည် သူတို့လိုအပ်ချိန်တွင် ငွေကို ပြန်ရချင်မှ ရကြမည်ဖြစ်သည်။

ကျွန်ုပ် ထင်မြင်ယူဆသည်မှာ ကျွန်ုပ်တို့၏ ပညာရေးသည် လူအများတို့ကို အခြေခံ ငွေကြေးစီမံမှုကို သင်ပြပေးရန် အချိန်အခါ ကျရောက်နေ ပြီဖြစ်သည်။ ပိုင်ဆိုင်မှုများနှင့် တာဝန်ရှိခြင်းတို့အကြား ကွဲပြားမှုကို သင်ပြပေးရမည်ဖြစ်သည်။ ကျောင်းများတွင်လည်း မတူကွဲပြားသည့် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာအမျိုးမျိုးတို့ကို သင်ပြပေးရမည်။ မတူကွဲပြားသည့် ပိုင်ဆိုင်မှု အတန်းအစားများကို သင်ပြပေးရမည်။ ငွေစီးဆင်းခြင်းနှင့် ငွေလုံးငွေရင်း တိုးခြင်းတို့အကြား ကွာခြားမှုကို သင်ပြပေးရမည်။ အရေးကြီးသည့်အချက်မှာ ဝင်ငွေများအပေါ် အခွန်၏ အကျိုးသက်ရောက်မှုများ ဖြစ်သည်။ ဝန်ထမ်းတို့သည် အခွန်များ ပေးဆောင်နေကြရသည်။ လုပ်ငန်းရှင်တို့ကို အခွန်က မျက်နှာသာ ပေးထားသည်။ သို့ဖြစ်ရာကျောင်း ပညာရေး ပြီးဆုံးသည့်အခါ လစာကောင်းသည့် အလုပ်အကိုင်များ ရှာဖွေကြမည့်အစား ကိုယ်ပိုင်လုပ်ငန်း စတင်ကြရန် သင်ပြပေးရမည်။ ဤသည်မှာ ငွေရေးကြေးရေးဆိုင်ရာ ပညာရေး အစစ်အမှန်ဖြစ်သည်။

ယခုအခါ ကျောင်းများသည် ဝေါစထရီနှင့်အတူ ကလေးများကို စတော့များ ရွေးချယ်ဝယ်ယူဖို့ သင်ပြပေးနေကြသည်။ ဝေါစထရီက ကလေးများကို ငွေကြေးပညာရေးအဖြစ် စတော့များ ရွေးချယ်ဝယ်ယူရန် သင်ပြပေးနေခြင်းသည် မြင်းပြိုင်ကွင်းပိုင်ရှင်က ကလေးများကို မြင်းပွဲ လောင်းရာ၌ မြည်းများကို လောင်းကြေးထပ်ဖို့ သင်ပြပေးနေသည်နှင့် အတူတူပင် ဖြစ်သည်။ ကလေးများကို လောင်းကစားသမား ဖြစ်အောင် သင်ပြပေးမည့်အစား တကယ့်ပိုက်ဆံဂိမ်းကို သင်ပြပေးရမည့် အချိန်အခါ ဆိုက်ရောက်နေပြီဖြစ်သည်။ သူတို့ဘဝ၏ စတုတ္ထလေးပိုင်းစိတ်သို့ မရောက်ခင်မှာ သင်ပြပေးရမည်။ သို့မှသာ သူတို့ကို သူတို့၏ မိသားစု၊ သူတို့၏ အစိုးရက စောင့်ရှောက်ပေးမည်ဟု မျှော်လင့်ထားခြင်း ကင်းစေရမည်ဖြစ်သည်။

ထပ်မံပြောကြားလိုသည်မှာ လာမည့်စာမျက်နှာ၌ ဖော်ပြထားသော ဇယားများကို သုံးသပ်ပြီး ငွေကြေးရပ်နားထားခြင်းနှင့် သင့်ပိုက်ဆံ အရှိန်တင်ခြင်းတို့အကြား ကွာခြားချက်များကို နှိုင်းယှဉ်ကြည့်ရမည်။ သင်၏ ငွေကြေးအနာဂတ်ကို သင် ထိန်းချုပ်ဖို့ အသင့်ဖြစ်ပြီဆိုလျှင် သင်၏ငွေကို ရပ်နားထားခြင်းအစား အရှိန်တင်ရန် စတင်လုပ်ဆောင်ပါ။



အရွမ်းထက်သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်

| B နှင့် I လေးပိုင်းစိတ်များ | |
|---|---|
| **တန်ဖိုးရှိပိုင်ဆိုင်မှုများ** | **အရှိန်မြှင့်တင်ခြင်းများ** |
| စီးပွားရှာလုပ်ငန်း | အခြားသူများ၏ ပိုက်ဆံ(OPM)<br>တရားဝင် ပိုင်ဆိုင်မှုများ<br>အခြားသူတို့၏ အချိန်(OPT)<br>အခွန်ဥပဒေများ<br>လှူဒါန်းခြင်း |
| အိမ်ခြံမြေ | တရားဝင် ပိုင်ဆိုင်မှုများကို<br>ရွေးချယ်ဝယ်ယူခြင်း<br>အခွန်ဥပဒေများ |
| ပိုင်ဆိုင်မှုပြစာရွက်စာတမ်း | အခွန်ကင်းလွတ်ခွင့်<br>ကြိုရောင်းကြိုဝယ် ရန်ပုံငွေများ<br>အော့ပ်ရှင်းများ<br>ကနဦးစတင်ရောင်းချသည့်<br>အစုရှယ်ယာများ<br>ဗီပီအမ်များ |

ရည့်နဲ့သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်

| E နှင့် S လေးပိုင်းစိတ်များ | |
|---|---|
| **အလုပ်အကိုင်** | **အရှိန်မြှင့်တင်ခြင်းများ** |
| စုဆောင်းငွေများ<br>အကြွေးထဲမှ ရုန်းထွက်ခြင်း<br>ကိုယ်ပိုင်အိမ်ရာ<br>ပေါင်းစုရန်ပုံငွေများ<br>စတော့များ<br>အငြိမ်းစားအစီအစဉ်များ | မရှိပါ |

**ဂိမ်းကစားခြင်း၏ အကောင်းဆုံးအပိုင်း**

ဤစာအုပ်ကို နိဂုံးမချုပ်ခင် ဂိမ်းကစားခြင်းထံမှ ရရှိသော ပညာစကားတစ်ခုကို ကျွန်ုပ် ပြောပြလိုပေသည်။ ဂိမ်းကို မရှုံးတာသေချာအောင် ကစားခြင်းကို ပြောဆိုခြင်းထက် ပိုအကျိုးရှိမည့်စကား ဖြစ်သည်။ ကျွန်ုပ် နိုင်နေသည်၊ ရှုံးနေသည်မှာ အကြောင်းမဟုတ်ဘဲ ဂိမ်းမှာ ကျွန်ုပ် ပိုတော်လာသည့်အချိန်များသည် ပိုက်ဆံဂိမ်းကို ကစားရာ၌ အကောင်းဆုံးအပိုင်း ဖြစ်သည်။ ပထမလေးပိုင်းစိတ် သုံးခုမှ ရမှတ်များကို ကြည့်မည်ဆိုပါက ပထမလေးပိုင်းစိတ် ပြီးဆုံးချိန်တွင် ကျွန်ုပ်၏ ရမှတ်သည် သုညဖြစ်နေသော်လည်း ထိုနောက်ပိုင်းတွင် ကျွန်ုပ်၏ ရမှတ်များ တိုးတက်ကောင်းမွန်လာသည်။

လူအများတို့သည် ပိုက်ဆံဂိမ်းကို အလွယ်ဖြင့် ရှုံးကြရသည်မှာသူတို့သည် မိမိ၏ ဘဝတွင် ရှုံးမည့်အရေးများကို ရှောင်ကွင်းကြသောကြောင့် ဖြစ်သည်။ အနိုင်ရအောင် ဦးတည်ပြီး ကစားရမည့်အစား သူတို့သည် မရှုံးအောင် ဦးတည်ပြီး ကစားကြသည်။ ဤသို့ဖြစ်ရသည့် အကြောင်း တစ်စိတ်တစ်ပိုင်းမှာ ပညာရေးစနစ်ကြောင့် ဖြစ်သည်။ တကယ့်လက်တွေ့ လောကတွင် ဆက်လက်တည်တံ့နေအောင် လိုအပ်သော သာသာရပ်များကို ပညာရေးစနစ်က သင်ပြပေးခြင်း မရှိချေ။

ကျွန်ုပ်၏ ပိုက်ဆံဂိမ်းတွင် စတုတ္ထလေးပိုင်းစိတ်ကို ကျွန်ုပ် ကစားသောအခါ ကျွန်ုပ်သည် ရှုံးမည်ကို ကြောက်နေခြင်းအစား၊ စတုတ္ထလေးပိုင်းစိတ်တွင် လူအများတို့ မျှော်လင့်သည့်အတိုင်း အစိုးရမှ ကျွန်ုပ်ကို စောင့်ရှောက်ပေးမည်ဟု မျှော်လင့်ခြင်းအစား ကျွန်ုပ်သည် ကိုယ့်ကိုယ် ကိုယ် ယုံကြည်စိတ်ချထားသည်။ ကျွန်ုပ်သည် စိတ်လှုပ်ရှားခြင်း မရှိချေ။ ဘဝင်လည်း မမြင့်ချေ။ ဂိမ်းကို ကြောက်ရွံ့ခြင်းလည်း မရှိချေ။ ပိုက်ဆံ ဂိမ်းသည် ရမှတ်များ မည်သို့ပင် ဖြစ်နေသော်လည်း ကျွန်ုပ်တစ်သက်တာလုံး ကစားနေမည့်ဂိမ်း ဖြစ်ကြောင်း ကျွန်ုပ် သိထားသည်။

ဤသည်မှာ အနာဂတ်တွင် ကျွန်ုပ် မရှုံးဟု မဆိုလိုပေ။ အနိုင်နှင့် အရှုံးတို့သည် ဂိမ်းတိုင်း၏ အစိတ်အပိုင်းများ ဖြစ်ကြောင်း ကျွန်ုပ်သိထားသည်။ ကျွန်ုပ်အဖို့ ကွာခြားသည်မှာ ဂိမ်းကို မွေ့လျော်အောင် ကျွန်ုပ် သင်ယူထားခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မိမိ၏ ပိုက်ဆံကို ထိန်းကျောင်းဖို့ စဉ်းစားနေသူတို့သည် ကိုယ်တိုင်ကိုယ်ကျ ရင်းနှီးမြှုပ်နှံမှုများ ပြုရမည်။ တစ်စိမ်းများလက်ထဲသို့ ပိုက်ဆံအပ်နှံခြင်း မပြုရချေ။ ဤသည်မှာ ဂိမ်း၏ အရေးကြီးသောအချက်များ ဖြစ်သည်။



သတိရနေရမည်မှာ –

- ရှုံးခြင်းသည် နိုင်ခြင်း၏ အပိုင်းကဏ္ဍတစ်ခု ဖြစ်သည်။
- သင် ပိုကစားလေ သင် ပိုတော်လာလေဖြစ်မည်။
- သင် ပိုတော်လာလေ သင့်အဖွဲ့ ပိုတော်လာမည်။
- သင့်အဖွဲ့ ပိုတော်လာလေ ဂိမ်းကို သင် ပိုမွေ့လျော်လေ ဖြစ်သည်။
- ဂိမ်းကို သင် ပိုမွေ့လျော်လေ သင့်ရမှတ်များ ပိုကောင်းအောင်ပြုဖို့ ဖြစ်နိုင်ခြေ ပိုများလာလေ ဖြစ်သည်။

သူဌေးဖေဖေက ပြောသည်မှာ "ပိုက်ဆံဂိမ်းသည် တကယ်တမ်း၌ ပိုက်ဆံအကြောင်း မဟုတ်။ ဂိမ်းကို မင်းကစားတာ ဘယ်လောက်တော်သလဲဆိုတာသာ ဖြစ်ပါတယ်"

**ဤစာအုပ်ကို ဖတ်ရှုသည့်အတွက် ကျေးဇူးတင်ပါသည်။**

***ရောဘတ် ကီယိုစာကီ***